
www.burmeseclassic.com



www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင် ရှိရေး

BURMESE CLASSIC .com

စာအုပ် ၁၄၀၊

# တက္ကသိုလ်နေဝင်း
# ဓားစာခံ

ALISTAIR MACLEAN'S
**HOSTAGE TOWER**

KYAW MHWE
ကျော်မွေး
အမှတ်-၁၂၊ ဘီ၊ တတိယအလွှာ၊ စက်တွင်းလမ်း၊
ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၅၀၅၅၇၇၉၁

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ❑ ၅၀၀၀၅၉၀၅၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ❑ ၅၀၀၀၉၉၀၇၀၈
ပုံနှိပ်ခြင်း ❑ ပထမအကြိမ်၁၉၈၁၊ဩဂုတ်'သန့်စင်'
ဒုတိယအကြိမ် ၂၀၀၈၊ ဩဂုတ် 'ကျော်မွေး'
စီစဉ်ထုတ်လုပ် ❑ စိုင်းဝင်းမြင့်
အုပ်ရေ ❑ ၅၀၀
မျက်နှာဖုံး ❑ ကိုစိုင်း (Stars)
ကွန်ပျူတာစာစီ ❑ ပုံရိပ်ရှင်
အတွင်းဖလင် ❑ 'အောင်ဇော်' ပုံရိပ်ရှင်
ထုတ်ဝေသူ ❑ ဝင်းကျော်ထွန်း (မုံရွေးစာပေ)
၈၀(ခ)၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် ❑ ဝင်းကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်)
၈၀(ခ)၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။
စာအုပ်ချုပ် ❑ ကိုမြင့်
တန်ဖိုး ❑ ၂၅၀၀ ကျပ်

# နိဒါန်း

ပြင်သစ်ပြည် ပဲရစ်မြို့တော်၏ သာယာသော နေ့တစ်နေ့ဖြစ်သည်။

လောရင့်သည် စိန့်လူးဝစ်ရပ်ကွက်အတွင်း အပျင်းပြေလမ်းလျှောက်ရင်း ဟိုဟိုသည်သည်ကြည့်ရင်း အချိန်ဖြုန်းနေလေသည်။

သူ့အဖို့ ယနေ့လုပ်စရာ မရှိသဖြင့် အချိန်ဖြုန်းနေခြင်းဖြစ်သည်။

လောရင့်သည် ခေသူမဟုတ်၊ လူတစ်ယောက်၏အသက်ကို သတ်ဖြတ်ရန် ဝန်မလေးသူ လက်မရွံ့သူဟု နာမည်ရခဲ့သူဖြစ်သည်။

သို့သော် ယနေ့ သူဝတ်စားဆင်ယင်ထားပုံ၊ သူ၏ ကုတ်အင်္ကျီ ဘောင်းဘီဝတ်စုံ နက်ကတိုင်လည်စီး စသည်တို့က ခန့်ညားသပ်ရပ်ပြီး အထက်တန်းကျနေသဖြင့် ရုတ်တရက်ကြည့်လိုက်လျှင် စီးပွားကုန်သွယ်ရေး နယ်ပယ်မှ ထိပ်သီးကုန်သည်ကြီး သို့မဟုတ် ကုမ္ပဏီပိုင်ရှင်ကြီးတစ်ဦးနှင့် တူနေသည်။

ယခုတော့ သူသည် ပဲရစ်မြို့တော်၏ နာမည်ကြီး အနုပညာလက်ရာများ၊ ပန်းချီပန်းပု၊ ဗိသုကာလက်ရာများကို လေ့လာကြည့်ရှုနေလေသည်။

အထူးသဖြင့် ကမ္ဘာကျော် အနုပညာပြတိုက်ကြီးများဖြစ်သော ရိုဒင်နှင့် ကလူနီ ပြတိုက်များ၏ အနေအထားကို သေချာစွာ လေ့လာကြည့်ရှုလေသည်။

သူလေ့လာ ကြည့်ရှုပုံက အသေးစိတ်ကျလွန်းသည်။

ပြတိုက်၏ ဝင်ပေါက် ထွက်ပေါက်များ၊ ပြတင်းပေါက်အနေအထား နှင့် ပြတိုက်၏လုံခြုံရေး အစောင့်ဦးရေ စသည်တို့ကို ကြည့်ရှုလေ့လာရုံမက အသင့်ပါလာသည့် မှတ်စုစာအုပ်ငယ်တွင် အသေးစိတ် ရေးမှတ်ယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် ပြတိုက်၏ အခန်းနံပါတ် ၂ ၊ ၉ နှင့် ၁၅ တို့၏ အနေအထားနှင့် တံခါးသော့များပါမကျန် လေ့လာမှတ်သားလေသည်။

ထို့ပြင် သူ၏မှတ်စုစာအုပ်ထဲ အခြားအချက်အလက်များလည်း ရေးမှတ်လိုက်သည်။

စာအုပ်က ငယ်သော်လည်း သူရေးမှတ်ထားချက်များက စုံလှပေသည်။ လူနာမည်ဆိုလျှင် ရိုးရိုးမိတ်ဆွေအပေါင်းအသင်းများမဟုတ်။ ရာဇဝတ်မှု ကျူးလွန်သူ၊ သူခိုး၊ ဓားပြ၊ လူသတ်သမားများ၊ လက်နက်ခဲယမ်းနှင့် ဗုံးခွဲ ကျွမ်းကျင်သူများ၊ မာဖီးယား လူဆိုးဂိုဏ်းက သုံးလေ့ရှိသော ကြေးစား လူသတ်သမား မရဏာကန်ထရိုက် များကအစ ပြည့်တန်ဆာ ခေါင်းများအထိ လူမျိုးပေါင်းစုံ၏ နာမည်များဖြစ်လေသည်။

အကြောင်းမူကား ယင်းလူအားလုံးတို့သည် လောရင့်အဖို့ တစ်ချိန် မဟုတ်တစ်ချိန် အသုံးဝင်သောလူများ ဖြစ်သောကြောင့်ပင်တည်း။

သူသည် လိုအပ်လျှင် အခကြေးငွေ ရက်ရောစွာပေး၍ ထိုလူများအား ခိုင်းလေ့ရှိသည်။

* * *

လောရင့်သည် မှတ်စုစာအုပ်ထဲမှ စာမျက်နှာ တစ်ခုကိုလှန်ကြည့်လိုက်သည်။

ထိုနေ့အဖို့ သူနှင့်တွေ့ဆုံရန်ချိန်းထားသည့်ပုဂ္ဂိုလ်နှင့် အချိန်နေရာ စသည်တို့ကို ပြန်ကြည့်ခြင်းပင် ဖြစ်သည်။

သူ၏ ကုတ်အင်္ကျီအတွင်းမှ အိတ်ဆောင်ရွှေနာရီကိုထုတ်ယူ၍ကြည့်လိုက်ပြီးနောက် အချိန်နီးကပ်လာပြီဟုတွက်လျက် တက္ကစီကားတစ်စင်းငှားကာ ပော်ဆမန် ရပ်ကွက်သို့ သွားလေသည်။

သူသွားသောနေရာကား ပရိုက်ဗိတ်တက္ကစီ စသော မော်တော်ကားများ စင်းလုံးပုတ်ပြတ် ငှားရမ်းသည့် ကုမ္ပဏီတစ်ခုပင် ဖြစ်သည်။

လောရင့်သည် ဒရိုင်ဘာမပါဘဲ ငှားရမ်းသည့် ပရိုက်ဗိတ်ကားတစ်စင်းငှား၍ သူကိုယ်တိုင် မြို့ပြင်သို့ မောင်းထွက်ခဲ့လေသည်။

ကမ္ဘာကျော် ဗာဆေးနန်းတော်ကြီးကို ဖြတ်မောင်းပြီးနောက် ဘုရားရှိခိုးကျောင်းတစ်ကျောင်းသို့ ဆက်သွားလေသည်။



ဘုရားရှိခိုးကျောင်းအတွင်း၌ အလင်းရောင် ကောင်းကောင်းမရှိဘဲ ခပ်မှောင် မှောင်ဖြစ်နေ၍ လောရင့်သည် ဟိုဟိုသည်သည် ကြည့်ရင်း ခပ်ဖြည်းဖြည်း လျှောက်ဝင် သွားရာ တစ်စုံတစ်ယောက်၏ ချောင်းဟန့်သံကိုကြားလိုက်ရမှ သူတွေ့ရမည့်သူ ဖြစ်ကြောင်း ရိပ်မိလေသည်။

"ဖာသာကြီး ခင်ဗျား … ကျွန်တော် ဒီကနေ့ အပြစ်တစ်ခု ကျူးလွန်ခဲ့မိပါတယ်"

မှတ်ချက်။ ။ (ခရစ်ယာန်သာသနာ့ဝန်ထမ်း ဘုန်းတော်ကြီးများကို 'ဘရာသာ' (အစ်ကို)၊ 'ဖာသာ' (ဖခင်)ဟူ၍ခေါ်လေ့ရှိကြောင်း မြန်မာနိုင်ငံရှိ ခရစ်ယာန် စာသင်ကျောင်း နေဖူးသူများ သိကြမည်ဖြစ်ပါသည်။

ဝတ်စုံရှည်အနက်ရောင်ဝတ်ထားသော ဖာသာ(ဘုန်းကြီး)ကလည်း-

"အေ နော် မေနီ ပါထရီ ဖီလေ အေ စပီရီ"

စသည်ဖြင့် ပြင်သစ်ဘာသာဖြင့် စတင်ရေရွတ်ပြောဆို၍ မဆုံးမီ လောရင့်က ကြားဖြတ်၍ ဟန့်တားလိုက်သည်။

"ဒီမယ် စမစ်၊ လူချင်းဆုံနေမှ ရုပ်ရှင်မင်းသားတစ်ယောက်လို သရုပ်ဆောင် (အိုက်တင်)တွေ လုပ်မနေပါနဲ့တော့။ ပြောစရာရှိတာသာ ပြောစမ်းပါ"

(လောရင့်က ဖာသာတစ်ယောက်လို ရုပ်ဖျက်ထားသူအား စမစ်ဟု နာမည်ရင်းဖြင့် ခေါ်လိုက်ခြင်းဖြစ်သည်။)

"ကောင်းပါပြီ လောရင့်၊ ခင်ဗျားကို စိတ်ချပရစေနော်"

စမစ်အမည်ခံ ဘုန်းတော်ကြီး ဖာသာအတုက ပြောလိုက်ရာ မလောရင့်က ခေါင်းညိတ်ပြလိုက်သည်။

"စိတ်ချပါ။ ကျုပ်ကလည်း ခင်ဗျားကို တရားမဝင်ငွေရှာတဲ့နေရာမှာ အကန့်အသတ်မရှိ လောဘကြီးတဲ့ လူတစ်ယောက်လို စိတ်ချပါရစေ"

"စိတ်ချပါ။ ကျုပ်က ငွေအလွန်မက်တာ မှန်ပေမယ့် တကယ်တော့ ငွေ ထက် ရာဇဝတ်မှုခင်းကို ပိုပြီးစိတ်ဝင်စားသူဖြစ်တယ်။ မှုခင်းတစ်ခုကို ခက်ခက်ခဲခဲ ကျူးလွန်ရတာမျိုး ဝါသနာပါတယ်။ ဥပမာ အမေရိကန်ပြည်ရဲ့ နိုင်ငံပိုင်ရွှေတွေ အများဆုံးသိုလှောင်ထားတဲ့ ဖို့ဒ်နောက်စ်က ထိပ်သီးအရာရှိကြီး ရဲ့ အတွင်းရေးမှူး စားပွဲအံဆွဲထဲက သက်သာချောင်ချိရေး ရန်ပုံငွေ ဆယ်

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လာလောက် ခိုးယူရတာကို ကမ္ဘာကျော် လပ်စ်ဗေးဒတ်ခ် လောင်းကစားဝိုင်းကြီးတွေက ဒေါ်လာငွေသောင်းချီ လုယူရတာထက် ပိုသဘောကျတယ်။ ကျုပ်ဟာ ရာဇဝတ်မှုခင်းကို အထူးစိတ်ဝင် စားသူဖြစ်တယ်။ ကျုပ်ရဲ့ဘဝတစ်လျှောက်လုံး ရာဇဝတ်မှုခင်းတွေကိုသာ တောက်လျှောက်လေ့လာခဲ့တယ်။ သုတေသနလုပ်ခဲ့တယ်''

''ဂျား-ဂျား''

ဂျာမနီနိုင်ငံ ဘာဗေးရီးယားပြည်နယ်သား ဓာတိ လောရင့်က ရုတ်တရက် ဂျာမန်ဘာသာဖြင့် ရေရွတ်လိုက်ပြီးမှ အင်္ဂလိပ်လို ဆက်ပြောလေသည်။

''ဟုတ်ပါပြီ။ ကျုပ် သဘောပေါက်ပါတယ်။ ခင်ဗျားဟာ ကျုပ်နဲ့တော့ မတူဘူးပေါ့။ ကျုပ်က နာမည်ကြီး ပန်းပုပညာလက်ရာတွေကို အထူးစိတ် ဝင်စားတယ်။ ကမ္ဘာကျော်အနုပညာပစ္စည်း (မိုနာလီဆာပန်းချီကားလိုမျိုး) ဆိုရင် မှောင်ခို ရောင်းဝယ် ပွဲစားလုပ်တာ ဝါသနာပါတယ်။ ကျုပ်က ခပ်တည်တည် ပိပိရိရိနဲ့ လူတစ်ဖက်သားကျအောင် လိမ်တတ်တယ်။ ဥပမာ- အိန္ဒိယပြည်က မဂိုဘုရင်တွေရဲ့ ရှေးဟောင်းဗိမာန် တပ်ချ်မဟာလ်ကိုတောင် လက်ညှိုးထိုးရောင်းနိုင်တယ်ဗျ။ ကိုင်း- ဒါတွေအသာထားဦး။ ခင်ဗျားဘာလို ချင်တယ်ဆိုတာသာ ပြောစမ်းပါ''

''ကျုပ်လိုချင်တာက အလွန်ထိရောက်ပြီး သူရသတ္တိနဲ့ ပြည့်စုံတဲ့ အဖွဲ့တစ်ဖွဲ့ လိုချင်တယ်''

''ဒီအဖွဲ့က ဘာလုပ်ဖို့လဲ။ ဘာအလုပ်မျိုး လုပ်ရမှာလဲ''

''ဒါကို မေးနေစရာလိုသေးသလား။ ခင်ဗျားသိသားနဲ့''

''အိုကေ ... အိုကေ။ လူဘယ်နှယောက်ပါတဲ့ အဖွဲ့လဲ''

''သုံးယောက်''

''ဘယ်လိုလူမျိုးလဲ''

''ကျုပ်ပြောပါမယ်။ တစ်က လက်နက်ကိရိယာမျိုးစုံကိုအထူးကျွမ်းကျင်တဲ့ အိတ်စ်ပတ်။ ဒီလူက လက်နက်ကျွမ်းကျင်ရုံမက သတ္တိလည်းကောင်းရမယ်။ လုပ်ရဲ ကိုင်ရဲတဲ့ လူမျိုး''

ဤတွင် လောရင့်က သူ၏မှတ်စုစာအုပ်ငယ်ထဲတွင် ခဲတံဖြင့်ရေးမှတ် နေရာ စမစ်ဆိုသူကပင် ဆက်ပြောလေသည်။



''ဒုတိယလူကတော့ သူခိုးတစ်ယောက်။ သူခိုးဆိုပေမယ့် တကယ်ကျွမ်းကျင်တဲ့ သူခိုးမျိုး ဆိုလိုတာနော်။ ဘာပစ္စည်းမဆို ဘယ်နေရာကဖြစ်ဖြစ်ရအောင် ခိုးနိုင်တဲ့လူ။ ပြီးတော့ အဲဒီလူက ခိုးတတ်ရုံနဲ့ မပြီးသေးဘူး။ ဘာကိုမှ မကြောက်တဲ့ သတ္တိခဲဖြစ်ရမယ်''

'ဒါတော့ လွယ်ပါတယ်။ ကျုပ်မှာ အဲဒီလိုအရည်အချင်းနဲ့လူ ရှိပါတယ်။ ကောင်းပြီ.....တတိယလူကကော.....'

ထိုမေးခွန်းကို စမစ်သည် ခေတ္တမျှဆိုင်းနေပြီးမှ ပြန်ဖြေလေသည်။

'အဲဒီ တတိယလူက အရေးကြီးတယ်။ သူဟာ ခွန်အားဗလကောင်းပြီး ဉာဏ်ထက်မြက်သူဖြစ်ရမယ်။ သတ္တိရှိတဲ့နေရာမှာလည်း ဘာကိုမှ မကြောက်ရဘူး။ အထူးသဖြင့် သစ်ပင်မြင့်မြင့်၊ တိုက်အိမ်မြင့်မြင့်တွေ၊ မိုးထိအောင်နီးပါးမြင့်တဲ့ မျှော်စင်ကြီးတွေပေါ် တက်တဲ့အခါ လုံးလုံး ဒူးတုန်ခြင်း၊ ကြောက်ရွံ့တုန်လှုပ်ခြင်း မဖြစ်တတ်တဲ့ လူမျိုးလည်းဖြစ်ရမယ်'

''အဲဒီလို အမြင့်ခေါင်ဖျားတက်တဲ့အခါ မကြောက်တတ်ဖို့က ပထမလူနှစ်ယောက်အတွက်လည်း အကျုံးဝင်တယ် မဟုတ်လားဗျ''

ထိုစကားကို စမစ်ဆိုသူက သဘောကျပုံမရချေ။

''ဟေ့လူ....ခင်ဗျားစကားရှည်မနေစမ်းနဲ့။ ခင်ဗျားကိုပေးတဲ့တာဝန်ကို သာ ကျေပွန်အောင် လုပ်စမ်းပါ။ အဲဒါ ခင်ဗျားရဲ့ အဓိကအလုပ်ပဲ''

''ကောင်းပါပြီ .... ကောင်းပါပြီ''

ပြောရင်း လောရင့်သည် ထိုင်ရာမှထလိုက်သည်။

ပြောစရာရှိသမျှ ပြောပြီးပြီဟု ယူဆသဖြင့် ပြန်ရန်ထလိုက်ခြင်းဖြစ်သော် လည်း စမစ်က စကားဆက်ပြောပြန်သည်။

''နောက်တစ်ခုရှိသေးတယ်၊ အခုမကြာသေးခင်က လက်နက်ဆန်းတစ်ခု ပေါ်လာတယ်။ လေဆာဂန်းလို့ခေါ်တဲ့ လေဆာရောင်ခြည် ဓာတ်အားအသုံးပြုတဲ့ သေနတ်အဆန်းတစ်မျိုးဆိုပါတော့။ ဒီသေနတ်မျိုး အမေရိကန်စစ်တပ်မှာရှိနေပြီလို့ သိရတယ်။ အဲဒီ လေဆာသေနတ်ကို ခင်ဗျား ရှာဖွေစုဆောင်းမယ့်ပထမလူ၊ လက်နက်ပါရဂူက ရမှဖြစ်မယ်။ ဘယ့်နှဲ့လဲ.....ဖြစ်မယ်မဟုတ်လား''

''ဖြစ်တော့ ဖြစ်နိုင်တယ်၊ ဒါပေမယ့် ကုန်ကျစရိတ်က ခင်ဗျားတယ်''

www.burmeseclassic.com

www.burmeseclassic.com



"များပါစေလေ၊ ကျုပ်က ကျသလောက်ပေးမှာပေါ့"

"အိုကေ....ခင်ဗျားက ငွေပေးရင် ကျုပ်ကလဲ ပစ္စည်းကို ဆပ္ပလိုင်းလုပ်ရမှာပေါ့။ ဒါက စီးပွားရေး အလုပ်သဘောပဲ"

"ကောင်းပြီ၊ ဒါဖြင့် ပြောစရာကတော့ ဒါပဲ။ ခင်ဗျားကို အလုပ်လုပ်ဖို့ အချိန်တစ်လပေးမယ်။ ကျုပ်ကို ဆက်သွယ်ရင် အရင်ကဆက်သွယ်နေကျနည်း အတိုင်းသာ ဆက်သွယ်ပေတော့"

လောရင့်လည်း ဘာမှ ပြန်မပြောသော်လည်း နားလည်သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်ပြပြီး ထွက်လာခဲ့လေသည်။

သူ၏မော်တော်ကားဆီသို့ လျှောက်သွားပြန်စဉ် ဘုရားရှိခိုးကျောင်း၏ အပေါ်ဘက် ဝရမ်တာတစ်ခု၏ ချောင်ကျကျနေရာမှ မျက်နှာဖုံးစွပ်ထားသူ လူတစ် ယောက်သည် စူးရှသော မျက်လုံးများဖြင့် လောရင့်အား သေချာစွာကြည့်နေလေသည်။

ခရစ်ယာန်ဘုန်းတော်ကြီးအသွင် ဝတ်ထားသူ စမစ်ကတော့ တကယ်ဘုန်းကြီး (ဖာသာ) တစ်ဦးဟန်ဖြင့် ဘုရားဝတ်ပြုရန် လာရောက်သူများရှိရာသို့ ခပ်အေးအေး ခပ်မှန်မှန် လျှောက်သွားလေသတည်း။

* * *

## အခန်း၊၁၊

အနောက်ဂျာမနီနိုင်ငံ စတက်ဂတ် မြို့မှ အနောက်ဘက် ၂၈ မိုင်ခန့် ကွာဝေးသည့်နေရာ ဖြစ်လေသည်။

ပတ်ဝန်းကျင်တွင် သစ်ပင်တောအုပ်များရှိသော ကုန်းမြေမြင့်တစ်ခုဖြစ်၍ သဘာဝအလျောက် လုံခြုံမှုရှိရန် အကာအကွယ် ဖန်တီးပေးထားသလိုဖြစ်နေတော့သည်။

ဤနေရာကား အမေရိကန် စစ်တပ်က နောက်ဆုံးပေါ်လက်နက်ဆန်းဖြစ်သော "လေဆာရောင်ခြည်" သေနတ်ကို စမ်းသပ်ပစ်ကြည့်လေ့ ရှိသည်။

*မှတ်ချက်*။ ။ (အမေရိကန်နိုင်ငံ၌ စစ်လက်နက် ပစ္စည်းများကိုပုဂ္ဂလိက ကုမ္ပဏီကြီးများ ကန်ထရိုက်စနစ်ဖြင့် ထုတ်လုပ်လေ့ရှိရာ ယခု အလွန်



ထက်မြက်လှသည်ဆိုသော "လေဆာရောင်ခြည်" သေနတ်ကိုလည်း 'ဂျင်နရယ်လ်-အယ်လက်ထရစ်' (ဂျီအီး) အမည်ရှိကမ္ဘာကျော်ကုမ္ပဏီကြီးက ဒေါ်လာငွေ သန်းချီကုန်ကျခံကာ သုတေသနပြုပြီးမှ ထုတ်လုပ်ပေးခဲ့ခြင်းဖြစ်သည်။)

ထိပ်တန်းလျှို့ဝှက် ကိစ္စတစ်ခုဖြစ်၍ ထုတ်လုပ်သူ ကုမ္ပဏီမှ အရေးပါဆုံး လူအချို့နှင့် အမေရိကန်စစ်တပ်မှ ကြီးကြီးပိုင်း ပုဂ္ဂိုလ်အချို့သာလျှင် ဤလက်နက် ရှိကြောင်း သိကြသည်။ ထုတ်လုပ်ပြီး 'လေဆာ' လက်နက်များအနက် သုံးပုံတစ်ပုံသည် ယခု အမေရိကန် စစ်တပ်လက်ဝယ် ရှိနေပေသည်။

ထုတ်လုပ်သူ ဂျီအီးကုမ္ပဏီက ယခုအထိ စုစုပေါင်းလေဆာသေနတ် ၁၂ လက်သာလျှင် ထုတ်လုပ်ခဲ့ရာ ယင်းတို့မှာလည်း စမ်းသပ်လုပ်ကြည့်သည့် အဆင့်၌သာ ရှိနေလေသည်။

ဂျီအီးကုမ္ပဏီ အကြီးအကဲများ ယင်းကိစ္စကို အထူးလျှို့ဝှက်ထားသည်ဖြစ်၍ အမေရိကန်စစ်တပ် အာဏာပိုင်များကလည်း လုံခြုံရေးအတွက် စိုးရိမ်မကင်းမဖြစ်ဘဲ ခပ်အေးအေး စိတ်ချနေကြလေသည်။

အထူးသဖြင့် ယခုလို တီထွင်စမ်းသပ်နေဆဲကာလတွင် လေဆာရောင်ခြည် လက်နက်ဆန်းများကို မည်သူကမှ ခိုးဝှက်လုယူရန် ကြံစည်ကြမည်မဟုတ်ဟု ယုံကြည်စိတ်ချနေကြသည်။

ယင်း အမေရိကန် စစ်တပ်လက်ဝယ်ရှိ လေဆာရောင်ခြည်သေနတ်လေးလက်စလုံး စမစ်ဆိုသူက လုယူရန်ကြံစည်နေကြောင်းကိုကား အမေရိကန်စစ်တပ် အကြီးအကဲများက လုံးဝရိပ်မိခြင်း၊ သံသယဖြစ်ခြင်း မရှိကြချေ။

စမစ်၏ လေဆာသေနတ် လုယူရေး စီမံချက် အကောင်အထည်ဖော်ရန် သတ်မှတ်ထားသောနေ့တွင် မိုးက သဲသဲမဲမဲရွာလျက် ရှိနေလေသည်။

အမေရိကန်စစ်တပ်၏ အထူးလက်နက်များ ကိုင်တွယ်ပစ်ခတ်နည်းလေ့ကျင့် သင်ကြားပေးသူ လေ့ကျင့်ရေးသင်တန်းနည်းပြချုပ်လုပ်သူသည် မိုးရွာနေသည့် ကြားမှပင် ကောင်းကင်သို့ အာရုံစိုက်ကြည့်နေသည်။

သူသည် မကြာမီရောက်လာမည့် ဟယ်လီကော့ပ်တာ(ရဟတ်ယာဉ်) တစ်စင်းကို မျှော်နေခြင်းပင်ဖြစ်သည်။

အကြောင်းမှုကား နေ့စဉ် လေဆာသေနတ်များကို ယင်းရဟတ်ယာဉ်ဖြင့် လျှို့ဝှက်ထားသိုရာ စခန်းမှ ယခု စမ်းသပ်လေ့ကျင့်မည့် သေနတ်ပစ်ကွင်း

www.burmeseclassic.com

www.burmeseclassic.com



သို့ တင်ဆောင်သယ်ယူလာလေ့ရှိသောကြောင့်ပင်တည်း။

နံနက်ပိုင်းတွင် ရဟတ်ယာဉ်ဖြင့် လက်နက်များဝယ်ယူလာပြီး ဤစခန်းတွင် လေကျင့်စမ်းသပ်ပြီးသည်နှင့် မွန်းလွဲပိုင်း ရဟတ်ယာဉ်ဖြင့်ပင် စတက်ဂတ်မြို့ တစ်နေရာရှိ အခြေစိုက် စခန်းသို့ ပြန်သယ်ကာ လုံခြုံစွာစောင့်ကြပ် ထိန်းသိမ်းထားရပေမည်။

လေဆာရောင်ခြည် သေနတ်များသည် အင်အားပမာဏ ကြီးမားပြင်းထန်လွန်း၍ စတက်ဂတ်မြို့ရှိ အခြေစိုက်စခန်းတွင် စမ်းသပ်၍မရချေ။

ထို့ကြောင့် အာဏာပိုင်များက ယင်းလက်နက်များစမ်းသပ်ရန်အတွက် မြို့၏အနောက်ဘက် နှစ်ဆယ့်ရှစ်မိုင်ကွာ လူသူမရှိသော တောတွင်းကုန်းမြေမြင့် တစ်နေရာတွင် လျှို့ဝှက်စမ်းသပ်ရန် စခန်းတစ်ခု ဖန်တီးထားပြီးမှ နေ့စဉ် ရဟတ်ယာဉ်ဖြင့် သယ်ယူစမ်းသပ်လေ့ ရှိခြင်းပင်ဖြစ်၏။

* * *

လေဆာသေနတ်များ တင်ဆောင်လာသော ရဟတ်ယာဉ်ရောက်ရှိလာပါချေပြီ။

နည်းပြချုပ် ကာနယ် (ဗိုလ်မှူးကြီး) တစ်ဦးသည် ကမ္ဘာ့ဖျက်လက်နက်ဟု ဆိုနိုင်သော လေဆာသေနတ် လေးလက်ကို သေချာစွာကြည့်နေလေသည်။

အလွန်အားရကျေနပ်ဖွယ် ကောင်းလှသော လက်နက်ဆန်းများပါတကား။

ဗိုလ်မှူးကြီးသည် သူ၏အနီးရှိ ဒုတပ်မှူးအား ပြုံး၍ လှမ်းကြည့်လိုက်သည်။

"ဟော့ ... ဘယ်နှယ့်လဲကွ။ တကယ်ထိရောက်ထက်မြက်တဲ့ လက်နက်ဆန်းတွေပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဗိုလ်မှူး"

ဒုတပ်မှူးက အလိုက်သင့် ပြန်ဖြေလိုက်သည်။

ထိုနေ့က ဗိုလ်မှူးကြီးနှင့် ဒုတပ်မှူးအပြင် လာရောက်လေ့လာ အကဲခတ် သူများအဖြစ် အမေရိကန်စစ်တပ်မှ ဗိုလ်ချုပ်နှင့် ဗိုလ်ချုပ်ကြီး အဆင့်ရှိသူများလည်း ရှိနေပေသည်။



ဤနေရာတွင် နည်းပြချုပ်နှင့် သူ၏ဒုတပ်မှူးတို့သည် ဤလက်နက်ဆန်းနှင့် ပတ်သက်၍ အထူးကျွမ်းကျင်သူပါရဂူများ ဖြစ်နေပေသည်။

လေဆာရောင်ခြည် သေနတ်အကြောင်းကို သူတို့သာလျှင် အသေးစိတ် ရှင်းလင်းပြောပြနိုင်ပေသည်။

ဥပမာ ယင်းလက်နက်ကို တီထွင်ဖန်တီးရာ၌ သမားရိုးကျ ခဲယမ်းကျည်ဆန် သုံးနည်းကို အခြေခံခြင်း မဟုတ်။

အလင်းရောင်နှင့် မှန်များဆိုင်ရာ ရူပဗေဒပညာ (မျက်မှန်ပါရဂူများ အခြေခံ သင်ကြားရသည့်) အော်ပ်တစ်ခေါ် သိပ္ပံသဘောတရားကို အခြေခံ၍ ဖန်တီးတီထွင်ထားကြောင်း သူတို့သာ အသေးစိတ် ပြောပြနိုင်ပေမည်။

* * *

လေဆာသေနတ်များ စမ်းသပ်ပြီးစီးသွားပြီဖြစ်သည်။

နည်းပြချုပ် ဗိုလ်မှူးကြီးသည် ဝမ်းမြောက်ဂုဏ်ယူဟန်ဖြင့် ဧည့်သည်တော် ဗိုလ်ချုပ်ကြီးဘက်သို့ လှည့်ပြုံးလိုက်သည်။

လေဆာသေနတ် စမ်းသပ်ပစ်ခတ်မှု အောင်မြင်ပြီးစီးသွားသည့်အတွက် ဂုဏ်ယူ၍ ပြုံးလိုက်ခြင်းဖြစ်သည်။

ထိုနေ့က လေဆာသေနတ် ပစ်ခတ်စမ်းသပ်ရာတွင် အမေရိကန်လေတပ် လေသူရဲများက မီတာတစ်ထောင်မှနေ၍ ယင်းလက်နက်ဖြင့် လှမ်းပစ်စမ်းကြည့်ရာ လေးလက်မထုရှိသော သံမဏိပြားများ ထုတ်ချင်းခတ်ပေါက်ထွက်သွားခဲ့လေသည်။

လေဆာရောင်ခြည်သေနတ်ကား ထိုမျှ ပြင်းထန်လှပေသည်။

ယင်းလက်နက်ကို ပစ်လွှတ်ရာတွင်လည်း အထူးစိတ်ဝင်စားဖွယ်ရာကောင်းပါသည်။

သာမန် ရေဒါသုံး ဒုံးကျည်လက်နက်များက ပစ်မှတ်ကို ထိမှန်အောင် ပစ်လွှတ်ခြင်းမျိုးမဟုတ်ပါ။

လေဆာလက်နက်သည် အလင်းရောင်တစ်မျိုး ဖြာထွက်လျက် ပစ်မှတ်ရှိ ရာသို့ တည့်တည့်မတ်မတ် မလွဲတမ်းသွားအောင် ဖန်တီးပေးသည်။

ပို၍ထူးခြားသည်ကား လေဆာရောင်ခြည်သေနတ်မှ ပစ်လွှတ်လိုက်သော ကျည်ဆန်သည် မိမိပစ်ခွင်းလိုသော မည်သည့်ပစ်မှတ်မျိုးမဆို မလွဲတမ်း ချေမှုန်းနိုင်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဥပမာ အချို့တိုက်ချင်း ဒုံးကျည်များဆိုလျှင် သံ၊ သို့မဟုတ် သတ္တုဖြင့် ပြီးသော အရာဝတ္ထုကိုသာ ရှာဖွေ၍ ထိမှန်စေတတ်သည်။ သို့သော် လေဆာရောင်ခြည် သေနတ်ကျည်ကမူ မည်သည့်အရာဝတ္ထုမဆို (သံ၊ သွပ်၊ သတ္တု၊ အုတ်၊ ဘိလပ်မြေ) စသည်များသာမက လူ၏ခန္ဓာကိုယ်ကိုပါ တည့်တည့်မတ်မတ် ထိမှန်ဖျက်ဆီး ပစ်နိုင်ပေသည်။

မိမိ၏ရည်မှန်းချက်ဖြစ်သော ပစ်မှတ်ကို လေဆာရောင်ခြည်တည်းဟူသော အလင်းရောင်က ရှာဖွေမိသည်နှင့် အလွန်ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်လှသည့် တိုက်ခိုက်ပေါက်ကွဲမှုကို ဖြစ်စေလေသည်။

ယင်း ကျည်သွားရာလမ်းကြောင်းတွင် ရှိသမျှ အရာဝတ္ထု၊ သို့မဟုတ် သက်ရှိသတ္တဝါမှန်သမျှကို စေ့စေ့ညက်ညက်ကြေအောင် ချေမှုန်းပစ်နိုင်စွမ်းရှိလေသည်။ ဤလက်နက်၏ နောက်ထပ်ထူးခြားချက် တစ်ခုကလည်း မည်သည့်လက်နက် ကျည်ဆန်နှင့်မျှ မတူအောင် လျင်မြန်လှသော အရှိန်အဟုန်ပင်ဖြစ်သည်။

အီလက်ထရွန်နစ် လျှပ်စစ်သိပ္ပံပညာအရ တစ်စက္ကန့်ကို အသေးဆုံးစိတ်ဖြာနိုင်သည်မှာ စက္ကန့်၏ တစ်ကုဋေပိုင်း တစ်ပိုင်းပင် ဖြစ်သည်။ ထိုမျှတိုတောင်းလှသော စက္ကန့်၏ တစ်စိတ်တစ်ဒေသအတွင်း တစ်နေရာမှတစ်နေရာသို့ ရောက်အောင်သွားနိုင်လျှင် အလွန်လျင်မြန်လှပြီဟုဆိုသည်။ ထို့ထက်ပို၍ လျင်မြန်သည်ကား အလင်းရောင် သွားနှုန်းပင်ဖြစ်ရာ လေဆာရောင်ခြည်လက်နက်မှထွက်သော ကျည်ဆန်၏ အမြန်နှုန်းသည် ဖော်ပြပါအလင်းရောင်၏ နှုန်းကဲ့သို့ လျင်မြန်လှပေသည်။

လေဆာလက်နက်သည် အလွန်ကြောက်မက်ဖွယ် ကောင်းလှသော ကမ္ဘာဖျက်လက်နက်ဆန်းပင်ဖြစ်လေရာ ယင်းလက်နက်မျိုးကို လူမသမာတို့လက်သို့ ရောက်ရှိသွားသော် မည်သို့နေမည်နည်း။

သို့ဖြစ်လင့်ကစား မစ္စတာ စမစ်ဆိုသူ လူမသမာတို့ထဲတွင် အဆိုးဆုံးပင် ဖြစ်ပေသည်။

အကြောင်းမူကား မစ္စတာစမစ် ယခုအချိန်တွင် လေဆာလက်နက်ဆန်းလေးခုကို မသမာသောနည်းဖြင့် ရယူရန် ကြံစည်နေပြီဖြစ်သောကြောင့်ပင်တည်း။

* * *



မိုက်ကယ်ဂရေဟမ်သည် အော်ဆန်းစတာက်ဂတ်ဟု ထင်ရှားစွာရေးထားသည့် ဆိုင်းဘုတ်ကိုကြည့်ပြီး သူ၏ ဘီအမ်ဒဗလျူအမျိုးအစား မော်တော်ကားကို ဆိုင်းဘုတ်ညွှန်ပြသည့်လမ်းအတိုင်း ဆက်လက်မောင်းနှင်သွားလေသည်။

မိုက်ကယ်ဂရေဟမ်သည် တကယ့်ကြေးတန်းစား ငွေရှာသမားတစ်ဦးဖြစ်သည်။ ရင်းနှီးသူများက သူ့အား နာမည်အတိုကောက်မိုက်ကယ်ဟု ခေါ်လေ့ရှိကြသည်။

သူသည် ကြေးစားငွေရှာသမားဟုဆိုရာ၌ သူကြိုက်သောနှုန်း၊ သို့မဟုတ် ကြိုက်ဈေးငွေသာရလျှင် (တစ်နည်းအားဖြင့်) ဈေးတည့်လျှင် လောက၌ ဘာမဆို လုပ်ဝံ့လုပ်ရဲတတ်သူတစ်ယောက်ဟု ဆိုလိုပေသည်။

ထို့ကြောင့် လောရင့်ဆိုသူက သူ့အားချဉ်းကပ်ဆက်သွယ်ပြီး အလုပ်တစ်ခု လုပ်ပေးရန် ကမ်းလှမ်းရာတွင် ပေးသော ဈေးနှုန်း (ငွေကြေးပမာဏ) က မျှော်လင့်သည်ထက်ပင် ပိုနေသောကြောင့် မိုက်ကယ်က ချက်ချင်းလက်ခံခဲ့ခြင်း ဖြစ်ပေသည်။

မိုက်ကယ်သည် ခေတ်ပေါ်လက်နက်မျိုးစုံနှင့် ပတ်သက်၍ သူမတူအောင် နားလည်ကျွမ်းကျင်ကြောင်း လောရင့်က အသေအချာ သတင်းရသိရှိထား၍လည်း ချဉ်းကပ်ကမ်းလှမ်းခဲ့ခြင်း ဖြစ်သည်။

အမေရိကန် စစ်တပ်နှင့် နောက်ဆုံးပေါ် လျှို့ဝှက်လက်နက်ဆန်းများ ပါမကျန် မိုက်ကယ်က အသေးစိတ်ကျွမ်းကျင် နားလည်ပေသည်။ ဤသည်မှာလည်း အတိတ်က သူ၏လုပ်ရပ်၊ သူ၏စွန့်စားမှုသတ္တိတို့ကြောင့် အမေရိကန်စစ်တပ်အတွင်း လက်နက်ဆန်းများအကြောင်း လေ့လာသိရှိခွင့်ရခဲ့ခြင်း ဖြစ်သည်။

ယခု လောရင့်ဆိုသူက လာရောက်ကမ်းလှမ်းပြီး ဈေးစကားကမ်းလှမ်းသော အလုပ်ဟူသည်ကား ဂျာမနီပြည် စတာက်ဂတ်မြို့ဆင်ခြေဖုံးမှ အမေရိကန် စစ်တပ်ပိုင် လေဆာရောင်ခြည်လက်နက်ဆန်းများကို ဖြစ်သည့်နည်းနှင့် ရအောင် ခိုးယူရန်ပင်ဖြစ်သည်။

လောရင့်၏စကားအရ သူ၏နောက်တွင် ယင်းအလုပ်ကို လုပ်ရန်သင့် လျော်မည့်သူ ရှာဖွေခိုင်းသူ တကယ့်ကာယကံရှင်တစ်ဦး ရှိသည်ဟုဆိုသည်။

ထိုလူကား စမစ်ပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု မိုက်ကယ်အတွက် ပေးရမည့်ငွေပမာဏကို ဆွေးနွေးလက်ခံ အတည်ပြုပြီးနောက် စမစ်ကပင် လောရင့်မှ တစ်ဆင့် လေဆာသေနတ်မျိုးများ လုယူရန် လိုအပ်သောလမ်းညွှန်ချက်နှင့်တကွ အကူအညီပစ္စည်းကိရိယာ စသည်တို့ကို ပေးခဲ့ပြီး ဖြစ်သည်။

သို့သော် ယင်းစီမံချက် အကောင်အထည်ဖော်ရမည့် အသေးစိတ် အစီအစဉ်များက မိုက်ကယ်၏စိတ်ကူးဉာဏ်ဖြင့် တီထွင်ဖန်တီးခဲ့ခြင်းဖြစ်သည်။

မိုက်ကယ်သည် အဆိုပါစစ်ဆင်ရေးစီမံချက်၏ အသေးစိတ် အစီအစဉ် အချက်အလက်များကို သူ၏ဦးနှောက်ထဲ အကြိမ်ပေါင်းများစွာ အပြန်အလှန် တွက်ချက်စဉ်းစားကြည့်ထားပြီးဖြစ်သည်။ စိတ်ကူးဖြင့် လေ့ကျင့်ထားပြီးဖြစ်သည်။

လေဆာရောင်ခြည်နှင့် အီလက်ထရွန်နစ် လျှပ်စစ်သိပ္ပံပညာနည်းများဖြင့် လုံခြုံရေးအစီအစဉ်များ ပြည့်စုံစွာ ပြုလုပ်ထားခြင်းကြောင့် လျှို့ဝှက် စမ်းသပ်ရေးစခန်းသို့ ချဉ်းကပ်သတင်းယူရန် မဖြစ်နိုင်လေရာ မိုက်ကယ်သည် အခက်အခဲကြားမှပင် မရရအောင် ကြံဖန်၍ လုံခြုံရေးအစောင့်များ၏ ကင်းစခန်းရုံးအတွင်း လျှို့ဝှက် အသံဖမ်း အသံလွှင့်စက်ငယ်များ တပ်ဆင်ထားခဲ့သည်။

ဤနည်းအားဖြင့် ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ် ပြောင်းလေ့ရှိသော အဝင်အထွက် စကားဝှက်များကို ကြိုတင်သိရှိခဲ့လေသည်။

ဤသည်မှာလည်း သူ၏စိတ်ရှည်လက်ရှည် ကြိုတင်ပြင်ဆင်ခြင်းတစ်ခုပင် ဖြစ်သည်။ သူ တကယ်တမ်း အလုပ်လုပ်မည့်နေ့တွင် စခန်းတွင်းသို့ လျှို့ဝှက်စကားဝှက် အသုံးပြု၍ ဝင်ရောက်နိုင်ရန် ကြိုတင်ဖန်တီးထားခြင်း ဖြစ်သည်။

အထူးသဖြင့် လေဆာသေနတ်များ တင်ဆောင်လာသည့် ရဟတ်ယာဉ် ဆိုက်လာချိန်တွင် သူက စခန်းတွင်း ရောက်ရှိနေရန် အရေးကြီးသဖြင့် ကြိုတင် ပြင်ဆင်ရေး ဖြစ်လေသည်။

မိုက်ကယ်သည် လေ့ကျင့်စမ်းသပ်ရေးစခန်း၏ အနေအထား၊ အဆောက်အဦများ တည်ရှိပုံကိုလည်း ကြိုတင်၍ အသေးစိတ်လေ့လာခဲ့သည်။

အထူးသဖြင့် အရာရှိများ စုဝေးတတ်သည့် အရာရှိရိပ်သာ သို့မဟုတ် ကလပ်နှင့်တကွ ထိပ်သီးအရာရှိ (ဗိုလ်ချုပ်ကြီး)များ နေထိုင်ရာ အခန်းများကို



ပါ မိုက်ကယ်က စိတ်ဝင်စားစွာ ကြိုတင်လေ့လာမှတ်သားထားပြီး ဖြစ်သည်။

ဗိုလ်ချုပ်ကြီးများသည် ဤစခန်းတွင်ရှိနေခိုက် အထူးပိရိစွာ နေလေ့ရှိပြီး အကြောင်းမဲ့ ပြင်ဘက်ထွက်လေ့မရှိသောကြောင့် သူတို့အား လုံခြုံရေး အစောင့်များက သေချာစွာ မှတ်မိသိရှိမည် မဟုတ်ကြောင်းကိုလည်း မိုက်ကယ်က လေ့လာသိရှိထားသည်။

သူသည် ဘီအမ်ဒဗလျူ မော်တော်ကားကို အထူးသတိထားလျက် ဆက်လက် မောင်းလာလေသည်။

စမ်းသပ်လေ့ကျင့်ရေးစခန်းအနီးသို့ရောက်လျှင် လမ်းမကြီးမှ ဘေးဘက် သစ်ပင်အုပ်များအတွင်းသို့ မောင်းဝင်လိုက်သည်။ ထို့နောက် အရာရှိကြီးများအတွက် သီးသန့်ထားသည့် ရိပ်သာ သို့မဟုတ် တည်းခိုခန်းများရှိရာ အဆောက်အဦ၏ နောက်ဘက်သို့ အမှတ်မဲ့ ချဉ်းကပ်သွားလေသည်။

* * *

ဆယ်မိနစ်ခန့် ကြာသောအခါ အမေရိကန်စစ်တပ် ဗိုလ်ချုပ်ကြီး၏ ယူနီဖောင်း ဝတ်စုံအပြည့် ဝတ်ဆင်ထားသူတစ်ဦးသည် အရာရှိများ တည်းခို စခန်းမှ ပြင်ဘက်သို့ထွက်ပြီး ကလပ်အဆောက်အအုံဆီသို့ ခပ်တည်တည် လျှောက်သွားလေသည်။

သူ၏လက်မောင်းတစ်ဖက်တွင် အထုပ်တစ်ထုပ် ချိုင်းကြားညှပ်၍ ထား လေသည်။

ဗိုလ်ချုပ်ကြီး ယူနီဖောင်းဝတ်ထားသူသည် သူ၏လက်ပတ်နာရီကို ကြည့် ပြီးနောက် ကောင်းကင်ဆီသို့ မော့ကြည့်လိုက်သည်။ ထို့နောက် အရာရှိများ ကလပ် အဆောက်အအုံနောက်ဘက်တွင် အသင့်ရပ်ထားသော ဂျစ်ကားတစ်စင်းရှိရာသို့ ဆက်လျှောက်သွားလေသည်။

ထိုလူကား ဗိုလ်ချုပ်ကြီးတစ်ဦးအသွင် ဟန်ဆောင်လာသော မိုက်ကယ်ပင်တည်း။

ဂျစ်ကားကို ကျင်လည်စွာ မောင်း၍ လေ့ကျင့်ကွင်းစပ်ရှိ လုံခြုံရေး အစောင့်များ၏ ဗဟိုကင်းရုံ အနီးသို့ ထိုးဆိုက်လိုက်ချိန်တွင် လက်နက်ကိုင် အစောင့်တစ်ဦးက ပျာပျာသလဲ ထလိုက်သည်။ နောက်ထပ် အစောင့်စစ်သား တစ်ဦးသည်လည်း ကင်းရုံပြင်ဘက်သို့ လိုက်ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ ကောင်းကင်မှ ရဟတ်ယာဉ်တစ်စင်း၏ စက်သံကို ကြားနေရပြီ ဖြစ်သည်။

အစောင့် စစ်သားနှစ်ဦးသည် ဂျစ်ကားပေါ်မှ သွက်လက်ပေါ့ပါးစွာ ဆင်းလိုက်သူအား လှမ်းကြည့်လိုက်ရာ ယူနီဖောင်းဝတ်စုံမှ ဗိုလ်ချုပ်ကြီးရာထူး အမှတ်အသား ကြယ်ပွင့်များကို သတိပြုမိသည်။

ဤတွင် အစောင့်စစ်သားနှစ်ဦးအနက် တပ်ကြပ်အဆင့်ရှိသူက အမ်-ဝမ်း အမျိုးအစား ကာဘိုင်လက်နတ်ကို အသင့်ကိုင်ထားလျက် …

"ရှေ့မတိုးနဲ့၊ ရပ်လိုက်ပါ"

ဟု အော်၍ အမိန့်ပေးလိုက်သည်။

မိုက်ကယ်လည်း အကင်းပါးစွာဖြင့် ရပ်ပြီးမှ ခပ်တည်တည် ပြောလေသည်။

(သူက ဤသို့ ခပ်တည်တည် ရဲတင်းစွာ ဝင်လာခြင်းမှာ လေ့လာသူ ဗိုလ်ချုပ်ကြီးများအား အစောင့်စစ်သားများက တစ်ဦးချင်းအနေဖြင့် မသိကြဟူသော အချက်ကို အားကိုး၍ လာခဲ့ခြင်းဖြစ်သည်။)

"ဟေ့…တပ်ကြပ်၊ ငါ အခုလာတာ အရေးပေါ်ကိစ္စရှိလို့ကွ။ ငါ ကွင်းထဲသွားဖို့ သိပ်အရေးကြီးနေတယ်"

"ရှေ့ကို တိုးလာပြီး လူကို မှတ်မိအောင် ပြပါ"

အစောင့်တပ်ကြပ်က ထပ်ဆင့်အမိန့်ပေးလိုက်သဖြင့် မိုက်ကယ်လည်း အလင်းရောင်ရှိရာ ရှေ့သို့ တိုးလျှောက်သွားလိုက်သည်။

အစောင့်တပ်ကြပ်နှင့် သူ၏အဖော်စစ်သားတို့လည်း ဗိုလ်ချုပ်ကြီး ယူနီဖောင်း ဝတ်စုံနှင့် လူအား သေချာစွာအကဲခတ်ကြည့်ရာ သူတို့မမြင်ဖူးသော လူတစ်ယောက် ဖြစ်နေကြောင်း တွေ့ရလေသည်။

သို့သော် ပုံပန်းသဏ္ဍာန်အားဖြင့် ကြည်းတပ် ဗိုလ်ချုပ်ကြီးတစ်ဦး၏ ဟန်ပန် အပြည့်ရှိသူဖြစ်နေသည်။ အရပ်မြင့်မြင့် ထောင်ထောင်မောင်းမောင်း၊ နှုတ်ခမ်းမွေးနှင့် မျက်လုံးများက စူးရှတောက်ပြောင်ကာ ခက်ထန်သော ဟန်အမူအရာလည်း ရှိနေသည်။

ဤသည်မှာလည်း မဆန်းလှချေ။

အမေရိကန် စစ်တပ်မှ ဗိုလ်ချုပ်ကြီးအဆင့်ရှိသူများ အနေဖြင့် အများစုက ခက်ထန်မောက်မာတတ်ကြောင်းကို လက်နက်ကိုင် အစောင့်များက သိရှိထားပြီး ဖြစ်လေသည်။



"ကိုင်း … ဂိတ်ကို မြန်မြန် ဖွင့်ပေးစမ်း။ ငါ သိပ်အရေးကြီးနေတယ်"

မိုက်ကယ်က လေသံခပ်တင်းတင်းဖြင့် ပြောလိုက်ချိန်တွင် ကောင်းကင်မှ ရဟတ်ယာဉ်၏ အင်ဂျင်စက်သံကို နီးကပ်စွာ ကြားနေရပြီဖြစ်သည်။

"သတ်မှတ်ထားတဲ့ စကားဝှက်ကို ပြောပါဦး ခင်ဗျ"

အစောင့်တပ်ကြပ်က ပြောလိုက်ရာ မိုက်ကယ်က စိတ်တိုလာဟန်ဖြင့် …

"ဟေ့ကောင်တွေ မင်းတို့က ငါ့ကို အရေးထဲ ဉာဏ်စမ်းနေရသလားကွ။ စကားဝှက်ကို မင်းက စပြောရမယ်။ ကဲ … ပြောစမ်း"

ဟု ပြောလိုက်သည်။

"ဆလီးပီးဒေါ့ဂ်"

တပ်ကြပ်က ထိုနေ့အဖို့ သတ်မှတ်ထားသည့် စကားဝှက်၏ ပထမပိုင်းကို ရေရွတ်လိုက်ရာ မိုက်ကယ်ကလည်း လျင်မြန်သွက်လက်စွာဖြင့် …

"အင်ဂယ်လ်အိုင်းယန်း"

ဟု စကားဝှက်၏ ဒုတိယပိုင်း အော်ပြောလိုက်ရင်း အသင့်ပါလာသော စာရွက်စာတမ်းများကို ထုတ်ပြလိုက်သည်။

တပ်ကြပ်သည် စာရွက်များကိုယူ၍ ကြည့်လိုက်ရာ ယခု မိမိရှေ့မှ လူသည် အမေရိကန်မှ အထူးဧည့်သည်တော်အဖြစ် လာရောက်လေ့လာ အကဲခတ်သူ၊ လက်နက်ခဲယမ်း ပါရဂူ ဗိုလ်ချုပ်ကြီး ဘရစ်ဆိုသူဖြစ်ကြောင်း တွေ့ရလေသည်။

သည်တော့မှ တပ်ကြပ်လည်း ကပျာကယာ အလေးပြုလိုက်သည်။

"ကောင်းပါပြီ ဗိုလ်ချုပ်ကြီးခင်ဗျား သွားနိုင်ပါပြီ"

ဤသို့ပြောလိုက်ချိန်တွင် သူ၏အဖော်စစ်သားက စမ်းသပ်လေ့ကျင့်ကွင်းထဲသို့ ဝင်သည့် ဂိတ်တံခါးမောင်းတံဖွင့်သော ခလုတ်ကို နှိပ်လိုက်သည်။

မိုက်ကယ်လည်း လျင်မြန်စွာ ဂျစ်ကားပေါ် ပြန်တက်၍ မောင်းထွက်သွားလေသည်။

ထိုအချိန်၌ ရဟတ်ယာဉ်သည် လေဆာရောင်ခြည် သေနတ်များ ပစ်ခတ် စမ်းသပ်ပြီး၍ ဤစခန်းသို့ ပြန်ဝင်လာနေပြီဖြစ်သည်။

ရဟတ်ယာဉ် ပြန်အလာကို အသင့်စောင့်နေကြသူ စစ်သားသုံးဦး

www.burmeseclassic.com

www.burmeseclassic.com



သည် မိုက်ကယ်၏ ဂျစ်ကား ခပ်ကြမ်းကြမ်း မောင်းဝင်လာသဖြင့် ရုတ်တရက် ထိတ်လန့် တကြားဖြစ်ကာ မတ်တတ်ရပ်လိုက်ကြသည်။

"ဟေ့ကောင်တွေ အဲဒီနားမနေကြနဲ့၊ မြန်မြန်ဘေးဖယ်နေလိုက်ကြစမ်း"

မိုက်ကယ်က အော်၍ ပြောလိုက်လျှင် စစ်သားတစ်ဦးက ..

"အားလုံးသတိ"

ဟု အမိန့်ပေးလိုက်ရာ သုံးယောက်စလုံး သတိအနေအထားဖြင့်ရပ် လျက် အလေးပြုကြပါသည်။

မိုက်ကယ်လည်း ခပ်တည်တည် မင်သေသေနှင့် မိန့်ခွန်းချွေပြန်သည်။

"ဟေ့...မင်းတို့အားလုံး ဒီနားက ခပ်ဝေးဝေးကို အမြန်ဆုံး ရှောင်ထွက် သွားကြပေတော့။ ညျုကလီယာဓာတ်အားစက်က ချွတ်ယွင်းပြီး အဏုမြူရေဒီယို ဓာတ်လှိုင်းတွေ ယိုထွက်ပျံ့နေလို့ အန္တရာယ်ရှိတယ်။ ရေဒီယို ဓာတ်က သေနတ်တွေ ကိုတောင် ကူးစက်ပျံ့နှံ့နေပြီကွ။ ဟယ်လီကော့ပ်တာကို တောင် ကူးစက်နေပြီလို့ ယူဆရတယ်။ အခု ငါ့ကို အထက်က အမိန့်ပေးလိုက် တာက ရဟတ်ယာဉ်ကို ဒီအတွင်းက အမြန်ဆုံး တခြားကို ရွှေ့ယူသွားဖို့ပဲ"

မိုက်ကယ် ဤသို့ခပ်တည်တည် အမိန့်ပေးသလို ပြောသော်လည်း လုံခြုံရေး တပ်ဖွဲ့မှ တပ်ကြပ်က အနည်းငယ် သံသယဖြစ်နေပုံရသည်။

"လူကြီးမင်းက ဘယ်သူပါလဲ ခင်ဗျ"

ထိုအချိန်၌ မိုက်ကယ်သည် ဂျစ်ကားဆီသို့ ပြန်သွားပြီး အသင့်ပါလာ သော ရေဒီယိုဓာတ်အား ကာကွယ်တားဆီးသည့် အထူးစပါယ်ရှယ်ဝတ်စုံကို ယူဝတ်နေပြီ ဖြစ်သည်။

တစ်ချိန်တည်းမှာပင် လေဆာသေနတ်တွေ တင်လာသော ရဟတ် ယာဉ်က မြေပြင်သို့ ဆင်းသက်စ ပြုနေပြီဖြစ်သည်။

"ငါက အမေရိကန် အမှတ် ၃ စစ်တပ်၊ အထူးလက်နက်များ သီးသန့် တပ်မမှူး ဗိုလ်ချုပ်ကြီးဘရစ်ဖြစ်တယ်။ ကိုင်း ... အချိန်မရှိဘူး မင်းတို့ဖယ်ကြစမ်း"

ပြောရင်းနှင့် မိုက်ကယ်သည် ဂျစ်ကားပေါ်မှ မြေမြှုပ်ဗုံးထောက်လှမ်း ရှာဖွေသည့် ဂီဂါကောင်တာ ခေါ် ကိရိယာနှင့် သံမဏိ လက်ဆွဲအိတ်နှင့်တူ သော အိတ်တစ်ခုကိုပါ ဆွဲယူလိုက်သည်။



ထို့နောက် မြေပြင်ပေါ်ရောက်နေပြီဖြစ်သော ရဟတ်ယာဉ်အနီးသို့ ခပ်သုတ်သုတ်ချဉ်းကပ်သွားသည်။

ရဟတ်ယာဉ်၏ ပန်ကာဒလက်များ လည်လျက်ပင် ရှိနေသေး၍ အသံဆူညံ နေသည့်ကြားမှ မိုက်ကယ်က ရဟတ်ယာဉ်မောင်းသူ (ပိုင်းလော့) အား ...

"ဟေ့ ... မင်း မြန်မြန် ဖယ်စမ်း"

ဟု အမိန့်ပေးလိုက်ပါသည်။

တစ်ဆက်တည်းပင် သူက ...

"အဏုမြူရေဒီယိုဓာတ်အားတွေ မလုံခြုံလို့ ပျံ့လွင့်နေတယ်ဟေ့။ မင်းတို့ တစ်တွေတောင်မှ ခုလောက်ဆိုရင် ရေဒီယိုဓာတ်လှိုင်း ထိသင့်သလောက် ထိနေပြီ ထင်တယ်။ ငါတို့ စစ်တပ်ရဲ့ အရေးပေါ်ဆေးတပ်ဖွဲ့လည်း အခုပဲ ရောက်လာလိမ့်မယ်။ ကိုင်း ... ငါကိုယ်တိုင် ဒီရဟတ်ယာဉ်ကို မောင်းယူသွား မယ်။ အင်ဂျင်စက်ကို မရပ်လိုက်နဲ့"

ဟု ပြောလိုက်သည်။

ရဟတ်ယာဉ်မှူး (ပိုင်းလော့) သည် ရေဒီယိုဓာတ်အားတွေ ပြန့်နေပြီ ဟု ကြားလိုက်သည်နှင့် အကြီးအကျယ်ထိတ်လန့်တုန်လှုပ်သွားကာ ရဟတ် ယာဉ်ပေါ်မှ ကမန်းကတန်း ခုန်ဆင်းလိုက်သည်။

"ဗိုလ်ချုပ်ကြီးကော အန္တရာယ်မရှိဘူးလား ခင်ဗျာ"

ပိုင်းလော့ (ယာဉ်မှူး) က တုန်တုန်ယင်ယင်နှင့် မေးပါသည်။

သို့ရာတွင် မိုက်ကယ်က လုံးဝစိုးရိမ်တုန်လှုပ်ခြင်းမရှိသည့်ဟန်မျိုးဖြင့် ခေါင်းခါ ပြပါသည်။

"ဟောဒီက ငါ့ရဲ့ စပယ်ရှယ်ဝတ်စုံက အနုမြူဓာတ်ရောင်ခြည်ကို ကာကွယ်ပေးနိုင်တယ်။ အခုငါကိုယ်တိုင် ရဟတ်ယာဉ်ကို ဒီလေ့ကျင့်ကွင်း ဟိုဘက် အစွန်နားထိအောင် မောင်းယူပြီး ဘယ်သူမှ အနားမကပ်ရအောင် ကွာရင်တိုင် လုပ်ထားမယ်။ မင်းတို့သာ ကိုယ့်ကျန်းမာရေးကို ဂရုစိုက်ကြ"

ပြောပြောဆိုဆို မိုက်ကယ်သည် ရဟတ်ယာဉ်ပေါ်တက်၍ ပိုင်းလော့ (လေယာဉ်မှူး) နေရာတွင် ထိုင်ကာ အင်ဂျင်စက်ကို ခပ်ပြင်းပြင်း တင်လိုက် သည်။

ထိုအခိုက်မှာပင် လက်နက်ကိုင်စစ်သားတွေ အပြည့်ပါသော ဂျစ်ကား

www.burmeseclassic.com

www.burmeseclassic.com



နှစ်စင်းသည် ရဟတ်ယာဉ်ရှိရာသို့ တရကြမ်းမောင်းလာလေသည်။

ဂျစ်ကားပေါ်မှ စစ်သားအချို့က စက်သေနတ်ဖြင့် စတင်ပစ်ခတ်နေပြီ ဖြစ်ရာ မှူလကရှိနေသော အစောင့်တပ်သားသုံးဦးနှင့် ရဟတ်ယာဉ်မောင်း (ပိုင်းလော့) တို့သည် ကြောက်အားလန့်အားနှင့် ဘေးနှစ်ဖက်နှစ်ချက်သို့ ရှောင်ထွက်ပြေးကြကုန်လေသည်။

မိုက်ကယ်သည် ရဟတ်ယာဉ်ကို အင်ဂျင်စက်ပြင်းပြင်းတင်၍ မောင်းထွက်တော့မည်ပြုစဉ် စက်သေနတ်ကျည်ဆန်တစ်ခုက သူ၏ပခုံးနားသို့ ရှပ်ထိမှန်လာသည်။

ဂျစ်ကားနှစ်စင်းသည် ရဟတ်ယာဉ်မှ ကိုက်တစ်ရာခန့်အကွာတွင် ရှိနေသော ဓာတ်ဆီပီပါပုံးများ ထားရာအနီးတွင် ရပ်ထားလေသည်။

ယင်းအချက်ကို သတိပြုမိသူ မိုက်ကယ်သည် သူ၏လက်ဆွဲအိတ်ထဲမှ မောင်းပြန် (အော်တိုမက်တစ်) ပစ္စတို သေနတ်ကြီးတစ်လက်ကို ထုတ်ယူလိုက်သည်။

ဂျာမန်လုပ် ရှမီဆာ အမျိုးအစား မောင်းပြန်သေနတ်မှာ စက်သေနတ်အငယ်စားတစ်မျိုးပင်ဖြစ်၍ မရှင်းပစ္စတိုဟု ခေါ်သည်။

မိုက်ကယ်သည် ယင်းရှမီဆာပစ္စတို သေနတ်ဖြင့် ဓာတ်ဆီပီပါပုံးကြီးများဆီသို့ ချိန်၍ တစ်ချက်လှမ်းပစ်လိုက်သည်။

ကျည်ဆန်က တည့်တည့်မတ်မတ်ထိမှန်သွားလေရာ ဓာတ်ဆီပုံးများလည်း ကျယ်လောင်စွာ မြည်ဟိန်းလျက် ပေါက်ကွဲကာ မီးစွဲလောင်လေတော့သည်။

ဂျစ်ကားပေါ်မှ လုံခြုံရေးတပ်သားများသည် ထိခိုက်မှုမရှိသော်လည်း ဂျစ်ကား နောက်ကွယ်တွင် ပုန်းအောင်းနေရာမှ မထွက်ဝံ့သဖြင့် မိုက်ကယ်အားတားဆီးရန် မဖြစ်နိုင်တော့ချေ။

ထို့ကြောင့်ပင် မီးခိုးမီးလျှံတွေ ပိတ်ဖုံးနေသည့်ကြားမှ မိုက်ကယ်ကိုယ်တိုင် မောင်းနှင်လာသော ဟယ်လီကော့ပ်တာ (ရဟတ်ယာဉ်) သည် လေဆာသေနတ် လေးလက်နှင့်တကွ မြေပြင်မှ ကောင်းကင်သို့ ပျံတက်သွားလေသည်။

မစ္စတာစမစ်ဆိုသူ၏ တာဝန်ပေးစေခိုင်းချက်အရ မိုက်ကယ်သည် ဗိုလ်ချုပ်ကြီးအသွင် ဟန်ဆောင်ပုံမှားရိုက်၍ လေဆာရောင်ခြည်လက်နက်များကို အောင်မြင်စွာ ခိုးယူနိုင်ခဲ့ပြီ ဖြစ်သည်။



မြေပြင်ရှိ လုံခြုံရေးတပ်သားများက ကောင်းကင်မှ ရဟတ်ယာဉ်ကို စက် သေနတ်များဖြင့် လှမ်းပစ်ခတ်ကြသော်လည်း တဖြည်းဖြည်းအရှိန်ရ၍ ဝေးသည်ထက် ဝေးနေပြီဖြစ်သောကြောင့် ထိမှန်ခြင်းမရှိဘဲ ကျည်ဆန်တွေသာ လေထဲပလူပျံသလို ဖြစ်နေတော့သည်။

လုံခြုံရေးတပ်ဖွဲ့ကို ကြီးကြပ်ကွပ်ကဲသူတပ်မှူးက ကျည်ဆန်တွေ အလဟဿ ကုန်နေသည်ကို သတိပြုမိပြီး အပစ်အခတ် ရပ်ခိုင်းလိုက်သည်။

''အခု မောင်းထွက်ပြေးသွားတာ ဘယ်သူလဲခင်ဗျ''

တပ်ကြပ်ကြီးတစ်ဦးက မေးသဖြင့် တပ်မှူးလုပ်သူက အမှန်အတိုင်း ပြန်ဖြေ လေသည်။

''ဘယ်သူဘယ်ဝါဆိုတာ ငါလည်း ဘယ်သိမလဲကွ။ တစ်ခုတော့ သေချာ တယ်။ ဒီလူဟာ ဂျင်နရယ်လ် (ဗိုလ်ချုပ်ကြီး) ဘရစ် မဟုတ်တာတော့ သေချာတယ်။ ဘာကြောင့်လဲဆိုတော့ ငါကိုယ်တိုင် အခုပဲ ဗိုလ်ချုပ်ကြီးနဲ့ ရိုပ်သာမှာ စကားပြောခဲ့ရတယ်။ သူပြောပြချက်အရ တည်းခိုရိပ်သာအခန်းထဲက သူ့ရဲ့ယူနီဖောင်းဝတ်စုံ ပျောက်သွားတယ်လို့ သိရတယ်။ တစ်ယောက်ယောက်က ခိုးယူသွားတာ ထင်ရှား နေသော်လည်း ဗိုလ်ချုပ်ကြီးရဲ့ဘက်စ်မင်း (တောက်တိုမယ်ရခိုင်းရန် အနားသို့ခေါ်ထားသော ရဲဘော်) မဟုတ်တာလည်း သေချာတယ်ဆိုတော့ သူ့ယူနီဖောင်းဝင်ခိုးပြီး ဝတ်သွားသူ ဟိုဟယ်လီကော့ပ်တာပေါ်က သတ္တဝါဖြစ်မှာပဲ''

ပြောရင်းနှင့် လုံခြုံရေးတပ်မှူးသည် ကောင်းကင်တွင် တဖြည်းဖြည်း ဝေးကွာပျောက်လုဆဲဖြစ်နေသော ရဟတ်ယာဉ်ကိုကြည့်ပြီး အလွန်ပိရိသေသပ်စွာ ပုံမှားရိုက်သွားသူအား စိတ်ထဲမှ အံ့သြချီးကျူးချင်သလို ဖြစ်လာမိလေသည်။

''ငါတို့ စစ်တပ်အနေနဲ့ အလွန်လုံလုံခြုံခြုံ လျှို့ဝှက်ထားခဲ့တဲ့ လေဆာသေနတ် လေးလက်စလုံးကို အခုလို ဖြောင်ဝင်ယူသွားတာဟာ အံ့သြစရာပါပဲ။ ဒီလူဟာ ချီးကျူးထိုက်လောက်အောင် ပိပိရိရိ လိမ်တတ်တဲ့လူလည်း ဖြစ်တယ်''

တပ်မှူးက ဤသို့ပြောလိုက်သော်လည်း မိုက်ကယ်၏ ဇာတိနေရပ်အရည် အချင်းစသော အချက်အလက်များနှင့်တကွ သူသည် မည်သူမည်ဝါဖြစ်ကြောင်း တပ်မှူးသာမက အမေရိကန်စစ်တပ်တစ်တပ်လုံးက မသိချေ။ ရှေ့အဖို့လည်း သိရှိရန် အလားအလာမရှိသလောက် ဖြစ်နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ စီးလာသော ဘီအမ်ဒဗလျူ မော်တော်ကား၏ လိုင်စင်နံပါတ်ပြားကို ကြည့်ပြီး လိုက်စုံစမ်း၍ မည်သည့်အထောက်အထားမှ ရမည်မဟုတ်သည့်ပြင် မိုက်ကယ်က မော်တော်ကားမောင်းစဉ်က လက်အိတ်များစွပ်မောင်းခဲ့ခြင်းကြောင့် လက်ဗွေပုံစံ ထင်ကျန်ရစ်ခြင်း မရှိချေ။

ဗိုလ်ချုပ်ကြီး ယူနီဖောင်းဝတ်စုံလဲဝတ်စဉ်က သူချွတ်ထားပစ်ခဲ့သော အဝတ်အစားများကလည်း သဲလွန်စ မဖြစ်နိုင်သော အဝတ်အစားများ ဖြစ်နေသည်။

မိုက်ကယ်သည် ရဟတ်ယာဉ်ကို ကျင်လည်စွာ ထိန်းမောင်းလျက် အရှေ့ဘက်စူးစူးဆီသို့ ၁၅ မိနစ်ခန့်ကြာအောင် ပျံသန်းမောင်းနှင်ခဲ့လေသည်။

ဤသည်လည်း အသေးစိတ်ကြိုတင်ရေးဆွဲချမှတ်ထားသော ပျံသန်းမှုလမ်းကြောင်းအတိုင်း မောင်းနှင်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် သစ်ပင်တောအုပ်တစ်ခုအနီးသို့ အရောက်တွင် ရဟတ်ယာဉ်ကို ခပ်နိမ့်နိမ့်ပျံသန်းရင်း မြေပြင်အခြေအနေကို သေချာစွာ လေ့လာကြည့်ရှုလေသည်။

မကြာမီ သူ ရှာဖွေသောအရာကို တွေ့ရတော့သည်။ မှောင်မည်းနေသည့်ကြားမှ လက်နှိပ်ဓာတ်မီးဖြင့် တစ်စုံတစ်ယောက်က မှိတ်တုတ်မှိတ်တုတ် သုံးကြိမ်မျှထိုး၍ အချက်ပြသည်တွင် မိုက်ကယ်ကလည်း ရဟတ်ယာဉ်၏ လျှပ်စစ်မီးလုံးကြီးများကို ဖွင့်လိုက်ပိတ်လိုက် သုံးကြိမ်လုပ်ပြလိုက်သည်။

ချက်ချင်းပင် မော်တော်ကားသုံးစင်း၏ ရှေ့မီးလုံးကြီးများ ဖွင့်လာလေသည်။

ယင်းမော်တော်ကားမီးလုံးများက မြေပြင်သို့ဆင်းသက်ရန်နေရာကို မီးထိုးပြနေခြင်းပင်ဖြစ်သည်။

မိုက်ကယ်သည် ရဟတ်ယာဉ်ကို ညင်သာစွာမြေပြင်သို့ မောင်းဆင်းလိုက်သည်။

နေရာကား သစ်ပင်တောအုပ်များအလယ်ရှိ ကွက်လပ်တစ်ခုဖြစ်ပြီး သူ့အား လာကြိုနေသော မော်တော်ကားသုံးစင်းက ပြင်သစ်လုပ် အနက်ရောင် ဆီထရွန်ကား တစ်စင်း၊ ဖောက်စ်ဝက်ဂွန်ကားတစ်စင်းနှင့် ပစ်ကပ်ကုန်တင်ကားတစ်စင်းတို့ပင် ဖြစ်သည်။



မိုက်ကယ်သည် ရဟတ်ယာဉ်ပေါ်မှ လျင်မြန်စွာ ဆင်း၍ ဆီထရွန်ကားဆီသို့ ပြေးသွားလိုက်သည်။

"ဘယ့်နှယ့်လဲ၊ ပစ္စည်းတွေရခဲ့ပြီလား"

ယာဉ်မောင်းဝတ်စုံ ယူနီဖောင်းဝတ်ထားသူတစ်ဦးက ကားပေါ်မှလှမ်းမေးရာ မိုက်ကယ်က ခေါင်းညိတ်ပြလိုက်သည်။

"အိုကေပါပဲ၊ ရခဲ့တယ်"

"ဘဲရီးဂွတ်ပဲ"

ယာဉ်မောင်းဝတ်စုံနှင့်လူက ကျေနပ်သဘောကျဟန်ဖြင့် ပြန်ပြောလိုက်သည်။

သူတို့ပြောနေသည်မှာ ဂျာမန်ဘာသာစကားဖြင့် ပြောနေခြင်းဖြစ်သည်။

ကားပေါ်မှ ယာဉ်မောင်းဝတ်စုံနှင့်လူသည် အဝတ်အစားအထုပ်တစ်ထုပ်နှင့် သားရေလက်ကိုင်အိတ်တစ်ခုကို မိုက်ကယ်အား လှမ်းပေးလိုက်သည်။

"ဒီအထုပ်က ခင်ဗျားဝတ်လို့တော်မယ့် အဝတ်အစားတစ်စုံပါတယ်။ လက်ဆွဲအိတ်ထဲမှာတော့ လိုမယ့်ငွေတွေရယ်၊ ဖောက်စ်ဝက်ဂွန်ကားမောင်းတဲ့ကား သော့ရယ်ရှိတယ်။ လေဆာသေနတ်တွေအတွက် ဘာမှမစိုးရိမ်နဲ့တော့။ ကျုပ်တို့က ပစ်ကပ်ကားပေါ် ပြောင်းတင်ယူမယ်။ စီမံချက် ဒုတိယပိုင်းအတွက် ခင်ဗျားကို ကျုပ်တို့ မကြာခင် ဆက်သွယ်ပါမယ်။ လောလောဆယ်တော့ ခင်ဗျား ဒီနေရာက ထွက်သွားပေတော့"

မိုက်ကယ်သည် လက်ဆွဲသားရေအိတ်ကို ဖွင့်ကြည့်လိုက်ရာ အမေရိကန် ဒေါ်လာ ငွေစက္ကူတွေ အထပ်လိုက်တွေ့ရသဖြင့် အံ့ဩသလောက် သဘောကျသွား မိလေသည်။

"အိုကေ ... ကျေးဇူးပါပဲ"

ဤသို့ပြောသည်ကို ယာဉ်မောင်းဝတ်စုံနှင့်လူက ဘာမှပြန်မပြောဘဲ ခေါင်းညိတ်ပြလေသည်။

မိုက်ကယ်သည် ဆီထရွန်ကား၏ နောက်ထိုင်ခုံတွင် ထိုင်နေသူ လူတစ်ယောက် အား လှမ်းကြည့်သော်လည်း သဲကွဲစွာ မမြင်ရချေ။

ထိုလူသည် ယခုအချိန်အထိ စကားတစ်ခွန်းမျှမပြောဘဲ ဆိတ်ဆိတ်နေပြီး အသာငြိမ်ထိုင်နေခဲ့သည်။ သူ၏မျက်နှာကိုလည်း ကောင်းစွာ

www.burmeseclassic.com

www.burmeseclassic.com



မမြင်ရအောင် ဦးထုပ်ကို ရှေ့သို့ငိုက်၍ ဆောင်းထားသည်။

"ခင်ဗျားကိုပါ ကျေးဇူးတင်ပါတယ်"

မိုက်ကယ်ကပြုံး၍ စကားစကြည့်ပါသော်လည်း ဦးထုပ်နှင့်သူက ဘာမှ ပြန်မပြောချေ။

သည်တော့မှ လက်လျှော့ပြီး လျှောက်ထွက်သွားတော့သည်။

* * *

"လေဆာသေနတ်တွေကို ဘူနံ့တော် ပြောင်းတင်ပြီး ပစ်ကပ်ကားနဲ့ပဲ ကုန်လှောင်ရုံ (ဂိုထောင်) ကို ယူသွားလိုက်မယ်ခင်ဗျ"

ယာဉ်မောင်းဝတ်စုံနှင့်လူက ကားနောက်ပိုင်းတွင် ထိုင်နေသူဦးထုပ်နှင့်လူအား လှမ်းပြောလိုက်သည်။

ထိုလူကား စမစ်ဆိုသူပင်ဖြစ်သည်။

"အေး ... ကောင်းပြီ။ ကျုပ်က ဆီထရွန်ကားမောင်းယူသွားမယ်။ ဟိုဘက်ကျမှ လူချင်းဆုံကြတာပေါ့။ အရေးကြီးတာက မင်းအနေနဲ့ ခြေလှမ်း မမှားစေနဲ့။ အထူး သတိထားသွားပါ။ မိုက်ကယ်ကဆိုရင် တစ်ချက်မှ အမှား အယွင်းမရှိဘူး။ ဒီလူ တော်တယ်"

စမစ်ကပြောလိုက်လျှင် ယာဉ်မောင်းကလည်း ...

"ဟုတ်ကဲ့ ... ကောင်းပါပြီ။ ဒါထက် ဒီရဟတ်ယာဉ်ကကော ဘာလုပ်မှာလဲ"

ဟု ပြန်မေးလေသည်။

"ဖျောက်ဖျက်ပစ်လိုက်ပေတော့။ ရဟတ်ယာဉ်ထဲမှာ မိုက်ကယ်ဝတ်တဲ့ ခာတ်ငွေ့ကာဝတ်စုံနဲ့ ဗိုလ်ချုပ်ယူနီဖောင်းဝတ်စုံကိုပါ ထည့်ပြီး ဖျက်ဆီးပစ် လိုက်"

စမစ်က အမိန့်ပေးလိုက်ချိန်တွင် မိုက်ကယ်သည် တစ်မိုင်ခန့်ဝေး သော နေရာသို့ ရောက်နေပြီဖြစ်သည်။

ဗောက်စ်ဝက်ဂွန်းကားကို မောင်းသွားရင်း တောအုပ်ဆီမှ ပေါက်ကွဲ သံတစ်ခု ကြားလိုက်ရသဖြင့် ကား၏နောက်ကြည့်မှန်မှတစ်ဆင့် ကြည့်လိုက်ရာ ဟယ်လီကော့ပ်တာ (ရဟတ်ယာဉ်)ကြီး မီးလောင်နေသည်ကို လှမ်းမြင်ရလေ သည်။



"အင်း ... ဆီထရွန်ကားထဲက စကားတစ်ခွန်းမှ မပြောတဲ့လူကြီးက တကယ့်ဘဏ်ကြီးရှင် ခေါင်းဆောင်နဲ့တူတယ်။ သူက ဘယ်သူဘယ်ဝါမှန်း မသိရပေမယ့် လုပ်ပုံကိုင်ပုံ တကယ့် ပိရိသေသပ်တယ်လို့ ဆိုရမယ်"

ကားကို ဆက်မောင်းသွားရင်း မိုက်ကယ်သည် သူ့ကိုယ်သူ ပြော သလို ပါးစပ်မှ ရေရွတ်လိုက်မိသည်။

မည်သို့ပင်ဖြစ်စေ သူအောင်မြင်စွာ ဆောင်ရွက်ပြီးခဲ့သော အလုပ် အတွက် လုပ်ခငွေအဖြစ် အမေရိကန်ဒေါ်လာတွေ အထပ်လိုက်ရရှိခဲ့ခြင်းကို မိုက်ကယ်သည် ကောင်းစွာ ကျေနပ်နေပြီဖြစ်သည်။

* * *

## အခန်း ၂

ဟော်လန်နိုင်ငံ အမ်စတာဒမ်မြို့၏ ဝီစ်ပါပလိန်းရပ်ကွက်ကား ရေိယာအားဖြင့် မကျယ်ဝန်းလှသော်လည်း မြို့၏စီးပွားရေး ကုန်သွယ်ရေး ဆိုင်ရာ အရေးပါဆုံး အချက်အချာ နေရာတစ်ခုပင်ဖြစ်လေသည်။

စီးပွားရေး ဗဟိုဌာနဖြစ်၍လည်း ကုန်တိုက်ကြီးများ၊ ကုမ္ပဏီများ၊ ဘဏ်တိုက်ကြီးများသည်လည်း ဤရပ်ကွက်တွင်ပင် ရှိကြလေသည်။

သောကြာနေ့ မွန်းလွဲပိုင်းဖြစ်သော်လည်း ရပ်ကွက်တစ်ခုလုံး သွားလာ လှုပ်ရှားမှုများ အလွန်များနေလေရာ သံချပ်ကာ (အားမတ်) ကား တစ်ခုပမာ လုံခြုံမှုအပြည့် ဖန်တီးထားသော မော်တော်ယာဉ်ကြီးတစ်စင်းသည် အခြားယာဉ် များ ရှုပ်ထွေးနေသည့်ကြားမှ ရပ်ကွက်အတွင်းသို့ မောင်းဝင်လာလေသည်။

ထိုကားမှာ ငွေကြေးပမာဏများများ သို့မဟုတ် အဖိုးတန်ကျောက် မျက်ရတနာများ တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းသယ်ယူရာတွင် အသုံးပြု ကြသည့် အထူးလုံခြုံရေးယာဉ်ပင် ဖြစ်သည်။

မော်တော်ကားကြီးသည် ရပ်ကွက်၏ ဗဟိုလမ်းမကြီးအတိုင်း မောင်းလာပြီးနောက် တိုက်အမှတ် ၄ ရှေ့တည့်တည့်တွင် ထိုးရပ်ဆိုက်သည်။

ယာဉ်မောင်းသူကိုယ်တိုင်က ယူနီဖောင်းဝတ်စုံ ဝတ်ထားပြီး လက်နက် ကိုင်ထားသူဖြစ်သည်။ သူ၏ ဦးခေါင်းတွင်လည်း စစ်မြေပြင်သံခမောက်တစ် လုံး ဆောင်းထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကားပေါ်မှဆင်း၍ ယာဉ်နောက်ပိုင်းတွင် ပိတ်ထားသော တံခါးကို အသာလက်ဖြင့် ခေါက်လိုက်သည်။

ချက်ချင်းပင် ကား၏နောက်တံခါး ပွင့်လာပြီး သူကဲ့သို့ပင် ယူနီဖောင်းဝတ်စုံဝတ်ထားသူနှစ်ဦး သေနတ်ကိုယ်စီ ခါးတွင်ချိတ်လျက် ဆင်းလာ၍ ယာဉ်မောင်း၏ ဘေးနှစ်ဖက်နှစ်ချက်တွင် ရပ်နေလိုက်သည်။

သူတို့သည် ဤမော်တော်ယာဉ်တွင် ပါလာသည့် အဖိုးတန်ပစ္စည်း ရွှေငွေ စသည်တို့ကို တာဝန်ယူရသည့် လုံခြုံရေးအစောင့်များဖြစ်ကြောင်း ထင်ရှားနေသည်။

ယာဉ်မောင်းသူသည် တိုက်အမှတ် ၄ ၏ တံခါးဝအပေါ်နားတွင်ရှိသော တိုင်ကပ်နာရီကို လှမ်းကြည့်လိုက်ရာ အချိန်မှာ ခြောက်နာရီထိုးရန် လေးမိနစ်တိတိ လိုသေးကြောင်း တွေ့ရလေသည်။

"အင်း … အချိန်မီရောက်လာလို့ တော်သေးတာပေါ့"

ယာဉ်မောင်းသူက မှတ်ချက်ချရင်း တိုက်၏တံခါးဝရှိ လူခေါ်ဘဲလ် (ခေါင်းလောင်း) ခလုတ်ကို နှိပ်လိုက်သည်။

ထိုအတောအတွင်း ယူနီဖောင်းဝတ် ကျန်လူနှစ်ယောက်က မော်တော်ယာဉ်ပေါ်မှ သစ်သားသေတ္တာကြီး (စရိတ် ခေါ် လေးလံသောကုန်ပစ္စည်းများ သယ်ဆောင် တင်ပို့လျှင် အထူးတလည် ရိုက်ယူသော သေတ္တာမျိုး) တစ်လုံးကို သယ်ယူရန် လမ်းဘေးပလက်ဖောင်းပေါ်သို့ ချထားလိုက်သည်။

တိုက်အမှတ် ၄ ၏ တံခါး ပွင့်လာပြီး အရပ်မနိမ့်မမြင့် ထိပ်ပြောင်ပြောင် လူတစ်ယောက် ထွက်လာပြီး ယာဉ်မောင်းကိုမြင်လျှင် ခေါင်းညိတ်ပြလိုက်သည်။

တစ်ဖန် ယာဉ်မောင်းက သူ၏အဖော်နှစ်ဦးဘက် လှည့်၍ ….

"အိုကေ …"

ဟု ပြောလိုက်သည်။

ဤတွင် ယူနီဖောင်းဝတ် သေနတ်ကိုင် အစောင့်နှစ်ဦးက သစ်သားသေတ္တာကြီးကို မ,၍ အဆောက်အဦအတွင်းသို့ သယ်ယူသွားကြလေသည်။

ထို့နောက် သူတို့နှစ်ဦးသည် အပြင်ဘက် ပြန်ထွက်လာပြီး ကားပေါ်မှ အလားတူ သေတ္တာကြီးတစ်လုံး သယ်ချလာပြန်ကာ အတွင်းသို့ ယူသွားလေသည်။



သေတ္တာကြီးနှစ်လုံးသည် အတော်ပင် လေးလံပြီး လုံခြုံစွာ ချိတ်ပိတ်ထားလေသည်။

မကြာမီ လုံခြုံရေးအစောင့်များ ပြင်ဘက်သို့ ရောက်တော့မှ သက်ပြင်းချပြီး တံခါးကြီးကို သေချာစွာပြန်ပိတ်လိုက်သည်။

ယာဉ်မောင်းသည် နာရီကို မော့ကြည့်ပြန်သည်။

အချိန်မှာ ခြောက်နာရီနှင့် သုံးမိနစ်တိတိရှိနေပြီဖြစ်သည်။

"အိုကေ … ကျုပ်တို့ အိမ်ပြန်ကြရုံပဲပေါ့"

ယာဉ်မောင်းက မှတ်ချက်ချလိုက်သည်။

* * *

ဝိစ်ပါပလိန်းရပ်ကွက် ဗဟိုလမ်း အမှတ် ၄ သည်ကား အလွန်ခံ့ညားထယ်ဝါသော အဆောက်အအုံကြီး တစ်ခုပင်ဖြစ်လေသည်။

အဆောက်အအုံ၏ ဝင်ပေါက်တံခါးအပေါ်နားတွင်ကား ဟော်လန်နိုင်ငံသုံး ဒပ်ချ်ဘာသာအပြင် အင်္ဂလိပ်ဘာသာနှင့် …

"အမ်စ်တာဒမ် စိန်ရွှေရတနာ ရောင်းဝယ်ဖောက်ကားရေးဌာန"

ဟု ထင်ရှားစွာရေးထားသည့် ဆိုင်းဘုတ်ကြီးတစ်ခု ရှိပေသည်။

* * *

ဆာဘရီနာသည် သာမန်မိန်းကလေးတစ်ဦးမဟုတ်၊ အသက် ခုနစ်နှစ်သမီးအရွယ်ကပင် ခိုးတတ်သူဖြစ်လေသည်။

ထိုစဉ်က သူမသည် အမေရိကန်နိုင်ငံ အိုင်အိုဝါပြည်နယ် ဖို့ဒေါ်ချ်အမည်ရှိ မြို့တွင် နေထိုင်ခဲ့သည်။

ထိုမြို့မှာ အမေရိကန်နိုင်ငံ သမိုင်းခေတ်ဦးကာလ အနောက်ဘက်နယ်များဆီသို့ တဖြည်းဖြည်းနယ်ချဲ့ခါစအချိန်က စစ်တပ်စခန်းဖြစ်ခဲ့ဖူး၍ ဖို့ (ခံတပ်) ဟူသော စစ်တပ်စခန်းဖြစ်ခဲ့ရာမှ နောက်ပိုင်းမြို့ဖြစ်လာခြင်းကြောင့် ဖို့ဒေါ့ချ်ဟူ၍ နာမည်တွင် ခဲ့ခြင်းဖြစ်သည်။

ဒေါ့ချ်ဆိုသည်မှာ တစ်ချိန်က နာမည်ကြီးခဲ့သော ဗိုလ်မှူးကြီး (ကာနယ်) ဒေါ့ချ်အား ဂုဏ်ပြုသည့်အနေဖြင့် မြို့နာမည်တွင်သုံးထားခြင်းဖြစ်လေသည်။

ဖို့ဒေါ့ချ်တည်ရာဒေသကား ဒက်စ်မွန်းမြစ်ကမ်းနံဘေး သယာပြန့်ပြူး

www.burmeseclassic.com

www.burmeseclassic.com



သော နေရာပင်ဖြစ်သည်။ ပတ်ဝန်းကျင် တောတောင်ရေမြေ ရှုမျှော်ခင်းတွေကလည်း သာယာကြည်နူးဖွယ်ကောင်းလှသည်။

ယင်းသို့ သာယာလှပသော သဘာဝရှုခင်းများဖြင့် ပြီးသည့် ဖို့ဒေါ့ချ်မြို့ ကလေးတွင် နေထိုင်ရသူ ဆာဘာရီနာသည် မွေးဖွားစဉ်က စောရနက္ခတ်နှင့် ယှဉ်၍ မွေးခဲ့လေသလားမသိ၊ ကလေးငယ်ဘဝကပင် ခိုးတတ်ဝှက်တတ်သော ဝါသနာရှိခဲ့လေသည်။

တစ်နေ့ သူတို့မိသားစုသည် မိတ်ဆွေ အပေါင်းအသင်းများနှင့်အတူ မြစ်ကြောင်းခရီး ပျော်ပွဲစားထွက်ကြရာ ခုနစ်နှစ်သမီးအရွယ် ဆာဘာရီနာ ကလေးက သူမနှင့် ဘေးချင်းယှဉ်ထိုင်နေသူ အမျိုးသမီးကြီး၏ ကုတ်အင်္ကျီမှ ငွေရင်ထိုးတစ်ခုကို ခပ်တည်တည်နှင့် ဖြုတ်ယူခဲ့လေသည်။

အရွယ်နှင့်မလိုက်အောင် လက်မြန်ပြီး ပိရိသဖြင့် ဆာဘာရီနာက အမျိုးသမီး ကြီး၏ ရင်ထိုးဖြုတ်ယူလိုက်သည်ကို မည်သူမှ မသိလိုက်ကြ။ နာရီဝက်ခန့်ကြာ၍ ဆာဘာရီနာ၏မိခင်ကိုယ်တိုင်က သူ့သမီးလက်တွင် အဖိုးတန်ရင်ထိုး ကိုင်ထားသည် ကို မြင်တော့မှ မျက်လုံးမျက်ဆန် ပြူးကာ ပိုင်ရှင်အဒေါ်ကြီးအား ကပျာကယာ တောင်းပန်၍ ပြန်ပေးလိုက်ရလေသည်။

ပိုင်ရှင်အမျိုးသမီးကြီးသည် ဆာဘာရီနာ၏ ခိုးတတ်ဝှက်တတ်သော ဉာဉ်ကို မသိရှာချေ။

ရင်ထိုးပြန်ရချိန်တွင် မည်သို့မှ စိတ်ဆိုးခြင်း၊ ဒေါသထွက်ခြင်း မဖြစ်ရုံမက ...

"သနားပါတယ်ကွယ်။ ကလေးမလေးက ဘာမှန်းညာမှန်းမသိဘဲ ကစား စရာအောက်မေ့လို့ ယူထားတာဖြစ်ပါလိမ့်မယ်"

ဟု မှတ်ချက်ချရင်း သူခိုးမကလေး ဆာဘာရီနာအား ကျောသပ် ရင်သပ်နှင့် ချော့မော့နှစ်သိမ့်လိုက်ပါသေးသည်။

ထိုမျှမကသေး အဒေါ်ကြီးက ဆာဘာရီနာအား အမေရိကန်ငွေ ၂၅ ဆင့် (တစ်မတ်) မုန့်ဖိုးအဖြစ် ချီးမြှင့်လိုက်သေးသည်။

ထူးခြားသည်ကား ဆာဘာရီနာ၏မျက်နှာက လှပချောမောသလောက် အပြစ် ကင်းပြီး ရိုးသားသည့်ဟန်မျိုး ဖြစ်နေခြင်းပင်တည်း။

သူမ၏ မျက်လုံးများကလည်း နက်မှောင်စူးရှလှပလေရာ ဘေးလူများက ဆာဘာရီနာအား မြင်မြင်ချင်း ချစ်ခင်တတ်ကြလေသည်။



ဤသည်ပင်လျှင် ဆာဘာရီနာအဖို့ သူခိုးခါးပိုက်နှိုက်လုပ်ရန် လွယ်ကူသော အရည်အချင်းတစ်ရပ်ဖြစ်နေသည်။

ထိုနေ့က မြစ်ကြောင်းခရီး ပျော်ပွဲစားထွက်၍ ပြန်ခါနီးတွင် ဆာဘာရီနာသည် အမျိုးသမီး၏ ငွေရင်ထိုးကို ဒုတိယအကြိမ် ဖြုတ်ယူလိုက်ပြန်သည်။

သည်တစ်ခါတော့ သူမ၏မိခင်ကြီး မမြင်အောင် လုံခြုံစွာ ဝှက်ထား လိုက်သည်။

ထိုအချိန်က ကျောင်းနေရဆဲဖြစ်ရာ ဆာဘာရီနာသည် အလစ်သုတ် လာသော ရင်ထိုးကို ကျောင်းမှ ခပ်မိုက်မိုက် ကျောင်းသားတစ်ယောက်အား ဒေါ်လာငွေ နှစ်ဒေါ်လာဖြင့် ရောင်းချလိုက်သည်။ အမှန်တော့ သူမအနေဖြင့် ပစ္စည်း၏တန်ဖိုး အပြည့်အဝ မရလိုက်ပါချေ။ ရင်ထိုးက ငွေရင်ထိုးဆိုသော် လည်း အလယ်ဗဟို၌ စိန်သုံးလုံးစီထားသောကြောင့် အလွန်အဖိုးတန်လေသည်။ ဆာဘာရီနာအနေဖြင့် စိန်ကို စိန်မှန်းမသိဘဲ ချက်ကျောက်များဖြစ်သည်ဟု ထင်ခဲ့မိသည်။

အကင်းပါးလှသော ဆာဘာရီနာသည် ထိုအကြောင်းကို နောက်ပိုင်းမှ သိရသော်လည်း နောင်တွင် ပစ္စည်းများ၏ တန်ဖိုးကို ကောင်းစွာနားလည်အောင် လေ့လာတတ်လာလေသည်။

စိန်စီ ငွေရင်ထိုး နှစ်ဒေါ်လာနှင့် ရောင်းမိသော အမှားမျိုးကိုလည်း နောက်ထပ် သူမသည် မဖြစ်တော့ချေ။

ထိုအချိန်မှစ၍ ဆာဘာရီနာသည် မကြာခဏဆိုသလို ပစ္စည်းများကို ခိုးခြင်း၊ အလစ်တွင် ခါးပိုက်နှိုက်ခြင်းဖြင့် သူမ၏ ငွေများများမသုံးနိုင်သော ဘဝကို သာယာစိုပြည်အောင် ဖန်တီးခဲ့လေသည်။

ကိုးနှစ်သမီးအရွယ်သို့ရောက်လျှင် ခိုးရာပါပစ္စည်းများ လက်ခံဝယ်ယူ သည့် သူခိုးလောက ပွဲစားတစ်ဦးနှင့် ဆက်သွယ်မိခဲ့သည်။

သူမ၏ ဖခင်က သွားဘက်ဆိုင်ရာ ဆရာဝန်တစ်ဦးဖြစ်ရာ ခိုးရာ ပစ္စည်း လက်ခံသူက သွားဘက်ဆရာဝန်သုံး ကိရိယာတန်ဆာပလာများ လိုချင်သည်ဟုပြောသဖြင့် ဆာဘာရီနာသည် ဖခင် ဒေါက်တာ၏ ဆေးကုခန်းမှ ပစ္စည်းကိရိယာများ တစ်ခုပြီးတစ်ခု ခိုးယူပေးခဲ့သည်။

ဤတွင် သူခိုးပွဲစားသည် ဆာဘာရီနာအပေါ် အထင်ကြီးလေတော့ သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ အရည်အချင်းတစ်ခုကား သမားရိုးကျ သူခိုးခါးပိုက်နှိုက်များလို လုပ်နည်းလုပ်ဟန် တစ်မျိုးတည်းမကျင့်သုံးဘဲ တစ်ကြိမ်နှင့်တစ်ကြိမ်နည်းပရိယာယ်၊ သို့မဟုတ် နည်းဗျူဟာချင်း မတူအောင် နည်းအမျိုးမျိုးတီထွင်လုပ်တတ်ခြင်းပင်ဖြစ် သည်။

ထို့ကြောင့် သူမ ကျူးလွန်ခဲ့သော မှုခင်းများကို ရဲက စုံစမ်းထောက်လှမ်းရာ၌ သဲလွန်စ မရနိုင်အောင် ဖြစ်တတ်လေသည်။

ဆာဘရီနာသည် ပင်ကိုစရိုက် ဝါသနာအရ ခိုးတတ်ဝှက်တတ်သော်လည်း ကျောင်းပညာ၌လည်း မညံ့လှ။ ဉာဏ်ကောင်းသူ မိန်းကလေးတစ်ဦးဖြစ်လေသည်။ ထို့ပြင် အရွယ်ရောက်စအချိန်တွင် သာမန်မိန်းကလေးတို့ထက်ပို၍လှပ ကျော့ရှင်းခြင်း၊ ကျန်းမာသန်စွမ်းပြီး အားကစားဘက်၌ ထူးချွန်ခြင်းစသော အရည်အချင်းများနှင့်လည်း ပြည့်စုံလေရာ ယင်းအရည်အချင်းမျိုးကိုလည်း သူမ၏ ခိုးဝှက်ခြင်း၊ ဒုစရိုက်မှုကျူးလွန်ရာတွင် ကောင်းစွာ အသုံးချခဲ့လေသည်။

သူမ၏ ရည်မှန်းချက်ကား အထူးချွန်ဆုံး၊ နာမည်အကျော်ဆုံး သူခိုးကြီးတစ်ဦး ဖြစ်လာရန်ပင်တည်း။

ထို့ကြောင့် သူမသည် ခိုးမှု၊ ဖောက်ထွင်းမှု၊ ခါးပိုက်နှိုက်မှုများတွင်ပို၍ ကျွမ်းကျင်လာအောင် ကြိုးစားခဲ့သည်။ စာအုပ်စာတန်း၊ ရုပ်ရှင် စသည်တို့တွင်လည်း သူမ၏ ဒုစရိုက်လုပ်ငန်းဆိုင်ရာ ပညာဗဟုသုတတိုးစေမည့် စာအုပ်နှင့် ရုပ်ရှင်ကိုသာ ကြည့်လေ့ရှိသည်။

ဆာဘရီနာသည် ၁၇-နှစ်သမီးအရွယ်တွင် အခြေခံအထက်တန်းပညာ စာမေးပွဲ ထူးချွန်စွာ အောင်မြင်ခဲ့သဖြင့် ကျောင်းအုပ်ဆရာကြီးကဆုများချီးမြှင့်ရင်း အထက်တန်း (တက္ကသိုလ်) ပညာရပ်များ ဆက်လက်ကြိုးစားဆည်းပူးရန် တိုက်တွန်းအားပေးလိုက်လေသည်။

သို့သော် ဆာဘရီနာက တက္ကသိုလ်မှ ဘွဲ့ယူရန် စိတ်မဝင်စား။ သူမ၏ ရည်မှန်းချက်ဖြစ်သော နာမည်ကျော် သူခိုးကြီးဖြစ်ရန်သာ စိတ်ဝင်စားနေမိလေသည်။

ထိုအချိန်၌ သူမ ခိုးယူခဲ့သောပစ္စည်းများကို ခိုးရာပါပစ္စည်းလက်ခံသူ သူခိုးပွဲစားမှတစ်ဆင့် ထုခွဲရရှိသောငွေက ဒေါ်လာ ခြောက်သောင်းကျော်ရှိနေပြီဖြစ်သည်။



ယင်းငွေကိုလည်း သူမ၏ပွဲစားထံမှာပင် စာရင်းဖွင့်၍ အပ်နှံထားလေသည်။

ဆယ်တန်းစာမေးပွဲ အောင်ပြီး ရက်သတ္တတစ်ပတ်တွင် ဆာဘရီနာသည် ခိုးခြင်းပညာစွမ်းကို ပြပြန်လေသည်။

နာမည်ကြီး အက်စ်မွမ်းဟိုတယ်မှ အဖိုးတန်ပစ္စည်းအတော်များများကိုပိရိစွာ တက်ခိုးယူခဲ့ခြင်းပင် ဖြစ်သည်။

ပစ္စည်းများပျောက်မှုနှင့် ပတ်သက်၍ ဟိုတယ်မန်နေဂျာက ချက်ချင်းရဲတပ်ဖွဲ့သို့ အကြောင်းကြားလိုက်ရာ ရဲအရာရှိများသည် ခိုးယူပုံလက်ရာကိုလေ့လာကြည့်ပြီးနောက် ဤခိုးမှုကို ကျူးလွန်သူသည် တစ်ယောက်တည်းမဖြစ်နိုင်။ ဘားကျွမ်းပညာထူးချွန်သော ကွန်မန်ဒိုအထူးတိုက်ခိုက်ရေးအဖွဲ့တစ်ဖွဲ့၏ လက်ရာဖြစ်ရမည်ဟု ကောက်ချက်ချခဲ့လေသည်။

အမှန်တော့ ဆာဘရီနာ တစ်ယောက်တည်းက တစ်ကိုယ်တော်စွန့်စားခန်းဖြင့် ခိုးခဲ့ခြင်းဖြစ်ပေသည်။

တစ်နေ့တွင် ဆာဘရီနာသည် လောကကြီးအလယ်၌ မိမိတစ်ယောက်တည်း ကိုယ့်ကိုယ်ကိုယ်သာ အားကိုး၍ ရပ်တည်ပါတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

ခိုးရာပါပစ္စည်းများလက်ခံသူ ပွဲစားထံ အပ်နှံထားသော သူမ၏ငွေလုံးငွေရင်းအား တစ်ပြားမကျန်ထုတ်ယူလိုက်သည်။ ပွဲစားကထိုက်သင့်သည့် အတိုး ပေးပါသော်လည်း ဆာဘရီနာက လက်မခံပါ။ ငွေရင်းကိုသာယူပြီး နယူးယောက်မြို့ကြီးသို့ တစ်ယောက်တည်းထွက်ခွာလာခဲ့သည်။

မိမိတွင်ရှိသော ငွေရင်းဖြင့် မတည်ရင်းနှီးကာ သူမသည် နယူးယောက်မြို့ကြီးတွင် စီးပွားရေး လုပ်ငန်းတစ်ခု ဖွင့်လှစ်ခဲ့လေသည်။

နောက်များမကြာမီ ပြင်သစ်ပြည် ပဲရစ်မြို့ မွန်တီကာလိုရောမမြို့ (အီတလီ နိုင်ငံ) တို့တွင်လည်း လုပ်ငန်းဌာနခွဲများဖွင့်လှစ်ကာ သူမ၏လုပ်ငန်းကို အပြည်ပြည် ဆိုင်ရာ အတိုင်းအတာထိအောင် တိုးချဲ့လိုက်ပြန်သည်။

မူလဇာတိနေရပ်ဖြစ်သော အိုင်အိုဝါပြည်နယ် ဖို့ဒေါ့ချ်မြို့ကိုမူ သူမသည် လုံးဝပြန်မသွားတော့ရုံမက မိဘများနှင့်လည်း အဆက်အသွယ်မပြုလုပ်တော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ဆာဘာရီနာသည် ကျန်းမာသန်စွမ်းသူ ဖြစ်သည့်အလျောက် အသက် ၂၅- နှစ်ရွယ်တွင် အလွန်လှပကျော့ရှင်းသော မိန်းကလေးတစ်ဦးဖြစ်နေလေသည်။

ကျန်းမာသန်စွမ်းသော မိန်းမပျိုတစ်ဦးအနေဖြင့် ရုံဖန်ရုံခါ သွေးသားတောင်းဆိုမှုအရ ဆန့်ကျင်ဘက်လိင်နှင့် ဆက်ဆံမှုကိုတောင်းတမိသည်မှာ သဘာဝပင်ဖြစ်လေရာ ဆာဘာရီနာသည် လောကကြီးအလယ် တစ်ယောက်တည်း ကျင်လည်လှုပ်ရှားနေသူ မိန်းမချောတစ်ဦးဖြစ်ခြင်းကြောင့် ခန္ဓာကိုယ်သွေးသားတောင်းဆိုမှုကို ဖြည့်စွမ်းရန် အလွန်လွယ်ကူနေပေသည်။

တစ်နည်းအားဖြင့် သူမသည် အစာအာဟာရ ဆာလောင်မွတ်သိပ်လျှင် အချိန်မရွေး ဝယ်စားနိုင်သကဲ့သို့ ကာမဂုဏ်အာရုံ ခံစားချင်စိတ်ပေါ်လာလျှင်လည်း အလွယ်တကူပင် ခံစားနိုင်လေသည်။

သို့ဖြစ်လင့်ကစား သူမအဖို့ လောကတွင် စိတ်အပျော်ရွှင်ဆုံး ကျေနပ်အားရမှု အရှိဆုံး လုပ်ရပ်က နိုးဝှက်ခြင်း အလုပ်ပင်ဖြစ်လေသည်။

ယင်းအလုပ်တွင် တဖြည်းဖြည်း အတွေ့အကြုံ ဝါရင့်လာသောအခါ သူမ သည် ပို၍အဆင့်အတန်းမြင့်သော သူခိုးအလုပ် လုပ်ချင်လာပြန်သည်။

ကမ္ဘာပေါ်တွင် အဖိုးတန်ဆုံး ပစ္စည်းတစ်ခုဖြစ်သော စိန်ရတနာ ခိုးယူချင်စိတ် ဖြစ်လာလေသည်။

စိတ်ကူးရလျှင် ချက်ချင်း အကောင်အထည်ဖော်ရန် ဝါသနာရှိသူဖြစ်သည့်အလျောက် မကြာမီမှာပင် ဆာဘာရီနာသည် စိန်သူခိုး ဖြစ်လာတော့သည်။

ဖြစ်လာရုံမက နိုင်ငံတကာ အတိုင်းအတာအရ အတော်ဆုံး၊ အရည်အချင်း အရှိဆုံး စိန်သူခိုးဟူသော နာမည်ပင်ရလာပါတော့သည်။

* * *

ကမ္ဘာပေါ်တွင် မည်သည့်နေရာနှင့်မှ မတူအောင် စိန်ရတနာတွေ အများဆုံးရှိနေသော နေရာကား ဟော်လန်(နယ်သာလန်)နိုင်ငံ အမ်စတာဒမ်မြို့ပင် ဖြစ်လေသည်။

စိန်ကို လူသားတို့အနေဖြင့် စိန်ရတနာကို အိန္ဒိယနိုင်ငံတွင် စတင်တွေ့ရှိ အသုံးပြုခဲ့ကြသည်ဟု အဆိုရှိသော်လည်း ဟော်လန်နိုင်ငံသား ဒပ်ချ်လူမျိုးတို့က စိန်ရိုင်းဖြတ်ခြင်း၊ သွေးခြင်း၊ အရောင်တင်ခြင်းအလုပ်ကို ခရစ်သက္ကရာဇ် ၁၅၀၀ ပြည့်နှစ်လောက်ကပင် စတင်လုပ်ကိုင်ခဲ့လေသည်။



ဒပ်ချ်လူမျိုး စိန်ရိုင်းသွေးသည့် ပညာရှင်များကလည်း မိမိတို့အလုပ်ကို အလွန်လေးလေးနက်နက် သဘောထားလုပ်ကြပြီး စိန်ရတနာကို အထူးမြတ်နိုးလေးစားကြသည်ဟုလည်း နာမည်ရပေသည်။

နယ်သာလန် (ဟော်လန်) နိုင်ငံရှိ အက်ရှာအစရှိသော စိန်ဖြတ်သွေးသည့် စက်ရုံအလုပ်ရုံကြီးများတွင်ဆိုလျှင် လုပ်ငန်းကျွမ်းကျင်သူ ပါရဂူများက စိန်ရိုင်းတုံးများကို အထူးတလည် ဂရုစိုက်၍ စနစ်တကျဖြတ်ခြင်း၊ သွေးခြင်းအလုပ်ကို လုပ်နေကြပေသည်။

ကမ္ဘာကျော် နာမည်ကြီး ကာလီနန်စိန်ကြီးကို ဖြတ်သွေးခဲ့သည်မှာလည်း အက်ရှာစက်ရုံတွင်ပင်ဖြစ်သည်။ ယင်းစက်ရုံပိုင်ရှင် ဂျိုးဇက်အက်ရှာကိုယ်တိုင်က ကာရက် ၂၀၂၄ ရှိ စိန်ရိုင်းတုံးကြီးကို အံ့သြဖွယ်ကောင်းလောက်အောင် ကျွမ်းကျင်စွာ ဖြတ်ခွဲခဲ့သည်ဟု ဆိုသည်။

အံ့ကယ်၍သာ ထိုစဉ်က အက်ရှာသည် ခြေချော်လက်ချော်ဖြစ်သွားပါက သူ၏ ကုမ္ပဏီလုပ်ငန်း လုံးဝပျက်စီးကာ ဒေဝါလီခံရမည့်အပြင် ယနေ့ ကမ္ဘာကျော်နာမည်ကြီး ဗြိတိသျှဘုရင်မ၏ အဖိုးတန်ရတနာများဖြင့်ပြီးသော သရဖူတွင်လည်း နေရာလွတ်တွေ ရှိနေမည်ဖြစ်ပေသည်။

အက်ရှာကဲ့သို့ အလုပ်ရုံများက စိန်ရိုင်းဖြတ်ခွဲခြင်း၊ သွေးခြင်းကိုလုပ်ကြသော်လည်း တကယ့်စိန်ရောင်းဝယ်ဖောက်ကားရေးအလုပ်ကိုမူ အထက်တွင်ဖော်ပြခဲ့ပြီးသော အမ်စတာဒမ်စိန်ရောင်းဝယ်ဖောက်ကားရေး ဌာနက အဓိကကိုင်တွယ်လုပ်ကိုင်လေသည်။

အဖိုးတန်လှသော စိန်များကို တာဝန်ယူ ကိုင်တွယ်ရသော ကုမ္ပဏီကြီးအနေဖြင့် အမ်စတာဒမ် စိန်ရောင်းဝယ်ရေး ဌာနသည် လုံခြုံရေးအစီအစဉ်များကိုလည်း အထူးတလည် ဖန်တီးပြုလုပ်ထားရှိပေသည်။

ထို့ကြောင့်လည်း ရုံဖန်ရုံခါ ကုမ္ပဏီ၏ ဖောက်သည်များက စိန်သာမက ရွှေတုံးရွှေချောင်းစသော အဖိုးတန်ပစ္စည်းများကိုလည်း လုံခြုံရေးအတွက် ခေတ္တလာ ရောက် အပ်နှံထားလေ့ရှိပေသည်။

ဤအခန်းအစတွင် ဖော်ပြခဲ့သော သစ်သားသေတ္တာကြီးနှစ်လုံးမှာလည်း ကုမ္ပဏီဖောက်သည်တစ်ဦးက လာရောက်အပ်နှံသော ရွှေချောင်းရွှေတုံး

www.burmeseclassic.com

www.burmeseclassic.com



များ ထည့်ထားသည့် သေတ္တာများပင်ဖြစ်သည်။

ဖောက်သည်ကလည်း ကုမ္ပဏီနှင့် အလုပ်လုပ်နေကျ ဗင်ဒါဂေါ့စ်ဆိုသူ ဖြစ်လေသည်။

"ကုမ္ပဏီကို တစ်ခု တာဝန်ပေးပါရစေ။ ကျုပ်ရဲ့ ရင်းနှီးတဲ့ မိတ်ဆွေတစ်ဦးက ရွှေအတော်များများ လန်ဒန်မြို့ကို ပို့စရာရှိလို့ တင်ပို့ရာမှာ အမ်စတာဒမ်မြို့မှ စနေ တနင်္ဂနွေ နှစ်ရက်ထားရမလို ဖြစ်နေတယ်။ ပစ္စည်းလုံခြုံရေးအတွက် စိတ်ချရတဲ့နေရာဆိုလို့ ဒီကုမ္ပဏီပဲရှိတာမို့ ကျုပ်က ကူညီတဲ့အနေနဲ့ ရွှေချောင်းသေတ္တာ နှစ်လုံးကို ခဏအပ်ထားပါရစေ"

ဤသို့ ဗင်ဒါဂေါ့စ်က လာရောက်ပြောဆိုသဖြင့် ကုမ္ပဏီ၏ လုံခြုံရေးမန်နေဂျာကလည်း သဘောတူ လက်ခံရတော့သည်။

"ကျေးဇူးပါပဲ။ ဒါဖြင့် ရွှေချောင်းသေတ္တာတွေ သောကြာနေ့ ညနေဘက် ပို့နိုင်းလိုက်မယ်။ ခင်ဗျားတို့က တနင်္လာနေ့ မနက်ထိအောင် တာဝန်ယူသိမ်းထားပေးပါ"

ဗင်ဒါဂေါ့စ်က ဤသို့ပြောခဲ့ရာမှ ရွှေချောင်းသေတ္တာကြီးနှစ်လုံး ရောက်ရှိလာခြင်းဖြစ်သည်။

သူသည် စိန်နှင့်ရွှေလို အကြီးအကျယ်ရောင်းဝယ်ဖောက်ကားသူ ကုန်သည်ကြီးတစ်ဦးဖြစ်၍ ကုမ္ပဏီ၏ လုံခြုံရေးတာဝန်ခံက မငြင်းခဲ့ခြင်း ဖြစ်လေသည်။

"ဟုတ်ကဲ့··· လူကြီးမင်းအတွက်ဆိုရင် ကျွန်တော်တို့ တာဝန်ယူပါ့မယ်။ ရွှေချောင်းသေတ္တာတွေကိုသာ ညနေဘက် ခြောက်နာရီလောက် အရောက်ပို့ခိုင်းစေချင်ပါတယ်"

ဤသို့ ကြိုတင်စီစဉ်ခဲ့သည့်အတိုင်း ရွှေချောင်းပါသော သေတ္တာကြီး နှစ်လုံးသည် ညနေခြောက်နာရီမထိုးမီ ရောက်ရှိလာခဲ့သည်။

လုံခြုံရေး မန်နေဂျာအနေဖြင့် စိတ်အနှောင့်အယှက်ဖြစ်စရာ တစ်ခုကတော့ ရွှေချောင်းသေတ္တာများ ပိုင်ရှင်၏ကိုယ်စားလှယ် (အေးဂျင့်)ဆိုသူက ခြောက်နာရီ မထိုးမီ ရောက်ရှိလာခြင်းပင်ဖြစ်သည်။

အေးဂျင့်ခေါ် ကိုယ်စားလှယ်ကို ကုမ္ပဏီ၏အလုံတိုက်ခန်းကြီး တံခါး မပိတ်မီ ရွှေချောင်းသေတ္တာများ ခြေရာလက်ရာ ပျက်၊မပျက် သူကိုယ်တိုင်



စစ်ဆေး ကြည့်ရှုချင်သည်ဟု ပြောလေသည်။

* * *

သို့နှင့်ပင် ရွှေချောင်းသေတ္တာနှစ်လုံး ရောက်ရှိလာရာ ဗော့ခေါ် အလုံတိုက်ခန်းကြီးထဲသို့ သွင်းပြီးချိန်တွင် ပိုင်ရှင်၏အေးဂျင့်က လုံခြုံရေး မန်နေဂျာရှေ့တွင်ပင် သေတ္တာတစ်လုံးကို ဖွင့်ကြည့်လေသည်။ ကျေနပ်တော့မှသာ သေတ္တာကို ပြန်ချိတ်ပိတ်လိုက်သည်။

ဒုတိယ သေတ္တာကြီးကိုဖွင့်မည်ပြုစဉ် မန်နေဂျာသည် သူ၏တာဝန်အရ အလုံတိုက်ခန်းကြီးကို ပိတ်ချင်လှပြီဖြစ်၍ ····

"နောက်သေတ္တာတစ်လုံးကို ဖွင့်ကြည့်ဖို့လိုသေးသလားဗျာ။ ပထမ သေတ္တာအတိုင်းပဲရှိမှာပေါ့"

ဟု ပြောလေသည်။

သို့သော် ပိုင်ရှင်၏ကိုယ်စားလှယ် (အေးဂျင့်)က လက်ခံချင်ပုံမရချေ။

"ဒါတော့ ဟုတ်ပါတယ်။ ဒါပေမယ့် ကျုပ်တာဝန်က ဒီသေတ္တာထဲ လက်ရာခြေရာမပျက် ရှိမရှိ စစ်ဆေးမှ ဖြစ်မယ်"

"ကျုပ်တာဝန်ကလည်း ဒီအလုံတိုက်ခန်းကြီးကို အမြန်ဆုံးပိတ်ဖို့ ဖြစ်တယ်"

"ဟုတ်ပါတယ်။ ခင်ဗျားရဲ့တာဝန်အရ ပိတ်ရမှာပါ။ ကျုပ်ရဲ့တာဝန် ကလေးပြီးအောင် လုပ်လိုက်ပရစေဦး"

ဤတွင် လုံခြုံရေးမန်နေဂျာသည် စိတ်ပျက်သွားလေသည်။

ပိုင်ရှင်၏ အေးဂျင့်ဆိုသူကတော့ ခပ်အေးအေးပင် သေတ္တာကြီးကို ဖွင့်လိုက်လေသည်။

အတွင်း၌ကား ပထမသေတ္တာကဲ့သို့ပင် အရောင်တဖိတ်ဖိတ်တောက်ပနေသော ရွှေချောင်းများအပြည့်ရှိနေလေသည်။

ကိုယ်စားလှယ်လုပ်သူသည် ရွှေချောင်းများကို လက်ဖြင့်ကိုင်တွယ်စစ်ကြည့်နေပါသေးသည်။ ကျေနပ်အားရတော့မှသာ အဖုံးပြန်ပိတ်ပြီး သေတ္တာကို ချိတ်ပိတ်လိုက်သည်။

"ကိုင်း ···· ခင်ဗျားရဲ့ တာဝန်အရ ဒီအလုံခန်းကို ပိတ်နိုင်ပါပြီ"

"အေးဂျင့်က ပြောလိုက်သည်တွင် လုံခြုံရေးမန်နေဂျာလည်း

www.burmeseclassic.com

www.burmeseclassic.com



အချိန်ကိုက်စနစ်ဖြင့် ဖန်တီးထားသော အလုံတိုက်ခန်းကြီးတံခါးကို ပိတ်လေသည်။

လျှပ်စစ်သိပ္ပံပညာ အီလက်ထရွန်နစ်နည်းဖြင့် ဖန်တီးထားသော အလုံတိုက် ခန်းတံခါးသည် မန်နေဂျာက အချိန်ကိုက်ခလုတ်များဖြင့် ပိတ်လိုက်ခြင်းကြောင့် တနင်္လာနေ့ နံနက်ကိုးနာရီတိတိကျမှသာလျှင် အလိုအလျောက် ပွင့်လာမည်ဖြစ်ပေသည်။

ထိုအတောအတွင်း မည်သူကမှ တံခါးကိုပြန်ဖွင့်၍ မရနိုင်တော့ချေ။

ဖျက်ဆီးဖောက်ထွင်းရန်လည်း မလွယ်ကူဘဲ ဤတံခါးကို ဖျက်မည်ဆိုလျှင် ဧရာမဗုံးကြီးတစ်လုံးနှင့် ပစ်ဖောက်ခွဲမှသာလျှင် ဖြစ်နိုင်ပေမည်။

ဤမျှလုံခြုံလှသည့် အလုံတိုက်ခန်းကြီးအတွင်းမှ စိန်နှင့်ရွှေများကို ခိုးယူရန် လည်း လုံးဝ မဖြစ်နိုင်ပါချေ။

ပြင်ဘက်က ဖျက်မရ၍ အတွင်းသို့ဝင်ပြီး ခိုးယူရန်နည်းကိုလည်း ယခုအချိန် အထိ မည်သူကမှ စိတ်မကူးမိသေး။

အမ်စတာဒမ် စိန်ရောင်းဝယ်ရေးဌာနကြီးသည် ဤမျှလုံခြုံမှုရှိနေပေသည်။

* * *

အလုံတိုက်ခန်းကြီးအတွင်း ပကတိ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

လေးဘက်လေးတန် အလုံပိတ်ကာထားခြင်းကြောင့်လည်း အတွင်း၌ အလွန် ပူအိုက်လျက်ရှိသည်။

ဘာသံမှ မကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေသည်ဖြစ်၍ သစ် သားသေတ္တာကြီး တစ်လုံးအတွင်းမှ တစ်စုံတစ်ယောက်က ခပ်ကြမ်းကြမ်း ရှန်းကန်ကာ ခြေဖြင့်ပစ်ခေါက်လိုက်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် အသံသည် တိတ်ဆိတ်ခြင်းကို ကျယ်လောင်စွာ ဖောက်ထွင်းဖျက်ဆီးလိုက်လေသည်။

ရှေးဦးစွာ ခြေနှစ်ချောင်း ထွက်ပေါ်လာပြီးနောက် တစ်ဆက်တည်းမှာပင် အနက်ရောင်ပတ်ကုံ ဂါက်ထားသူ လူတစ်ယောက်၏ သဏ္ဌာန်သည် ရွှေချောင်းထည့်သော သေတ္တာကြီးတစ်လုံး၏ အောက်ခြေနားဆီမှ ထွက်လာလေသည်။



အလုံခန်းအတွင်း မီးမရှိ၍ မှောင်မည်းနေသော်လည်း ဝတ်စုံနက်နှင့်လူက လက်နှိပ်ဓာတ်မီးငယ်တစ်ခု ထိုးလိုက်သဖြင့် အလင်းရောင်ထွက်ပေါ်လာလေသည်။

ယင်းလက်နှိပ်ဓာတ်မီး၏ အလင်းရောင်ဖြင့် သူသည် အသင့်ပါလာသော ကိရိယာတန်ဆာပလာအချို့နှင့် ဒုတိယသေတ္တာကြီး၏ အောက်ခြေမှလျှို့ဝှက်အဖုံးကို ဖွင့်လိုက်သည်။

ယင်းအဖုံးအတွင်းမှ နောက်ထပ်လက်နက်ကိရိယာတန်ဆာပလာများကို ထုတ်ယူလိုက်ပြန်သည်။

သူဝတ်ထားသော ဝတ်စုံနက်မှာ နီဂျာအမည်ရှိ အကြမ်းဖက်ဂိုဏ်းသားတို့ ဝတ်လေ့ရှိသော ဝတ်စုံဖြစ်၍ ဦးခေါင်းတစ်ခုလုံးတွင် မျက်လုံးနှစ်လုံးသာ မြင်ရသည့် အဝတ်နက်ခေါင်းဆောင်းတစ်ခု စွပ်ထားလေသည်။

ခေါင်းစွပ်အတွင်း၌ အလုံတိုက်ခန်းအတွင်း အသက်ကောင်းစွာရှူနိုင်ရန်အတွက် အောက်ဆီဂျင်ဓာတ်ငွေ့ပေးသည့် မျက်နှာဖုံးတစ်ခုပါ စွပ်ထားသေးသည်။

တစ်ခါတစ်ရံ သူသည် အသက်ကောင်းကောင်း ရှူနိုင်ရန်အတွက် အဝတ်နက် ခေါင်းစွပ်ကို ချွတ်လိုက်သည်။ သည်တော့မှ လှပုံပန်းသဏ္ဌာန်နှင့် မျက်နှာသည် ပေါ်လွင်လာသည်။

နီဂျာ လူသတ်သမားတစ်ဦးအသွင် ဝတ်စုံနက် ဝတ်ထားသူကား ကမ္ဘာကျော် စိန်သူခိုး ဆာဘရီနာပင်ဖြစ်နေပါသတည်း။

သူမသည် အလုံခန်းအတွင်း မျက်နှာကို ဖုံးအုပ်ထားရန်မလိုဟု ဆုံးဖြတ်ကာ ခေါင်းစွပ်အဝတ်နက်ကို ချွတ်ထားလိုက်သည်။

စိတ်အေးလက်အေး အပန်းဖြေသူတစ်ယောက်ကဲ့သို့ အသင့်ပါလာသော ဓာတ်ခဲသုံး ရေဒီယိုငယ်ကို ဖွင့်လိုက်သေးသည်။

ပြီးတော့မှ သူမ၏ ရိက္ခာအဖြစ် ယူလာသော ငါးသေတ္တာနှင့် ပေါင်မုန့်များကို အားပါးတရ ထိုင်စားနေလေသည်။

သူမအဖို့ အေးအေးဆေးဆေး နေရခြင်းမှာ အကြောင်းရှိပေသည်။

ယခုမှ သောကြာနေ့ညဖြစ်ရာ အလုံခန်း တံခါးမကြီး လျှပ်စစ်ဓာတ်အားဖြင့် အချိန်ကိုက် စနစ်အရ တနင်္လာနေ့ နံနက်ကိုးနာရီမှပင် ပြန်ပွင့်တော့မည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်အထိ ဆာဘရီနာသည် စိန်ရွှေရတနာတွေ အပြည့်ရှိသော ဤအခန်းကြီးထဲမှာပင် နေရမည်ဖြစ်သည်။

သို့သော် သူမသည် လောဘတကြီး များများစားစား ခိုးယူမည် မဟုတ်။ လက်တစ်ဆုပ်စာမျှ အရည်အသွေးအကောင်းဆုံး စိန်များကိုသာ ခိုးယူရန်အတွက် ယခုကဲ့သို့ ခဲခဲယဉ်းယဉ်း ကြံဖန်၍ အလုံခန်းထဲရောက်အောင် ဝင်လာခဲ့ခြင်းဖြစ်ပေသည်။

* * *

တနင်္လာနေ့ နံနက်။

အမ်စတာဒမ် စိန် ရောင်းဝယ်ရေးဌာန အဆောက်အအုံရှိ လျှပ်စစ် တိုင်ကပ်နာရီကြီး၏ လက်တံများသည် ကိုးနာရီထိုးရန် နှစ်မိနစ်လိုသေးကြောင်း ညွှန်ပြလျက် ရှိပေသည်။

စက္ကန့်လက်တံကတော့ မရပ်မနား တရွေ့ရွေ့ လှုပ်ရှားသွားနေပါ သည်။

လုံခြုံရေးမန်နေဂျာသည် စိတ်လှုပ်ရှားနေဟန်ဖြင့် နဖူးမှချွေးများကို သုတ်ရင်း အလုံတိုက်ခန်းကြီး ပွင့်လာမည့်အချိန်ကို စောင့်နေလေသည်။

တကယ်တော့ သူ့အဖို့ ယခုလို အလုံတိုက်ခန်းကြီး နံနက်တိုင်း ဖွင့်ရသည်မှာ ရိုးနေပြီဖြစ်သည်။ လွန်ခဲ့သော ၁၂ နှစ်က ဤကုမ္ပဏီသို့ သူအလုပ်ဝင်လုပ်ခဲ့ချိန် မှစ၍ နေ့စဉ်လိုလို (စနေ၊ တနင်္ဂနွေမှအပ) လုံခြုံရေး တာဝန်ခံအဖြစ် အလုံဘဏ္ဍာတိုက် ခန်းကြီးဖွင့်ခဲ့ရသဖြင့် စိတ်လှုပ်ရှားစရာ အကြောင်း မရှိချေ။

သို့စဉ်လျက် သူသည် ယနေ့နံနက်အဖို့ ဘာကြောင့်မှန်းမသိ။ တစ်စုံတစ်ခု အတွက် စိုးရိမ်ကြောင့်ကြသလို စိတ်တွေလှုပ်ရှားနေပါသည်။

ကိုးနာရီထိုးရန် တစ်မိနစ်သာ လိုတော့ပေသည်။

လုံခြုံရေး မန်နေဂျာသည် စိန်ရောင်းဝယ်ရေး ကုမ္ပဏီ၏ လက်ထောက် ညွှန်ကြားရေးမှူးနှင့်အတူ စိန်ရွှေရတနာများထားသည့် အလုံတိုက်ခန်းဝသို့ လျှောက် သွားလေသည်။ သူတို့၏နောက်မှ ယူနီဖောင်းဝတ် လက်နက်ကိုင် နှစ်ဦးက သေနတ်ကိုယ်စီဖြင့် ထက်ကြပ်လိုက်ပါလာကြလေသည်။

သူတို့အားလုံး အလုံတိုက်ခန်း တံခါးဝနားသို့ ရောက်သွားချိန်တွင်



လျှပ်စစ် နာရီက ကိုးနာရီတိတိရှိပြီဖြစ်ကြောင်း ညွှန်ပြနေလေသည်။

သံမဏိအစစ်ဖြင့်ပြီးသော အလုံခန်းတံခါးမကြီး၏ ဘေးနားရှိ လျှပ်စစ် မီးလုံးတစ်လုံးသည် ဖျပ်ခနဲ လင်းလာလေသည်။

ယင်းမီးလုံးအနီးတွင် အချိန်ကိုက် တံခါးဖွင့်ရန် ခလုတ်ပြုလုပ်ထား သော သေတ္တာပုံသဏ္ဍာန် ကိရိယာတစ်ခုရှိလေသည်။

လက်နက်ကိုင် အစောင့်တစ်ဦးသည် ယင်းကိရိယာရှိရာသို့ တိုးသွား ပြီးနောက် လက်ထောက်ညွှန်ကြားရေးမှူးက ခေါင်းညိတ်ပြလိုက်ရာတွင် အစောင့်က လျှပ်စစ်မိန်းဆွိ (ပင်မခလုတ်)နှင့်တူသော ခလုတ်ကြီးတစ်ခုကို ဆွဲချလိုက်သည်။

လုံခြုံရေးမန်နေဂျာသည် သက်ပြင်းတစ်ချက်ချလိုက်ပြီးနောက် အလိုအလျောက် ပွင့်သော တံခါးမကြီးအတွင်းသို့ ဝင်လိုက်သည်။

လက်ထောက်ညွှန်ကြားရေးမှူးနှင့်တကွ လုံခြုံရေးအစောင့်နှစ်ဦး ကလည်း သေနတ်များအဆင်သင့်ကိုင်လျက် ဝင်လာကြလေသည်။

ယခုရောက်သွားသောနေရာမှ ပြင်ဘက်ဆုံးရှိ ပထမခန်းသာဖြစ် သည်။

ယင်းနေရာမှ အတွင်းဘက် ရတနာများထားရှိရာသို့ ဝင်ရန် ထိုတံခါး ကို လုံခြုံရေးမန်နေဂျာလျှို့ဝှက်ဂဏန်းများ ရှေ့ပြန်နောက်ပြန် လှည့်ရသည့်နည်း ဖြင့် လှည့် ဖွင့်လိုက်လေသည်။

ဒုတိယတံခါးကြီးပွင့်သွားတော့မှ လုံခြုံရေးမန်နေဂျာသည် သူ၏ အထက်လူကြီးဖြစ်သူ လက်ထောက်ညွှန်ကြားရေးမှူးဘက်သို့လှည့်၍ ပြုံးလိုက် လေသည်။

ထို့နောက် သူတို့ငါးဦးစလုံး စိန်ရွှေရတနာများထားရာ အတွင်းခန်း တွင်းသို့ ဝင်လိုက်ကြသည်။

မြင်ရသောရှုခင်းကြောင့် မယုံကြည်နိုင်လောက်အောင် အံ့အားသင့် တုန်လှုပ်မိပြီး ငါးဦးစလုံး ကြက်သေ သေကာ ငေးကြည့်နေမိကြလေသည်။

သောကြာနေ့ ညနေဘက်က စနစ်တကျ သပ်ရပ်စွာ စီထားသော သံမဏိ အံဆွဲများသည် ကြမ်းပြင်ပေါ်တွင် ပြန့်ကြဲလျက်ရှိနေပုံက တစ်စုံတစ် ယောက် ဤအခန်းတွင်းသို့ ဝင်ရောက်မွှေနှောက်သွားသည့်ပုံမျိုး ဖြစ်နေလေ သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်အရက်ပုလင်းလွတ်အချို့ကိုလည်း ကြမ်းပြင်ပေါ်တွင် တွေ့ရသည်။

ပါးစပ်အဟောင်းသားနှင့် အံ့အားသင့်စွာ ငေးကြည့်နေစဉ်မှာပင် အနက် ဝတ်စုံဝတ်ထားသော လူတစ်ယောက်၏သဏ္ဌာန်က လျှပ်တစ်ပြက် လျင်မြန်စွာ လှုပ်ရှားလိုက်လေသည်။

လက်နက်ကိုင် အစောင့်နှစ်ဦးသည် မည်သို့မျှ မမျှော်လင့်နိုင်သော နေရာ၌ လူတစ်ယောက် ဖြုန်းခနဲလှုပ်ရှားလိုက်ခြင်းကြောင့် 'ကြောင်' ကြည့်နေမိစဉ်မှာပင် အနက်ရောင်ဝတ်စုံနှင့်လူက လျင်မြန်ဖျတ်လတ်စွာ အလုံခန်း၏ တံခါးနှစ်ထပ်ကို ဖြတ်ကျော်ကာ ပြင်ဘက်ထွက်သွားပြီးဖြစ်သည်။

အားလုံး အံ့သြတုန်လှုပ်လျက်ရှိနေခိုက် ပြင်ဘက်ဆီမှ သံဘီးများလိမ့်သည့် အသံတစ်မျိုးကို ကြားလိုက်ရလေသည်။

သည်တော့မှ လက်နက်ကိုင် အစောင့်တစ်ဦးက ရုတ်တရက်အသက်ဝင်လာသလို ဖြစ်ကာ ....

"ဟာ ... စကိတ်လျှောစီးတဲ့ ဘီးတပ်ပြီး ထွက်ပြေးတာပဲ"

ဟု ပြောပြောဆိုဆို ခြောက်လုံးပြူးသေနတ်နှင့် တစ်ချက်လှမ်းပစ်လိုက်သည်။

သို့သော် စိန်သူခိုးမလေး ဆာဘရီနာက လွတ်မြောက်သွားပြီဖြစ်သည်။

('စကိတ်' ဆိုသည်မှာ ရေခဲပြင်ပေါ် စီးကစားရသည့် ကိရိယာတစ်မျိုးပင် ဖြစ်သည်။ သံဘီးငယ်များတပ်ထားသည့် ဖိနပ်တစ်မျိုးဖြစ်သည်။ ယင်းစကိတ်ကို ကတ္တရာလမ်း၊ သို့မဟုတ် သမံတလင်းကဲ့သို့ မာကျောသော မျက်နှာပြင်တွင်လည်း စီးနိုင်ပါသည်။

မြန်မာပြန်သူ)

ကုမ္ပဏီ၏ ပြင်ဘက်ရုံးတွင်မူ ခပ်စောစောရောက်နေသူ စာရေးစာချီများ၊ လက်နှိပ်စက်ရိုက်သူ မိန်းကလေးများသည် အနက်ရောင်ဝတ်စုံဖြင့် တစ်ကိုယ်လုံး လွှမ်းထားသောလူတစ်ယောက် စကိတ်သံဘီးတပ်ဖိနပ်စီး၍ တရကြမ်း ဖြတ်ပြေးသွားသည်ကို မြင်ပြီး အံ့အားသင့်နေကြလေသည်။

ပြင်ဘက်ရုံးခန်း၏အဆုံးတွင် စကြံတစ်ခုရှိပြီး စကြံသို့ ပြင်ပမှ ဝင်ရသည့် နေရာ၌ မှန်တံခါးတစ်ခု ရှိလေသည်။



ဆာဘရီနာသည် ထိုမှန်တံခါးမှ ပြင်ဘက် လမ်းမသို့ရောက်အောင် ထွက်ပြေးရပေဦးမည်။

ဤတွင် သူမခန္ဓာကိုယ် ကြံ့ခိုင်တောင့်တင်းခြင်း၊ ဘားကျွမ်းပညာ ထူးချွန်ခြင်းတို့က အသုံးဝင် လာလေသည်။

ဆာဘရီနာသည် မှန်တံခါးဆီသို့ ချိန်ကာ အရှိန်နှင့်ပြေးသွားပြီးမှ သားရေဘွတ်ဖိနပ်စီးထားသော ခြေထောက်နှစ်ဖက်နှင့် လက်အိတ်စွပ်ထားသော လက်နှစ်ဖက်ကို လက်သီးဆုပ်ရင်း လေထဲလွှားခနဲခုန်ကာ မှန်ချပ်ကြီးကို တအားပစ်တိုက်လိုက်သည်။

ခွမ်းခနဲ မှန်ချပ်ကြီး အစိတ်စိတ်အမြွှာမြွှာ ကွဲသွား၍ စက္ကန့်ပိုင်းအတွင်းမှ ဆာဘရီနာသည် ပြင်ဘက်လမ်းမပေါ်သို့ ဘားကျွမ်းပညာနည်းဖြင့် မထိမခိုက်ဘဲ ချောမောစွာ ကြောင်ကျကျသွားတော့သည်။

သူမသည် ဤနေရာတွင် ကြာရှည်အချိန်မဖြုန်းဘဲ မလှမ်းမကမ်းရှိ လမ်းကျဉ်းတစ်ခုဆီသို့ စကိတ်သံဘီးတပ် ဖိနပ်စီးလျက်ပင် လျင်မြန်စွာ ဆက်သွားလိုက်သည်။

စိန်ရောင်းဝယ်ရေးကုမ္ပဏီ၏ တံခါးမကြီးဆီမှ လက်နက်ကိုင်အစောင့်များနှင့် ရဲများ၏ ဟစ်အော်သံကို ကြားရချိန်တွင် ဆာဘရီနာသည် လမ်းကျဉ်းကလေးတစ် ဘက်စွန်းနားရှိ အဆောက်အအုံတစ်ခုအတွင်းသို့ သော့တူဖြင့် တံခါးဖွင့်ဝင်လိုက်မိပြီ ဖြစ်သည်။

ထိုအဆောက်အအုံကား ပြဇာတ် ဇာတ်ရုံတစ်ခုပင်ဖြစ်သည်။

ဆာဘရီနာသည် အသင့်ပါလာသော အိတ်ကြီးထဲမှ အဝတ်အစားများ ယူ၍ လျင်မြန်စွာ လဲလှယ်ဝတ်လိုက်ရာ စောစောက အနက်ရောင်ဝတ်စုံနှင့် မဟုတ်တော့ဘဲ ဝတ်စုံလှလှတစ်ခုနှင့် ဖြစ်သွားတော့သည်။

ထို့နောက် အိတ်ကြီးကို ပခုံးတွင် လွယ်၍ အခြားတံခါးပေါက်တစ်ခုမှ ပြဇာတ်ရုံ ပြင်ဘက်သို့ ထွက်လိုက်သည်။

ဇာတ်ရုံပြင်ဘက် လမ်းမရှိ လမ်းသွားလမ်းလာ ပရိသတ်များက ကျော့ရှင်းလှပသော မိန်းကလေးတစ်ဦး အိတ်ကြီးတစ်ခုလွယ်လျက် ထွက်လာသည်ကိုမြင်လျှင် ပြဇာတ်မင်းသမီးချောတစ်ယောက်ဟု ထင်မှတ်လျက် အချို့လူများက ပြုံး၍ပင် နှုတ်ဆက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆာဘာရီနာကလည်း ပြန်၍ပြုံးပြကာ လက်ကိုဝှေ့ယမ်းကာပင် နှုတ်ဆက်လိုက်သေးသည်။

ထို့နောက် သူမသည် ဝီစ်ပါပလိန်းရပ်ကွက်မှ ဓာတ်ရထားတစ်စင်းပေါ် တက်စီး၍ အနုပညာပြတိုက်ဆီသို့ သွားလေသည်။ ပြတိုက်ရှိ ကမ္ဘာကျော်နာမည်ကြီး ပန်းချီကားချပ်ကြီးများကို အလွန်စိတ်ဝင်စားဟန်ဖြင့် နာရီဝက်ခန့်လှည့်ပတ်ကြည့်ပြီးနောက် ဒမ်-စကွဲယား အရပ်ရှိ ဂရင်းဟိုတယ်သို့ လျှောက်ထွက်သွားလေသည်။

* * *

အမ်စတာဒမ် စိန်ရောင်းဝယ်ရေး ကုမ္ပဏီတွင်ကား လက်ထောက်ညွှန်ကြားရေးမှူး၊ လုံခြုံရေးမန်နေဂျာတို့သည် ရဲအရာရှိများနှင့် စကားပြောနေကြလေသည်။

"အလုံတိုက်ခန်းထဲမှာ သော့ခတ်မထားတဲ့ သေတ္တာတွေထဲက ဒေါ်လာလေးသိန်းဖိုးလောက် စိန်တွေပါသွားတယ်လို့ လောလောဆယ် ခန့်မှန်းရပါတယ်။ ဒါဟာ တော်သေးတယ်လို့ ဆိုရမှာပဲ။ အခုအပတ် အရောင်းအဝယ်ပါးလို့သာ ဒါလောက်ပဲရှိလို့ ဒါလောက်ပဲ ပါသွားတာပေ့ါ။ နို့မဟုတ်ရင် ဒါ့ထက်များများပါသွားမှာ"

လက်ထောက်ညွှန်ကြားရေးမှူးက ပစ္စည်းအပျောက်အရှုကို တွက်ချက်ခန့်မှန်း၍ ပြောလိုက်သည်။ လုံခြုံရေးမန်နေဂျာကမူ သူ၏တာဝန် လစ်ဟင်းသွားခဲ့သည်ဟု ယူဆဟန်ဖြင့် အကြီးအကျယ် စိတ်ပျက်နေပုံရလေသည်။

"ဒေါ်လာ လေးသိန်းတန် စိန်တွေ ပါသွားပြီဆိုတော့ နည်းသလားဗျ၊ နည်းသလား။ စဉ်းစားကြည့်ရင် တော်တော့ကို ခံပြင်းစရာကောင်းတယ်။ ကြည့်စမ်းပါဦး။ စိန်တွေ ယူသွားတဲ့ သူခိုးက စကိတ်သံဘီးစီးပြီး ကျုပ်တို့မျက်စိရှေ့မှာပဲ ထွက်ပြေး လွတ်မြောက်သွားတယ်။ ရာဇဝင်ရိုင်းလိုက်တာဗျာ"

လုံခြုံရေးမန်နေဂျာက ညည်းတွားသလို ပြောလိုက်စဉ် အနီးတွင်ရှိနေသော ဗင်ဒါဂေါ့စ်ဆိုသူ၏ အေးဂျင့် (ကိုယ်စားလှယ်)က …

"ဒါထက် ကျုပ်တို့ အပ်ထားတဲ့ရွှေတွေကို ဘယ်လိုလုပ်မှာလဲ"

ဟု မေးလိုက်သည်။

ဤတွင် အရဲအရာရှိတစ်ဦးက ဝင်၍ ....



"လောလောဆယ်တော့ ဒီအလုံတိုက်ခန်းထဲက ဘာပစ္စည်းမှ ပြင်ဘက် ထုတ်ခွင့်မပြုနိုင်ဘူး။ ကျုပ်တို့ အထက်လူကြီးတွေက ဒီလိုပဲ အမိန့်ပေးလိုက်တယ်"

ဟုပြောလိုက်သည်။

"ဒါပေမယ့်ဗျာ၊ ကျုပ်တို့ရဲ့ ရွှေချောင်းသေတ္တာတွေ ချိတ်ပိတ်ထားတာလက်ရာမပျက်ရှိနေသားပဲ။ ကြည့်ကြပါလေ။ သောကြာနေ့ ညနေက ကျုပ်ချိတ်ပိတ်ထားခဲ့တဲ့အတိုင်း ရှိနေတယ်"

အေးဂျင့် (ကိုယ်စားလှယ်) က ပြောသဖြင့် အားလုံးက ကြည့်လိုက်ရာသစ်သားသေတ္တာကြီးများမှာ ချိတ်ပိတ်ထားပုံမှာ တကယ်ပင် လက်ရာမပျက်ရှိနေ ကြောင်း တွေ့ရလေသည်။

ချွင်းချက်ကတော့ သေတ္တာကြီးများ၏ ဘေးနားကြမ်းပြင်ပေါ်တွင် ဝိုင်အရက် ပုလင်းလွတ်များ ရှိနေခြင်းပင်ဖြစ်သည်။

ဆာဘာရီနာ အခြားပစ္စည်း (စားကြွင်း စားကျန် စသည်များ) ကို သေချာစွာ သိမ်းဆည်း၍ လွယ်အိတ်ကြီးထဲ ထည့်ယူသွားခဲ့လေသည်။

"ဒါက အရေးမကြီးဘူးဗျ။ ဝတ်စုံနက်ဝတ်ထားတဲ့ စိန်သူခိုးဟာ ဒီဘဏ္ဍာတိုက်ထဲကို ဘယ်လိုလုပ်ပြီး ဝင်ခိုးနိုင်တာလဲ။ ပြီးတော့ ဟောဒီ ဝိုင်အရက်ပုလင်းတွေ ကကော ဘယ်က ရောက်လာတာလဲ"

ရဲအရာရှိက မေးလိုက်သောအခါ အေးဂျင့် (ကိုယ်စားလှယ်ကြီး) သည် မည်သို့မှ ပြန်မဖြေနိုင်ဘဲ ငြိမ်၍သာ နေလိုက်ရပေသည်။

* * *

## အခန်း၊ ၃၊

သူ့ကို အချို့က ပင့်ကူနက်ဟု ခေါ်ကြသည်။

သူသည် အမေရိကန်ပြည် နယူးယောက်မြို့တော်၏ စီးပွားကုန်သွယ်ရေး ရပ်ကွက်တိုက်ဆိုင်ကြီးများရှိရာ နေရာတွင် ညဘက် အနက်ရောင်ဝတ်စုံဝတ်ပြီး လှုပ်ရှားသွားလာပြီး ပင့်ကူတစ်ကောင်ကဲ့သို့ တိုက်နံရံများကို တက်တက်တတ်ပုံက ထူးဆန်းလှသဖြင့် ပင့်ကူနက်ဟု ခေါ်ကြခြင်းပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် နယူးယောက်မြို့ ကုန်ပဒေသာတိုက်ကြီးများတွင် အတွင်းမှ ကုန်ပစ္စည်းများကို လူသူအများ မြင်နိုင်စေရန် အုတ်နံရံအစား မှန်ချပ်ကြီးများဖြင့် ကာထားသည်ကို ဝတ်စုံနက်နှင့်လူက မှန်ချပ်ကြီးများကို ပင့်ကူတစ်ကောင်ကဲ့သို့ တွယ်ကပ်တတ်နိုင်သည်မှာ အလွန်အံ့သြဖွယ်ရာ ကောင်းလှပေသည်။

သူသည် နယူးယောက်မြို့တော်ရှိ ချမ်းသာကြွယ်ဝသူ ကြေးရတတ် လူတန်းစားများ၏ အလုပ်တိုက် ကုမ္ပဏီရုံးခန်းကြီးများနှင့် လူနေအိမ် (တိုက်ခန်း) များကို အထူးစိတ်ဝင်စားသူဖြစ်သည်။

ယင်းနေရာကို စိတ်ဝင်စားမိသည့် အကြောင်းကား ဤသို့တည်း။

အမေရိကန်ပြည်၌ စီးပွားကုန်သွယ်ရေးလုပ်ငန်းဖြင့် ကြီးပွားချမ်းသာလာသူများသည် သူတို့၏ ဘဝသာယာအဆင်ပြေနေခြင်း အထိမ်းအမှတ်အဖြစ် ကမ္ဘာ့အရပ် ရပ်မှ အဖိုးတန်ရှေးဟောင်းပစ္စည်းများ၊ ပန်းချီပန်းပုလက်ရာများ၊ ရှေးခေတ်သုံး အနုပညာ ပစ္စည်းများ စသည်တို့ကို ဈေးကြီးကြီးပေးဝယ်၍ စုဆောင်းထားရှိတတ်ကြ သည်။

အချို့ကဆိုလျှင် တိုက်ခန်းအတွင်း ရှေးဟောင်းပစ္စည်းပြတိုက်သဖွယ် ခင်းကျင်း ပြသထားတတ်သည်။ သူတို့၏မိတ်ဆွေ အပေါင်းအသင်းများကို လည်း ရံဖန်ရံခါ ဖိတ်ခေါ်၍ ဂုဏ်ယူကြွားဝင့်စွာ ပြသလေ့ရှိသည်။

သို့ရာတွင် ယင်းအဖိုးတန် ရှေးဟောင်းပစ္စည်းများကို ကြည့်ရှုလေ့လာရန် ဝါသနာပါသူများရှိသလို တစ်ခါတစ်ရံ အချို့က လစ်လျှင်လစ်သလို ခိုးယူတတ်ကြလေသည်။

ပစ္စည်းတစ်ခု၏ တန်ဖိုးဆိုလျှင် ဒေါ်လာငွေ သိန်းသန်းချီတန်သဖြင့် ပိုင်ရှင်များက လူမသမာများ မခိုးယူနိုင်အောင် အထူးလုံခြုံရေး အစီအစဉ်များ ဖန်တီးပြု လုပ်ထားကြလေသည်။

ထို့ကြောင့် အချို့ရှေးဟောင်းပစ္စည်းများ ထားရှိရာတိုက်ခန်းကြီးများကို အလွန်လုံခြုံသော အကျဉ်းထောင်ကြီးများသဖွယ် အလွန်စနစ်ကျကျ လုံခြုံရေး အစီအစဉ်များ ပြုလုပ်ထားပေသည်။

တစ်ခါတစ်ရံတော့လည်း ပစ္စည်းပိုင်ရှင် သူဌေးကြီးများက မိမိတို့၏ အဖိုးတန်ပစ္စည်းများကို လူများများရှေ့တွင် ကြွားဝင့်ပြသလိုသဖြင့် အများ ပြည်သူတို့ ကြည့်ရှုနိုင်မည့် ပြပွဲများပြုလုပ်ခင်းကျင်းပြသလေ့ရှိသည်။



ထိုအခါမျိုး၌ ပစ္စည်းများမပျောက်အောင် အထူးလုံခြုံရေး အစီအစဉ် များ ပြုလုပ်လေ့ရှိပေသည်။

ပင့်ကူနက်အမည်ခံ လူစွမ်းကောင်းသည် ယင်းအဖိုးတန် ရှေးဟောင်း ပစ္စည်းများကို အခက်အခဲအမျိုးမျိုးကြားမှ ကြံဖန်ခိုးယူလေ့ရှိပေသည်။

လုံခြုံရေးအစောင့်တွေကြားမှ ခဲခဲယဉ်းယဉ်း ခိုးယူရသည်ကိုပင် သူ သည် ကျေနပ်အားရလျက် ဂုဏ်ယူမိတတ်သည်။

သူဌေးကြီးများ၏ ရုံးခန်းတိုက်များ၌ ထားရှိသည့် ပစ္စည်းများသာမက တစ်ခါတစ်ရံ အများပြည်သူများအတွက် ပြပွဲခင်းကျင်းပြသထားသည့် နေရာ သို့ပင်ဝင်၍ မရ,ရအောင် ခိုးယူတတ်လေသည်။

လောလောဆယ် သူစိတ်ဝင်စားမိသည့် နေရာကား နယူးယောက်မြို့ ၅၈ လမ်းနှင့် ၅၉ လမ်းကြား တိုက်ကြီးတစ်တိုက်တွင် ချိတ်ဆွဲထားသော ကြော်ငြာဆိုင်းဘုတ်ပင်ဖြစ်သည်။

ဆိုင်းဘုတ်တွင်ကား ထင်ရှားသော စာလုံးကြီးများဖြင့် အောက်ပါ အတိုင်း ရေးသားဖော်ပြထားသည်။

တရုတ်ပြည် တန်မင်းဆက်ခေတ်က ရှေးဟောင်းရတနာများ လူသုံး ပစ္စည်းများ အထူးပြပွဲ၊ ၃၈ ထပ် အထူးပြပွဲ ခန်းမဆောင်၌ ခင်းကျင်းပြသထား သည်။

ပင့်ကူနက် ရောက်ရှိလာသော အချိန်မှာ ညဖြစ်၍ ပြပွဲခန်းမကြီး ပတ်ဝန်းကျင်တွင် မှောင်မည်း၍ နေလေသည်။

သို့သော် ခန်းမ၏ ပြင်ဘက်စင်္ကြံတွင်ကား လျှပ်စစ်မီးများ ထိန်လင်း အောင် ထွန်းထားပြီး ယူနီဖောင်းဝတ် လက်နက်ကိုင်အစောင့်နှစ်ဦးက လုံခြုံရေး တာဝန်ယူကာ မျက်ခြည်မပြတ် စောင့်ကြပ်နေလေသည်။

* * *

ပင့်ကူနက်အမည်ခံ လူစွမ်းကောင်း သူခိုးဝိဇ္ဇာကို အင်္ဂလိပ်စာလုံးအတို ကောက်စီ-ဒဗလျူဟုလည်း ခေါ်ကြလေသည်။

အမှန်တော့ စီ-ဒဗလျူစာလုံး၏ အရှည်ကောက် ကလဲရင့်ဝီလ်ကင် သည် သူ၏နာမည်အမှန်ဖြစ်သည်။ သို့သော် အများကပင် သူ့အား နာမည် အတိုကောက် စီဒဗလျူဟုပင် ခေါ်လေ့ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် တရုတ်ပြည် တန်မင်းဆက်ခေတ်က ရှေးဟောင်းပစ္စည်းများပြပွဲကို စိတ်ဝင်စားမိသဖြင့် ယခုညတွင် လူသူပရိသတ်မရှိခိုက် ပြပွဲခန်းမဆောင်သို့ ဝင်ကြည့်ရန် ဆုံးဖြတ်ထားပြီး ဖြစ်လေသည်။

ထို့ကြောင့် လက်နက်ကိုင် လုံခြုံရေး အစောင့်များရှိမှန်းသိလျက်နှင့်ပင် စီဒဗလျူသည် ပြပွဲခန်းမဆောင်၏ တစ်ဘက်ရှိ မှန်သားဖြင့်ပြီးသော **အခန်းနံရံကို** ပင့်ကူတစ်ကောင်တက်သလို တက်လာလေသည်။

တစ်ကိုယ်လုံး ဝတ်စုံနက်ဝတ်ထားသည့်ပြင် လက်များကိုလည်း အနက်ရောင် လက်အိတ်စွပ်ထားသဖြင့် သူ၏ တစ်ကိုယ်လုံး မှောင်မည်းနေကာ ရုတ်တရက် မည်သူ မည်ဝါမှန်းသိရန် အလွန်ခဲယဉ်းနေပေသည်။

သူ တွယ်တက်နေသောဘက်၌ လုံခြုံရေးအစောင့်များ မရှိသည်မှာ ဘေးရန်မလိုသောကြောင့်ပင် ဖြစ်သည်။

မိုးမျှော်တိုက်ကြီး၏ ၃၈ ထပ် ပြပွဲခန်းမဆောင်ရှိရာသို့ မည်သို့မှ မတက်နိုင်အောင် မှန်သားနံရံကြီးများရှိသဖြင့် ယင်းဘက်မှ ဝင်ရောက်ခိုးယူရမည်။ အန္တရာယ် မရှိသလောက် စိတ်ချရ၍ အစောင့်များ မထားခြင်းဖြစ်လေသည်။

သို့ဖြစ်လင့်ကစား ပင့်ကူနက် အမည်ခံ စီ-ဒဗလျူကတော့ တကယ့်ပင့်ကူတစ်ကောင်ကဲ့သို့ မှန်သားနံရံကြီးကို တွယ်တက်လာလေသည်။

အတန်ကြာအောင် တက်သွားပြီးနောက် အခြေအနေကို ခန့်မှန်းကြည့်ရာ နောက်ထပ် ပေနှစ်ဆယ်သာတက်ရန် လိုတော့ကြောင်း တွေ့ရလေသည်။

ပေနှစ်ဆယ် ထပ်တက်သွားပါက မှန်ပြတင်းများ ရေဆေးသူအလုပ်သမားများ နံရံဘေး၌ ထိုင်အလုပ်လုပ်နိုင်ရန် ပုခက်လို ကိရိယာတစ်ခုရှိကြောင်းကိုလည်း ပင့်ကူနက်က သတိပြုမိလေသည်။

၃၈ ထပ်ဆိုသော နေရာကား မြေပြင်မှ အတော်ပင်မြင့်လေရာ အောက်သို့ငုံ့ ကြည့်လိုက်လျှင် သွားလာလှုပ်ရှားနေသော လူများ၊ မော်တော်ယာဉ်များသည် ကလေးကစားစရာ အရုပ်ကလေးများပမာ အလွန်သေးငယ်နေပါတော့သည်။

စီဒဗလျူသည် ကြိုးစားဆက်တက်သွားပြီး မှန်ပြတင်းရေဆေးသူများ၏ ပုခက်သို့ရောက်သွားပြီးနောက် ထိုမှတစ်ဆင့် ပြပွဲခန်းမဆောင်၏ မှန်ပြတင်း



တစ်ခုကို သူ့တွင်ပါလာသော ကိရိယာလက်နက်များဖြင့် လွယ်လင့်တကူပင်ဖွင့်ကာ အတွင်းသို့ အသာခုန်ဝင်လိုက်သည်။

ခန်းမအတွင်း၌ကား လုံးလုံးမှောင်မည်းနေသည်မဟုတ်ချေ။

တန်ဖိုးအရှိဆုံး ရှေးဟောင်းတရုတ်ပြည်မှ ပစ္စည်းအချို့တွင် လျှပ်စစ်မီးလုံးကလေးများ ထွန်းထားသဖြင့် ပြပွဲခန်းမအတွင်း အလင်းရောင်ရှိသင့်သလောက် ရှိနေပေသည်။

စီဒဗလျူ သို့မဟုတ် ပင့်ကူနက်သည် ပြခန်းအတွင်းလှည့်ပတ်ကြည့်ရှုရာမှ ပစ္စည်းတစ်ခုကို မျက်စိကျမိလေတော့သည်။

ထိုပစ္စည်းကား တရုတ်ပြည် တန်မင်းဆက်ခေတ်က မြင်းပုံရုပ်တစ်ခုပင် ဖြစ်သည်။

ဤသည်ပင်လျှင် ယနေ့ညအဖို့ သူ၏ အဓိကရည်မှန်းချက်ပင် ဖြစ်ပေသည်။

သူသည် သူခိုးဖြစ်သော်လည်း ရှေးဟောင်းအနုပညာ လက်ရာပစ္စည်းများကို အထူးနှစ်သက်မြတ်နိုးသူ ဖြစ်လေသည်။

အမှန်တော့ ဖော်ပြပါ တရုတ်ပြည် တန်မင်းဆက်ခေတ် မြင်းပုံရုပ်ကို ခိုးပေးရန်တစ်စုံတစ်ယောက်က သူ့အား တာဝန်ပေးခဲ့သဖြင့် ကန်ထရိုက်သဘောလာရောက် ခိုးယူခြင်းဖြစ်သည်။

သို့သော် အနုပညာမျက်စိဖြင့် ကြည့်ပါက တန်ဖိုးမဖြတ်နိုင်လောက်အောင် လက်ရာမြောက်လှသော မြင်းပုံရုပ်ကို သူသည် ကြည့်၍မဝနိုင်အောင် သဘောကျနေမိလေသည်။

သူတစ်ပါးအတွက် လာရောက်ခိုးယူခြင်း ဖြစ်လင့်ကစား တာဝန်ပေးနိုင်းသူ လက်သို့မအပ်မီ နာရီပိုင်းမျှ မိမိပစ္စည်းကဲ့သို့ ခေတ္တပိုင်ဆိုင်ရခြင်းသည်ပင်လျှင် စိတ်ကျေနပ်ဖွယ်ကောင်းသည်ဟု ထင်မြင်မိလေသည်။

စီဒဗလျူသည် အနီးသို့ချဉ်းကပ်သွားပြီး စနစ်တကျခင်းကျင်းပြထားသော မြင်းပုံရုပ်ကို အသာလက်ဖြင့် ကိုင်ကြည့်လေသည်။

မြင်းရုပ်က အသက်ပါလှသဖြင့် မျက်လုံးများက မိမိအား လှမ်းကြည့်နေသော မြင်းအရှင်တစ်ကောင်နှင့် တူနေပေသည်။

စီဒဗလျူသည် သက်ပြင်းတစ်ချက် ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ် အနုပညာလက်ရာမြောက်ပြီး လိုချင်တပ်မက်ဖွယ်ကောင်းသော မြင်းရုပ်ပါတကား။

သို့ဖြစ်လင့်ကစား မြင်းရုပ်ကို ခိုးယူပြီး မည်သူမှမသိအောင် ဤပြတိုက် အဆောက်အဦမှ အပြင်ဘက်ထွက်ရန်က မဖြစ်နိုင်သလောက် ခဲယဉ်းကြောင်းကို ပင့်ကူနက် (စီဒဗလျူ) က ကောင်းစွာ သိပေသည်။

အီလက်ထရွန်နစ် လျှပ်စစ်သိပ္ပံပညာနည်းဖြင့် တီထွင်ဖန်တီးထားသော လက်နက်ကိရိယာ အသစ်အဆန်းများနှင့် ကျွမ်းကျင်သူ ပါရဂူများ လူစုဖွဲ့၍ ပူးပေါင်းကြံစည်ပါက အောင်မြင်ကောင်း အောင်မြင်ပေလိမ့်မည်။ လူတစ်ယောက်တည်း အနေဖြင့်ကား မည်သို့မှ မဖြစ်နိုင်ချေ။

သို့ဖြစ်လင့်ကစား- စီဒဗလျူသည် မြင်းရုပ်ကို မရ,ရအောင် ခိုးယူမည်ဟု စိတ်ပိုင်းဖြတ်ထားပြီး ဖြစ်နေပေသည်။

သူက အပေါင်းအသင်းအဖွဲ့အစည်းနှင့် လုပ်ရှားသူမဟုတ်။ တစ်ကိုယ်တော် စွန့်စွန့်စားစား ခိုးယူတတ်သူဖြစ်သည်။

ထို့ကြောင့် ယခုလည်း အခြားမည်သူ၏ အကူအညီမှမပါဘဲ တစ်ယောက်တည်း ဖြစ်သည့်နည်းနှင့် ကြံရပေတော့မည်။

အလွန်ခက်ခဲမည်ဖြစ်သော်လည်း ခွဲကောင်းကောင်း၊ သတ္တိရှိရှိ၊ ကြံရည်ဖန်ရည်ထက်ထက်နှင့်လုပ်ပါက အောင်မြင်ရမည်ဟု သူ့ကိုယ်သူ ယုံကြည်မိလေသည်။

ပင့်ကူနက်အမည်ခံ စီ-ဒဗလျူတွင် နောက်ထပ် အရည်အချင်းတစ်ခု ရှိပါသေးသည်။

ယင်းကား လုပ်ပုံကိုင်ပုံ လှုပ်ရှားပုံက ပိရိသေသပ်သလောက် အကြမ်းဖက်မှုကို ရှောင်တတ်ခြင်းပင်ဖြစ်သည်။ သူသည် မီးအာမခံသေတ္တာများ၊ သံမဏိတံခါးသော့များ၊ လုံခြုံရေးအတွက် အချက်ပေးတပ်လှန့်နိုးသည့် လျှပ်စစ်သတိပေး ကိရိယာများကို မကြာခဏ အကြမ်းဖက်၍ ဖျက်ဆီးပစ်တတ်သော်လည်း လူတွေကိုမူ သူသည် မည်သည့်အခါမှ ရန်မူလေ့မရှိချေ။

ပင့်ကူနက်ခေါ် စီဒဗလျူကား လူထူးလူဆန်းတစ်ယောက်ပင်တည်း။

* * *

သူ၏ အတိတ်ဇာတ်ကြောင်းကလည်း စိတ်ဝင်စားဖွယ် ကောင်းပေသည်။



သူသည် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်မြောက်ပိုင်းဒေသဇာတိဖြစ်ရာ ပတ်ဝန်းကျင် တောတောင်ရေမြေသဘာဝရှုခင်းတွေ အထူးလှပသောအရပ်၌ ကြီးပြင်းလာသူဟု ဆိုရပေမည်။

သူသည် ငယ်စဉ်ကပင် အားအားရှိတိုင်း တောစပ်များ၊ သစ်ပင်အုပ်များဆီသို့ သွားရောက်အချိန်ဖြုန်းလေ့ရှိသည်။

မကြာခဏ တောစပ်ရှိ စမ်းချောင်းများ နံဘေးတွင် တစ်ယောက်တည်းထိုင်ကာ သဘာဝမိခင်၏ အလှကို ငေးမောကြည့်ရှုတတ်လေသည်။

သို့ရာတွင် စီဒဗလျူအဖို့ ပတ်ဝန်းကျင် ရှုမျှော်ခင်းတွေ သာယာကြည်နူးဖွယ်ကောင်းသလောက် သူနေရသောအိမ်က ပျော်ရွှင်စရာ မကောင်းပါချေ။

သူ၏မိဘများက အလွန်ဆင်းရဲကျပ်တည်းသဖြင့် အိမ်ထောင်မိသားစုအတွင်း သာယာမှုမရှိဘဲ ဖြစ်နေခဲ့သည်။

အထူးသဖြင့် လူဖြူလူမည်း ကပ္ပလီ နီဂရိုးနှင့် မျက်နှာဖြူများ အချင်းချင်း မုန်းတီးမှု ပဋိပက္ခမှုများက သူ့အား စိတ်ဆင်းရဲမှု ဖြစ်စေခဲ့သည်။

အကြောင်းမူကား စီ-ဒဗလျူကိုယ်တိုင် ကပ္ပလီ (နီဂရိုး) လူမည်းတစ်ဦး ဖြစ်နေသောကြောင့် ပင်တည်း။

သူသည် အရွယ်ရောက်ခါစ အချိန်နှင့် အမေရိကန်ပြည်ရှိ ကပ္ပလီလူမည်းများ နိုင်ငံရေးအရ အသိဉာဏ်တိုးတက်ကာ လူနေအင်အားဖြင့် စည်းလုံးလှုပ်ရှားမှုများ စတင်ဖြစ်ပေါ်ချိန်နှင့် တိုက်ဆိုင်ခဲ့လေသည်။

စီဒဗလျူအနေဖြင့် မျက်နှာဖြူအမေရိကန်များအား ပုဂ္ဂိုလ်ရေးအရ မုန်းတီးစိတ်မရှိချေ။

သို့သော် သူသည် ငယ်စဉ်မှစ၍ မျက်နှာဖြူများကို အလွန်ကြောက်ရွံ့တုန်လှုပ်ခဲ့မိသည်။

သို့ဖြစ်လင့်ကစား သူ့စိတ်ကို သူပြန်လည်သုံးသပ်ကြည့်ရာ၌ ကြောက်ရွံ့ခြင်းသည်ပင်လျှင် မုန်းတီးခြင်းထက် ပိုမိုအင်အားကောင်းသည်၊ ပြင်းထန်သည်ဟု သုံးသပ်မိလေသည်။

တစ်ဖန် နောက်ပိုင်းကျတော့ သူ၏သုံးသပ်ချက်သည် တစ်မျိုးဖြစ်လာပြန်သည်။

ကြောက်ရွံ့ခြင်းမှသည် လေးစားလိုသည့်စိတ်ဖြစ်လာသည်။ လေးစားရုံမက မျက်နှာဖြူလူမျိုးများအပေါ် မုန်းတီးစိတ်ပျောက်ကာ လူ့အဖွဲ့အစည်း

www.burmeseclassic.com

www.burmeseclassic.com



အတွင်းရှိလျှင် ဖြစ်သော အစိတ်အပိုင်းတစ်ရပ်အဖြစ် လက်ခံလာမိသည်။

လူမည်းရှိမှ လူဖြူရှိနိုင်မည်။ လူဖြူတွေရှိမှသာ လူမည်းဟူ၍ ရှိနိုင်မည်။

ဤသို့လျှင် စီဒဗလျူက တွေးခေါ်ဆင်ခြင်မိလာသည်။

ကလေးဘဝမှ တဖြည်းဖြည်း ကြီးပြင်းအရွယ်ရောက်စပြုချိန်တွင် သူသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်း တစ်ခုခုလုပ်ရန်လိုကြောင်း စဉ်းစားမိရာ သူ့အနေဖြင့် (ဆာဘရီနှာ) ကဲ့သို့ပင် ရွေးချင်စရာအလုပ်က အလွယ်တကူ တွေ့ပြီးသားဖြစ်နေလေသည်။

သဘာဝမိခင်က သူ့အား အထူးအခွင့်အရေး ပေးထားလေရော့သလား ဟု ထင်ရလောက်အောင် စီဒဗလျူသည် ငယ်စဉ်ကပင် အခြားကလေးများ ထက် ကြံ့ခိုင်သန်စွမ်းခဲ့သည်။ ကိုယ်ကာယတောင့်တင်းပြီး ခွန်အားဗလနှင့် ပြည့်စုံနေသည်။

အထူးသဖြင့် သူမတူအောင် ထူးခြားသော အရည်အချင်းတစ်ရပ် မွေးရာပါ ရှိခဲ့သည်။

ယင်းကား သစ်ပင်တက်ခြင်းစသော အမြင့်သို့တက်ရာ၌ သူသည် မျောက်သတ္တဝါများကဲ့သို့ အထူးကျွမ်းကျင်စွာ တက်နိုင်ခြင်းပင်ဖြစ်သည်။ သစ်ပင်သာမက အိမ်ခြေတိုက်တာ မြင့်မြင့်များပေါ်သို့လည်းကောင်း၊ အုတ်နံရံ မြင့်မြင့်များပေါ်သို့ လည်းကောင်း အံ့သြဖွယ်ကောင်းလောက်အောင် တက်နိုင်ခဲ့ လေသည်။

သူငယ်ချင်း အပေါင်းအသင်းများက ထိုအရည်အချင်းကြောင့် သူ့အား 'မျောက်' ဟု ကျီစယ်ခေါ်သည်ကို စီဒဗလျူသည် သဘောမကျမိချေ။

သို့သော် နောက်ပိုင်း သူကြီးပြင်းလာချိန်၌ သူ၏ထူးခြားသော စွမ်းရည် ကြောင့် အမေရိကန်မြေအောက် ဒုစရိုက်လောကသားတို့က စီဒဗလျူအား 'ပင့်ကူနက်' ဟု အမည်ပေးလိုက်ခြင်းကိုလည်း သူသည် ကျေနပ်သဘောကျမိ လေသည်။

သူကိုယ်တိုင်က အမြင့်သို့တက်ခြင်းကို ဝါသနာပါလေရာ ငယ်စဉ်မှစ ပြီး သစ်ပင်ခပ်နိမ့်နိမ့်မှ သစ်ပင်မြင့်မြင့်များသို့ တက်ကြည့်ခြင်း၊ နှစ်ထပ်တိုက်မှ သုံးထပ်လေးထပ်တိုက်များပေါ်သို့ တွယ်တက်ခြင်း၊ အုတ်နံရံမြင့်မြင့်များကို ခဲခဲယဉ်းယဉ်း တက်ခြင်း။



နောက်ပိုင်း အမေရိကန်ပြည်ရှိ ဆယ်ထပ်မှ အထပ်သုံးလေးဆယ်ရှိ သည့် 'စကိုင်းခရေပါ' ခေါ် မိုးမျှော်တိုက်ကြီးများပေါ်သို့ အပျော်သက်သက် လေ့ကျင့်တက် ကြည့်ခြင်း စသည်တို့ကို အားကစားလေ့ကျင့်မှုတစ်ခုသဖွယ် တက်လေ့ရှိလေသည်။

ယင်းသို့ အခြားသူများ မတတ်ကျွမ်းသော အမြင့်ပေါ်သို့ တက်တတ် ခြင်းသည် အရည်အချင်းသဘာဝအလျောက် ရှိခဲ့ခြင်းကပင်လျှင် စီဒဗလျူအဖို့ အသက်မွေးဝမ်း ကျောင်း ပြုရန်အလုပ်ကို သီးခြားရှာဖွေနေရန်မလိုတော့အောင် ဖန်တီးပေးခဲ့လေသည်။

အဓိပ္ပာယ်ကတော့ သူသည် ခွန့်ခွန့်စားစား လူနေတိုက်အိမ် မြင့်မြင့်ကြီးများ ပေါ်တက်၍ အဖိုးတန်ပစ္စည်းများ၊ ရွှေငွေရတနာများ ခိုးယူခြင်းအလုပ်ကို လုပ်ခဲ့လေသည်။

သူ၏ ပေါ့ပါးဖျတ်လတ်မှု၊ အိမ်ခေါင်မိုးနှင့် တိုက်မြင့်မြင့်အပေါ်ထပ် များသို့ အလွန်ကျင်လည်စွာ တက်နိုင်၊ ဆင်းနိုင်မှု အရည်အချင်းကြောင့်လည်း သူသည် မည်သို့မှ ဖမ်းမမိအောင် ကျွမ်းကျင်သော ဘားကျွမ်းသမားဆန်ဆန် သူခိုးတစ်ဦးဖြစ် လာခဲ့လေသည်။

စီဒဗလျူ သို့မဟုတ် ပင့်ကူနက်သည် သူ၏အလုပ်တွင် အဖော်ရစေရန် အပေါင်းအသင်း တွဲဖက်သူခိုးတစ်ဦး ထားရှိခဲ့ဖူးလေသည်။

ယင်းအဖော်က အမေရိကန်ပြည်တွင် မျက်နှာဖြူများ မရောက်ရှိသေး မီက နေထိုင်ခဲ့သော တိုင်းရင်းသား 'ရက်ဒ်အင်ဒီယန်း' ခေါ် လူမျိုးစုထဲမှ 'ပေါနီး' လူမျိုးအနွယ် မိုက်ကယ်ဆိုသူပင်ဖြစ်သည်။ ထိုလူငယ်အား ပေါနီးမိုက် ကယ်ဟု ခေါ်လေ့ရှိကြသည်။

အမေရိကန်နိုင်ငံ စစ်မှုမထမ်းမနေရ ဥပဒေအရ စီဒဗလျူသည် စစ်တပ်ထဲဝင်၍ ဗီယက်နမ်စစ်မျက်နှာသို့ သွားရောက်အမှုထမ်းရစဉ် ပေါနီးမိုက် ကယ်နှင့်စတင် တွေ့ဆုံသိကျွမ်းရာမှ ခင်မင်သွားပြီး စစ်မှုထမ်းကာလ ပြီးဆုံး၍ အမေရိကန်သို့ ပြန်ရောက်လာချိန်တွင်လည်း နှစ်ယောက်သား ဆက်လက်တွဲနေ ခဲ့ကြသည်။

တွဲရင်းနှင့် စီဒဗလျူ၏ သက်မွေးဝမ်းကျောင်းအလုပ်တွင် ပေါနီးက အဖော် ဖြစ်လာခဲ့သည်။

ပထမတွင် စီဒဗလျူသည် အဖော်တစ်ဦးနှင့် အတူပူးပေါင်းလုပ်ခြင်းကို

www.burmeseclassic.com

www.burmeseclassic.com



သဘောကျမိသော်လည်း တဖြည်းဖြည်း ဝါရင့်လာသောအခါ၌မူ တစ်မျိုးစဉ်းစားမိလာသည်။ သူ၏လုပ်ငန်းတွင် အဖော်ရှိခြင်းသည် တစ်နေ့ အန္တရာယ်ဖြစ်လာနိုင်မည်ဟု မြင်လာသည်။

ထို့ကြောင့် တစ်နေ့တွင် ပေါနီးမိုက်ကယ်သည် ဘဏ်တိုက်တစ်တိုက်၏ အပေါ်ဆုံးထပ်မှ ခြေချော်ပြီးအောက်သို့ လိမ့်ကျသေဆုံးသွားသည်ကို စီဒဗလျူက ခပ်အေးအေးပင် ကြည့်နေလိုက်တော့သည်။

ထိုအချိန်မှစ၍ စီဒဗလျူ သို့မဟုတ် ပင့်ကူနက်သည် မည်သူ့ကိုမှ အဖော်အဖြစ် မထားတော့ဘဲ တစ်ကိုယ်တော် စွန့်စားသူအဖြစ် စခန်းသွားနေခဲ့သည်။

တဖြည်းဖြည်း အတွေ့အကြုံဝါရင့်လာသောအခါ သူသည် ဆာဘရီနာကဲ့သို့ပင် စားကျက်နယ်မြေ ကျယ်ကျယ်ပြန့်ပြန့် ချဲ့ချင်ရာ မကြာမီ ဖလော်ရီဒါပြည်နယ်မှ နယူးယောက်မြို့တော်သို့ ပြောင်းရွှေ့အလုပ်လုပ်ခဲ့လေသည်။

နယူးယောက်မြို့၏ မိုးမျှော်တိုက်အိမ် မြင့်မြင့်ကြီးများကို သူသည် သဘောကျ မိလေသည်။ သူ၏အရည်အချင်းကို စိန်ခေါ်နေသည်ဟု ထင်မိသည်။

နောက်တစ်ချက်ကား စီဒဗလျူသည် ဆာဘရီနာကဲ့သို့ပင် လောရင့်ဆိုသူနှင့် တွေ့ဆုံဆက်သွယ်မိခဲ့သည်။

* * *

**စီဒဗလျူသည်** ပြပွဲခန်းမအတွင်းရှိ ရှေးဟောင်းရုပ်တုများအကြား အထူးသတိထားလျက် လှုပ်ရှားသွားလာနေလေသည်။

ပတ်ဝန်းကျင်၌ အသံတစ်စုံတစ်ရာ ကြားမကြား သေချာစွာ နားထောင်ပြီး နောက် တန်မင်းဆက်ခေတ်မှ ရှေးဟောင်းမြင်းပုံရုပ်တုကို ဆွဲယူလိုက်သည့် ချက်ချင်းပင် လျှပ်စစ်ဓာတ်အားဖြင့် ဖန်တီးတပ်ဆင်ထားသော အချက်ပေးခေါင်းလောင်းသံများ ကျယ်လောင်စွာ မြည်လာကာ ည၏တိတ်ဆိတ်ခြင်းကို ဖောက်ထွင်းဖျက်ဆီးလိုက်သည်။

ပြပွဲခန်းမအတွင်း ဤမြင်းရုပ်ကဲ့သို့ အဖိုးတန်ပစ္စည်းများကို တစ်စုံတစ်ယောက်က လာကိုင်ထိသည်နှင့် အလိုအလျောက် တပ်လှန့်သတိပေးသည့် အချက်ပေးခေါင်းလောင်း တပ်ဆင်ထားပေသည်တကား။



အဆောက်အအုံ တစ်နေရာရှိ လက်နက်ကိုင် လုံခြုံရေးအစောင့်များ၏ အခန်းတွင်လည်း အချက်ပေးတပ်လှန့် ခေါင်းလောင်းသံသည် ကျယ်လောင်စွာ မြည်လာလေသည်။

လုံခြုံရေးအဖွဲ့ တာဝန်ခံလုပ်သူသည် ခုတင်ပေါ် လဲလျောင်းနေရာမှ ကပျာကယာထ၍ အနီးရှိ တယ်လီဖုန်းစကားပြောခွက်ကို ကောက်ကိုင် လိုက်လေသည်။

အချက်ပေး ခေါင်းလောင်းသံများသည် အဆောက်အအုံနေရာအနှံ့ အပြားတွင် တစ်ပြိုင်နက် မြည်လာလေရာ စကြံတွင် တာဝန်ကျနေသူ လုံခြုံရေးအစောင့်များက ကြိုတင်လေ့ကျင့်ထားသည့်အတိုင်း ဓာတ်လှေကားဆီသို့ ပြေးသူကပြေး၊ အရှေ့ဘက် တံခါးမကြီးနားတွင် နေရာယူသူက ယူလျက် အဆောက်အအုံမှ ထွက်ပေါက်မှန်သမျှတွင် လိမ်းပိတ်စောင့်နေလိုက်ကြသည်။

ပြခန်းမှ ပစ္စည်းလာရောက်ခိုးယူသူများ ထွက်မပြေးနိုင်အောင် လမ်းများ ပိတ်ဆို့ထားလိုက်ခြင်းပင်ဖြစ်သည်။

ဓာတ်လှေကားအားလုံး လေးခုရှိရာ လုံခြုံရေးအစောင့်တစ်ဦးက တစ်ခု ချန်ပြီး ကျန်ဓာတ်လှေကား လေးခုစလုံးကို လျှပ်စစ်ခလုတ်နှိပ်၍ အောက်ဆုံး မြေညီထပ်သို့ ပို့ချလိုက်သည်။

ဤနည်းအားဖြင့် ဓာတ်လှေကား တစ်ခုသာလျှင် သူတို့အစောင့်များ သုံးရန် ကျန်ရှိလေတော့သည်။

လုံခြုံရေးအစောင့်တစ်ဦးသည် အောက်သို့ချထားလိုက်သော ဓာတ်လှေကား သုံးခုစလုံး အသုံးမပြုနိုင်အောင် မိန်းဆွဲလျှပ်စစ်ခလုတ်တစ်ခုကိုပါ ပိတ်ထားလိုက်သည်။

ပြီးတော့ သူသည် ကျေနပ်အားရဟန်ဖြင့် ပြုံးလိုက်သည်။ အချက်ပေး ခေါင်းလောင်းသံများ မြည်လာခြင်းကြောင့် ရှေးဟောင်းပစ္စည်း ပြခန်းထဲသို့ သူခိုး ဝင်လာကြောင်း သေချာသည်။

သို့သော် ယခု မိမိက ဓာတ်လှေကားများကို ယခုလို လျှပ်စစ်ဓာတ်အား ပိတ်ထားလိုက်ခြင်းအားဖြင့် သူခိုးသည် ဤအဆောက်အအုံအတွင်း၌ ချောင်ပိတ်မိနေပြီဖြစ်သည်။ မည်သည့်နည်းနှင့် အဆောက်အအုံပြင်ဘက်သို့ ထွက်မည် မဟုတ်တော့ချေ။

လုံခြုံရေး အစောင့်များအားလုံးကို အုပ်ချုပ်ကွပ်ကဲရသူ တာဝန်ခံသည်

www.burmeseclassic.com

www.burmeseclassic.com



ပြတိုက်ခန်းမနှင့် တည့်တည့်အောက်ထပ် အခန်းတစ်ခန်းတွင်နေရာ အချက်ပေးခေါင်းလောင်းသံကြားသည်နှင့် ချက်ချင်းအိပ်ရာမှထကာ သူ၏သေနတ်ကို အသင့်ကိုင်လျက် အပေါ်ထပ်သို့ လှေကားမှ ပြေးတက်လာလေသည်။

လှေကားတွင် မည်သူမှ မရှိသဖြင့် သူခိုးသည် ရှေးဟောင်းပစ္စည်းပြခန်းအတွင်း၌ပင် ရှိနေဦးမည်ဟု ခန့်မှန်းမိလေသည်။

ထို့ကြောင့် အစောင့်တစ်ဦးကလည်း ပြေးလာခိုက်နှင့် တိုးမိပြီး နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ရန်သူမှတ်ကာ ပစ်ခတ်မိတော့မလို ဖြစ်သွားသည်။

သို့ရာတွင် နှစ်ဦးစလုံးက အလျင်အမြန် ဖျတ်လတ်သော ကြေးစားလုံခြုံရေးသမားများဖြစ်၍ ချက်ချင်းပင် ကိုယ့်လူမှန်းသိကာ ကိုယ်ရှိန်သတ်လိုက်ကြသည်။

ကပျာကယာ ပြတိုက်ခန်းမ အတွင်းသို့ နှစ်ယောက်စလုံး ပြေးဝင်သွားပြီးနောက် လုံခြုံရေး တာဝန်ခံက ပြတင်းပေါက်ဆီသို့ လက်ညှိုးညွှန်လျက်····

"ဟော့···ဟိုမှာကွ၊ ဟိုမှာကြည့်စမ်း"

ဟု ပြောလိုက်သည်။

ပြတိုက်ခန်းမ၏ မှန်ပြတင်းမှ မှန်ချပ်ကြီးတွင် လူတစ်ယောက်ဦးခေါင်းလျှိုဝင်နိုင်လောက်သော အပေါက်ကြီးတစ်ခု ဖြစ်နေလေသည်။

ခိုင်ခန့် ထူထဲသော မှန်မျိုးဖြစ်သော်လည်း မှန်ဖြတ်သည့် ကိရိယာလက်နက် (စိန်)ဖြင့် သေသပ်စွာ ဖြတ်ဖောက်ထားခြင်းဖြစ်ကြောင်း ထင်ရှားပေသည်။

နှစ်ယောက်စလုံး ပြတင်းပေါက်ဆီသို့ ပြေးသွားပြီး သူခိုးဖြတ်ဖောက်ထားသော မှန်ပေါက်မှတစ်ဆင့် အောက်သို့ ငုံ့ကြည့်လိုက်ကြလေသည်။

မှန်ပြတင်းမှ ပြင်ဘက်သို့ ထွက်ပြီး သူခိုးသည် ဝေးဝေးတော့ မရောက်နိုင်၊ တိုက်နံရံတနေရာတွင် ခိုကပ်နေမည်ဟု ထင်ရသော်လည်း တကယ်ငုံ့၍ ရှာဖွေကြည့်သောအခါ မည်သူတစ်ဦးတစ်ယောက်မှ မတွေ့ရချေ။

ကိုင်တွယ်စရာ၊ ခိုနေစရာ နေရာဟူ၍လည်း အလျဉ်းမရှိသောကြောင့် သူခိုးသည် အဆောက်အအုံ တစ်နေရာတွင် ခိုအောင်းနေရမည် ဖြစ်သည်။

အထူးသဖြင့် တရုတ်ပြည်တန်မင်းဆက်ခေတ်က ရှေးဟောင်းပစ္စည်း



မြင်းပျံရုပ်တု ခိုးယူသွားမှန်းသိထား၍လည်း လုံခြုံရေးအစောင့်များက သူခိုးသည် အဆောက်အအုံ ပြင်ဘက်သို့ မည်သည့်နည်းနှင့်မှ မရောက်နိုင်သေးဟု တွက်ကြခြင်း ဖြစ်လေသည်။

ထိုအခိုက် လုံခြုံရေးအစောင့် တပ်ဖွဲ့ အကြီးအကဲသည် ဟိုဟိုသည်သည် လှည့်ပတ်ကြည့်ရင်း အဆောက်အအုံ ခေါင်မိုးနားဆီသို့ ရောက်နေသော မှန်ပြတင်း ရေဆေးသူတို့ ထိုင်အလုပ် လုပ်သည့် ပလက်ဖောင်းငယ် သို့မဟုတ် ပုခက်လို သစ်သား ကိရိယာကို လှမ်းမြင်မိလေသည်။

"ဟော့···မြန်မြန်တက်လိုက်ကြစမ်း။ ဒီကောင် အိမ်ခေါင်မိုးပေါ်မှာရှိမယ်။ မြန်မြန်ပြေးကြ"

ဤသို့ လှမ်းပြောရင်း သူ၏သေနတ်ဖြင့် ခေါင်မိုးဘက်ဆီသို့ နှစ်ချက်မျှ လှမ်းပစ်လိုက်သည်။

တစ်ဖန်ပြတိုက်ခန်းတွင်းရှိ လုံခြုံရေး အစောင့်တစ်ဦးအား လှမ်းအော်အမိန့်ပေးပြန်သည်။

ဟော့···မင်းက ရဲတပ်ဖွဲ့ ဌာနချုပ်ကို ဖုန်းမြန်မြန်ဆက်စမ်း။ ရဲရဟတ်ယာဉ်တစ်စင်း အမြန်ဆုံး ဒီတိုက်ခေါင်မိုးဘက်ကို မောင်းခဲ့ပါလို့ပြော"

ထိုအချိန် ပင့်ကူနက် ခေါ် စီဒဗလျူသည် ခေါင်မိုးနားရှိ မှန်ပြတင်းရေဆေးသူ၏ ပလက်ဖောင်း ပုခက်အတွင်း တကယ်ပင်ရှိနေသည်။

အောက်ဘက်မှ လှမ်းပစ်လိုက်သော သေနတ်ကျည်ဆန်များက သံမဏိဘောင်များကို လာထိမှန်သဖြင့် သူသည် အသာခေါင်းငုံ့ ဝပ်နေရလေသည်။

လုံခြုံရေး အစောင့်များ၏ သေနတ်ကျည်ဆန် အရေအတွက်ကို ဂရုစိုက်မှတ်သား တွက်ကြည့်နေရာ နောက်ထပ် အနည်းဆုံး ခြောက်ချက်မျှလာလိမ့်အုံးမည်ဟု ခန့်မှန်းမိလေသည်။

ထို့ကြောင့် သူသည် ကျွမ်းကျင်သော ဘားကျွမ်းသမား တစ်ယောက်ကဲ့သို့ တိုက်ခေါင်မိုးပေါ်သို့ လွှားခနဲ လှမ်းခုန်တက်လိုက်သည်။

ခေါင်မိုးတစ်ခုလုံး၏ ဘေးပတ်ပတ်လည်တွင် ချွန်ထက်သော မှန်ကွဲများ စိုက်ထောင်ထားလေရာ လက်အိတ်စွပ်ထားသည့်ကြားမှ သူ၏ လက်ချောင်း ထိပ်ဖျားများသို့ မှန်ကွဲစများ စူးဝင်လာသည်ကို ခံစားရလေသည်။

ထိုအခိုက်မှာပင် ဒိုင်းခနဲ သေနတ်သံ တစ်ချက်ကြားလိုက်ရပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



ကျည်တစ်တောင့်သည် စီဒဗလျူ၏ ဘယ်ဘက်လက်နှင့် နှစ်လက်မအကွာတွင် လာထိမှန်လေသည်။

အင်္ဂတေ အစအနများ ကွဲကျလွင့်စင်လာချိန်တွင် သူ၏ လက်ချောင်း နှစ်ချောင်းမှ လက်သည်းခွံများပါ ကွဲကာ အတော်ပင် နာကျင်သွားလေသည်။

သို့သော် စီဒဗလျူသည် နာကျင်ခြင်းကို ဂရုမစိုက်ဘဲ တိုက်ခေါင်မိုး မျက်နှာပြင်ပေါ်ရောက်အောင်သာ အတင်းကြိုးစား၍ တက်လိုက်သည်။

တိုက်ခေါင်မိုး၏ လပဟာပြင်တွင်ဆိုလျှင် လုံခြုံမှုအတွက် စိုးရိမ်ရသေးသဖြင့် သူသည် လျှပ်စစ်လေအေးစက်ကြီးများ ချုပ်ကိုင်ထိန်းမောင်းသော အမိုးနှင့်ရုံကလေးထဲသို့ ပြေးဝင်လိုက်ပြန်သည်။

စက္ကန့်ပိုင်းအတွင်း လက်နက်ကိုင်အစောင့်များ ဤခေါင်မိုးပေါ်သို့ တက်ရှာကြတော့မည်ဟု သူသိပြီးဖြစ်ပေသည်။

လျှပ်စစ်လေအေးစက်ရုံတွင်းသို့ရောက်သည်နှင့် လွန်ခဲ့သော ရက်သတ္တပတ်ကပင် သူကိုယ်တိုင် ကြိုတင်ဝှက်ထားသော စက္ကူတစ်ထုပ်ကို လျင်မြန်စွာ ဖြည်ဖွင့်လိုက်သည်။

ယင်းအထုပ်ထဲတွင်ကား သူ ဤအဆောက်အအုံကြီးမှ လွတ်မြောက်အောင် ထွက်ပြေးနိုင်ရန် အထူးစီမံဖန်တီးထားသော ကိရိယာပါရှိလေသည်။

ထူးဆန်းလှသော ထိုကိရိယာကို စီဒဗလျူသည် ချက်ချင်းဆင်၍ သူကိုယ်တိုင် ရစ်ပတ်တပ်ဆင်လိုက်သည်။

သူ့အနေဖြင့် ယင်းကိရိယာဖြင့် ထွက်ပြေးပါက ဧကန်မုချ လွတ်မြောက်ရမည်ဟု ယုံကြည်ထားပြီးဖြစ်သည်။

သူ၏အကြံကား မိုးမျှော်တိုက်မြင့်ကြီးအပေါ်မှ မြေပြင်သို့ ငှက်များလို လေဟုန်စီး၍ဆင်းရန်ပင်ဖြစ်သည်။

လေဟုန်စီးနိုင်အောင်လည်း သူ၏ကိုယ်တွင် ယခုတပ်ဆင်ထားသော ကိရိယာကို အထူးတလည် တီထွင်ဖန်တီးထားခဲ့လေသည်။

ဤနည်းကို သူသည် ဇာတိနေရပ် ဖလော်ရီဒါပြည်နယ်တွင် စမ်းသပ်လေ့ကျင့်ခဲ့ဖူးပြီဖြစ်သည်။ သို့သော် ယခုရောက်ရှိနေသော နယူးယောက်ဗဟိုမြို့ကြီးမှ အထပ်ပေါင်းလေးငါးဆယ်ရှိသည့် တိုက်မြင့်ကြီးများပေါ်မှ တစ်ကြိမ်တစ်ခါမျှ စမ်းသပ် ပျံကြည့်ခြင်း မပြုခဲ့ဖူးသေးချေ။



မည်သို့ပင်ဖြစ်စေ လုံခြုံရေးအစောင့်များ၏ သေနတ်ကျည်ဆန်များတွင် အသက်ပါသွားနိုင်သည့် အန္တရာယ်နီးကပ်နေပြီဖြစ်၍ သူသည် ဖြစ်သည့် နည်းနှင့် စွန့်စွန့်စားစား ခုန်ဆင်းရပေတော့မည်။

စီဒဗလျူသည် သူ၏ကိုယ်မှ ကိရိယာအဆန်းကို သေချာစွာ ထပ်မံစစ်ဆေး ကြည့်ပြီးနောက် သက်ပြင်းတစ်ချက် ရှူကာ လေထဲသို့ ခုန်ဆင်းလိုက်လေသည်။

လေထီးသဘော ဖန်တီးထားသော ကိရိယာသည် ရုတ်တရက် လေထီးမပွင့်သေးသကဲ့သို့ လေဟုန်နှင့် 'မမိ'သဖြင့် စီဒဗလျူသည် ကျောက်တုံးကျောက်ခဲများ ကျသလို ဒလဟောကျသွားပုံမှာ အသည်းယားစရာ ရင်ဖို့ဖွယ်ကောင်းလှပေသည်။

သို့သော် စက္ကန့်ပိုင်းအတွင်းမှာပင် လေထု၏ ပင့်အားနှင့် ထိတွေ့ပြီး အထက်မှကျသည့်အရှိန်ဟုန်တန့်သွားကာ ခပ်မှန်မှန် ပျံဝဲဆင်းလာနိုင်လေသည်။

အရေးထဲ တိုက်ကြီး၏ ဆယ့်လေးထပ်ကို ဖြတ်ကျော်၍ အဆင်းတွင် တိုက်ခန်းတစ်ခန်းတွင်း၌ အိပ်ရာပေါ် ချစ်ဖျူဖျာဆင်နေကြသူ လူငယ်မောင်မယ်စုံတွဲကို လှမ်းမြင်လိုက်ရသဖြင့် စီဒဗလျူသည် ၎င်းအားထက် ရယ်အားသန်ကာ ပြုံးမိပါသေးသည်။

အတန်ငယ်နိမ့်အောင်ပျံသန်းပြီးနောက် သူသည် တိုက်နံရံမှခွာလျက် သစ်ပင် ထိပ်ဖျားများဘက်သို့ လှမ်းကူး၍ သစ်ပင်တစ်ပင်ပြီးတစ်ပင် ဖြတ်ကျော် ပျံကူးသွား ပြန်သည်။

မကြာမီ သူကြိုတင်စီစဉ်ရည်မှန်းထားသည့်နေရာသို့ ရောက်လာရာ ယင်း နေရာက လူသူလေးပါးမရှိသည့် ကွက်လပ်တစ်ခုဖြစ်၍ စီဒဗလျူသည် အကြိမ်ကြိမ် လေ့ကျင့်ထားသော ဘားကျွမ်းသမားတစ်ယောက်ကဲ့သို့ ကျွမ်းကျင်ညင်သာစွာဖြင့်ပင် မြေပြင်သို့ ဆင်းချလိုက်သည်။

ထိုနေရာတွင် ပစ်ကပ်မော်တော်ယာဉ်တစ်စင်း အဆင်သင့် စီစဉ်ထားပြီးဖြစ်သည်။

စီဒဗလျူသည် လျင်မြန်ဖျတ်လတ်စွာ ကားပေါ်တက်၍ ခိုးယူလာသော မြင်းပုံရုပ်ကိုလည်း ကား၏ခြေနင်းခုံအောက် လျှို့ဝှက်အဖုံးထဲ ထည့်သွင်း ဝှက်လိုက်ပြီး နောက်ခပ်အေးအေး ကားမောင်းထွက်ခဲ့လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



လောရင့်သည် ဘတ်စ်ကားတစ်စင်းပေါ်မှဆင်း၍ သူသွားနေကျ မဟုတ်သော စားသောက်ဆိုင်သို့ ဝင်လိုက်သည်။

သူသည် ဂျင်းဘောင်းဘီနှင့် စပို့ရှပ်ဝတ်ထားပြီး နေကာမျက်မှန် တပ်ထားသည်။

ဆိုင်တွင်းသို့ ရောက်လျှင် ယမကာရောင်းသော ကောင်တာသို့သွား၍ ဝိုင်အရက်မှာယူလိုက်သည်။

သို့သော် ကြာရှည် အချိန်မဖြုန်းဘဲ ဝိုင်ဖန်ခွက်ကို မော့သောက်ချလိုက် ပြီးနောက် ကျသင့်ငွေကို ရှင်း၍ ပြန်ထွက်လာသည်။

သည်တစ်ခါတော့ သူသည် မလှမ်းမကမ်းရှိ ဘုရားရှိခိုးကျောင်း အတွင်းသို့ ဝင်လိုက်သည်။

ဘုရားရှိခိုးကျောင်းအတွင်း၌ကား စမစ်ဆိုသူသည် ခရစ်ယာန်ဘုန်း ကြီး တစ်ဦးအသွင် ဝတ်စုံနက်ဝတ်လျက် ရပ်စောင့်နေလေသည်။

"ဖာသာကြီး ခင်ဗျာ၊ ကျွန်တော်က ..."

လောရင့်က တကယ့် သာသနာပြု ဘုန်းကြီးတစ်ဦးအား ပြောသလို စကားစ လိုက်သော်လည်း စမစ်က ကြားဖြတ်လျက် ...

"အပိုတွေ ပြောမနေစမ်းပါနဲ့။ ကျုပ်က အချိန်သိပ်မပေးနိုင်ဘူး။ အစီရင်ခံ စရာရှိတာသာ မြန်မြန်သတင်းပို့ အစီရင်ခံစမ်းပါ"

ဟု ပြောလိုက်သည်။

ဤတွင် လောရင့်လည်း စောစောက ရယ်ချင်သလိုဖြစ်နေရာမှ မျက်နှာပိုးသတ်ပြီး ပြောလေတော့သည်။

"ဟုတ်ကဲ့၊ မိုက်ကယ်ရဲ့ လုပ်ဆောင်ပုံကိုတော့ ကျေနပ်လိမ့်မယ်လို့ ယူဆမိပါတယ်။ အခု လေဆာရောင်ခြည်သေနတ်တွေရပြီ မဟုတ်လား"

"ဟုတ်ပါတယ်၊ ကျုပ်တို့ ရထားပြီးပါပြီ။ မိုက်ကယ်ဆိုတဲ့ လူ လုပ်ကိုင်သွားပုံ ပိရိသေသပ်တာကို အထူးပဲ သဘောကျမိတယ်။ နောက်တစ်ချီ အလုပ်ကြီးကြီးလုပ်ဖို့လည်း သူ့ကိုပဲ ခေါ်ယူတာဝန်ပေးရဦးမယ်။ သူ့ကိုသာ ပြောထားပါ။ လုပ်အားခ ငွေကြေးကိုတော့ စိတ်တိုင်းကျရစေမယ်လို့"

"ဒါလည်း ကျွန်တော်တို့ ပြောထားပြီးပါပြီ"

"ဟုတ်ပြီ၊ ကျုပ်က ကျွမ်းကျင်သူတစ်ယောက်ကို ငှားသုံးတဲ့အခါ ဈေးနှုန်းကို ကောင်းကောင်းပေးတယ်။ ဒါပေမယ့် .... ကျုပ်က ငွေများများ



ပေးသလို တစ်ဘက်လူကလည်း ကျွမ်းကျင်မှုအဆင့်က အလွန်မြင့်ဖို့လိုတယ်"

"ဟုတ်ကဲ့ ... နားလည်ပါတယ်"

"ကိုင်း ... တခြားလူတွေအကြောင်း ပြောစမ်းပါဦး၊ ကျုပ်က သွားစရာ ရှိသေးတယ်"

စမစ်က စိတ်မရှည်သလို ပြောလိုက်ရာ လောရင့်လည်း လိုရင်းစကား ကို ပြောရလေတော့သည်။

"ကျွန်တော် ထောက်ခံချက်ပေးချင်တဲ့ လူနှစ်ယောက်ရှိပါတယ်။ သူတို့မှာ ဘယ်သူနဲ့မှမတူတဲ့ ကျွမ်းကျင်မှုအရည်အချင်းရှိကြတယ်။ ခက်တာက သူတို့ နှစ်ယောက်စလုံးဟာ အလုပ်လုပ်တဲ့နေရာမှာ အဖော်မပါဘဲ တစ်ကိုယ် တော် စွန့်စားတတ်တဲ့ လူမျိုးဖြစ်နေတယ်။ ခင်ဗျားက တာဝန်ပေးတာကို လက်ခံမခံတော့ မပြောနိုင်ဘူး။ သူတို့အနေနဲ့ ခင်ဗျားကိုလည်း မသိ။ ခင်ဗျား နာမည်တောင် ကြားဖူးကြမယ် မထင်ဘူး။ နောက်ပြီး ခင်ဗျားဟာ ဘယ်လို အလုပ်မျိုးတွေ လုပ်တယ်ဆိုတာလည်း မသိကြဘူး"

"ဟုတ်လား၊ အဲဒါကိုက တစ်မျိုးကောင်းတယ်"

စမစ်က သဘောကျဟန်ဖြင့် မှတ်ချက်ချလိုက်သည်။

"ဒါထက် ကျွန်တော့်အနေနဲ့ ခင်ဗျားကို တကယ်အားကိုးရတဲ့ မိတ်ဆွေကောင်းတစ်ယောက်လို ယူဆပါတယ်"

လောရင့်က ဤသို့ စကားစသည်ကို စမစ်က ခပ်တည်တည်နှင့် ···

"နိုး ... နိုး မဟုတ်ဘူး။ ကျုပ်ဟာ မောင်ရင်ရဲ့ မိတ်ဆွေကောင်း မဟုတ်ပါဘူး"

ဟု ခပ်ပြတ်ပြတ်ပြောလိုက်သည်။

"ဟင်···"

"မဟင်နဲ့လေ၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်။ မောင်ရင်က အခုလို စကား စလိုက်တာဟာ ခါတိုင်းရနေကျ လုပ်အားခငွေထက် ပိုတောင်းချင်လို့ ဆိုရင် မြောင်ဖွင့်တောင်းစမ်းပါ။ ကျုပ်က ပေးဖို့အဆင်သင့်ပဲ"

ထိုစကားကိုကြားရလျှင် လောရင့်သည် ကျေနပ်ဝမ်းမြောက်သွား ဟန်ဖြင့် စကားဆက်ပြောလေသည်။

"ဒီလိုဆိုရင် ကောင်းပါ့ဗျာ။ ကဲ ... ကျွန်တော် ပြောစရာရှိတာ ပြောပါဦးမယ်။ အလွန်အသုံးကျမယ့် လူနှစ်ယောက်ရှိတယ်။ တစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com



ဆာဘာရီနာဆိုတဲ့ မိန်းကလေး၊ စိန့်ရွှေရတနာတွေ ခိုးတဲ့နေရာမှာ အံ့သြစရာကောင်းလောက်အောင် တော်တယ်၊ ပိရိတယ်။ နောက်တစ်ယောက်ကတော့ ကြောင်လို ပေါ့ပါးဖျတ်လတ်ပြီး တိုက်မြင့်မြင့်ကြီးတွေအပေါ် ရောက်အောင် တက်နိုင်တဲ့ လူတစ်ယောက်၊ သူ့ကို ပင့်ကူနက်လို့ နာမည်ပေးထားကြတယ်။ နာမည်ရင်း အတိုကောက်ကတော့ စီဒဗလျူတဲ့။ သူတို့နှစ်ယောက်စလုံးဟာ အခုလောလောဆယ် နယူးယောက်မြို့မှာ ရှိနေကြတယ်"

"ဟုတ်လား၊ ဒါဖြင့် သူတို့နှစ်ယောက်စလုံးကို ချဉ်းကပ်ပြီး တီးခေါက်ကြည့်ပါ။ သူတို့က ကျုပ်နဲ့ အလုပ်လုပ်ဖို့ သဘောတူတယ်ဆိုရင်တော့ မကြာခင် ဆက်သွယ်ပြီး လိုသမျှငွေနဲ့ လေယာဉ်လက်မှတ်တွေ ပို့ပေးမယ်လို့။ ပြီးတော့ မိုက်ကယ်ကိုလည်း နောက်ထပ် တာဝန်ပေးစရာရှိသေးတယ်လို့ ပြောထားပါ".

"ဟင် ... လေယာဉ်လက်မှတ်ဆိုတာက ဘယ်သွားရမှာမို့လဲ"

လောရင့်က အံ့အားသင့်စွာ မေးလိုက်သည်။

"သွားရမယ့် နေရာက ပြင်သစ်ပြည် ပဲရစ်မြို့ပဲ။ အဲဒီမြို့ကနေ တစ်ဆင့် နောက်ထပ် ခရီးဆက်ချင်ဆက်ရလိမ့်မယ်။ ဘယ်သူဆိုတာတော့ အခုနေအခါ မပြောနိုင်သေးဘူး"

ပြောရင်းနှင့် စမစ်က ထိုင်ရာမှ ထလိုက်သည်။

"ကိုင်း ... ဒီတစ်ခါတော့ မောင်ရင် အဲဒီမှာ ခဏနေရစ်ဦး။ ကျုပ်က အရင်ထွက်သွားနှင့်မယ်"

ပြောပြောဆိုဆို စမစ်သည် လျှောက်ထွက်သွားတော့ရာ လောရင့်လည်း အံ့အားသင့်စွာဖြင့် ငေးကြည့်ရင်း ကျန်ရစ်လေသည်။

အတန်ကြာအောင် ဘုရားရှိခိုးကျောင်းထဲ ဆက်နေရင်း လောရင့်သည် စမစ်ဆိုသူ ပြောသွားသော စကားများကို ပြန်လည်စဉ်းစား သုံးသပ်နေမိလေသည်။

ပြင်သစ်ပြည် ပဲရစ်မြို့တော်။

"ပင့်ကူနက် အမည်ခံ စီဒဗလျူ"

စိန်သူခိုးမကလေး ဆာဘာရီနာ။

စိန်သူခိုးမကလေး ဆာဘာရီနာ။



ယင်းအချက်များကို အမိကထား စဉ်းစားရင်းက လောရင့်၏စိတ်ထဲတွင် လျှို့ဝှက်ရုပ်လုံးတစ်ခုသည် မထင်မရှား ပေါ်လာလေသည်။

* * *

## အခန်း ၄၊

ကမ္ဘာပေါ်တွင် ခမ်းနားကြီးကျယ်ဆုံးနှင့် ထိပ်သီးလူ့အထက်တန်းလွှာ လူနည်းစုက ဝင်ထွက်ကျက်စားလေ့ရှိသော ညကလပ်ဟူ၍ ဆယ်ခုခန့်သာ ရှိလေသည်။

ယင်းသို့ အထူးသီးသန့် (လူအများစုက အနားသို့ပင် မသီနိုင်သော) ညကလပ်ဆယ်ခုခန့်အနက် အီတလီပြည် ရောမမြို့တော်ရှိ ဂါတိုပါဒိုကလပ်သည်လည်း တစ်ခုအပါအဝင်ဖြစ်လေသည်။

ကမ္ဘာအရပ်ရပ်မှ အထက်တန်းလွှာ ကြေးရတတ်များ ပျော်ပါးသုံးဖြုန်းရာ နေရာဖြစ်၍လည်း လူဦးရေနည်းသလောက် မီးကုန်ယမ်းကုန် ပျော်ကြသူများသည်။ ညကလပ်ဆိုသော်လည်း သန်းခေါင်ယံအချိန်လောက်နှင့် မတင်းကိမ်ဘဲ နံနက်လင်းအားကြီး အရုဏ်တက်ချိန်တိုင်အောင် ဂါတိုပါဒို ကလပ်တွင် စည်ကားနေတတ်လေသည်။

* * *

ဆာဘာရီနာသည် ရောမမြို့၏ ထင်ရှားသော ကလာပ်တစ်ခုဖြစ်သည့် ကျားသစ် ညကလပ်ရှေ့တွင် ရပ်ပြီး သူမ၏မော်တော်ကားအလာကို စောင့်နေလေသည်။

သူမနှင့် မလှမ်းမကမ်းတွင် ရပ်ရည်သနားကမားနှင့် လူငယ်နှစ်ယောက်လည်း ရှိနေကြသည်။

သူတို့သည် ရောမမြို့မျက်နှာဖုံး မိသားစုများမှ လုလင်များဖြစ်ကြသည့်ပြင် နှစ်ယောက်စလုံးက ဆာဘာရီနာနှင့် ခင်မင်ရင်းနှီးကြသူများလည်း ဖြစ်သည်။

ယခုညအဖို့ လုလင်နှစ်ယောက်နှင့် ဆာဘာရီနာ ညစာအတူစားပြီး နိုက်ကပွဲကိုလည်း အတူတက်ခဲ့သည်။ ယခုပြန်ချိန်တန်သောအခါ၌မူ လူငယ်နှစ်ဦးအနက် မည်သူက ဆာဘာရီနာအား လိုက်ပို့ရမည်ကို နှစ်ယောက်သား

www.burmeseclassic.com

www.burmeseclassic.com



အချင်းချင်း ညှိနှိုင်းဆွေးနွေးကြသည်။ သူပို့မည် ငါပို့မည်ဟုလည်း ငြင်းကြလေသည်။

နောက်ဆုံး သူတို့နှစ်ယောက် သဘောတူညီချက် ရသွားကြသည်။

ပိုက်ဆံကို ခေါင်းပန်းလှန်၍ အနိုင်ရသူက ဆာဘာရီနာကို လိုက်ပို့စတမ်းဟု သဘောတူ ဆုံးဖြတ်လိုက်ကြသည်။

ထိုအခိုက်တွင် ကလပ်ပြင်ဘက် မြေကွက်လပ်တွင် ထားခဲ့သော ဆာဘာရီနာ၏ အယ်လ်ဖာအမျိုးအစား မော်တော်ကားကို ကားများစောင့်ရသူ နှုတ်ခမ်းမွေးကားကားနှင့် အီတလီအမျိုးသားက မောင်းယူလာခဲ့လေသည်။

ထိုလူသည် ကားကို ဆာဘာရီနာရှေ့တည့်တည့်တွင် ရပ်လိုက်ပြီးနောက် ဥရောပတိုက်သားတို့ ယဉ်ကျေးမှုထုံးစံအရ ခါးကုန်းဦးညွှတ်၍ အရိုအသေ ပြုလိုက်သည်။

ဆာဘာရီနာက ကားပေါ်တက်လိုက်ချိန်တွင် ကားစောင့်သူက ဖဲပြားအဖြူရောင်ဖြင့် လှပစွာချည်နှောင်ထားသော အထုပ်ငယ်တစ်ထုပ်ကို လှမ်းပေးလေသည်။

"ဆာဘာရီနာကို ပေးလိုက်ပါလို့ ဆိုပြီး လူတစ်ယောက်လာပေးသွားပါတယ်"

"ဟင် ... ဘယ်သူက ပေးသွားတာလဲ"

ဆာဘာရီနာက ပြန်မေးလိုက်သောအခါ နှုတ်ခမ်းမွေးနှင့် ကားစောင့်က လက်ဟန်ခြေဟန်ဖြင့် မသိကြောင်း ပြောလေသည်။

ဆာဘာရီနာသည် ကားပေါ်တက်ထိုင်၍ အထုပ်ငယ်ကို ဖွင့်ကြည့်လိုက်ရာ အထူးပင် အံ့အားသင့်သွားမိသည်။

အထုပ်အတွင်း၌ကား အမေရိကန်ငွေစက္ကူ ဒေါ်လာတစ်ထောင်တန်ငါးရွက်နှင့် ပြင်သစ်ပြည်ပဲရစ်မြို့သို့သွားရန် သူမအမည်နှင့် လေယာဉ်လက်မှတ်တစ်စောင် ပါရှိလေသည်။

ဆာဘာရီနာသည် နားမလည်နိုင်သဖြင့် အံ့သြနေမိရာမှ လေယာဉ်လက်မှတ်ထည့်ထားသော စာအိတ်ကို သေချာစွာ ပြန်ကြည့်လိုက်သောအခါ၌မှ နားလည်သဘော ပေါက်သွားလေသည်။

စာအိတ်၏ ထောင့်တွင် လောရင့်ဟူသောအမည်ကိုတွေ့လိုက်ရသောကြောင့် သူမသည် အဓိပ္ပာယ်နားလည်သွားပြီဖြစ်သည်။



ထိုအတောအတွင်း ဂီလီယိုနှင့် ရောဘတ်တို့ အမည်ရှိ အီတလီလုလင်နှစ်ယောက်သည် ခေါင်းပန်းလှန်ကြရာ ဂီလီယိုက ခေါင်းကျတယ်ကွဟု ဝမ်းသာအားရ ဟစ်အော်ရင်း ထခုန်လိုက်ပြီးနောက် ဆာဘာရီနာက မော်တော်ကားကို စက်နှိုးမောင်း ထွက်စပြုနေပြီဖြစ်ရာ ဂီလီယိုသည် ဒရောသောပါးပြေး၍ ကားပေါ်ခုန်တက်လိုက်ရသည်။

ဆာဘာရီနာကမူ ကားကိုအရှိန်ပြင်းစွာဖြင့် မောင်းထွက်သွားလေသည်။

* * *

အမေရိကန်ပြည် နယူးယောက်မြို့တော်၏ မက်ဒီဆင်ရိပ်သာလမ်းသည် အထက်တန်းကျသော နာမည်ကြီးရပ်ကွက်တစ်ခု ဖြစ်လေသည်။

ယင်း မက်ဒီဆင်ရပ်ကွက်တွင် ရှေးဟောင်းအနုပညာပစ္စည်းရောင်းသည့် ဆိုင်များနှင့် ပြတိုက်အချို့လည်း ရှိလေသည်။

ဆိုင်တစ်ဆိုင်၏အမည်မှာ ပရိမီတစ်ကုမ္ပဏီဟု ဆိုင်းဘုတ်ရေးထားသည်။ အင်္ဂလိပ်စကားလုံး ပရိမီတစ်သည် ယဉ်ကျေးမှုမတိုးတက်သေးသော အလွန်ရှေးဆန်သော ဟူ၍အဓိပ္ပာယ်ရသည့်အတိုင်း ထိုဆိုင်တွင် အာဖရိကမှ ကပ္ပလီ (လူမည်း) များ၏ ရှေးကျသောလက်ရာပစ္စည်းများ ရောင်းချလေသည်။

စီဒဗလျူသည် ထိုဆိုင်သို့ ဝင်ထွက်နေကျဖြစ်၍ ယခုလည်း ခပ်အေးအေး လျှောက်ဝင်လာရာ အဝတွင်ထိုင်၍ ဧည့်သည်များအား လက်ခံဆီးကြိုရသူ မေရီ အမည်ရှိ စာရေးမက ပြုံး၍နှုတ်ဆက်သည်။

"ဂွတ်မောနင်း မစ္စတာစီဒဗလျူရှင့်"

"ဟဲလို ... ဂွတ်မောနင်း မေရီ"

စီဒဗလျူက သူ၏ညီညာလှပသော သွားများပေါ်အောင် ပြုံး၍ ပြန်နှုတ်ဆက်လိုက်သည်။

သူ၏စိတ်ထဲတွင် ပြည့်ဖြိုးလှပ အချိုးကျနေသော မေရီ၏ ကိုယ်လုံးကိုယ်ဟန်ကို သဘောကျနေမိသည်။

"ဒီအမျိုးသမီးက မျက်နှာဖြူဖြစ်နေတာ ခက်တယ်"

ဤသို့လည်း ကြိတ်၍မှတ်ချက်ချလိုက်မိသည်။

သူကိုယ်တိုင်က နီဂရိုး (လူမည်း) တစ်ဦး ဖြစ်နေရာ အမေရိကန်ပြည်

www.burmeseclassic.com

www.burmeseclassic.com



တွင် ဖို-မ ဆက်ဆံရေး၌ အသားအရောင် ခွဲခြားမှု၊ လူဖြူအတွက် လူမည်းများ အပေါ် ရှုတ်ချအထင်သေးမှုများ ရှိနေ၍ ယင်းသို့ စဉ်းစားမိခြင်းပင်ဖြစ်သည်။

သို့ဖြစ်လင့်ကစား စီဒဗလျူ၏ နှလုံးသားအတွင်း၌ မျက်နှာဖြူများသည် မိမိတို့ ကပွလီလူမည်းတွေလောက် ဦးနှောက်မကောင်းဟု ခံယူထားလေသည်။

"ဟော့...မေရီ၊ ငါ့အတွက် စာကလေး ဘာလေး မလာဘူးလားကွ"

စီဒဗလျူက မေးလိုက်ခြင်းမှာ ဤဆိုင်တွင် မိမိတို့လို ဖောက်သည် အသိ များအတွက်စာများ လက်ခံသိမ်းဆည်းထားပေးသည့် စနစ်ရှိသောကြောင့် ပင်ဖြစ်သည်။ အထူးသဖြင့် နယ်မှမိတ်ဆွေများ နယူးယောက်မြို့သို့ လာရောက် နေချိန် အတွင်းစာများ၊ ပစ္စည်းများပေးရန် ဆက်သွယ်ရေးအတွက် ပရိမိတစ် ကုမ္ပဏီက ဆက်သွယ်ရေး စာတိုက်တစ်ခုသဖွယ် တာဝန်ယူ ဆောင်ရွက်ပေးလေ့ရှိသည်။ ဆောင်ရွက်ပေးသည့်အတွက် ထိုက်သင့်သော အခကြေးငွေကိုလည်း ကုမ္ပဏီက ယူလေ့ရှိသည်။

မေရီက ခေါင်းညိတ်ပြရင်း ...

"ရှင့်အတွက် ပါဆယ်တစ်ထုပ် ရောက်နေတယ်ရှင့်။ နောက်ဘက် အခန်းထဲ ဝင်ကြည့်လိုက်ပါဦး"

ဟု ပြန်ပြောလေသည်။

"အိုကေ ... ကျုပ်နေရာကိုသိပါတယ်"

ပြောပြောဆိုဆို စီဒဗလျူသည် ဆိုင်၏အတွင်းဘက် စကြံမှဖြတ်၍ နောက်ဘက်ရှိ သီးသန့်အခန်းတစ်ခန်းသို့ လျှောက်သွားလေသည်။

အခန်းတွင်းသို့ ရောက်လျှင်ပင် သူ၏ နာမည် လိပ်စာကပ်ထားသော ပါဆယ်ထုပ်တစ်ထုပ် စားပွဲပေါ်တင်ထားသည်ကို တွေ့ရလေသည်။

စီဒဗလျူသည် ဟိုဟိုသည်သည် လှည့်ပတ်ကြည့်ပြီးနောက် အခြားမည်သူမှမရှိသဖြင့် ပါဆယ်ထုပ်ကို လျင်မြန်စွာ ဖောက်ကြည့်ရာ အတွင်း၌ သူအလွန်ကြိုက်တတ်သော ပြင်သစ်ပြည်လုပ် ချိစ်(ဒိန်ခဲ)တုံးကြီး တစ်တုံး တွေ့ရလေသည်။

သူ့တွင် အသင့်ပါလာသော မောင်းချဓားဖြင့် ဒိန်ခဲတုံးကြီးကို ခပ်ပါးပါးတစ်ချပ် လှီးဖြတ်စားကြည့်ရာ ထင်သည့်အတိုင်း အလွန်အရသာ ရှိကြောင်း တွေ့ရလေသည်။



ထို့နောက် စီဒဗလျူသည် မောင်းချဓားဖြင့် ဒိန်ခဲတုံးကြီး၏ နေရာအနှံ့အပြားကို ထိုးကြည့်ပြန်သည်။

တစ်နေရာတွင် ဓားသွားနှင့် တစ်စုံတစ်ခု ထိမိသလိုရှိသဖြင့် လှီးဖြတ်ခွဲချလိုက်ရာအတွင်းမှ စက္ကူထုပ်ငယ်တစ်ထုပ် ထွက်လာလေသည်။

ယင်းအထုပ်ကို ဖြည်ကြည့်လိုက်သောအခါ အမေရိကန်ငွေဒေါ်လာငါးထောင်နှင့် လေယာဉ်လက်မှတ်တစ်စောင် ထွက်လာလေသည်။

လက်မှတ်က ပြင်သစ်ပြည် ပဲရစ်မြို့သို့ သုံးရက်ကြာလျှင် လိုက်ပါရမည့် ပထမတန်းလက်မှတ်ဖြစ်နေသည်။

လေယာဉ်လက်မှတ်ထည့်သော စာအိတ်၏ ထောင့်နားတွင် 'လောရင့်' ဟူသော အမည်ရေးထားရာ စီဒဗလျူသည် အဓိပ္ပာယ်နားလည်ဟန်ဖြင့် ပြုံးကာ လေချွန်ရင်း ဆိုင်ရှေ့သို့ပြန်ထွက်လာခဲ့လေသည်။

* * *

နယူးယောက်မြို့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ရုံး အဆောက်အဦ တစ်နေရာတွင် ဆိုင်းဘုတ်တစ်ခုရှိလေသည်။

ဆိုင်းဘုတ်တွင် အင်္ဂလိပ်ဘာသာစာလုံး အတိုကောက်ဖြင့် 'ယူနာကို' ဟု ရေးထားရာ 'ယူ အင် အေ စီ အို'ဟူသော စာလုံးငါးလုံး ပေါင်းရေးထားခြင်းပင်ဖြစ်သည်။

ဆိုင်းဘုတ်ရှိသောအခန်းသို့ဝင်လိုက်လျှင် ဧည့်ခန်းသဘော အခန်းတစ်ခန်း ရောက်သွားပြီး ယင်းအခန်းမှတစ်ဆင့် ဝင်ရသည့် ရုံးခန်းငယ်များရှိသည်။

အခန်းတစ်ခန်း၏ အဝင်ဝတွင်

"အမ် ဂျီ ဖီလ်ပေါ့၊ ညွှန်ကြားရေးမှူး"

ဟူ၍လည်းကောင်း၊ ယင်းစာတန်းဆိုင်းဘုတ်၏ အောက်နား၌

"ဆိုနီယာ ဘိုလ်ချင်စကီ၊ လက်ထောက်ညွှန်ကြားရေးမှူး"

ဟူ၍လည်းကောင်း ရေးထားလေသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရာဇဝတ်မှု၊ ဒုစရိုက်မှုများ အလွန်များပြားနေသဖြင့် ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးက နိုင်ငံတကာအတိုင်းအတာဖြင့် ရာဇဝတ်မှု တိုက်ဖျက်ရေး အကောင်အထည်ဖော်ရန် ဖွဲ့စည်းထားသည့် အဖွဲ့ကြီးဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ထောက်ညွှန်ကြားရေးမှူး၏ နာမည်အပြည့်အစုံမှာ ဆိုနီယ ဘိုချင်စကီးဖြစ်ရာ ဆိုနီမာသည် မိန်းကလေးနာမည်ဖြစ်သည်။ အဘယ်ကြော ဆိုသော် လက်ထောက်ညွှန်ကြားရေးမှူးက အမျိုးသမီးတစ်ဦး ဖြစ်နေသော ကြောင့်ပင်တည်း။

ဆိုနီယာသည် ကော်ဖီ၊ နွားနို့၊ သကြား စသည်တို့ပါသော ငွေလင်ပန်း တစ်ခုကိုယူ၍ ညွှန်ကြားရေးမှူး မစ္စတာဖီလ်ပေါ့၏ စားပွဲပေါ်သို့ သွားချပေး လိုက်သည်။

ထို့နောက် သူမကိုယ်တိုင် ကော်ဖီကရားမှကော်ဖီ ပန်းကန်ထဲ ထည့် သကြားနှင့် နို့အနည်းငယ် ရောစပ်ဖျော်ပေးလိုက်သည်။

ဖီလ်ပေါ့သည် စားပွဲပေါ်ရှိ ဖိုင်တွဲတစ်ခုကို ဖတ်ကြည့်နေရင်းက ကော်ဖီပန်းကန်ကိုယူ၍ တစ်ကျိုက်မျှ သောက်လိုက်သည်။

"ကော်ဖီ ကောင်းတယ်ဟ"

"ဟုတ်ကဲ့၊ ကောင်းမယ်ဆိုတာ သိသားပဲ"

ဆိုနီယာက ပြောလိုက်ရာ ဖီလ်ပေါ့သည် ပြုံးလိုက်သည်။

"ငါက အလုပ်ထဲ စိတ်ဝင်စားနေလို့ မင်း ဝင်လာတာတော သတိမပြုမိဘူးကွဲ့"

"ရပါတယ် ရှင့်၊ အလုပ်များတဲ့ လူတစ်ယောက်အနေနဲ့ ခွင့်လွှတ ပါတယ်"

ဆိုနီယာက ချစ်စဖွယ်ပြုံး၍ ပြောလိုက်ပြန်သည်။

သူမသည် အရုပ်မနိမ့်မမြင့် ကိုယ်ခန္ဓာ အထူးလှပအချိုးကျပုံက ရှေးဟောင်း ပန်းချီပန်းပု ဆရာတို့၏ လက်ရာမွန် ရုပ်တုတစ်ခုလားဟု ထင် သည်။ မျက်နှာက ခပ်လုံးလုံးရှိသော်လည်း သူမ၏ အညိုရောင် ဆံပင်နှ လိုက်ပြီး ကြည့်ကောင်းပါသည်။

အသက်အားဖြင့်တော့ သူမသည် မငယ်လှတော့ချေ။ လေးဆယ ခန့်ရှိပြီ။ နိုင်ငံခြားဘာသာစကားများ အလွန်ကျွမ်းကျင်သူဖြစ်သည်။ ဇာတိအာ ဖြင့် ချက်ကိုစလိုဗေးကီးယားနိုင်ငံသူ ဖြစ်သော်လည်း ယခုအခါ အမေရိက ပြည်တွင် တရားဝင်နိုင်ငံသားအဖြစ် ခံယူထားပြီးဖြစ်သည်။

သူမသည် ပညာထူးချွန်သူဖြစ်ပြီး ရူပဗေဒဘာသာကို အထူးလေ့လာ တတ်မြောက်ခဲ့ရာမှ အဏုမြူရူပဗေဒ ဘာသာရပ်အသစ်ကိုပါ ကျွမ်းကျ



သူလည်း ဖြစ်သည်။

အိုင်ကျူခေါ် လူတစ်ယောက်၏ ဦးနှောက်ဉာဏ် ကောင်းမကောင်း အဆင့်အတန်း ခွဲခြားစစ်ဆေးနည်းဖြင့် စစ်ဆေးကြည့်ပါက ဆိုနီယာဘိုချင် စကီး အမည်ရှိ အမျိုးသမီးသည် ညွှန်ကြားရေးမှူး မစ္စတာဖီလ်ပေါ့ထက်ပင် အဆင့်မြင့်နေကြောင်း တွေ့ရှိရမည်ဖြစ်သည်။

သူမသည် စားပွဲရှေ့ရှိ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ရင်း

"စာရင်းပါတဲ့စာရွက် ယူလာခဲ့ရတော့မလား"

ဟု မေးလိုက်ရာ ဖီလ်ပေါ့က ခေါင်းညိတ်ပြလိုက်သည်။

"အေး ကောင်းသားပဲ၊ ယူခဲ့ပေတော့"

ထိုအခိုက် ရုံးခန်းအတွင်း တစ်ခန်းနှင့်တစ်ခန်း ဆက်သွယ်စကား ပြောသည့် စက်သည် မီးလင်းလာပြီး လူတစ်ယောက်၏ အသံဖြင့်

"ညွှန်ကြားရေးမှူးကြီးလား ခင်ဗျ"

ဟု မေးသံထွက်ပေါ်လာလေသည်။

ဖီလ်ပေါ့သည် ဘိုချင်စကီးအား စကားမပြောရန် ပါးစပ်ကို လက် ညှိုးဖြင့် ကပ်ပြပြီးမှ

"ဟုတ်ပါတယ်။ ကျုပ် ညွှန်ကြားရေးမှူး ဖီလ်ပေါ့ပါပဲ"

ဟု ပြန်ပြောလိုက်သည်။

* * *

ပြင်ဘက် အခန်းကျယ်ကျယ် တစ်ခန်းမှ မျက်မှန်နှင့် လူငယ် တစ်ဦးသည် မှတ်စုစာအုပ်ငယ်တစ်ခု ကိုင်လျက် သူ၏နေရာမှ ထလျှောက် လာလေသည်။

သူဖြတ်လျှောက်သွားရသည့် နံရံတစ်နေရာတွင်ကား ကမ္ဘာ့မြေ ပုံကြီးတစ်ခု ရှိသည်။

မြေပုံက အခန်းနံရံတစ်ခုလုံး ပြည့်လုနီးပါးရှိသော မြေပုံကြီးပင် ဖြစ်သည်။

နောက်တစ်နေရာတွင်ကား အီလက်ထရွန်နစ် လျှပ်စစ်သိပ္ပံ ကိရိ ယာများ ရှုပ်ယှက်ခတ်နေသည့်ကြားဝယ် လူငယ်သုံးဦးသည် အီယားဖုန်းခေါ် နားကျပ်ကိုယ်စီနှင့် ထိုင်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကား ကမ္ဘာအရပ်ရပ်မှ ရာဇဝတ်မှုခင်း သတင်းမျိုးစုံ အကြောင်း ဝိုင်ယာလက်ဖြင့် သတင်းပေးပို့ချက်များကို နားထောင်ပြီး မှတ်တမ်းတင်ရေးရ သူများပင် ဖြစ်သည်။

သူတို့သုံးဦးစလုံး ဘာသာခြားစကားမျိုးစုံ တတ်ကျွမ်းကြသဖြင့် တစ်ဘက်မှ သတင်းပေးပို့သူက မိမိဘာသာစကားဖြင့် ပြောသည်ကို ဤဌာန ချုပ်မှ နားထောင်သူ လူငယ်ကလည်း ယင်းဘာသာဖြင့်ပင် ပြန်ပြောလေ့ရှိလေ သည်။

တစ်နေရာက သတင်းပို့ပြီးလျှင် ဝိုင်ယာလက်စက်က အလိုအလျောက် (အော်တိုမက်တစ်)ရပ်သွားပြီး တစ်ဖန် အခြားတစ်နေရာမှ သတင်းပို့ရန် ဆက်သွယ်သောအခါ စက်ခလုတ်မှ မီးနီလင်းလေသည်။

ထိုအခါ ဌာနချုပ်မှ တာဝန်ကျ လူငယ်က နားကျပ်ဖြင့် သတင်းကို လက်ခံနားထောင်၍ မှတ်တမ်းတင်ရေးသားရလေသည်။

ကမ္ဘာ့မြေပုံအငယ်စား တစ်ခုကိုလည်း ညွှန်ကြားရေးမှူး ဗီလ်ပေါ့၏ စားပွဲပေါ်တွင် အဆင်သင့် တင်ပေးထားရသည်။

မြေပုံက ခြောက်လက်မ၊ ကိုးလက်မခန့် အရွယ်သာ ရှိလေသည်။

သို့သော် နိုင်ငံတစ်နိုင်ငံမှ ဌာနချုပ်သို့ သတင်းပေးပို့သည်နှင့် တစ်ပြိုင်နက် မြေပုံငယ်ရှိ ယင်းနိုင်ငံနေရာတွင် မီးလင်းလာအောင် ဖန်တီးထား ပေသည်။

မျက်မှန်နှင့် လူငယ်သည် ဆိုနီယာရှိရာသို့ ဝင်လာပြီး မှတ်စု စာအုပ်ကို လှမ်းပေးလိုက်သည်။

"ကျေးဇူးပါပဲ ဘယ်ဆီလ်ရယ်"

ဆိုနီယာကပြောပြီး စာအုပ်ငယ်တွင်ပါသော ထိုနေ့အဖို့ ကမ္ဘာ အရပ်ရပ်မှ ရာဇဝတ်မှုခင်းသတင်း အကျဉ်းချုပ်စာရင်းကို ကြည့်လို့နေလေ သည်။

သူမ၏ စကားအရ မျက်မှန်နှင့် လူငယ်၏ အမည်မှာ ဘယ်ဆီလ် ဟု ခေါ်ကြောင်း သိသာလေသည်။

နေ့စဉ်နှင့်အမျှ ကမ္ဘာတစ်ဝှမ်းလုံး၌ ဖြစ်ပွားနေသော ရာဇဝတ် မှုခင်းများ သတင်းများကို မျက်ခြည်မပြတ် လေ့လာနေခြင်းသည် ယူနာကို အဖွဲ့၏ လုပ်ရိုးလုပ်စဉ် လုပ်ငန်းတစ်ခုပင်ဖြစ်လေသည်။



ညွှန်ကြားရေးမှူးဖြစ်သူ မစ္စတာဗီလ်ပေါ့ကိုယ်တိုင် ရာဇဝတ်မှုခင်း များကို အထူးစိတ်ဝင်စားပေသည်။

(တစ်ဘက်မှ မစ္စတာစမစ်က ရာဇဝတ်မှုများကို စိတ်ဝင်စားသကဲ့ သို့ပင် ဖြစ်သည်။)

ထိုမျှမကသေး၊ ဗီလ်ပေါ့သည် စမစ်ဆိုသူအပေါ်လည်း အထူးစိတ် ဝင်စားမိလေသည်။

သို့သော် စမစ်နှင့် ဗီလ်ပေါ့တို့ မတူသောကွာခြားချက်တစ်ခုသည် ဗီလ်ပေါ့က ပိုသာသည်ဟု ဆိုရပေမည်။

ဗီလ်ပေါ့သည် စမစ်ဆိုသူအကြောင်းကို သိရုံမက စမစ်၏ လုပ်ရပ် များ၊ စမစ်အပြင် အခြားနာမည်အမျိုးမျိုး၊ နိုင်ငံကူးလက်မှတ် (ပတ်စ်ပို့) အတု အမျိုးမျိုးဖြင့် လှည့်လည်ကျက်စားတတ်ပုံ၊ စမစ်က မည်သည့်မှုခင်း မျိုးကို ဝါသနာပါ၍ ကျူးလွန်လေ့ရှိပုံများကအစ အသေးစိတ်သိရှိထားသည်။

စမစ်ကမူ ဗီလ်ပေါ့ကို မသိသည့်ပြင် ဗီလ်ပေါ့၏ အဖွဲ့အစည်း (ယူနာကို) ရှိနေကြောင်းကိုပင် မသိပါချေ။

* * *

ယူနာကိုခေါ် ရာဇဝတ်မှုနှိမ်နင်းရေးအဖွဲ့ ညွှန်ကြားရေးမှူး မစ္စတာ ဗီလ်ပေါ့၏ နောက်ကြောင်းရာဇဝင်ကလည်း စိတ်ဝင်စားဖွယ် ကောင်းပေ သည်။

သူသည် တစ်ချိန်က အမေရိကန်နိုင်ငံ၊ နယူးအင်္ဂလန်တက္ကသိုလ်၌ သုတေသနဌာန ပါမောက္ခဖြစ်ခဲ့လေသည်။ သူ၏ သုတေသနဌာနကလည်း အလွန်အဆင့်အတန်းမြင့်လှသည်။ နောက်ဆုံး အီလက်ထရွန်နစ် လျှပ်စစ် သိပ္ပံအရ တီထွင်ဖန်တီးယူသော ကိရိယာ အသစ်အဆန်းများ၏ အသုံးချမှု ဆိုင်ရာ သုတေသနလုပ်ငန်းလည်း ပါဝင်လေသည်။

ပါမောက္ခ ဗီလ်ပေါ့၏ ထက်မြက်သော စိတ်ကူးဉာဏ်နှင့် သုတေသန ပညာကို ပြင်ပမှပါ အကူအညီရယူခဲ့ရသည်။ လိုအပ်လျှင် အသုံးချရတတ် သည်။

ယင်းသို့ သူ၏ သုတေသနပညာကို အသုံးချခဲ့ရသူများတွင် အမေရိကန် ပြည် စက်မှုလက်မှုလုပ်ငန်းကြီးများနှင့် ရဲဖန်ရံခါအစိုးရဌာနများလည်း ပါဝင် တတ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အစိုးရဌာနဆိုသည်မှာ လျှို့ဝှက်စုံစမ်းထောက်လှမ်းရေးနှင့် ပတ်သက်သော စီအိုင်အေကဲ့သို့ ဗဟိုထောက်လှမ်းရေးအဖွဲ့များကို ဆိုလိုသည်။

ယင်းသို့ အစိုးရဌာနများနှင့် ဆက်သွယ်မိရာမှ ဖီလ်ပေါ့သည် ရာဇဝတ်မှုခင်း တိုက်ဖျက်ရေးကို ပိုမိုစိတ်ဝင်စားလာကာ ယူနာကိုအဖွဲ့ ဖွဲ့စည်းထားရှိရန် သူကပင် စတင်အကြံပေးခဲ့ခြင်းဖြစ်သည်။

အဖွဲ့ကိုလည်း မည်သည့်နိုင်ငံ အစိုးရလက်အောက်တွင်မှ မထားဘဲ ကုလသမဂ္ဂအဖွဲ့ချုပ်ကသာ တိုက်ရိုက်ကွပ်ကဲရမည်ဟု သူက အဆိုပြုတောင်းဆိုခဲ့လေသည်။

ယင်းအကြံပြုချက်ကို အမေရိကန်အစိုးရက သဘောတူလက်ခံခဲ့ရာမှ ယခု ယူနာကိုအဖွဲ့ကြီး အကောင်အထည်ပေါ်လာခြင်းဖြစ်ပေသည်။

ကုလသမဂ္ဂအဖွဲ့ချုပ်၏ အေဂျင်စီအဖွဲ့ခွဲတစ်ခုသဘော ဖြစ်လာခြင်းကြောင့်လည်း ယူနာကိုအဖွဲ့၏ အကူအညီကို ကုလသမဂ္ဂဝင် နိုင်ငံအသီးသီးက ရယူအသုံးချခွင့် ရရှိလာပေသည်။

အဖွဲ့ကို စတင်တည်ထောင် ဖွဲ့စည်းချိန်မှစ၍ ဖီလ်ပေါ့က အစစအရာရာ သူ့ခြေသူ့လက်ဖြစ်အောင် လုပ်ခဲ့လေရာ လက်အောက်ခံဝန်ထမ်းများ ရွေးချယ်ခန့်ထားခြင်းကအစ သူကိုယ်တိုင် အသေးစိတ်လေ့လာပြီး ရွေးချယ်ခဲ့လေသည်။

လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ဆိုနီယာ ဘိုချင်စကီး အမည်ရှိ အမျိုးသမီးကို သူကိုယ်တိုင် ရွေးချယ်ခန့်ထားခဲ့ခြင်းဖြစ်သည်။

ယခုအချိန်အထိ ဆိုနီယာအား ခန့်ထားခဲ့ခြင်းသည် မှားလေပြီဟု နောင်တရသောအကြောင်း လုံးဝ မရှိသေးပါချေ။

* * *

ဖီလ်ပေါ့နှင့် သူ၏ လက်ထောက်ညွှန်ကြားရေးမှူး ဆိုနီယာ ဘိုချင်စကီးတို့တွင် တူညီသော ယုံကြည်ချက်တစ်ခုရှိသည်။ ယင်းကား နိုင်ငံတကာ ရာဇဝတ်မှုခင်းကျူးလွန်ခြင်းကို စနစ်တကျ စည်းရုံး၍လုပ်ပါက ကမ္ဘာကြီး၏ ငြိမ်းချမ်းသာယာရေးကို အကြီးအကျယ် ထိခိုက်ပျက်ပြားစေနိုင်သည် ဟူသော ယုံကြည်ချက်ပင်ဖြစ်သည်။

အဆိုပါ ယုံကြည်ချက်အရ သူတို့ နှစ်ဦးစလုံးသည် နိုင်ငံတကာ



ရာဇဝတ်ပြစ်မှု၊ ဒုစရိုက်မှုများကို ပြင်းပြင်းထန်ထန် နှိမ်နင်းရန် ကြိုးစားနေကြပေသည်။

မည်သည့်နိုင်ငံ၌မဆို မှုခင်းကြီးကြီးကျယ်ကျယ် ဖြစ်ပွားပါက သူတို့၏ အဖွဲ့က ငွေအားလူအားစိုက်၍ စွမ်းစွမ်းတမံ ထောက်လှမ်းအရေးယူလေ့ရှိသည်။

ထို့ကြောင့် ကုလသမဂ္ဂဝင်နိုင်ငံများက သူတို့အဖွဲ့အပေါ် အထူးပင် လေးစားကြလေသည်။

ယူနာကိုအဖွဲ့၏ ရည်ရွယ်ချက်က ရာဇဝတ်မှုခင်းနှင့် ဒုစရိုက်မှုများကို တိုက်ဖျက်နှိမ်နင်းရန်ပင်ဖြစ်ရာ မည်သည့်နိုင်ငံ၊ မည်သည့်အရပ်ဒေသ မဆို ရာဇဝတ်မှုနှိမ်နင်းရမည်ဆိုလျှင် လက်မနှေးဘဲ လျင်မြန်သွက်လက်စွာ အရေးယူဆောင်ရွက်လေ့ရှိပေသည်။

အထူးသဖြင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်လာနိုင်မည့် ရာဇဝတ်မှုခင်းများကို နှိမ်နင်းရန် ဒါရိုက်တာ (ညွှန်ကြားရေးမှူး) ဖီလ်ပေါ့က စိတ်ဝင်စားပေသည်။ တစ်ချိန်တည်းမှာပင် သူ၏ အဖွဲ့အစည်းအား နိုင်ငံရေးသမားများက ခုတုံးလုပ် အမြတ်ထုတ်ခြင်းကိုလည်း ဖီလ်ပေါ့က အထူး သတိထားရှောင်ခဲ့လေသည်။

ဥပမာ... သူသည် စီအိုင်အေ (အမေရိကန် ဗဟိုထောက်လှမ်းရေး)၊ အင်တာပိုလ် (အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့များ၏ အစည်းအရုံး)၊ အက်ဖ်ဘီအိုင် (အမေရိကန်နိုင်ငံလုံးဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေးဌာန) တို့နှင့် ပူးပေါင်းကူညီမှုကို ရယူလေ့ရှိသော်လည်း နိုင်ငံရေးအရ အသုံးချခံရခြင်းကိုမူ သတိထားရှောင်ခဲ့လေသည်။

ဖီလ်ပေါ့သည် အလွန်အကင်းပါးသူဖြစ်၍ အမေရိကန်သမ္မတ နှစ်ဆင့်လက်ထက်က နိုင်ငံရေး ရှုပ်ထွေးမှုများ၊ ဝါးတားဂိတ်ကဲ့သို့ သိက္ခာကျဖွယ်ရာကိစ္စရပ်များကို လိမ္မာပါးနပ်စွာ ရှောင်နိုင်ခဲ့သည့်ပြင်၊ နောက်တက်လာသော သမ္မတသစ်နှင့်လည်း တည်တည်နှင့် မှန်မှန် ဆက်ဆံနိုင်ခဲ့သောကြောင့် သူ၏ ယူနာကို အဖွဲ့ကြီးသည် ပြည်တွင်းပြည်ပ နှစ်ဌာနစလုံး၏ လေးစားခြင်းကို ခံခဲ့ရလေသည်။

ဖီလ်ပေါ့အနေဖြင့်လည်း ယင်းအခြေအနေကို ယူနာကိုအဖွဲ့ကြီး ဆက်လက်ရပ်တည်သွားနိုင်စေရန် စိတ်ပိုင်းဖြတ်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူနှင့် သူ၏ အဖွဲ့အား လူတကာက လေးစားအထင်ကြီးကြခြင်း၏ အဓိကအကြောင်းတစ်ခုမှာ ဖီလ်ပေါ့၏ ယူနာကိုအဖွဲ့သည် ပြဿနာတစ်ခုခု ကိုင်တွယ်လိုက်ပြီဆိုလျှင် အနေးနှင့်အမြန် မလွဲမသွေ ပြေလည်အောင် ဖြေရှင်း ပေးနိုင်သည့် အောင်မြင်မှုရာခိုင်နှုန်း အပြည့်ရရှိ တတ်သောကြောင့်ပင် ဖြစ်လေ သည်။

ဖီလ်ပေါ့၏ လုပ်နည်းလုပ်ဟန်နှင့် နည်းပရိယာယ်များသည် သမား ရိုးကျ ထောက်လှမ်းရေးနည်းများနှင့်မတူ၊ တစ်ခါတစ်ရံ လူယုံမွေး၍ မှုခင်း ပေါ်ပေါက်အောင် ဖန်တီးခြင်းဆိုလျှင် ရိုးရိုးရဲများအမြင်တွင် ထုံးစံမဟုတ်ဟု ဆိုရမည်ဖြစ်ပေသည်။

ဥပမာ ရုံဖန်ရုံခါ နိုင်ငံတကာ အတိုင်းအတာရှိသည့် ဒုစရိုက်မှုကြီး များ ပေါ်ပေါက်အောင် ထောက်လှမ်းရာ၌ အပြည်ပြည်ဆိုင်ရာ နာမည်ကြီး ဒုစရိုက်သမားများကိုပင် လိုအပ်လျှင် စည်းရုံးအသုံးချလျက် နှိမ်နင်းတတ် လေသည်။

သူ၏ နည်းပရိယာယ်ကလည်း အောင်မြင်သည်ကများလေရာ ဖီလ်ပေါ့ သည် မီးကိုမီးနှင့် သတ်သည်ဟုပင် ပြောစရာဖြစ်နေတော့သည်။

သူသည် ရာဇဝတ် မှုခင်းကျူးလွန်သူများကို နှစ်မျိုးနှစ်စား ခွဲခြား သတ်မှတ်ထားတတ်လေသည်။

ပထမတစ်မျိုးက မိမိတို့ ကိုယ်ရေးကိုယ်တာ အကျိုးသက်သက် အတွက် ရာဇဝတ်မှုကျူးလွန်သူများဖြစ်ပြီး ဒုတိယတစ်မျိုးကတော့ တရားဝင် အစိုးရအပေါ် ဦးတည်တိုက်ခိုက်သည့် အကြမ်းဖက်သမားများကဲ့သို့ အုပ်စုဖွဲ့၍ စနစ်တကျတိုက်ခိုက်တတ်သူများပင် ဖြစ်၏။

ဤကား ယေဘုယျသဘော ခွဲခြားခြင်းသာဖြစ်ပြီး ဖီလ်ပေါ့ တတိယ မြောက် ရာဇဝတ်မှု ကျူးလွန်သူများအဖြစ် သတ်မှတ်ထားသူများလည်း ရှိသေး သည်။

ယင်းတတိယအမျိုးအစားက ဦးရေအားဖြင့် မများလှ၊ အလွန် နည်းပါးရှားပါးသည်ဟု ဆိုရပေမည်။ သူတို့သည် အကြမ်းဖက်မှု တိုက်ခိုက် မှုများကို ပင်ကိုစရိုက်အားဖြင့် ဝါသနာပါသူ မင်းမဲ့ဝါဒလိုလားသူ၊ လူသား ၂၏ အသက်ကို တန်ဖိုးမထား သတ်ဖြတ်ရမှာ ဝန်မလေးသူများပင်ဖြစ်သည်။

ယခုလောလောဆယ်ကာလတွင် ဖီလ်ပေါ့အနေဖြင့် အဓိက ဦးတည်



တိုက်နေသော ပစ်မှတ်များက ဒုတိယနှင့်တတိယအမျိုးအစား ဒုစရိုက်သမား များပင်ဖြစ်သည်။

ရုံဖန်ရုံခါ ဖီလ်ပေါ့သည် နိုင်ငံတကာ ဒုစရိုက်သမားများအား ထောက်လှမ်းနှိမ်နင်းရာ၌ သက်ဆိုင်ရာနိုင်ငံအစိုးရများ၏ အကူအညီကို ရယူတတ်သည်။

ရာဇဝတ်မှုခင်းနှိမ်နင်းရင်း တကယ့်ဒုစရိုက်သမားများ၏ အကူ အညီကိုမူ အလွန်လိုအပ်မှသာ ဆက်သွယ်အသုံးချလေ့ရှိသည်။

ယင်းကိစ္စကိုလည်း သူသည် အထူးလျှို့ဝှက်ထားလေသည်။

ထို့ကြောင့် မစ္စတာစမစ်အမည်ရှိ နိုင်ငံတကာ ဒုစရိုက်သမားကြီး အား ထောက်လှမ်းနှိမ်နင်းရန်အတွက် ထိပ်သီးရာဇဝတ်မှု ကျူးလွန်သူများ ဖြစ်သော ဆာဘာရီနှာနှင့် စီဒဗလျူတို့အား ဖီလ်ပေါ့က လျှို့ဝှက်စွာ စည်းရုံး ထားခဲ့ခြင်း ဖြစ်ပေသည်။

* * *

ဆိုဖီယာ ဘိုချင်စကီးသည် မှတ်စုစာအုပ်ထဲမှ သတင်းပို့ချက် အကျဉ်း ကို ဖတ်ကြည့်နေရာမှ အသံထွက်၍ ဖတ်လိုက်သည်။

"ဒီနေ့သတင်းအရဆိုရင် စိန်မောင်ခိုဂိုဏ်းက ပြန်လှုပ်ရှားနေပြီကိုး၊ မနေ့ကပဲ တောင်အာဖရိကနိုင်ငံ ကိတ်တောင်းမြို့က ဒေါ်လာငွေသိန်း နှစ်ဆယ် ဖိုး စိန်ရိုင်းတွေခိုးထုတ်သွားသတဲ့၊ ထုတ်သွားသူ မည်သူမည်ဝါ မသိရသေး"

ထိုအချိန်တွင် ညွှန်ကြားရေးမှူး ဖီလ်ပေါ့က ကြားဖြတ်၍ မေးခွန်း ထုတ်လိုက်သည်။

"အဲဒီစိန်ရိုင်းတွေနောက်ကို တစ်ယောက်ယောက် ခြေရာခံလိုက် နေပလား"

"ဟုတ်ကဲ့၊ ကျွန်မတို့အဖွဲ့က လိုက်နေပါပြီ"

"အိုကေ...ဒါဖြင့် ဟော်လန်ပြည် အမ်စတာဒမ်မြို့က အင်ဘာပိုလ် (နိုင်ငံတကာရဲတပ်ဖွဲ့)ကို အကြောင်းကြားလိုက်၊ ဒီကိစ္စကို အကြောင်းကြားရင် သုံးရမယ့် စကားဝှက်က ဘလူးဖြစ်တယ်။ သေသေချာချာလည်း မှတ်ထားဦး"

ဘိုချင်စကီးသည် မှတ်စုစာအုပ်တစ်နေရာတွင် စကားဝှက်ကို သေချာ စွာ ရေးမှတ်လိုက်သည်။ ထို့နောက် မှတ်စုစာအုပ်မှ သတင်းပို့ချက်များကို ဆက်ဖတ်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



“ဘရမ်စကီးဆိုတဲ့လူ လုပ်ကြံခံရမှုနဲ့ ပတ်သက်လို့ ချက်နိုင်ငံ ရဲတပ်ဖွဲ့ ဆေးပညာဌာနက သုံးခဲ့တဲ့ တံဆိပ်အမျိုးအစားကို စုံစမ်းဖော်ထုတ် နိုင်ပြီလို့ ဆိုတယ်”

ဤတွင် ဖီလ်ပေါ့က ပြုံးလိုက်သည်။

“အဲဒီကိစ္စမှာ မင်းကိုယ်တိုင် ဝင်ကူညီခဲ့တယ် မဟုတ်လား။ ကောင်းပါတယ်ကွာ၊ အဲဒီအမှုကိုလည်း စကားဝှက်အဖြစ် အဝါရောင် သတ်မှတ်ပြီး ငါတို့ရဲ့ သုတေသနဓာတ်ခွဲခန်းကို ပို့လိုက်ပြီးတော့ အမြန်ဆုံး ဓာတ်ခွဲ အစီရင်ခံစာပေးပါလို့ပြော”

**မှတ်ချက်** ။ ။ စကားဝှက်များကို အရောင်အသွေး နာမည်သုံးခြင်း ဖြစ်သည်။ အဝါရောင်မှာ ယဲလိုးဖြစ်ပြီး စောစောက စိန်ခိုးထုတ်မှုကို ဘလူးဟု သုံးခြင်းမှာ အပြာရောင်ဟု အဓိပ္ပာယ်ရသည်။ (မြန်မာပြန်သူ)

ဆိုနီယာ ဘိုချင်စကီးသည် အစီရင်ခံချက်ကို ဆက်ဖတ်ပြန်သည်။

“ရွှေမှောင်ခိုရောင်းဝယ်ရေးကတော့ အိန္ဒိယပြည်မှာ အလွန်ကြီးထွားနေတယ်။ ဘုံဘေဆိပ်ကမ်းမှာ ရွှေချောင်းတွေ အမြောက်အမြား ရောက်နေတယ်တဲ့”

“ဟုတ်လား။ အဲဒါကိုတော့ စကားဝှက် အစိမ်းရောင်သုံးပြီး ဆက်လုပ် ရမယ်”

“အစိမ်းရောင်… ဟုတ်ကဲ့လားရှင့်”

“ဟုတ်ပါတယ်ကွာ… အစိမ်းရောင်ပဲ”

“ကောင်းပါပြီ။ အရေးကြီးဆုံးသတင်းကို ဖတ်ပြပါတော့မယ်၊ ရောမမြို့က ကျွန်မတို့လူရဲ့ အစီရင်ခံချက်အရ မစ္စတာစမစ်ဟာ ရောမမြို့ကို ရောက်လာသတဲ့”

ထိုစကားကြားရလျှင် ဝမ်းသာကျေနပ်သွားဟန်ဖြင့် စားပွဲကို လက်ဝါးဖြင့်တစ်ချက် ပုတ်လိုက်သည်။

“ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဒီလိုဆိုတော့ ဆာဘာရီနာက ဟိုကောင်ကြီးကို မိအောင် လုပ်နိုင်ခဲ့တယ်လို့ ဖြစ်ရမယ်”

“ဟုတ်ကဲ့၊ ဆာဘာရီနာရဲ့ အစွမ်းချည်းပဲတော့မဟုတ်ပါဘူး၊ ကျွန်မတို့



အဖွဲ့ရဲ့ အကူအညီအပြင် လောရင့်ကလည်း တစ်စိတ်တစ်ဒေသ ကူညီခဲ့ရပါတယ်”

ဆိုနီယာ ဘိုချင်စကီး အမှန်အတိုင်းပြောလိုက်သည်ကို ဖီလ်ပေါ့သည် လက်ခံချင်ပုံမရချေ။

“ဒါပေမယ့်ကွာ၊ ဟိုစိန်ရောင်းဝယ်ရေးဌာနက အလုံတိုက်ခန်းထဲ ဝင်ခိုးတာကိုတော့ ငါတို့အဖွဲ့က ဘာမှ မကူခဲ့ဘူးမဟုတ်လား။ ငါတို့အနေနဲ့ ဒါမျိုးလုပ်လို့လည်း မဖြစ်ဘူး။ ငါတို့သာ ဝင်ပါခဲ့ရင် ဟော်လန်နိုင်ငံ ဒပ်ချ် အစိုးရက ငါတို့အဖွဲ့ကို ဘယ်နည်းနဲ့မှ ခွင့်လွှတ်မှာမဟုတ်ဘူး။ ဒါ့အပြင် အင်တာပိုလ် ရဲအဖွဲ့ချုပ်ကြီးကလည်း သဘောကျမှာမဟုတ်ဘူး”

“ဘာပဲဖြစ်ဖြစ်လေ၊ အဲဒီ စိန်ရောင်းဝယ်ရေးဌာနထဲ ဝင်ခိုးလျှုတ်န်းက ဘာမှ ပြဿနာမဖြစ်ခဲ့တာဟာ ကျွန်မတို့အဖို့ မျက်နှာပူစရာကိစ္စတစ်ခု ရင်မဆိုင်ရလို့ တော်သေးတယ်လို့ ဆိုရမယ်ရှင့်”

“ဒါတော့ ဟုတ်ပါတယ်။ ဒါပေမယ့် မင်းသိထားဖို့က ဆာဘာရီနာဆိုတဲ့ မိန်းကလေးဟာ တစ်ခုခုလုပ်တော့မယ်လို့ ဆုံးဖြတ်ပြီးပြီဆိုရင် ဘယ်သူကမှ တားလို့ရမှာမဟုတ်ဘူး။ သူလုပ်ချင်တာကို စွတ်လုပ်မှာပဲ”

“ဒါထက် မစ္စတာဖီလ်ပေါ့၊ ဆာဘာရီနာနဲ့ စကားပြောချင်ပါသလား”

ဆိုနီယာက ထိုင်ရာမှထရင်း မေးလိုက်သည်။

“အေး…စကားပြောချင်တယ်။ ဒါပေမယ့် ခုချက်ချင်းတော့ မလိုသေးဘူး”

ပြောရင်းနှင့် ဖီလ်ပေါ့သည် တစ်စုံတစ်ခု စဉ်းစားမိဟန်ဖြင့် ဆက်ပြောပြန်သည်။

“စမစ်က ဆာဘာရီနာရဲ့ ကျော့ကွင်းထဲ ဝင်မိနေပြီဆိုရင် စီဒဗလျူကလည်း သူ့နည်းသူ့ဟန်နဲ့ တစ်ခုခုလုပ်ထားရောပေါ့။ သူ့ဆီက ဘာမှ အဆက်အသွယ်မရသေးဘူးလား”

ဆိုနီယာ ဘိုချင်စကီးက ထိုမေးခွန်းကို မရသေးဘူးဟု ပြန်ဖြေမည်ပြုစဉ်မှာပင် စားပွဲပေါ်ရှိ ကမ္ဘာ့မြေပုံတစ်နေရာမှ လျှပ်စစ်မီးလုံး ကလေးသည် လင်းလာလေသည်။

ဖီလ်ပေါ့သည် စိတ်ဝင်စားစွာဖြင့် ကြည့်ရင်းက

www.burmeseclassic.com

www.burmeseclassic.com



''အလို…နယူးယောက်မြို့က သတင်းပို့နေပါကလား။ ဘာများပါလိမ့်''

ဟု ပြောပြီး နယူးယောက်နှင့် သူကိုယ်တိုင် တိုက်ရိုက်ပြောမည်ဟု အမိန့်ပေးလိုက်သည်။

နယူးယောက်မြို့မှ ရေဒီယိုတယ်လီဖုန်းဖြင့် သတင်းပို့နေသူကား စီဒဗလျူပင်ဖြစ်လေသည်။

''ဟဲလို…ကျွန်တော် စီဒဗလျူပါ ခင်ဗျ''

''ဟေ…ဟုတ်လား။ ကောင်းတယ်ကွာ။ မင်းကိုယ်တိုင် အခုလိုဆက်တာဟာ အလွန်ကောင်းတယ်။ ဘာကွ သုံးရက်ဟုတ်လား။ ကောင်းပြီလေ၊ ငါတို့ မင်းရှိတဲ့ဆီ ရောက်အောင်လာခဲ့မယ်။ ပြီးတော့ ဘာဆိုတာ စုံစမ်းမှာပေါ့။ လောလောဆယ် ဒီကိစ္စမှာ စမစ် ဝင်ပတ်သတ်နေတယ်ဆိုတာ သိရတာ အရေးကြီးတာပဲ။ သူပါလာပြီဆိုရင် အရေးကြီးပြီသာမှတ်''

ဤသို့ပြောပြီး ဖိလ်ပေါ့သည် စကားဖြတ်လိုက်လေသည်။

ထို့နောက် ဆိုနီယာဘိုချင်စကီးဘက်သို့လှည့်၍ သူ့ကိုယ်သူ ပြောသလိုနှင့်…

''အင်း… သေသေချာချာ စဉ်းစားစရာပါပဲလား။ အခုကိစ္စက ဘာများလဲ။ ဘယ်နေရာမှာလဲ''

ဟု ရေရွတ်လိုက်သည်။

''အော်…တခြားတော့မသိဘူး။ နေရာကတော့ ပြင်သစ်ပြည် ပဲရစ်မြို့ပဲ ဖြစ်ရမှာပေါ့။ ဒါကြောင့်သာ ကျွန်မတို့ ပဲရစ်မြို့သွားဖို့ လေယာဉ်လက်မှတ်တွေ ပို့ပေးလိုက်တာ မဟုတ်လားရှင့်''

ထိုစကားကို ဖိလ်ပေါ့သည် ခေါင်းညိတ်ဝန်ခံလေသည်။

''အေး…ဒါတော့ ဟုတ်ပါတယ်။ နောက်ပြီး လောရင့်က ဘယ်လိုမှ မဖြစ်နိုင်တဲ့စိတ်ကူးယဉ် ကိစ္စတစ်ခုတင်ပြလာတယ်''

''ဘယ်လို တင်ပြတာလဲ…ဟင်''

ဘိုချင်စကီးက ဤသို့မေးလိုက်ခြင်းမှာ အကြောင်းရှိသည်။

သာမန်အားဖြင့် သူမနှင့် ညွှန်ကြားရေးမှူး ဖိလ်ပေါ့တို့ နှစ်ယောက်ကြား၌ လျှို့ဝှက်ကိစ္စဟူ၍မရှိ။ တစ်ယောက်သိလျှင် ကျန်တစ်ယောက်လည်း သိရတတ်သည်။



ယခု ဖိလ်ပေါ့ပြောလိုက်သော ကိစ္စကိုမူ သူမက လုံးလုံးမသိဘဲ ဖြစ်နေသည်။

မိမိအား ဖွင့်ပြောပါက အန္တရာယ်ရှိနိုင်သည်။ စိတ်မချရဟု ဖိလ်ပေါ့က သဘောထား၍ပေလော။

ဖိလ်ပေါ့သည် အပြစ်ရှိသော ကျောင်းသားကလေးတစ်ယောက် ဆရာမရှေ့တွင် မျက်နှာချိုသွေးသလို ဟန်မျိုးဖြင့် ပြုံးလိုက်သည်။

''စိတ်တော့မရှိနဲ့ကွာ။ လောလောဆယ် မင်းကို ပြောမပြသေးဘူး။ ငါနည်းနည်း အချိန်ယူစဉ်းစားချင်သေးတယ်။ ဒီကိစ္စက ဘာမှအရေးမကြီးတာလည်း ဖြစ်နိုင်တယ်။ သိပ်အရေးကြီးတဲ့ကိစ္စလည်း ဖြစ်ချင်ဖြစ်လာနိုင်တယ်''

''ဒါဖြင့်လည်း ကောင်းပါပြီလေ''

''ဆိုနီယာဘိုချင်စကီးက ဤသို့ပြောပြီးကာမှ စကားကို တစ်မျိုးလှည့်ပြောသည့်အနေဖြင့်…

''ဒါထက် လေဆာရောင်ခြည်သေနတ်တွေနဲ့ ပတ်သက်လို့ ကျွန်မတို့ အဖွဲ့အစည်းဟာ အချက်အလက်အသေးစိတ် တိတိကျကျ မရသေးဘူးလို့ ဆိုရမှာပေါ့''

ဟု ဆက်ပြောလိုက်ရာ ညွှန်ကြားရေးမှူး ဖိလ်ပေါ့ကလည်း ခေါင်းညိတ်လိုက်ပြီးနောက် တစ်ဘက်သို့လှည့်၍ စဉ်းစားနေလေသည်။

သူသည် ဆိုနီယာထက် အသက်နှစ်ဆယ်ခန့်ကြီးသော်လည်း ခန့်ညားချောမွေ့သော အင်္ဂါရုပ်ရှိသူ ဖြစ်သည်။ ဆံပင် အနည်းငယ်ဖြူနေသည်မှအပ လူချောတစ်ယောက်ဟု ဆိုရမည်ဖြစ်သည်။ ကျန်းမာရေး အခြေအနေကလည်း အထူးကောင်းမွန်လျက်ရှိသည်။

ဆိုယီယာဘိုချင်စကီးသည် သူ့အပေါ် စိတ်ထဲမှ ကြိတ်၍မေတ္တာရှိနေကြောင်းကိုလည်း ဖိလ်ပေါ့ကိုယ်တိုင်က သိလေသည်။

သို့သော် မသိချင်ဟန်ဆောင်နေလေသည်။

ဖိလ်ပေါ့သည် ဆိုနီယာစလိုက်သောစကားကိုပင် ဆက်ပြောလေသည်။

''လေဆာသေနတ်တွေနဲ့ ပတ်သက်လို့ ငါတို့မေးစရာ မေးခွန်းတွေရှိနေတယ်ကွဲ့။ ဒီသေနတ်တွေကို ဘယ်သူက ဝင်လုယူသွားတာလဲ၊ ဘာကြောင့်လဲ၊ ဘယ်သူ့အတွက်များလဲ''

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ပြောပြီး ဗီလ်ပေါ့သည် စကားကို ဖြတ်ထားလိုက်ကာ စဉ်းစားနေပြန်သည်။

သည်လို စကားကို ရုတ်တရက် ဖြတ်လိုက်ပြီဆိုလျှင် ဗီလ်ပေါ့သည် လေးလေးနက်နက် စဉ်းစားနေပြီဟုသိသဖြင့် ဆိုနီယာကလည်း ဘာမှဝင်မပြောဘဲ ငြိမ်နေလိုက်သည်။

ဗီလ်ပေါ့သည် စားပွဲကို သူ၏လက်ချောင်းများဖြင့် အသာပုတ်၍ ဗုံတီးသလိုလုပ်ရင်း သူ့ကိုယ်သူပြောသလိုနှင့် ပြောပြန်သည်။

"ဇကန္တ ဒီလေဆာသေနတ်တွေဟာ စမစ်ဆိုတဲ့လူအတွက်ပဲ ဖြစ်ရမယ်။ ဂျာမနီပြည် အမေရိကန်စစ်စခန်းထဲဝင်ပြီး ယူသွားသူက ဘယ်သူဘယ်ဝါမှန်း မသိပေမယ့် လက်နက်ကျွမ်းကျင်သူ ပါရဂူတစ်ဦး ဖြစ်ရမယ်လို့ဆိုတာတော့ ထင်ရှားတယ်။ ဒါမျိုးနဲ့ ပတ်သက်လို့ ငါတို့ရဲ့ လျှို့ဝှက်မှတ်တမ်းဖိုင်တွေမှာ အချက်အလက်တွေ စုဆောင်းထားပြီးသား ရှိတယ်။ စစ်မှုထမ်းဟောင်း၊ စီအိုင်အေ ထောက်လှမ်းရေးအဖွဲ့က သူလျှိုဟောင်း၊ အထက်အာဏာပိုင်တွေအပေါ် ပုဂ္ဂိုလ်ရေးအရ မကျေမနပ် ဖြစ်နေတဲ့လူမျိုး၊ ထောက်လှမ်းရေးဝင်လုပ်ရာက စိတ်မချရဘူးလို့ သံသယဖြစ်တာနဲ့ ထုတ်ပစ်ခံရတဲ့လူမျိုး။။ အဲဒီလူမျိုးတွေအကြောင်း စုံစမ်းပြီး ခုရထားတဲ့ မှတ်တမ်းတွေထဲက ဘယ်သူဆိုတာ ငါတို့ရွေးထုတ်ဖို့ပဲ လိုတယ်။ စမစ်က လေဆာရောင်ခြည်သေနတ်တွေ ခိုးယူတဲ့ ကိစ္စမှာ ငါတို့လူ လောရင့်က လက်နက်ပါရဂူတစ်ယောက် ရှာပေးခဲ့ရတယ် ဆိုရင် ဘယ်လောက်ကောင်း လိုက်မလဲ။ အဲဒီလိုဆိုရင် အရေးအကြီးဆုံး လူသုံးယောက်စလုံးဟာ ငါတို့လူတွေဖြစ်နေမယ်မဟုတ်လား"

* * *

မိုက်ကယ်သည် အနောက်ဂျာမနီနိုင်ငံ မြူးနစ်မြို့ နာမည်ကြီး လေးရာသီဟိုတယ်၌ တည်းခိုလျက်ရှိလေသည်။

တကယ့် ဂုဏ်သရေရှိ ကုန်သည်ကြီးတစ်ဦးဟန်မျိုးနှင့် မိုက်ကယ်သည် ဟိုတယ်မှထွက်၍ မလှမ်းမကမ်းရှိ ဘုရားရှိခိုးကျောင်းတစ်ခု ရှေ့မှ ဖြတ်ကာ ဟင်းသီးဟင်းရွက်များရောင်းသည့် ဈေးဘက်သို့ လျှောက်လာလေသည်။

ဟင်းသီးဟင်းရွက်ဈေးအတွင်း တစ်နေရာ၌ လက်တွန်းလှည်းဖြင့် ဈေးရောင်းသူ အမျိုးသမီးကြီးတစ်ဦး ထိုင်နေလေသည်။



မိုက်ကယ်သည် အညောင်းပြေလမ်းလျှောက်ထွက်သည့် ဟန်မျိုးဖြင့် ဂျင်းဘောင်းဘီ၊ ဂျာကင်အင်္ကျီကို ဝတ်ဆင်လျက် လည်ပင်းတွင်လည်း လက်ကိုင်ပဝါ အဖြူတစ်ထည် စည်းထားလေသည်။

သူ၏ ဂျာကင်အင်္ကျီလက်ဝဲဘက် ရင်ဘတ်တွင်လည်း နာမည်ကြီး အမေရိကန်အားကစားအသင်းတစ်သင်း၏ အမှတ်တံဆိပ် တပ်ဆင်ထားသည်။

"ဟဲလို ဂွတ်မောနင်း"

မိုက်ကယ်က ဂျာမန်ဘာသာဖြင့် နှုတ်ဆက်လိုက်ရာ မိန်းမကြီးက သူ၏ ဂျာကင်အင်္ကျီမှ အားကစားအသင်းတံဆိပ်နှင့် လက်ကိုင်ပဝါကို သေချာစွာ လှမ်းကြည့်လိုက်သည်။

"ဂွတ်မောနင်း၊ စားစရာတစ်ခုခု ဝယ်ပါဦးလားကွဲ့"

အမျိုးသမီးကြီးက အင်္ဂလိပ်ဘာသာဖြင့် ပြန်ပြောလိုက်ရာ မိုက်ကယ်ကလည်း ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းသားပဲ၊ ဟောဒါ နည်းနည်းလောက်ပေးပါ"

ဤတွင် မိန်းမကြီးက ချက်စ်နပ်ခေါ် လှော်ထားသော အစေ့ပူပူနွေးနွေးကို စက္ကူအိတ်ဖြင့်ထည့်ပေးရာ မိုက်ကယ်က ကျသင့်ငွေပေးချေပြီး လှည့်ထွက်လာလေသည်။

ဈေးအတွင်းမှ ပြန်ထွက်လာပြီးနောက် မိုက်ကယ်သည် လမ်းဘေးကော်ဖီဆိုင် တစ်ဆိုင်တွင် ဝင်ထိုင်လိုက်သည်။

စောစောက မိန်းမကြီးဆိုင်မှ ဝယ်လာသည့် ချက်စ်နပ်စေ့လှော်ထည့်သည့် စက္ကူအိတ်ကို စားပွဲပေါ်သို့မှောက်ချလိုက်ရာ အတွင်းမှ စက္ကူထုပ်ငယ်တစ်ခု ထွက်လာလေသည်။

စက္ကူထုပ်ငယ်တွင်ကား အမေရိကန်ငွေ ဒေါ်လာတစ်ထောင်တန် စက္ကူငါးရွက်နှင့် ပဲရစ်မြို့သွား လေယာဉ်လက်မှတ်တစ်စောင်ပါရှိလေသည်။ လက်မှတ်က နောက်သုံးရက်ကြာလျှင် စီးရမည်ဖြစ်လေသည်။

မိုက်ကယ်သည် လေယာဉ်လက်မှတ်ထည့်သော စာအိတ်ကို သေချာစွာ ကြည့်လိုက်တော့မှ လက်ဝဲဘက် အပေါ်ထောင့်နားတွင် လေဆာသေနတ်ပုံကို စကက်ချ်ပုံကြမ်း ဆွဲထားသည်ကို သတိပြုမိလေသည်။

ထို့ပြင် ပုံ၏အောက်နား၌

"ယခု မင်းဒီပစ္စည်းကို အသုံးပြုစေချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ အင်္ဂလိပ်ဘာသာဖြင့် တိုတိုတုတ်တုတ်ရေးထားသော စာကြောင်းတစ်ကြောင်း ပါရှိလေသည်။

မည်သူမည်ဝါရေးလိုက်ကြောင်းကိုမူ လက်မှတ်ရေးထိုးမထားချေ။

မိုက်ကယ်လည်း ဟင်းခန်း သက်ပြင်းတစ်ချက် ချလိုက်ပြီးနောက် ကော်ဖီတစ်ခွက် မှာသောက်နေလေသည်။

* * *

ဂီလီယိုသည် ဆာဘာရီနာ၏ အယ်လ်ဖာအမျိုးအစား မော်တော်ကားပေါ်တွင် ထိုင်လိုက်ပါလာလေသည်။

ကားမောင်းနေသူ ဆာဘာရီနာက ဘယ်ကိုသွားမည်ဟုပင် မပြောပဲ အရှိန်ပြင်းစွာဖြင့် မောင်းခဲ့ရာ ယခုဆိုလျှင် ရောမမြို့၏ တောင်ဘက်စူးစူး မြို့ပြင်သို့ ရောက်ရှိနေပြီဖြစ်သည်။

သူမ ကားမောင်းပုံကကြမ်းလှသဖြင့် ဂီလီယိုသည် စိုးရိမ်စပြုလာလေသည်။

သို့ရာတွင် ယောက်ျားပျိုတို့ဘဝ ဆာဘာရီနာ၏ လှပပြည့်ဖြိုးသော ခန္ဓာကိုယ်ကို ကြည့်လိုက်သောအခါ ကြောက်စိတ်ပြေလာပြီး ဤမျှ လှပကျော့ရှင်းသူ ဆာဘာရီနာနှင့် နှစ်ပါးသွားလိုက်ရလျှင် ကောင်းမှာပဲဟူ၍ စိတ်ကူးယဉ်လာမိပြန်သည်။

ယခုအချိန်အထိ ဂီလီယိုသည် ကားထိုင်ခုံခါးပတ်ကို ပတ်ထားရာ ပို၍လွတ်လပ်စွာ လှုပ်ရှားလိုသဖြင့် ခါးပတ်ကို ဖြုတ်လိုက်သည်။

ထို့နောက် သူ၏ လက်တစ်ဖက်ကို ဆာဘာရီနာ၏ ပခုံးပေါ်သို့ အသာတင်လိုက်သည်။

ဆာဘာရီနာက မော်တော်ကားကို ဂရုစိုက်မောင်းနေရသဖြင့် ဂီလီယိုသည် အခွင့်ကောင်းယူလိုက်ခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် အတင့်ရဲလာပုံကား သူ၏ ကျန်လက်တစ်ဘက် ဆာဘာရီနာ၏ ဒူးပေါ်သို့ တင်လိုက်ခြင်းပင်ဖြစ်သည်။

ဂီလီယိုသည် ရောမမြို့တွင် သူ့ကိုယ်သူလည်လှပြီဟု ထင်နေသူ လူငယ်တစ်ဦးဖြစ်သည့်အတိုင်း ယင်းသို့ လက်သရမ်းကြည့်ခြင်းဖြစ်လေသည်။

သို့သော် ဆာဘာရီနာကား အသာငြိမ်ခံနေမည့် မိန်းကလေးတစ်ဦးဟု သူ ထင်မိခြင်းသည် တက်တက်စင် လွဲသွားလေသည်။



သူမသည် ကားကို ခပ်မှန်မှန်မောင်းနေရာမှ ရုတ်တရက် လီဗာကို ဆောင့်နင်းလိုက်ရာ အင်ဂျင်စက်ကောင်းလှသော အယ်လ်ဖာကားသည် တာမှလွှတ်လိုက်သော ပြိုင်မြင်းတစ်ကောင်ကဲ့သို့ တစ်ဟုန်ထိုး ပြေးသွား လေရာ ဂီလီယိုသည် ရှေ့သို့ ယိမ်းထိုးကာ ဦးခေါင်းနှင့် ရှေ့မှန် တအား ပစ်တိုက်မိသွားတော့သည်။

ဆာဘာရီနာသည် မော်တော်ကားကို အရှိန်မလျှော့ဘဲ စက်ကုန်ဖွင့်၍ ဆက်မောင်းလေရာ လမ်းကွေ့တစ်ခုသို့အရောက် တအားကွေ့လိုက်ချိန်တွင် ကား၏ ညာဘက်ဘီးနှစ်လုံး မြေပြင်မှ ကြွတက်လျက် တိမ်းမှောက်တော့မလိုဖြစ်သွားသည်။

ဂီလီယိုသည် စောစောက ဆာဘာရီနာ၏ အလှတွင် ယစ်မူးနေခဲ့သလောက် ယခုတော့ ကားမှောက်ပြီး သေရတော့မှာပါကလားဟု အကြီးအကျယ် စိုးရိမ်တုန်လှုပ်ကာ မျက်နှာတစ်ခုလုံး သွေးမရှိတော့သလို ဖြူဖပ်ဖြူရော်ဖြစ်နေလေတော့သည်။

ဆာဘာရီနာသည် သူမ၏ဘေးမှ ကိုလူပျိုဂီလီယို၏ ဖြစ်နေပုံကို ကြည့်ပြီး သဘောကျဟန်ဖြင့် ပြုံးနေလေသည်။

သို့သော် ကားကိုတော့ အရှိန်မလျှော့ဘဲ တအားဆက်မောင်းနေရာ ဂီလီယိုသည် ကြောက်အားလန့်အားနှင့် ဘုရားတ နေမိလေသည်။

ချောင်းကူးတံတားတစ်ခုသို့အရောက်တွင် အယ်လ်ဖာသည် မော်တော်ကားကို တံတား၏ဘေးမှ တိုင်ကြီးတစ်တိုင်ကို ဝင်တိုက်မိတော့မလို တည့်တည့်ကြီးသွားနေသဖြင့် ဂီလီယိုသည် မကြည့်ဝံ့တော့ဘဲ မျက်စိစုံမှိတ်ထားလိုက်တော့သည်။

သို့သော် ကားမောင်းကျင်လည်လှသူ ဆာဘာရီနာသည် တံတားထိပ်သို့ ရောက်လုဆဲကျမှ ရုတ်တရက် ကွေ့ရှောင်လိုက်ပြီး တံတားအလယ်သို့ တည့်တည့်မတ်မတ်မောင်းသွားနိုင်လေသည်။

တစ်ဘက်သို့ ရောက်သွားတော့မှ သူမက ကား၏အရှိန်ကို တစ်နာရီမိုင်နှစ်ဆယ်နှုန်းခန့်ထိအောင် လျှော့ချလိုက်သည်။

ထိုအချိန်၌ ကား၏အတွင်းမှ အသံတစ်မျိုး ထွက်လာလေသည်။

ရေဒီယိုအချက်ပြ ဆက်သွယ်ရေးစက်မှ အီလက်ထရွန်နစ် လှိုင်းစိမာတ်အားဖြင့် ခေါ်သည့် အသံမျိုးဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆာဘာရီနှာသည် စတီယာရင် (လက်ကိုင်)ကို လက်တစ်ဖက်ဖြင့် ထိန်းထားရင်း လက်တစ်ဘက်က ကား၏မိုင်နှုန်းပြသည့် ဒိုင်ခွက်အောက်နားဆီသို့ နှိုက်ပြီး မိုက်ကရိုဖုန်းဓာတ်ခွက်ကစ်ခု ဆွဲယူလိုက်သည်။

ဓာတ်ခွက်မှာ ရေဒီယိုတယ်လီဖုန်း စကားပြောရာတွင် သုံးရသည့် မိုက်ကရိုဖုန်းမျိုး ဖြစ်လေသည်။

"ဟဲလို…ပစ္စန်တို"

ဆာဘာရီနှာက စကားဝှက်ဖြင့် စတင်ပြောလိုက်ရာ တစ်ဘက်မှ ဆိုနီယာဘိုချင်စကီး၏အသံ ထွက်လာလေသည်။

"ဟဲလို…ဟဲလို…ဒုတိယ စကားဝှက်ကို ပြောပါ။ ဒုတိယ စကားဝှက်"

"အိုကေ…တူး ဘေကာ၊ တူး ဘေကာ"

ဆာဘာရီနှာက စကားဝှက်ကို ပြောလိုက်တော့မှ တစ်ဖက်မှ လျှူနှာကို ညွှန်ကြားရေးမှူး ဖီလ်ပေါ့၏အသံ ထွက်လာလေသည်။

"အိုကေ…အခု မင်းတစ်ယောက်တည်းပဲလား။ အနားမှာ တခြားလူများ ရှိနေသလား"

"ဟဲလို…မစ္စတာဖီလ်ပေါ့ ကိုယ်တိုင်ပါလား။ ဝမ်းသာပါတယ်ရှင်၊ အခု ကျွန်မတစ်ယောက်တည်း မဟုတ်ဘူး။ အနားမှာ လူတစ်ယောက်ရှိတယ်။ ဒါပေမယ့် သူက နိုင်ငံခြားသား။ အင်္ဂလိပ်စကားတစ်လုံးမှ နားမလည်ပါဘူး။ ပြီးတော့ လက်ရှိအခြေအနေအရ သူ့ခမျာ ဘာမှစဉ်းစားမရဘဲ ဖြစ်နေရှာတယ်"

ပြောရင်းနှင့် ဆာဘာရီနှာသည် အနီးရှိ ဂီလီယိုအား တစ်ချက်လှမ်းကြည့်လိုက်သည်။

အီတလီနိုင်ငံသား ကိုလူပျိုမှာ အကြောက်လွန်ပြီး ပတ်ဝန်းကျင်၌ ဘာဖြစ်နေသည်ကိုပင် စိတ်ဝင်စားပုံမရဘဲ မျက်လုံးများကြောင်ကာ ရှေ့တည့်တည့်သို့ ငေးကြည့်နေလေသည်။

တစ်ဖက်မှ စကားပြောနေသူ ဖီလ်ပေါ့သည် အခြေအနေ အသေးစိတ်ကို ဆက်လက်ပြောပြရင်း စမစ်ဆိုသူ၏ ကိစ္စတွင် စီဒဗလျူသည်လည်း ဆာဘာရီနှာနှင့် ပူးပေါင်းလုပ်ကိုင်မည်ဖြစ်ကြောင်းကိုပါ သတင်းပေးလိုက်သည်။



"ဝမ်းသာလိုက်တာရှင်၊ ဒီမယ် မစ္စတာဖီလ်ပေါ့။ စီဒဗလျူကို ပြောလိုက်ပါ။ ကျွန်မက သူ့ကို အထူး သတိရနေပါတယ်လို့။ ပြီးတော့ ကျွန်မနဲ့ အတူလက်တွဲအလုပ်လုပ်တဲ့အခါ သူ့အဖို့ ဘာပြဿနာမှ မဖြစ်အောင် ကြည့်လုပ်ပါ့မယ်လို့လည်း ပြောလိုက်ပါနော်"

"အေးပါ၊ သူ့အတွက် တာဝန်ယူသလို မင်းကိုယ်မင်းလည်း အန္တရာယ်မရှိအောင် ကြည့်လဲလုပ်ဦး။ နောက်တစ်ချက်က သောကြာနေ့ ကျရင် မင်းက လုလှပပ ဝတ်စားထားစမ်းပါ။ ဆိုနီယာဘိုချင်စကီးနဲ့ ငါတို့ ကိုယ်တိုင်လာခဲ့မယ်"

"စိတ်ချပါရှင်။ ကျွန်မအတွက် ဘာမှမပူပါနဲ့။ ကဲ… ပြောစရာ ဒါပဲမဟုတ်လား"

"ဟေး… ဆာဘာရီနှာ နေဦးကွ။ ငါပြောစရာမဆုံးသေးဘူး။ ဟို… စိန်တွေကိစ္စ ပြောရဦးမယ်။ စိန်တွေကို မင်းပြန်ပေးမှဖြစ်မယ်။ ဒီမယ်… ဆာဘာရီနှာ။ ငါတို့အဖွဲ့အစည်းနဲ့ ဆက်သွယ်အလုပ်လုပ်နေချိန်မှာ အဖွဲ့သားတွေက တကယ့်ရာဇဝတ်မှုကျူးလွန်တာကို တို့က ခွင့်မပြုနိုင်ဘူးကွဲ့။ သဘောပေါက်တယ် မဟုတ်လား"

ထိုစကားကို ဆာဘာရီနှာက ပြန်ပြောပုံမှာ ထူးဆန်းသဖြင့် ဖီလ်ပေါ့သည် အံ့အားသင့်သွားမိလေသည်။

"ဟဲ…ဟဲလို…ဟဲလို၊ နယူးယောက်…ဘယ်လိုလဲ။ တယ်လီဖုန်းက ကောင်းကောင်းမကြားရတော့ပါကလား။ ဧကန္တ ကျွန်မရဲ့ ရေဒီယိုတယ်လီဖုန်းစက်က ချွတ်ယွင်းသွားပြီနဲ့တူတယ်။ ကိုင်း ဒါပဲနော် မစ္စတာဖီလ်ပေါ့။ နောက်တစ်ကြိမ်ကျမှ ဆက်ပြောကြတာပေါ့…ဂွတ်ဘိုင်"

ဤသို့ပြောပြီး ဆာဘာရီနှာက ရုတ်တရက် ရေဒီယို တယ်လီဖုန်းစက်ကို ပိတ်လိုက်လေသည်။

* * *

တစ်ဖက်မှ နယူးရောက်မြို့တွင် ဖီလ်ပေါ့သည် ဆာဘာရီနှာ၏ အပြုအမူကို စဉ်းစားရင်း သဘောပေါက်သွားကာ ပြုံးလိုက်လေသည်။

"အင်း… ဒီကောင်မလေးကတော့"

စကားမဆုံးမီ ဆိုနီယာ ဘိုချင်စကီးက ကြားဖြတ်၍…

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်။ ဆာဘာရီနာဆိုတဲ့ ကောင်မလေးက ရှင့်စိတ်ကို ထာဝစဉ်နုပျိုနေအောင် ဖန်တီးပေးနိုင်စွမ်းရှိတယ်" ဟု ပြောလိုက်သည်။

ထိုအခါ ဖီလ်ပေါ့သည် ဆိုနီယာအား အဓိပ္ပာယ်ပါပါ ကြည့်ပြုံးရင်း...

"အဲဒါကတော့ မင်းက လုပ်ပေးဖို့ တာဝန်ရှိတယ်ကွဲ့ ဟဲ ဟဲ"

ဟုပြောကာ မျက်စိတစ်ဖက်မှိတ်ပြလိုက်စဉ်မှာပင် ဘာဆီလ် မျက်မှန်နှင့် လူငယ်သည် အခန်းတွင်းသို့ ပြန်ဝင်လာလေသည်။

ဤတွင် ဖီလ်ပေါ့သည် ချက်ချင်း မျက်နှာပိုးသပ်ကာ ဆိုနီယာအား ခပ်တည်တည် ညွှန်ကြားချက်ပေးနေလေသည်။

"ပြီးတော့... ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဆီ တယ်လီဖုန်းဆက်ပြီး ပြင်သစ်ပြည်အစိုးရရဲ့ 'အနီရောင်' စကားဝှက်အရ ပထမ ဦးစားပေး အဆင့် ပြောစရာရှိလို့ စီစဉ်ပေးပါလို့ ပြောလိုက်"

"ဟုတ်ကဲ့ရှင်"

ဆိုနီယာကလည်း မျက်နှာထားတည်တည်နှင့် မှတ်စုစာအုပ်ထဲ ရေးမှတ်ရင်း ပြောလိုက်သည်။

"ပြီးတော့... သောကြာနေ့မနက် ပြင်သစ်ပြည် ပဲရစ်မြို့ကိုသွားဖို့ လူနှစ်ယောက်အတွက် လေယာဉ်လက်မှတ်ပါ ကြိုတင်လုပ်ထားပါ"

"ကောင်းပါပြီ"

ထိုအချိန်၌ ဘာဆီလ်အမည်ရှိ လူငယ်သည် ဖီလ်ပေါ့၏ စားပွဲပေါ်တွင် ဖိုင်ငယ်တစ်ခုချပေးပြီး ပြန်ထွက်မည်အပြုတွင် ဖီလ်ပေါ့က ဆိုနီယာအား လေသံခပ်တိုးတိုးဖြင့်...

"သြော်...ဒါထက်၊ ခါတိုင်းလိုပဲ 'ရစ်ဇ်' ဟိုတယ်မှာ ငါတို့ ထိုင်နေကျစားပွဲသီးသန့် 'ဘွတ်ကင်' လုပ်ထားဖို့လည်း မမေ့နဲ့"

ဟု ပြောလိုက်သည်။

ဆိုနီယာလည်း 'ဟုတ်ကဲ့...စိတ်ချပါ' ဟု ပြော၍ အခန်းပြင်ဘက်သို့ လျှောက်ထွက်သွားရာ တံခါးဝတွင် ဘာဆီလ်နှင့် ဆုံမိကြသည်။

ဤတွင် ဘာဆီလ်က အဓိပ္ပာယ်နားလည်ဟန်ဖြင့် ပြုံးပြပြီး ဆိုနီယာအား မျက်စိတစ်ဖက် မှိတ်ပြလိုက်လေသည်။

* * *



## အခန်း၅

စမစ်သည် ဂျာကူဇီ ရေကန်အတွင်း အညောင်းပြေ ရေကူးနေလေသည်။

သူသည် ရံဖန်ရံခါ ယခုကဲ့သို့ ကိုယ်ရောစိတ်ပါ အပန်းပြေစေရန် စိတ်အေးလက်အေး ရေကူးလေ့ရှိသည်။

ယခုလည်း သူသည် စိတ်အနှောင့်အယှက်ဖြစ်စရာ ကိစ္စတွေ မှန်သမျှ မေ့ပစ်ထားကာ ရေထဲ၌ ကိုယ်ဖော့လျက် အပန်းဖြေနေခြင်းဖြစ်သည်။

ခဏမျှအကြာတွင် ရေစပ်ဆီမှ ခြေသံလိုလို ကြားလိုက်သည်တွင် စမစ်သည် ပြုံးလိုက်သည်။

မည်သူ၏ ခြေသံဖြစ်ကြောင်း သူအတတ်သိ၍ ပြုံးလိုက်ခြင်းပင်ဖြစ်သည်။

ရေအိုင်အစပ်နားဆီသို့ စမစ်က ခပ်ဖြည်းဖြည်း ကူးသွားချိန်တွင် ကျော့ရှင်းလှသော မိန်းကလေးတစ်ဦးက အရက်ဖန်ခွက်တစ်ခွက် လှမ်းပေးလေသည်။

စမစ်လည်း အရက်ခွက်ကိုယူ၍ တစ်ငုံနှစ်ငုံမျှ သောက်လိုက်ပြီးနောက် လှပျိုဖြူမိန်းကလေးအား လှမ်းကြည့်လိုက်သည်။

သည်တစ်ခါတော့ သူမသည် မပြုံးတော့ဘဲ မျက်နှာထားက တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားမိသည့်ဟန်မျိုးဖြစ်နေသည်။

မိန်းကလေး၏အမည်က လီယာဖြစ်လေသည်။

"ဒီနေ့ ငါဟာ ကိုယ့်ဘဝကို ပြန်ပြီး စဉ်းစားသုံးသပ်နေမိတယ်ကွဲ့"

စမစ်က စကားစလိုက်ရာ လီယာက နားလည်မှုရှိဟန်ဖြင့် ခေါင်းညိတ်ပြလေသည်။

"ဟုတ်လား၊ ရှင်...ရှင်ကတော့ အလွန်စဉ်းစားတတ်တဲ့ လူတစ်ယောက်ပါပဲ"

လီယာသည် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့ ဇာတိဖြစ်၍ အင်္ဂလိပ်စကားပြောရာ၌ ဂျာမန်သံ အနည်းငယ်ဝဲနေလေသည်။

မျက်နှာကလေးက ကျော့ရှင်းလှပသလောက် ခန္ဓာကိုယ်ကလည်း အလှန့်အချိုးအစားကျကာ ပြေပြစ်လှပသူဖြစ်၍ မြင်သူတကာ တပ်မက်ချင်

www.burmeseclassic.com

www.burmeseclassic.com



စဖွယ် မိန်းကလေးတစ်ဦးဖြစ်သည်။

သို့သော် သူမသည် ယခုလောလောဆယ်အားဖြင့် စမစ်တစ်ဦး တည်းပိုင်ပစ္စည်းတစ်ခု ဖြစ်နေသည်။

စမစ်က ခပ်တိုးတိုး ဆက်ပြောလေသည်။

"မင်းပဲ စဉ်းစားကြည့်လေကွာ၊ ငါ့လက်ရှိအခြေအနေကို ပြန်လည် သုံးသပ်ကြည့်ရင် ငွေကြေးလိုတာထက်ပိုအောင် ပြည့်စုံတယ်။ ဒီရေအိုင်စပ်က တိုက်အိမ်ကြီးကိုလည်း ပိုင်တယ်။ ဒါတင်မကသေးဘူး၊ ငါ့မှာ ပင်လယ်ခရီး သွားနိုင်တဲ့ ဓိမ်ခံသင်္ဘောတစ်စင်းရယ်၊ ရှေးဟောင်း အနုပညာ ပန်းချီပန်းပု လက်ရာ အဖိုးတန်တွေ၊ ကျောက်မျက်ရတနာတွေလည်းရှိတယ်။ အိုကွာ လူတစ်ယောက်အနေနဲ့ လောကမှာ လိုချင်တောင့်တစရာ မှန်သမျှ ငါ့မှာ ပြည့်စုံနေတယ်မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါလင်ရယ်"

လီယာက အလိုက်သင့် ပြောလိုက်ပြီးနောက် စမစ်ကပင် စကား ဆက်ပြန်သည်။

"ကောင်းပြီ၊ ဒါလောက် ပြည့်စုံကုံလုံနေတဲ့ ငါ့လိုလူဟာ ဘာ ကြောင့် ရာဇဝတ်မှုခင်းလုပ်ဖို့ ဝါသနာပါနေရတာလဲ။ ဒါဟာ သဘာဝကျရဲ့ လား၊ မှန်ရဲ့လား"

"ဒါတော့ရှင် ရှင် လုပ်ခဲ့တာတွေလည်း ပြန်ကြည့်ပါအုံး။ ရှင်က အလွန်ခဲရာခဲဆစ် အလုပ်မျိုးတွေမှ ရွေးလုပ်ခဲ့တယ်မဟုတ်လား။ ဘယ်သူမှ မတတ်နိုင်တဲ့အလုပ်မျိုးတွေကို ဖြစ်အောင်လုပ်နိုင်ခဲ့တာဟာ ထူးခြားတဲ့ အရည် အချင်းပါပဲ။ ဥပမာ ရှင်ဟာ ရှေးဟောင်း ခေါမခေတ် အနုပညာပစ္စည်းတစ်ခုကို ပြင်သစ်ပြည် အနုပညာပြတိုက်ထဲဝင်ပြီး အတုနဲ့အစစ် လဲယူခဲ့တယ်။ နာမည် ကြီး ရုပ်ရှင်မင်းသမီးအယ်လစ်ဇဘက်တေလာရဲ့ စိန်လက်ကွပ်ကိုလည်း ရေချိုး ခန်းထဲက မရ,ရအောင် ယူနိုင်ခဲ့တယ်။ ပြီးတော့ တောင်အမေရိကန် ရှေး ဟောင်း အင်ကာလူမျိုးတို့ရဲ့ အဖိုးတန်အနုပညာပစ္စည်းတွေကိုလည်း မရ,ရ အောင် မှောင်ခိုထုတ်ယူနိုင်ခဲ့တယ်။ ဒါတွေဟာ ထူးခြားတဲ့ အောင်မြင်မှုတွေပဲ မဟုတ်လားရှင့်"

သူမ၏ စကားကိုကြားလျှင် စမစ်သည် သဘောကျသွားလျက် ပြုံးလာလေသည်။



"ဒါတော့ဟုတ်တယ်။ မင်းလဲသိမှာပေါ့။ ဟို ဘလူးဖွန်တိန်စိန်တွေ ဟာ ဘယ်သူမှ လက်ဖျားနဲ့မတို့နိုင်အောင် လုံခြုံရေးအစီအစဉ်လုပ်ထားပေ မယ့် ငါရအောင် ယူနိုင်ခဲ့တယ်။ ပြီးတော့ လန်ဒန်မြို့က ရှေးဟောင်း အိင်္ဂလိပ် ပြည်က အနုပညာပစ္စည်းပြတိုက်ကလည်း ဘယ်လိုနည်းနဲ့မှ ဝင်ခိုးလို့မရနိုင် ဘူးလို့ သူတို့ ကြွားခဲ့တယ်မဟုတ်လား"

"ဟုတ်တယ် ရှင့်၊ ဟုတ်တယ်။ ရှင်က တကယ်တော်တာပဲနော်။ ဟီ ဟိ"

လီယာက ရယ်သွမ်းသွေး၍ပြောရင်း ဝတ်ထားသော ညအိပ် အင်္ကျီ ရှည်ကြီးကို ချွတ်ချလိုက်လေသည်။

စမစ်သည် မိမွေးတိုင်း ဖမွေးတိုင်းဖြစ်နေသော လီယာ၏ ခန္ဓာကိုယ် သဘာဝအလှကိုငေးမောကြည့်နေစဉ်မှာပင် သူမက ရေထဲသို့ ခုန်ဆင်းလိုက် သည်။

စမစ်လည်း လီယာရှိရာ ရေကန်အလယ်သို့ ရေကူးလိုက်သွား လေသည်။

* * *

အိမ်ကြီးသည် ပြင်သစ်ပြည် အော်လီယင်မြို့ တောင်ဘက်ဆင်ခြေ ဖုံးတွင် တည်ရှိပြီး ဧကပေါင်းများစွာ ကျယ်ဝန်းသော ခြံကြီးအတွင်း တည်ရှိ လေသည်။

အိမ်ကြီး၏အမည်က ဂျာကူဇီဖြစ်သည်။ ထို့ကြောင့် အိမ်ဝင်း အတွင်းရှိ ရေကန်ကိုလည်း ဂျာကူဇီကန်ဟု ခေါ်ခြင်းဖြစ်လေသည်။

ခြံကြီးအတွင်း အဖိုးတန်မြင်းများ မွေးထားသော မြင်းဇောင်းလည်း ရှိလေသည်။ အပျင်းပြေစီးရန်အတွက် ထားခြင်းဖြစ်သော်လည်း အိမ်ကြီးရှင် စမစ်သည် တစ်ခါတစ်ရံမှသာ မြင်းစီးလေ့ရှိလေသည်။

စမစ်သည် ဂျာကူဇီအိမ်ကြီး၏ အိပ်ခန်းအတွင်းမှ လှပျိုဖြူ လီယာနှင့် အတူ အိစက်ညက်ညောသော ဖဲမွေ့ရာကြီးပေါ်တွင် ရောက်နေလေသည်။

သူ့အဖို့ လူ့လောကတွင် ဘာမှလိုလေသေးမရှိ။ ပြည့်စုံနေပြီ ဖြစ် သည်။

ယခုလောလောဆယ် စီစဉ်အကွက်ဆင်ထားသော လုပ်ငန်းမှ သူ

www.burmeseclassic.com

www.burmeseclassic.com



သည် ဒေါ်လာငွေသန်းသုံးဆယ်ရရှိရန် သေချာသလောက်ဖြစ်နေပေသည်။

သို့ရာတွင် စမစ်၏ လက်ရှိအခြေအနေအရ ငွေကြေးမလိုပါချေ။ သူ့တွင် လိုသမျှငွေတွေ လက်ဝယ်ရရှိထားပြီးဖြစ်သည်။

လက်ငင်း ငွေမလိုသော်လည်း ငွေသည် သူ့အတွက် များစွာအသုံးဝင်သည်ဟူ၍ကား စမစ်က စဉ်းစားမိလေသည်။ ငွေကြေး အမြောက်အမြားရှိပြီး ရေလိုဖြုန်းနိုင်၍လည်း သူသည် ယခုလိုဩစာအာဏာတွေ ရရှိခဲ့သည် မဟုတ်ပါလား။

စမစ်သည် လူဆန်းတစ်ယောက်ဖြစ်လေသည်။

သူ၏ မွေးရာဇာတိက မည်သည့်နိုင်ငံဟူ၍ မည်သူမျှ မသိကြချေ။ သို့သော် အရေးမကြီး။ စမစ်သည် နိုင်ငံပေါင်း များစွာ၌ ကိုယ်ပိုင်အိမ်ကြီး တစ်လုံးစီ ဝယ်ယူထားရှိပြီး နေချင်သည့်နေရာတွင် နေချင်သည့်အချိန် သွားနေနိုင်ပေသည်။ ဘာသာစကားမျိုးစုံတတ်သလို သူသည် နာမည်ကိုလည်း အမျိုးမျိုးပြောင်း၍ လှုပ်ရှားသွားလာလေ့ရှိသည်။

နာမည်ပြောင်း၍ လူသစ်တစ်ယောက်အသွင် သွားလာသောအခါ သူသည် အင်္ဂါရုပ်ကိုပါ ပြောင်းလဲပစ်လေ့ရှိသည်။ ထို့ကြောင့် စမစ် မူလ ငယ်ရုပ်က မည်သို့နေသည်ကို မည်သူမှ မသိကြ။ စမစ် ကိုယ်တိုင်ကပင် သူ၏ ငယ်ရုပ်ကို မေ့သလောက်ရှိနေပြီဖြစ်သည်။

* * *

စမစ်သည် စိတ်ကူးယဉ်နေရာမှ ရုတ်တရက် လက်တစ်ဘက် လှမ်း၍ လီယာအား ဖမ်းဆွဲလိုက်သည်။

သူ့အနေဖြင့် အလိုရှိသည့်အချိန်တွင် လီယာကဲ့သို့ လှပျိုမြူတစ်ဦး အဆင်သင့်ရှိနေအောင် ဖန်တီးထားခြင်းဖြစ်သည်။ လီယာ မဟုတ်လျှင်လည်း အခြားမိန်းကလေးချောချောလှလှတစ်ယောက် ဖြစ်ချင်ဖြစ်ပေမည်။ သို့သော် စမစ်အဖို့ မည်သူမည်ဝါဟူ၍ အရေးမကြီး သူ၏ လိုအင်ဆန္ဒကို ဖြည့်စွမ်းနိုင်မည့် မိန်းကလေးဖြစ်လျှင်ပြီးသည်။

ဤကား စမစ်၏ လူ့ဘဝနှင့် လောကီစည်းစိမ်ခံစားရေးနှင့် ပတ်သက်၍ အယူအဆပင်ဖြစ်သည်။

မိနစ်အနည်းငယ်မျှကြာသောအခါ ဟယ်လီကော့ပ်တာ (ရဟတ်ယာဉ်)



တစ်စင်းသည် ဂျာကူဇီအိမ်ကြီးရှေ့ရှိ မြက်ခင်းပြင်တွင် ညင်သာစွာ ဆင်းသက်လာလေသည်။

ရဟတ်ယာဉ်ပေါ်မှ အရပ်မြင့်မြင့်၊ ဗလကောင်းကောင်း လူငယ်တစ်ဦး ဆင်းလာလေသည်။ ရုပ်ရည်အားဖြင့် ခန့်ညားချောမွေ့ပုံရသော်လည်း မျက်နှာတွင် ဓားဒဏ်ရာအမာရွတ်ကြီးတစ်ခု ရှိနေသဖြင့် သူ့အား အရုပ်ဆိုးစေသည်ဟု ဆိုနိုင်ပေသည်။

သူ၏ နာမည်ကား ကလော်ဒီဖြစ်သည်။ သူသည်လည်း စမစ်က ပိုင်ဆိုင်သောပစ္စည်းတစ်ခုဖြစ်လေသည်။

အိပ်ခန်းတွင်း၌ကား စမစ်နှင့် လီယာတို့သည် တူနှစ်ကိုယ် ချစ်ဗျူဟာ ခင်းနေရာ ကလော်ဒီက အခန်းတံခါးခေါက်လိုက်သည်တွင် စမစ်သည် မည်သို့မှ စိတ်အနှောင့်အယှက် မဖြစ်ဟန်နှင့်…

"ဝင်ခဲ့ပါ၊ တံခါးစေ့ရုံစေ့ထားတယ်"

ဟု လှမ်းပြောလိုက်သည်။

ကလော်ဒီလည်း တံခါးကိုဆွဲဖွင့်၍ဝင်လိုက်ရာ ခုတင်ပေါ်မှ စုံတွဲကို မြင်လျှင် အံ့အားသင့်တုန်လှုပ်လျက် ရှက်သလို အားနာသလိုဖြစ်သွား မိလေသည်။

"ဟာ…ဆောရီးပဲခင်ဗျ၊ ကျွန်တော်က မစ္စတာစမစ် တစ်ယောက်တည်း ရှိတယ်မှတ်လို့"

သည်တော့မှ စမစ်သည် သူ၏ ကြင်ဖော်အမျိုးသမီးနှင့် လူချင်းခွာလိုက်ပြီး ကလော်ဒီအား ခပ်တည်တည်ဖြင့် စကားပြောလေသည်။

"ဒီမယ် ကလော်ဒီ၊ ငါဟာ ဘယ်တော့မှ တစ်ယောက်တည်း မရှိဘူးဆိုတာ မင်း သိသားပဲမဟုတ်လား။ ဒါထက် အားလုံး အိုကေရဲ့လား။ အိုကေမှာပါပဲလေ။ မဟုတ်ရင် မင်း ဒီနေရာကို လာဝံ့မှာမဟုတ်ဘူး"

"ဟုတ်ပါတယ်၊ အခြေအနေအားလုံး အိုကေပါတယ် ခင်ဗျ"

"အေး…ဒီလိုမှပေါ့ကွ"

ပြောရင်းနှင့် စမစ်က အနီးရှိ လီယာအား လက်တစ်ဖက်ဖြင့် ဖက်ထားလိုက်ပြန်ရာ၊ မြင်နေရသူ ကလော်ဒီပင်လျှင် မျက်စိရှက်သလို ဖြစ်သွားမိသည်။

"မစ္စတာစမစ် ခင်ဗျား၊ ကျွန်တော် လေဆိပ်ကို သွားလိုက်ဦးမယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အဖွဲ့သား လူသစ်တွေကို ဒီခေါ်လာခဲ့ပါ့မယ်''

ကလော်ဒီက ခပ်မြန်မြန် ပြန်ထွက်လို၍ ပြောသော်လည်း စမစ်က တစ်မျိုးပြောပြန်သည်။

''ဟေ့ကောင်…ဒီကို တိုက်ရိုက်ခေါ်မလာနဲ့ဦးကွာ။ မင်း သ ထားဖို့က ငါတို့ကြိုတင်စီစဉ်ထားတဲ့အတိုင်း လိုက်နာရမယ်၊ နားလည်လား'

''ဟုတ်ကဲ့ခင်ဗျ၊ ဟုတ်ကဲ့ခင်ဗျ၊ ဘာမှ မစိုးရိမ်ပါနဲ့၊ လူကြီးမင်း နာမည်နဲ့တကွ ဒီအိမ်ကြီး နေရာကိုပါ ဘယ်သူမှ မသိအောင် အထူးလျှို့ဝှ ထားပါမယ်။ ဟိုလူတွေ ရောက်လာတဲ့အခါ လူကြီးမင်း ဘယ်မှာရှိနေတ ဆိုတာ လုံးဝမသိစေရပါဘူး။ ဒါတင်မကဘူး သူတို့ကိုယ်တိုင်က ဘယ်နေ ရောက်နေမှန်း မသိအောင် ကျွန်တော်တို့ ကြည့်လုပ်ပါ့မယ်''

ကလော်ဒီက ပျာပျာသလဲပြောလိုက်မှ စမစ်သည် ကျေနပ်သွား ရလေသည်။

''အေး…ကောင်းတယ်။ ဒါမျိုးမှ ငါ့ သဘောကျတာကွ''

ပြောရင်းနှင့် စမစ်သည် လီယာ၏ တစ်ကိုယ်လုံးကို သိမ်းကျုံ ပွေ့ဖက်ရင်း ကလော်ဒီဘယ်သို့ လှည့်ပြုံးပြလေသည်။

''ဟေ့…ကလော်ဒီ၊ မင်းကော အခုလို အပန်းမဖြေချင်ဘူးလာ ကွ''

ထိုစကားကိုကြားလျှင် နဂိုက လီယာ၏ လှပပြည့်ဖြိုးသော ကိုယ်လုံ ကိုကြည့်ပြီး စိတ်လှုပ်ရှားနေသူ ကလော်ဒီမှာ ပို၍ပင် နှလုံးတုန် ရင်ခုန်သ ဖြစ်သွားမိတော့သည်။

''ကျေးဇူးတင်ပါတယ်ခင်ဗျ၊ အခုကျွန်တော် အလုပ်ရှိသေးလို့ သွားလိုက်ပါမယ်''

ကလော်ဒီက စကားကို ခပ်မြန်မြန်ဖြတ်လျက် သုတ်ခြေတင် ထွက် သွားလေသည်။

* * *

ကောင်းကင်ပြင်တစ်ခုလုံးကို ဖုံးအုပ်လျက်ရှိသော တိမ်တိုက်ကြီးမျာ အနည်းငယ်ကွဲသလိုရှိချိန်တွင် ကွန်ကော့ဒ်အမျိုးအစား ဂျက်လေယာဉ်ကြီ သည် ပြင်သစ်ပြည် ပဲရစ်မြို့၏ ဒီဂေါလ်လေဆိပ်သို့ ချဉ်းကပ်မိပြီဖြစ်သည်။



ဆိုနီယာသည် လေယာဉ်ပေါ်မှ အောက်သို့ ငုံ့ကြည့်လိုက်ရာ အရှေ့ တောင်ဘက် ၁၂ မိုင်ခန့်အကွာရှိ ပဲရစ်မြို့တော်၏ အမည်ဗဟိုကို လှမ်းမြင်ရလေ သည်။

ပဲရစ်မြို့သည် ပြင်သစ်ပြည်၏အလယ် သာယာပြန့်ပြူးသော မြေပြန့် တွင် တည်ရှိကြောင်းကိုလည်း သတိပြုမိသည်။

လေယာဉ်မယ်တစ်ဦးက ဆိုနီယာ၏ ရှေ့စားပွဲပေါ်မှ ဖန်ခွက်လွတ် များ လာသိမ်းယူနေစဉ် နောက်လေယာဉ်မယ်တစ်ဦး ရောက်လာပြီး စာရွက် တစ်ရွက် ပေးလေသည်။

''အယ်လီဆီနန်းတော်ကတစ်ဆင့် ရေဒီယိုတယ်လီဖုန်းနဲ့ ဆက်ပြော တာကို ကျွန်မတို့ ရေဒီယိုအရာရှိက ရေးမှတ်ပြီး ပို့ခိုင်းပါတယ်။ မစ္စဆိုနီယာ ကိုချင်စကီးကို အမြန်ပေးပါလို့ပြောတယ်။ ရှင်က တော်တော် အရေးပါတဲ့ ပုဂ္ဂိုလ်ဖြစ်လိမ့်မယ် ထင်ပါတယ်''

''ဟုတ်တယ်၊ ကျုပ်က အရေးပါတဲ့ပုဂ္ဂိုလ်ပဲ''

ဟု ခပ်တည်တည် ပြောလိုက်သည်။

ဤတွင် ဘေးနားရှိ ဖီလ်ပေါ့က ထိုင်ခုံပေါ်တွင် လှဲလျောင်းနေရာမှ။

''သူဆိုလိုတာက ကျုပ်က အရေးပါတယ်လို့ ဆိုလိုတာပါ''

ဟု ပြောလိုက်သည်။

''ဪ…ဟုတ်လားရှင့်၊ ဒါဖြင့် အရေးပါတဲ့ မစ္စတာဗွီအိုင်ပီကြီး ရှင့်၊ ထိုင်ခုံမှာ မတ်မတ်ကလေး ပြန်ထိုင်ပြီး၊ ခါးပတ်ကို ပတ်ထားပါတော့၊ ကျွန်မတို့ လေယာဉ်ဟာ ဒီဂေါလ်လေဆိပ်ကို ဆင်းတော့မှာဖြစ်ပါတယ်''

လေယာဉ်မယ်က ပြုံး၍ပြောပြီး ထွက်သွားလေသည်။

ဆိုနီယာသည် စာရွက်ခေါက်ကို ဖွင့်ဖတ်လိုက်သည်။

''ဟာ…မစ္စတာ ဂီစတတ် ကိုယ်တိုင်ဆီကပဲရှင့်။ ရှင်လိုချင်တဲ့ အနီရောင်ထိပ်တန်း ဦးစားပေးအဆင့်ရပြီ''

ဆိုနီယာက ပြောလိုက်သည်တွင် ဖီလ်ပေါ့သည် ချက်ချင်းပင် ထိုင်ခုံ တွင် ခပ်မတ်မတ်ပြန်ထိုင်၍ ထိုင်ခုံခါးပတ်ကိုပါ ပတ်လိုက်သည်။

သူ၏ မျက်နှာအမူအရာက ကျေနပ်အားရသည့် ဟန်မျိုးဖြစ်နေ လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက် ။ ။ အယ်လ်ဆီ နန်းတော်ဆိုသည်မှာ ပြင်သစ်နိုင်ငံ သမ္မတကြီး၏ အိမ်တော်ပင်ဖြစ်သည်။

(မြန်မာပြန်သူ)

ဧရာမ ငှက်သတ္တဝါကြီး တစ်ကောင်နှင့်တူသော ကွန်ကော့ဂျက်လေယာဉ်ကြီးသည် လေဆိပ်အနီးသို့ရောက်လျှင် ခပ်နိမ့်နိမ့် ပျံသန်းရာမှ လေယာဉ်ပြေးလမ်းကြောင်းပေါ်သို့ တည့်မတ်ချောမောစွာ ဆင်းသက်လိုက်လေသည်။

ဖီလ်ပေါ့သည် သူ့အား ပြင်သစ်အစိုးရ တာဝန်ရှိသူများ လာရောက်ကြိုဆိုကြမည်ဟု သိထားရာ အထူးဧည့်သည်တော်များ ခေတ္တဝင်နားသည့် ဗွီအိုင်ပီဧည့်ခန်းသို့ ဝင်ရမည်ကို အလွန်စက်ဆုပ်သူ ဖြစ်လေသည်။

ထို့ကြောင့် သူသည် လေယာဉ်ဆိုက်ဆိုက်ချင်း အခြားခရီးသည်များနှင့် ဝင်ရောနှောကာ ရိုးရိုးပေါက်တစ်ခုဆီသို့ ခပ်သုတ်သုတ် လျှောက်သွားလေသည်။

ထိုအချိန်တွင် လေဆိပ်၌ လူအတော်များများ ရှိနေသော်လည်း ဖီလ်ပေါ့သည် လှည့်ပတ်ကြည့်ရာ သူမှတ်မိသူတစ်ဦးတလေမှ မတွေ့မိချေ။

ထုံးစံအတိုင်း အခြားခရီးသည်များနည်းတူ အကောက်ခွန်ဌာန၊ လူဝင်မှု ကြီးကြပ်ရေးဌာန စသည်ကို ဖြတ်သန်းအစစ်ဆေးခံပြီးနောက် သူတို့၏ ပစ္စည်းများ သွားရောက်ထုတ်ယူကာ လေဆိပ် အဆောက်အအုံ ပြင်ဘက်သို့ ဆက်သွား၍ စောင့်နေလိုက်သည်။

နောက်အချိန်အနည်းငယ်အတွင်း ဤလေဆိပ်၌ ဖြစ်ပျက်လတ္တံ့သော အဖြစ်အပျက်များသည် ဖီလ်ပေါ့အဖို့ စိတ်ဝင်စားဖွယ် အဖြစ်အပျက် များပင် ဖြစ်လေသည်။

သူ့အနေဖြင့် အခြား ခရီးသည် နှစ်ဦး (ဆာဘာရီနာနှင့် စီဒဗလျူတို့) သည်လည်း မရှေးမနှောင်းပင် ပဲရစ်မြို့သို့ လေကြောင်း ခရီးဖြင့် ရောက်လာကြလိမ့်မည်ဟု သိထားပြီးဖြစ်လေသည်။

သူတို့နှစ်ယောက်အား လေဆိပ်မှ တစ်ယောက်ယောက်က လာကြိုရမည်ဟုလည်း တစ်ထစ်ချ တွက်မိရာ ဖီလ်ပေါ့သည် လာကြိုသူက မည်သူမည်ဝါဖြစ်ကြောင်း သိချင်လေသည်။



နောက်တစ်ခုက ဆာဘာရီနာနှင့် စီဒဗလျူတို့အား စမစ်ဆိုသူ အသုံးချရန် ပဲရစ်မြို့သို့ ခေါ်ယူထားသည်ဆိုလျှင် လေဆာသေနတ်ကို ရဲတင်းစွာ ခိုးယူသွားသူကိုလည်း စမစ်က အလားတူခေါ်ထားရန် အလွန်နီးစပ်သည်ဟု ဖီလ်ပေါ့က ကောက်ချက်ချမိလေသည်။

သူသည် လေဆာရောင်ခြည်သေနတ်များကို ဂျာမနီနိုင်ငံ၊ အမေရိကန် စစ်စခန်းမှ အံ့ဩဖွယ်ကောင်းအောင် ဝင်ယူသွားသူအား အထူးစိတ်ဝင်စားမိလေသည်။

အကြောင်းမူကား ထိုသူကပင် စမစ်အား အပြီးသတ် နှိမ်နင်း ချေမှုန်းနိုင်ခြင်း၊ သို့မဟုတ် မိမိတို့ ယူနာကို ဒုစရိုက် တိုက်ဖျက်ရေးအဖွဲ့ကြီး ရေး နိမ့်ခြင်းကို အဆုံးအဖြတ်ပေးရန် အဓိကသော့ချက်ဖြစ်သည်ဟု ဖီလ်ပေါ့က ယူဆမိသောကြောင့်ပင်တည်း။

× × ×

ကွန်ကော့ဒ်လေယာဉ်ကြီး ဆင်းပြီး၍ မရှေးမနှောင်းမှာပင် အမေရိကန် ပီအေအေ လေကြောင်းကုမ္ပဏီ၏ ဘိုအင်း ၇၄၇ ဂျက်လေယာဉ်ကြီး တစ်စင်းသည် ပဲရစ်မြို့ ဒီဂေါလ်လေဆိပ်သို့ ဆင်းလာလေသည်။

ထိုလေယာဉ်နှင့်ပါလာသူ ခရီးသည်များအနက် စီဒဗလျူသည်လည်း တစ်ဦးအပါအဝင် ဖြစ်လေသည်။

လေယာဉ်ပေါ်မှ ဆင်းလာသူ ခရီးသည်များအား လှမ်းကြည့်နေသူဖီလ်ပေါ့သည် ချက်ချင်းပင် စီဒဗလျူအား မှတ်မိလေသည်။ သို့သော် မသိချင်ဟန်ဆောင်ကာ မျက်နှာလွှဲနေလိုက်သည်။

နောက် နာရီဝက်ခန့်အကြာတွင် ဂျာမနီပြည် မြူးနစ်မြို့မှ ခရီးသည်များ တင်ဆောင်လာသော လေယာဉ်တစ်စင်းဆိုက်လာပြန်သည်။

ထိုလေယာဉ်ဖြင့် လေဆာသေနတ်ကို ရဲတင်းစွာ ခိုးယူခဲ့သူ မိုက်ကယ်ဆိုသူပါလာလေသည်။

သူ၏ အမူအရာကတော့ တည်ငြိမ်အေးဆေးစွာပင်ရှိနေသည်။

မိုက်ကယ်သည် လေဆိပ်၏ အကောက်ခွန်ဌာနစသည်တို့ကို ထုံးစံအတိုင်း ဖြတ်သန်းအစစ်ခံပြီးနောက် အဝတ်အစားသေတ္တာများ ရွေးယူသည့်နေရာသို့ သွားကာ သူ၏သားရေသေတ္တာကို ယူမည်ပြုစဉ် လေဆိပ်အသံချဲ့စက်မှ အောက်ပါအတိုင်း ကြေညာလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မြူးနစ်မြို့မှ လာသောခရီးသည် မစ္စတာမိုက်ကယ်ရှင့်။ ကျေးဇူးပြု၍ ပထမအထပ်ရှိ ပျောက်ဆုံးသော ပစ္စည်းများဌာနသို့ အမြန်ကြွရောက်စေလိုပါတယ်ရှင်၊ မြူးနစ်မြို့မှ ခရီးသည် မစ္စတာမိုက်ကယ် ခေတ္တကြွပါရှင်"

မိုက်ကယ်လည်း ချက်ချင်းပင် ခရီးသည်များကြားမှ တိုးဝှေ့၍ လေဆိပ် ပထမအထပ်သို့ လျင်မြန်စွာ တက်သွားလေသည်။

ပျောက်ဆုံးပစ္စည်းများဌာနဟု ဆိုင်းဘုတ်ရေးထားသော ရုံးခန်းငယ်ရှေ့တွင် ခရီးသည်အချို့ တန်းစီနေကြရာ မိုက်ကယ်သည်လည်း ဝင်ရောက်တန်းစီလိုက်သည်။

တဖြည်းဖြည်းနှင့်ရှေ့ဆုံးသို့ ရောက်သွားပြီး မိုက်ကယ်က သူ၏နာမည်ကို ပြောလိုက်သောအခါ စာရေးမက ဓာတ်ခဲသုံးအိတ်ဆောင် ရေဒီယိုငယ်တစ်လုံးကို ကောင်တာပေါ်သို့ တင်ပေးလိုက်သည်။

"ဟောဒါ…ရှင့်ပစ္စည်းမဟုတ်လားရှင့်"

မိန်းကလေးက မေးလိုက်ချိန်တွင် မိုက်ကယ်သည် လျင်မြန်စွာစဉ်းစားရလေသည်။ သူ ယခုလက်ခံထားသော အလုပ်မျိုးတွင် ခြေလှမ်းတစ်ကွက်မှားသည်နှင့်အသက်ဘေးအန္တရာယ်နီးကပ်နိုင်ကြောင်းကို သိထားပြီးဖြစ်သည်။

ထို့ကြောင့် သူသည် ကောင်တာစားပွဲပေါ်ရှိ ရေဒီယိုကလေးကိုကြည့်ပြီး…

"အေး…ဟုတ်တယ်၊ မင်းတို့ ဘယ်ကများသွားတွေ့တာလဲ"

ဟု ပြောလိုက်သည်။

စာရေးမကလေးက ရယ်မောလျက်…

"ကျွန်မတို့တွေ့တာ မဟုတ်ဘူးရှင့်။ ရှင်ကိုယ်တိုင် လေယာဉ်ပေါ်က အဆင်းမှာ မေ့ကျန်ရစ်ခဲ့တယ်လေ။ လေယာဉ်မယ်တစ်ယောက်က ရှင်ကိုင်တာ မှတ်မိတာနဲ့ ဒီကောင်တာကိုယူလာခဲ့တာ"

ဟု ပြန်ပြောသည်။

"ဟုတ်လား၊ ဒါဖြင့် အဲဒီလေယာဉ်မယ်ကို ကျုပ်က ကျေးဇူးတင်တယ်လို့ ပြောလိုက်ပါကွာ"

"ဟုတ်ကဲ့၊ ကျွန်မ ပြောလိုက်ပြီးပါပြီရှင်၊ ကျွန်မတို့ လေယာဉ်ကုမ္ပဏီအနေနဲ့လည်း ရှင့်ပစ္စည်းမပျောက်ဘဲ အခုလို ပြန်တွေ့တာကို သိပ်ဝမ်းသာပါတယ်"



"အေးပါကွာ၊ ကျုပ်ကလည်း ဝမ်းသာပါတယ်"

* * *

လေဆိပ် အဆောက်အအုံအတွင်းမှ ပြင်ဘက်ထွက်သည့် အက်စ်ကလေတာခေါ် အလိုအလျောက် လှေကားထစ်များပေါ်သို့ ရောက်နေသူဆာဘာရီနာအနီးသို့ လေယာဉ်မယ်တစ်ဦး ပြေးလိုက်လာပြီး အိတ်ဆောင်ရေဒီယိုကလေးတစ်လုံး ပေးပြန်သည်။

"ဒီမယ်ရှင့်၊ ရောမမြို့ကလာတဲ့လေယာဉ်ပေါ်က ရှင့်ထိုင်ခုံမှာဟောဒါ ကလေးမေ့ကျန်ရစ်လို့ လာပေးတာပါ"

"သြော်…ဟုတ်ပါရဲ့၊ ကျွန်မကိုယ်တိုင်က သတိမေ့တတ်လိုက်တာ။ ကျေးဇူးပါပဲရှင်"

ပြောရင်းနှင့် ဆာဘာရီနာသည် ရေဒီယိုကလေးကို လျင်မြန်သွက်လက်စွာ လှမ်းလျှိုလိုက်သည်။

အမှန်တော့ ယင်းရေဒီယိုကို သူမ အလုပ်လက်ခံထားသူက တမင်တကာ ပေးလိုက်ခြင်းဖြစ်ကြောင်း ဆာဘာရီနာက ချက်ချင်း ရိပ်မိ၍ မဆိုင်းမတွ လက်ခံလျှိုလိုက်ခြင်းဖြစ်သည်။

* * *

စီဒဗလျူသည် သူ့အား သက်ဆိုင်ရာမှ လာရောက်ဆက်သွယ်ခြင်းကို ကြာရှည်စောင့်ချင်သူမဟုတ်လေရာ လေဆိပ်ရှိ သတင်းပြန်ကြားရေးကောင်တာသို့ သွားမေးကြည့်လေသည်။

"ဒီမယ်၊ ကျုပ်အတွက် စာတစ်စောင်ပေးထားတာ မရှိဘူးလား"

"စာတော့ မရှိဘူးခင်ဗျ။ ဒါပေမယ့် ဟောဒီပစ္စည်းကလေးကို လူကြီး မင်းလာရင် ပေးလိုက်ပါဆိုပြီး ဒီမှာလာပေးထားပါတယ်"

ပြန်ကြားရေးအရာရှိကပြောရင်း ရေဒီယိုငယ်တစ်လုံးပေးရာ စီဒဗလျူလည်း ယူလိုက်သည်။

"သြော်…ဟုတ်သားပဲ၊ ကျုပ်က မေ့နေလိုက်တာ။ ဒီပစ္စည်းကို ဝင်ယူဖို့ ကျုပ်ကိုမှာထားပါတယ်"

ပြောပြောဆိုဆို စီဒဗလျူသည် ရေဒီယိုကလေးတွင်ပါသော သားရေကြိုးကို ပခုံးတွင်သိုင်းလွယ်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လူရှင်းသည့် တစ်နေရာသို့သွားပြီး ရေဒီယိုမှ ခလုတ်ကို ဖွင့်လိုက်သည်။

ရေဒီယို သုံးခုစလုံးကို ကာယကံရှင်များနှင့် ဆက်သွယ်နိုင်အောင် အသံလှိုင်းများညှိထားပြီးဖြစ်သည်။

ထို့ကြောင့် ယခုစီဒဗလျူက ရေဒီယိုခလုတ်ကို ဖွင့်လိုက်သည်နှင့် တစ်ဖက်မှ ကလော်ဒီ (စမစ်၏ လူယုံတော်)၏ အသံကို ကြားရလေသည်။

"ခင်ဗျားတို့အားလုံး အခုကျုပ်ပြောနေတာကိုကြားရတယ် မဟုတ်လား။ ကြားရတယ်မဟုတ်လား၊ ကြားရကြောင်း သတင်းပြန်ဖြေပါ"

"အိုကေ အိုကေ ကောင်းကောင်းကြားရပါတယ်"

စီဒဗလျူက ပြန်ဖြေ၍ ရှေ့ဆင့်နောက်ဆင့်မှာပင် ဆာဘာရီနှာကလည်း တစ်နေရာမှ ကြားရကြောင်း ပြန်သတင်းပို့လေသည်။

ကလော်ဒီက ဆက်၍ညွှန်ကြားလေသည်။

"အခုပြောတာကို သေသေချာချာ ဂရုစိုက်နားထောင်ပါ။ ခင်ဗျားတို့ သုံးဦးစလုံးအတွက် ညွှန်ကြားပေးပါမယ်။ အခုလောလောဆယ် ခင်ဗျားတို့ဟာ လေဆိပ်ပြင်ဘက်ထွက်တဲ့ အော်တိုမက်တစ်လှေကားထစ်များနဲ့ လိုက်သွားကြပါ။ ရောမမြို့ကလာတဲ့ ခရီးသည်က ပထမအထပ်က စပြီး စီးရမယ်။ နယူးယောက်ကလာသူကတော့ ဒုတိယအထပ်က စလိုက်သွားပါ။ ပြီးတော့ မြူးနစ်မြို့ကလာတဲ့ ပုဂ္ဂိုလ်က တတိယထပ်က စပြီးလိုက်ရမယ်။ လေဆိပ်ပြင်ဘက်သို့ ထွက်လို့ရတဲ့နေရာ ရောက်တော့ ခင်ဗျားတို့ သုံးဦးစလုံးဟာ အဆောက်အအုံ အတွင်းဘက်သို့ တစ်ခေါက်ပြန်လိုက်ကြရမယ်။ ရှင်းရဲ့လား"

"ရှင်းပါတယ်။ အိုကေပဲ"

စီဒဗလျူက ပြန်သတင်းပို့ရင်း လက်စသတ်တော့ ငါတို့အဖွဲ့က လူသုံးယောက်တောင် ဖြစ်နေမှုကိုးဟု တွေးမိလေသည်။

ဆာဘာရီနှာကလည်း ရေဒီယိုထဲမှ ကလော်ဒီ၏ အသံကို ကြားရပြီးနောက် သူ့ကိုယ်သူ ပြောသလိုနှင့်....

"အလို... မြူးနစ်မြို့ကလည်း တစ်ယောက်လာတယ်ဆိုပါကလား၊ ဘယ်သူများပါလိမ့်"

ဟု ခပ်တိုးတိုး ရေရွတ်မိလေသည်။

* * *



ဖီလ်ပေါ့နှင့် ဆိုနီယာတို့သည် လုံခြုံရေးအတွက် ပိုမိုစိတ်ချရစေရန် လူချင်းခွဲလိုက်ကြလေသည်။

ဖီလ်ပေါ့သည် လေဆိပ်၏ မြေညီထပ် တစ်နေရာတွင် အလွန် ပင်ပန်းနွမ်းနယ်နေသူ ခရီးသည်တစ်ဦးဟန်မျိုးဖြင့် လက်ဆွဲသေတ္တာပေါ် ထိုင်နေလိုက်သည်။

အမှန်တော့ သူသည် လေဆိပ်သို့ရောက်နေပြီဖြစ်သော ဆာဘာရီနှာကို အကဲခတ်ကြည့်နေခြင်းဖြစ်သည်။

ဆာဘာရီနှာက တယ်လီဖုန်းစကားပြောသော မှန်ခန်းငယ်တစ်ခန်း ထဲဝင်၍ ရေဒီယိုငယ်ဖြင့် ဆက်သွယ်စကားပြောနေသည်ကိုလည်း ဖီလ်ပေါ့က လှမ်းမြင်ရလေသည်။

"လက်စသတ်တော့ သူတို့ဘက်က လူချင်းမဆုံဘဲ ရေဒီယိုနဲ့ ဆက်သွယ်ကြတာကိုး။ တော်တော်လည်း ဉာဏ်သွားတဲ့ကောင်တွေပဲ"

ဟု စိတ်ထဲမှ မှတ်ချက်ချလိုက်မိသည်။

ဖီလ်ပေါ့သည် ဆာဘာရီနှာကိုသာမက စီဒဗလျူကိုလည်း မြင်ထားပြီးဖြစ်သည်။ တတိယမြောက်လူတို့တော့ မတွေ့ရသေး။ သို့သော် ဖီလ်ပေါ့ အနေဖြင့် ဆာဘာရီနှာတို့လို ရေဒီယိုငယ်ကိုင်ထားသူ ခရီးသည်တစ်ဦးကိုသာ ရှာရန်လိုသည်။

ရေဒီယိုငယ်တစ်လုံး ကိုင်ထားသူကိုတွေ့သည်နှင့် သူအလွန်တွေ့ ချင်နေသော လေဆာရောင်ခြည်သေနတ် ရဲဝံ့စွာဝင်ယူခဲ့သူ လူစွမ်းကောင်း သူခိုးကို မြင်ရပေတော့မည်။

ဖီလ်ပေါ့သည် ဓာတ်လှေကားများနှင့် အော်တိုမက်တစ် လှေကားထစ် များဆီသို့ သေချာစွာ ကြည့်နေလေသည်။

ထိုအတောအတွင်း ဆာဘာရီနှာသည် ရေဒီယိုခလုတ်ကို ဖွင့်၍ နားထောင်နေပြန်သည်။

တတိယလူ (လေဆာသေနတ်ခိုးသူ)ကိုတော့ မမြင်ရသေး။

တစ်ချိန်တည်းမှာပင် စီဒဗလျူလည်း သူ၏ ရေဒီယိုကို နားထောင် နေပြန်သည်။

"ငါ့လူနှစ်ယောက်က ဘာတွေများ နားထောင်နေပါလိမ့်"

ဖီလ်ပေါ့သည် စိတ်ထဲမှ တွေးနေမိပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရေဒီယိုထဲမှ ကလော်ဒီ၏အသံက ကြည်လင်ပြတ်သားစွာ ထွက်ပေါ်လာသည်။

"ခင်ဗျားတို့ရဲ့ အလုပ်ရှင်ဆီက ညွှန်ကြားချက်လာပါတော့မယ်။ ဂရုစိုက် နားထောင်ကြပါ။ သေသေချာချာ နားထောင်ကြပါ"

မည်သူမျှ မသိသော်လည်း ကလော်ဒီသည် ဝေးဝေးလံလံနေရာက ပြောနေခြင်းမဟုတ်။ လေဆိပ်အဆောက်အအုံအတွင်း တယ်လီဖုန်း ပြောသော မှန်ခန်းတစ်ခန်းထဲမှ ပြောနေခြင်းဖြစ်သည်။ သူသည် အပြန်အလှန်ပြောနိုင်သော တူးဝေး ရေဒီယိုခေါ်စက်ကို အသုံးပြုနေခြင်းဖြစ်ပြီး အနီးတွင်လည်း အသံဖမ်းတိပ်ရကော်ဒါ စက်တစ်ခုရှိလေသည်။

ကလော်ဒီသည် ခလုတ်တစ်ခုကို ဖွင့်လိုက်သည်။

* * *

စီဒဗလျူသည် ရေဒီယိုငယ်ကိုင်ထားသော လက်တွင် ဓာတ်မီးခြစ်ငယ်တစ်ခုကိုပါ ကပ်ကိုင်ထားလိုက်သည်။

သူ့အား အကဲခတ်ကြည့်နေသူ ဖီလ်ပေါ့သည် စီဒဗလျူ အပြုအမူကို သဘောကျသွားကာ...

"ဘဲရီးဂွတ်၊ ဒီလိုမှပေါ့ကွ။ ငါ့လူက လျင်သားပဲ"

ဟု ခပ်တိုးတိုး ရေရွတ်လိုက်သည်။

ထိုအခိုက် ရေဒီယိုငယ် ကိုယ်စီကိုင်ထားသူ သုံးဦးတို့သည် စမစ်၏ အသံကို ကြားရလေသည်။

"ပဲရစ်မြို့ကြီးကို ရောက်လာတာကို ဝဲလ်ကမ်းလို့ ခရီးဦးကြိုပြုပါတယ်"

စီဒဗလျူသည် ထိုအသံကို ယခင်က ကြားဖူးသလောဟု သေချာစွာ နားစိုက်ထောင်ကြည့်သော်လည်း တစ်ခါမျှ မကြားဖူးသော အသံဖြစ်သည်ဟု ဆုံးဖြတ်လိုက်သည်။

ရေဒီယိုမှ စမစ်၏အသံက ဆက်လက်ပြောနေလေသည်။

"ခင်ဗျားတို့က ကျုပ်ကို မစ္စတာစမစ်လို့သာ ခေါ်ကြရလိမ့်မယ်။ အခု ကျုပ်က ခင်ဗျားတို့ကို အခုလိုခေါ်ပြီး တာဝန်ပေးမယ့် အလုပ်နဲ့ ပတ်သက်လို့ ကျုပ်ရဲ့ ကမ်းလှမ်းချက်ကို ပြောပြပါမယ်။ ဒါနဲ့ပတ်သက်လို့ ရှည်ရှည်ဝေးဝေး အပြန်အလှန်ဆွေးနွေးတာတို့ ဈေးစစ်တာတို့ ဘာမှလုပ်စရာ



မလိုဘူး။ ကျုပ်ရဲ့ ကမ်းလှမ်းချက်ကို သဘောတူရင် လက်ခံဖို့နဲ့ သဘောမကျရင် ငြင်းပယ်ရုံပဲရှိတယ်။ တကယ်လို့ ခင်ဗျားတို့က ကျုပ်ရဲ့ ကမ်းလှမ်းချက်ကို လက်မခံဘူးဆိုရင် သုံးယောက်စလုံး ဒီနေရာကပဲ လှည့်ပြန်နိုင်ပါတယ်။ ပြန်မယ်ဆိုရင်တော့ ခင်ဗျားတို့လာခဲ့တဲ့နေရာကို ပြန်ဖို့ လေယာဉ်လက်မှတ်တွေ အဆင်သင့်ရှိနေပါတယ်။ လေဆိပ်မြေညီထပ်က ကြိုတင်လက်မှတ်အရောင်းဌာနမှာ သွားမေးပြီးတောင်းယူရုံပဲ။ ကျုပ်ရဲ့ ကမ်းလှမ်းချက်ကို လက်မခံဘဲ ငြင်းပယ်တဲ့အတွက် ခင်ဗျားတို့ကို ဘယ်လိုမှ အရေးမယူပါဘူး။ ဒါပေမယ့် တစ်ခုပဲ သတိပေးချင်တာက အခုလို တစ်ကြိမ် ငြင်းဆန်လိုက်ပြီဆိုရင် နောင်ကို ခင်ဗျားတို့ဟာ ကျုပ်နဲ့ အတူတွဲပြီး ဘယ်တော့မှ အလုပ်မလုပ်ရဘူးဆိုတာ မှတ်ထားပါ။ ကျုပ်ရဲ့ အဖွဲ့အစည်းက နိုင်ငံတကာမှာ ရှိတယ်ဆိုတာလည်း သိစေချင်တယ်။ အခု ခင်ဗျားတို့အနေနဲ့ ကျုပ်ရဲ့ ကမ်းလှမ်းချက်ကို နိုးလို့ငြင်းပိုင်ခွင့်ရှိပါတယ်။ သို့သော်လည်း ကျုပ်ကတော့ ငြင်းဖို့ မထောက်ခံချင်ဘူး"

ထိုစကားကို ကြားရသောအခါ စီဒဗလျူသည် မည်သို့မှ လှုပ်ရှားမှု မဖြစ်ဘဲ ခပ်အေးအေးပင် နားထောင်နေသည်။

ဆာဘာရီနာကမူ စမစ်ပြောပုံက ခြိမ်းခြောက်သံပါနေ၍ စိုးရိမ်တုန်လှုပ်သွားမိသည်။

မိုက်ကယ်ဆိုသူကတော့ စမစ်၏ ခြိမ်းခြောက်သံပါသော ညွှန်ကြားချက်ကို ကြားလျှင် အသံမထွက်အောင် ရယ်မောလိုက်သည်။ သူ့အနေဖြင့် မည်သို့မျှ တုန်လှုပ်ခြင်းမဖြစ်မိချေ။

နားထောင်နေသူ သုံးဦးအနက် ဆာဘာရီနာတစ်ဦးတည်းကသာလျှင် စမစ်၏ နာမည်ကိုကြားဖူးသဖြင့် စိုးရိမ်သွားမိခြင်းဖြစ်လေသည်။

* * *

ဖီလ်ပေါ့သည် လေဆိပ်အတွင်း ရှိခရီးသည်များကို လှည့်ပတ်ကြည့်ရင်း သူမြင်ချင်သော တတိယလူလေဆာရောင်ခြည် လက်နက်သူခိုးဆိုသူအား ရှာဖွေနေဆဲဖြစ်လေသည်။

ရှာ၍မတွေ့ခြင်းမှာ မိုက်ကယ်သည် ထောင်ထောင်မောင်းမောင်း အာဖရိက ဇူးလူး လူမျိုး ကပွလီလူမည်းကြီးတစ်ယောက်၏ ခန္ဓာကိုယ်နှင့် ကွယ်နေသောကြောင့်ပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်က ထွားကျိုင်းလှသည့်ပြင် ဖူးလူးအမျိုးသားကြီးက သူတို့၏ ရိုးရာလူရိုင်းဘုရင် အဝတ်အစားဖြစ်သော အင်္ကျီရှည်ရှည်ပွပွကြီး ဝတ်ထားသဖြင့် သူ၏ကိုယ်နှင့်ကွယ်နေသူ မိုက်ကယ်အား ဖီလ်ပေါ့က မည်သို့မှ မမြင်နိုင်ခြင်းဖြစ်လေသည်။

ဖူးလူးအမျိုးသားလူထွားကြီးကလည်း မိုက်ကယ်လှုပ်ရှားသွားလာလေရာသို့ ထက်ကြပ်လိုက်ပါလျက်ရှိလေသည်။

"ဒီလူကြီးဟာ ငါ့နောက်ကို တမင်တကာ လိုက်နေတာများလား" ဟုပင် မိုက်ကယ်က ထင်မိလိုက်သေးသည်။

သို့သော် ဖူးလူး အမျိုးသားကြီး၏ မျက်နှာကို သေချာစွာ အကဲခတ်ကြည့်လိုက်ရာ တကယ်ရိုးသားအပြစ်ကင်းသော အာဖရိကတိုင်းရင်းသားကြီးတစ်ဦး၏ ဟန်မျိုးဖြစ်နေသောကြောင့် သူ ထင်သလို မဟုတ်နိုင်ဟု မှတ်ချက်ချလိုက်မိလေသည်။

ရေဒီယိုစက်ငယ်ထဲမှ စမစ်၏အသံက ခပ်တည်တည်နှင့်ဆက်ပေါ်လာပြန်သည်။

"တကယ်လို့ ခင်ဗျားတို့က ကျုပ်ရဲ့ ကမ်းလှမ်းချက်ကို လက်ခံမယ်ဆိုရင် အခုချိန်ကစပြီး ခင်ဗျားတို့ဟာ ကျုပ်ရဲ့ညွှန်ကြားချက် အမိန့်တွေကို နာခံရလိမ့်မယ်။ လိုက်နာဆောင်ရွက်ရမယ်၊ ကျုပ်ကိုယ်တိုင်ဖြစ်စေ၊ ဒါမှမဟုတ် ကျုပ်က တာဝန်လွှဲပေးလိုက်သူကဖြစ်စေ ညွှန်ကြားချက်အားလုံးကို လိုက်နာရမယ်။ စစ်တပ်တစ်တပ်မှာ စစ်သည်အားလုံးက တပ်မှူးရဲ့အမိန့်ကို တစ်သဝေမတိမ်းလိုက်နာ နာခံကြရတဲ့သဘောအတိုင်းပဲ ဆိုပါတော့။ အဲဒီစည်းကမ်းဖောက်ဖျက်ကျူးလွန်ရင်တော့ ပြင်းပြင်းထန်ထန် အရေးယူအပြစ်ပေးခြင်းခံရမယ်ဆိုတာကိုပါ ကြိုတင်သိထားကြစေချင်တယ်။ သစ္စာဖောက်ခြင်းရဲ့ အပြစ်ဒဏ်ကတော့ သေဒဏ်ပဲဖြစ်တယ်"

ထိုအချိန်၌ စီဒဗလျူက "အမယ်..တယ်လာတဲ့ လူပါကလား" ဟု ဆိုလိုဟန်ဖြင့် မျက်ခုံးနှစ်ဖက်ကို အပေါ်သို့ တွန့်လိုက်သည်။

ဆာဘရီနာ၏ မျက်နှာထားက တင်းမာလာသည်။

သူတို့၏ အပြုအမူမှန်သမျှကို မလှမ်းမကမ်းမှ အကဲခတ်ကြည့်ရှုနေသူ ဖီလ်ပေါ့က ကောင်းစွာမြင်ပြန်လေသည်။

စမစ်က ရေဒီယိုမှတစ်ဆင့် စကားဆက်ပြန်လေသည်။



"ဒါပေမယ့်လည်း ခင်ဗျားတို့ကို ကျုပ်တစ်ခု အသိပေးထားချင်တယ်။ အခု အကောင်အထည်ဖော်မယ့် ကျုပ်ရဲ့စစ်ဆင်ရေး အစီအစဉ် ကာလအတွင်းမှာ ဘယ်သူ့ကိုမှ ကျုပ်က မတရားထိခိုက်နစ်နာအောင် လုပ်မှာမဟုတ်ဘူးဆိုတဲ့ အချက်ပါပဲ။ ဒါက ဘယ်သူကမှ မဖောက်ရင် ပြောတာပါ။ တကယ်လို့ သစ္စာဖောက်တာတို့၊ ညွှန်ကြားချက်ကို ဖီဆန်တာတို့ လုပ်တာဆိုရင်တော့ ကျုပ်က မလွှဲမရှောင်သာဘဲ သေဒဏ်အမိန့်ချမှတ်တန် ချမှတ်ရလိမ့်မယ်။ ဒါကြောင့် ခင်ဗျားတို့ အနေနဲ့ ကျုပ်ရဲ့အလုပ်လုပ်ဖို့ ကမ်းလှမ်းချက် လက်မခံခင် ကြိုတင်အသိပေးထားခြင်းပဲ ဖြစ်တယ်"

ဤတွင် မိုက်ကယ်သည် ရေဒီယိုနားထောင်နေရင်းက အံ့အားသင့်သည့်ဟန်မျိုး ဖြစ်သွားလေသည်။

အမှန်တော့ မိုက်ကယ်နှင့် စီဒဗလျူ နှစ်ယောက်စလုံးသည် တိုက်ခိုက် သတ်ဖြတ်ခြင်းကို ရိုးနေကြပြီဖြစ်သည်။

စီဒဗလျူက ဗီယက်နမ်စစ်ပွဲအတွင်းက တာဝန်ဝတ္တရားအရ ရန်သူများအား ကွပ်မျက်ခဲ့ဖူးသည်။

မိုက်ကယ်ဆိုလျှင် ကွန်မန်ဒိုအထူးတိုက်ခိုက်ရေး တပ်သားများလို ရန်သူအား သုတ်သင်ရှင်းလင်းရာ၌ သွေးအေးအေးနှင့် လက်မြန်လှသူဖြစ်သည်။

သို့ပါလျက် ယခု စမစ်က သေဒဏ်နှင့် ခြိမ်းခြောက်သလို ပြောလိုက်ချိန်တွင် သူက အံ့အားသင့်သလိုဟန်မျိုး ဖြစ်သွားခြင်းမှာ ထူးဆန်းနေပေသည်။

ရေဒီယိုမှ စမစ်၏အသံက ဆက်ထွက်ပေါ်လာပြန်သည်။

"ကျုပ်ရဲ့ ကမ်းလှမ်းချက်ကို လက်ခံပြီး ကျုပ်ခိုင်းတဲ့အလုပ်ကို လုပ်ဖို့ သဘောတူတယ်ဆိုရင် ခင်ဗျားတို့အတွက် အခကြေးငွေအဖြစ် တစ်ယောက်ကို ဒေါ်လာငွေဆယ်သိန်းစီ ကျုပ်ကပေးပါမယ်။ ကျုပ်ရဲ့ လုပ်ငန်းစီမံချက် အောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ ခင်ဗျားတို့အတွက် လုပ်အားခ ဒေါ်လာငွေဆယ်သိန်းစီကိုတော့ ကျုပ်ကပေးပါမယ်။ ကိုင်း အခု ကျုပ်ကမ်းလှမ်းတာကို ခင်ဗျားတို့ လက်ခံမခံ စဉ်းစားဖို့ အချိန်ဆယ်စက္ကန့် ပေးပါမယ်"

စမစ်၏ စကားအဆုံးတွင် နားထောင်နေသူ သုံးဦးစလုံး၏ မျက်နှာထားများမှာ သိသိသာသာ ဝမ်းမြောက်ခြင်း၊ အံ့အားသင့်ခြင်းစသော စိတ်လှုပ်ရှားမှုများ ပေါ်လွင်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စင်စစ်အားဖြင့် ဆာဘာရီနာနှင့် စီဒဗလျူတို့ နှစ်ယောက်အဖို့ စဉ်းစားနေစရာပင်မလိုချေ။ သူတို့အနေဖြင့် အလိုအလျောက်ကမ်းလှမ်းချက်ကို လက်ခံကြရမည်ဖြစ်သည်။

တတိယလူ (မိုက်ကယ်)အဖို့လည်း စဉ်းစားခွင့်ရှိလင့်ကစား အခြေအနေအရ စဉ်းစားရန်မလိုပါချေ။ ဒေါ်လာငွေဆယ်သိန်းဆိုသော ငွေပမာဏက အလွန်များလှသဖြင့် စက္ကန့်၏ အစိတ်အပိုင်းမှာပင် လက်ခံရန် ဆုံးဖြတ်လိုက်ပြီးဖြစ်သည်။

စမစ်၏ လူယုံတော် ကလော်ဒီသည်တိတ်ရကော်ဒါခလုတ်ကို ပိတ်လိုက်ပြီးနောက် ရေဒီယိုစက်မှ မိုက်ခရိုဖုန်းစကားပြောခွက်ကိုင်လျက်

"အချိန်စေ့ပါပြီ။ ခင်ဗျားတို့ရဲ့ အဖြေကို မစ္စတာ စမစ်က နားထောင်နေပါတယ်"

ဟု ပြောလိုက်သည်။

စီဒဗလျူက ရှေးဦးစွာအဖြေပေးလိုက်သည်။

"မစ္စတာစမစ်ကို ပြောလိုက်ပါ။ ကျုပ်က လက်ခံပါတယ်လို့"

မရှေးမနှောင်းမှာပင် ဆာဘာရီနာကလည်း

"ကျွန်မကလည်း သဘောတူပါတယ်"

ဟုပြောလိုက်သည်။

မိုက်ကယ်က နောက်ဆုံးမှ အဖြေပေးလေသည်။

"ကျုပ်က အိုကေပဲ။ လက်မခံစရာ အကြောင်းမရှိဘူး။ သဘောတူပါတယ်"

ဤတွင် ကလော်ဒီလည်း ကျေနပ်သွားကာ ဆက်လက်၍ ညွှန်ကြားချက်များ ပြောလေသည်။

* * *

ခပ်လှမ်းလှမ်းမှ အကဲခတ်ကြည့်နေသူ ဖီလ်ပေါ့သည် စီဒဗလျူနှင့် ဆာဘာရီနာတို့ လေဆိပ်၏ မြေညီထပ်သို့ ဆင်းသွားသည်ကို မြင်လိုက်ရလေသည်။

သူ့အနေဖြင့် ဘာမျှမကြားရသော်လည်း ရေဒီယိုဖြင့် ဆက်သွယ်ဆွေးနွေးခြင်း ပြီးဆုံးသွားပြီဟု ယူဆမိသည်။ ယခုအချိန်ထိ သူသည် လေဆာသေနတ် ခိုးသူတတိယလူကို မမြင်ရသေးချေ။



စမစ် သို့မဟုတ် သူ၏ ကိုယ်စားလှယ်နှင့် ဆက်သွယ်ပြောဆိုခန်း ပြီးသွားပြီဖြစ်၍ သူ အလွန်မြင်ချင်သော လေဆာသေနတ် ခိုးယူသူအား မြင်နိုင်ရန် မျှော်လင့်ချက်လည်းမရှိတော့ဟု စဉ်းစားမိလေသည်။

ထို့ကြောင့် ပြင်ဘက်သို့ ဆက်လက်ထွက်ခွာသွားရန် ဆိုနီယာ အားအချက်ပေး ခေါ်လိုက်လေသည်။

ဆိုနီယာသည် လေဆိပ် အဆောက်အအုံတွင် ဤမျှ ကြာကြာ အချိန်ဖြုန်းနေရပါမည်လောဟု ဖီလ်ပေါ့အား ဝေဖန်ပြစ်တင် စကားပြောရင်း သူမကိုယ်တိုင် ရှေ့ဆောင်လျက် ခပ်သုတ်သုတ် လျှောက်ထွက်သွားစဉ် ဆေးလိပ်မီးညှိနေသူ လူတစ်ယောက်နှင့် ဝင်တိုးမိလေသည်။

ထိုလူက နီဂရိုးခေါ် ကပ္ပလီလူမည်းလူငယ်တစ်ဦးဖြစ်သည်။ အဝတ်အစား သပ်ရပ်စွာ ဝတ်ဆင်ထားပြီး စီးကရက်မီးညှိနေသည့် ဓာတ်မီးခြစ်ကလည်း နောက်ဆုံးပေါ် အဖိုးတန်ဂက်စ်မီးခြစ်တစ်ခု ဖြစ်လေသည်။

ထိုလူငယ်ကား စီဒဗလျူပင်ဖြစ်သည်။ ဆိုနီယာကသော မည်သူမည်ဝါမှန်း မသိချေ။

လူချင်းတိုက်မိချိန့်တွင် စီဒဗလျူလက်မှ ဓာတ်မီးခြစ်သည် ကြမ်းပြင်ပေါ်သို့ လွတ်ကျသွားရာ ဆိုနီယာလည်း အားနာသွားမိလျက် ကပျာကယာ မီးခြစ်ကို ကောက်ယူပြီး စီဒဗလျူအား တောင်းပန်ရင်း ပြန်ပေးလိုက်သည်။

တစ်နေရာတွင် ဖီလ်ပေါ့သည် ရုတ်တရက် ခြေလှမ်းတန့်သွားလျက် ဆိုနီယာအား အမိပွာယ်ပါပါ လှမ်းကြည့်လေသည်။

"ဘာဖြစ်လို့လဲရှင့်"

ဆိုနီယာက ခပ်တိုးတိုးမေးလိုက်ရာ ဖီလ်ပေါ့ကလည်း ခပ်တိုးတိုးပင် ပြန်ပြောလေသည်။

"ဟော့...ပြင်ဘက်ထွက်တဲ့ တံခါးမကြီးဆီကို သွားနေတဲ့ ခရီးသည်တွေထဲက အရုပ်မြင့်မြင့် ဆံပင်အညိုရောင်နဲ့လူတစ်ယောက်ကို လှမ်းကြည့်လိုက်စမ်း၊ ဂျင်းဘောင်းဘီနဲ့ လေယာဉ်ပိုင်းလော့တွေဝတ်တဲ့ ဂျာကင်အင်္ကျီဝတ်ထားတယ်"

"ဘာလဲ ပခုံးမှာ ရေဒီယိုကလေးတစ်လုံး လွယ်ထားတဲ့လူ ပြောတာလားရှင့်"

ဆိုနီယာက လှမ်းကြည့်ရင်း ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ ဒီလူပဲဖြစ်ရမယ်"

"ဘာကိုဆိုလိုတာလဲရှင့်၊ လေဆာသေနတ်ခိုးခဲ့တဲ့လူကို ပြောတာလား"

"အေး…အဲဒီလူကို ပြောတာပဲ။ သူ့ကို ငါမှတ်မိတယ်။ နှစ်ခါလောက် တွေ့ဖူးတယ်။ တစ်ချိန်က စီအိုင်အေထောက်လှမ်းရေးမှာ လုပ်ခဲ့ဖူးတဲ့ မိုက်ကယ်ဆိုတဲ့လူပဲ။ ဘာကြောင့်များ ငါတို့ မှတ်တမ်းဖိုင်တွေထဲမှာ ဒီလူရဲ့နာမည်မရှိသေးတာလဲမသိဘူး"

ဖီလ်ပေါ့ပြောလိုက်လျှင် ဆိုနီယာသည် အံ့အားသင့်သွားမိသည်။

"ဟင် သူက စီအိုင်အေအဖွဲ့မှာ အလုပ်လုပ်ခဲ့ဖူးသတဲ့လား"

"ဟုတ်တယ်။ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ပြဿနာတစ်ခုပေါ်လို့ ထွက်သွားခဲ့ရတယ်။ လေဆာလက်နက်ကို ပိပိရိရိ ဝင်ယူသွားနိုင်ပုံကလည်း ဒီကောင့်လက်ရာနဲ့ သိပ်တူနေတယ်။ စီအိုင်အေအဖွဲ့က ထွက်သွားပြီးနောက် မိုက်ကယ်က တစ်ကိုယ်တော်ကိုယ်ကျိုးရှာနေခဲ့တယ်လို့ ကြားရတယ်။ သတိထားဖို့က သူဟာ ရက်စက်ကြမ်းကြုတ်တယ်။ အလွန်ကြောက်စရာလည်းကောင်းတဲ့လူစားမျိုး"

"အရည်အချင်းက ဘယ်လိုနေသလဲ။ ဒီလူက တော်တော်စွမ်းသလားရှင့်"

ဆိုနီယာက မိုက်ကယ်ရှိရာသို့ မသိမသာလှမ်းကြည့်ရင်း မေးလိုက်ပြန်သည်။

"စွမ်းတာတော့ မပြောနဲ့။ သူက ခေတ်ပေါ်လက်နက်မျိုးစုံကို အထူးကျွမ်းကျင်တဲ့ပါရဂူဖြစ်တယ်။ ငါတို့စိတ်ဝင်စားနေတဲ့ လေဆာရောင်ခြည်လက်နက်တွေအကြောင်းလည်း ကောင်းကောင်းနားလည်တယ်။ နေဦးကွ၊ ငါတစ်ခု စဉ်းစားမိတယ်"

"ဘာများလဲရှင့်"

"ဒီကောင်ရဲ့ နာမည်စာရင်း ငါတို့ဖိုင်တွဲတွေထဲ မတွေ့ရတာဟာ မူလကတော့ ရှိနေပြီးမှ တစ်ယောက်ယောက်က အလစ်မှာ ခိုးထုတ်ထားလိုက်တာဖြစ်နိုင်တယ်။ လေဆာရောင်ခြည်လက်နက် ကျွမ်းကျင်တဲ့လူတွေစာရင်းမှာ မိုက်ကယ်ဟာလည်း ပါကိုပါရမယ်။ အခုရှာမတွေ့တာဟာ တစ်ယောက်ယောက်က ထုတ်ယူလိုက်တာ သေချာသလောက်ပဲ။ အဓိပ္ပာယ်က



စမစ်ဆိုတဲ့လူက စီအိုင်အေ ထောက်လှမ်းရေး အဖွဲ့ထဲမှာ သူ့လူတစ်ယောက်ယောက် လက်သပ်မွေးထားတာရှိရမယ်"

"ဟင်…ဟုတ်လား၊ ဒီလိုဆိုရင် အန္တရာယ်ရှိတာပေါ့"

ဆိုနီယာက စိုးရိမ်မကင်းဖြစ်ဟန်နှင့် ပြောလိုက်သည်။

"အေး…ဟုတ်တယ်၊ အန္တရာယ်ရှိတာအမှန်ပဲ။ နောက်တစ်ခုရှိသေးတယ်။ ငါ့အနေနဲ့ မိုက်ကယ်နဲ့ပတ်သက်လို့ အရေးကြီးတဲ့ အချက်တစ်ခုသိထားတာရှိသေးတယ်။ ဘာရယ်လို့သာ ခုချက်ချင်းပြန် စဉ်းစားလို့ မရဘူး။ ကိုင်း…ဒါတွေ အသာထားဦးကွာ။ လောလောဆယ် လုပ်စရာရှိတာတွေလုပ်ဖို့ အရေးကြီးတယ်။ သူတို့ရဲ့ ခြေလှမ်းက ဘာဆိုတာသိရအောင် လေဆိပ်ပြင်ဘက်ကျရင် သူတို့ဘယ်သွားတယ်ဆိုတာ ငါတို့ခြေရာခံလိုက် ကြည့်မှဖြစ်မယ်"

ပြောပြောဆိုဆို ဖီလ်ပေါ့က ရှေ့ဆောင်လျက် နှစ်ယောက်သားခပ်သုတ်သုတ် လိုက်ထွက်သွားကြလေသည်။

လေဆိပ်အဆောက်အအုံပြင်ဘက်သို့ ရောက်သောအခါ မိုက်ကယ်ဆိုသူကို မတွေ့ရတော့ချေ။ အလွန်လျင်မြန်သွက်လက်စွာ ခြေရာဖျောက်ထွက်သွားဟန်တူလေသည်။

စီဒဗလျူကမူ လေဆိပ်အတွင်းရှိ ဆိုင်တစ်ဆိုင်တွင် စီးကရက်ဝင်ဝယ်သဖြင့် အနည်းငယ်နောက်ကျပြီးမှ ထွက်လေသည်။ ထို့ကြောင့်ပင် ဖီလ်ပေါ့တို့အနေဖြင့် နောက်မှခြေရာခံလိုက်ရန် လွယ်ကူသွားလေသည်။

စီဒဗလျူကိုယ်တိုင်ကလည်း မြူးနစ်မြို့မှလာသူ စမစ်၏ စစ်ဆင်ရေးတွင် မိမိတို့နှင့် တွဲရမည့်လူကို တွေ့ဆုံရန် စိတ်ပါဝင်စားနေမိသည်။

ဒီဂေါလ်လေဆိပ်၏ အနေအထားကို ယခင်က ရောက်ဖူး၍ ကျွမ်းကျင်နေသူ စီဒဗလျူသည် ဟယ်လီကော့ပ်တာ (ရဟတ်ယာဉ်) စီးရမည့်နေရာသို့ ဆာဘာရီနာထက် အနည်းငယ်ကြို၍ ရောက်သွားလေသည်။

ထိုနေရာတွင် ကလော်ဒီ ဆိုသူက အသင့်စောင့်နေလေသည်။

ရေဒီယိုဖြင့် ဆက်သွယ်စကားပြောခဲ့သူမှာ သူပင်ဖြစ်ကြောင်းနှင့် မကြာမီ မစ္စတာစမစ်နှင့် တွေ့ရမည့်အကြောင်း ကလော်ဒီက သူ့ကိုသူ မိတ်ဆက်ရင်း ပြောပြလေသည်။

မရှေးမနှောင်းမှာပင် ဆာဘာရီနာလည်း ရောက်လာရာ ကလော်ဒီ

www.burmeseclassic.com

www.burmeseclassic.com



က မိတ်ဆက်ပေးသဖြင့် စီဒဗလျူသည် လက်ဆွဲနှုတ်ဆက်လေသည်။

"ဒီလို လှပကြော့ရှင်းတဲ့ မိန်းကလေးတစ်ဦးနဲ့အတူတွဲ အလုပ်လုပ်ရမယ်ဆိုတာ ဝမ်းသာပါတယ်"

ဤသို့လည်း စီဒဗလျူက ရယ်ကာမောကာ ပြောလိုက်သေးသည်။

ထို့နောက် သူတို့သုံးဦးစလုံး အသင့်ရှိနေသော ရဟတ်ယာဉ်ဆီသို့ သွားကြလေသည်။

* * *

မလှမ်းမကမ်းမှ ရပ်ကြည့်နေသူ ဖီလ်ပေါ့နှင့် ဆိုနီယာတို့သည် ရဟတ်ယာဉ်နားရှိ လူသုံးဦးကို မြင်နေသော်လည်း သူတို့မျှော်လင့်နေသော မိုက်ကယ် မတွေ့ရသဖြင့် မချင့်မရဲဖြစ်နေသည်။

"ဒီနေရာမှာလည်း စမစ်က ငါတို့ထက် ပိုပြီးညာဏ်သွားတာကို လက်တွေ့ပြလိုက်တာပဲကွ။ သူတို့လူတွေနောက်ကို ငါတို့က ခြေရာခံလိုက်မည်ဆိုတာ ကြိုတင်တွက်မိလို့ အခုလိုစီစဉ်တယ်ဆိုတာ ထင်ရှားတယ်။ အခုဆိုရင် စမစ်ဟာ တစ်နေရာကနေပြီး ငါတို့အဖြစ်ကို တွေးပြီး သဘောကျသလို ရယ်မောနေမှာ သေချာတယ်"

ဖီလ်ပေါ့က ညည်းညူသလိုပြောလိုက်ရာ ဆိုနီယာကလည်း သဘောတူဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တာပေါ့ရှင့်၊ သူတို့ရဲ့လှုပ်ရှားမှုကို ကျွန်မတို့ဘက်က လိုက်ချောင်းမယ်ဆိုတာ စမစ်က ကြိုတွက်ထားမှာပါပဲ၊ အခုပဲကြည့်လေ… ဒီလေဆိပ်ကအထွက်မှာ မော်တော်ကားနဲ့မသွားဘဲ ရဟတ်ယာဉ်နဲ့ ခရီးဆက်ဖို့ စီစဉ်ထားလိုက်တော့ ကျွန်မတို့က ဘယ်လိုလုပ်ပြီး ခြေရာခံလိုက်နိုင်ပါ့မလဲ"

"ဟုတ်တယ်…မလိုက်နိုင်ဘူး။ ဒီနေရာမှာ ငါတို့ညံ့သွားတာ အမှန်ပဲ။ ဒါမျိုး ဖြစ်လာနိုင်တယ်လို့ ကြိုတင်ပြီး ငါတို့ကလည်း ရဟတ်ယာဉ် အသင့် စီစဉ်ထားဖို့ကောင်းတယ်"

"ဒီမယ်…ပြင်သစ်အစိုးရက ရှင့်ကို 'အနီရောင်' ဦးစားပေး အခွင့်အရေးပေးထားမှတော့ ဖြစ်နိုင်ပါတယ်ရှင့်"

ဆိုနီယာက ထောက်ပြသော်လည်း ဖီလ်ပေါ့က ခေါင်းခါပြလေသည်။



"မဖြစ်ဘူးကွ။ အချိန်က နောက်ကျနေပြီ။ သူတို့ရဟတ်ယာဉ်က ခုချက်ချင်းပဲ ထွက်တော့မှာ။ တစ်ခုပဲငါတို့လုပ်နိုင်တယ်။ မြို့ပြလေကြောင်း ဥပဒေအရ လေယာဉ်တစ်စင်း ထွက်တော့မယ်ဆိုရင် ပျံသန်းမယ့် လေကြောင်းခရီးစဉ်ကို လေဆိပ်မျှော်စင်ကို ကြိုတင်ရေးဆွဲတင်ပြရတယ်။ တကယ်လို့ သူတို့ ရဟတ်ယာဉ်ကလည်း အဲဒီလို ခရီးစဉ်ကြိုတင်ခဲ့ရင်တော့ ငါတို့က ဘယ်ကိုသွားမယ်ဆိုတာ သိနိုင်မယ်။ ဒါပေမယ့် ငါတော့ တယ်မထင်ဘူး"

"ဟင်…ဒီလိုဆိုရင် ကျွန်မတို့ ဘာလုပ်ကြမလဲ"

"ဘာလုပ်ကြမလဲဆိုရင် ဒီလိုပဲ အခြေအနေအရ မီးစင်ကြည့်က သွားရမှာပဲ။ ဒီလိုနေရာမျိုးမှာ ဆာဘာရီနာအလွန်တော်တယ်။ စီဒဗလျူဆိုတဲ့လူကလည်း အင်မတန်လျင်တဲ့လူ။ ဒီတော့ သူတို့ကို အားကိုးရမှာပဲ။ ဖြစ်နိုင်ရင် သူတို့ကစပြီး ငါတို့ကို ဆက်သွယ်လိမ့်မယ်။ အရေးကြီးတာက ဟောဟိုကောင်က အစီအစဉ်တွေမဖြစ်အောင် ဝင်မနှောင့်ယှက်ဖို့ပဲ"

ပြောရင်းနှင့် ဖီလ်ပေါ့သည် လက်ဖြင့် ညွှန်ပြလိုက်သဖြင့် ဆိုနီယာလည်း လှမ်းကြည့်လိုက်မိသည်။

ညွှန်ပြလိုက်သောသူကား လေဆိပ်သို့ တဝီယမြောက် ရောက်လာသူ မိုက်ကယ်ဆိုသူပင်ဖြစ်နေသည်။

သူတို့ ကြည့်နေစဉ်မှာပင် မိုက်ကယ်သည် ရဟတ်ယာဉ်ဆီသို့ လျှောက်သွားပြီး အသင့်ဖွင့်ထားသောတံခါးမှ တက်သွားလေသည်။ ချက်ချင်းလိုပင် ရဟတ်ယာဉ်ကြီး၏ ပန်ကာများ လည်စပြုလေသည်။

* * *

မိုက်ကယ်သည် ရဟတ်ယာဉ်အတွင်း လှည့်ပတ်အကဲခတ်ကြည့်လိုက်ရာ စုစုပေါင်း လူခြောက်ယောက်ပါလာကြောင်း သတိပြုမိလေသည်။

ထိုလူခြောက်ယောက်စလုံးကို သူ့အနေဖြင့် မသိချေ။

တစ်ယောက်က အဖြူရောင် ဂျူတီကုတ် အင်္ကျီရှည်ဝတ်ထားပြီး နားကျပ်ကိုင်ထားသဖြင့် ဆရာဝန်မှန်းသိသာသည်။ နောက်လူလေးယောက်မှာ ရဟတ်ယာဉ်၏ ဘေးနံရံများရှိ အိပ်စင်များပေါ်၌ အိပ်နေကြသည်။

လူတစ်ယောက်ကသာ မတ်တတ်ရပ်နေရာ ထိုသူသည် တာဝန်ရှိသူဖြစ်ရမည်ဟုတွက်လျက် သွားရောက်နှုတ်ဆက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က မိုက်ကယ်ဖြစ်ပါတယ်"

ဤတွင် မတ်တတ်ရပ်နေသူ ကလော်ဒီကလည်း ပြန်၍ လက်ဆွဲနှုတ်ဆက်လိုက်သည်။

ဆာဘာရီနာသည် အိပ်စင်ပေါ်လှဲနေရင်း မိုက်ကယ်အား လှမ်းအကဲခတ် နေလေသည်။ စောစောတည်းက မျက်နှာကိုမြင်ဖူး၍ ရှိသည်ဟု ထင်မိရာမှ ယခုတော့ နာမည်ကိုပါကြားလိုက်ရသည်တွင် 'ဟုတ်ပါတယ်၊ ဒီလူကို ငါသိပါတယ်'ဟု စိတ်ထဲမှ မှတ်ချက်ချလိုက်မိသည်။

တကယ်တော့လည်း ဆာဘာရီနာအနေဖြင့် မိုက်ကယ်ဆိုသူသည် ဘယ်လိုလူဖြစ်၍ အတိတ်က ဘာတွေလုပ်ခဲ့ဖူးကြောင်း သိလေသည်။

နောက်ဆုံးအကြိမ် မိုက်ကယ်နှင့်သူမတို့ တွေ့ဆုံခဲ့ရပြီးနောက် ကြားရသည့် သတင်းများက သတင်းကောင်းမဟုတ်ချေ။

* * *

"တခြားလူတွေကိုတော့ နောက်မှပဲတွေ့တာပေါ့"

ကလော်ဒီက မိုက်ကယ်အား ပြောလိုက်သည်။

မိုက်ကယ်က ရဟတ်ယာဉ်ပေါ်ရှိ သူနှင့်အတူ အလုပ်လုပ်ရမည် ထင်ရသော သူတစ်ဦးမှာ နီဂရိုးခေါ် ကပ္ပလီလူမည်းတစ်ဦး ဖြစ်ကြောင်း သတိပြုမိသည်။ တစ်ယောက်က မိန်းကလေးတစ်ဦးဖြစ်နေသည်။

တတိယလူမှာ ခပ်ပုပု တုတ်တုတ်ခိုင်ခိုင်လူဖြစ်ပြီး နောက်ဆုံးလူမှာ အာရှတိုက်သားတစ်ဦးဖြစ်ပုံရသည်။

နားကျပ်နှင့်လူက ဆရာဝန်ဖြစ်ကြောင်း ယုံမှားဖွယ်မရှိချေ။

ယခု သူ့အား နှုတ်ဆက်သူ မျက်နှာမှာ အမာရွတ်နှင့်ကလော်ဒီဆိုသူက ပြင်သစ်လူမျိုးဖြစ်ကြောင်း သိသာပေသည်။

ကလော်ဒီက လွတ်နေသော အိပ်စင်တစ်ခုတွင် လဲလျောင်းနားနေရန် ပြောသောအခါ မိုက်ကယ်လည်း တက်၍လှဲနေလိုက်လေသည်။

ထို့နောက် အခြားလူများနည်းတူ မျက်စိမှိတ်ထားလိုက်လေသည်။

ထိုအချိန်၌ ဒေါက်တာသည် ဗလကောင်းကောင်း လူတစ်ယောက်၏ မျက်နှာအနီးသို့ မေ့ဆေးပါသော ဥမ်းစတစ်ခုကို ကပ်နေလေသည်။ ဓာတ်ငွေ့တစ်မျိုးဖြင့် လူတစ်ယောက်ကို ခေတ္တ သတိမေ့နေအောင် ဖန်တီးလိုက်ခြင်းပင်ဖြစ်သည်။



ယင်းသို့လုပ်နေခြင်းကို မိုက်ကယ်က လှမ်းမြင်သောအခါ စမစ်ဆိုသူက မိမိတို့သွားရမည့်နေရာကို မည်သူမှ မသိအောင် ခရီးသွားနေခိုက် လူတွေအား မေ့ဆေးပေးထားခြင်း ဖြစ်ရမည်ဟု တွက်မိလေသည်။

တစ်နည်းအားဖြင့် လုံခြုံရေးအတွက် ဉာဏ်ကြီးရှင် စမစ်က အထူးစီစဉ်ထားခြင်းပင် ဖြစ်ရပေမည်။

ထို့ကြောင့် ဆရာဝန်က မေ့ဆေးဓာတ်ငွေ့ပေးရန် သူ၏ အနီးသို့ ချဉ်းကပ်လာသောအခါ မိုက်ကယ်သည် ကန့်ကွက်ခြင်း၊ ငြင်းဆန်ခြင်းမပြုဘဲ အသာငြိမ်ခံနေလိုက်သည်။

* * *

ဖိလ်ပေါ့နှင့် ဆိုနီယာတို့သည် တိပ်ရကော်ဒါတစ်ခု ဖွင့်၍ နားထောင်နေကြလေသည်။

သူတို့နားထောင်နေသော တိတ်ခွေကတော့ စမစ်၏ စကားပြောသံကို စီဒဗလျူက ဓာတ်မီးခြစ် အသံဖမ်းစက်ကလေးဖြင့် ဖမ်းယူထားသည့် တိတ်ခွေပင် ဖြစ်သည်။

ယင်းကိရိယာကား ယူနာကို (ကမ္ဘာ့ ဒုစရိုက်တိုက်ဖျက်နှိမ်နင်းရေး အဖွဲ့ချုပ်)၏ သိပ္ပံပညာရှင်များက တီထွင်ထားချက်ပင် ဖြစ်သည်။ စီးကရက်မီးညှိသော ဓာတ်မီးခြစ်ထဲတွင် လျှို့ဝှက်အသံဖမ်းစက် (ရကော်ဒါ)ငယ်တစ်ခု တီထွင်တပ်ဆင်ထားခြင်းပင်ဖြစ်သည်။

အဆိုပါ တိပ်ခွေကို ယခုဖိလ်ပေါ့တို့က ဖွင့်နားထောင်ကြည့်နေကြသည်မှာ မော်တော်ကားပေါ်တွင်ဖြစ်သည်။ ပြင်သစ်အစိုးရက အထူး ဦးစားပေးအစီအစဉ်ဖြင့် ကူညီချက်အရ သူတို့၏ မော်တော်ကားထဲတွင် စတီရီယိုအသံချဲ့စက်ပါသော ရကော်ဒါစက်ဖြင့် ဖွင့်ကြည့်နေကြခြင်းပင်ဖြစ်သည်။

တိတ်ခွေထဲတွင် စမစ်၏ စကားပြောသံကို စီဒဗလျူက အသံဖမ်းယူထားခဲ့ခြင်းဖြစ်သည်။

သဘောတူလက်ခံလျှင် တစ်ဦးလျှင် ဒေါ်လာငွေတစ်သန်း (ဆယ်သိန်း) စီ ပေးမည့်အကြောင်း၊ သစ္စာဖောက်ပါက သေဒဏ် အပြစ်ပေးရမည်ဖြစ်ကြောင်း စသည်ဖြင့် စမစ်က ခပ်တည်တည်ပြောနေသံကို ကြားရလျှင် ဆိုနီယာသည် နားထောင်နေရင်း ရှို့ခနဲ လေချွန်လိုက်လေသည်။

www.burmeseclassic.com

ဖီလ်ပေါ့ကမူ အဓိပ္ပာယ်ပါပါ ခေါင်းညိတ်ရင်း…

"တော်သေးတယ်ကွ၊ ငါတို့လူဖြစ်တဲ့ စီဒဗလျူနဲ့ ဆာဘာရီနာတို့က စိတ်ချရတဲ့လူတွေဖြစ်နေတယ်။ ဟိုဘက်ကပေးတဲ့ ငွေက တကယ်မက်လောက်စရာပဲ။ တော်ရုံစိတ်ဓာတ်မျိုးနဲ့ဆိုရင် ပါသွားနိုင်တယ်။ ဒါပေမယ့် ငါတို့လူတွေက လေ့ကျင့်မှုနဲ့ အတွေ့အကြုံရင့်ကျက်နေကြတဲ့အတွက် တစ်ဖက်ကို ယိုင်မသွားတာလို့ ဆိုရမယ်"

ဟု ပြောလိုက်သည်။

ထိုအခိုက်မှာပင် မော်တော်ကားတွင်းရှိ ရေဒီယို တယ်လီဖုန်းမှ အချက်ပေးဆက်သွယ်သည့်အသံ ပေါ်လာလေသည်။

ဆိုနီယာသည် ချက်ချင်းပင် တယ်လီဖုန်းစကားပြောခွက်ကို ကောက်ယူနားထောင်ကာ ပြန်စကားပြောရင်း စာရွက်စာတမ်းပေါ်တွင် ရေးမှတ်နေလေသည်။

ခဏမျှကြာသောအခါ တယ်လီဖုန်းကို ပြန်ချပြီးနောက် ရေးမှတ်ထားသော စာရွက်ကို လှမ်းပေးလေသည်။

ဖီလ်ပေါ့သည် စာရွက်ကိုဖတ်ကြည့်ပြီးနောက် သဘောပေါက်သွားဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

ဆိုနီယာကလည်း စာရွက်ကို တစ်ခေါက်ပြန်ကြည့်ပြီး ဤသို့ မှတ်ချက်ချလေသည်။

"ဟုတ်ပါတယ်ရှင့်၊ ဒီလူဆိုတာ သေချာပါတယ်။ စိတ်ဖောက်ပြန်ချောက်ချားသလိုဖြစ်လို့ ၁၉၄၇ ခု ဇန်နဝါရီလက တပ်က ထုတ်ပစ်ခံရတယ်။ အဲဒီနောက်ပိုင်း ဒီလူရဲ့အပြုအမူ လှုပ်ရှားမှုတွေက အာဏာရူးတစ်ယောက်လို ဖြစ်ခဲ့တယ်။ အဲဒါကို ရှင်က ရတ်တရက်ပြန်စဉ်းစားလို့ မရဘူးမဟုတ်လား"

"အေးပါ အခုငါသတိရပါပြီ"

ဖီလ်ပေါ့က ဤသို့ပြောပြီး ခေတ္တမျှ မျက်စိမှိတ်စဉ်းစားနေပြီးမှ ဆက်ပြောလေသည်။

"ဒီလူက လက်နက်မျိုးစုံကို အထူးကျွမ်းကျင်သူ ဖြစ်တယ်။ နာမည်အပြည့်အစုံက မိုက်ကယ်ဂရေဟမ်လို့ ခေါ်တယ်။ အတိုကောက်ကတော့ မိုက်ကယ်ပဲပေါ့။ စိတ်ကမမှန်လို့ တပ်ထဲက ထွက်ခဲ့ရပေမယ့် သူ့ရဲ့ကျွမ်းကျင်မှု အရည်အချင်းကြောင့် မကြာမကြာ သူ့ကို ပြန်ခေါ်သုံးနေရတယ်။ စီအိုင်အေ



ထောက်လှမ်းရေးအဖွဲ့က လူသစ်တွေ လက်နက်ကျွမ်းကျင်မှု သင်တန်းပေးတဲ့ အခါမျိုးမှာ သူ့ကို ဧည့်သည်တော် နည်းပြဆရာအဖြစ် ခေါ်သုံးလေ့ရှိတယ်။ နောက်တစ်ခု တိုက်ဆိုင်တာရှိသေးတယ်။ ဆာဘာရီနာဆိုတဲ့ မိန်းကလေး ငါတို့အဖွဲ့ထဲ မဝင်ခင် လက်နက်ကျွမ်းကျင်မှု အထူးသင်တန်းတစ်ခု တက်ခဲ့တုန်းက မိုက်ကယ်ဟာ နည်းပြဆရာတစ်ဦးဖြစ်ခဲ့တယ်"

ထိုအချိန်၌ သူတို့၏ မော်တော်ကားသည် ရဇ်ဟိုတယ်ရှေ့သို့ ရောက်လာပြီဖြစ်သည်။

"ဒါပေမယ့် ရှင့်…၊ နည်းပြဆရာဆိုတာ သင်တန်းသားတပည့်တွေကို မှတ်မိဖို့ မလွယ်ပါဘူး"

ဆိုနီယာက ဖီလ်ပေါ့၏ လက်တစ်ဖက်ကို ညင်သာစွာ ဆုပ်ကိုင်ရင်း ပြောလိုက်သည်။

ထိုစကားကို ဖီလ်ပေါ့က သဘောမတူဟန်ဖြင့် ခေါင်းခါပြလေသည်။

"ဒီမယ် ဆိုနီယာ၊ မင်းဟာ တကယ်လို့ ယောကျ်ားတစ်ယောက်ဆိုရင် ဆာဘာရီနာလို မိန်းကလေးမျိုးကို မမှတ်မိဘဲ နေမလား"

"ဪ…ဒီလိုလား…ဟုတ်ပြီ။ ကျွန်မ နားလည်ပါပြီ"

"ငါပြောမယ်။ မိုက်ကယ်ကသာ ဆာဘာရီနာကို မှတ်မိမယ်ဆိုရင် သူက စမစ်ဆိုတဲ့လူကို ဒီအမျိုးသမီးက စီအိုင်အေသူလျှိုပဲလို့ သတင်းပေးလိုက်မှာ သေချာတယ်။ ဒီတော့ စမစ်က ကောင်မလေးကို သတ်ပစ်မှာပဲ။ စောစောက တိတ်ခွေထဲက စမစ်ပြောတာ ကြားလိုက်တယ် မဟုတ်လား။ သစ္စာဖောက်တဲ့ လူဆိုရင်တော့ သေဒဏ်ပေးရမှာပဲလို့ ခြိမ်းခြောက်သလို ပြောလိုက်တာလေ"

* * *

## အခန်း ၊၆၊

ဆရာဝန်က ဆာဘာရီနာအား စစ်ဆေးကြည့်ရှုနေစဉ် ကလော်ဒီသည် ဒေါက်တာ၏ ဘေးနားမှ ရပ်ကြည့်နေလေသည်။

ဆာဘာရီနာ၏ ပိတ်နေသော မျက်လုံးကို ဒေါက်တာက မျက်ခွံဖွင့်၍ စစ်ဆေးကြည့်ရှုလေသည်။

"ဘယ်လိုလဲ ဒေါက်တာ၊ ဒီအမျိုးသမီးက အိုကေရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



ကလော်ဒီက စိုးရိမ်မကင်း ဖြစ်သလိုမေးရာ ဆရာဝန်က သဘောကျ ပုံမရဘဲ ခပ်တည်တည်ပြန်ပြောလေသည်။

"ဘာကြောင့် မအိုကေ ရမှာလဲဗျ။ ဘာလဲ မောင်ရင်က ကျုပ်ရဲ့ အရည်အချင်းကို သံသယရှိနေလို့လား"

ဆရာဝန် ဘုကျကျ ပြန်ပြောသဖြင့် ကလော်ဒီလည်း ပျာပျာသလဲ တောင်းပန်လေသည်။

"နိုး…နိုး… မဟုတ်ပါဘူး ဒေါက်တာရဲ့။ ကျွန်တော်က ဆရာရဲ့ အရည်အချင်းကို ဝေဖန်နေတာ မဟုတ်ပါဘူး။ ဒါပေမယ့် ဆရာလည်း သိတဲ့အတိုင်း ကျွန်တော်တို့ ဆရာကြီး မစ္စတာစမစ်ဆိုတာ ဘာမဆို တိကျမှ သေချာမှ သဘောကျလို့ စိုးရိမ်ပြီး မေးကြည့်တာပါ ဆရာရယ်"

"ဟုတ်ပါတယ်၊ ကျုပ်ကလည်း သိပြီးသားပဲ။ ဘာပဲဖြစ်ဖြစ် ဒီလေယာဉ်ပေါ်မှာ ကျုပ်က ဆေးပညာဘွဲ့ရ ဆရာဝန်တစ်ဦးဖြစ်တယ်ဆိုတာကို မောင်ရင် သတိချပ်စေချင်တယ်။ ကျုပ်ရဲ့အလုပ်မှာ ဝင်မစွက်ဖက်စေချင်ဘူး။ ကျုပ်က မစ္စတာစမစ်ကို မောင်ရင်က ဆရာဝန်ကို ဝင်ဆရာလုပ်ပြီး နှောင့်ယှက်ပါတယ်လို့ ပြောလိုက်ရမလား"

"ဟာ… မဟုတ်ပါဘူး ဆရာ။ ဒေါက်တာက ဒီရဟတ်ယာဉ်ပေါ်မှာ တာဝန်အရှိဆုံးပုဂ္ဂိုလ်ဖြစ်ပါတယ်။ ကျွန်တော်က ဆန္ဒစောပြီး စိုးရိမ်လို့ ပြောမိတာကို ခွင့်လွှတ်ပါ"

"ဘာမှ စိုးရိမ်စရာမလိုဘူး။ မိန်းကလေးရဲ့ သွေးခုန်နှုန်း သွေးတိုးနှုန်း၊ အဆုတ်၊ နှလုံး၊ အားလုံး ကောင်းနေတယ်။ သူ့အတွက် ဘာမှ စိုးရိမ်မနေနဲ့။ ကျုပ်က တခြားလူနာတွေကိုလည်း စစ်ဆေးကြည့်ရှုရဦးမယ်"

ဒေါက်တာက ခပ်တည်တည်ပြောသည်တွင် ကလော်ဒီလည်း အလိုက်သိစွာ လမ်းဖယ်ပေးလိုက်လေသည်။

ထို့နောက် မှန်ပြတင်းပေါက်မှနေ၍ ပြင်ဘက်ရှုခင်းကို ကြည့်နေလိုက်သည်။

ရဟတ်ယာဉ်ကြီးသည် လျှင်မြန်စွာ ပျံသန်းလျက်ရှိနေလေသည်။

ကလော်ဒီသည် ပြင်သစ်ပြည် ပဲရစ်မြို့သားဖြစ်၍ မိမိ၏ ဇာတိမြို့တော်ကို အလွန်သံယောဇဉ်ကြီးသူ ဖြစ်လေသည်။ ယခု သူတို့ဆရာကြီး မစ္စတာစမစ်၏ တာဝန်ပေးချက်အရ ခရီးထွက်လာခဲ့ရသည်မှာ ဘာမှ မကြာ



သေးသော်လည်း ပဲရစ်မြို့ကြီးကို ပြန်လည်သတိရအောက်မေ့ နေပြီဖြစ်သည်။

ကလော်ဒီသည် မကြာခဏ မြေပြင်သို့ လှမ်းကြည့်နေပုံက မြန်မြန် ရောက်ချင်လှသည့် ဟန်မျိုးဖြစ်နေရာ ရဟတ်ယာဉ်မောင်းနေသူ ပိုင်းလော့ (လေယာဉ်မှူး)က "ဟေ့ ကလော်ဒီ၊ အေးအေးဆေးဆေး ထိုင်နေစမ်းပါဗျ။ ခင်ဗျားလုပ်နေပုံကြည့်ရတာ ကျုပ်တောင် မောင်းရတာ စိတ်မဖြောင့်ချင်ဘူး"

ဟု ဝေဖန်ပြောလိုက်သည်။

ကလော်ဒီလည်း သူ၏ ထိုင်ခုံဆီသို့ လျှောက်သွားပြီး ပြန်ထိုင်ချလိုက်သည်။

ဒေါက်တာကြီးသည် လူတစ်ယောက်ပြီးတစ်ယောက် စစ်ဆေးကြည့်ရှုနေရာမှ နောက်ဆုံးလူကို စစ်ဆေးခြင်း အပြီးသတ်လျက် ရှိနေသည်။

"ဒေါက်တာကြီးခင်ဗျား၊ သူတို့အားလုံး အိုကေပါပဲနော်"

ကလော်ဒီက သည်တစ်ခါတော့ လေးလေးစားစားပင် မေးကြည့်လေသည်။

ဒေါက်တာကလည်း ကောင်းကောင်းမွန်မွန်ပြောလေသည်။

"အိုကေပါတယ်၊ ဒီလူတွေအားလုံး ကျန်းမာရေးအခြေအနေ ကောင်းပါတယ်။ သူတို့ဟာ မူးယစ်ဆေးဝါး သုံးစွဲသူတွေ မဟုတ်တာလည်း ကျုပ်စစ်ဆေးသိရှိပြီးဖြစ်တယ်၊ နောက်တစ်ခု မောင်ရင်သိချင်တာလည်း ပြောဦးမယ်။ ဒီလူတွေအားလုံး တစ်ယောက်မှ လက်နက်တစ်စုံတစ်ရာ လျှို့ဝှက်ကိုင်ဆောင်လာတာ မရှိဘူး"

သည်တော့မှ ကလော်ဒီသည် သဘောကျသွားဟန်ဖြင့် ပြုံးလိုက်သည်။

ရဟတ်ယာဉ်သည် ခရီးလမ်းဆုံးဖြစ်သော ဝင်းခြံကျယ်ကျယ်နှင့် တိုက်အိမ်ကြီး တစ်အိမ်ဆီသို့ နီးကပ်လာပြီ ဖြစ်လေသည်။

နေရာဒေသကား ပြင်သစ်ပြည်၏ လှပသော တောတောင်ရှုခင်းများရှိရာ တစ်နေရာဖြစ်၍ တစ်ချိန်က ကြေးရတတ် သူဌေးကြီးများ၊ မင်းစိုးရာဇာများ ကိုယ်ပိုင်သီးသန့်နန်းတော်သဖွယ် အိမ်ကြီးများ တည်ဆောက်ထားခဲ့သော အရပ်လည်းဖြစ်သည်။

စမစ်၏ စံနန်းတော်ဟု ဆိုနိုင်သည့် အိမ်ကြီးကား ရှေးခေတ် ပြင်သစ်ပြည်မှ မင်းစိုးရာဇာမှူးကြီး မတ်ရာတို့၏ ရဲတိုက်ကြီးများလောက် ခမ်းနားကြီး

www.burmeseclassic.com

www.burmeseclassic.com



ကျယ်ခြင်း မရှိစေကာမူ ထည်ဝါခန့်ညားခေတ်မီ အသုံးအဆောင် ပရိဘော[ဂ]များဖြင့် ပြည့်စုံနေပေသည်။

မျက်စိအာရုံ လှပတင့်တယ်သော အဆောက်အအုံကြီး တစ်ခုလည်း ဖြစ်ပေသည်။

တိုက်၏ ခေါင်မိုးပေါ်တွင် ဇရာမ လင်းယုန်ငှက်ကြီး တစ်ကောင်၏ ကြေးရုပ်ကြီးဖြင့် တန်ဆာဆင်ထားလေသည်။

ရှေးခေတ် ရဲတိုက်ကြီးများကဲ့သို့ မျှော်စင်ကြီးသုံးခုကိုလည်း အခိုင်အမာ တည်ဆောက်ထားပေသည်။

အဆောက်အအုံပြင်ဘက် ဝင်းခြံတွင်လည်း မြက်ခင်းပြင်နှင့် ဥယျာဉ်များ စနစ်တကျ ဖန်တီးထားပုံကလည်း မျက်စိပသာဒတွင် အထူးတင့်တယ်လှပနေတော့သည်။

ဤသို့လျှင် စမစ်သည် သူ၏စံအိမ်တော်ကြီးကို နတ်ဘုံနတ်နန်းတမျှ ဖန်တီးတည်ဆောက်ထားလေသည်။

"ကိုင်း ဒေါက်တာကြီး၊ ဒီလူတွေ ပြန်သတိရလာအောင် ဆေးထိုးဖို့ အချိန်တန်ပြီ"

ကလော်ဒီက ပြောလိုက်ရာ ဆရာဝန်လည်း ချက်ချင်းပင် ဆေးထိုးအပ်ကို ထုတ်ယူ၍ ပြင်ဆင်ပါတော့သည်။

နောက် ဆယ်မိနစ်ခန့်အကြာတွင် ရဟတ်ယာဉ်ကြီးသည် စမစ်၏ စံအိမ်တော်ရှေ့ မြက်ခင်းပြင်ကျယ်တွင် ညင်သာစွာ ဆင်းသက်လိုက်လေသည်။

လီယာသည် ရဟတ်ယာဉ်ပန်ကာများ ရပ်သည်အထိ စောင့်နေစဉ် တံခါးပွင့်လာလေသည်။

လီယာလည်း ရဟတ်ယာဉ်ပေါ်သို့ တက်လိုက်သည်။

ထိုအချိန်၌ စမစ်၏ အဖွဲ့အစည်းသို့ သိမ်းသွင်းစည်းရုံးခြင်းခံရသူ လူသစ်များသည် ရဟတ်ယာဉ်ပေါ်တွင် သတိပြန်ရနေကြပြီဖြစ်သည်။

လီယာသည် ရဟတ်ယာဉ်အတွင်း၌ရပ်ပြီး မိန့်ခွန်းပြောသလို စကားစပြောလေသည်။

"ကျွန်မတို့ရဲ့ သီးသန့်အိမ်တော်ကြီးကို လာရောက်သူအားလုံးကို ခရီးဦးကြိုပြုပါတယ်ရှင်၊ ကျွန်မ နာမည်က လီယာလို့ခေါ်ပါတယ်။ မစ္စတာ



[စ]မစ်ရဲ့ အပါးတော်မြဲ အတွင်းရေးမှူးဆိုပါတော့။ အခုလူကြီးမင်းတို့ ဒီကို [ရောက်]လာခဲ့ရတဲ့ခရီးကလည်း သာယာအဆင်ပြေခဲ့လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ [လူ]ကြီးမင်းတို့အနေနဲ့ ကျွန်မကို မေးစရာမေးခွန်းများ ရှိပါသလားရှင်"

"ရှိတယ်၊ ကျုပ်မေးစရာရှိတယ်"

မိုက်ကယ်က ခပ်တည်တည် စကားစလိုက်သည်။

"ကျုပ်သတိမေ့နေတုန်း ဘာဖြစ်လို့ ကျုပ်ရဲ့လက်ဗွေပုံစံကို [ယ]ူလိုက်ရတာလဲ"

ထိုစကားကို လီယာက ရည်မွန်စွာပင် ပြန်ဖြေလေသည်။

"ရှင်တစ်ယောက်တည်း မဟုတ်ပါဘူး။ ရှင်တို့အားလုံး တစ်ယောက်မကျန် လက်ဗွေပုံစံယူရပါတယ်။ ဒါမှလည်း ရှင်တို့ဟာ ဘယ်သူဘယ်ဝါ[အ]မှန်ဟုတ်၊ မဟုတ် ကျွန်မတို့ရဲ့ မှတ်တမ်းဖိုင်တွေနဲ့ တိုက်ပြီး စစ်ကြည့်လို့ရ[ပ]ါမယ်။ အဲဒီလို တိုက်ကြည့်ပြီး မှန်ကန်ကြောင်း သိရတော့မှလည်း ရှင်တို့ရော ကျွန်မတို့ပါ စိတ်ချလက်ချ ဆက်အလုပ်လုပ်သွားနိုင်ကြမယ် မဟုတ်လား။ တစ်နည်းအားဖြင့် နှစ်ဦးနှစ်ဖက် မိတ်ဆွေတွေဖြစ်ပါကလားလို့ စိတ်ချနိုင်[ပ]ါမယ်"

သည်တော့မှ မိုက်ကယ်လည်း ကျေနပ်သွားကာ ဆာဘရီနာဘက်[သ]ို့ လှမ်းပြုံးလိုက်သည်။

ဆာဘရီနာကလည်း ပြန်ပြုံးပြလိုက်သည်။ သို့သော် သူမ၏ စိတ်ထဲ[တ]ွင်ကား စိုးရိမ်ကြောင့်ကြသလို၊ တုန်လှုပ်ချောက်ချားသလို ဖြစ်နေမိသည်။

မိုက်ကယ်သည် စကားဖြင့်လည်းကောင်း၊ အပြုအမူအားဖြင့်[လ]ည်းကောင်း ဆာဘရီနာအား မှတ်မိကြောင်း လုံးဝမပြခဲ့ချေ။

ယင်းအချက်ကို ဆာဘရီနာက ရိပ်မိဟန်ဖြင့် ပို၍ စိုးရိမ်ကြောင့်ကြ[မ]ိလေသည်။

အထူးသဖြင့် သူ မည်သူမည်ဝါဖြစ်ကြောင်းကို မိုက်ကယ်ကတကယ့်[မ]ျက်ကောင်းကျမှ စမစ်ဆိုသူအား ဖွင့်ပြောလိုက်လေမည်လောဟု တွေးပူနေမိ[သ]ည်။

ဒါမှမဟုတ် မိုက်ကယ်သည် မိမိအား တကယ်ပင် မမှတ်မိ၍[ပ]ေလော။ မမှတ်မိစရာတော့မရှိဟု ဆာဘရီနာက ကောက်ချက်ချလိုက်မိပြ[န်]သည်။

www.burmeseclassic.com

www.burmeseclassic.com



မိုက်ကယ်က မိမိအား ပြုံးပြပုံမှာ ယောကျ်ားတစ်ယောက်က တစ်ခါမှ မတွေ့ဖူးသော မိန်းကလေးတစ်ဦးအား သဘောကျပြီး ပြုံးပြနည်းမျိုးနှင့်တော့ တူနေပါသည်။

“ကိုင်း လူကြီးမင်းတို့ ကျွန်တော်နဲ့အတူ လိုက်ခဲ့ကြပါ”

ကလော်ဒီက ပြောလိုက်သည်တွင် တံခါးပေါက်နှင့် အနီးဆုံး ရောက်နေသူ စီဒဗလျူက ပထမဆုံး ရဟတ်ယာဉ်ပေါ်မှ ခုန်ဆင်းလိုက်ပြီး ဆာဘရီနာအား ကူညီတွဲချပေးလိုက်သည်။

ရဟတ်ယာဉ်ပေါ်မှ အဆင်းတွင် ဆာဘရီနာသည် ခြေချော်လဲကျမည်ဖြစ်ရာ စီဒဗလျူက လျင်မြန်သွက်လက်စွာ ဖမ်းကိုင်ထိန်းထားပေးလိုက်သည်။

“အမယ် ကိုယ့်လူက တယ်ပြီးဟန်ကျနေတာကိုး”

မိုက်ကယ်က သရော်သလိုပြောလိုက်သည်။

စီဒဗလျူက ပြန်ကြည့်လိုက်ရာ မိုက်ကယ်၏ စူးရှပြီးရက်စက်ကြမ်းကြုတ်မည့် အသွင်ဆောင်နေသော မျက်လုံးများကိုသာ မြင်ရလေသည်။

သူတို့အချင်းချင်း စိတ်ခတ်ချင်း စိန်ခေါ်ယှဉ်ပြိုင်နေသကဲ့သို့ ဖြစ်နေလေသည်။

မိုက်ကယ်က ပြုံးဖြီးဖြီးနှင့်

“ကိုင်း ကိုယ့်လူ၊ လမ်းဖယ်လိုက်ရင် ကောင်းလိမ့်မယ်။ ဒါမှမဟုတ် ကျုပ်ကိုပါ တွဲချပေးမလို့လား။ ဟဲ ဟဲ”

ဟုပြောလိုက်သည်တွင် စီဒဗလျူသည် ဘာမှမပြောဘဲ ချာခနဲလှည့်ထွက်သွားလေသည်။

ဤတွင် လီယာအမည်ရှိ အမျိုးသမီးက ဝင်သတိပေးလေသည်။

“ဒီမယ် မိုက်ကယ်၊ မောင်ရင် နည်းနည်းသတိထားရင် ကောင်းမယ်၊ မစ္စတာစမစ်က အဖွဲ့သားအချင်းချင်း ပဋိပက္ခဖြစ်တာတို့၊ ရန်စတာတို့ သဘောမကျဘူးရှင့်။ နောက်တစ်ချက်က ရှင်တို့ အခုလုပ်ရမယ့် စစ်ဆင်ရေးမှာ ဆာဘရီနာနဲ့ စီဒဗလျူတို့က ရှင့်ထက် ပိုအရေးကြီးပါတယ်လို့ မစ္စတာစမစ်က ဆုံးဖြတ်ချင်ဆုံးဖြတ်မယ်။ အခုဆိုရင် ရှင်က ဒီအဖွဲ့လုပ်ငန်းကို လက်ခံထားပြီးတော့ အစစအရာရာ သတိထားပြီး အသင့်ပြေအောင်နေပါ။ ဒါမှမဟုတ်ရင် ရှင့်အဖို့ သက်သာမှာမဟုတ်ဘူး။ ဒီမယ် မိုက်ကယ်၊ မစ္စတာ စမစ်ရဲ့ စစ်ဆင်



ရေး စီမံချက်တစ်ခုကို သဘောတူလက်ခံလို့ မရဘူး။ ထွက်လို့မရဘူး။ အေး တစ်ခုတော့ရှိတယ်။ တကယ်ထွက်ရင်လည်း သင်္ချိုင်းကိုသွားတဲ့ ခေါင်းထဲ လိုက်ပါတဲ့နည်းနဲ့သာ ထွက်နိုင်တယ်။ ရှင်သတိထားပါ”

လီယာက ခြိမ်းခြောက်သလို သတိပေးသည်ကို မိုက်ကယ်သည် ထိတ်လန့်တုန်လှုပ်ဟန် မတူချေ။

“ဒါတော့ ခင်ဗျားက ခါတိုင်းတွေ့နေကျလူတွေ ပြောနေကျအတိုင်း ပြောတာမဟုတ်လား။ ဒီတစ်ခါတော့ ခင်ဗျားဆရာကြီးမစ္စတာ စမစ်ကိုယ်တိုင် မျှော်လင့်တာနဲ့ ကြုံပြီး အကြီးအကျယ်အံ့အားသင့်သွားနိုင်တယ်လို့လည်း သတိထားပါဗျ။ ဒါပေမယ့် ခင်ဗျားဟာ အခုလိုသတိပေးဖော်ရတာကို ကျေးဇူးတင်ပါတယ်။ ဟဲ ဟဲ”

ဤသို့ မိုက်ကယ်က သရော်သလို ဟန်မျိုးဖြင့် ပြန်ပြောလိုက်သည်။

* * *

လီယာက ခေါင်းဆောင်ပြီးသွားကြရာ မကြာမီ ပြင်သစ်ဘာသာဖြင့် ‘ရှာတို’ ဟုခေါ်သော အိမ်ကြီးသို့ ရောက်သွားကြလေသည်။ သို့သော် အိမ်ရှေ့ဘက်က မဝင်ဘဲ အိမ်ကြီး၏ နောက်ဖေးဘက်သို့ သွားလေသည်။

နောက်ဖေး မီးဖိုခန်းသို့မရောက်မီ မြင်းဇောင်းကြီးတစ်ခု ရှိလေသည်။

ယင်းမြင်းဇောင်းအတွင်း၌ကား လက်နက်ကိုင်တွယ်အသုံးပြုနည်း သင်ပြပေးသူ နည်းပြဆရာတစ်ဦးနှင့် သင်တန်းသား လူခြောက်ယောက်တို့ ရှိနေကြသည်။

ထိုလူများ ဝတ်စားထားပုံက လီယာကဲ့သို့ပင် အာကာသလေသူရဲများ၏ ဝတ်စုံလိုလို၊ ယူနီဖောင်းဝတ်စုံများဝတ်ထားကြသည်။

ရှေ့ဆုံးမှ လျှောက်သွားသူလီယာက လက်မြှောက်အချက်ပေးလိုက်ရာ သူမ၏ နောက်မှတန်းစီလိုက်လာသော ကျန်လူများလည်း ခြေလှမ်းတုံ့ လိုက်ကြသည်။

လက်နက်ကိုင်တွယ် လေ့ကျင့်ခန်းကို လုပ်ပုံကို လီယာက ဧည့်သည်များအား ပြလိုဟန်ဖြင့် ရပ်ကြည့်နေလိုက်သည်။

မြင်းဇောင်း အဆောက်အအုံ၏ တစ်ဘက်စွန်းတွင် သေနတ်ပစ် လေ့ကျင့်ခန်းပစ်မှတ်များ ပြုလုပ်ထားရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပစ်မှတ်ဆိုသည်မှာ လူရုပ်များပင်ဖြစ်သည်။ ယင်းလူရုပ်များကို သင်တန်းသားများက ပစ်ခတ်လေ့ကျင့်ကြရလေသည်။

လီယာသည် တပ်မှူးတစ်ဦးအမိန့်ပေးသည့် လေသံမျိုးဖြင့် အမိန့်တစ်ခုကို ဟစ်အော်ပြောလိုက်ရာ၊ မြင်းဇောင်း တစ်ဘက်စွန်းရှိ ပစ်မှတ် လူရုပ်များသည် လှုပ်ရှားလာလေသည်။

လှုပ်ရှားပုံကလည်း တကယ့်လူများ ရန်သူနှင့် ရင်ဆိုင်တိုက်နေသည့် ဟန်မျိုးဖြင့် ရှောင်လိုက်တိမ်းလိုက် ခေါင်းငုံ့လိုက် ခေါင်းပြန်ထောင်လိုက်နှင့် အလွန် သဘာဝကျပေသည်။

လက်နက်သင်တန်းဆရာ လုပ်သူသည် ယမ်းအား ပြင်းထန်သော စက်သေနတ်တစ်လက်ကို ကောက်ကိုင်လိုက်သည်။

ထို့နောက် အထူးတလည် ချိန်ရွယ်ခြင်းပင်မပြုဘဲ စက်သေနတ်ဖြင့် ပစ်မှတ်များဆီသို့ ပစ်ခတ်လေသည်။

သူ၏ ကျည်ဆန်များသည် ပစ်မှတ်လူရုပ် တစ်ခုပြီးတစ်ခု ထိမှန် ပျက်စီးသွားအောင် လက်ဖြောင့်လှပေသည်။

ပစ်လိုက်သမျှ ကျည်ဆန်များသည် တစ်ခုတလေမှ မထိမှန်ဘဲ ဘေး ချော်သွားခြင်းမရှိ။ ကျည်ဆန်တိုင်းက ပစ်မှတ်၏ ချက်ကောင်းနေရာများ ကိုသာ ထိမှန်လေသည်။

နည်းပြဆရာသည် နောက်ဆုံးပစ်မှတ်တစ်ခုကို အာရုံစိုက် ချေမှုန်းပုံ က အံ့သြစရာကောင်းလှသည်။

ကွန်မန်ဒို တပ်သားတစ်ဦးပုံမျိုး ဖန်တီးထားသော ပစ်မှတ်လူရုပ်က ဒူးထောက်ဝပ်နေသည့် အနေအထားရှိနေရာ သင်တန်းဆရာ၏ ကျည်ဆန်များ က ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခုစီကို တည့်တည့်မတ်မတ် ထိမှန်ကုန်လေ သည်။

ရှေးဦးစွာ ဦးခေါင်းတည့်တည့် ထိမှန်ပြီး ခေါင်းပြုတ်ကျသွားသည်။ ထို့နောက် လက်မောင်းတစ်ဖက်စီကိုပစ်၍ ဖျက်ချလိုက်သည်။ ပြီးတော့ ခန္ဓာ ကိုယ် တည့်တည့်ကို ပစ်ပြန်သည်။ နောက်ဆုံးကျမှ လူရုပ်၏ ခြေထောက် ဒူးခေါင်း နှစ်ဖက်နှစ်ချက်ကို မလွဲအောင်ပင် ပစ်ပြလေသည်။

သင်တန်းဆရာ၏ အပစ်အခတ် ကျွမ်းကျင်မှုကိုကြည့်ရင်း မိုက်ကယ်



က ယင်းရှုခင်းသည် မိမိတို့အား တမင်သက်သက် သရုပ်ပြခြင်း ပေလောဟု ပင် တွေးမိလေသည်။

"ကျုပ်တို့ စစ်ဆင်ရေးမှာ ဒီလူတွေကော အတူပါမှာလားဗျ"

"ဒါတော့ ပါချင်မှ ပါမှာပေါ့ရှင့်။ မစ္စတာစမစ်က အခုလို လေ့ကျင့် ခန်းတွေ မပြုလုပ်စေတာဟာ ကမ္ဘာအနှံ့အပြားမှာရှိတဲ့ သူ့ရဲ့အင်အားစုကို အစဉ်အသင့် အရည်အသွေးထက်မြက်နေအောင် တိုက်သွေးပေးနေတဲ့ သဘော ဖြစ်တယ်။ ပြီးတော့ မစ္စတာစမစ်က နေရာဒေသအလိုက် သူ့ရဲ့ လုပ်ငန်းတွေ ဦးစီးကွပ်ကဲဖို့ ရှင် အခုမြင်ရတဲ့ လူလို နယ်မြေဒေသဆိုင်ရာ တပ်မှူးတွေလည်း ထားရှိတယ်။ အခုရှင်တို့ရဲ့ စစ်ဆင်ရေး အော်ပရေးရှင်းကိုလည်း မစ္စတာစမစ် ကိုယ်တိုင် ကြီးကြပ်ပါလိမ့်မယ်"

လီယာက ရှင်းပြသောအခါ မိုက်ကယ်က

"ဟုတ်လား၊ ဒါဖြင့် ကျုပ်တို့အဖို့ ဒီလိုခေါင်းဆောင်ကြီးကိုယ်တိုင် အချိန်ပေး ကွပ်ကဲပေးမယ်ဆိုတာဟာ ဂုဏ်ယူကြွားဝင့်စရာပေါ့"

ဟု သရော်သလိုပြောလိုက်သည်။

လီယာကမူ ဂရုမစိုက်ဘဲ သူတို့အဖွဲ့အား ရှေ့သို့ ဆက်ခေါ်သွားလေ သည်။

အိမ်ကြီး၏ နောက်ဘက်တစ်နေရာရှိ ဥမင်လိုဏ်ခေါင်းကဲ့သို့ လှိုဏ်ဂူ ဝင်ပေါက်တစ်ခုထဲသို့ ဖြတ်ဝင်သွားကြရပြီးနောက် လက်နက်မျိုးစုံ ထားရှိသော အခန်းကြီးတစ်ခန်းသို့ ရောက်သွားကြလေသည်။

အခန်းကြီးအလယ်ဗဟိုတွင်ကား စားပွဲရှည်ကြီးတစ်ခုပေါ်၌ စားဖွယ် သောက်ဖွယ်များ အဆင်သင့်ပြင်ထားလေသည်။

လီယာက ခပ်တည်တည်နှင့် မိန့်ခွန်းချွေသလို စကားပြောပြန်လေ အတူနေကြသည်။

မတတ်ကြချေ။ ...ကြရင်း အချင်း

ဆာဘာရီနာသည် အခွင့်သင့်သည်နှင့် လူဝီအမည်ရှိ စီဒဗလျူထ ခေတ္တသွားတွေ့လေသည်။

အခန်းထဲရောက်လျှင် ဘသားချောက ရေချိုးခန်းကျယ်ကြီးအတွင်း အားရပါးရ ရေချိုးနေလေသည်။ လူတစ်ကိုယ်လုံး ဆပ်ပြာမြှုပ်တွေဖုံးနေသော

www.burmeseclassic.com

www.burmeseclassic.com



သားလို့ ကျွန်မယူဆပါတယ်။ ဟောဒီက ပေအီနဲ့တိုတီတို့ နှစ်ယောက်ကိုတော့ ရှင်တို့ မတွေ့ဖူးကြသေးဘူး။ ပေအီက အင်ဒိုနီးရှားနိုင်ငံက ဖြစ်တယ်။ ဟုတ်တယ်နော်''

ပြောရင်းနှင့် ဆာဘာရီနာက ကာယကံရှင်ဘက်သို့ လှည့်မေးလိုက်ရာ ပေအီဆိုသူ အင်ဒိုနီးရှားလူမျိုးက ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

''ဟောဒီက တိုတီကတော့ ဖင်လန်နိုင်ငံသားဖြစ်ပါတယ်။ သူ့နာမည် အမှန်ကတော့ အရှည်ကြီးပဲရှင့်။ အသံထွက်မှန်အောင်ပြောရလည်း အလွန်ခက်တယ်။ ဒါကြောင့် ကျွန်မတို့အားလုံးက သူ့ကိုခေါ်ရလွယ်တဲ့ နာမည် အတိုကောက်တိုတီလို့ပဲ ခေါ်ကြပါတယ်။ အဲဒါကိုလည်း တိုတီ ကိုယ်တိုင်က သဘောကျကျေနပ်တယ်''

တိုတီဆိုသူမှာ ခန္ဓာကိုယ်က အဆမတန်တုတ်ခိုင်ပြီး ဗလကောင်းသူ ဖြစ်လေရာ၊ ရုတ်တရက်ဆိုလျှင် အာဖရိကတိုက်မှ ဂေါ်ဇီလာ ခေါ် မျောက်ဝံကြီး တစ်ကောင်နှင့် တူနေလေသည်။

လီယာက သူ၏အမည်ကိုပြော၍ မိတ်ဆက်ပေးနေစဉ် တိုတီက ကြိုးစားပြီးပြုံးပြပုံကလည်း လူတစ်ယောက် ပြုံးပုံနှင့်မတူ၊ တောတွင်းသတ္တဝါကြီးတစ်ကောင် သွားဖြဲခြိမ်းခြောက်ပုံမျိုးနှင့် တူနေတော့သည်။

အင်ဒိုနီးရှားလူမျိုး ပေအီကမူ သဘောကျဟန်ဖြင့် တိုတီ၏ ကျောပြင်ကို လက်ဝါးဖြင့် တအားပုတ်လိုက်လေသည်။

''ဒါပြီးရင် ကျွန်မတို့က မစ္စတာစမစ်နဲ့ တွေ့ရတော့မှာလားဟင်''

ဆာဘာရီနာက မေးလိုက်သည်။

သူမသည် ယူနာကိုအဖွဲ့တာဝန်ခံ ဗီလ်ပေါ့နှင့်ပြောဆို ဆွေးနွေးချက် အရ ကမ္ဘာ့လူသားတို့အား များစွာဒုက္ခပေးနိုင်သည်ဟုသိထားသော ... ပုံပန်းသဏ္ဌာန်ကို မြင်ချင် ...

ရှေးဦးစွာ ဦးခေါင်းတည့်တည့် ထိမှန်ပြီး ခေါင်းပြုတ်ကျသွားသည် ... ထို့နောက် လက်မောင်းတစ်ဖက်စီကိုပစ်၍ ဖျက်ချလိုက်သည်။ ပြီးတော့ ... ကိုယ် တည့်တည့်ကို ပစ်ပြန်သည်။ နောက်ဆုံးကျမှ လူရုပ်၏ ခြေထောက် ... ဒူးခေါင်း နှစ်ဖက်နှစ်ချက်ကို မလွဲအောင်ပင် ပစ်ပြလေသည်။

သင်တန်းဆရာ၏ အပစ်အခတ် ကျွမ်းကျင်မှုကိုကြည့်ရင်း မိုက်က ...



လုပ်တဲ့ကွင်းကိုလည်း ပြရပါမယ်။ တစ်ခု သတိပေးချင်တာက ရှင်တို့ဟာ ပြင်ပကမ္ဘာနဲ့ဆက်သွယ်ဖို့ လုံးဝမကြိုးစားပါနဲ့လို့ သတိပေးထားချင်ပါတယ်။ အိမ်ကြီးမှာရှိတဲ့ တယ်လီဖုန်းတွေကိုလည်း ရှင်တို့အသုံးပြုခွင့်မရှိဘူး။ အိမ်မှာရှိတဲ့ ကျွန်မတို့ အဖွဲ့သားတွေကလည်း ရှင်တို့က စာပေးခိုင်းတာတို့၊ ဘာတို့ လုပ်ပေးမှာမဟုတ်ဘူး။ ရှင်တို့အနေနဲ့ ပြင်ဘက်က လူတစ်စုံတစ်ယောက်နဲ့ ဆက်သွယ်ဖို့ ကြိုးစားကြံစည်ရင်တော့ သစ္စာဖောက်တာပဲလို့ ယူဆရမယ်။ သစ္စာဖောက်တဲ့လူတွေအတွက် ဘယ်လိုအပြစ်ဒဏ်မျိုး ပေးမယ်ဆိုတာလည်း ရှင်တို့ သိပြီးသား ဖြစ်ပါတယ်''

ပြောပြောဆိုဆို လီယာက သူတို့အား ကိုယ်ပိုင်သီးသန့်အခန်းများဆီသို့ ခေါ်သွားလေသည်။

* * *

အခန်းများက ထိပ်တန်း ဟိုတယ်ကြီးမှ သီးသန့်ခန်းများလို လူတစ်ယောက်အတွက် ဧည့်ခန်း၊ အိပ်ခန်း၊ ရေချိုးခန်း စသည်ဖြင့် အားလုံး သီးသန့်ပါရှိသောအခန်းမျိုးတွေ ဖြစ်လေသည်။

အခန်းကို မွမ်းမံပြင်ဆင်ထားပုံနှင့်တကွ တည်ဆောက်ပုံ ဗိသုကာ လက်ရာကတော့ ၁၇ ရာစု၊ သို့မဟုတ် ၁၈ ရာစုနှစ်များက ပြင်သစ်ဗိသုကာ လက်ရာမျိုးဖြစ်လေသည်။

စိတ်ဝင်စားဖွယ်ကောင်းသည်ကား အခန်းတစ်ခန်းစီကို ပြင်သစ်ပြည်၏ အတိတ်ကာလသမိုင်းထဲမှ ထင်ရှားသော နာမည်များ ပေးထားခြင်းပင် ဖြစ်သည်။ ဥပမာ စီဒဗလျူနေရသည့်အခန်းက ပြင်သစ်ဘုရင် ''လူဝီ''၏ အမည်ကိုပေးထားသည်။ ဆာဘာရီနာ၏အခန်းကတော့ ''လီရှိုင်း''ဟု ခေါ်လေသည်။ ပေအီနှင့် တိုတီတို့က ''သာမိဒို''အမည်ရှိအခန်းတွင် နှစ်ယောက် အတူနေကြသည်။ သူတို့နှစ်ယောက်ကတော့ ပြင်သစ်ဘာသာစကား လုံးဝ မတတ်ကြချေ။

ဆာဘာရီနာသည် အခွင့်သင့်သည်နှင့် လူဝီအမည်ရှိ စီဒဗလျူထံ ခေတ္တသွားတွေ့လေသည်။

အခန်းထဲရောက်လျှင် ဘသားချောက ရေချိုးခန်းကျယ်ကြီးအတွင်း၌ အားရပါးရ ရေချိုးနေလေသည်။ လူတစ်ကိုယ်လုံး ဆပ်ပြာမြှုပ်တွေဖုံးနေသော

www.burmeseclassic.com

www.burmeseclassic.com



တော်သေးသည်ဟု အောက်မေ့ရင်း စီဒဗလျူသည် ဆာဘာရီနာအား ပြုံးဖြီးဖြီးနှင့် နှုတ်ဆက်လေသည်။

"ဟော့ ဆာဘာရီနာ။ ငါက အမျိုးသမီးတွေမက်လောက်အောင် ချောလှတာကို ငါ့ဟာငါ သိပါတယ်ကွာ။ ဒါပေမယ့်ကွာ မင်းက ငါ့ရေချိုးပြီး အောင်တောင်မစောင့်ဘဲ စွတ်ဝင်လာတာတော့ လွန်တယ်ထင်တယ် ဟဲ ဟဲ"

"ဒီမယ်ရှင့် ကျွန်မ အခုလာတာဟာ ရှင့်ခန္ဓာကိုယ်ကို တပ်မက်လို့ လာတာမဟုတ်ဘူးရှင့် နားလည်လား။ ကျွန်မလာတာဟာ မိုက်ကယ်ဆိုတဲ့ လူနဲ့ ပတ်သက်တယ်"

ဆာဘာရီနာက ခပ်တည်တည်ပြောလိုက်လေသည်။

"ဒီလိုဆိုရင် မင်းက ဘာဖြစ်လို့ သူ့ဆီ တိုက်ရိုက်မသွားတာလဲ"

ထိုစကားကို ဆာဘာရီနာက ရယ်ကာမောကာဖြင့် ပြန်ဖြေလေသည်။

"အခုကိစ္စက အရေးကြီးတယ်ရှင့်"

ပြောပြောဆိုဆို ဆာဘာရီနာသည် ရေချိုးခန်းတွင်းရှိ မျက်နှာသစ်ကြွေခွက်မှ ရေဘုံဘိုင်ကို ဖွင့်လိုက်သည်။ ရေသံခပ်ပြင်းပြင်း ဆူညံနေမှ သူတို့ပြောသော စကားကို တစ်စုံတစ်ယောက် ပြင်ဘက်မှ ချောင်းနားထောင်ခဲ့သော် မကြားစေရန် ကြိုတင်ကာကွယ်လိုက်ခြင်းပင် ဖြစ်သည်။

ဆာဘာရီနာက စကားဆက်လေသည်။

"ဒီမယ် မိုက်ကယ်ဆိုတဲ့လူဟာ တစ်ချိန်က အမေရိကန်ထောက်လှမ်းရေး (စီအိုင်အေ)က လက်ရွေးစင်အဖွဲ့သားတစ်ဦး ဖြစ်တယ်။ အခု သူက (စီအိုင်အေ)ကို သစ္စာဖောက် ထွက်လာပုံရတယ်။ တစ်ခါတုန်းက သူကိုယ်တိုင် ကျွန်မကို လက်နက်ကိုင်တွယ်နည်း သင်တန်းပေးခဲ့ဖူးတယ်။ သူက လက်နက်မျိုးစုံပါရဂူဖြစ်တယ်ရှင့်။ အခုနေတော့ မသိသာပေမယ့် ဒီလူက ကျွန်မကို မှတ်မိသွားရင် ဘယ့်နှယ့်လုပ်မလဲ။ ကျွန်မတို့အစီအစဉ် အားလုံး ပျက်သွားနိုင်တယ်"

သူမ၏ စကားကိုကြားလျှင် စီဒဗလျူသည် အံ့အားသင့်သွားဟန်ဖြင့် ရေချိုးသည့်စည်ကြီးထဲတွင် ထထိုင်လိုက်သည်။

"ဩော် ဒီလိုလား။ ဒါဖြင့် မင်းက ဘယ်လိုအကြံပေးချင်သလဲ။ ဒီလူကို သုတ်သင်ပစ်လိုက်ရမယ်လား"

"မပြောတတ်ဘူးလေ၊ ဘာလုပ်ကြရင်ကောင်းမလဲ"



ဆာဘာရီနာက ပြောနေစဉ် စီဒဗလျူသည် ကပျာကယာရေချိုးပြီး တ်သည့်ဝတ်စုံတစ်ခုကို ဝတ်လိုက်သည်။

"မင်းကို မိုက်ကယ်က မှတ်မိတယ်လို့ထင်သလား။ မှတ်မိပုံရလား"

"အခုချိန်အထိတော့ မှတ်မိပုံမရဘူးရှင့်။ ဒါပေမယ့် ရှင်ပဲ စဉ်းစားကြည့်လေ။ သူလိုလူတစ်ယောက်က တစ်ချိန်က သင်တန်းပေးဖူးတဲ့ တပည့်တစ်ယောက်ကို မမှတ်မိဘဲနေပါ့မလားလို့"

"အိုကေ အိုကေ၊ မင်းပြောတာမှန်ပါလိမ့်မယ်၊ ဒါပေမယ့် အခုလောလောဆယ်မှာတော့ ငါတို့က အခြေအနေကို မျက်ခြည်မပြတ် စောင့်ကြည့်ရုံကလွဲလို့ ဘာမှလုပ်လို့မဖြစ်သေးဘူးကွ။ တကယ်လို့ သူကမင်းကို မှတ်မိပြီး မစ်ကိုသတင်းပေးလိုက်ရင် ချက်ချင်း ငါတို့သိမှာပဲ။ သိရမှာက ဒီလိုလေကွာ။ မစ်ရဲ့အဖွဲ့သားတစ်ယောက်ယောက်က ငါတို့ကို သေနတ်ပစ် လေ့ကျင့်ကွင်း ခေါ်ထုတ်သွားပြီး ပစ်မှတ်အရုပ်တွေလို ကျည်ဆန်တွေ ဒလဟောပစ်မှာ ပြောတာ။ သူက မမှတ်မိရင်တော့ စမစ်ကို ဘာမှပြောမှာမဟုတ်ဘူး။ က အသာငြိမ်နေရုံပဲ"

"ကောင်းပြီလေ၊ ရှင်ပြောသလို အရိပ်အခြည်ကြည့်နေရတာပေါ့။ ပေမယ့် ကျွန်မကိုသာ သူတို့ကသေနတ်ပစ်လေ့ကျင့်တဲ့ ပစ်မှတ်လုပ်မယ် ရင်တော့ ကျွန်မက အသာငြိမ်လိုက်သွားမှာ မဟုတ်ဘူး"

ဆာဘာရီနာက နှုတ်ခမ်းကို သွားဖြင့် အသာကိုက်ရင်း ပြောလိုက်ရာ ဗလျူကလည်း သဘောတူဟန်ဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"အေးပါ၊ ငါလဲ မင်းလိုပါပဲ။ ငါ့ကို ဒီကောင်တွေက သေရွာကို ယ်ကြံရင်တော့ ငါက စမစ်ကိုပါ ငါနဲ့အတူ ခေါ်သွားမှာပဲ"

* * *

ရှာတို အိမ်ကြီး၏ စာကြည့်တိုက်မှာ အလွန်ကျယ်ဝန်းသယောင် များလှသော အခန်းကြီးတစ်ခန်း ဖြစ်လေသည်။

ကြမ်းပြင်တွင် ခန်းလုံးပြည့် ခင်းထားသော အိန္ဒိယပြည်လုပ် ကော် ကြီးကလည်း အဖိုးတန်လှပေသည်။ မြောက်မြားစွာသော စာအုပ်များ ရှိရာ စာအုပ်စင်မြင့်များဆီသို့ ချဉ်းကပ်သွားရန်အတွက် သီးသန့်လှကား

www.burmeseclassic.com

www.burmeseclassic.com



များ ဖန်တီးထားပြီး အခန်း၏ အလယ်ဗဟိုတွင် စာထိုင်ကြည့်ရန်အတွက် စားပွဲကုလားထိုင်များ အဆင်သင့်ချထားလေသည်။

ဆာဘာရီနှာတို့ လူစုသည် စာကြည့်တိုက်ခန်းကြီးသို့ ရောက်နေကြလေသည်။

သူတို့အားလုံးကို ဆိုဖာကုလားထိုင်ကြီးများတွင် ထိုင်စေကာ ယမကာများဖြင့် ဧည့်ခံထားလေသည်။

သူတို့တတွေအား ဥာဏ်ကြီးရှင် ဆရာကြီးမစ္စတာစမစ်က တွေ့ဆုံရန် ဤစာကြည့်တိုက်သို့ ခေါ်ထားခြင်းပင်ဖြစ်သည်။

လူယုံတော် ကလော်ဒီသည် အခန်းတစ်ခန်းလုံးကို လုံခြုံရေးအတွက် သေချာစေ့စပ်စွာ လိုက်၍ စစ်ဆေးကြည့်နေလေသည်။ နေရာအနှံ့အပြားနှင့် ပရိဘောဂ ပစ္စည်းများပါမကျန်၊ လျှို့ဝှက်တပ်ဆင်ထားသော လက်နက်ရှိမရှိ လိုက်စစ်ဆေးကြည့်လေသည်။ သူ့အနေဖြင့် မည်သူ့ကိုမှ မယုံကြည်သဖြင့် ဆရာကြီးမစ္စတာစမစ်လာတော့မည်ဆိုလျှင် လုံခြုံရေးကို သေချာစေ့စပ်စွာ ကြီးကြပ်ကွပ်ကဲသည့် သဘောပင်ဖြစ်သည်။

မိုက်ကယ်သည် ဝိုင်အရက်တစ်ခွက် ကိုင်ထားရင်း ချက်စတာဖီလ်ခေါ် အမေရိကန်စီးကရက်တစ်လိပ်ကို ဖွာနေလေသည်။

ဆာဘာရီနှာက မိုက်ကယ်နှင့်အဝေးဆုံး တစ်နေရာတွင် ထိုင်နေသည်။

ပေအီနှင့် တိုတီတို့ နှစ်ယောက်ကမူ အခန်းကြီးတွင်းရှိ ရှေးဟောင်းအရှေ့တိုင်း ပရိဘောဂ အသုံးအဆောင်များကို သဘောကျလျက် လိုက်ကြည့်နေကြသည်။

စီဒဗလျူသည် အခန်းတွင်းရှိ အင်္ဂလိပ်ဘာသာစာအုပ်ငယ်တစ်အုပ်ကို ကောက်ကိုင်ကြည့်ရင်း စိတ်ဝင်စားလာမိသည်။

စာအုပ်ပေါ်တွင် "ထိပ်တန်းလျှို့ဝှက်၊ အမေရိကန်ကြည်းတပ် စစ်မြေပြင် တိုက်ခိုက်ရေး နည်းစနစ်" ဟု ရေးသားထားသည်။

ယင်းစာအုပ်သည် အမေရိကန်စစ်တပ်ထိပ်သီးအာဏာပိုင်များသာ ကိုင်တွယ်ခွင့်ရှိသော လျှို့ဝှက်စစ်တပ်သုံး စာအုပ်ဖြစ်၍ စီဒဗလျူက အံ့အားသင့်မိလေသည်။

ဤစာအုပ်ကို ဒုစရိုက်ဂိုဏ်းခေါင်းဆောင် စမစ်က မည်သည့်နည်းနှင့် ရရှိခဲ့လေသနည်း။



စီဒဗလျူက ဤသို့စဉ်းစားနေစဉ်မှာပင် ဆရာကြီးစမစ်သည် အခန်းတွင်းသို့ ဝင်လာလေသည်။

သူ၏ ရုပ်အသွင်သည် ယခင်က လီယာနှင့်အတူ ဂျာကူဇီအိမ်ကြီးတွင် တွေ့ခဲ့ရသော ရုပ်မျိုးမဟုတ်တော့ဘဲ ပြောင်းလဲနေရာ လူယုံတော် ကလော်ဒီပင်လျှင် ရုတ်တရက် မမှတ်မိအောင် ဖြစ်သွားလေသည်။

ဆံပင်အရောင်က မူလအရောင်မဟုတ်ဘဲ အညိုရင့်ရောင် ဖြစ်နေသည့်ပြင် မျက်နှာကလည်း ယခင်ကထက်ပို၍ ပြည့်လာလေသည်။ ပင်ကိုယ်ရုပ်အသွင်ထက် ပို၍နုပျိုလာသည့်ပြင် အရပ်အမောင်းပါ အနည်းငယ် ပိုမြင့်လာသည်ဟု ထင်ရပေသည်။

စိတ်ဓာတ်ခိုင်မာပြီး ဩဇာတိက္ကမရှိသော ခေါင်းဆောင်တစ်ဦး၏ အသွင်မျိုးဖြစ်နေပေသည်။

ဝတ်စားထားပုံကလည်း ဥရောပတိုက်သား ကြေးရတတ်များ အပျော်မြင်းစီးထွက်လျှင် ဝတ်ဆင်သော မြင်းစီးဝတ်စုံကို သေသပ်စွာ ဝတ်ထားသည်။ လက်တစ်ဖက်တွင်ကား မြင်းစီးရာတွင်အသုံးပြုသည့် ကြာပွတ်တစ်ချောင်း ကိုင်ထားလေသည်။

စမစ်သည်ကား ယခုဆိုလျှင် တကယ့်လူကြီးလူကောင်း ကြေးရတတ် တစ်ဦး၏ အသွင်ဖြစ်နေပါလေပြီ။

အင်္ဂလိပ်ဘာသာဖြင့် စကားပြောလိုက်ပုံကလည်း အင်္ဂလန်ပြည်မှ အထက်တန်းလွှာ ထိပ်သီးများပြောသလို လေယူလေသိမ်း မှန်သည့်ပြင် ယဉ်ကျေးရည်မွန်နေပေသည်။

"အားလုံး မင်္ဂလာပါခင်ဗျား။ အခုရောက်ရှိနေတဲ့ပုဂ္ဂိုလ်များအနက် အရင်က မတွေ့ဖူးသေးတဲ့ လူများကို ကျုပ်အနေနဲ့ လှိုက်လှဲစွာခရီးဦးကြိုပြုပါတယ်။ မစ္စတာစမစ်ဆိုတာ ကျုပ်ပဲဖြစ်ပါတယ်။ နာမည်က ထူးခြားမှုမရှိဘဲ အလွန်ရိုးတဲ့သာမန်နာမည်မျိုးဖြစ်သော်လည်း ကျုပ်အနေနဲ့ ဒီနာမည်က ကျုပ်လုပ်မယ့် လုပ်ငန်းအတွက် သင့်တော်ကိုက်ညီလို့ ကျုပ်က လတ်တလော အသုံးပြုထားတဲ့ နာမည်ပဲဖြစ်ပါတယ်"

ပြောရင်းနှင့် စမစ်သည် အခန်းတွင်းရှိလူများအား တစ်ယောက်စီ၏ မျက်နှာများကို အကဲခတ်ကြည့်လိုက်သည်။

သူ၏ မျက်လုံးများသည် လှပကျော့ရှင်းသော ဆာဘာရီနှာ၏ မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ကို လိုသည်ထက်ပို၍ ကြာကြာစိုက်ကြည့်နေခိုက် လီယာက မနာလိုသကဲ့သ နှုတ်ခမ်းကို ကိုက်မိလေသည်။

သို့သော် လီယာအနေဖြင့် ထို့ထက်ပို၍ ဆန္ဒမပြဝံ့ချေ။ ဆရာကြ စမစ်၏ ခန္ဓာကိုယ်ကို မိမိတစ်ဦးတည်းပိုင်လုပ်၍ မည်သည့်နည်းနှင့်မှ မဖြ နိုင်ကြောင်း သူမက ကောင်းစွာနားလည်လက်ခံထားပြီးဖြစ်သည်။

စမစ်၏ တောက်ပြောင်စူးရှသော မျက်လုံးများဖြင့် စိုက်ကြည့်ခြ ခံရသည်ကို မနေတတ်သလို ဖြစ်နေသူများကား ပေအီနှင့် တိုတီတို့ပင်ဖြ သည်။ သူတို့အနေဖြင့် ကြောက်သလို၊ လိပ်ပြာမလုံသလို ဖြစ်နေမိခြင်းဖြ ကြသည်။

စီဒဗလျူကမူ မည်သို့မှ ကြောက်ရွံ့ တုန်လှုပ်ပုံမရဘဲ စမစ်အာ ငယ်သူငယ်ချင်းတစ်ယောက်အား နှုတ်ဆက်သလို ပြုံးဖြီးဖြီးနှင့် နှုတ်ဆက်လေ သည်။

"ဟဲလို မိတ်ဆွေကြီး၊ နေကောင်းပါရဲ့လား။ ဟဲ ဟဲ"

စမစ်က ထိုစကားကို ယဉ်ကျေးရည်မွန်စွာ ပြန်ဖြေသော်လည်း လေသံနှင့် မျက်နှာထားကတော့ ခပ်တင်းတင်းဖြစ်နေသည်။

"နေကောင်းပါတယ်။ တစ်ခုတော့ မောင်ရင့်ကိုပြောထားချင်တယ်။ ကျုပ်ကို စကားပြောတဲ့အခါ မစ္စတာစမစ်လို့ ယဉ်ယဉ်ကျေးကျေး ပြောရလိမ့် မယ်။ ဒါဟာ ဘယ်လိုမှလျှော့ပေးလို့ မရတဲ့ စည်းကမ်းဥပဒေတစ်ခုလို့မှတ်ပါ။ သဘောပေါက်ပါရဲ့လား"

"သဘောပေါက်ပါတယ်ခင်ဗျ၊ ပေါက်တယ် မစ္စတာစမစ်ခင်ဗျာ"

စီဒဗလျူက မစ္စတာဆိုသောစကားကို ငေါ့သလို သရော်သလိုဟန်မျိုး ဖြင့် တမင်တကာလုပ်ပြောလိုက်သည်။

စမစ်က ရိပ်မိသော်လည်း မသိချင်ဟန်ဆောင်ကာ အားလုံးကို ခြုံပြောသလို စကားဆက်ပြောလေသည်။

"ခင်ဗျားတို့နဲ့ပတ်သက်ပြီး ကျုပ်တို့က ကွန်ပျူတာစက်တွေနဲ့ တွက်ချက် စစ်ဆေးပြီးပါပြီ။ ခင်ဗျားတို့အားလုံးဟာ ဘယ်သူဘယ်ဝါ အမှန်ဖြစ် ကြောင်းလည်း သိရပါပြီ။ ဒါက ကျုပ်တို့က စည်းရုံးခေါ်ယူတဲ့လူ မဟုတ်ဘဲ အဲဒီလူဟန်ဆောင်ပြီး လိုက်လာတာမျိုး ရှိ၊ မရှိ စစ်ဆေးကြည့်တဲ့ သဘောပါပဲ။ ခင်ဗျားတို့ကို အခုလို ငှားရမ်းခေါ်ယူရတာက ကျုပ်မှာ လုပ်ငန်းတစ်ခု ရှိလို့ပါ



ပဲ။ ဒါပေမယ့် ကျုပ်တစ်ယောက်တည်း ကျေနပ်လို့ မပြည့်စုံသေးဘူး။ ခင်ဗျားတို့အချင်းချင်းလည်း အပြန်အလှန်လေ့လာအကဲခတ်ဖို့ လိုတယ်။ ခင်ဗျားတို့ဟာ အတူတွဲ အလုပ်လုပ်ကြရမှာမို့ တစ်ယောက်ကို တစ်ယောက် ကျေနပ်မှုလည်း ကောင်းတယ်။ တကယ်လို့ ခင်ဗျားတို့အနေနဲ့ ဒီက တစ် ယောက်ယောက်ကို သင်္ကာမကင်းဖြစ်ရင် (တစ်နည်းအားဖြင့်) ကျုပ်တို့ ရှေ့ဆက်လုပ်ရမယ့် လုပ်ငန်းမှာ အနှောင့်အယှက် ဖြစ်စေနိုင်တယ်လို့ သံသယ ဖြစ်မိရင် အခုအချိန်ဟာ ဖွင့်ပြောဖို့ အကောင်းဆုံးအချိန်ပဲ"

ထိုစကားကိုကြားလိုက်သည်တွင် စီဒဗလျူသည် တစ်ကိုယ်လုံး ကြောများ တောင့်တင်းသွားသလို ဖြစ်မိလေသည်။ သူ၏ စိတ်ထဲရှိသော ကြံအစည်ကို ယခုချက်ချင်း အကောင်အထည်ဖော်လိုက်ရလျှင် ကောင်းမည် လောဟု ချီတုံချတုံဖြစ်မိလေသည်။

အခန်းတွင်းရှိ လူအားလုံးအနက် လက်နက်ကိုင်ဆောင်သူဆို၍ ယုံတော် ကလော်ဒီတစ်ဦးသာရှိရာ စီဒဗလျူသည် ကလော်ဒီ၏ နေရာအနေ အထားကို သေချာစွာကြည့်ရှုမှတ်ထားလိုက်သည်။

သို့သော် စာကြည့်ခန်းအဝင်ဝတွင် လက်နက်ကိုင်တွယ် ပစ်ခတ်နည်း ပင်တန်းဆရာသည် သေနတ်ငယ်တစ်လက် ပခုံးတွင် လွယ်ထားသည်ကို သတိပြုမိလေသည်။

တစ်ချိန်တည်းမှာပင် စီဒဗလျူ၏ မျက်လုံးများသည် စောစောက သတိမပြုမိခဲ့သော အချက်အလက်များကိုပင် မြင်လာလေသည်။

အခန်းထောင့်ရှိ အလှပြထားသော ပန်းပုရုပ်တုများသည် စင်စစ် ငယ်လီဗီးရှင်း (ရုပ်မြင်သံကြား) ကင်မရာများ လျှို့ဝှက်တပ်ဆင်ထားသည့် နေရာများ ဖြစ်နေသည်။

မျက်နှာကြက်ရှိ လေဝင်ပေါက်၊ ထိုအပေါက်ကလည်း စက်သေနတ် မြောင်းထိုးပစ်ရန် ဖန်တီးထားသည်ဟုလည်း ထင်မိလေသည်။

စီဒဗလျူသည် စိတ်ထဲမှ မချင့်မရဲဖြစ်နေမိသည်။ မိုက်ကယ်ဆိုတဲ့ လူက လက်နှေးလိုက်တာဟုလည်း စဉ်းစားနေမိသည်။

ထိုအချိန်၌ မိုက်ကယ်သည် ဆာဘရီနာအား လှမ်းကြည့်နေလေ သည်။

ဆာဘရီနာက ခေါင်းငုံ့နေရာမှ မိုက်ကယ် စူးစိုက်ကြည့်နေခြင်းကို

www.burmeseclassic.com

www.burmeseclassic.com



အလိုလိုရိပ်စားမိဟန်ဖြင့် ခေါင်းမော့ကာ မျက်လုံးချင်းဆုံပြီး နောက်ပြန်ကြ လိုက်သည်။

မိုက်ကယ်က ဆာဘာရီနာအား မှတ်မိကြောင်း မသိမသာ အချက် သည့် အနေဖြင့် ပြုံးပြလိုက်သည်။

ထို့နောက် သူသည် ကုလားထိုင်နောက်မှီတွင် မှီ၍ထိုင်နေလိုက် သည်။

စမစ်က မိမိတို့အချင်းချင်း ဖော်ကောင်လုပ်အောင် ပြောလိုက်ခြ ဖြစ်သည်ဟု တွေးမိ၍ ဆာဘာရီနာကိုယ်တိုင်က ကျောချမ်းသလို ဖြစ်သွား သည်။

စီဒဗလျူသည် မိမိ၏နေရာမှ လှူယုံတော် ကလော်ဒီရှိရာသို့ မိ ကိုယ်ကို ဒိုက်ဗင်ထိုး၍ လှချင်းလုံးပြီး သေနတ်ကို လုယူလျှင် ကောင်းမ လောဟု ချိန်ဆနေမိသည်။

မိုက်ကယ်ကမူ ဘာမှမပြောဘဲ ခပ်တည်တည် ထိုင်နေလိုက်သည်

အခန်းတွင်းရှိ အခြားလူများကလည်း ဘာမှမပြောကြချေ။

သည်တော့မှ စမစ်က စကားဆက်ပြောလေသည်။

"ဟုတ်ပြီ။ ဒီအတိုင်းဆိုရင် ခင်ဗျားတို့အသီးသီးက တစ်ယောက် တစ်ယောက် ယုံကြည်စိတ်ချတယ်ဆိုတာ သိရပါပြီ။ ဒါဟာ ကျုပ်တို့လုပ်ရမ လုပ်ငန်းအတွက် အထောက်အကူဖြစ်စေနိုင်ပါတယ်။ နောက်ပြီးတစ်ယောက် တစ်ယောက် အလွန်အကျွံ သံယောဇဉ်ရှိတာမျိုးလည်း မရှိဘူးလို့ မျှော်လ တယ်"

ပြောရင်းနှင့် စမစ်သည် ပေအီနှင့် တိုတီတို့အား လှမ်းကြည့်ပြီ

"ရိုးရိုးမိတ်ဆွေချင်း ခင်မင်တာမျိုးတော့ရှိထိုက်ပါတယ်" အမိပ္ပာယ်ပါပါ အဆုံးသတ်လိုက်သည်။

အခန်းတွင်းရှိ လူများအဖို့ စိတ်ထဲမှ သက်သာရာရသလို ဖြစ်သွ လေသည်။ အခြေအနေတင်းမာမှု မရှိတော့ဟု ယူဆလိုက်ကြသည်။

ဆာဘာရီနာသည် မိမိက မိုက်ကယ်ကိုမြင်ပြုံး စိုးရိမ်တုန်လှုပ်သ ဖြစ်သွားမိသည်ကို အခြားလူများ ရိပ်စားမိလေရော့သလားဟုလည်း စဉ်း နေမိသည်။

စမစ်က စကားဆက်ပြန်သည်။



"ဒါထက် စကားမစပ် ခင်ဗျားတို့ထဲက အမြင့်ကိုတက်ရမှာ ကြောက်တတ်တဲ့လူများပါသလား မပြောတတ်ဘူး။ ပိုအိမ်မြင့်မြင့်ကြီးတွေပေါ် က်ရရင် ဒူးတုန်ပြီးကြောက်တတ်တာမျိုးကို ဆိုလိုတာပါ"

အခန်းတွင်းရှိလူများက တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်ပြီး နောက် ခေါင်းခါပြသည်တွင် စမစ်သည် သဘောကျသွားပုံရလေသည်။

"အိုကေ ဒါဖြင့် ဘာမှပူစရာမလိုတော့ဘူး"

ဤသို့ပြောပြီး စမစ်သည် စီဒဗလျူဘက်သို့ လှည့်လိုက်သည်။

"စီဒဗလျူကို တစ်ခုမေးရဦးမယ်၊ မောင်ရင့်အနေနဲ့ ပြင်သစ်ပြည်က မင်းချက် စားတော်ကဲတစ်ဦးဟန်ဆောင်လို့ ဖြစ်နိုင်မလား။ အခုခေတ်မှာ ပွလီ (နီဂရိုး)လူမျိုး စားတော်ကဲနာမည်ကြီးတွေလည်း ရှိနေပြီမဟုတ်လား"

"ပြဿနာမရှိပါဘူး" စီဒဗလျူက ပြုံး၍ပြန်ပြောလိုက်ရာ၊ စမစ် ကိုယ်တိုင်က ရယ်မောလျက် ဆာဘာရီနာအား လှမ်းကြည့်လိုက်ပြန်သည်။

"နောက်တစ်ခုက မင်းနဲ့ တိုတီနဲ့အတူ တွဲအလုပ်လုပ်ရလိမ့်မယ်၊ မင်းတို့နှစ်ယောက်စလုံးက ဝဲလ်ဒင် (သံဂဟေဆော်တဲ့အတတ်)လုပ်တတ်လို့ ပါ"

ဆာဘာရီနာက တိုတီအား လှမ်းကြည့်ပြီး ပြုံး၍ခေါင်းညိတ်ပြလိုက် သည်။

တိုတီဆိုသူကမူ မျက်လုံး ပေကလပ် ပေကလပ်လုပ်နေလေသည်။

စမစ်က ဆက်လက်၍ ခပ်တည်တည် ပြောပြန်သည်။

"လောလောဆယ်တော့ ပဏာမအနေနဲ့ ဒါလောက်ပဲ ပြောစရာရှိပါ တယ်။ အသေးစိတ် ညွှန်ကြားချက်တွေတော့ နောက်မှပဲပြောမယ်။ အလုပ်လုပ် [illegible]

[illegible] ရှိနေတယ်။

[illegible] အလုပ်လုပ်

[illegible] ပြီးမှ

[illegible] ကျုပ်တို့အားလုံးသိရအောင် ပြောပြစမ်း

[illegible] ပါသလဲ"

[illegible] မေးလိုက်သည်။

ဤတွင် မိုက်ကယ်ကလည်း သွက်လက်စွာပင် အဖြေပေးလိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



''လေဆာရောင်ခြည်လက်နက်ဆိုတာ စစ်မြေပြင်သုံး မဟာဗျူဟာ လက်နက်ဆန်းတစ်ခုဖြစ်တယ်။ လေဆာရောင်ခြည်ကို အခြေခံ အသုံးပြုပြီး တီထွင်ထားတဲ့ သေနတ်အဆန်းတစ်မျိုးပါပဲ။ ပစ်မှတ်ရှိရာကို လေဆာ ရောင်ခြည်နည်းနဲ့ တည့်တည့်မတ်မတ်သွားတဲ့အပြင်၊ အလိုအလျောက် ခာတ်အားဖြည့်တင်းနိုင်တဲ့ စွမ်းအင်လည်းရှိတယ်။ မီတာတစ်ထောင်အတွင်း မှာဆိုရင် ပစ်မှတ်ကိုဘယ်လိုမှ မလွဲနိုင်တဲ့ လက်နက်မျိုးဖြစ်တယ်။ ဒီလက် နက်မျိုးကို ရုရှားနဲ့အမေရိကန်တို့က ဖြစ်မြောက်အောင် တီထွင်ဖို့ ကြိုးစား နေတာကြာပါပြီ။ နှစ်ဖက်စလုံးက မအောင်မြင်ဘဲနေလိုက်တာ၊ မကြာသေး မီကမှ အမေရိကန်တွေက လက်နက်ထိန်းကျောင်းနည်းသစ်တစ်ခုနဲ့ စမ်းသပ် ကြည့်တော့မှ ဖြစ်မြောက်လာတယ်။ ဒီနည်းအရ သမားရိုးကျ ရေဒါနည်းကို မသုံးတော့ဘဲ လေဆာရောင်ခြည်ရဲ့ သွားလာနှုန်းကို အခြေခံတယ်။ အခုတော့ အောင်မြင်သွားပြီခင်ဗျ။ အောင်မြင်သွားပြီ''

သူ၏စကားကို အားလုံးက စိတ်ဝင်စားစွာ နားထောင်နေကြသဖြင့် မိုက်ကယ်က ဆက်ပြောလေသည်။

''လွန်ခဲ့တဲ့ တစ်လကျော်လောက်က နယူးယောက်မြို့က ဂျီအီးစီ အမေရိကန်ကုမ္ပဏီကြီးက ကာကွယ်ရေးဌာနရဲ့တာဝန်ပေးချက်အရ လေဆာ ရောင်ခြည်သေနတ် ၁၂ လက် ထုတ်လုပ်ပြီး စမ်းသပ်ကြည့်ဖို့အတွက် အမေရိကန်စစ်တပ်စခန်းတွေကို ပို့လိုက်တယ်။ အဲဒီလိုပို့တဲ့အထဲမှာ ဥရောပက အမေရိကန်အခြေစိုက် စခန်းတစ်ခုလည်းပါတယ်။ ဒီစခန်းကတော့ အနောက် ဂျာမနီနိုင်ငံ စတတ်ဂတ်မြို့ ဆင်ခြေဖုံးက အမေရိကန်စခန်းပဲ ဖြစ်တယ်။ အဲဒီစတတ်ဂတ်မြို့ အမေရိကန်စစ်စခန်းမှာ အထူးလျှို့ဝှက်စွာ စမ်းသပ်ပစ်ခတ် ကြည့်တဲ့ လေဆာရောင်ခြည်သေနတ်လေးလက်ဟာ မကြာသေးခင်ကမှ ပျောက်သွားတယ်။ တစ်စုံတစ်ယောက် ခိုးယူသွားတယ် ဆိုပါတော့။ ဒါကို အမေရိကန်စစ်တပ်အာဏာပိုင်တွေက ဘယ်သူမှ မသိအောင်လျှို့ဝှက်ထားပြီး တိတ်တိတ်ကြိတ်စုံစမ်း ထောက်လှမ်းနေပါတယ်''

ဤနေရာတွင် မိုက်ကယ်သည် ပြဇာတ်မင်းသားတစ်ယောက်လို အိုက်တင်လုပ်နေဟန်မျိုး ဆက်ပြောလေသည်။

''ကျုပ်တို့ အားလုံး ကံကောင်းချင်တော့၊ အဲဒီလေဆာရောင်ခြည် သေနတ် လေးလက်ကို ဝင်ခိုးယူသူဟာ ကျုပ်ပဲဖြစ်ပါတယ်။ ဒီလက်နက်တွေ



က အခုဆိုရင် ဒီနေရာမှာ ရောက်ရှိနေပြီလို့ ယူဆပါတယ်၊ ဟုတ်ပါရဲ့လား ခင်ဗျ''

မိုက်ကယ်ကပြုံး၍ စမစ်ကိုလှမ်းကြည့်ရင်း ပြောလိုက်သည်။

စမစ်ကလည်း ခေါင်းညိတ်ပြလေသည်။

သည်တော့မှ မိုက်ကယ်က စကားဆက်ပြန်သည်။

''ဒါကြောင့် ကျုပ်တို့ အခုလုပ်ရမယ့် အကြံအစည်ဟာ ဘယ် လောက် ခဲယဉ်းစေကာမူ၊ အခြေအနေအရ ကျုပ်တို့ဘက်က အလွန်အရေးကြီး နေပါတယ်။ ကျုပ်တို့ကို ဟန့်တားတိုက်ခိုက်မယ့်လူတွေရှိရင် ဒီလေဆာ ရောင်ခြည်က ကျုပ်တို့ဘက်က အကြီးအကျယ်အထောက်အကူပြုမှာ သေချာ တယ်။ တကယ်လည်းထိရောက်တဲ့ လက်နက်အမျိုးအစားပါပဲ။ ချေမှုန်းနိုင်တဲ့ စွမ်းအင်အားက သမားရိုးကျ (ရော့ကတ်) ဒုံးကျည်ထက်တောင် ပြင်းထန်တယ်။ ဒီလက်နက်မျိုးလေးခုတောင်ရှိနေမှတော့ ကျုပ်တို့အနေနဲ့ တစ်ဘက်က စစ်တပ် တစ်တပ်လုံးလာတောင်မှ ကြောက်စရာမရှိဘူး''

ဤတွင် စမစ်က သဘောကျသွားဟန်ဖြင့် လက်ဖျောက်တီးပြီး မိုက်ကယ်အား လှမ်းကြည့်လိုက်သည်။

''မောင်ရင်က ဒီလိုပြောလိုက်တာဟာ တိုက်ဆိုင်မှုတစ်ခု ဖြစ်နေ တယ်။ ဘာကြောင့်လဲဆိုတော့ ကျုပ်တို့ အခုလုပ်ရမယ့် စစ်ဆင်ရေး အစီ အစဉ်မှာ တကယ်ပဲ စစ်တပ်နဲ့ ရင်ဆိုင်ရမှာဗျ''

ဆာဘာရီနာနှင့် စီဒဗလျူတို့သည် ထိုစကားကိုကြားလျှင် အံ့အားသင့် သွားမိကြလေသည်။

သို့သော် တိုတီဆိုသူကမူ သူ၏ လက်ချောင်းများကို အသံမြည် အောင် ချိုးနေရင်းက သဘောကျဟန်ဖြင့် ပြုံးဖြီးဖြီးလုပ်နေလေသည်။

* * *

စမစ်သည် အကောင်အထည်ဖော်ရမည့် သူ၏ စစ်ဆင်ရေးနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ဖွင့်မပြောရန် ဆုံးဖြတ်ထားပြီး ဖြစ်သည်။

မိမိငှားရမ်းခေါ်ယူထားသော လူများအား အထူး ရက်တိုသင်တန်း ပေး၍ လေ့ကျင့်ခန်းများ ပြုလုပ်ပြီးမှသာ ဖွင့်ပြောပြမည်ဟု ရည်ရွယ်ထား လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆာဘရီနာနှင့် စီဒဗလျူတို့သည် ထောက်လှမ်းရေးအကြီးအ
ဖီလ်ပေါ့ထံမှ ယခုကိစ္စနှင့်ပတ်သက်၍ အသေးစိတ်ဘာမျှ မသိခဲ့ရသော်လည်
စိတ်ပျက်အားလျော့ခြင်း မဖြစ်မိကြချေ။ ယခု မိမိတို့မည်သည့်နေရာ
ရောက်နေကြောင်းကိုပင်လျှင် ဖီလ်ပေါ့က သိမည်မထင်ရလေရာ လတ်တလေ
အနေဖြင့် မိမိတို့သည် ရှည်ရှည်ဝေးဝေး တွေးတောစိုးရိမ်နေ၍ အကြော
မထူးဟုယူဆကာ ခပ်အေးအေးပင် နေလိုက်ကြသည်။

အမှန်တော့ သူတို့၏ ယူဆချက်မှားလေသည်။

သူတို့ ဘယ်အရပ်သို့ ရောက်နေကြောင်းကို ဖီလ်ပေါ့က အတိအကျ
သိနေပြီဖြစ်သည်။

အမေရိကန်လေတပ်၏ "ဘလက်ဘတ်"အမည်ရှိ သူလျှို က
ထောက်လေယာဉ်တစ်စင်းကို အသုံးပြုလျက် ဖီလ်ပေါ့သည် စမစ်၏ ရဟတ်
ယာဉ်သွားရာလမ်းကြောင်းကို ခြေရာခံလိုက်ကြည့်ခဲ့သောကြောင့် နောက်ဆုံ
စမစ်၏"ရှာတို" အိမ်ကြီးဝင်းအတွင်း ရဟတ်ယာဉ်ဆင်းသည်အထိ
ကောင်းစွာ သိထားပြီး ဖြစ်လေသည်။

ရဟတ်ယာဉ်ပေါ်မှ လူတွေဆင်းနေချိန်တွင်လည်း ဖီလ်ပေါ့သည်
အဝေးမှ အင်အားကောင်းလှသော မှန်ပြောင်းဖြင့် လှမ်းကြည့်၍မြင်ရုံမ
ဓာတ်ပုံများပင် ရိုက်ယူခဲ့သေးသည်။

ဆာဘရီနာနှင့် စီဒဗလျူတို့အပြင် အခြားလူများကိုပါ မြင်ရသဖြ
လူပုံပန်းသဏ္ဌာန်များကို ကောင်းစွာမှတ်ထားနိုင်ခဲ့ပေသည်။

စမစ်၏ လက်ဝယ်ရှိ လက်နက်များနှင့်ပတ်သက်၍လည်း ဖီလ်ပေ
သည် ဆာဘရီနာတို့လူစု မြင်ခဲ့ရသည်ထက် ပို၍ သိရှိထားပြီးဖြစ်သည်။

စမစ်၏ ယခုကဲ့သို့ လူစွမ်းကောင်းတွေ စုခေါ်ယူခြင်းသည် မည်သည့်
စစ်ဆင်ရေးအတွက်ဟူ၍ကား ဖီလ်ပေါ့က မသိချေ။

ထို့ကြောင့် သူနှင့် ဆိုနီယာတို့သည် ရစ်ဟိုတယ်၌ ခေတ္တ တည်းခိုရ
စမစ်၏လှုပ်ရှားမှုခြေလှမ်းကို အသာစောင့်နေကြလေသည်။

လေဆာရောင်ခြည်သေနတ်ရရှိထားသော စမစ်အား ရှာတိုအိမ်ကြ
အတွင်းရှိနေခိုက် အမေရိကန်၊ သို့မဟုတ် ပြင်သစ်စစ်တပ်ကို ခေါ်ယူအသုံးပြ
၍ တရကြမ်း ဝင်တိုက်ရန်ကလည်း လက်တွေ့အားဖြင့် မသင့်လျော်သော
ကြောင့် ဖီလ်ပေါ့က စိတ်ရှည်ရှည်နှင့် စောင့်နေရခြင်းဖြစ်သည်။



* * *

ဆရာကြီးစမစ်၏ အဖွဲ့သားများအဖို့ အချိန်က လျင်မြန်စွာ ကုန်
ဆုံးလေသည်။

နောက်တစ်နေ့ ညနေဘက်တွင် ဝင်းခြံကြီးအတွင်း နေရာအနှံ့အပြား
သို့ လှည့်လည်ကြည့်ရှုကြရပြီးနောက် စမစ်က လူအားလုံးကို မြင်းဇောင်းရှေ့
ကွက်လပ်တွင် စုရုံးခေါ်ယူလိုက်ပြန်သည်။

နေဝင်ဖျိုးဖျအချိန်ဖြစ်၍ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်
လျက် ရှိနေစဉ် စမစ်က ယင်းတိတ်ဆိတ်ခြင်းကို ဖြိုခွင်းပစ်လိုက်လေသည်။

သူ၏ လက်တစ်ဖက်ကို ဝှေ့ယမ်း၍ တစ်စုံတစ်ယောက်အား အချက်
ပြလိုက်သည်နှင့် မြင်းဇောင်းတံခါးများ ရုတ်တရက်ပွင့်လာကာ နားကွဲလု
မတတ် ကျယ်လောင်သော အသံကြီးများ မြည်ဟီးထွက်ပေါ်လာလေသည်။

အသံများထွက်ပေါ်လာခြင်းမှာ ရေမအင်ဂျင်စက်ကြီးများ တပ်ဆင်
ထားသော ကုန်တင်လော်လီကားကြီးသုံးစင်းမှ စက်သံများပင်ဖြစ်သည်။

အင်ဂျင်စက်ကြီးမှာ "ဘောဘိုင်"ခေါ် အင်အားကြီးမားသော လျှပ်စစ်
ဓာတ်အားပေးသည့် စက်ကြီးများပင်ဖြစ်လေသည်။

တတိယမြောက် လော်လီကားမှာ လျှပ်စစ်ဝါယာကြိုးကြီးများ မြင်း
ဇောင်း ရှေ့တစ်နေရာရှိ သစ်သားစင်မြင့် (ပလက်ဖောင်း) တစ်ခုနှင့် ဆက်သွယ်
ထားသည်ကိုလည်း ညှို့သည်အုပ်စုက သတိပြုမိကြလေသည်။

လော်လီကားကြီးများအနီးတွင်ကား စမစ်၏တပည့်ရင်းသား တစ်ရာ
မျှ ယူနီဖောင်းဝတ်စုံဝတ်လျက် ရပ်ကြည့်နေကြသည်။

စမစ်က လက်နှစ်ဖက် ဝှေ့ယမ်း၍ အချက်ပြလိုက်သောအခါ အင်ဂျင်
စက်ကြီးများ ရပ်သွားလေသည်။

ဆူညံသောစက်သံများ လုံးဝငြိမ်သွားတော့မှ စမစ်က ဆာဘရီနာတို့
လူစုဘက်လှည့်၍ စကားပြောလေသည်။

"ဒါကတော့ ကျုပ်တို့လက်ဝယ်ရှိနေတဲ့ လေဆာရောင်ခြည် လက်နက်
တွေ အဆင်သင့်ရှိနေကြောင်းကိုပြတဲ့ သဘောသာဖြစ်တယ်။ လေဆာသေနတ်
ကို လက်တွေ့ပစ်ပြဖို့ အစီအစဉ်တော့မရှိပါဘူး။ တကယ်သာ ပစ်ရရင်လည်း
ဟောဒီ ကျုပ်ရဲ့အိမ်ကြီးတစ်ခုလုံး ကြေမွပျက်စီးသွားမှာ သေချာတယ်။ ပြော
လာဆယ် ကျုပ်က ဒီမှာရောက်ရှိနေတဲ့လူအားလုံးကို လေဆာလက်နက်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



အံ့ဩလောက်အောင် လျှင်မြန်မှု၊ တိကျမှုကို လက်တွေ့ပြချင်ပါတယ်။ ကို ဆက်လုပ်ကြတော့ဟေ့"

စမစ်၏ စကားဆုံးသည်နှင့် အင်ဂျင်စက်ကြီးများ၏ အသံသ ချက်ချင်း ဆူညံစွာထွက်ပေါ်လာပြန်သည်။

အထူး စီမံဖန်တီးထားသော သစ်သားစင်မြင့် (ပလက်ဖောင်း) တ ပေါ်တွင်ကား မိုက်ကယ်သည် ရှုပ်ထွေးလှသော စက်ကိရိယာတစ်ခုရှေ့ ရပ်နေလေသည်။

သူ၏ ရှေ့တည့်တည့်ရှိ ကိရိယာတွင်ကား လေယာဉ်မောင်းသူ ရှေ့တွင်ရှိသော ခလုတ်များ၊ ဒိုင်ခွက်များနှင့်ခပ်ဆင်ဆင် ဇယားဒိုင်ခွက် ခလုတ်တွေ ရှုပ်ထွေးစွာရှိနေသည်။

သူနှင့် သုံးပေကွာနေရာတွင်ကား လေဆာသေနတ်တစ်လက် စက်သေနတ်များဆင်သလို အသင့်ဆင်ထားပြီးဖြစ်သည်။

ပရိသတ်အားလုံး၏ မျက်လုံးများသည် ယင်းလေဆာသေနတ်ကို စိတ်ဝင်စားစွာဖြင့် စူးစိုက်ကြည့်နေကြလေသည်။

မိုက်ကယ်၏ နောက်နားကပ်လျက် ပေအီနှင့် စီဒဗလျူတို့ လေဆာသေနတ်၏ လမ်းကြောင်းကိုထိန်းသည့် ကိရိယာများအနီးတွင် အသ ရပ်နေကြသည်။

ဆာဘရီနာနှင့် တိုတီတို့သည် မြင်ရသောရှုခင်းကို ပါးစပ် အဟော သားနှင့် ငေးမောကြည့်ရှုနေကြသည်။

မိုက်ကယ်သည် လေဆာသေနတ်အနီးသို့သွားပြီး လက်ဖြင့်ပြော ကို အသာသပ်ပြီးမှ စမစ်ဘက်သို့လှည့်၍ အားလုံး အဆင်သင့်ဖြစ်နေကြော လက်မထောင်၍ အချက်ပြလိုက်သည်။

စမစ်က သူ၏ လူယုံတော် ကလော်ဒီအား ခေါင်းညိတ်၍ အချက် လိုက်သည်။

ကလော်ဒီက သူ၏အနီးတွင်ရှိသော ကိရိယာမှ ခလုတ်တစ်ခု နှိပ်လိုက်သည်။ ယင်းခလုတ်မှာ ရီမုတ်ကွန်ထရိုးခေါ် စက်ယန္တရားတစ်ခု အဝေးမှ ထိန်းသိမ်းချုပ်ကိုင်သည့် ကိရိယာမှ ခလုတ်ပင်ဖြစ်သည်။

ချက်ချင်းပင် မြေကွက်လပ်၏ တစ်ဘက်အစွန်းနားဆီမှ လျှပ်စစ် တစ်ခု လင်းလာလေသည်။



တစ်ချိန်တည်းမှာပင် အသင့်ရှိနေသော စမစ်၏ အဖွဲ့သားလေးဦးတို့သည် ရှရှလုပ် အေကေ-၄၇ မောင်းပြန်သေနတ်ကိုယ်စီဖြင့် သေနတ်ပစ်လေ့ကျင့်သည့် ပစ်မှတ်ကိုချိန်ကာ ပစ်ကြလေသည်။

ထိုအချိန်၌ မိုက်ကယ်က သူ၏ရှေ့ရှိ စက်ခလုတ်တစ်ခုကို နှိပ်လိုက်ရာ လေဆာသေနတ်ဆီမှ စူးရှသော အလင်းရောင်တစ်ခု လျှင်မြန်စွာ ထွက်ပေါ်လာလေသည်။ အလင်းရောင်နှင့်အတူ ထရေစာခေါ် ကျည်ဆန်များလည်း မိုးရွာသလို ထွက်လာသည်။

ထူးဆန်းအံ့ဩဖွယ် ကောင်းသည်မှာ အေကေ-၄၇ မောင်းပြန်သေနတ်များမှ ထွက်သောကျည်ဆန်များကို လေဆာရောင်ခြည်လက်နက်မှ အလင်းရောင်နှင့် ကျည်ဆန်များကို တစ်တောင့်ချင်း အလင်းရောင်ဖြင့် လိုက်ရှာပြီး ချေမှုန်းဖျက်ဆီးပစ်လိုက်ခြင်းပင် ဖြစ်သည်။

တစ်နည်းအားဖြင့် အေကေ ၄၇ သေနတ်လေးလက်မှ ထွက်သမျှ ကျည်ဆန် အားလုံးကို လေဆာရောင်ခြည်က တစ်တောင့်ချင်းလိုက်၍ ပစ်မှတ်မရောက်မီ မလွဲတမ်း ချေမှုန်းဖျက်ဆီးပစ်နိုင်ခြင်းပင်ဖြစ်သည်။

လျှင်မြန်သည့်နှုန်းက လူသား၏ မျက်စိဖြင့် လိုက်၍မကြည့်နိုင်လောက်အောင်ပင် လျှင်မြန်ခြင်းသည်ပင်လျှင် မယုံကြည်နိုင်လောက်အောင် အံ့ဩဖွယ်ကောင်းနေတော့သည်။

ယင်းမြင်ကွင်းကို ကြည့်နေရသူအားလုံးမှာ အကြီးအကျယ် အံ့ဩငေးမောနေရာမှ အချင်းချင်းလက်တို့ပြောဆိုနေကြရာ ဆရာကြီးစမစ် သည် ပရိသတ်အား ခေတ္တငြိမ်နေရန် ပြောဆိုပြီးမှ ပစ်မှတ်များရှိရာသို့ လျှောက်ထွက်သွားလေသည်။

သူ၏လက်တွင်လည်း စကားပြောခွက် (မိုက်ခရိုဖုန်း) တစ်ခုကိုင်ထားလေသည်။

"အားလုံးမြင်ကြရတဲ့အတိုင်း အေကေ-၄၇ သေနတ်လေးလက်က ထွက်သမျှ ကျည်ဆန်တွေ တစ်ခုမကျန်လမ်းခုလတ်မှာ ပျက်စီးကြေမွသွားတဲ့အတွက် ကျည်ဆန်တစ်တောင့်မှ ပစ်မှတ်ကိုမရောက်ဘူး။ ကျည်ဆန်တွေ အားလုံးကို သူတို့ထက်မြန်တဲ့ လေဆာရောင်ခြည်လက်နက်က ချေမှုန်းပစ်လိုက်တယ်။ ဒီလိုအစွမ်းထက်လှတဲ့ လေဆာရောင်ခြည်သေနတ် လေးလက်တောင်ရှိတဲ့ ကျုပ်တို့အနေနဲ့ ဘယ်ရန်သူကမှ ယှဉ်နိုင်မှာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



စမစ်၏ စကားအဆုံးတွင် မိုက်ကယ်က သူ၏ ရှေ့ရှိကွန်ပျူတာ ခလုတ်အချို့ကို နှိပ်လိုက်ရာ လေဆာသေနတ်မှာ ရောင်ခြည်များ ရုတ်ခြည်း ပျောက်ကွယ်သွားလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး သေနတ်မီးခိုးယမ်းငွေ့များ မွှန်လျက်ရှိနေစဉ် မိုက်ကယ်သည် သူကိုယ်တိုင် လေဆာရောင်ခြည်သေနတ်ကို စမ်းသပ်ပစ်ခတ် ကြည့်ရသည့်အတွက် စိတ်ထဲမှ ကြိတ်၍ကျေနပ်မိလေသည်။

ဆရာကြီးစမစ်သည် မိုက်ကယ်ရှိရာသို့ လျှောက်လာလေသည်။

"ကျေးဇူးပါပဲ မောင်ရင်၊ လေဆာသေနတ်ကို မောင်ရင်ကိုယ်တွယ် ပစ်ခတ်ပုံ အလွန်ကောင်းတယ်။ ဘာမှပြောစရာမရှိဘူး"

စမစ်က ဤသို့ ချီးကျူးပြောဆိုသည်ကို မိုက်ကယ်ကပြုံး၍

"ဒါ ဘာမှမဟုတ်ပါဘူး။ ခက်ခဲတဲ့အလုပ်မှ မဟုတ်တာ"

ဟု ပြန်ပြောလိုက်သည်။

စမစ်သည် စီဒဗလျူရှိရာသို့ လှည့်လိုက်ပြန်သည်။

"လျှို့ဝှက်သင်္ကေတနဲ့ လုံခြုံရေးတွေ အစီအစဉ်တွေကောပြီးပလား"

"ဟုတ်ကဲ့၊ ပြီးသလောက်ပါပဲ"

စီဒဗလျူက ပြောရင်းနှင့် ဆာဘာရီနာဘက်သို့ လှည့်ကြည့်လိုက် သည်။

ဆာဘာရီနာသည် ပေအီဆိုသူရှိရာ ကွန်ပျူတာကိရိယာအနားသို့ ရောက်နေပြီဖြစ်သည်။

"အခုတောင် စမ်းသပ်ကြည့်ဖို့ အဆင်သင့်ဖြစ်နေပြီထင်ပါတယ်"

ဆာဘာရီနာက စီဒဗလျူလက်တွင် ကိုင်ထားသော ကိရိယာတစ်ခုကို ကြည့်ရင်းပြောလိုက်သည်။

ဤတွင် စီဒဗလျူက စမစ်ဘက်သို့လှည့်၍ ရှင်းပြလေသည်။

"လေဆာရောင်ခြည်လက်နက်နဲ့ပတ်သက်လို့ ကျွန်တော် အနည်းငယ် ရှင်းပြပါ့မယ်။ လေဆာသေနတ်ဟာ အင်မတန် ပြင်းထန်ထက်မြက်တဲ့ လက် နက်ဆန်းဖြစ်တာမို့ ချိန်ရွယ်ပစ်ခတ်လိုက်ရင် ရည်မှန်းတဲ့ပစ်မှတ် မှန်သမျှကို မလွဲတမ်း ထိမှန်ချေမှုန်းမှာ ဖြစ်ပါတယ်။ တကယ်လို့ လေဆာလက်နက် ပစ်ခတ်တဲ့နေရာမှ မထိမှန်စေလိုတဲ့အရာဝတ္ထု၊ သို့မဟုတ် ပစ်မှတ် တစ်ခုခုရှိမယ် ဆိုရင် အဲဒီပစ်မှတ်ရဲ့ အခြေအနေသွင်ပြင်လက္ခဏာများကို



ကွန်ပျူတာစက်ထဲ ကြိုတင်ထည့်သွင်း ရပါမယ်။ ပြီးတော့ အဲဒီပစ်မှတ် သို့မဟုတ် လူတစ်ယောက် ဆိုပါတော့။ အဲဒီပုဂ္ဂိုလ်က အထူးစီမံဖန်တီးထားပြီး သတ္တုတစ်မျိုးနဲ့ ပြုလုပ် ထားတဲ့ ဟောဒီ ကိရိယာကို ကိုယ်မှာ ဆောင်ထားရပါမယ်။ ဒီလိုကြိုတင်ပြင် ဆင် ထားပြီးတော့ လေဆာသေနတ်ကို ပစ်လိုက်မယ်ဆိုရင် လေဆာရောင် ခြည် လက်နက်ဟာ ပစ်မှတ်ကိုရှောင်ပြီး ကျန်ပစ်မှတ်တွေ ကိုသာ ချေမှုန်းဖျက် ဆီးပစ်မှာ ဖြစ်ပါတယ်"

ပြောပြောဆိုဆို စီဒဗလျူက သူ၏ လက်တွင် အသင့်ကိုင်ထားသော သတ္တုပြားတစ်ခုကို မြှောက်ပြလေသည်။

"အဲဒီလိုလုပ်ရင် လေဆာသေနတ်ကျည်ဆန်က မထိဘဲ ရှောင်လွဲ သွားမယ်ဆိုတာ သေချာရဲ့လား"

စမစ်က သံသယဖြစ်ဟန်ဖြင့် မေးသည်တွင် စီဒဗလျူက သွက်လက် စွာ ခေါင်းညိတ်ပြလေသည်။

"သေချာပါတယ်ခင်ဗျ။ ကျွန်တော့်အသက်နဲ့လဲပြီး သေချာကြောင်း အာမခံပါတယ်"

စီဒဗလျူ၏ စကားအဆုံးတွင် မိုက်ကယ်က သရော်သလို လေသံမျိုး ဖြင့်

"ဒါဖြင့်မောင်ရင်ကိုယ်တိုင် လက်တွေ့အသက်နဲ့လဲပြီး စမ်းပြပါလား ဗျ"

ဟု ဝင်ပြောလိုက်သည်။

ထိုအခါ စီဒဗလျူက ရုတ်တရက်ဘာမှမပြောသေးဘဲ မိုက်ကယ် ဘက်သို့ လှည့်ပြုံးကြည့်လိုက်သည်။

"ခင်ဗျားပြောတဲ့စကား သေသေချာချာ မကြားလိုက်လို့ နောက် တစ်ခေါက်ထပ်ပြောပါဦး"

စီဒဗလျူက စိန်ခေါ်သည့်လေသံဖြင့် ပြောလျှင် မိုက်ကယ်ကလည်း ထပ်မံ၍ ပြောလေသည်။

"ကျုပ်ပြောတာက မောင်ရင်ပြောတဲ့ သတ္တုကိရိယာဟာ စိတ်ချရ တယ်ဆိုရင် မောင်ရင်ကိုယ်တိုင် အသက်နဲ့လဲပြီး လက်တွေ့စမ်းပြပါလားလို့ ပြောတာပါ"

ဤတွင် စီဒဗလျူသည် ပြောင်လက်တောက်ပသော သတ္တုပြား

www.burmeseclassic.com

www.burmeseclassic.com



ကိရိယာကို သူ၏ လက်ကောက်ဝတ်တွင် ပတ်ထားလိုက်သည်။

ပြီးတော့မှ မိုက်ကယ်ဘက်သို့လှည့်၍

"ကောင်းပါပြီလေ၊ ကျုပ်ကိုယ်တိုင် လက်တွေ့စမ်းပြပ့ါမယ်၊ ခင်ဗျား လေဆာရောင်ခြည်လက်နက်နဲ့ ပစ်ပေတော့"

ဟု ခပ်တည်တည်ပြောလိုက်သည်။

ထိုအချိန်တွင် ဆရာကြီးစမစ်က အချက်ပေးလိုက်ရာ အင်ဂျင်စက်ကြီးများ ချက်ချင်းပြန်လည်ကာ စက်သံများ ဆူညံလာလေသည်။

စီဒဗလျူသည် သတ္တုပြားကိရိယာကို လက်ကောက်ဝတ်မှပြန်ချွတ်၍ သူ၏ လက်ဝဲဘက်ရင်ဘတ် အင်္ကျီအိတ်ထဲသို့ ထည့်လိုက်သည်။

ထို့နောက် မျက်နှာထားတည်တည်ဖြင့် ကျည်ဆန်များကျရောက်မည့် ပစ်မှတ်နေရာသို့ လျှောက်သွားလေသည်။

သူသည် ခြေလှမ်းကို မှန်မှန်လျှောက်သွားသော်လည်း စိတ်ထဲက စိုးရိမ်တုန်လှုပ် နေမိသည်။ အထူးသဖြင့် မိုက်ကယ်က လေဆာသေနတ်ကို ပစ်ခတ်ရန်အတွက် ကွန်ပျူတာကို ခလုတ်များကိုင်တွယ် ပြင်ဆင်နေသည်ကို လှမ်းမြင်ရချိန်တွင် ကျောချမ်းသွားမိသည်။

အထူးစီမံထားသော သတ္တုပြားကိရိယာ ဆောင်ထားပါက လေဆာရောင်ခြည်သေနတ်မှ ကျည်ဆန်များ လွဲချော်သွားမည်ဟု မိမိကပြောခဲ့သည့် အတိုင်း ယခု မိမိကိုယ်တိုင် (မိုက်ကယ်၏ စိန်ခေါ်ချက်အရ) လက်တွေ့စမ်းပြရတော့မည်ဖြစ်ရာ၊ အကယ်၍ မတော်တဆ တစ်စုံတစ်ခုချွတ်ယွင်းသွားပါက မိမိ၏ ခန္ဓာကိုယ်သည် ကျည်ဆန်များတွင် မှုန့်မှုန့်ညက်ညက် ကြေမွသွားမည်ဟု အတပ်သိသဖြင့် စီဒဗလျူက ကျောချမ်းမိခြင်းပင်ဖြစ်သည်။

သို့သော် ဟန်ကိုယ့်ဖို့ဆိုသလို သူသည် အပြင်ပန်းအားဖြင့် စိုးရိမ်တုန်လှုပ်ကြောင်း အလျဉ်းမပြဘဲ ခပ်တည်တည်ပင် ဆက်လျှောက်သွားလေသည်။

လေဆာသေနတ်၏ ပြောင်းဝသည် စီဒဗလျူရှိရာသို့ တည့်တည့်မတ်မတ်ချိန်ထားပြီး ဖြစ်နေလေပြီ။

ဆာဘာရီနှာသည် လေဆာသေနတ်ဘေးနားမှ ရပ်နေရင်း မိုက်ကယ်က ခလုတ်တစ်ခုဆွဲလိုက်သည်ကို မြင်ရလေသည်။

ထိုအချိန်၌ စီဒဗလျူသည် ခပ်လှမ်းလှမ်းရှိ ပစ်မှတ်နေရာသို့



ရောက်ရှိနေပြီး လေဆာသေနတ်ရှိရာသို့ လှမ်းကြည့်နေလေသည်။

ဆရာကြီးစမစ်ကတော့ စိတ်ဝင်စားစွာဖြင့် ရပ်ကြည့်နေလေသည်။

မိုက်ကယ်သည် နောက်ထပ် ခလုတ်တစ်ခုကို နှိပ်လိုက်သည်။

ချက်ချင်းပင် လေဆာသေနတ်ပြောင်းဝမှ တောက်ပြောင်စူးရှသော အလင်းရောင်တစ်ခု ထွက်လာပြီး တစ်ချိန့်တည်းတွင် လေဆာကျည်ဆန်များ ထွက်သွားလေသည်။

ပစ်မှတ်နေရာတွင်ကား လူရုပ်သဏ္ဍာန်တစ်ခု ပြုလုပ်ထားရှိရာ လေဆာသေနတ်မှ ကျည်ဆန်များသည် ယင်းပစ်မှတ်ရှိရာသို့ တည့်တည့်မတ်မတ်ကြီးသွား၍ ထိမှန်လေရာ၊ ပစ်မှတ်သို့မဟုတ် လူရုပ်သည် ချေချေညက်ညက် ကြေသွားသည်အထိ ချေမှုန်းဖျက်ဆီးလိုက်သည်။

ပစ်မှတ်နှင့် မလှမ်းမကမ်းတွင် ရပ်နေသူ စီဒဗလျူကတော့ မည်သို့မှ ထိခိုက်ခြင်းမရှိချေ။

စမစ်က အချက်ပြ အမိန့်ပေးလိုက်၍ အင်ဂျင်စက်ကြီးများ ပြန်ရပ်သွားချိန်တွင် စီဒဗလျူသည် ခြေလှမ်း တစ်လှမ်းချင်းလှမ်း၍ မိုက်ကယ်ရှိရာ ပလက်ဖောင်းစင်မြင့်ဆီသို့ လျှောက်လာလေသည်။

ထို့နောက် မိုက်ကယ်အား မှန်းတီးစက်ဆုပ်ဟန်ဖြင့် ကြည့်လျက်

"ဒီမယ် ကိုယ့်လူ၊ နောက်ကို ဘယ်တော့မှ စိန်ခေါ်ဖို့ စိတ်မကူးပါနဲ့နားလည်လား"

ဟု ခပ်တည်တည်ပြောလိုက်သည်။

မိုက်ကယ်ကလည်း မျက်နှာထား တင်းတင်းဖြင့် စီဒဗလျူအား ပြန်ကြည့်နေလိုက်သည်။

စီဒဗလျူသည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း

"ဟေ့လူ သတ္တိရှိရင် အောက်ကိုဆင်းခဲ့"

ဟု စိန်ခေါ်လိုက်ပြန်သည်။

အခြေအနေတင်းမာလာပြီဖြစ်ရာ ဆရာကြီးစမစ်က လူငယ်နှစ်ဦးကြား ဝင်ဖျန်ဖြေသည့် လူကြီးတစ်ယောက်ကဲ့သို့ ဟန့်လိုက်သည်။

"ဟေ့ နှစ်ယောက်စလုံး တော်ကြစမ်း၊ ကျုပ်က မောင်ရင်တို့ကို သည်းခံပြီး ကြည့်နေတာ၊ တော်လောက်ပြီလို့ ဆုံးဖြတ်ရတော့မယ်။ မင်းတို့ နှစ်ယောက်စလုံး ဘာဖြစ်ဖြစ် ကျုပ်က ဂရုမစိုက်ပါဘူး။ ဒါပေမယ့် အခု

www.burmeseclassic.com

www.burmeseclassic.com



လက်တွေ့ စမ်းပစ်ပြတဲ့အတွက် ကျုပ် သိစေချင်တဲ့အချက်ကိုတော့ အားလုံး သိသွားပြီး ဖြစ်တယ်။ လေဆာရောင်ခြည်လက်နက်ရဲ့ အစွမ်းထက်မြက်မှုကို မြင်ကြရပြီးမဟုတ်လား။ နောက်ပြီး ဒီလက်နက်နဲ့ပစ်ခတ်တဲ့အခါ အန္တရာယ် မရှိအောင် ကာကွယ်ထားနိုင်တဲ့ သတ္တုပြား ပစ္စည်းအကြောင်းကိုလည်း မြင် ခဲ့ကြရပြီ။ အဲဒီသတ္တုပြားပစ္စည်းတွေ အဆင်သင့် လုပ်ထားပြီးတော့ ကျုပ် ကိုယ်တိုင် လုံခြုံတဲ့နေရာမှာ သော့ခတ်သိမ်းထားတယ်။ ကျုပ်ရဲ့အိမ်ကြီး ခေါင်မိုးပေါ်မှာ လေဆာသေနတ်တစ်လက် အသင့်ဆင်ထားတယ်ဆိုတာ အား လုံးသိစေချင်တယ်။ ဒါကြောင့် ဒီအိမ်ကြီးအတွင်းကို ပြင်ဘက်က ဘယ်သူမှ ဝင်လို့မရသလို အိမ်ထဲကလူတွေဟာလည်း ဘယ်လိုနည်းနဲ့မှ ပြင်ဘက် ထွက်လို့ မရဘူးဆိုတာ သတိပြုကြပါ။ ကျုပ်ပြောချင်တာတော့ ဒါပဲ''

* * *

နောက်တစ်နေ့နံနက်တွင် စမစ်၏ ရှာတိုအိမ်ကြီးတွင် စုရုံးခေါ်ယူ ထားသော လူအားလုံးကို လော်လီကားများဖြင့်တင်၍ ခပ်လှမ်းလှမ်းရှိ ရေအိုင်ကြီးတစ်ခုအနီးသို့ ခေါ်သွားလေသည်။

ထိုနေရာတွင် သစ်သားဖြင့်တည်ဆောက်ထားသော ဧရာမ မျှော်စင် ကြီးတစ်ခု ရှိလေသည်။

မျှော်စင်၏အမြင့်မှာ ပေသုံးဆယ်ကျော်ခန့်ရှိပြီး မည်သည့်ရည်ရွယ် ချက်ဖြင့် တည်ဆောက်ထားကြောင်းကို ခန့်မှန်းရန် ခဲယဉ်းပေသည်။

စမစ်၏ လူယုံတော် ကလော်ဒီသည် ရွှီခနဲ ခရာမှုတ်လိုက်လေသည်။

ခရာသံကြားသည်နှင့် စမစ်၏အဖွဲ့သား လက်ရွေးစင်တစ်ခုသည် မျောက်သတ္တဝါများပမာ မျှော်စင်ကြီးအနီးသို့ ပြေးသွားကြပြီး ကျင်လည်ဖြတ် လတ်စွာ တွက်တက်ကြလေတော့သည်။ အဖွဲ့သားအများစုက ဘားဂျမ်းပညာ လေ့ကျင့်တတ်ကျွမ်းထားသူများ ဖြစ်သည့်အလျောက် အံ့သြဖွယ်ကောင်းလောက် အောင် လျင်မြန်စွာတွက်တက်နိုင်ကြလေသည်။

အချို့ကဆိုလျှင် မျှော်စင်အပေါ်ပိုင်းရှိ ပိုက်လုံးများပေါ်တွင် ဆက်ကပ် ပညာရှင်များ ကြိုးတန်းလျှောက်သလို လျှောက်သွားနေကြသည်။

ရုတ်တရက်ကြည့်လျှင် ဧရာမအားကစားရုံကြီး တစ်ခုအတွင် ဘားဂျမ်းသမားများ လေ့ကျင့်ခန်း လုပ်နေကြပုံနှင့် တူနေတော့သည်။



မကြာမီ ဆရာကြီးစမစ်ကိုင်တိုင် ရောက်ရှိလာပြီးနောက် စီဒဗလျူနှင့် မိုက်ကယ်တို့နှစ်ယောက်အား အချက်ပေးလိုက်သည်။

သူ၏လက်ထဲတွင်လည်း အားကစားပြိုင်ပွဲများ၌ အသုံးပြုသော စံချိန် ကိုက်နာရီတစ်လုံး ကိုင်ထားလေသည်။

ထိုအချိန်၌ မျှော်စင်၏ အပေါ်ဆုံးထိပ်ပိုင်းရှိ သတ္တုဖြင့် ပြုလုပ်ထား သော တန်းကြီးများတွင် ဆာဘာရီနှာနှင့် တိုတီတို့က သံတန်းတစ်ခုပေါ် ခွ ထိုင်ကာ 'ဝယ်လ်ဒင်' သံဂဟေဆက်ကိရိယာဖြင့် ဂဟေဆော်လျက်ရှိနေ ကြသည်။

ထိုအခိုက် စီဒဗလျူရပ်နေရာအနီးသို့ မျှော်စင်ပေါ်မှ ကြိုးတစ်ချောင်း ကျလာလေသည်။

စီဒဗလျူလည်း ယင်းကြိုးကိုတွယ်၍ ကျင်လည်ဖျတ်လတ်စွာ တက် သွားရာ ဆာဘာရီနှာတို့ရှိရာကို ရောက်သွားလေသည်။

ထို့နောက် စီဒဗလျူက ကြိုးစကို အောက်သို့ပြန်ချပေးလိုက်ရာ အသင့်စောင့်နေသူမိုက်ကယ်က လေဆာရောင်ခြည်သေနတ်တစ်လက်ကို ကြိုး ဖြင့် ခိုင်မြဲစွာ ချည်လိုက်သည်။

တိုတီနှင့် စီဒဗလျူတို့က ကြိုးကိုဆွဲ၍ လေဆာသေနတ်ကို မျှော်စင်၏ အပေါ်ရှိ သံဒိုင်းကြီးတစ်ခုပေါ်တွင် တပ်ဆင်လိုက်သည်။

အလားတူပင် နောက်ထပ် လေဆာသေနတ်တစ်လက်ကိုလည်း ကြိုးဖြင့်ဆွဲတင်ပြီးနောက် မျှော်စင်ထိပ်တွင် တပ်ဆင်လိုက်ပြန်သည်။

မိနစ်ပိုင်းအတွင်း လေဆာသေနတ်နှစ်လက်သည် မျှော်စင်ပေါ်တွင် အဆင်သင့် တပ်ဆင်ပြီးဖြစ်သွားသည့်ပြင် သေနတ်တစ်လက်လျှင် ကိုင်တွယ်ပစ် ခတ်မည့်သူနှစ်ယောက်စီပါ အဆင်သင့်ဖြစ်နေတော့သည်။

စမစ်သည် သူ၏လက်မှ အချိန်ကိုက်နာရီခလုတ်ကို နှိပ်လိုက်ပြီး သေနတ်နှစ်လက် တပ်ဆင်ရာတွင် ကြာသည့်အချိန် ကျေနပ်သွားပုံရသည်။

''အိုကေပဲကွ၊ မောင်ရင်တို့ ပိုပြီး လျင်မြန်ဖျတ်လတ်လာတယ်။ ကေန္တ အစားကောင်းကောင်း စားရလို့နဲ့တူတယ်''

ဤသို့လျှင် ဆရာကြီးစမစ်က သူ၏ သဘောထားကို ဖော်ထုတ် ပြောလိုက်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညဘက် ခြံကြီးအတွင်းရှိ မြင်းဖောင်းရှေ့ကွက်လပ်တွင် ပေအီနှင့်တကွ စမစ်၏ဂိုဏ်းသား နှစ်ဦးတို့သည် လျှပ်စစ်ဆလိုက်မီးကြီးများ ထိန်လင်းစွာ ထွန်းထားသည့် အလင်းရောင်အောက်ဝယ် လျှပ်စစ်ဝါယာ ကြိုးကြီးများကို ကိုင်တွယ်အလုပ်ရှုပ်နေကြလေသည်။

ပေအီနှင့် ဂိုဏ်းသားတစ်ဦးတို့က လျှပ်စစ်အလုပ်သမားများ သုံးလေ့ရှိသော ရာဘာလက်အိတ်အထူများ ဝတ်ထားကြသည်။

ထိုအချိန်၌ လျှပ်စစ်အင်ဂျင်စက်ကြီးများ လည်ပတ်နေသဖြင့် သူတို့ ကိုင်တွယ်အလုပ်လုပ်နေသော ဝါယာကြိုးကြီးများတွင် လျှပ်စစ်ဓာတ်အား သွားလာလျက်ရှိနေပေသည်။

ဝါယာကြိုးကြီးများတွင်လည်း အန္တရာယ်ကို သတိပေးသည့် အနေဖြင့်

“ဗို့ ၂၀၀၀ ဓာတ်အားရှိသည်”

BURMESE CLASSIC .com

ဟု အင်္ဂလိပ်ဘာသာဖြင့် ရေးထားလေသည်။

ပေအီနှင့်အတူ အလုပ်လုပ်နေသော စမစ်၏ ဂိုဏ်းသားသည် လက် အိတ်စွပ်ထားသော လက်ဖြင့်လျှပ်စစ်ဝါယာကြိုးကြီးကို ဖြတ်ဆွဲလျက်ရှိရာ အတွင်းမှကြေးနီဖြင့် ပြီးသည့်ကြိုး ပေါ်လာလေသည်။

ဒုတိယဂိုဏ်းသားသည် လက်အိတ်ချွတ်ထားလျက်ရှိရာမှ ဓာတ် မလိုက်စေရန် အထူးစီမံထားသော ကိရိယာတစ်ခုဖြင့် အတွင်းမှ ကြေးကြိုးကို တစ်စုံတစ်ခုပြုလုပ်နေလေသည်။

ထိုလူသည် မိမိလုပ်နေရသောအလုပ်က အန္တရာယ်ကြီးမားကြောင်း သိသဖြင့် ချွေးများပြန်ကာ တုန်လှုပ်ချောက်ချား နေပုံရလေသည်။

ယင်းသို့ တုန်လှုပ်ချောက်ချားနေ၍လည်း စိတ်ဂနာမငြိမ်ဖြစ်ရာမှ တစ်ချိန်တွင် သူ၏လက်တစ်ဖက်သည် အမှတ်မဲ့ချော်ထွက်ပြီး လျှပ်စစ် ကြေးနီ ကြိုးကို သွားထိမိလေသည်။

ချက်ချင်းပင် ပြာလဲ့လဲ့အရောင်ရှိသော လျှပ်စစ်မီးတောက်များ ဖြစ်ပေါ်ကာ အဆိုပါဂိုဏ်းသား၏ တစ်ကိုယ်လုံးသည် လျှပ်စစ်ဓာတ် လိုက်သွား လေတော့သည်။

စက္ကန့်ပိုင်းအတွင်းမှာပင် ထိုလူသည် လျှပ်စစ်ဓာတ်အားဖြင့် ကွပ်မျက် ခြင်း ခံရသလို မရှုမလှ သေဆုံးသွားလေသည်။



ပေအီသည် မည်သို့မျှ စိတ်ထိခိုက်တုန်လှုပ်ပုံမရဘဲ ကျန်ဂိုဏ်းသား တစ်ဦးဘက်သို့ လှည့်၍

“ဟေ့ မြင်ပြီ မဟုတ်လား။ လျှပ်စစ်ဓာတ်အား အန္တရာယ် ဘယ် လောက်ကြောက်စရာကောင်းသလဲဆိုတာ၊ နောင်ကို ငါက သတိထားလုပ်လို့ ပြောရင် အထူးသတိထားပါ”

ဟုပြောလိုက်သည်။

လူ၏အသားကို မီးလောင်ကျွမ်းသည့်အနံ့များ နံစော်နေသည့် ကြားမှပင် ဓာတ်လိုက်သေဆုံးသူ၏အလောင်းကို အလုပ်သမားနှစ်ဦးက လာရောက်သယ်ယူသွားပြီးနောက် ပေအီသည် သူကိုယ်တိုင် စောစောက သေသူ လုပ်လက်စအလုပ်ကို ကျွမ်းကျင်စွာ ဆက်လုပ်သွားလေသည်။

သူသည် အလွန်သတိရှိသူဖြစ်၍ မည်သည့်အန္တရာယ်မှ မရှိချေ။

ဘေးမှရပ်ကြည့်နေသူ ဂိုဏ်းသားသည် ပေအီ၏ ကျွမ်းကျင်မှုကို ကြည့်ပြီး အံ့သြငေးမောနေလေသည်။

သို့နှင့်ပင် ရက်သတ္တတစ်ပတ် ကြာသွားလေသည်။

ထိုအတောအတွင်း ဆရာကြီးစမစ်က သူကိုယ်တိုင် ကြီးကြပ်ကွပ်ကဲ လျက် အဖွဲ့သားအားလုံးသည် လာလတ္တံ့သော စစ်ဆင်ရေးစီမံချက်အတွက် အဆက်မပြတ် လေ့ကျင့်မှုများ အကြိမ်ကြိမ် လုပ်ကြရလေသည်။

ခန္ဓာကိုယ်ကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများ အပြင် လက်နက်မျိုးစုံကိုင်တွယ်ပစ်ခတ်ခြင်း၊ ခဲရာခဲဆစ်နေရာများကို ဘား ကျွမ်းသမားဆန်ဆန် လျင်မြန်ဖျတ်လတ်စွာ တွယ်တက်ခြင်း စသည်တို့ကို လည်း လေ့ကျင့်ကြရလေသည်။

လေ့ကျင့်ခန်းများ လုပ်ရသည်မှာ အလွန်ပင်ပန်းလှသည် ဖြစ်ရာ အဖွဲ့သားအားလုံးလိုလို ခြေကုန်လက်ပန်းကျသလောက်ရှိတော့မှပင် ဆရာကြီး စမစ်က နောက်ဆုံးနေ့ ရောက်ပါပြီဟု ကြေညာလေသည်။

ထိုနေ့တွင် လူအားလုံးကို ရေကန်အနီးရှိ မျှော်စင်ကြီးရှေ့နားတွင် စုရုံးခေါ်ယူလိုက်လေသည်။

ကျန်လူများက ဝိုင်းကြည့်နေကြစဉ် မိုက်ကယ် တစ်ယောက်တည်း မျှော်စင်ကြီးအနီးသို့ ချဉ်းကပ်သွားလေသည်။

ဆရာကြီး စမစ်ကတော့ အချိန်ကိုက်နာရီကို လက်တွင် ကိုင်ရင်း

www.burmeseclassic.com

www.burmeseclassic.com



သေချာစွာကြည့်နေခိုက် မိုက်ကယ်က သူ တာဝန်ရှိသည့်အလုပ်ကို လျင်မြ ဖျတ်လတ်စွာ လုပ်သွားလေသည်။

မျှော်စင်ကြီး၏ အောက်ခြေတွင် ပင်မတိုင်ကြီးလေးတိုင်ရှိ မိုက်ကယ်သည် ယင်းတိုင်လေးတိုင်ကို တစ်တိုင်စီ ပလတ်စတစ်ဖြင့် လုပ်ထ သော ဒီတိုနေတာခေါ် ပေါက်ကွဲစေသည့် စနက်တံများ တပ်ဆင်လိုက်သည် နောက်ဆုံးတိုင်ကို စနက်တံတပ်ဆင်ပြီးသည်နှင့် မိုက်ကယ်သည် လျင်မြန် တအားပြန်ပြေးထွက်လာသည်။

စမစ်လက်တွင် ကိုင်ထားသော ချိန်ကိုက်နာရီကို ကြည့်လိုက်သေ အခါ လက်တံသည် သုညဂဏန်းတည့်တည့်တွင် ရောက်နေကြောင်း တွေ့ လေသည်။

ထိုအခိုက်မှာပင် မျှော်စင်၏ ပင်မတိုင်ကြီး လေးတိုင်အောက်ခြေ တွင် တပ်ဆင်ထားသော ဗုံးလေးလုံးသည် တစ်ပြိုင်နက် ပေါက်ကွဲက တိုင်လေးတိုင်ကျိုးသွားလျက် မျှော်စင်ကြီးတစ်ခုလုံး ပြိုလဲပျက်စီးသွားတေ သည်။

ဆရာကြီးစမစ်သည် မျှော်စင်ကြီး ကျိုးပဲ့ပျက်စီးသွားပုံကို ကြည့်ပြီ ကျေနပ်သဘောကျဟန်ဖြင့် ပြုံးကြည့်နေလေသည်။

ထိုနေ့ညဘက်တွင် ဂိုဏ်းသားအားလုံးကို ညစာစားပွဲဖြင့် တည်ခင် ဧည့်ခံရာ မိုက်ကယ်၊ ဆာဘာရီနှာ၊ စီဒဗလျူစသော လူသတ်လေးဦးအာ အထူးဂရုစိုက်ဧည့်ခံလေသည်။

အကောင်းဆုံးအစားအစာ၊ အကောင်းဆုံး အဖျော်ယမကာများဖြ ဧည့်ခံကျွေးမွေးပြီးနောက် အိမ်ရှင်ဖြစ်သူ ဆရာကြီးစမစ်က မတ်တတ်ထ ခပ်တည်တည် မိန့်ခွန်းပြောလေသည်။

"ခင်ဗျားတို့အားလုံး ပြီးခဲ့တဲ့ ဆယ်ရက်တာကာလအတွင်း လေ့ကျ ခန်းတွေ လုပ်ခဲ့တာကို ကျုပ်အနေနဲ့ အထူးပင် ကျေနပ်မိတယ်။ ဂုဏ်လည်းယ ပါတယ်၊ ခင်ဗျားတို့တွေဟာ မကြာခင် လက်တွေ့အကောင်အထည်ဖေ ရတော့မယ့် ကျုပ်ရဲ့ စစ်ဆင်ရေး စီမံချက်အတွက် လိုအပ်သမျှ ကျွမ်းကျင် အားလုံးကို ပိုင်နိုင်ကြပြီဖြစ်တယ်။ ဒီအခြေအနေမှာ ကျုပ်က ခင်ဗျားတို ကြာရှည်ဆက်စောင့်နေခိုင်းဖို့ မသင့်တော့ဘူး။ ဒါကြောင့် ကျုပ်က လုပ်ရမယ် စစ်ဆင်ရေးနဲ့ပတ်သက်တဲ့ အသေးစိတ်အချက်အလက်တွေကို ခင်ဗျားတို



အောင် အခုပြောပြပါတော့မယ်။ သေသေချာချာ နားထောင်ပြီးတော့ င်ဗျားတို့အနေနဲ့ စစ်ဆင်ရေးကြီး ချောမောအောင်မြင်တဲ့အထိ ကြိုးစားကြ မယ်လို့ မျှော်လင့်ပါတယ်"

ဤသို့ အစချီကာ စမစ်သည် သူအချိန်ယူ ရေးဆွဲပြင်ဆင်ထားသော ပင်နီး၊ သို့မဟုတ် စစ်ဆင်ရေးစီမံချက်ကို အကျယ်တဝင့် ပြောပြလေတော့ သည်။

အဖွဲ့သားအားလုံးသည် သူ၏ ပြောပြချက်ကို အထူး အံ့သြစွာဖြင့် နားထောင်နေကြလေသည်။

စမစ်၏ စကားဆုံးသွားသောအခါ စီဒဗလျူက သူ၏ဘေးနားတွင် ရှိနေသူ ဆာဘာရီနှာအား

"ကေ့္က ဒီလူကြီး ရူးနေပြီနဲ့တူတယ်"

ဟု တီးတိုးပြောလိုက်လေသည်။

* * *

စီဒဗလျူက ဝေဖန်မှတ်ချက်ချလိုက်သလို ဆရာကြီးစမစ်သည် ရူးနေခြင်း ဖြစ်ကောင်းဖြစ်ပေမည်။ သို့သော် သူ့ကို လူနံ့လူ့အဘတ်ယောက် ပွ၍ကား မဆိုနိုင်ချေ။

ည မိုးချုပ်၍ အသီးသီး အိပ်ရာဝင်ကြရပြီးနောက် ဆာဘာရီနှာသည် နံ့ခေါင်ကျော် တစ်နာရီခွဲသာသာတွင် အိပ်ခန်းပြင်ဘက်သို့ အသာချောင်း ကြည့်ရာ ပြင်ဘက်စင်္ကြံတစ်နေရာတွင် စောင့်နေကြသော လက်နက်ကိုင် အစောင့်နှစ်ဦးရှိနေကြောင်း တွေ့ရလေသည်။

ထို့ကြောင့် ဆာဘာရီနှာသည် မလှမ်းမကမ်းရှိ စီဒဗလျူ၏ အခန်းသို့ ကူးသွားရန် ခက်နေလေသည်။

အဓိပ္ပာယ်က ရှင်းနေပါသည်။ စမစ်၏ လျှို့ဝှက်စီမံချက်အကြောင်း ကို မိမိတို့အား ဖွင့်ပြောပြပြီဖြစ်၍ ပြင်ပသို့ မပေါက်ကြားစေရန် အရေးကြီးလှ သည်ဖြစ်ရာ ဆရာကြီးစမစ်သည် (စိတ်ရူးပေါက်သူ ဖြစ်ချင်ဖြစ်မည် မှန်သော် လည်း) အကင်းပါးလှသဖြင့် မိမိတို့အားလုံး မည်သို့မှ ပြင်ပနှင့် အဆက်အသွယ် မလုပ်နိုင်အောင် လက်ရွေးစင် လက်နက်ကိုင်အစောင့်များ ချထားခြင်းဖြစ်လေ သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆာဘာရီနာသည် စိတ်ထဲမှ မချင့်မရဲဖြစ်နေမိလေသည်။

"ဘာကြီးဖြစ်ဖြစ်၊ ငါတို့သိထားသမျှကို ဌာနအကြီးအကဲ ဖီလ်ပေါ့ဆီ ရောက်အောင်တော့ တစ်နည်းနည်းနဲ့ သတင်းပို့မှဖြစ်မယ်"

ဤသို့လည်း ဆာဘာရီနာသည် ဆုံးဖြတ်ချက်ချလိုက်မိလေသည်။

ထောက်လှမ်းရေး အကြီးအကဲ ဖီလ်ပေါ့သည် ဖြစ်သည့်နည်းဖြင့် ဤရှာတိုအိမ်ကြီးကို မလှမ်းမကမ်းမှ အကဲခတ်ကြည့်နေမည်မှာ သေချာပေသည်။

အိမ်ခေါင်မိုးတွင် တပ်ဆင်ထားသော လေဆာရောင်ခြည် သေနတ်များကိုလည်း မလွဲမသွေသတိပြုမိသည်ဖြစ်၍ ဖီလ်ပေါ့က မိုက်ရူးရဲလုပ်ကာ အိမ်ကြီးကို ခြောင်ဝင်တိုက်မည် မဟုတ်ဟု ဆာဘာရီနာက ကောက်ချက်ချမိလေသည်။

အင်ဂျင်စက်ကြီးများ တပ်ထားသော ကုန်တင်လော်လီကားကြီးများကိုမူ အိမ်ဝင်းအတွင်း လုံခြုံစွာ ထားသဖြင့် ဖီလ်ပေါ့က သိနိုင်မည်မဟုတ်သလို စမစ်၏ စစ်ဆင်ရေးစီမံချက်နှင့်တကွ လေဆာလက်နက်များ မည်သို့မည်ပုံ အသုံးချမည်ဟူ၍လည်း ဖီလ်ပေါ့အနေဖြင့် သိနိုင်ရန် ခဲယဉ်းလှပေသည်။

မည်သို့ပင်ဖြစ်စေ မိမိ (ဆာဘာရီနာ)သို့မဟုတ် စီဒဗလျူတစ်ယောက်ကတော့ စမစ်၏ မိုက်ရူးရဲအကြံအစည်ကို ဖီလ်ပေါ့ထံ ရောက်အောင် သတင်းပို့မှ ဖြစ်ပေမည်။

သို့မှသာလျှင် ဖီလ်ပေါ့က သက်ဆိုင်ရာအစိုးရ၏ အကူအညီဖြင့် စမစ်၏ စစ်ဆင်ရေးစီမံချက်ကို အချိန်မီ ကာကွယ်တားဆီးနိုင်မည် ဖြစ်ပေသည်။

ဆာဘာရီနာသည် မိမိအိပ်ခန်းတံခါး အသာဖွင့်ကြည့်သည်ကို လက်နက်ကိုင် အစောင့်များမမြင်နိုင်ဟု တွက်မိသည်။ သို့ဖြစ်လင့်ကစား အစောင့်များရှိရာ ဟိုဘက်တွင်ရှိသော စီဒဗလျူ၏ အိပ်ခန်းသို့ ရောက်အောင်သွားရန်က မဖြစ်နိုင်သလောက် ခဲယဉ်းနေပြန်သည်။

ယင်းအခြေအနေအရ အိပ်ခန်းပြတင်းပေါက်မှ တစ်ဆင့် ပြင်ဘက်ထွက်ရန် နည်းလမ်းသာရှိတော့သည်ဟု ဆုံးဖြတ်လိုက်မိသည်။

ရှေးဦးစွာ ဆာဘာရီနာသည် အိပ်ခန်းမီးကို ပိတ်လိုက်ပြီး ရေချိုးခန်းထဲမှ မီးကိုမူ ဖွင့်ထားလိုက်သည်။



အကယ်၍ ပြင်ဘက်မှ တစ်စုံတစ်ယောက်က မိမိအခန်းရှေ့သို့ လာကြည့်သော် မိမိရေချိုးနေသည်ဟု ထင်မှတ်စေရန် ဖန်တီးထားလိုက်ခြင်းပင် ဖြစ်သည်။

ဆာဘာရီနာသည် အိပ်ခန်းပြတင်းပေါက်ကို ဖွင့်၍ ထူထဲသော တ်ခန်းဆီးများကို အသာဖယ်ကြည့်လိုက်ရာ ကြိုတင်တွက်မိသည့်အတိုင်းပင် ဝင်းခြံ အောက်ဘက်ဆီမှ လျှပ်စစ်ဆလိုက်မီးကြီးများ ထိန်လင်းစွာ ထွန်းထားသည်ကို တွေ့ရလေသည်။

ယခုအတိုင်းဆိုလျှင် ပြတင်းပေါက်မှနေ၍ ပြင်ဘက်သို့ တစ်စုံတစ်ခု အချက်ပေးလိုက်မည် ဆိုပါက ဝင်းခြံအတွင်းရှိ အစောင့်များက ချက်ချင်းမြင်သွားမည်ဖြစ်ပေသည်။

ပြတင်းပေါက်မှ ခေါင်းပြူ၍ အပေါ်ဘက်ဆီသို့ မော်ကြည့်လိုက်ရာ အကယ်၍ မိမိသည် တိုက်နံရံဘေးရှိ တိုင်ကပ်ပန်းပင်အနွယ်များ ကြားမှ လူမမြင်အောင် တိုက်ခေါင်မိုးပေါ်သို့ တွယ်တက်နိုင်ပါက ယင်းမှတဆင့် စီဒဗလျူ၏ အိပ်ခန်းသို့ သွားနိုင်မည်ဟု တွက်မိလေသည်။

ယင်းအကြံ ဖြစ်နိုင် မဖြစ်နိုင် ချိန်ဆသည့်အနေဖြင့် ဆာဘာရီနာသည် ဝင်းခြံအတွင်းရှိ လျှပ်စစ်ဆလိုက်မီးလုံးကြီးများ အခြေအနေကို ပြန်လေ့လာကြည့်ပြန်လေသည်။

ဆလိုက်မီးမောင်းကြီးများသည် ဝင်းခြံအတွင်းရှိ နေရာအနှံ့အပြားသို့ လှည့်ပတ်ထိုးထားသော်လည်း မီးမောင်းနှစ်ခုက ဝင်းခြံအဝင်ဝဆီသို့ စူးစိုက်ထိုးထားကြောင်း သတိပြုမိလေသည်။

ဤတွင် ဆာဘာရီနာသည် အကြံတစ်ခု ရလာမိသည်။

မိမိတို့ ကြိုတင်စီစဉ်ထားသည့် လျှို့ဝှက်အချက်ပြဆက်သွယ်နည်းဖြင့် ငြိမ်နေသော လျှပ်စစ်မီးမောင်းရောင်ကို အသုံးချကာ အချက်ပြလျှင် ရနိုင်လိမ့်မည်ဟု တွက်မိလေသည်။

မိမိက တိုက်ခေါင်မိုးပေါ်မှ ယင်းသို့ အချက်ပေးဆက်သွယ်လိုက်ပါက တစ်ဖက်မှ ဖီလ်ပေါ့တို့၏ စခန်း၌ ဗီဒီယိုတိပ် အသံဖမ်းကြိုးခွေဖြင့် အလိုအလျောက် အသံဖမ်းပြီးသား ဖြစ်သွားပေမည်။

ဆာဘာရီနာသည် အဝတ်အစားများလဲကာ အနက်ရောင် ကိုယ်ကျပ်

www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီနှင့် ဆွယ်တာအနက် လဲဝတ်လိုက်သည်။ ထို့ပြင် သူမ၏မျက်နှာနှင့် လက်များကိုလည်း ပြတင်းပေါက်ပြင်ဘက် အုတ်ထစ်တွင်ရှိနေ သော မြေကြီး၊ ရွှံ့များဖြင့် ပေရေနေအောင် သုတ်လိမ်းကာ ရုပ်ဖျက်လိုက်သည်။

ထို့နောက် ပြတင်းပေါက်မှ လက်ဝဲဘက်သို့ လှမ်းကြည့်လိုက်ရာ ခြောက်ပေခန့် အကွာတွင်ရှိသော ပန်းပင်ပန်းခက်များနှင့် ပန်းနွယ်များကို မြင်ရလေသည်။

ဆာဘရီနာသည် ပြတင်းပေါက်ကိုကျော်၍ အောက်နားရှိ အုတ်ခုံပေါ်တွင် ရပ်ကာအသာကပ်နေလိုက်သည်။

ခေတ္တမျှငြိမ်၍ မြေပြင်ရှိလက်နက်ကိုင် အစောင့်များ သွားလာ လှုပ်ရှားမှုကို အသာစောင့်ကြည့်ပြီးမှ သူမသည် ခြောက်ပေကွာရှိ နံရံကပ် ပန်းပင်ပန်းနွယ်များကြားဆီသို့ ခုန်ကူးလိုက်သည်။ ထိုမှတစ်ဆင့် တိုက်ခေါင်မိုးပေါ်သို့ ခဲခဲယဉ်းယဉ်း တွယ်တက်လိုက်ပြန်သည်။

ခေါင်မိုးပေါ်ရောက်သောအခါ သူမသည် အတော်မောပန်းနေသဖြင့် ခေတ္တမျှ ငြိမ်ပြီး အမောဖြေနေလိုက်ရသည်။

ဆာဘရီနာသည် ဝင်းဝဆီသို့ စိုက်ထိုးထားသော ဆလိုက်မီးမောင်းကြီးနှစ်ခု၏ အနေအထားကိုကြည့်ပြီး သဘောကျသွားမိသည်။

လျှပ်စစ်ဆလိုက်မီးလုံးကြီးနှစ်လုံးမှာ တိုက်ခေါင်မိုးပေါ်တွင် အသေတပ်ဆင်ထားသည်။ သူမ၏ အကြံကား ထိုနေရာမှတစ်ဆင့် အချက်ပြဆက်သွယ်ရန်ဖြစ်လေသည်။

ထိုအခိုက် ငှက်ကြီးများ လေထဲတောင်ပံခတ်သံလိုလို ကြားလိုက်ရသဖြင့် ဆာဘရီနာသည် ရုတ်တရက် အံ့အားသင့်သွားလျက် အသံကြားရာဆီသို့ လှမ်းကြည့်ရာ ဧရာမသိန်းငှက်ကြီး နှစ်ကောင်သည် တိုက်ခေါင်မိုးအနီး၌ ပျံဝဲလျက်ရှိကြောင်း တွေ့ရပြီး အကြီးအကျယ် တုန်လှုပ်ချောက်ချား သွားမိလေသည်။

သူမအနေဖြင့် သိန်းငှက်ကြီးများအကြောင်း ကြားဖူးနားဝရှိ၍ ထိတ်လန့်သွားခြင်းဖြစ်လေသည်။

ယင်းငှက်ကြီးများကို တောလိုက်မုဆိုးများက စနစ်တကျလေ့ကျင့် သင်ကြားပေးထားလျှင် အမဲပစ်လိုက်ရာ၌ သားကောင်များကို ကောင်းကင်မှ



ရှာဖွေတတ်ရုံမက သစ်ပင်တောအုပ်မရှိသော လွင်ပြင်လို နေရာမျိုးတွင်ရှိသည့် သားကောင်များကို တစ်ဟုန်ထိုး ထိုးဆင်း တိုက်ခိုက်တတ်ကြောင်း ဆာဘရီနာ က သိထားလေသည်။

ယခုငှက်ကြီးနှစ်ကောင်ကို အကဲခတ်ကြည့်ရသည်မှာ ဂိုဏ်းခေါင်းဆောင် စမစ်က သူ၏ ရာတိုတိုက်အိမ်ကြီးအတွင်း လူစိမ်းသူစိမ်းများ လှုပ်ရှားသွား လာပါက သားကောင်ကို ထိုးသတ်သလို ထိုးသတ်ရန် လေ့ကျင့်သင်ကြားထား ဟန် တူပေသည်။

ထို့ကြောင့် သူမက အကြီးအကျယ် ထိတ်လန့်တုန်လှုပ်မိခြင်း ဖြစ်လေသည်။

မိမိသည် တိုက်ခေါင်မိုးပေါ်တွင် အကာအကွယ်မရှိဘဲဖြစ်နေခြင်းက ပင်လျှင် ငှက်ကြီးများအား ထိုးသုတ်တိုက်ခိုက်ရန် ဖိတ်ခေါ်နေသလိုလည်း ဖြစ်နေပေသည်။

ငှက်ကြီးတစ်ကောင်သည် လေထဲတွင် အရှိန်ယူပြီး ဆာဘရီနာရှိရာ သို့ လေယာဉ်များ ဆင်းသလို ထိုးဆင်းလာလေသည်။

ကြောက်အား လန့်အားနှင့် ကိုယ်ကို ပစ်လှဲချပြီး လိမ့်ရှောင်လိုက် ရုံမှာပင် ငှက်ကြီးသည် ခေါင်မိုးမျက်နှာပြင်သို့ ရောက်ရှိလာလေသည်။

ငှက်ကြီး၏ ခြေထောက်များရှိ ဓားကဲ့သို့ ချွန်ထက်နေသော ခြေသည်း ကောက်ကြီးများသည် ဆာဘရီနာ၏ မျက်နှာနှင့် ၁၈ လက်မခန့်သာ ကွာသော နေရာသို့ ကုတ်ခြစ်မိလေသည်။

ခေါင်မိုးပေါ်တွင် ကြာရှည်ဆက်မနေဝံ့တော့သဖြင့် ကပျာကယာ အုတ်နံရံမှ တွယ်ဆင်း၍ တိုက်အပေါ်ဆုံးထပ်ရှိ အုတ်ခုံအထစ်ဆီသို့ လှမ်းခုန် ဆင်းလိုက်ရာ တတ်နိုင်သလောက် လျင်မြန်စွာ ခုန်ဆင်းပါသော်လည်း ငှက်ကြီး တစ်ကောင်က သူမထက် ပို၍မြန်လေသည်။

ငှက်ကြီး၏ နှုတ်သီးသည် ဆာဘရီနာ၏ လက်ဝဲဘက် ခြေကျင်းဝတ် နေရာကို ဖမ်းမိသွားပြီး လက်မတစ်မတ်ခန့် အသားဖတ်ကို ကိုက်ဖြတ်သုတ်ယူ သွားလေသည်။

ထိုအခိုက် ငှက်ကြီးနှစ်ကောင်မကဘဲ နောက်ထပ်လေးကောင် ပြေး လာသဖြင့် ဆာဘရီနာသည် ပို၍ပင် စိုးရိမ်တုန်လှုပ်မိလေရာ ခြေထောက်မှ အသားပဲ့ပါသွား၍ ပြင်းစွာနာကျင်သောဝေဒနာကိုပင် ဂရုမစိုက်နိုင်တော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



မြေပြင်အောက်ဆီမှ ဆူဆူညံညံ ဟစ်အော်သံများလည်း ကြားရသဖြင့် ကောင်းကင်မှ ငှက်ကြီးများ လှုပ်ရှားမှုများကို အောက်ရှိ လက်နက်ကိုင် အစောင့်တစ်ယောက်ယောက်က သိရှိသွားပြီဖြစ်ကြောင်း ထင်ရှားနေပေသည်။

အရေးထဲ နောက်ငှက်ကြီးတစ်ကောင်သည် ဆာဘာရီနာကို မြင်ပြီး စူးရှစွာ အော်မြည်လျက် တစ်ဟုန်ထိုး ထိုးသုတ်ရန် ဝဲဆင်းလာပြန်ရာ သူမသည် ရပ်နေရာမှ နောက်ထပ် အဆင့်နိမ့်သည့် အုတ်ခုံအထစ်တစ်ခုပေါ်သို့ ခုန်ဆင်းလိုက်ရလေသည်။

မိမိအခန်းထဲ ပြန်ဝင်ပြေးရန် ကြံပါသော်လည်း အတော်အလှမ်းဝေးနေသဖြင့် အကြံရခက်နေစဉ်မှာပင် အနီးဆုံးပြတင်းပေါက်တစ်ခု ပွင့်လာပြီး စီဒဗလျူက

"ဟေ့ အခန်းထဲ အမြန်ဝင်ခဲ့၊ နင်ဟာ တော်တော်ဉာဏ်တုံးတာပဲ"

ဟု ပြောလိုက်လေသည်။

ဆာဘာရီနာလည်း အံ့အားသင့်စွာနှင့်ပင် ပြတင်းမှဝင်ရန် ကြိုးစားလိုက်သည်တွင် စီဒဗလျူက သူမကိုယ်ကို ကူညီဆွဲသွင်းပေးလိုက်သည်။

ရောက်သွားသောအခန်းကား စီဒဗလျူ၏ အိပ်ခန်းနှင့် ဆက်လက် ရေချိုးခန်း ဖြစ်နေလေသည်။

ရေချိုးခန်းပြတင်းပေါက်ကို ချက်ချင်းပြန်ပိတ်ပြီးနောက် စီဒဗလျူက ဆာဘာရီနာအား ကျောင်းဆရာတစ်ဦးက တပည့်ဆိုးတစ်ယောက်ကို ပြောသလို အမိန့်ပေးလိုက်သည်။

"ဟေ့ မင်းကိုယ်က အဝတ်အစားတွေ ချွတ်ပစ်လိုက်စမ်း"

ဆာဘာရီနာလည်း စီဒဗလျူ ဘာကြောင့်ခိုင်းသည်ကို သဘောပေါက်မိသဖြင့် ဘာမှပြန်မပြောဘဲ ခိုင်းသလိုလုပ်လိုက်လေသည်။

* * *

နောက် ဆယ်မိနစ်မျှကြာသောအခါ ဆာဘာရီနာသည် ရေမိုးချိုးကာ ကိုယ်လိမ်းပေါင်ဒါမွှေးများ လိမ်းကျံပြီးနောက် မျက်နှာသုတ်ပုဝါကြီး တစ်ထည်ကို ပတ်ခြုံကာ စီဒဗလျူ၏ ခုတင်ပေါ်တွင် ထိုင်နေလေသည်။

ထိုအချိန်အတန့် အခန်းတံခါးကို ပြင်ဘက်မှ တစ်စုံတစ်ယောက် လာခေါက်သဖြင့် စီဒဗလျူက ထ၍ဖွင့်ပေးလိုက်ရာ ဆရာကြီးစမစ်သည်



လက်နက်ကိုင် အစောင့်များ ခြံရံလျက်ရပ်နေသည်ကို တွေ့ရလေသည်။

စမစ်သည် အခန်းတွင်းသို့ သေချာစွာ လှည့်ပတ်အကဲခတ်ကြည့်သည်။

ညအိပ်ဝတ်စုံ (ပဂျာမာ) ခပ်ပါးပါး ဝတ်ထားသော စီဒဗလျူသည် အတွင်း၌ အခြားဘာအဝတ်အစားမှမရှိဘဲ ဗလာကျင်းနေကြောင်း ထင်ရှားသလို ဆာဘာရီနာသည်လည်း မျက်နှာသုတ်ပဝါ ကိုယ်ကိုပတ်ထားသည်မှ လွဲ၍ မိမွေးတိုင်း ဖမွေးတိုင်းဖြစ်နေသည်ကိုလည်း ဆရာကြီးစမစ်က သတိပြုမိလေသည်။

ထို့နောက် မျက်နှာထားတည်တည်နှင့် ပြောလေသည်။

"ကျုပ်ရဲ့ လုံခြုံရေးအစောင့်တွေက သတင်းပို့တယ်။ ခေါင်မိုးပေါ်မှာ လွှတ်ထားတဲ့ သိန်းငှက်ကြီးတွေဟာ ထူးထူးခြားခြား လှုပ်ရှားနေတယ်တဲ့။ လုံခြုံရေးအစောင့်တွေ ယူဆတာက လူတစ်ယောက်ယောက် ခေါင်မိုးပေါ်က တစ်ဆင့် ဒီအထပ်က အခန်းတစ်ခန်းကို တိတ်တဆိတ်ဝင်လာတယ်လို့ ထင်တယ်။ အဲဒီလူဟာ မင်းတို့နှစ်ယောက်အနက် တစ်ယောက်ယောက် ဖြစ်နိုင်တယ်လို့ ကျုပ်ယူဆတယ်"

"ဟုတ်တာပေါ့ လူကြီးမင်းခင်ဗျား"

စီဒဗလျူက သရော်သလိုဟန်မျိုးဖြင့် ပြောလိုက်ရာ

ဆာဘာရီနာကလည်း

"ဟုတ်တယ်ရှင့်၊ ဆရာကြီးထင်တဲ့အတိုင်း မှန်ပါတယ်"

ဟု ပြောလိုက်လေသည်။

ဆရာကြီးစမစ်က အံ့အားသင့်သလို ကြည့်နေစဉ် ဆာဘာရီနာကပင် မှက်လက်စွာ ဆက်၍ပြောပြန်သည်။

"ဒီမယ် ဆရာကြီးရှင့် ရှင်က ကျွန်မတို့ကို အလုပ်လုပ်ဖို့ ငှားရမ်းတယ်ဆိုပေမယ့် ဒီအိမ်ကြီးမှာထားပုံက အကျဉ်းသားတွေလိုထားတော့ ကျွန်မက မခံချင်ဘူး။ ဒါကြောင့် ရှင်တို့အစောင့်တွေ ချထားတဲ့ကြားက ဟောဒီ မစ္စတာစီဒဗလျူရဲ့အခန်းကို ကျွန်မ ခိုးဝင်လာခဲ့တာပဲ"

"ကောင်းပြီ၊ ဘာအကြောင်းကိစ္စနဲ့လာတာလဲ"

စမစ်က ဤသို့မေးသည်တွင် ဆာဘာရီနာက ဆရာကြီးအား အထင်သေးသည့်ဟန်မျိုးဖြင့် တစ်ချက်ကြည့်လိုက်ပြီးမှ အဖြေပေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အခု ဝတ်စားဆင်ယင်ထားပုံကို ကြည့်ပြီးကာမှ ဘာကိစ္စနဲ့ လာတာလဲလို့ မေးနေရသေးသလား ဆရာကြီးရဲ့။ ဒီမယ် ရှင်ဟာ စိတ်ကူး ဉာဏ် အလွန်ခေါင်းပါးတာရင်လည်း ဖြစ်ရမယ်၊ ဒါမှမဟုတ် ရှင်ဟာ သာမန် လူသားတို့ရဲ့ သဘာဝတောင့်တချက်အကြောင်းကို လုံးလုံး နားမလည်တဲ့ လူဖြစ်ရမယ်"

ဆာဘာရီနာက လှောင်ပြုံးပြုံး၍ပြောလိုက်မှ ဆရာကြီးမစ်လည်း သဘောပေါက်သွားပုံရလေသည်။

သို့သော် မျက်နှာထားကတော့ တင်းမာလျက်ပင်ရှိနေသည်။

"နေပါဦး၊ မင်းက ဒီအခန်းကို ကူးလာတာကို ကျုပ်ရဲ့ အစောင့်တွေက မမြင်လိုက်ပါလား"

"တိုက်နံရံအားလုံးကို ဆလိုက်မီးလုံးတွေ ထွန်းထားတယ် မဟုတ်လားရှင့်"

"ဟုတ်တယ်၊ အဲဒါဘာဖြစ်သလဲ"

"ဘာဖြစ်ရမှာလဲရှင့်၊ ဆလိုက်မီးရောင်ကြီးတွေ ထိန်လင်းနေတဲ့ ကြားမှာ ကျွန်မကူးလာတာကို အစောင့်တွေက ဘယ်မြင်နိုင်ပါ့မလဲ"

သည်တော့မှ စမစ်လည်း ပြုံးလိုက်လေသည်။

"သြော် ဒီလိုကိုး၊ ရှင်းပါပြီ။ မင်းရဲ့သတ္တိကိုလည်း ချီးကျူးပါတယ်။ ကိုင်း မင်း ဒီမှာကိစ္စပြီးရင် မင်းရဲ့အခန်းကို ငါတို့ လိုက်ပို့ပါမယ်"

ပြောပြောဆိုဆို စမစ်က ရှေ့ဆောင်ခေါ်သဖြင့် ဆာဘာရီနာလည်း မတတ်သာဘဲ စီဒဗလျူကို နှုတ်ဆက်ကာ လိုက်ပါသွားရလေသည်။

ဆာဘာရီနာအခန်းသို့ ရောက်ခါနီးတွင် စမစ်က

"ဒါထက် ကျုပ်ရဲ့ငှက်ကြီးတွေက မင်းကို ရန်မမူပါဘူးနော်"

ဟုမေးရာ ဆာဘာရီနာက ခေါင်းခါပြလိုက်သည်။

"ဟင့်အင်း ဘာမှမလုပ်ကြပါဘူးရှင့်"

* * *

BURMESE CLASSIC .com



## အခန်း ၇

ဆိုဖီယာသည် နံနက်စောစော အိပ်ရာမှ နိုးလာသဖြင့် ပဲရစ်မြို့၌ တည်းခိုနေသော ဟိုတယ်မှ လှမ်းလျှောက်ထွက်ရင်း မနီးမဝေးရှိ ဥယျာဉ်ဆီသို့ ရောက်သွားလေသည်။

လှပသန့်ရှင်းသော ပန်းဥယျာဉ်ကြီးကို လှည့်ပတ်လျှောက်ကြည့်ရင်း နံနက်ခင်း တည်ခင်းရောင်းချသော ဈေးများသို့ ဆက်သွားကြပြန်လေသည်။ လမ်းတစ်လျှောက်လုံး ကုန်ပဒေသာဆိုင်ကြီးများ၌ ခင်းကျင်းပြသထားသော ကုန်ပစ္စည်းတွေကလည်း စုံလှပေသည်။

ဆိုဖီယာသည် 'ရှယ်လေ့' နန်းတော်ရှိရာသို့ ဘတ်စ်ကားစီးသွားပြီး ထိုမှတစ်ဆင့် မြစ်ကမ်းနံဘေးအတိုင်း ခြေလျင်ပြန်လျှောက်ရင်း ကမ္ဘာကျော် 'အီဖယ်လ်' မျှော်စင်ကြီးကို ဖြတ်ကျော်ကာ 'ဂါရီဘော်လ်ဒီ' ရိပ်သာဘက်သို့ လျှောက်လာလေသည်။

အချိန်မှာ သူမ၏ လက်ပတ်နာရီအရ နံနက် ၈ နာရီ ၁၅ မိနစ်သာ ရှိသေးသည်။

ဆိုဖီယာသည် ပြင်သစ် စစ်တက္ကသိုလ် အဆောက်အအုံ၏ ဘေးနားရှိ လမ်းတစ်လမ်းထဲ ချိုးဝင်သွားပြီး အလုပ်သမားများ၏ စုပေါင်းစားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်လိုက်လေသည်။

အချိန်က စောသေးလင့်ကစား ဆိုင်အတွင်း၌ လာရောက် စားသောက်သူ အလုပ်သမားအတော်များများ ရောက်နေကြပြီ ဖြစ်လေသည်။ များသောအားဖြင့် နံနက်ခင်း ကော်ဖီလာသောက်သူ၊ နံနက်စာလာစားသူတွေ များလေသည်။

ဆိုင်၏ ချောင်ကျကျတစ်နေရာတွင် အလုပ်သမားဝတ်စုံဝတ်ထားသူ နှစ်ယောက်ထိုင်နေကြရာ ဆိုဖီယာသည် ထိုလူနှစ်ယောက်ရှိရာစားပွဲသို့ ချဉ်းကပ်သွားလေသည်။

ထိုင်နေသူ အလုပ်သမားနှစ်ဦးအနက် တစ်ယောက်က ဘရမ်ဒီတစ်ခွက်သောက်နေပြီး ကျန်တစ်ဦးကမူ သတင်းစာတစ်စောင်ကို အာ[illegible] စိတ်ဝင်စားဟန်ဖြင့် ဖတ်နေလေသည်။ သူ၏ ရှေ့တည့်တည့် စားပွဲပေါ်တွင် ဘရန်ဒီဖန်ခွက်တစ်ခွက် ချထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုနီယာသည် သတင်းစာနှင့်ကွယ်နေသော ထိုအလုပ်သမား၏ မျက်နှာကို ကြည့်လိုက်သောအခါ သူမ၏ ဌာနအကြီးအကဲ ဖီလ်ပေါ့ ဖြစ်ကြောင်း သိရလေသည်။

ယူနာကိုခေါ် ဒုစရိုက် နှိမ်နင်းရေးအဖွဲ့ အကြီးအကဲ ဖီလ်ပေါ့သည် ပြင်သစ်ပြည် ပဲရစ်မြို့တော်၌ အလုပ်သမားတစ်ဦးအသွင် ရုပ်ဖျက်ကာ အလုပ်သမားများ စုပေါင်းစားသောက်ဆိုင်သို့ ဝင်လာထိုင်နေခြင်းပင်တည်း။

"ထိုင်ပါဦးကွဲ့"

ဖီလ်ပေါ့က ဆိုနီယာကို မြင်မြင်ချင်း သတင်းစာဖတ်နေရင်းက လှမ်းပြောလိုက်သည်။

ဆိုနီယာလည်း ကုလားထိုင်လွတ် တစ်လုံးတွင် ဝင်ထိုင်ပြီးနောက် ကြိုတင်သတ်မှတ်ထားသည့် စကားဝှက်ကို စပြောလိုက်သည်။

"ကြောင်တွေဟာ လေမချွန်တတ်ဘူး"

ဤတွင် ဖီလ်ပေါ့ကလည်း ယင်းစကားဝှက်၏ အဖြေကို ချက်ချင်း ပြန်ပြောလေသည်။

"ဒါပေမယ့် ဒီအရပ်မှာတော့ သူတို့ဟာ ခိုင်းတဲ့အတိုင်း လုပ်တတ်တယ်"

ထို့နောက် ဖီလ်ပေါ့က သတင်းစာကို စားပွဲပေါ်သို့ ချလိုက်စဉ် ဆိုနီယာက ကော်ဖီနှင့်ပေါင်မုန့်များ မှာယူလိုက်သည်။

အမှန်တော့ သူတို့နှစ်ဦးသည် ရန်သူအုပ်စုဘက်မှ သူလျှိုများ ခြေချင်းလိမ်နေသည်ဟု ယူဆသောပဲရစ်မြို့တော်၌ လုံခြုံရေးကို အထူး သတိထားသည့် အနေဖြင့် လုပ်သားစားသောက်ဆိုင်တွင် ချိန်းတွေ့နေကြခြင်းဖြစ်သည်။

တကယ့်အလုပ်သမားကြီးတစ်ယောက်နှင့်တူသူ ဖီလ်ပေါ့က အလုပ်အကြောင်း စကားစပြောလေသည်။

"ညတုန်းက မင်း အိပ်ပျော်နေတာနဲ့ နှိုးမပြောတော့ဘူး။ နှစ်နာရီထိုးပြီးလောက်အချိန်မှာ ငါ့ဆီ အဆက်အသွယ်ရောက်လာတယ်။ ဆာဘရီနာတို့ အုပ်စုဟာ စ,လှုပ်ရှားနေပြီ။ ရဟတ်ယာဉ်တစ်စင်းနဲ့ ကုန်တင်လော်လီကားကြီး ခြောက်စင်း ရှာတိုအိမ်ကြီးက ထွက်သွားကြပြီလို့ သတင်းရတယ်။ နောက်ပြီး သူတို့ရဲ့ ရှာတိုအိမ်ကြီးခေါင်မိုးပေါ် တပ်ဆင်ထားတဲ့ လက်နက်က လေဆာရောင်ခြည်သေနတ်ဖြစ်တယ်လို့ ယူဆရတယ်။ အခုအဲဒီ သေနတ်ပါ



မရှိတော့ဘူး။ အဓိပ္ပာယ်က လေဆာသေနတ်ကို အသုံးပြုပြီး သူတို့လုပ်မယ့် ...စ်ဆင်ရေးဟာ မကြာခင် စတော့မယ်ဆိုတာ ထင်ရှားနေတယ်"

"ဟုတ်လား၊ ဒါထက် ဆာဘရီနာနဲ့ စီဒဗလျူတို့ဆီက ကျွန်မတို့ဆီကို ဘာမှ အဆက်အသွယ်မရသေးဘူးလားရှင့်"

"မရသေးဘူးကွ၊ ငါတို့ရဲ့ လျှို့ဝှက်အချက်ပြ ရေဒီယိုစခန်းတွေ ...အားလုံးကို ငါစုံစမ်းကြည့်ပြီးပြီ။ သူတို့နှစ်ယောက်ဆီက ဘာမှသတင်းပို့ချက် မရသေးဘူး။ ရှင်းရှင်းပြောရရင် အခုအချိန်မှာ သူတို့နှစ်ယောက် အသက်ရှင် နေသေးရဲ့လားဆိုတာတောင် မသိဘူး"

"တစ်ခုတော့ ရှိတယ်ရှင့်။ တကယ်လို့များ မိုက်ကယ်က ဆာဘရီနာဟာ ဘယ်သူဘယ်ဝါဆိုတာ ဖော်ထုတ်ဝေဖန်လိုက်တယ်ဆိုရင်တော့ ကောင်မလေး အသတ်ခံရမှာ သေချာတယ်"

"ဒါပေမယ့် အဲဒီလိုအဖြစ်မျိုးရောက်အောင် စီဒဗလျူက လက်ပိုက်ကြည့်နေမှာမဟုတ်ဘူး။ ဘာပဲဖြစ်ဖြစ်လေ၊ ငါတို့အနေနဲ့ အဆိုးဆုံးအဖြစ်ကို မျှော်လင့်ထားရမှာပဲ"

ဆိုနီယာသည် အသင့်ရောက်လာသော ကော်ဖီပန်းကန်ကို ယူသောက်ရင်း စကားဆက်ပြောလေသည်။

"ခက်တာက ရန်သူဘက်က ဘယ်ပစ်မှတ်ကို ချိန်ပြီးတိုက်မယ်ဆိုတာ ကျွန်မတို့ လုံးဝမသိရသေးဘူး။ ဒီတိုင်းဆိုရင် ကျွန်မတို့ ရှေ့ဆက်ကလုပ်ရမယ်ဆိုတာ ဘယ်လိုမှ တွက်ကိန်းချလို့ မရတဲ့အခြေအနေဖြစ်နေက အမှန်ပဲ။ ဘယ်လိုလဲရှင့်၊ အခုကိစ္စမှာ ကျွန်မတို့ဘက်က ရှုံးပြီလား။ ...မစ်ဆိုတဲ့ မိုက်ရူးရဲ့ဒုစရိုက်ကောင်ကို ကျွန်မတို့ အညံ့ခံလိုက်ရပြီလား။ ကျွန်မတို့အနေနဲ့ ဆာဘရီနာနဲ့ စီဒဗလျူတို့ကို ကျားကစားရာမှ အနိုင်ရဖို့အတွက် တစ်ကောင်နှစ်ကောင်ကျွေးပြီးမှ အနိုင်ရဖို့ ကြံတာကို အခုတော့ ကျွန်မတို့ရဲ့ ကျားကောင်နှစ်ကောင် အလဟဿ စွန့်လွှတ်လိုက်ရတဲ့သဘောမျိုး ဖြစ်ပေပါလား"

ဆိုနီယာက စိတ်ပျက်ဟန်ဖြင့် ပြောလိုက်ရာ ဖီလ်ပေါ့က ခေါင်းခါပြလေသည်။

"နိုး နိုး ငါတို့က မရှုံးသေးပါဘူးကွ။ လောလောဆယ် ငါတို့ ... နည်းနည်းအဆင်မပြေသလို ရှိတာကလွဲရင် လုံးလုံး အညံ့ခံလိုက်ရတဲ့

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်မျိုး မရောက်သေးပါဘူး။ ကိုင်း လာကွာ၊ ဟိုတယ်ပြန်ကြမယ်။ ပ
ရောက်ရင် သတင်းထူးချင်ထူးမှာကွဲ့"

ဖီလ်ပေါ့က ပြောလိုက်သည်တွင် ဆိုနီယာလည်း ထိုင်ရာမှ ထလို
သည်။

"ဒါထက် နေပါဦးရှင့်၊ ဒီအလုပ်သမား စားသောက်ဆိုင်မှာမှ ရှင်
ဘာကြောင့် အခုလိုချိန်းတွေ့တယ်ဆိုတာကို ကျွန်မဖြင့် နားမလည်ဘူး"

"လာပါကွာ၊ ဟိုတယ်ရောက်တော့ ပြောပြပါ့မယ်"

ပြောပြောဆိုဆို ဖီလ်ပေါ့က ရှေ့ဆောင်လျက် နှစ်ယောက်သာ
စားသောက်ဆိုင်မှ ထွက်ခဲ့ကြလေသည်။

ဖီလ်ပေါ့သည် ဆေးပြင်းလိပ်ခဲရင်း ပတ်ဝန်းကျင်သို့ လှည့်ပတ်ကြ
လိုက်လေသည်။

သူတို့ရောက်ရှိနေသောလမ်းမှ ခပ်လှမ်းလှမ်းတွင် နာမည်ကျေ
အီဖယ်လ် မျှော်စင်ကြီး မားမားမတ်မတ်တည်ရှိနေသည်ကို မြင်ရလေသည်

* * *

တိုတီနှင့် ပေအီတို့သည် စားသောက်ဆိုင်တစ်ဆိုင်တွင် ထိုင်စာ
သောက်နေရာမှထ၍ အပြင်ဘက် ထွက်ခဲ့ကြလေသည်။

သူတို့နှစ်ဦးသည်လည်း စောစောက ဖီလ်ပေါ့နှင့် ဆိုနီယာတို့ လမ်
လျှောက်သွားသည့်အတိုင်းပင် လျှောက်ခဲ့ကြလေရာ အီဖယ်လ် မျှော်စင်ကြီ
ကို လှမ်းမြင်သည်တွင် ပေအီက သဘောကျဟန်ဖြင့် ပြုံးပြီး တိုတီဘက်
လှည့်ကြည့်လိုက်သည်။

ပြုံးလိုက်ပုံကလည်း အဓိပ္ပာယ်ပါပါ ပြုံးခြင်းမျိုးဖြစ်သည်။

ထို့နောက် သူတို့နှစ်ဦးသည် လမ်းမကြီးအတိုင်း လျှောက်၍
မျှော်စင်ကြီး၏ ခြေရင်းဆီသို့ သွားကြလေသည်။

* * *

အီဖယ်လ်တာဝါဟု ခေါ်သော မျှော်စင်ကြီးသည်ကား ပြင်သစ်နိုင်ငံ
ပဲရစ်မြို့၏ ကျက်သရေဆောင် မြို့သူ မြို့သားတို့၏ ဂုဏ်ယူဝင့်ကြွားဖွယ်ရာ
အံ့မခန်းသောတည်ဆောက်မှု ဗိသုကာလက်ရာကြီးတစ်ခုပင် ဖြစ်ပေသည်။

ခရစ်သက္ကရာဇ် ၁၈၈၀ ပြည့်နှစ်ခန့်က စတင်တည်ထောင်ခဲ့သော



ထိုမျှော်စင်ကြီးသည် ခေတ်မီသိပ္ပံနည်းဖြင့် တီထွင်တည်ဆောက်သည့်
အင်ဂျင်နီယာအတတ်ပညာ လက်ရာဖြစ်ခြင်းကြောင့် ရင်သပ်ရှုမောဖွယ်ရာ
ခန်းကြယ်လှပခြင်းမဟုတ်။ ယင်းမျှော်စင်ကြီးကို တည်ဆောက်ခဲ့သူ ပြင်သစ်
အင်ဂျင်နီယာ မစ္စတာအီဖယ်လ်ဆိုသူ၏ ပြင်းထန်သော စိတ်ဓာတ်နှင့် မျှော်
ခေါ်ချက်ကို ပေါ်လွှင်ထင်ဟပ်စေသည့်အတွက် ကမ္ဘာကျော်မျှော်စင်ကြီး ဖြစ်
လာရသည်ဟု ဆိုကြပေသည်။

အင်ဂျင်နီယာ အီဖယ်လ်သည် နာမည်ကျော် အမေရိကန် တီထွင်မှု
သိပ္ပံပညာရှင်ကြီးများဖြစ်သော သောမတ်စ်အယ်ဒီဆင်နှင့် အယ်လက်ဇန္ဒားဘဲလ်
(တယ်လီဖုန်းတီထွင်သူ)တို့အား အထူးလေးစားကြည်ညို အထင်ကြီးသူ ဖြစ်
လေသည်။ အလွန်အားကျခဲ့ရာမှ အီဖယ်လ်သည် လူ့ယဉ်ကျေးမှုသမိုင်းတွင်
အထူးခြားဆုံး အံ့မခန်းဖွယ် အကောင်းဆုံး အဆောက်အအုံဟု ရာဇဝင်တွင်
တည့် မျှော်စင်ကြီးတစ်ခု တီထွင်တည်ဆောက်ရန် ပုံစံဒီဇိုင်းကို အချိန်ကာလ
နှစ်ကျော်ကြာအောင် ကြိုးစားရေးဆွဲခဲ့သည်။

ယင်းဒီဇိုင်း (ပုံစံ)ကို ဆွဲရာ၌ အင်ဂျင်နီယာ အီဖယ်လ်သည် ပုံဆွဲစက္ကူ
စာရွက်ကိုက် ၅၀၀၀ကို သုံးခဲ့ပြီး လက်တွေ့ တည်ဆောက်သောအခါ သံမဏိ
အစိတ်အပိုင်း ၁၂၀၀၀၊ သံချက် နှစ်သန်းငါးသိန်း အသုံးပြုခဲ့လေသည်။
မျှော်စင်ကြီး၏ အလေးချိန်ပမာဏက ပေါင်ချိန် သိန်း ၁၅၀ရှိပြီး မျှော်စင်ကြီး
၏မြေပြင်မှ အမြင့်သည် ပေတစ်ထောင်ခန့်ရှိလေသည်။

အီဖယ်လ်မျှော်စင်ကြီးကို ၁၈၈၉ ခုနှစ် ဇွန်လ ၁၀ ရက်နေ့တွင်
တည်ဆောက်ပြီးစီး၍ အခမ်းအနားဖြင့် ဖွင့်လှစ်ခဲ့ရာ တရားဝင် ဖွင့်လှစ်ပေး
သူကတော့ အင်္ဂလန်ပြည် သတ္တမမြောက် အက်ဒွတ်ဘုရင်ဖြစ်လာမည့် မင်း
သားကြီးဘာတီပင်ဖြစ်လေသည်။

အနုပညာရှင်အချို့က အလွန် အရုပ်ဆိုးအကျည်းတန်ပါသည်ဟု
ဝေဖန်ခြင်းခံရသော ယင်းမျှော်စင်ကြီးသည် ကမ္ဘာအရပ်ရပ်မှ ခရီးသွား ဧည့်
သည်များက အံ့သြငေးမော ချီးကျူးကြရသည့် အပြင် နောက်ပိုင်း၌ ရေဒီယို
တယ်လွှင့်မျှော်စင်အဖြစ်လည်း အသုံးဝင်ခဲ့လေသည်။ ယခုခေတ် တယ်လီဗီးရှင်း
(ရုပ်မြင်သံကြား) ဖြန့်ချိထုတ်လွှင့်ရာ ပင်မဖြန့်ချိရေးမျှော်စင်အဖြစ် အသုံးပြုနေ
ကြောင်းကို မူလတည်ဆောက်သူ အင်ဂျင်နီယာ အီဖယ်လ်သာ အသက်
ထင်ရှား ရှိနေမည်ဆိုပါက အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိမည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ပြင်သစ်ပြည်သို့ ဝင်ရောက်သိမ်းပိုက်ထားခဲ့သူ ဂျာမန်တပ်များက အီဖယ်လ်မျှော်စင်ကြီးကို ဖျက်ချရန်၊ သံ သံစများဖြင့် တင့်ကားများ ထုတ်လုပ်ရန် ကြံစည်စိတ်ကူးခဲ့သေးသည်ဟုလည် သိရသည်။

သို့သော် နောက်ပိုင်းတွင် ရောမမျှော်စင်ကြီးကို ဖျက်ချရန်မှ အလွန်ခဲယဉ်း ပင်ပန်းမည်တစ်ကြောင်း၊ ဘာသာရေး အဆောက်အအုံတစ် သဖွယ် ဖြစ်နေသော မျှော်စင်ကြီးကို ဖျက်ချရန် အချို့ဂျာမန်စစ်သားတို့ ကြောက်ရွံ့တွန့်ဆုတ်၍ တစ်ကြောင်း၊ လက်တွေ့ မဖျက်ချဖြစ်ခဲ့ပေသည်။

ယနေ့ဆိုလျှင် အီဖယ်လ်မျှော်စင်ကြီးသည် ပြင်သစ်ပြည် ပဲရစ်မြို့ အနေဖြင့် ဂုဏ်ယူကြွားဝင့်ဖွယ်ရာ အကောင်းဆုံးသော အဆောက်အအုံတစ် ဖြစ်နေသည့်ပြင် မျှော်စင်ကြီး၏ အပေါ်ဆုံးထိပ်ဖျားသို့ တက်ပြီး ပတ်ဝန်းကျ သို့ ကြည့်လိုက်ပါက အံ့သြ၍မကုန်နိုင်အောင် လှပဆန်းကြယ်သည့် ရှုခင်း မြင်ရမည်ဖြစ်ပေသည်။

မျှော်စင်ထိပ်ဖျားရှိ လူများရပ်ကြည့်ရန် ဖန်တီးထားသော ဝရန်တာ ကြည့်လျှင် နေ့အချိန်၌ နေ၏အရိပ်သည် ဒီမား စစ်ရေးပြကွင်း (အတိ ကာလက စစ်သူကြီး နပိုလီယံကိုယ်တိုင် စစ်တပ်များ စစ်ဆေးကြည့်ရှု နေရာ)နှင့် ပြင်သစ်စစ်တက္ကသိုလ် အဆောက်အအုံများပေါ် ကျရောက်မ သည်ကို မြင်ရမည်ဖြစ်ပေသည်။

အောက်တည့်တည့်သို့ ငုံ့ကြည့်ပါက ပဲရစ်မြို့တော်ကို ဖြတ်သန်းစီးဆ လျက်ရှိသော စိန်းမြစ်ကို လှပစွာမြင်ရမည်ဖြစ်သည်။

ပဲရစ်မြို့၏ ကျက်သရေဆောင် လှပသော ရေပန်းများ ပန်းဥယျာ များ ပြတိုက်နန်းတော်ကြီးများကဲ့သို့ အဆောက်အအုံကြီးများ၊ ပြဇာတ်ရုံကြ များကိုလည်း မြင်နေရပေသည်။

* * *

မျှော်စင်ကြီး၏ အောက်ခြေနားတွင် ခရီးသွား ဧည့်သည်များ (အထူးသဖြင့် ကလေးများအတွက်) မီးပုံပူဖောင်း (ဘောလုံး)များ ရောင် နေသူတစ်ဦး ရှိနေလေသည်။

ပေအီနှင့် တိုတီတို့သည် မီးပုံပူဖောင်းသည် အနီးမှ ဖြတ်လျှော



လျက် မျှော်စင်ကြီးအပေါ် တက်ရသည့်လှေကားရှိရာ တံခါးပေါက်ဆီသို့ ချဉ်းကပ်သွားကြလေသည်။

အမှန်တော့ ပူဖောင်းရောင်းနေသူကား ဆရာကြီးစမစ်၏ အဖွဲ့မှ မိုက်ကယ်ပင်ဖြစ်လေသည်။

သူသည် ငယ်စဉ်ကလည်း ပူဖောင်းများထဲ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ ထည့်ခြင်းကို လုပ်ခဲ့ဖူးသဖြင့် ယခု ပူဖောင်းသည် ဟန်ဆောင်ရာတွင် အလွန် ကျင်လည်ပိရိနေလေသည်။

လမ်းသွားလမ်းလာ ကလေးများကလည်း ပူဖောင်းများကို ဝယ်ယူ လျက် ရှိကြလေသည်။

မိုက်ကယ်ကလည်း ပူဖောင်းများကို ကျင်လည်စွာဟိုက်ဒရိုဂျင် ဓာတ်ငွေ့သွင်းပေးပြီး ကလေးများအား တွင်ကျယ်စွာ ရောင်းချနေလေသည်။

နိုင်ငံခြား ခရီးသွားဧည့်သည်တစ်ဦးနှင့် တူသူ တစ်ယောက်သည် မလှမ်းမကမ်းတွင် အဖိုးတန်ကင်မရာတစ်လုံးဖြင့် မျှော်စင်ကြီးကို ရှုထောင့်စုံမှ ဓာတ်ပုံရိုက်လျှုနေလေသည်။

ထိုခရီးသွားဧည့်သည် (တိုးရစ်)ကား စမစ်ပင်တည်း။ သူသည် ဝတ်စားဆင်ယင်ပုံမှစ၍ တကယ့်ခရီးသွားဧည့် (တိုးရစ်)နှင့်တူအောင် ဝတ်စား ထားသော်လည်း မျက်နှာကိုမူ ရုပ်ဖျက်မထားဘဲ သူ၏ပင်ကို ရုပ် အသွင် အတိုင်းထား၍ လာခဲ့ပေသည်။

ဤကား သူ၏အဖွဲ့သားများအနေဖြင့် ရုပ်ဖျက်ထားပါက မမှတ်မိဘဲ ရှုပ်ထွေးသွားနိုင်သဖြင့် တမင်သက်သက် ပြုလုပ်ထားသည့် အစီအစဉ်တစ်ရပ် ပင်တည်း။

စမစ်သည် သူ၏ ကင်မရာဖြင့် မျှော်စင်ကြီးကို ပုံအမျိုးမျိုး ရိုက်ကူးနေပြီးနောက် အလွန်စိတ်ပါဝင်စားသည့် ခရီးသွား ဧည့်သည်တစ်ဦး၏ ဟန်ဖြင့် မျှော်စင်ကြီးပေါ်သို့ တက်သည့် ဓာတ်လှေကားဆီသို့ လျှောက်သွားလေ သည်။

တစ်ဖန်ဓာတ်လှေကားဖြင့် အခြားလူများနှင့်အတူ ရောနှောကာ လိုက်တက်သွားလေသည်။

ယင်းဓာတ်လှေကားတွင်ပင် ချောင်ကျကျနေရာ၌ ဆာဘ ကလော်ဒီတို့သည် မျှော်စင်ကြီးကို အလွန်စိတ်ဝင်စားနေသော ခရီးသွား

www.burmeseclassic.com

www.burmeseclassic.com



ဧည့်သည်များဟန်ဖြင့် စကားပြောရင်း လိုက်ပါလာသည်။

ခတ်လှေကားသည် ပထမအထပ်ဟုဆိုရမည့်အဆင့်တွင် ရပ်သွား၍ စမစ်က ဆင်းနေရစ်လေသည်။

ယင်းနေရာတွင် ကင်မရာတစ်လုံးဖြင့် တိုးရစ်ခရီးသည်အသွင် ခတ်ပုံတဖျပ်ဖျပ် ရိုက်နေသူကတော့ စမစ်၏အချစ်တော် အမျိုးသမီးလီယာ ပင် ဖြစ်လေသည်။

သို့သော် သူမသည် စမစ်ကိုမြင်သော်လည်း လုံးဝမသိသူ လူစိမ်း တစ်ယောက်ကဲ့သို့ လျစ်လျူရှုကာ အခြားဘက်သို့လှည့်ပတ် ကြည့်နေလိုက် သည်။

ပေအီနှင့်အခြားလူတစ်ယောက် (စမစ်တို့၏ဂိုဏ်းမှ ကွန်မန်ဒို အဖွဲ့သား)တို့က ကြေးရတတ် ကုန်သည်ကြီးများဟန်ဖြင့် အဖိုးတန်ဝတ်စုံများ ဝတ်ကာ မျှော်စင်တစ်နေရာသို့ ရောက်နေကြလေသည်။ သူတို့အချင်းချင်း စီးပွားရေးလုပ်ငန်းအကြောင်းတွေကို ဆွေးနွေးပြောဆိုနေကြလေသည်။

ခတ်လှေကားသည် မြေပြင်သို့ပြန်အဆင်းတွင် ပထမအထပ် ရှုမျှော် ခင်းကြည့်ရန်နေရာသို့ ပြန်ရောက်ပြီး ခေတ္တရပ်လိုက်စဉ် ဗလ ကောင်းကောင်း ကာယအလုပ်သမားကြီးတစ်ဦးသည် ဆင်းနေလိုက်သည်။ အလုပ်သမားဝတ်စုံ ဝတ်ထားသော ထိုလူ၏လက်များတွင်လည်း စက်ကိရိယာ ပြင်ဆင်သူများကဲ့သို့ ဆီချေးများ ပေကျံလျက်ရှိသည်။ သူသည် ခေတ္တ အလုပ်နားပြီး ကော်ဖီသောက် ရန် ဆင်းလာခြင်းဖြစ်သည်။ ထိုလူကား ဆရာကြီးစမစ်၏အဖွဲ့သား တိုတီဆိုသူပင်ဖြစ်၍ အလုပ် သမားကြီးအသွင် ရုပ်ဖျက်လာခြင်းသာ ဖြစ်သည်။

တိုတီသည် ဆရာကြီး၏ လူယုံတော် အမျိုးသမီး လီယာရှိရာသို့ လျှောက်သွားပြီး ရှုမျှော်ခင်းကြည့်သလိုလို ဘေးပတ်ဝန်းကို လှည့်ပတ်ကြည့် ရင်း...

"အိုကေ... ကျုပ်တို့အားလုံး ရယ်ဒီပဲ"

ဟု ခပ်တိုးတိုး အစီရင်ခံလိုက်လေသည်။

BURMESE CLASSIC .com

* * *

'လာရှုဆီ စားသောက်ဆိုင်' ဟု စာလုံး ဆိုင်းဘုတ်ကြီးများ ထင်ရှား စွာ ရေးထားသည့် ကုန်တင်ကားကြီး သုံးစင်းသည် မျှော်စင်ကြီး၏ ခြေရင်းသို့



ဆိုက်ရောက်လာပြီးနောက် ကုန်ပစ္စည်းများတင်ချသည့် ခတ်လှေကားဝဆီသို့ ဖြည်းဖြည်း ချဉ်းကပ်သွားလေသည်။

အဖြူရောင် ခေါင်းဆောင်းကုတ်အင်္ကျီရှည်အဖြူ ဝတ်ဆင်ထားသော စားဖိုဆောင်မှူးနှင့်တူသူ လူတစ်ယောက်သည် ရှေ့ဆုံးကားပေါ်မှ ဆင်းရင်း မီးပျံ့ပွဖောင်း ကစားစရာ ရောင်းနေသူ (မိုက်ကယ်)အား အမှတ်တမဲ့ မျက်စိ တစ်ဖက် မှိတ်ပြလိုက်သည်။

မိုက်ကယ်က ခပ်တည်တည်ဖြင့် မမြင်ချင်ဟန်ဆောင်နေပြီး

"အတော်မိုက်တဲ့ကောင်ပဲ"

ဟု ခပ်တိုးတိုး ရေရွတ်လိုက်သည်။

အကြောင်းမူကား ရှေ့ဆုံးကားပေါ်မှ စားဖိုဆောင်မှူးအသွင် ဝတ်စား ဟန်ဆောင်ထားသူကား မိမိနှင့်အတူ စမစ်၏စစ်ဆင်ရေးတွင် ပါဝင်ရမည့် အမေရိကန် စီဒဗလျူပင် ဖြစ်နေသောကြောင့်တည်း။

မျှော်စင်အောက်ခြေတစ်နေရာရှိ ယူနီဖောင်းဝတ် မျှော်စင် အစောင့် တစ်ဦး ထွက်လာပြီး စားဖိုဆောင်မှူးအတု စီဒဗလျူအား အကျိုးအကြောင်း မေးမြန်းနေစဉ် အလုပ်သမား လူငယ်တစ်စုက ကားကြီးများပေါ်မှ စားသောက် ကုန်သေတ္တာကြီးများ ဘီယာပုလင်းများ မီးဖိုငယ်များစသော စားသောက်ဆိုင် သုံး ပစ္စည်းကိရိယာများကို သယ်ချနေကြလေသည်။

မျှော်စင် အစောင့်သည် ထင်းရှူးသေတ္တာကြီးများကို သင်္ကာမကင်း ဖြစ်ဟန်ဖြင့် လှမ်းကြည့်လေသည်။

"သေတ္တာတွေကို ဖွင့်ပြပါ။ စစ်ဆေးကြည့်ရမယ်"

မျှော်စင်အစောင့်က ပြောလိုက်သောအခါ စားဖိုဆောင်မှူးအယောင် ဆောင် စီဒဗလျူက ဒေါသဖြစ်ဟန်ဖြင့် ပြန်ကြည့်လေသည်။

"ဘာပြောတယ် ခင်ဗျ။ သေတ္တာတွေ ဖွင့်ပြရမယ်လား။ အတွင်းက ကျုပ်တို့ရဲ့စားစရာတွေ ပစ်ရအောင်လို့လား။ ဖွင့်လိုက်တာနဲ့ အပြင်က အမှိုက် သရိုက် ဖုန်တွေဝင်လာပြီး စားစရာတွေ ပျက်စီးသွားမယ်ဆိုတာ စဉ်းစားမိရဲ့ လား။ ခင်ဗျားက ဒါလောက်မှ နားမလည်ဘူးလား"

စီဒဗလျူ ဤသို့ မာန်ပါပါပြောသော်လည်း ယူနီဖောင်းဝတ်အစောင့် သည် အနီးဆုံးသေတ္တာကြီးတစ်လုံးကို ဇွတ်အတင်း ဖွင့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



စီဒဗလျူသည် ရင်ထဲမှ ဒိတ်ခနဲဖြစ်သွားပြီး သေတ္တာထဲ၌ မသက် စရာ မတွေ့ပါစေနှင့်ဟု စိတ်ထဲ ကြိတ်ဆုတောင်းလိုက်မိသည်။

ကံအားလျော်စွာ ဖွင့်လိုက်သော ထင်းရှူးသေတ္တာအပေါ်ဆုံးတွ အဆင်သင့် ဖုတ်ရန်ပြင်ထားသော ပေါင်မုန့်လုံးများ စီတန်းနေသည်ကို မြင် လေသည်။

သည်တော့မှ စီဒဗလျူက လေသံတင်းတင်းဖြင့် ပြောလိုက်လေ သည်။

'ကိုင်း... ဆရာကြီး မြင်ရဲ့မဟုတ်လား။ အဲဒါက မျှော်စင်ပေါ် ရောက်မှ ကျုပ်တို့ ပူပူနွေးနွေး ဖုတ်ရောင်းမယ့် ပေါင်မုန့်တွေပဲ။ ကိုင်း... မြန်မြန်သာ ပြန်ပိတ်လိုက်ပါ။ ကျုပ်တို့ ပေါင်မုန့်တွေ ပျက်စီးကုန်ပါ့မယ်'

ပြောရင်းနှင့် စီဒဗလျူ၏တပည့် အလုပ်သမားများအား ဆက်လုပ်ရ အမိန့်ပေးလိုက်သည်။

မိုးပျံပူဖောင်းတွေ ရောင်းနေသူ မိုက်ကယ်သည် ခပ်လှမ်းလှမ်း ကြည့်ရင်း စီဒဗလျူတို့အုပ်စု အကြံပိုင်ပုံကို ကြိတ်၍ချီးကျူးမိလေသည်။

သို့သော် စီဒဗလျူက မိမိဘက်သို့ လှမ်းအကြည့်တွင် မိုက်ကယ်သည် မျက်နှာလွှဲနေလိုက်သည်။ မိမိတို့အချင်းချင်း မျက်လုံးဖြင့် အချက်ပြသည်ကို ဘေးလူများမြင်လျှင် မသင်္ကာဖြစ်မည်စိုး၍ မျက်နှာလွှဲနေလိုက်ခြင်းပင် ဖြစ်သည်။

ထိုအခိုက် မိုးပျံဘောလုံးတစ်လုံးသည် ကြိုးစလွတ်၍ ကောင်းကင်သို့ ပျံတက်သွားရာ မိုက်ကယ်သည် စိတ်တိုဟန်ဖြင့် အတင်း ခုန်ဖမ်းယူမည့်ဟန် လုပ်လိုက်သည်။ ဘေးအမြင်တွင် ပူဖောင်းရောင်းသူအနေဖြင့် ဘောလုံးတစ်လုံ ဆုံးရှုံးခြင်းကိုပင် နှမြောတွန့်တိုသူ ဈေးသည်တစ်ဦးဟု ထင်မှတ်စေ၍ ဟန်လုပ် ပြလိုက်ခြင်းပင် ဖြစ်သည်။

မိုက်ကယ်က သူသည်လည်း စီဒဗလျူကဲ့သို့ပင် သရုပ်ဆောင်မှု 'အိုက်တင်'ကောင်းသူတစ်ဦးဖြစ်ကြောင်း လက်တွေ့ပြလိုက်ခြင်းလည်း ဖြစ်သည်။

မျှော်စင်အစောင့်လူကြီးသည် စီဒဗလျူတို့၏ စားသောက်ဆိုင် ပစ္စည်း သေတ္တာကြည့်ပြီး စိတ်ပျက်နေမိလေသည်။



သူ့အနေဖြင့် လုံခြုံရေးတာဝန်အရ ထင်းရှူးသေတ္တာကြီးတွေအားလုံး တစ်ခုမကျန် ဖွင့်ကြည့်၍ စားသောက်ဖွယ်ရာများကို အသေးစိတ် မွှေနှောက် ရှာဖွေရန်က မဖြစ်နိုင်ချေ။

နောက်ဆုံးတွင် စိတ်တိုတိုနှင့်-

''ကောင်းပြီ၊ မောင်ရင်တို့သွားနိုင်ပြီ''

ဟု ပြောလိုက်လေသည်။

ဤတွင် စားဖိုဆောင်မှူး စီဒဗလျူက သူ၏တပည့်လုပ်သားများအား သေတ္တာကြီးများကို ဓာတ်လှေကားဖြင့် မျှော်စင်ပေါ်သယ်ဆောင်ရန် စီစဉ်လေ တော့သည်။

မျှော်စင်ပေါ် တစ်နေရာတွင် စမစ်သည် ကင်မရာကိုဖယ်ထား၍ မှန်ပြောင်းတစ်ခုဖြင့် ပတ်ဝန်းကျင်ရှုခင်းကို ကြည့်နေလေသည်။

သူ၏ မှန်ပြောင်းမြင်ကွင်းတွင် မိုက်ကယ်၏ မိုးပျံပူဖောင်းတစ်လုံး ကောင်းကင်သို့ ပျံတက်သွားပုံကိုမြင်ရလျှင် စမစ်သည် မသိမသာ ပြုံးလိုက် သည်။

ထို့နောက် သူ၏မှန်ပြောင်းသည် မြစ်ကမ်းဘက်ဆီသို့ လှည့်သွားပြန် သည်။ မြစ်ကမ်းနံဘေးတွင် ဆိုက်ကပ်ထားသော မော်တော်ဘုတ်များဆီသို့ လျှောက်ကြည့်ရင်း သူရှာဖွေသော မော်တော်ဘုတ်တစ်စင်းကို မြင်ရသောအခါ ကျေနပ်သွားပြန်သည်။

ဓာတ်လှေကားသည် မျှော်စင်ကြီး အလယ်နားရှိ လူများ နားနေရန် ဖန်တီးထားသော နေရာသို့ရောက်၍ ရပ်လိုက်ချိန်တွင် စီဒဗလူသည် သူ၏ စားသောက်ကုန်ပစ္စည်းများ၊ အလုပ်သမားပစ္စည်းများနှင့်အတူ ဆင်းလိုက်လေ သည်။

ထိုနေရာတွင် ယာယီစားသောက်ဆိုင်ဖွင့်ရန် အခန်းတစ်ခန်းပြုလုပ် ထားရာ စီဒဗလျူ၏ အလုပ်သမားများမှာ စင်စစ်အားဖြင့် စမစ်၏အဖွဲ့သား ကွန်မန်ဒိုတပ်သားများ ဖြစ်လေသည်။

စီဒဗလျူသည် စားသောက်ဆိုင်ဖွင့်ရမည့် အခန်း ပတ်ဝန်းကျင်သို့ လှည့်ပတ်ကြည့်ရာ တစ်နေရာတွင် ပြင်သစ် ရုပ်မြင်သံကြား (တယ်လီဗီးရှင်း) အဖွဲ့တစ်ဖွဲ့ ကင်မရာပစ္စည်းများနှင့် ရောက်နေကြသည်ကို သတိပြုမိလေသည်။

ရုပ်မြင်သံကြား ဓာတ်ပုံရိုက်အဖွဲ့သည် အရေးကြီးသော သတင်း

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံများ ရိုက်ကူးရန် အသင့်လာစောင့်နေကြခြင်းဖြစ်ရမည်ဟု စီဒဗလျူက ခန့်မှန်းမိလေသည်။

ထိုအချိန်၌ မျှော်စင်သို့ လာကြည့်သူ ပရိသတ်အတော်များလာပြီ ဖြစ်သည်။

ဆရာကြီးစမစ်သည် မျှော်စင်တစ်နေရာတွင် သူ၏အချစ်တော် လီယာ၏အနီး၌ ရပ်နေရင်း မျှော်စင်အောက်ခြေဆီသို့ မှန်ပြောင်းဖြင့် ကြည့်နေလေသည်။

သူ၏ လူယုံတော် ကလော်ဒီသည် အပေါ်သို့ရောက်ပြီးမှ ပြန်ဆင်းသွားပြီး ယခုတစ်ဖန် မျှော်စင်ပေါ်သို့ ပြန်တက်ရန် ပြင်ဆင်နေသည်ကို စမစ်က မြင်ရလေသည်။

ထို့ပြင် သူ၏ လက်ရွေးစင်တပ်ဖွဲ့မှ ကွန်မန်ဒိုတပ်သား အမြောက်အမြားကိုလည်း သတိပြုမိသည်။ သူ၏ ကွန်မန်ဒိုတပ်သားများသည် ကမ္ဘာလှည့်ခရီးသည် (တိုးရစ်)များ အဖြစ်လည်းကောင်း၊ ရိုးရိုး အလုပ်သမားများ အဖြစ်လည်းကောင်း၊ မိန်းကလေး ကွန်မန်ဒိုများက ရုပ်ရှင်ပြဇာတ် မင်းသမီးများ အသွင် ဝတ်စားဆင်ယင်၍ လည်းကောင်း ရုပ်ဖျက်ထားကြလေသည်။

အချို့ကဆိုလျှင် မျှော်စင်ကြီးတွင် အလုပ်လုပ်သော ဝန်ထမ်းများ အသွင် ဟန်ဆောင်ဝတ်စားထားကြသည်။

"တို့လူတွေ အားလုံးရောက်ရင် ငါ့ပြောစမ်းပါ"

စမစ်က အနီးရှိ လီယာအား ခပ်တိုးတိုးပြောလိုက်ရာ လီယာကလည်း မသိမသာ ခေါင်းညိတ်ရင်း ပရိသတ်ဘက်ဆီသို့ ငေးကြည့်နေလိုက်သည်။

သုံးမိနစ်ခန့်ကြာသောအခါ လီယာသည် စမစ်၏လက်မောင်း တစ်ဖက်ကို အသာတို့၍-

"ကျွန်မတို့အဖွဲ့သားတွေအားလုံး စုံပါပြီ"

ဟု ခပ်တိုးတိုး အစီရင်ခံလိုက်လေသည်။

ထိုအခိုက်မှာပင် ရဲပိုင်ယာလက်ကားတစ်စင်းမှ စူးရှသော ဥဩဆွဲသံသည် ထွက်ပေါ်လာရာ စမစ်လည်း ချာခနဲလှည့်၍ မျှော်စင်အောက်ဘက်ဆီသို့ မှန်ပြောင်းဖြင့် ကြည့်လိုက်လေသည်။

မှန်ပြောင်းထဲတွင် ထင်ရှားစွာမြင်ရသည်ကား ခန့်ညားသော မော်တော် ကားကြီးတစ်စင်းပင် ဖြစ်သည်။



ပြင်သစ်အစိုးရက နိုင်ငံခြားမှ အထူးဧည့်သည်တော်များ၊ နိုင်ငံတော် ခေါင်းကြီးအကဲများ လာသည့်အခါ စီစဉ်ပေးလေ့ရှိသည့် အနက်ရောင် မှန်လုံကား ကြီးမျိုးဖြစ်ရာ၊ ဧကန္တ အစိုးရဧည့်သည်တော် တစ်ဦးဦး မျှော်စင်ကြီးသို့ လာကြည့်ခြင်းဖြစ်ကြောင်း ထင်ရှားလေသည်။

ထိုကားကြီး၏ရှေ့မှ ရဲမော်တော်ဆိုင်ကယ်နှစ်စီး၊ ဘေးနှစ်ဖက်တွင် လက်နက်ကိုင်ရဲများ၏ မော်တော်ဆိုင်ကယ်နှစ်စီးအပြင် ကားကြီး၏နောက်မှ ရဲဆိုင်ကယ်နှစ်စီးတို့ ခြံရံလာခြင်းကြောင့်လည်း မော်တော်ကားနက်ကြီးနှင့် လာသူသည် အရေးပါသော အထူးဧည့်သည်ဖြစ်ကြောင်း သိသာလှပေသည်။

မော်တော်ကားကြီး မျှော်စင် အောက်ခြေဆီသို့ရောက်၍ ထိုးဆိုက် လိုက်သည်နှင့် ရဲပိုင်ယာလက်ကားမှ ဥဩသံလည်း ချက်ချင်းရပ်သွား လေသည်။

ဧည့်သည်တော်၏ ကားနက်ကြီး ရှေ့ပိုင်းမှ အရပ်ဝတ်အရပ်စား နှင့် လူတစ်ယောက် လျင်မြန်သွက်လက်စွာ ဆင်းလိုက်ရာ သူ၏ ကုတ်အင်္ကျီ အတွင်း၌ ခြောက်လုံးပြူးသေနတ် ဆောင်လာကြောင်း အင်္ကျီတစ်ဖက် ဖောင်း နေပုံအရ ထင်ရှားနေသည်။ ဧကန္တ လုံခြုံရေး အစောင့်ဖြစ်ရမည်ဟု စမစ်က စိတ်ထဲမှ မှတ်ချက်ချလိုက်မိလေသည်။

ထိုလူသည် ပတ်ဝန်းကျင်သို့ သေချာစွာ လှည့်ပတ်ကြည့်ပြီးနောက် မျှော်စင်ပေါ်သို့လည်း မော့ကြည့်လိုက်သည်။ ပတ်ဝန်းကျင်တွင် ဘေးအန္တရာယ် တစ်စုံတစ်ရာ ရှိမရှိ လှည့်ပတ် အကဲခတ်လိုက်ခြင်းပင် ဖြစ်သည်။ ဘေးပတ် ပတ်လည်တွင်ရှိ ဝိုင်းကြည့်နေသော ပရိသတ်ဘက်ဆီသို့လည်း လှမ်းကြည့်လိုက် သေးသည်။

တစ်ချိန်တည်းမှာပင် မော်တော်ကား၏ အခြားတစ်ဖက်မှ နောက်ထပ် လုံခြုံရေး အစောင့်တစ်ဦး ဆင်းလာပြီး ပထမလူကဲ့သို့ပင် ဘေးပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ပြန်သည်။

ဘေးအန္တရာယ် တစ်စုံတစ်ရာမရှိကြောင်း သေချာသလောက်ရှိတော့မှ လုံခြုံရေး အစောင့်နှစ်ဦးသည် တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်ကြပြီး ပထမလူက ကျေနပ်ဟန်ဖြင့် ခေါင်းညိတ်ပြလေသည်။

သည်တော့မှ ဒုတိယ စုံထောက်က မော်တော်ကား၏ နောက်ပိုင်း တံခါးကိုဖွင့်ပေးလိုက်ပြီး ကားပေါ်မှ အသက် ၆၀-၇၀ နီးပါးရှိ ရုပ်ရည်သန့်သန့်

www.burmeseclassic.com

www.burmeseclassic.com



ပြန့်ပြန့် အမျိုးသမီးကြီးတစ်ဦးအား ကားပေါ်မှ ဆင်းစေလေသည်။

တစ်ချိန်တည်းမှာပင် မျှော်စင်၏ အောက်ခြေတံခါးဝမှ ဧည့်ခံကြိုဆို ရေးအဖွဲ့နှင့်တူသော လူလေးယောက်ထွက်လာပြီး အမျိုးသမီးကြီးအား လေးစား စွာဖြင့် ခရီးဦးကြို ပြုကြလေသည်။ ယင်းအဖွဲ့၏ ခေါင်းဆောင်နှင့်တူသ လူခပ်ပုပုပိန်ပိန်သည် ရှေ့သို့ တိုးလာပြီး ဥရောပတိုက်သားတို့ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာအရ အမျိုးသမီးအား ဦးညွှတ်အရိုအသေပြုပြီးမှ နှုတ်ဆက် စကား ပြောလေသည်။

"မစ္စက်ဗိုလာ ခင်ဗျား... အီဖယ်လ် မျှော်စင်ကြီးက လှိုက်လှဲစွ ခရီးဦးကြိုပြုအပ်ပါတယ်။ အခုလို မျှော်စင်ကို လာရောက်ကြည့်ရှုတာဟ ကျွန်တော်တို့ ပြင်သစ်နိုင်ငံအတွက်သာမက အီဖယ်လ်မျှော်စင်ကြီးအတွက် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့အတွက်လည်း များစွာဂုဏ်ယူဖွယ် ကောင်းလှပါတယ်"

မစ္စက်ဗိုလာအမည်ရှိ အမျိုးသမီးကြီးလည်း ပြုံး၍ ရည်မွန်စွာ ပြန်ပြေ လေသည်။

"မစ္စတာဗာနီယာရှင့်၊ ကျွန်မကလည်း ကျေးဇူးတင်စကားပြောရ ပါမယ်။ ဒီကမ္ဘာကျော် မျှော်စင်ကြီးကို ကျွန်မကိုယ်တိုင်က လာကြည့်ချင်ခ ပါတယ်။ အခု ရှင်ကဖိတ်ကြားလို့ လာကြည့်ခွင့်ရတဲ့အတွက်ပဲ အထူး ကျေးဇူးတင်ပါတယ်"

မစ္စတာ ဗာနီယာအမည်ရှိ လူပိန်ပိန်ပုပုသည် အလျှော့မပေးဘဲ မစ္စက်ဗိုလာလို အမျိုးသမီးကြီးတစ်ဦး လာရောက်ခြင်းကို အထူးဂုဏ်ယ ပါကြောင်း ထပ်တလဲလဲပြောပြီးမှ သူနှင့်အတူပါသော ကျန်ဧည့်ခံကြိုဆိုရေ အဖွဲ့ဝင် လူကြီးများနှင့်အဘွားကြီးအား တစ်ဦးချင်းမိတ်ဆက်ပေးလေသည်။

မစ္စက်ဗိုလာကလည်း တစ်ဦးချင်း လက်ဆွဲနှုတ်ဆက်၍ ရည်မွန်စွ နှုတ်ခွန်းဆက် စကားပြောရင်း ကုလသမဂ္ဂကလေးများအဖွဲ့ (ယူနီဆက်) အတွက် မိမိကပြင်သစ်ပြည်၊ ပဲရစ်မြို့တော်သို့ လာရောက်ရခြင်းကို ဝမ်းမြောက် ဂုဏ်ယူကြောင်း ပြောလေသည်။

ပြင်သစ်အစိုးရ လုံခြုံရေးအစောင့်များ၊ အရပ်အဝတ်အစားနှ စုံထောက်များက အထူးဧည့်သည်တော် မစ္စတာဗိုလာနှင့် ဧည့်ခံရေးအဖွဲ့ဝ လူကြီးများ ပတ်ပတ်လည်မှ မသိမသာဝိုင်းရံစောင့်ကြပ်နေကြလေသည်။ သူတို



ားလုံး ယူနီဖောင်းမဝတ်ဘဲ အရပ်ဝတ်အစားနှင့်ဖြစ်၍ သာမန်ပရိသတ်က က်နက်ကိုင် စုံထောက်များဖြစ်ကြောင်း မသိနိုင်ပေ။

သို့သော် သူတို့သည် ပြင်သစ်အစိုးရ၏ တာဝန်ပေးချက်အရ ဘွားကြီး မစ္စက်ဗိုလာ၏ လုံခြုံရေးအတွက် မျက်ခြည်မပြတ် စောင့်ကြည့်နေ သူများ ဖြစ်ပေသည်။

သူတို့အနေဖြင့် အထူးဧည့်သည်တော်များအနီးတွင် လူများများမရှိ လေ။ လုံခြုံရေးအတွက် အန္တရာယ်နည်းလေဟု ယူဆသည့်အတိုင်း လူသူ ရိသတ်များ မစ္စက်ဗိုလာနားသို့ မကပ်နိုင်အောင် ဘေးပတ်ပတ်လည်မှ ိုင်း၍တားဆီးထား ကြလေသည်။

ထိုနေ့က အထူး အစီအစဉ်တစ်ခုကား မျှော်စင်အပေါ်ထပ် ခန်းမ တောင်ကြီးအတွင်း၌ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအတွက် ဧည့်သည်တော် စ္စက်ဗိုလာကိုယ်တိုင် ရှေ့ဆောင်ကာ ထမင်းစားပွဲကြီးတစ်ခု တည်ခင်းရန်ပင် ဖြစ်သည်။ ယင်းထမင်းစားပွဲသို့ ကြေးကြီးကြီးပေး၍ လက်မှတ်ဝယ်ယူသူများ သာ တက်ရောက်ရမည်ဖြစ်ပြီး လက်မှတ်ရောင်းရငွေများကို အဖွဲ့ရန်ပုံငွေ သို့ ထည့်ဝင်ရန် စီစဉ်ထားလေသည်။

မစ္စက်ဗိုလာ၏ မော်တော်ကား မျှော်စင်အောက်ခြေသို့ ဆိုက်မိချိန် တွင် မျှော်စင်အပေါ်ထပ်ခန်းမနှင့် ကပ်လျက်အခန်းငယ်၌ အဲလ်ဘတ်အမည်ရှိ စားဖိုမှူးတစ်ဦးသည် အသင့်ရောက်ရှိနေပြီဖြစ်သည်။ သူ၏တာဝန်မှာ က်ဆိုင်ရာ အစိုးရဌာနမှ ကြိုတင်အော်ဒါပေး မှာယူထားသော နာမည်ကြီး 'လာရုဆီ' စားသောက်ဆိုင်မှ စားသောက်ဖွယ်ရာများကို ကြီးကြပ်ကွပ်ကဲ၍ တည်ခင်းရန်ပင်ဖြစ်သည်။

စားဖိုမှူးတို့မည်သည် မိမိတို့လုပ်ငန်းကျွမ်းကျင်မှုကို အလွန်ဂုဏ်ယူ တတ်ပြီး အခြားစားဖိုမှူးများနှင့် တစ်ပွဲတည်းအတူ အလုပ်လုပ်ရခြင်းကို နှစ်မြို့ကြကြချေ။

ထို့ကြောင့် အဲလ်ဘတ်သည်လည်း ယခု လာရုဆီ စားသောက်ဆိုင် မှတ်တံဆိပ်ပါ ယူနီဖောင်းဝတ်စုံများနှင့် စီဒဗလျူတို့အဖွဲ့ ရုတ်တရက် ရောက်လာသောအခါ စိတ်ထဲ မကျေမနပ် ဖြစ်မိလေသည်။

စီဒဗလျူသည် အလွန်မင်သေစွာဖြင့် ဖျတ်လတ်သွက်လက်သော ပ်ရှားကာ သူ၏တပည့် အလုပ်သမားဟန်ဆောင်လာသူ ကွန်မန်ဒိုများအား

www.burmeseclassic.com

www.burmeseclassic.com



ညွှန်ကြားချက်အမိန့်များ ပေးနေလေသည်။

စားဖိုမှူး အဲလ်ဘတ်သည် ထင်းရှူးသေတ္တာကြီးများကို ကြည့်ရင်း

"အင်း… စားစရာတွေက ကြိုတင်ချက်ပြုတ်ထားပြီးသားတွေ တူပါတယ်"

ဟု ကဲ့ရဲ့ရှုတ်ချသလို ဝေဖန်လိုက်သည်။

သူ့ကိုယ်သူပြောသလို ခပ်တိုးတိုး ရေရွတ်လိုက်ခြင်း ဖြစ်သော်လည် နာမည်ကြီး စားသောက်ဆိုင်မှ စားဖိုမှူးအသွင် ဝတ်စားထားသူ စီဒဗလျူသ သူတို့၏ဆိုင်ကို ပုတ်ခတ်ပြောဆို၍ မကျေနပ်ဖြစ်ဟန်မျိုးဖြင့် အဲလ်ဘတ်အ ခပ်တည်တည် ရင်ဆိုင်လိုက်သည်။

"ဘာပြောတယ်ဗျ။ ကျုပ်တို့ဆိုင်က ခင်ဗျားထင်သလို ကြိုတင်ချ ပြီးသား 'ရယ်ဒီမိတ်' စားစရာတွေရောင်းတာ မဟုတ်ဘူးဗျ။ နားလည်လာ ဟောဟိုမယ်ကြည့်စမ်း။ အားလုံး ပူပူနွေးနွေး အရသာ အကောင်းဆုံးဖြစ်အော စီမံထားတာတွေချည်းပဲ"

ပြောရင်းနှင့် အငွေ့တထောင်းထောင်း ထွက်နေသော သေတ္တ တစ်လုံးကို ညွှန်ပြလိုက်သည်။

အဲလ်ဘတ်က ထိုသေတ္တာအဖုံးကို ဖွင့်ကြည့်မည်လုပ်ရာ စီဒဗလျူ သူ၏လက်ကို လျင်မြန်စွာ ဖမ်းလိုက်သည်။

'ဘာလုပ်တာလဲဗျ။ ဧည့်သည်တော်တွေအတွက် စားစရာတွေ ဖွင့်မကိုင်ပါနဲ့'

ကလေးတစ်ယောက်အား လူကြီးက ဟန့်တားသလို ခပ်တည်တ ဖြင့် ဟန့်လိုက်လေသည်။

* * *

အထူးမွမ်းမံ ပြင်ဆင်ထားသော ခန်းမကြီးတွင်ကား ဧည့်သည်တေ အမျိုးသမီးကြီး မစ္စက်ဗိုလာအား ခရီးဦးကြိုပြုရန် မြို့မျက်နှာဖုံးလူကြီးအချ အသင့်စောင့်နေကြပြီဖြစ်သည်။

ဆရာကြီးစမစ်သည် သူ၏လူယုံတော် ကလော်ဒီအား လှမ်းခေါ် တစ်စုံတစ်ရာ ခပ်တိုးတိုးပြောလိုက်သည်။

ကလော်ဒီက ခေါင်းညိတ်ပြီးပြန်ထွက်သွားကာ ခန်းမကြီး



နောက်ဘက်ရှိ ပစ္စည်းဝန်စည်များ သယ်ဆောင်သည့် ဓာတ်လှေကားကို အောက်သို့ ပြန်ချလိုက်လေသည်။

ထိုအချိန်၌ ရေခဲမုန့်ရောင်းသူ ဟန်ဆောင်ထားသော စမစ်၏အဖွဲ့သား တစ်ဦးသည် ရေခဲသေတ္တာအောက်သို့နှိုက်ပြီး မောင်းပြန်ပစ္စတိုသေနတ်နှစ်လက် ဆွဲထုတ်ယူလိုက်သည်။

သေနတ်တစ်လက်ကို မိုးပျံဘောလုံးရောင်းသူ မိုက်ကယ်အား လှမ်း လိုက်သည်တွင် မိုက်ကယ်က သေနတ်ကိုင်ရင်း မျှော်စင်အစောင့်များ၏ ရုံးခန်း အတွင်းသို့ ပြေးဝင်လိုက်သည်။

အခန်းတွင်းရှိ လုံခြုံရေးအစောင့်သည် မိုက်ကယ်၏လက်မှ ပစ္စတို သေနတ်ကို မြင်မြင်းချင်း သူ၏ခါးကြားမှ ခြောက်လုံးပြူးသေနတ်ကို ဆွဲထုတ် ရန် ကြိုးစားလေသည်။

သို့သော် သူ၏လက်က မမြန်သောကြောင့် မိုက်ကယ်က လက်ဦး သွားလေသည်။

သူ့ယူနီဖောင်းအင်္ကျီ၏ရင်ဘတ်နေရာကို မိုက်ကယ်က လျင်မြန်စွာ ဖမ်းဆွဲရင်း လက်တစ်ဖက်ရှိ ပစ္စတိုသေနတ်ဖြင့် ထိုလူ၏မျက်နှာကို တအား ဖြတ်ရိုက်လိုက်လေသည်။

နာကျင်လွန်းသဖြင့် ခွေလဲကျသွားစဉ် မိုက်ကယ်က ထိုလူ၏ခါးကြား မှ ခြောက်လုံးပြူးသေနတ်ကို ဆွဲယူလိုက်သည်။

အခန်းတွင်း၌ လုံခြုံရေးအစောင့်အပြင် ဓာတ်လှေကားမောင်းသူ တစ်ဦးပါ ရှိနေရာ မိုက်ကယ်သည် ထိုလူနှစ်ယောက်စလုံးအား သေနတ်ဖြင့် ချိန်လျက် နောက်ဘက်ပစ္စည်းတင်သည့် ဓာတ်လှေကားဖြင့် မျှော်စင်ပေါ်သို့ မောင်းတက်သွားလေသည်။

ထိုအချိန်၌ အထူး ဧည့်သည်တော်အဖွဲ့အား တင်ဆောင်လာသော ဧဟိုဓာတ်လှေကားကြီးသည် မျှော်စင်အပေါ်ထပ်သို့ ရောက်နေပြီဖြစ်ရာ ဓာတ်လှေကားမောင်းသူက တံခါးကိုဖွင့်ပေးလိုက်လျှင် လုံခြုံရေးစုံထောက်နှစ်ဦး က မစ္စက်ဗိုလာအား ဘေးနှစ်ဖက်နှစ်ချက်မှ ခြံရံလျက် စင်္ကြံသို့ ခေါ်ထုတ် သွားလေသည်။

လုံခြုံရေး စုံထောက်နှစ်ဦး မသိသောအချက်ကတော့ ဓာတ်လှေကား ရောက်နေသည့်စင်္ကြံတွင် စမစ်၏လူယုံတော် ကလော်ဒီက အဆင်သင့်စောင့် နေခြင်းပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကလော်ဒီသည် ကြိုတင် ပြင်ဆင်ထားသူဖြစ်၍ လျှပ်တစ်ပြ လျင်မြန်လှသောအဟုန်ဖြင့် လှုပ်ရှားတိုက်ခိုက်လေသည်။ ပို၍ပိုင်အော အကွက်ဆင် ထားပုံကလည်း ကလော်ဒီနှင့်အတူ စမစ်တို့အဖွဲ့မှ လက်ရွေး ကွန်မန်ဒို တပ်သားတစ်ဦးပါ အဆင်သင့် ရှိနေခြင်းပင်ဖြစ်သည်။

ကလော်ဒီသည် ကရာတေး သိုင်းသမားတို့ တိုက်နည်းအရ ပထ စုံထောက်အား ခြေဖြင့် တအားပိတ်ကန်လိုက်ရာ လုံခြုံရေး စုံထောက်ခမျ ဘာမှန်းမသိလိုက်ဘဲ ပုံလျက်သား လဲကျသွားတော့သည်။

ဒုတိယစုံထောက်က သူ၏ကုတ်အင်္ကျီအတွင်းမှ ခြောက်လုံးပြ သေနတ်ကို ဆွဲထုတ်ရန် ကြိုးစားပါသော်လည်း စက္ကန့်ပိုင်းမျှ နောက်ကျသွ လေသည်။

လုံခြုံရေးစုံထောက်သည် ပြင်းစွာနာကျင်သဖြင့် ရှေ့သို့ငိုက်ကျသွ စဉ် ကွန်မန်ဒိုတပ်သားက ထိပ်ဖျားတွင် ခဲသားတပ်ထားသော တုတ်တစ်ချော ဖြင့် ဦးခေါင်းနောက်ပိုင်းကို ရိုက်ချလိုက်လေသည်။

စက္ကန့်ပိုင်းအတွင်း လုံခြုံရေး စုံထောက်နှစ်ဦးစလုံး မေ့မြောလဲ သွားတော့သည်။

*      *      *

ခန်းမဆောင်ကြီး၏နောက် အခန်းငယ်တွင် စီဒဗလျူသည် စားဖိုမှ 'အဲလ်ဘတ်'အား ခပ်တည်တည်ပြောနေသည်။

'ကိုင်း… စားဖိုမှူးကြီး ကျုပ်တို့ရဲ့ စားသောက်ဖွယ်တွေက ဘယ လောက်ကောင်းသလဲဆိုတာ လက်တွေ့ဖွင့်ပြမယ်။ သေသေချာချာသာ ကြ ပေတော့'

ပြောရင်းနှင့် စီဒဗလျူသည် ထင်းရှူးသေတ္တာကြီးတစ်လုံး ဖွင့်လိုက် သည်။

စားဖိုမှူး အဲလ်ဘတ်က စိတ်ဝင်စားစွာ ကြည့်နေရာမှ သေတ္တာအတွ ရှိ ပစ္စည်းများကိုမြင်လျှင် မျက်လုံးပြူးသွားမိလေသည်။

သေတ္တာအတွင်းမှ ပစ္စည်းများမှာ စားစရာတွေမဟုတ်ဘဲ 'အမ် ၂ အမျိုးအစား မောင်းပြန်သေနတ်များနှင့် 'သော်မဆင်' စက်သေနတ်မျ ဖြစ်နေလေသည်။



စီဒဗလျူသည် စားပွဲထိုးအသွင် ဝတ်ဆင်ထားသော ကွန်မန်ဒိုတပ် သားများအား တစ်ယောက်စီခေါ်ယူ၍ သေနတ်တစ်လက်စီ လှမ်းပေးလေ သည်။

အဲလ်ဘတ်ဆိုသူမှာ မယုံကြည်နိုင်လောက်အောင် အံ့အားသင့်ကာ ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေစဉ် စီဒဗလျူက သေနတ်တစ်လက်ဖြင့် ချိန်လိုက်ပြီး-

"ကိုင်း… ကိုယ့်လူ၊ လက်မြှောက်လိုက်စမ်း"

ဟု ခပ်ထန်ထန် အမိန့်ပေးလိုက်သည်။

အဲလ်ဘတ်နှင့်တကွ သူ၏အနီးတွင်ရှိနေသူတကယ့် စားပွဲထိုးအစစ် ခရို့သည် ချက်ချင်းပင် ကြောက်အားလန့်အားနှင့် လက်မြှောက်ထားလိုက် ကြလေသည်။

"ဘယ်နှယ့်လဲ… စားဖိုမှူးကြီး ခင်ဗျား။ တစ်သက်တာမှာ ဒီလိုအဖြစ်မျိုး တစ်ခါမှ မကြုံဖူးဘူး မဟုတ်လားဗျ ဟဲ…ဟဲ"

စီဒဗလျူက ရယ်သွမ်းသွေး၍ နောက်ပြောင်သလို ပြောလိုက်ချိန်တွင် အဲလ်ဘတ်ခမျာမှာ ကြောက်ဒူးတုန်ကာ ဈေးချွေးများ ပြန်နေလေသည်။

စီဒဗလျူခေါင်းဆောင်သော ကွန်မန်ဒိုအဖွဲ့သားများ၏ အစီအစဉ်က အထူးပိရိသေသပ်လှပေသည်။

လူအားလုံးက စားပွဲထိုးဝတ်စုံများ ဝတ်ထားလေရာ စားသောက်ဆိုင် များ၌ စားစရာတင်ပြီး တွန်းပို့ရသည့် ဘီးလေးဘီးတပ် တွန်းစားပွဲများကို အဝတ်ဖုံး၍ တွန်းသွားပုံမှာ တကယ်ပင် စားသောက်ဖွယ်များ တည်ခင်းရန် လာနေသည်ဟု ထင်ရလေသည်။

သို့ရာတွင် ခန်းမကြီးအတွင်းသို့ရောက်သွား၍ တွန်းလှည်းများတွင် ဖုံးအုပ်ထားသော အဝတ်များကို ဖယ်ပစ်လိုက်ရာ အော်တိုမက်တစ် မောင်းပြန် လက်နက်မျိုးစုံ ဖြစ်နေကြောင်းကို အထူးဧည့်သည်တော်အား ဧည့်ခံနေသည့် ပရိသတ်အားလုံးက အံ့အားသင့်စွာဖြင့် မြင်ရလေသည်။

ထိုအချိန်တွင် ဆရာကြီးစမစ်သည် အထူးဧည့်သည်တော် မစ္စက်ဗီလာ ရှိရာသို့ ခပ်တည်တည်လျှောက်သွားလေသည်။

"မစ္စက်ဗီလာ ခင်ဗျား၊ ကျွန်တော် မစ္စတာစမစ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



အနှောင့်အယှက်ပေးရတာ ဝမ်းနည်းပါတယ်။ ဒါပေမယ့် အခုအချိန်ကစပြီး ခင်ဗျားဟာ ကျုပ်တို့ရဲ့လက်မှာ အကျဉ်းသား တစ်ဦးဖြစ်နေပြီလို့ မှတ်လိုက်ပါတော့''

စမစ်က လေသံခပ်မာမာဖြင့်ပြောရင်း သူနှင့်အတူပါသော လီယာကို ညွှန်ပြကာ

''ယောဒိမိန်းကလေးခေါ်ရာကို အသာတကြည် လိုက်သွားရင် ဘာမှ မဖြစ်စေရပါဘူး''

ဟု ပြောလိုက်သည်။

ဧည့်သည်တော် အဘွားကြီးသည် တုန်လှုပ်ချောက်ချားခြင်း မရှိဘဲ တည်ငြိမ်အေးဆေးစွာနှင့်ပင် ပြန်ပြောလေသည်။

''မောင်ရင်က ကျုပ် ဘယ်သူဘယ်ဝါဆိုတာ သိတယ် မဟုတ်လား''

''ဟုတ်ကဲ့ သိတာပေါ့ခင်ဗျ။ မသိရင် အခုလို ခက်ခက်ခဲခဲ ကြိုးစားပြီး ခင်ဗျားကို ပြန်ပေးဆွဲဖို့ လုပ်ပါ့မလား''

စမစ်က ပြန်ပြောလျှင် အဘွားကြီး မျက်နှာထား ခပ်တင်းတင်းဖြင့် ဆက်ပြောပြန်သည်။

''ဒီမယ် မောင်ရင်၊ အခုလို ရာဇဝတ်မှုကြီးကို ကျူးလွန်ပြီး လွတ်မယ်များ အောက်မေ့နေသလား။ မရဘူးကွဲ့။ မင်းက ဒါမျိုးလုပ်ရင် တရားဥပဒေအရ အပြစ်ဒဏ်ခံရမှာ သေချာတယ်''

မစ္စက်ဗိုလာ၏ စိတ်ဓာတ်နှင့် သတ္တိကို ဆရာကြီးစမစ်ပင်လျှင် စိတ်ထဲမှာ ကြိတ်ချီးကျူးမိလေသည်။ လက်နက်မျိုးစုံကိုင်သူ လူဆိုးဂိုဏ်းသားများ ဝိုင်းရံထားသည့်ကြားမှပင် အဘွားကြီးသည် မည်သို့မှ စိုးရိမ်တုန်လှုပ်ပုံမရဘဲ ဣန္ဒြေမပျက် ပြန်ပြောနိုင်ခြင်းမှာ အလွန်စိတ်ဓာတ်ခိုင်မာပြင်းထန်ကြောင်း ဖော်ပြနေသဖြင့် စမစ်က အံ့ဩချီးကျူးမိခြင်း ဖြစ်လေသည်။

''မစ္စက်ဗိုလာ ခင်ဗျာ။ ကျွန်တော် တောင်းပါတယ်။ ဒီမိန်းကလေးရဲ့ အတူ အထူးဧည့်သည်တော်များရဲ့ သီးသန့်အခန်းကို လိုက်သွားပါ''

စမစ်က ထပ်ပြောတော့မှ မစ္စက်ဗိုလာက-

''အဲဒီအခန်းကို ငါ သိပါတယ်။ ဗီအိုင်ပီအခန်းကို မင်းတို့တော်ဝင်ဖူးရဲ့လား။ ကျုပ်ဟာကျုပ် သွားပါ့မယ်''



ဟု ပြောရင်း တည်ကြည်လေးနက်သော မျက်နှာထားဖြင့် လျှောက်ထွက်သွားလေသည်။

စမစ်၏ အချစ်တော် လီယာက အဘွားကြီးနောက်မှ ကပ်လိုက်သွားသည်။

စီဒဗလျူ ခေါင်းဆောင်သော ကွန်မန်ဒိုအဖွဲ့သားများသည် ခန်းမဆောင်အတွင်းရှိ ဧည့်သည်ပရိသတ်များအား မောင်းပြန်သေနတ်များဖြင့်ချိန်ကာ အခန်းထောင့်တစ်ထောင့်တွင် စုရုံးနေစေလေသည်။

မိုက်ကယ်တို့ လူစုကလည်း မျှော်စင်လုံခြုံရေး အစောင့်များအား ဖမ်းဆီးကာ ရောက်လာလေသည်။

စမစ်၏ ကွန်မန်ဒိုအဖွဲ့သားများ အကြိမ်ကြိမ် ကြိုတင်လေ့လာထားသည့်အတိုင်း မျှော်စင်ကြီး၏ အချက်အချာ နေရာအားလုံးသို့ လူဖြန့်ကာ လက်နက်ကိုယ်စီဖြင့် နေရာယူထားလိုက်သည်။

ယူနီဖောင်းဝတ် မျှော်စင်အစောင့်တစ်ဦးသည် အရေးပေါ်အချက်ပေး ခေါင်းလောင်း မြည်စေသည့် ခလုတ်ကိုနှိပ်ရန် ရုတ်တရက်ပြေးသွားရာ လက်မြန်သော ကွန်မန်ဒိုတစ်ဦးက ပစ္စတိုသေနတ်ဖြင့် လှမ်းပစ်လိုက်သောကြောင့် ထိမှန်ပြီး လဲကျသွားလေသည်။

ပေအီဆိုသူက အသံချဲ့စက်ဖြင့် သတိပေးကြေညာလေသည်။

'မျှော်စင်ပေါ်ရောက်နေတဲ့ လူအားလုံးကို သတိပေးပါရစေ။ ဘယ်သူမှ မလှုပ်ပါနဲ့။ ငြိမ်ငြိမ်ကလေးသာနေစမ်းပါ။ သူရဲကောင်းဆန်ဆန် စွန့်စားမယ်လည်း မကြံပါနဲ့။ စွန့်စားတဲ့လူတစ်ယောက်မကျန် အသက်သေရလိမ့်မယ်'

ထိုအချိန်၌ ကွန်မန်ဒို တိုက်ခိုက်ရေးအဖွဲ့တစ်ဖွဲ့က ဓာတ်လှေကားဖြင့် မျှော်စင်ထိပ်ဆုံးသို့ တက်သွားပြီး အပေါ်ရှိ လုံခြုံရေးအစောင့်များကို ဝင်စီးကာ လက်နက်သိမ်း၍ ဖမ်းဆီးထားလိုက်လေသည်။

မျှော်စင်တစ်နေရာတွင်ကား စီဒဗလျူသည် မိုက်ခရိုပီ ၇၆၉/၅၂၁ ဟု အမှတ်အသားရေးထားသည့် သေတ္တာကြီးတစ်လုံးကို သော့ဖြင့်ဖွင့်လိုက်လေသည်။

ထို့နောက် မိုက်ကယ်ကိုပါ လှမ်းခေါ်၍ နှစ်ယောက်သား သေတ္တာထဲမှ လေဆာရောင်ခြည်သေနတ်တစ်လက်ကို ဆွဲထုတ်လိုက်ကြသည်။

တစ်ချိန်တည်းမှာပင် ကွန်မန်ဒိုသုံးဦးက ဆာဘာရီနာအား မျှော်စင်

www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်၏ဘေးတွင် တွယ်ထားရန် ဝိုင်းကူညီနေကြလေသည်။

ဆာဘာရီနာသည် သံဂဟောဆော်သူ ဝယ်လ်ဒင်သမားများ အက အကွယ်အဖြစ် သုံးသည့် မှန်ကာမျက်နှာဖုံး တပ်ထားပြီး လက်တစ်ဖက်တွ လည်း သံဂဟောဆော်သည့် ကိရိယာကိုင်ထားလေသည်။

ထို့နောက် ဆာဘာရီနာသည် လျင်မြန်သွက်လက်စွာ အလုပ်စလု လေတော့သည်။

ဗီအိုင်ပီခေါ် အထူးဧည့်သည်တော်များအတွက် သီးသန့်ထားရှိသေ အခန်းတွင်း၌ မစ္စက်ဗိုလာသည် ကုလားထိုင်တစ်လုံးတွင် ထိုင်နေလေသည်။

သူမအား လီယာက စကားပြောကြည့်ပါသော်လည်း အဘွားကြီးက လုံးဝ တုံ့ပြန်စကားမပြောဘဲ မျက်နှာထားတင်းတင်းဖြင့် [illegible]ာ နေလိုက်သည်။

လီယာလည်း လက်လျှော့ကာ အဘွားကြီးတစ်ယောက်တည်းပ ထား၍ တံခါးကို အပြင်ဘက်မှ သော့ခတ်ပြီး ထွက်သွားလေသည်။

မစ္စက်ဗိုလာသည် မိမိအား ဘာကြောင့် စမစ်ကပြန်ပေးဆွဲရလေ သနည်းဟု စဉ်းစားနေမိသည်။ ခြိမ်းခြောက်ငွေညှစ်တောင်းရန် လူဆိုးမျာ လုပ်လေ့ရှိသည့် ရိုးရိုးပြန်ပေးဆွဲခြင်းပေလော။

ပြန်ပေးဆွဲခြင်းဆိုလျှင်လည်း ဤအီဖယ်လ်မျှော်စင်ကြီးတွင် မိမိအာ ဖမ်းဆီးထားခြင်းသည် စမစ်အဖို့ အကြီးအကျယ် မှားယွင်းလေခြင်းဟုလည် သုံးသပ်မိသည်။ မိမိအား ဤမျှော်စင်ကြီးတွင် ဖမ်းဆီးချုပ်နှောင်ထားပါက ပြန်ပေးဆွဲသူ စမစ်တို့ဂိုဏ်းသည်လည်း မည်သို့မှ ပြေးပေါက်မရဘဲ မျှော်စ ကြီးတွင်ပင် ချောင်ပိတ်မိနေမည် မဟုတ်ပါလား။

တစ်ချိန်တည်းတွင်မှာပင် မိမိအား စမစ်တို့ဂိုဏ်းက သတ်ပစ်မည်ကို လည်း အဘွားကြီးက တွေးတောစိုးရိမ်မိလေသည်။

မျှော်စင်ကြီး၏ အခြားနေရာများ၌ ကမ္ဘာလှည့်ခရီးသည (တိုးရစ်)တွေ ရှိပြန်သေးရာ စမစ်က အသံချဲ့စက်ဖြင့် အားလုံးကြားအော ကြေညာလေ သည်။

"ဒီမျှော်စင်ပေါ်ရောက်နေတဲ့ ဧည့်သည်များ မျှော်စင်ဝန်ထမ်းမျာ အားလုံး ကျေးဇူးပြုပြီး ကျုပ်အခုပြောတာကို သေသေချာချာ နားထောင်ကြပါ။ ခင်ဗျားတို့အနေနဲ့ ကျုပ်တို့ရဲ့ ညွှန်ကြားချက်ကို လိုက်နာမယ်ဆိုရင်



ဘေးအန္တရာယ် မရှိဘဲ ပြန်လွှတ်ပေးပါမယ်။ နောက်မကြာခင်အချိန်မှာ ကျုပ်တို့ရဲ့ အဖွဲ့သားတွေက ကြိုးကြပ်ပြီး ခင်ဗျားတို့ကို အသုတ်လိုက် ဓာတ်လှေကားနဲ့ မြေပြင်ထိအောင် ပို့ပေးပါမယ်။ မြေပြင်ရောက်တာနဲ့ ခင်ဗျားတို့ဟာ မျှော်စင်ကြီးအနီးက အမြန်ဆုံးထွက်ခွာသွားရမယ်။ အထူးသတိပေးလိုတာက ခင်ဗျားတို့က ကျုပ်တို့ရဲ့ ညွှန်ကြားချက်ကို မလိုက်နာဘူးဆိုရင် ခင်ဗျားတို့ အတွက် အခြေအနေဆိုးသွားပါလိမ့်မယ်။ ကျုပ်ပြောတာ ရှင်းပြီမဟုတ်လား။ ကိုင်း… အခုချိန်ကစပြီး ခင်ဗျားတို့အားလုံး ဓာတ်လှေကားတွေရှိတဲ့ နေရာကို သွားကြပေတော့။ ဟိုကျရင် ကျုပ်လူတွေက ကြိုးကြပ်ပြီး အသုတ်လိုက် အောက်ထပ်ကို ပို့ပေးလိမ့်မယ်။ ကိုယ့်အလှည့်ရောက်အောင်သာ စိတ်ရှည်ရှည် ၊ စောင့်နေကြပါ"

မျှော်စင်ကြီးပေါ်၌ ဝယ်လ်ဒင် သံဂဟောဆော်ခြင်း လုပ်နေသူ ဆာဘာရီနာသည် သူမ၏အလုပ်ကို အပြီးသတ်နေလေသည်။

သူမသည် အလွန်ခက်ခက်ခဲခဲ လုပ်နေရသည့်ပြင် မျှော်စင်ထိပ်နား၌ ပြင်ဘက်သို့ထွက်၍ တွယ်ကပ်ရင်း လုပ်ရသဖြင့် ခြေချော်၊ လက်ချော် ကျသွား နိုင်သည့် အန္တရာယ်ကလည်း ရှိနေသည်။ သို့သော် ဆာဘာရီနာက လုံးဝစိုးရိမ် တုန်လှုပ်ဟန်မတူဘဲ ခပ်အေးအေးပင် သံဂဟောဆော်နေသည်။

မိုက်ကယ်က အပေါ်သို့မော့ကြည့်ရင်း ဆာဘာရီနာအလုပ်လုပ်နေ သည်ကို မြင်သောအခါ စီဒဗလျူအား လှမ်းခေါ်လိုက်သည်။

ထို့နောက် သူတို့နှစ်ယောက် ဝိုင်း၍ လေဆာရောင်ခြည်သေနတ်ကို အသင့်ကျနေသော ကြိုးတစ်ချောင်းဖြင့် ခိုင်မြဲစွာ ချည်နှောင်လိုက်သည်။ မျှော်စင်အပေါ်ဘက်မှ ကွန်မန်ဒိုအဖွဲ့သားများက ယင်းကြိုးကို ဆွဲတင်ယူလိုက် ရာ လေဆာသေနတ်သည် မျှော်စင်ကြီး၏ထိပ်ပေါ်သို့ တက်သွားလေသည်။

ဆာဘာရီနာသည် ကြိုးဖြင့် တဖြည်းဖြည်း တက်လာသော လေဆာ သေနတ်ကိုကြည့်ရင်း စိတ်ထဲမှ အကြံထုတ်နေလေသည်။

ကြိုးဖြင့် ဆွဲတင်နေစဉ် သေနတ်သည် မျှော်စင်ကြီး၏ သံဘောင်တစ်ခု နှင့် ရိုက်မိပါက ထိခိုက်ချွတ်ယွင်းသွားနိုင်ကြောင်း ဆာဘာရီနာက တွက်မိ လေသည်။ ထိခိုက်ပျက်စီးသွားပါစေဟုလည်း ကြိတ်၍ဆုတောင်းမိသည်။

သို့မဟုတ်ပါက သူမကိုယ်တိုင်က လေဆာသေနတ်ကို ပစ်၍ မရအောင် အစိတ်အပိုင်းတစ်ခုခု ဖျက်ဆီးရမည် ဖြစ်သည်။ ဤနည်းအားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ထောက်လှမ်းရေး အကြီးအကဲ ဖီလ်ပေါ့တို့ဘက်မှ အနည်းငယ် အလေးသာသွားနိုင်မည် ဖြစ်သည်။

တနည်းအားဖြင့် ဒုစရိုက်ခေါင်းဆောင် စမစ်၏လက်ဝယ်ရှိ လေဆာသေနတ်များအနက် တစ်လက်ကတော့ ပစ်၍မရဘဲ ဖြစ်သွားနိုင်ပေသည်။

ဆာဘာရီနာက ဤသို့တွေးနေစဉ်မှာပင် လေဆာရောင်ခြည်သေနတ်သည် မျှော်စင်ထိပ်ပေါ်သို့ ချောမောစွာ ရောက်လာလေသည်။

ကွန်မန်ဒိုအဖွဲ့သားများက ကြိုးကိုဖြည်နေစဉ် ဆာဘာရီနာသည် သေနတ်ကို ရုတ်တရက်ဆွဲလု၍ အောက်သို့ပစ်ချလိုက်ရန် ကြံမိလေသည်။

သို့သော် အောက်ဘက်မှ လှမ်းအော်ပြောလိုက်သော စမစ်၏အသံက သူမအား တွန့်သွားစေပေသည်။

"ဟေ့… ဆာဘာရီနာ ဒီအခြေကျမှ ခြေလှမ်းမမှားစေနဲ့နော်။ သတိထားပါ။ သေနတ်တစ်ခုခုဖြစ်သွားရင် မင်းတာဝန်ပဲလို့ ငါယူဆမယ်"

* * *

မျှော်စင်ကြီး၏ ပင်မလျှပ်စစ်ဓာတ်အားပေးဌာနတွင် ပေအီနှင့်အဖွဲ့တစ်ဖွဲ့က အလုပ်များနေလေသည်။

ကြိုတင်လေ့ကျင့်ထားသည့်အတိုင်း ကျင်လည် သွက်လက်စွာ အလုပ်လုပ်နိုင်ကြသည့်ပြင် တစ်ချိန်ကလို ကိုယ့်လူထဲမှ မတော်တဆ ဓာတ်လိုက်ထိခိုက်သူလည်း မရှိဘဲ ချောမောစွာ ပြီးသွားလေသည်။

လျှပ်စစ်ကြိုးများနှင့် ပင်မ ခလုတ်များကို ကျွမ်းကျင်စွာ ပြောင်းလဲလိုက်ခြင်းအားဖြင့် မျှော်စင်ကြီးတစ်ခုလုံးသို့ ပြန့်သွားသော လျှပ်စစ်ဓာတ်အားမှန်သမျှ ပေအီ၏လက်သို့ ရောက်ရှိလာလေသည်။

လျှပ်စစ်ဓာတ်အားကို သူတို့အဖွဲ့က ကြိုက်သလို ကိုင်တွယ်ချုပ်ထိန်းထားနိုင်ပြီ ဖြစ်သည်။

နိုင်ငံခြားခရီးသွား ဧည့်သည်ပရိသတ်များသည် စမစ်၏ ညွှန်ကြားချက်အတိုင်း မျှော်စင်ကြီး၏ အောက်ခြေမှ အသုတ်လိုက် စတင်ထွက်ခွာနေကြပြီ ဖြစ်သည်။

ထိုအချိန်၌ ရဲအရာရှိအချို့သည် ရောက်ရှိနေပြီ ဖြစ်သည်။ လျှပ်စစ်ဓာတ်အားနှင့် တယ်လီဖုန်း၊ ရေဒီယို အဆက်အသွယ်အားလုံးကို မျှော်စင်ပေါ်မှ



စမစ်တို့ဂိုဏ်းသားတွေက ချုပ်ကိုင်ထားခြင်းကြောင့် ပြင်ပမှ ဆက်သွယ်မှုများလုံးဝပြတ်တောက်နေသဖြင့် ရဲနှင့်စစ်တပ် ရုတ်တရက် မလာရောက်နိုင်ဘဲ အနီးအနားရှိ ရဲစခန်းမှ ရဲအချို့သာ လာရောက်နိုင်ခြင်း ဖြစ်သည်။

မျှော်စင်အောက်ခြေတွင် ရဲအရာရှိများကစောင့်ပြီး ဓာတ်လှေကားဖြင့်ဆင်းလာသူပရိသတ်အား စစ်ဆေးရန် ကြံပါသော်လည်း ဧည့်သည်များသည် ရဲသားများကို လျစ်လျူရှုကာ သုတ်ခြေတင် ထွက်သွားကြကုန်လေသည်။

ရဲများသည် မျှော်စင်ပေါ်၌ ဘာတွေဖြစ်နေသည်ကို မသိရသည့်ပြင် အထူးဧည့်သည်တော် မစ္စက်ဗီလာအား စောင့်ရှောက်လိုက်ပါသူ လုံခြုံရေးစုံထောက်များထဲမှ မည်သို့မှ အဆက်အသွယ်မရသည်ကို နားမလည်နိုင်အောင် ဖြစ်နေကြပေသည်။

ရဲအရာရှိအချို့က မျှော်စင်အောက်ခြေရှိ ဓာတ်လှေကားများမှ ခလုတ်ကို နှိပ်ကြည့်ကြသေးသည်။ သို့သော် ဓာတ်လှေကားများသည် ပြန်ဆင်းမလာချေ။

အကြောင်းမူကား စမစ်၏ဂိုဏ်းမှ လျှပ်စစ်ဆက်သွယ်ရေးတာဝန်ခံ ပေအီက ဓာတ်လှေကားများ အတက်အဆင်းကို တစ်ဦးတည်း ချုပ်ကိုင်ထားသောကြောင့်ပင်တည်း။

မကြာမီ သံခမောက်ဆောင်း အမိကရုဏ်း နှိမ်နင်းရေးရဲတပ်ဖွဲ့သားများ ရောက်လာကြလေသည်။ သူတို့တွင် သေနတ်လက်နက်များအပြင် ရိုင်ဖယ် ဒိုင်းများလည်း ပါလာကြလေသည်။

သူတို့သည် အထူးတိုက်ခိုက်ရေး ရဲများဖြစ်၍ မျှော်စင်ပေါ်ရှိနေသော မည်သူမည်ဝါမှန်း မသိရသူ ရန်သူအားတိုက်ရန် အဆင်သင့်ရှိနေကြသည်။

ဓာတ်လှေကားများကို မည်သို့မှ အောက်သို့ခေါ်ချ၍ မရသည့်အဆုံး၌ အမိကရုဏ်းနှိမ်နင်းရေး ရဲတပ်ဖွဲ့သည် ဒိုင်းများကိုယ်စီကိုင်ကာ မျှော်စင်ကြီး၏ ရိုးရိုးလှေကားများမှ အတင်းပြေးတက်ကြလေသည်။ သူတို့အား တားဆီးခုခံသူများတွေ့လျှင်လည်း ပစ်ခတ်တိုက်ခိုက်ရန် အသင့်ပြင်ကာ ပြေးတက်သွားကြခြင်း ဖြစ်သည်။

သို့ရာတွင် သူတို့၏ ရိုင်ဖယ် (ဒိုင်း)များက သံပြားထွင်းဖောက်နိုင်အောင် ပြင်းထန်သော စက်သေနတ်ကျည်ဆန်များကို မကာကွယ်နိုင်ချေ။ ထို့ကြောင့် လှေကား၏ထိပ်တွင် အသင့် စောင့်ကြိုနေသော စမစ်တို့အဖွဲ့မှ ကွန်မန်ဒို

www.burmeseclassic.com

www.burmeseclassic.com



တပ်သားများက မောင်းပြန်သေနတ်များဖြင့် ပစ်ခတ်သောအခါ ရှေ့ဆုံးမှ ပြေးတက်သွားသူ ရဲမျာ အတုံးအရုံး ထိမှန်ကျဆုံးကာ ကျန်လူများလည်း ချက်ချင်းပင် ပြန်ပြေးဆင်း ဆုတ်ခွာခဲ့ရလေသည်။

သေနတ်ပစ်သံများကို ကြားလိုက်ရသူ စမစ်သည် အသံချဲ့စက်ဖြင့် သူ၏ ကွန်မန်ဒို တပ်သားများအား လှမ်းအော်အမိန့်ပေးလေသည်။

"ဟေ့… မင်းတို့ ပစ်ခတ်တာကို အတတ်နိုင်ဆုံး နည်းအောင် လျှော့ပစ်ကြစမ်း"

ထိုအခါ လှေကားထိပ်မှ ကွန်မန်ဒိုတစ်ဦးက စမစ်ရှိရာသို့ မော်ကြည့်ရင်း-

"အဓိကရုဏ်း နှိမ်နင်းရေး ရဲတွေကိုလည်း အဲဒီလို လျှော့ပစ်ဖို့ ပြောပါလား"

ဟု ပြန်အော်ပြောလေသည်။

ဆရာကြီးစမစ်သည် သူ့အား တပည့်တစ်ယောက် ပြန်အော်ပြောရပါမည်လောဟု ဒေါသထွက်မိလေသည်။

သူ၏အနီးရှိ ဂိုဏ်းသားတစ်ယောက်ကို အောက်မှပြန်၍ သူ့အား မထီမဲ့မြင် ပြန်ပြောသူ၏ နာမည်ကို မေးပြီးနောက်-

"ဒီကောင်က ငါ့ကိုရိုသေရမှန်း မသိဘူးနဲ့တူတယ်။ ပြန်အော်ပြောတာကိုက စည်းကမ်းဖောက်ရာ ရောက်တယ်။ ဒါကြောင့် ဒီကောင့်ကို အရေးယူ ပေးရမယ်။ အခု ငါတို့ရဲ့ စစ်ဆင်ရေးပြီးတာနဲ့ ဒီကောင့်ကို ကျောရိုးတည့်တည့်မှာ သေနတ်နဲ့ ပစ်လိုက်။ သေအောင်လည်း မပစ်နဲ့။ ဒါမှ သင်ခန်းစာရမယ်"

ဟု အမိန့်ပေးလိုက်သည်။

ထိုအတောအတွင်း မျှော်စင်ကြီးပေါ်မှ ခရီးသွားဧည့်သည်များ၊ အပြင်လူများ ကုန်သလောက်ရှိနေပြီဖြစ်သည်။

စမစ်တို့၏ ဂိုဏ်းသားများအပြင် မျှော်စင်ပေါ်၌ ကျန်ရှိနေသူဆို၍ ဧည့်သည်တော် အသွားကြီး မစ္စက်ပိုလာနှင့် မျှော်စင်၏ လုံခြုံရေးအစောင့်များသာ ကျန်ပြီး သူတို့ကိုလည်း စမစ်က အခန်းတစ်ခန်းတွင် သော့ခတ် လှောင်ထားလိုက်သည်။

မစ္စက်ပိုလာနှင့် ထက်ကြပ်မကွာ လိုက်ပါလာသူ အမေရိကန်



လုံခြုံရေးအစောင့် သို့မဟုတ် ကိုယ်ရံတော်များမှာလည်း စမစ်၏ ဂိုဏ်းသားများ လက်ချက်ဖြင့် သတိမေ့ လဲကျနေပြီ ဖြစ်သည်။

မျှော်စင်ကြီး၏ အပေါ်ဆုံး သံဘောင်များရှိရာနေရာတွင်တား ဆာဘရီနာနှင့် စီဒဗလျူတို့က တတိယမြောက် လေဆာရောင်ခြည် သေနတ်တစ်လက်တို့ တပ်ဆင်နေကြလေသည်။

တစ်ဖန် ပေအီ ဦးဆောင်သော ကွန်မန်ဒိုအဖွဲ့တစ်ဖွဲ့က စတုတ္ထမြောက် လေဆာရောင်ခြည် သေနတ်တစ်လက်ကို မျက်နှာချင်းဆိုင်ဘက်တွင် တပ်ဆင်နေကြသည်။

ထို့နောက် စမစ်သည် သူ၏ ဂိုဏ်းသားအားလုံးကို တစ်နေရာတွင် စုရုံးခေါ်ယူလိုက်သည်။ တစ်ချိန်တည်းမှာပင် လီယာက သေတ္တာတစ်ခုအတွင်းမှ သတ္တုဖြင့်လုပ်ထားသော ကိရိယာများ (လေဆာရောင်ခြည်လက်နက်မှ ကာကွယ်သည့် ကိရိယာ)ကို ထုတ်ယူလိုက်ပြီးနောက် သူမကပင် အဖွဲ့သားအားလုံးအား ညွှန်ကြားချက် ပေးလေသည်။

"ရှင်တို့အားလုံး ဒီပစ္စည်းအကြောင်းကို သိပြီးသားဖြစ်တယ်။ ဒါကြောင့် လူတိုင်းက ဒီသတ္တုကို မိမိကိုယ်မှာ ဆောင်ထားပါ။ နောက်မိနစ်အနည်းငယ်အတွင်းမှာ လေဆာရောင်ခြည် သေနတ်တွေကို ပစ်ခတ်ဖို့ အသင့်ပြင်ပါတော့မယ်"

အဖွဲ့သားအားလုံးက အာရုံစိုက်နားထောင်နေစဉ် လီယာက ဆက်ပြောပြန်သည်။

"လေဆာရောင်ခြည် သေနတ်ရဲ့ အစွမ်းအာနိသင်ကိုတော့ သံသယမရှိကြပါနဲ့။ ပစ်လိုက်ပြီဆိုရင် ဒီမျှော်စင်ကြီးပေါ်မှာ လှုပ်ရှားတဲ့ အရာဝတ္ထုမှန်သမျှ (လူဖြစ်ဖြစ်၊ ဝတ္ထုပစ္စည်းဖြစ်ဖြစ်) မှုန့်မှုန့်ညက်ညက်ကြေအောင် ချေမှုန်းပစ်နိုင်တယ်။ အခု ကျွန်မ ထုတ်ပေးမယ့် ဒီသတ္တုပစ္စည်း ကာကွယ်မှုမရှိတဲ့လူမှန်သမျှ အရိုးတခြား အသားတခြား ဖြစ်သွားမယ်ဆိုတာ အထူးသတိပေးပါရစေ။ အခု ကျွန်မကိုယ်တိုင် အဖွဲ့သားအားလုံးကို ပစ္စည်းတစ်ခုစီ ပေးပါမယ်"

ပြောပြောဆိုဆို လီယာသည် သတ္တုပစ္စည်းတစ်ခုကို ဆရာကြီးစမစ်အား စတင်၍ လှမ်းပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့မှ ကျန်လူများကို တစ်ယောက်ချင်း တစ်ခုစီ ထုတ်ပေးလေသည်။

စမစ်သည် သတ္တုပြစ္စည်းကို သူ၏ရင်ဘတ်တွင် တပ်ဆင်လိုက်ပြီးနောက်-

"အိုကေ… လီယာ ကျေးဇူးပါပဲ။ အားလုံး ဆင်ပြီးရင် မင်းနဲ့ငါ စားသောက်ဆိုင်ခန်းမှာ ဆုံကြမယ်"

ဟု ပြော၍ ထွက်သွားလေသည်။

* * *

ဆရာကြီး စမစ်၏ ညွှန်ကြားချက်အရ မျှော်စင်ကြီးမှ ထွက်ခွာသွားသူ ဧည့်သည်ပရိသတ် နောက်ဆုံးအသုတ်သည် ဓာတ်လှေကားဖြင့် ဆင်းပြီး ခပ်ဝေးဝေးသို့ သုတ်ခြေတင် ထွက်သွားကြပြီဖြစ်သည်။

ထိုအတောအတွင်း ပြင်သစ် အစိုးရ၏အမိန့်ဖြင့် ရဲတပ်ဖွဲ့ဝင်များက မျှော်စင်ကြီး ပတ်ပတ်လည်တွင် မည်သူမှ အဝင်အထွက် မပြုလုပ်နိုင်အောင် လူအင်အား အပြည့်ဖြင့် ဝိုင်းရံစောင့်ကြပ် တားဆီးထားလိုက်သည်။

စမစ်သည် မျှော်စင်ပေါ်မှနေ၍ မြေပြင်ရှိ အခြေအနေကို လှမ်းကြည့်နေလေသည်။

သူ၏ကွန်မန်ဒို တပ်သားများအား ရဲက သေနတ်ဖြင့် လှမ်းပစ်နိုင်သည့် နေရာတွင် မနေဘဲ သတိထား အကာအကွယ်ယူနေကြရန် ကြိုတင်အမိန့်ပေးထားပြီး ဖြစ်သည်။ ဤသည်မှာလည်း အခိုက်အတန့် ဖြစ်သည်။ လေဆာရောင်ခြည်သေနတ်လေးလက်စလုံး ပစ်ခတ်တိုက်ခိုက်ရန် အဆင်သင့် တပ်ဆင်ပြီးလျှင်ကား သူတို့၏ ဂိုဏ်းသားများအနေဖြင့် ရဲတပ်ဖွဲ့၏ တိုက်ခိုက်မှုကို စိုးရိမ်စရာလိုတော့မည် မဟုတ်ချေ။

ကမ္ဘာကျော် အီဖယ်လ် မျှော်စင်ကြီး၏ ရှုခင်းမှာ စိတ်ချောက်ချားဖွယ်ရာ ဖြစ်နေတော့သည်။ မျှော်စင်အထက်ပိုင်း၌ လှုပ်ရှားသွားလာနေသူဆို၍ ခိုငှက်စသော ငှက်များသာ ရှိလေသည်။

မြေပြင်တွင်ကား ရဲတပ်ဖွဲ့ဝင်များက နေရာမလပ်အောင် ဝိုင်းရံစောင့်နေကြလေသည်။ မျှော်စင်ကြီး ပတ်ဝန်းကျင်အနီးအနား တစ်ဝိုက်၌ မော်တော်ယာဉ် အသွားအလာများ လုံးဝ မရှိတော့ချေ။ ယာဉ်ထိန်းရဲများက မည်သည့်ယာဉ်မှ မျှော်စင်နားသို့ ချဉ်းကပ်မောင်းမလာအောင် ကြိုတင် လမ်းပိတ်ထားပြီး ဖြစ်သည်။



မျှော်စင်ကြီးပေါ်တွင်လည်း လှုပ်ရှားမှုဆို၍ မရှိသလောက် ဖြစ်နေသည်။ ရဲတွေ ဝိုင်းစောင့်နေသည့် နေရာပြင်ဘက်မှ ကြည့်နေသူ လူထုပရိသတ်ကတော့ တဖြည်းဖြည်း ပိုများလာကာ အားလုံးက မျှော်စင်ပေါ်သို့ မော့ကြည့်နေကြလေသည်။

ဤရာဇဝတ်မှုခင်းကြီးကို ကြံကြံဖန်ဖန် ကြိုတင်စီမံချက်ချ၍ လုပ်ဝံ့လောက်အောင် စိတ်ရူးပေါက်နေသူ ဆရာကြီးစမစ်သည် 'ဒါဟာ ငါ့ရဲ့ ဦးနှောက် ဉာဏ်အစွမ်းကြောင့်ပဲ' ဟု သူ့ကိုယ်သူ ပြန်အထင်ကြီးနေမိလေသည်။

စမစ်သည် စားသောက်ဆိုင်ရှိရာ အခန်းသို့ ပြန်သွားစဉ် တံခါးဝတွင် ပေအီက ရှိသေစွာ သတင်းပို့ အစီရင်ခံလေသည်။

"ဆရာကြီးခင်ဗျား၊ လေဆာသေနတ်တွေအားလုံး တပ်ဆင်ပြီးလို့ အဆင်သင့် ပစ်ခတ်နိုင်ပါပြီ"

"ဟေ ဟုတ်လား၊ ကောင်းတယ်ကွာ… ကောင်းတယ်"

စမစ်က ကျေနပ် သဘောကျဟန်ဖြင့် ပြန်ပြောလိုက်သည်။

* * *

စားသောက်ဆိုင် အခန်းတွင်ကား ဗဟိုကွပ်ကဲမှု စခန်းသဘောမျိုး ပြုလုပ်ထားလေသည်။ ထိုအခန်း၌ ကွန်မန်ဒိုတပ်သားများနှင့်အတူ ပြင်သစ် တယ်လီဗီးရှင်း (ရုပ်မြင်သံကြား) ဓာတ်ပုံရိုက်အဖွဲ့လည်း ရှိနေလေရာ ယင်းအဖွဲ့သားများအနေဖြင့် မည်သို့မှ စိတ်မကူးခဲ့ဘဲ အလွန်အရေးပါလှသော အခန်းကဏ္ဍတွင် မကြာမီပါဝင်ရမည်ဖြစ်ကြောင်း မရိပ်မိကြချေ။

ပေအီက ခေါင်းဆောင်လျက် ထမင်းစားခန်းမအတွင်း လျှပ်စစ်ဝိုင်ယာကြိုးများနှင့် အခြားကိရိယာများကို ကွန်မန်ဒိုများက သယ်ယူလာပြီး တယ်လီဗီးရှင်းစက်များ တပ်ဆင်ကြလေသည်။

ဤနည်းအားဖြင့် ထိုအခန်းမှ ရုပ်မြင်သံကြားစက်များကို ကြည့်ရှုရုံဖြင့် မျှော်စင်အတွင်းနှင့် ပတ်ဝန်းကျင်ရှိ ရှုခင်းမြင်ကွင်းအားလုံးကို မြင်နေရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးစမစ်သည် အချိန်ကိုက်နာရီတစ်လုံးကို လက်မှကိုင်ထားရင်း ရုပ်မြင်သံကြားစက်များကို ကြည့်နေလေသည်။

အတန်ကြာသော် သူသည် ပြင်သစ်ရုပ်မြင်သံကြား ဓာတ်ပုံရိုက်အဖွဲ့မှ ခေါင်းဆောင်လုပ်သူအား ခေါ်လိုက်သည်။

"ကိုယ့်လူ… ကျုပ် ပြောတာကို သေသေချာချာ နားထောင်စမ်း။ မောင်ရင်တို့ တီဗီကင်မရာကို ကျုပ်ဘက်လှည့်ပြီး ချိန်ထားလိုက်ပါ။ ပြီးတော့ ကင်မရာရိုက်ရာ တီဗွီအသံလွှင့်တဲ့ လေလှိုင်းထဲ တိုက်ရိုက်ပို့လိုက်ရမယ်။ တီဗီစက်ရှိတဲ့ နေရာတိုင်းက ကျုပ်ကိုမြင်ပြီး ကျုပ်ပြောတာတွေ တိုက်ရိုက်ကြားရအောင် ဖန်တီးပေးရမယ်။ ဒါနဲ့ပတ်သက်လို့ မောင်ရင့်ကို ကြိုတင်ညွှန်ကြားချက်လည်း ပေးထားပြီး မဟုတ်လား"

"ဟုတ်ကဲ့၊ ကောင်းပါပြီခင်ဗျ"

ရုပ်မြင်သံကြားအဖွဲ့ ခေါင်းဆောင်က ကျိုးနွံစွာ ပြန်ဖြေလိုက်သည်တွင် စမစ်က မျက်နှာတင်းတင်းဖြင့် ဆက်ပြောပြန်သည်။

"တကယ်လို့ မောင်ရင်က ကျုပ်ပြောတာကို မလိုက်နာရင် သို့မဟုတ် ကျုပ်တို့ရဲ့ အစီအစဉ်ကို တစ်နည်းနည်းနဲ့ နှောင့်ယှက်မယ်ဆိုရင် မောင်ရင် ဘာဖြစ်သွားမယ်ဆိုတာ အထူးပြောဖို့ မလိုဘူး"

"ဟုတ်ကဲ့… ခင်ဗျ။ ကျွန်တော် နားလည်ပါတယ်။ ကျွန်တော့်မှာ မိန်းမ၊ ကလေးတွေ ရှိပါတယ်။ ကျွန်တော်ရဲ့ တီဗီကုမ္ပဏီကလည်း အလဟဿ သေရမယ့် အလုပ်မျိုး လုပ်စေချင်မှာ မဟုတ်ပါဘူး"

ရုပ်မြင်သံကြား အဖွဲ့ခေါင်းဆောင်က ပြန်ပြောလိုက်ရာ စမစ်လည်း ကျေနပ်သွားပုံရလေသည်။

"အိုကေ… ဒါဖြင့် မောင်ရင်ကစပြီး ပြင်ဆင်ပေတော့"

"လူကြီးမင်းက ဘာကို အလိုရှိတာလဲ ခင်ဗျာ"

"ကျုပ်လိုချင်တာက လွယ်ပါတယ်။ ကျုပ်အနေနဲ့ ဒီရုပ်မြင်သံကြားစက်ကတစ်ဆင့် ကမ္ဘာတစ်ဝှမ်းလုံးကို အသံလွှင့် ကြေညာချင်တယ်။ ကြေညာရမယ့် အချက်ကတော့ ကျုပ်ဟာ ဒီအီဖယ်လ်မျှော်စင်ကြီးကို အပိုင်စီးယူလိုက်ပြီ ဆိုတဲ့အကြောင်းနဲ့ ကျုပ်ဘက်က အလေးသာအောင် အမေရိကန်သမ္မတရဲ့ မိခင်ကြီး မစ္စက်ဗိုလာကိုပါ ဓားစာခံအဖြစ် ဖမ်းထားပြီလို့ ကြေညာလိုက်ရုံပဲ"



စမစ်က လေသံခပ်အေးအေးဖြင့် ပြောလိုက်ရာ ရုပ်မြင်သံကြားစက်အဖွဲ့သားအားလုံးမှာ အကြီးအကျယ် အံ့အားသင့်နေကြပါတော့သည်။

* * *

## အခန်း–၈

ဆိုနီယာသည် ရစ်ဇ်ဟိုတယ် အခန်းအမှတ် ၇၁၁ မှနေ၍ နေ့လယ်စာကို အခန်းသို့ပို့ပေးရန် မှာယူလိုက်လေသည်။

စားဖွယ်သောက်ဖွယ်တွေက အလွန်ကောင်းမွန်ပြီး အရသာရှိပါသော်လည်း ဆိုနီယာနှင့် ဖီလ်ပေါ့တို့ နှစ်ယောက်စလုံးမှာ စိတ်ဂနာမငြိမ်ဖြစ်နေခြင်းကြောင့် စားချင်စိတ်မရှိဘဲ ဖြစ်နေကြလေသည်။

သူတို့နှစ်ယောက်သည် နံနက်ပိုင်းကလည်း အလဟဿ အချိန်ဖြုန်းမနေခဲ့ကြချေ။ ဖီလ်ပေါ့က ပဲရစ်မြို့ရှိ လျှို့ဝှက်ဆက်သွယ်ရေး စခန်းများနှင့် အဆက်မပြတ်အောင် မကြာခင်က ဆက်သွယ်ခဲ့သည့်ပြင် 'အင်တာပိုလ်'ခေါ် အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့ချုပ်၊ ပြင်သစ်ထောက်လှမ်းရေးအဖွဲ့ (ဆူရီတေး)၊ စီအိုင်အေ (အမေရိကန်) ဗဟိုထောက်လှမ်းရေးအဖွဲ့၊ မိမိတို့၏ ယူနာကိုဌာနချုပ်မှ တာဝန်မှူးတို့နှင့်လည်း တောက်လျှောက် ဆက်သွယ်စုံစမ်းနေခဲ့သည်။ သို့သော် မည်သည့်အဖွဲ့အစည်း သို့မဟုတ် ဌာနကမှ အရေးပါသောသတင်း တစ်စုံတစ်ရာ မပေးနိုင်ကြချေ။

ဖီလ်ပေါ့သည် ကြက်ဥကြော်ကို ခက်ရင်းနှင့်ထိုး၍ စားမည်ပြုစဉ် တယ်လီဖုန်းလာသဖြင့် စိတ်ပျက်သွားလေသည်။

"ဒီ တယ်လီဖုန်းက တကယ့်အချိန်ကျမှပဲ လာတယ်။ ငါ ရေချိုးခန်းထဲဝင်နေတုန်း တယ်လီဖုန်းလာတာလည်း ခဏခဏပဲ"

ဤသို့ ညည်းညူရင်းနှင့် တယ်လီဖုန်း စကားပြောခွက်ကို ကောက်ကိုင်ကာ သူမည်သူမည်ဝါဖြစ်ကြောင်း ပြောလိုက်ပြီးနောက် တစ်ဘက်မှ ပြောသံကိုသာ ဂရုစိုက် နားထောင်နေလိုက်သည်။

ထို့နောက် ဖီလ်ပေါ့သည် တယ်လီဖုန်းထဲသို့

"ကျုပ်က အခြေအနေမကောင်းတာ သိပါတယ်။ မကောင်းသတင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု ကြားရတော့မှာပဲဆိုတာလည်း မျှော်လင့်ထားပါတယ်။ ဒါပေမယ့် အခုဟာက ကျုပ် လုံးလုံး မထင်ခဲ့တဲ့အဖြစ်မျိုးပဲဗျ။ ခဏလေးနေဦးနော်။

ဟု ပြောပြီး ဆိုနီယာဘက်သို့ လှည့်၍ ပြောလေသည်။

"ဟေ့ ဆိုနီယာ၊ ရုပ်မြင်သံကြား (တီဗီ)စက် မြန်မြန်ဖွင့်လိုက်စမ်း။ အလွန်အရေးကြီးတယ်ကွ။ မြန်မြန်လုပ်စမ်း"

ဤသို့ပြောပြီးမှ ဖီလ်ပေါ့သည် တယ်လီဖုန်း စကားပြောခွက်ထဲသို့ ဆက်ပြောသည်။

"ကဲ... ဆက်ပြောစမ်းပါဦး"

တစ်ဘက်မှ ပြောသံကို သူသည် နားစိုက်ထောင်နေပြန်လေသည်။

တစ်ချိန်တည်းမှာပင် လက်တစ်ဖက်က အသင့်ရှိသော မှတ်စုစာအုပ်ငယ်တွင် ရေးမှတ်နေလေသည်။

အတန်ကြာအောင် နားစိုက်ထောင်နေပြီးမှ ဖီလ်ပေါ့က တစ်ဘက်သို့ ပြန်ပြောလေသည်။

"ကောင်းပြီလေ။ ကျုပ်ကိုယ်တိုင် သံအမတ်ကြီးကို အမြန်ဆုံး ဆက်သွယ်ပြီးခေါ်ပါ့မယ်။ ရှင်းရှင်းပြောရရင် ဒီစမစ်ဆိုတဲ့လူအကြောင်း ကျုပ်လောက်သိတဲ့လူ မရှိဘူးဗျ။ ဒီကိစ္စမှာ ကျုပ်အတတ်နိုင်ဆုံး ကူညီပါ့မယ်။ ကျုပ် မကူညီလို့လည်း မဖြစ်ဘူး။ ဒါပဲနော်... ဥတ်ဘိုင်"

ပြောပြောဆိုဆို တယ်လီဖုန်းကို ပြန်ချလိုက်သည်။

ဆိုနီယာသည် တယ်လီဖုန်းဆက်သည့်အကြောင်းကို သိချင်လှပြီဖြစ်သည်။

"ပြောစမ်းပါဦးရှင့်၊ ဘာတွေ ဖြစ်ကုန်ပြီလဲ"

"ဖြစ်တာတော့ မပြောပါနဲ့တော့ကွာ။ တကယ်ကို ဆိုးတဲ့ အဖြစ်မျိုး ကြုံနေရပြီလေ။ စမစ်ဆိုတဲ့သတ္တဝါက အီဖယ်လ်မျှော်စင်ကြီးကို အပိုင်စီးထားပြီတဲ့။ ပြင်သစ်ရဲတပ်ဖွဲ့က အဲဒီလိုပဲ ပြောတယ်။ စောစောက ဖုန်းဆက်သူက ပြင်သစ်ထောက်လှမ်းရေး (ဆူရီတေး)အဖွဲ့ အကြီးအကဲ ဖရွန်ဆွာဆိုတဲ့လူပဲ"

"ဟင်... အီဖယ်လ်မျှော်စင်ကြီးကို အပိုင်စီးသတဲ့လား"

ဆိုနီယာက မယုံကြည်နိုင်ဟန်ဖြင့် ပြန်မေးလိုက်သည်။

"အေး... ဟုတ်တယ်။ စမစ်က အီဖယ်လ် မျှော်စင်ကြီးကို လက်နက်ကိုင် တပ်ဖွဲ့တစ်ဖွဲ့နဲ့ တက်စီးထားလိုက်ပြီ။ နောက်ပြီး အဲဒါတင် မဟုတ်သေးဘူးကွ"



"ဘာကို ဆိုလိုတာလဲရှင့်"

"ဒီကောင်က မျှော်စင်ကြီး အပိုင်စီးထားရုံမက၊ ဓားစာခံတစ်ယောက်လည်း ဖမ်းထားတယ်။ စမစ်ဟာ စိတ်ရူးပေါက်နေတဲ့ ဒုစရိုက်သမားပီပီ သူ့အတွက် အခြေအနေ မဟန်တော့ဘူးထင်ရင် ဓားစာခံပုဂ္ဂိုလ်ကို ရန်ရှာဖို့ ဝန်လေးမှာ မဟုတ်ဘူး"

"ဓားစာခံအဖြစ် ဘယ်သူ့ကို ဖမ်းထားတာလဲ ပြောပါဦးရှင့်"

ဖမ်းထားတဲ့ပုဂ္ဂိုလ်က ငါတို့အနေနဲ့ ဘယ်လိုမှ လျစ်လျူရှုလို့မရဘူး။ ဘေးရန်တစ်စုံတစ်ခုလည်း အဖြစ်မခံနိုင်ဘူး။ ဓားစာခံ ဖြစ်နေတာက တခြားလူ မဟုတ်ဘူးကွဲ့။ အမေရိကန် သမ္မတရဲ့ မိခင်ကြီး မစ္စက်ဗိုလာ ဖြစ်နေတယ်'

ဖီလ်ပေါ့၏စကားကို ကြားသည်တွင် ဆိုနီယာ၏ မျက်နှာသည် သွေး မရှိတော့သလို ဖြူဖပ်ဖြူရော် ဖြစ်သွားတော့သည်။

"ဟင်... ဘာ... ဘာပြောတယ်ရှင့်"

"ဘာလဲ မစ္စက်ဗိုလာက ဘာကြောင့် ပဲရစ်မြို့ကို ရောက်နေတာလဲလို့ မင်းသိချင်တာ မဟုတ်လား။ အဘွားကြီးကို အပြည်ပြည်ဆိုင်ရာ ကလေးများ ရန်ပုံငွေအဖွဲ့က ဖိတ်ကြားလို့ ပြင်သစ်ပြည်ကို လာတာပဲ။ မစ္စက်ဗိုလာကိုယ်တိုင် အထူးဧည့်သည်တော်အဖြစ် တက်ရောက်ရမယ့် ရန်ပုံငွေ နေ့လယ်စာ စားပွဲကြီးတစ်ခု ဒီနေ့ အီဖယ်မျှော်စင်မှာ ကျင်းပဖို့ အစီအစဉ် ရှိတယ်"

ပြောရင်းနှင့် ဖီလ်ပေါ့သည် သူ့ကိုယ်သူ ပြန်၍အပြစ်တင်နေပြန်သည်။

"ငါကိုယ်က ညံ့ပါတယ်ကွာ။ စမစ်ရဲ့ ရည်မှန်းချက်က အီဖယ် မျှော်စင်ဆိုတာ ငါ ရိပ်မိဖို့ကောင်းတယ်။ အခုတော့ နောက်ကျနေပြီ။ တကယ်တော့ လောရင့်ဆိုတဲ့လူက အီဖယ်လ်မျှော်စင်ဖြစ်မယ်ဆိုတာ အရိပ်အမြွက်ပြောသွားပဲ"

"ဟုတ်လား။ လောရင့်က ရှင့်ကို ဒီလိုပဲ ပြောဘူးသလား"

"သူနဲ့ စမစ်တို့ ချိန်းတွေ့ပြီး စကားပြောတုန်းက ဒေါ်လာငွေ သန်းသုံးဆယ်အကြောင်းလည်း ပြောတယ်။ ပြီးတော့ သံတိုသံစ အများကြီး ရောင်းရင် ဘယ်ဈေးရမလဲလို့ မေးသတဲ့။ အဲဒီအချက်ကို ငါစဉ်းစားပြီး ကောက်ချက်ချမိဖို့ ကောင်းတယ်။ ဒီနေ့မနက် ငါ အလုပ်သမားတွေရဲ့ စားသောက်ဆိုင်ကလေးကို သွားခဲ့တာဟာ စမစ်ရဲ့အကြံနဲ့ပတ်သက်လို့ သဲလွန်စ

www.burmeseclassic.com

www.burmeseclassic.com



သတင်းကလေး ဘာကလေးရမလားလို့ သွားခဲ့ခြင်းဖြစ်တယ်။ ဒါပေမယ့် ဘာမှအကြောင်းမထူးခဲ့ဘူး။ တကယ်စိတ်ပျက်ဖို့ ကောင်းပါတယ်ကွာ"

ဖီလ်ပေါ့က အကြီးအကျယ် စိတ်ဓာတ်ကျသလို ပြောသဖြင့် ဆိုနီယာက နှစ်သိမ့်အားပေးစကား ပြောရလေသည်။

"သိပ်လည်း စိတ်မပျက်ပါနဲ့လေ။ ရှင်ရဲ့ပင်ကိုဗီဇက လွယ်လွယ်နဲ့ စိတ်ဓာတ်ကျတဲ့ လူစားမျိုးမှ မဟုတ်တာ။ စမစ်ကို ဖြစ်တဲ့နည်းနဲ့ ပြန်တိုက်ဖို့သာ စိတ်ကူးစမ်းပါ"

သည်တော့မှ ဖီလ်ပေါ့သည် စိတ်အားပြန်တက်သလို ဖြစ်လာကာ ဆိုနီယာအား ကျေးဇူးတင်ဟန်ဖြင့် ကြင်နာယုယစွာ နမ်းလိုက်သည်။

ထိုအချိန်၌ အခန်းတွင်းရှိ ရုပ်မြင်သံကြားစက်မှ အသံလွှင့် ကြေညာချက်လာနေပြီ ဖြစ်လေသည်။

အသံလွှင့်နေကျ အစီအစဉ်ကို ကြားဖြတ်၍

"အရေးပေါ် ကြေညာရန် ရှိပါတယ်။ အရေးပေါ် ကြေညာချက် လာပါတော့မယ်"

အသံလွှင့် ကြေညာသူက ထပ်တလဲလဲ ပြောနေလေသည်။ ဆိုနီယာသည် ဖီလ်ပေါ့၏ လက်မောင်းကို ကိုင်ရင်း

"ဟောဟိုမှာ တီဗွီက သတင်းထူး လာလိမ့်မယ်ထင်တယ်"

ဟု ပြောလိုက်လေသည်။

ဖီလ်ပေါ့သည် တယ်လီဗီးရှင်းစက်ရှိရာသို့ လျှောက်သွားပြီး ကုလားထိုင်တစ်လုံးတွင် ထိုင်လိုက်သည်။

"ဇကန္တ စမစ်က ပြင်သစ် တစ်နိုင်ငံလုံးကို ရုပ်မြင်သံကြားက အသံလွှင့် ကြေညာနိုင်အောင် သူ့ရဲ့ဆက်သွယ်ရေးအဖွဲ့က ဖန်တီးလိုက်ပြီလို့ တူတယ်။ သူ့အဖွဲ့မှာ ဒါမျိုးကျွမ်းကျင်သူတွေလည်းပါတော့ အစိုးရက ဘယ်လိုမှ တားလို့မရအောင်လည်း ဖန်တီးတာဖြစ်လိမ့်မယ်။ အခုအချိန်မှာတော့ ပြင်သစ်အစိုးရကလည်း သူအသံလွှင့်ကြေညာတာကို တားချင်မှာ မဟုတ်ဘူး။ ဒီကောင် ဘာပြောတယ်ဆိုတာသာ နားထောင်ကြည့်ရအောင်"

ဖီလ်ပေါ့က ဆိုနီယာအား လှမ်းပြောလိုက်စဉ်မှာပင် တီဗီ၏ဖန်သားပြင်ပေါ်တွင် ဆရာကြီးစမစ်၏ ရုပ်ပုံထင်ရှားစွာ ပေါ်လာလေသည်။

စမစ်က မျက်နှာထား တည်တည်ဖြင့် စကား စပြောလေသည်။



"ပရိသတ်အားလုံးကို အခုလို အနှောင့်အယှက် ပေးရတာ ဝမ်းနည်းပါတယ်။ ဒါပေမယ့် ရုပ်မြင်သံကြားက ဇာတ်လမ်း ဇာတ်ကွက်တွေကြည့်တဲ့ ပရိသတ်အဖို့ တကယ့်အဖြစ်အပျက် ဘဝဇာတ်လမ်းတစ်ခု ကျုပ်က တင်ပြပေးပါ့မယ်။ အင်မတန်လည်း စိတ်ဝင်စားစရာကောင်းတဲ့ ဇာတ်လမ်းပါပဲ"

ဤသို့ စမစ်က စကားကို ပဏာမပျိုးလိုက်သည်။

သူသည် ပြင်သစ်ဘာသာဖြင့် ကျွမ်းကျင်စွာပြောပြီးနောက် ဆက်လက်၍ အင်္ဂလိပ်ဘာသာဖြင့် ထိုစကားကိုပင် ပြောပြန်သည်။

စမစ်သည် ခပ်တည်တည်နှင့် ဆက်လက်ကြေညာလေသည်။

"ကျုပ်ရဲ့ နာမည်က မစ္စတာစမစ် ဖြစ်ပါတယ်။ ကျုပ်က အီဖယ်လ်မျှော်စင်ကြီးကို အပိုင်စီးထားလိုက်ပြီ။ ဒါဟာ ရယ်စရာပြောနေတာ မဟုတ်ဘူး။ ပရိသတ်များကိုယ်တိုင် တွေ့မြင်ကြရပါမယ်"

စမစ်က ဤသို့ပြောလိုက်စဉ် ရုပ်မြင်သံကြား ဖန်သားပြင်တွင် သူ၏အရုပ်ပျောက်သွားပြီး တီဗီကင်မရာက ရုပ်ရှင်ရိုက်သလို လှည့်ပတ်၍ ရိုက်ပြသော မြင်ကွင်းများသည် ပေါ်လာလေသည်။

ရှေးဦးစွာ ကင်မရာသည် မျှော်စင်ကြီး၏ အောက်ခြေပတ်ဝန်းကျင် မြင်ကွင်းကို ရိုက်ပြလေသည်။ စမစ်၏ အဖွဲ့မှ လက်နက်ကိုင် ကွန်မန်ဒိုများကို မြင်ရသလို မလှမ်းမကမ်း၌ ဘာမှမတတ်နိုင်ဘဲ ရပ်ကြည့်နေသူ ပြင်သစ်ရဲတပ်ဖွဲ့ဝင်များကိုလည်းကောင်း၊ ကြိတ်ကြိတ်တိုး ဝိုင်းအုံကြည့်နေသော လူထုပရိသတ်ကြီးကိုလည်းကောင်း မြင်ရလေသည်။

ထို့နောက် တီဗီကင်မရာသည် အပေါ်သို့ မော့ကာ မျှော်စင်၏ ပထမ အထပ်မှစ၍ တဖြည်းဖြည်း မြင့်တက်လျက် ရိုက်ကွင်းများ ပြသပြန်သည်။

ထိုအချိန်အထိ ရုပ်မြင်သံကြားစက် မြင်ကွင်းတွင် လေဆာရောင်ခြည်သေနတ်များ လုံးဝ မမြင်သေးသဖြင့် ဖီလ်ပေါ့သည် ထိုင်ကြည့်နေရင်း အားတက်သွားမိသည်။

သူ၏ လူယုံ (တန်ပြန်သူလျှို)များဖြစ်သော ဆာဘာရီနာနှင့် စီဒဗလျူတို့က လေဆာသေနတ်တွေ ချွတ်ယွင်းအောင် ကြံဖန်ဖျက်ဆီးပစ်နိုင်၍ပေလော။

သို့သော် ချက်ချင်းပင် ဖီလ်ပေါ့က စိတ်ကူးယဉ်ခြင်းကို ရပ်ဆိုင်းလိုက်သည်။ စမစ်သည် အလွန်ဉာဏ်များသူဖြစ်၍ မိမိတို့အား အခိုက်အတန့်အားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



လှည့်စားထားခြင်းသာ ဖြစ်ပေလိမ့်မည်။

ရုပ်မြင်သံကြားစက်၏ ဖန်သားပြင်တွင် စမစ်၏အရုပ်နှင့် အသံပေါ်လာ ပြန်သည်။

“ပရိသတ်များမြင်ကြတဲ့အတိုင်း ကျုပ်ပြောတာ အမှန်ဖြစ်တယ်ဆိုတာ သိရပြီမဟုတ်လား။ ဒါတင်မကသေးဘူး။ ကျုပ်တို့ အဓိက ဓားစာခံတစ်ဦးလည်း မျှော်စင်ပေါ်မှာ ဖမ်းထားတယ်။ လောလောဆယ်တော့ အဲဒီ ဓားစာခံ ပုဂ္ဂိုလ်အနေနဲ့ အန္တရာယ်မရှိသေးပေမယ့် ကျုပ်ရဲ့တောင်းဆိုချက်ကို ပြင်သစ်အစိုးရက မလိုက်လျောဘူးဆိုရင်တော့ သူရဲ့ကံကြမ္မာဟာ တစ်မျိုးတစ်ဖုံ ဖြစ်သွားနိုင်တယ်ဆိုတာ သတိပေးချင်ပါတယ်”

ဤတွင် တီဗီကင်မရာသည် နောက်ထပ် မြင်ကွင်းတစ်ခုကို ရိုက်ပြ ပြန်လေသည်။

နေရာကား အထူးဧည့်သည်တော်များအတွက် သီးသန့် (ဗီအိုင်ပီ) အခန်းပင် ဖြစ်သည်။

အခန်းတွင်းရှိ ကုလားထိုင်တစ်လုံးတွင် ထိုင်နေသူ မစ္စက်ဗိုလာအား ပရိသတ်က ထင်ရှားစွာ မြင်ရလေသည်။ မျက်နှာထား ခပ်တည်တည် ဖြစ်နေသော်လည်း အဘွားကြီးသည် မျက်လွှာချကာ ခပ်ငုံ့ငုံ့ ထိုင်နေလေသည်။

တစ်ကြိမ်တွင် မစ္စက်ဗိုလာသည် ခေါင်းမော့လိုက်ရာ ကင်မရာက သူမ၏ မျက်နှာတည့်တည့်ကို ရိုက်ပြလေသည်။

စမစ်၏အသံက ထွက်ပေါ်လာပြန်သည်။

“အဲဒါ မစ္စက်ဗိုလာဆိုတဲ့ အမျိုးသမီးကြီးပါပဲ ခင်ဗျာ။ ပရိသတ်တချို့ကတော့ အမေရိကန် သမ္မတရဲ့ မိခင်ကြီးဖြစ်ကြောင်း မှန်မိကြပါလိမ့်မယ်”

ဤတွင် ရုပ်မြင်သံကြား ကင်မရာသည် စမစ်၏မျက်နှာကို ရိုက်ပြ ပြန်လေသည်။

“အားလုံး မြင်ကြရတဲ့အတိုင်း အခု ရုပ်မြင်သံကြားစက်ကတစ်ဆင့် မြင်ခဲ့ရသမျှတွေဟာ တစ်ခုမှ မဟုတ်မှန် လုပ်ကြံထားတာရယ်လို့ လုံးဝမရှိပါဘူး။ ကျုပ်နဲ့ ကျုပ်ရဲ့ အဖွဲ့သားတွေက မျှော်စင်ကြီး တစ်ခုလုံးကို သိမ်းပိုက်ထားပြီး ဖြစ်ပါတယ်။ ကျုပ်တို့ဘက်က ဘယ်လောက်ပိုင်တယ်ဆိုတာလည်း မကြာခင်အချိန်အတွင်းမှာ လက်တွေ့ပြပါဦးမယ်။ ကျုပ်တို့အနေနဲ့ မစ္စက်ဗိုလာ



ရဲ့အသက်ကို ပြန်ရွေးယူဖို့ သင့်တော်တဲ့ငွေ မရမချင်း မျှော်စင်ကြီးကို သိမ်းပိုက်ထားရပါလိမ့်မယ်။ ဒီ မျှော်စင်ကြီး တည်ဆောက်စဉ်က ကုန်ကျစရိတ်ဟာ အမေရိကန်ဒေါ်လာ ၁၆ သိန်းလောက် ကျတယ်လို့ သိရပါတယ်။ ဒီနေ့ ပေါက်ဈေးတန်ဖိုးအရဆိုရင်တော့ ဒေါ်လာ ၆၈၀ သိန်းလောက် ရှိပါလိမ့်မယ်။ ဒါပေမယ့် ကျုပ်အနေနဲ့ ပြင်သစ်ပြည်သူ တစ်ရပ်လုံးကို ပြောချင်တာက ကျုပ်လိုချင်တဲ့ ဒေါ်လာငွေ သန်း ၃၀၀ ရရင်တော့ မျှော်စင်ကြီးကို လုံးဝ အပျက်အစီးမရှိဘဲ ပြန်ပေးအပ်ပါမယ်။ ဒါဟာ ကျုပ်က မတရားတောင်းတာ မဟုတ်ပါဘူး။ နောက်တစ်ချက်က အခု တောင်းဆိုတာကို လိုက်လျောချင်အောင်လည်း မစ္စက်ဗိုလာကို ဓားစာခံအဖြစ် ဖမ်းထားတယ်ဆိုတာကိုပါ ထည့်စဉ်းစားကြစေချင်ပါတယ်”

စမစ်က ပြောနေပုံမှာ စစ်အောင်နိုင်သူတစ်ဦးက ဂုဏ်ယူဝင့်ကြွားစွာဖြင့် မိမိ၏ အရည်အသွေးကို ဖော်ထုတ်ပြောနေသလို ဖြစ်နေလေသည်။

ဖီလ်ပေါ့ကတော့ ရုပ်မြင်သံကြားစက်ရှေ့တွင် ထိုင်ကြည့်ရင်း စိတ်ဓာတ်ကျဆင်းနေသည့် ဟန်မျိုး ဖြစ်နေသည်။ စမစ်အမည်ရှိ မိုက်ရူးရဲ ဒုစရိုက်ခေါင်းဆောင်၏ နောက်ထပ် လှုံ့ထားချက် သို့မဟုတ် ဗုက်ဖဲလာလေ ဦးမည်ဟုလည်း သူ၏ စိတ်ထဲက သိနေပြီးဖြစ်သည်။

ထိုအခိုက် တယ်လီဖုန်းလာသဖြင့် ဆိုနီယာက ကောက်ကိုင်နားထောင်လိုက်သည်။

“ဟဲလို… ဟုတ်ကဲ့၊ ဩော်… သံအမတ်ကြီးလား၊ ခဏလေးနော်။ မစ္စတာဖီလ်ပေါ့က တီဗီလွှင့်နေတာ ဆုံးအောင်နားထောင်နေပါတယ်”

ဤသို့ပြောပြီး ဆိုနီယာသည် တယ်လီဖုန်းစကားပြောခွက်ကို လက်တစ်ဖက်ဖြင့် အုပ်၍ ကိုင်ထားလိုက်သည်။

ရုပ်မြင်သံကြားပေါ်တွင်ကား စမစ် ဆက်လက်ပြောနေသည်။

“အခုအချိန်ကစပြီး အားလုံး သေသေချာချာ ကြည့်ကြပါ။ ကျုပ်တို့ကို အစိုးရက အကြမ်းဖက်နည်းနဲ့ တိုက်ဖို့ကြံရင် ကြည်းကြောင်းကဖြစ်စေ၊ လေကြောင်းကဖြစ်စေ၊ ဘယ်လိုမှ ယှဉ်တိုက်လို့ မရနိုင်ဘူးဆိုတာ။ ကျုပ်လက်တွေ့ ပြပါမယ်”

သူ၏စကား ဆုံးသည်နှင့် ပိတ်ကားပေါ်မှာ သူ၏အရုပ်ပျောက်သွားပြီး ကင်မရာ ရိုက်ချက်သည် ရုပ်ရှင်ကားထဲကလို အပေါ်သို့ မော့ကြည့်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မျှော်စင်အပေါ်ပိုင်း တစ်နေရာတွင် တပ်ဆင်ထားသော လေဆာရောင်ခြည် သေနတ်တစ်လက်သည် ထင်ရှားစွာ ပေါ်လာလေသည်။ သေနတ်ပြောင်းဝသည် ကင်မရာတည့်တည့်နေရာသို့ ရောက်သောအခါ မြင်ရသူပရိသတ်အနေဖြင့် ထိတ်လန့်တုန်လှုပ်သွားတော့သည်။ သေနတ်၏ အနေအထားကို မြင်ရရုံနှင့် အလွန်အစွမ်းထက်မြက်သော နောက်ဆုံးပေါ် လက်နက်ဆန်းတစ်ခုဖြစ်ကြောင်း ထင်ရှားနေလေသည်။

စမစ်၏အသံသည် ရုပ်မြင်သံကြားစက်မှ ကြည်လင်ပြတ်သားစွာ ထွက်ပေါ်လာပြန်သည်။

"အခု ပရိသတ်မြင်ရတဲ့ လက်နက်က လေဆာရောင်ခြည်သေနတ်လို့ ခေါ်ပါတယ်။ အဲဒီသေနတ်လက်နက်မျိုး လေးလက်တိတိဟာ ဒီမျှော်စင်ကြီးရဲ့ လေးဘက်လေးတန်ကနေပြီး ကာကွယ်ထားပါတယ်။ လေဆာသေနတ်များရဲ့ ထိရောက်တဲ့ ပိုင်နက် အကျယ်အဝန်းကတော့ မျှော်စင်ကြီး ပတ်ပတ်လည် မြေပြင်သာမက အနီးအနား ပတ်ဝန်းကျင် ကောင်းကင်လည်း ပါတယ်ဆိုတာ လူကြီးမင်းများအားလုံး သိထားစေချင်ပါတယ်"

စမစ်၏ ကြေညာချက်ကို ရုပ်မြင်သံကြားစက်မှတစ်ဆင့် အသံချဲ့စက်(စပီကာ)များနှင့်လည်း ဆက်သွယ်ထားသဖြင့် မျှော်စင်ခြေရင်း မြေပြင်ခပ်လှမ်းလှမ်းမှ ရပ်ကြည့်နေသူ လူထုပရိသတ်ကြီးကပင် ကောင်းစွာ ကြားနေရလေသည်။

ထို့ပြင် စမစ်၏ အသံလွှင့် ကြေညာချက်သည် ပြင်သစ်ရုပ်မြင်သံကြားစက်၏ လေလှိုင်းသံကို ဖမ်း၍ရသော ပြင်သစ်တစ်နိုင်ငံလုံးသာမက အနီးအနားရှိ ဘယ်လ်ဂျီယံ၊ ဂျာမနီ၊ လူဇင်ဘတ် စသော နိုင်ငံများကပါ ကြားနေရလေသည်။

စမစ်၏ ကြေညာချက်က မဆုံးသေးချေ။

"လေဆာရောင်ခြည် လက်နက်များနဲ့ ပတ်သက်လို့ အနည်းငယ် ရှင်းပြချင်ပါတယ်။ ဒီသေနတ်လေးလက်ရဲ့ ပိုင်ရှင်က အမေရိကန်စစ်တပ် ဖြစ်ပါတယ်။ ဂျာမနီနိုင်ငံ စတက်ဂတ်မြို့နားက လျှို့ဝှက်စခန်းတစ်ခုမှာ အမေရိကန် စစ်တပ်က ဒီသေနတ်တွေ စမ်းသပ်နေတုန်း ကျုပ်က အပိုင်စီး ယူလာခဲ့တယ်။ ဒီလက်နက်တွေရဲ့ သတ္တိကတော့ နျူကလီးယားလက်နက်၊ ဟိုက်ဒရိုဂျင် ဗုံးကြီးတွေလောက် ကြောက်စရာ မကောင်းပေမယ့် ရန်သူကို



ချေမှုန်းရာမှာ အလွန်အံ့ဩဖွယ်ကောင်းလောက်အောင် ထိရောက်ထက်လှပါတယ်။ အခုဆိုရင် ဒီမျှော်စင်ကြီး ပတ်ပတ်လည် ကျုပ်တို့ သတ်မှတ်ထားတဲ့ ပယ်ရီမီတာ စက်ဝိုင်းအတွင်း (ပတ်ဝန်းကျင် ကောင်းကင်ပြင်ပါမကျန်) ဝင်ရောက် လှုပ်ရှားလာတဲ့ သက်ရှိသက်မဲ့ ဝတ္ထုပစ္စည်းမှန်သမျှကို မလွဲတမ်း ရှာဖွေချဉ်းကပ်ပြီး မှုန့်မှုန့်ညက်ညက် ကြေသွားအောင် ချေမှုန်းပစ်နိုင်တယ်။ ဒါကြောင့် ကျုပ်က ပြင်သစ်ပြည်သူများနဲ့ အထူးသဖြင့် ကြည်းတပ်၊ လေတပ်များကို သတိပေးချင်တာက ကျုပ်တို့ရဲ့ လေဆာရောင်ခြည် သေနတ်လက်နက်တွေကို ယှဉ်ပြိုင်တိုက်မယ် မကြံနဲ့လို့ ဆိုချင်တယ်။ ကျုပ်တို့ လေဆာသေနတ်လေးလက်စလုံးကို ချဉ်းကပ်လာသမျှ ရန်သူအားလုံး ချေမှုန်းဖျက်ဆီးပစ်အောင် စက်ခလုတ်တွေ ဖွင့်ထားပြီး ဖြစ်ပါတယ်။ လောလောဆယ် ကျုပ်ပြောချင်တာကတော့ ဒါပါပဲ။ ကျေးဇူးတင်ပါတယ်"

ရုပ်မြင်သံကြားစက်၏ ဖန်သားပေါ်မှ အရုပ်နှင့်အသံ လုံးဝ ပျောက်သွားလေသည်။

ပဲရစ်မြို့တော်ရှိ အစိုးရရုံးများ၊ လူနေအိမ်များ၊ ဈေးဆိုင်များအားလုံးရဲ့ ရုပ်မြင်သံကြား (တီဗီ)မှတစ်ဆင့် ဒုစရိုက်ဂိုဏ်းဆရာကြီး စမစ်၏ ခြိမ်းခြောက်ကြေညာချက်ကြောင့် အကြီးအကျယ် အံ့ဩ တုန်လှုပ်ကြကုန်တော့သည်။

ဝါရှင်တန်၊ လန်ဒန်၊ မော်စကို၊ ပီကင်း၊ ကိုင်ရို၊ ဘရပ်ဆယ်လ် စသော ကမ္ဘာ့မြို့တော်အသီးသီး၌လည်း နိုင်ငံအကြီးအကဲများ၊ သတင်းစာဆရာများက မိနစ်ပိုင်းနှင့်အမျှ ဝင်လာသော ကြေးနန်းသတင်းများကို ဂရုတစိုက် လေ့လာနေကြသလို သံတမန်ဆိုင်ရာ ရပ်ကွက်များ အချင်းချင်း လျှို့ဝှက်ရေဒီယိုဆက်သွယ်ရေးဖြင့် အပြန်အလှန် ဆက်သွယ်နေကြပုံကလည်း ကမ္ဘာတစ်ခုလုံး တုန်လှုပ်ချောက်ချားနေဘိသကဲ့သို့ ဖြစ်နေတော့သည်။

ဖီလ်ပေါ့သည် တယ်လီဖုန်းရှိရာသို့ ပြေးလာပြီး စကားပြောခွက်ကို ကောက်ကိုင်လိုက်သည်။

"ဟဲလို... သံအမတ်ကြီး၊ ကျွန်တော် ဖီလ်ပေါ့ပါ။ စမစ်ဆိုတဲ့ သတ္တဝါ ခြိမ်းခြောက်သွားတာကို တီဗီနဲ့ မြင်လိုက်ရတယ် မဟုတ်လား။ ကောင်းပြီ၊ ကျွန်တော် အခုပြောတာကို သေသေချာချာ နားထောင်စေချင်ပါတယ်။ ကျွန်တော်က စမစ်ရဲ့အကြောင်း ကောင်းကောင်းသိပါတယ်။ သူရဲ့ လုပ်နည်းလုပ်ဟန်တွေကိုပါ လေ့လာခဲ့လို့ သိနေတယ်။ ပြီးတော့ လေဆာ

www.burmeseclassic.com

www.burmeseclassic.com



ရောင်ခြည်သေနတ်အကြောင်းလည်း ကျွန်တော် သိတယ်ခင်ဗျ။ အခုကိစ္စမှာ အဲဒီသေနတ်လေးလက်က အရေးကြီးဆုံးပဲ။ လေဆာသေနတ်တွေသာ မရှိရင် ကျွန်တော်တို့ဘက်က မျှော်လင့်ချက် ရှိနိုင်တယ်။ ဒါတော့ မစ္စက်ဗိုလာအဖို့ အန္တရာယ်ဖြစ်တာမျိုး လုပ်လို့မဖြစ်ဘူး။ စမစ်လက်မှာ လေဆာသေနတ်တွေ ရှိနေသမျှ ကာလပတ်လုံး အာဏာပိုင်တွေအနေနဲ့ ဘယ်လိုမှ မလုပ်နိုင်ဘူး။ ကျွန်တော် ပြောတာရှင်းရဲ့မဟုတ်လား သံအမတ်ကြီး''

ဖီလ်ပေါ့သည် ခေတ္တရပ်ထား၍ တစ်ဘက်မှ စကားသံကို နားထောင်ပြီးမှ ဆက်ပြောလေသည်။

''အိုကေ··· တစ်ခု ရှိတာက ကျွန်တော်နဲ့ ကျွန်တော့်အဖွဲ့သားတွေအနေနဲ့ အခြေအနေကို တစ်မျိုးပြောင်းသွားအောင် ဖန်တီးနိုင်ဖို့ မျှော်လင့်ချက်ကလေး နည်းနည်းတော့ရှိပါတယ်။ ဒါကို ခင်ဗျားတစ်ယောက်တည်း သိပါစေနော်။ ကောင်းပြီ။ ကျွန်တော်ရဲ့ အဖွဲ့သားနှစ်ယောက်ကို စမစ်ရဲ့ဂိုဏ်းထဲမှာ အတွင်းလူအဖြစ်နဲ့ ထည့်ထားတယ်။ အခု သူတို့နှစ်ယောက်စလုံး မျှော်စင်ကြီးပေါ်ရောက်နေကြပြီ။ ရှင်းတယ် မဟုတ်လား။ အိုကေ··· သံအမတ်ကြီးအနေနဲ့ ပြင်သစ်အစိုးရအာဏာပိုင်တွေနဲ့ ဆွေးနွေးပြီး နားလည်မှုရအောင် လုပ်ပေးပါ။ ကျွန်တော်က ပြင်သစ်အစိုးရရဲ့ အနီးရောင် ဦးစားပေးအဆင့် ရရှိထားတာလည်း သံအမတ်ကြီး သိပြီးရောပေါ့။ ကျွန်တော်လိုချင်တာက ဆိုနီယာ၊ ကျွန်တော်တို့ကို ဒီကိစ္စမှာ လွတ်လပ်စွာ လှုပ်ရှားနိုင်ဖို့ သက်ဆိုင်ရာတွေက သဘောတူခွင့်ပြုကြဖို့ပဲ။ ဒါမျိုးက ရှေ့လောကြီးပြီး ရမ်းလုပ်လို့ မရဘူးခင်ဗျ။ ဒါကြောင့် ကျွန်တော်က အခုလိုပြောနေရတာပါ။ အဲဒါပါပဲ။ သက်ဆိုင်ရာနဲ့ အမြန်ဆုံး စီစဉ်ပြီး ဖုန်းပြန်ဆက်စမ်းပါ။ ကျွန်တော် ဒီမှာပဲ ရှိနေမယ်''

ဖီလ်ပေါ့သည် စကားကိုဖြတ်ပြီး တယ်လီဖုန်းကို ပြန်ချလိုက်သည်။

''လောလောဆယ်တော့ ငါတို့စောင့်နေရုံပဲ''

ဆိုနီယာဘက်သို့ လှမ်းပြော၍ တစ်မိနစ်ပင် မပြည့်သေးမီ တယ်လီဖုန်း လာပြန်သည်။

''ဟဲလို··· သံအမတ်ကြီးလား''

ဖီလ်ပေါ့က စပြောလိုက်ပြီးမှ တစ်ဘက်မှ ပြောသူမှာ သံအမတ်ကြီး မဟုတ်သဖြင့် အံ့အားသင့်သွားမိလေသည်။



''ဟုတ်ကဲ့ ကျွန်တော် ကိုင်ထားပါမယ်''

ဖီလ်ပေါ့သည် ဆိုနီယာအား လှမ်း၍ ခေါင်းခါပြလိုက်သည်။ ခေါင်းခါပုံက စိတ်ပျက်သည့်ဟန်မျိုးမဟုတ်ဘဲ တစ်ဘက်မှ လူအတွက် စိတ်မကောင်းသည့်ဟန်မျိုး ဖြစ်သည်။

ထို့နောက် တယ်လီဖုန်း စကားပြောခွက်ထဲသို့ ဆက်ပြောလေသည်။

''ဟဲလို··· ဟုတ်ကဲ့ သမ္မတကြီးခင်ဗျာ၊ ကျွန်တော် ဖီလ်ပေါ့ပါ။ စိတ်ချပါ။ ကျွန်တော်တို့က မစ္စက်ဗိုလာအတွက် ဘေးအန္တရာယ်ဖြစ်မယ့် ခြေလှမ်းမျိုးဆိုရင် လုံးလုံး မလုပ်ပါဘူးဆိုတာ ကတိပေးပါတယ်။ ဒီအတောအတွင်း ကျွန်တော်က လူကြီးမင်းရဲ့ အထူးကိုယ်စားလှယ်အဖြစ် လုပ်ကိုင်ဆောင်ရွက်ဖို့ တာဝန်ပေးစေချင်ပါတယ်။ လူကြီးမင်းရဲ့ အကျိုးဆောင်သဘောပါ။ သိပ်လည်း စိုးရိမ်မနေပါနဲ့ ခင်ဗျ။ ကျွန်တော်တို့ကို ယုံကြည် စိတ်ချစေချင်ပါတယ်။ ကျွန်တော်ကလည်း မကြာခဏ ဆက်သွယ်သတင်းပို့နေပါမယ်။ ဟုတ်ကဲ့··· ဟုတ်ကဲ့ ဒါပါပဲ ခင်ဗျ။ ကျေးဇူးတင်ပါတယ်''

ဖီလ်ပေါ့က စကားဖြတ်လိုက်ချိန်တွင် သူသည် အမေရိကန်သမ္မတ ဝါရင်ဗိုလာနှင့် ရေဒီယို တယ်လီဖုန်းပြောနေခြင်းဖြစ်ကြောင်း ဆိုနီယာက သိလိုက်ပြီဖြစ်သည်။

တယ်လီဖုန်း လာပြန်သည်။

သည်တစ်ခါတော့ ဖုန်းဆက်သူက အမေရိကန်သံအမတ်ကြီး ရေဗင်ဘတ် ဖြစ်သည်။

သံအမတ်ကြီးက ယခု မျှော်စင်အပိုင်စီး၍ မစ္စက်ဗိုလာအား ဓားစာခံအဖြစ် ဖမ်းထားခြင်းကိစ္စတွင် ယူနာကိုအဖွဲ့က တာဝန်ယူဆောင်ရွက်ရန် သက်ဆိုင်ရာက သဘောတူကြောင်း ဖီလ်ပေါ့သည် ယခု စစ်ဆင်ရေးကို ကွပ်ကဲညွှန်ကြားသူ တာဝန်ခံ အကြီးအကဲဖြစ်သည်ဟု ယူဆနိုင်ကြောင်း ပြောရင်း

''ပြီးတော့ ဖီလ်ပေါ့။ ကျုပ်တို့ဘက်က အနိုင်ရဖို့ သေချာအောင်လည်း လုပ်ဗျ။ အခုကိစ္စမှာ တစ်ကမ္ဘာလုံးက သတင်းနားစွင့်နေကြတယ်။ သမ္မတကြီး ကိုယ်တိုင်ကလည်း စမစ်ဆိုတဲ့လူဟာ အပြည်ပြည်ဆိုင်ရာ လုံခြုံရေးအတွက် အထူးအန္တရာယ်ရှိနေတဲ့အတွက် အပြတ်နှိမ်နင်းဖို့ လိုအပ်တယ်လို့ သဘောရ တယ်။ ဒီအချက်ကို မမေ့ပါနဲ့''

www.burmeseclassic.com

www.burmeseclassic.com



ဟု အဆုံးသတ်လိုက်သည်။

ဖီလ်ပေါ့သည် တယ်လီဖုန်းကို ပြန်ချပြီးနောက် ပြုံး၍ ဆိုနီယာအား လှမ်းကြည့်လိုက်သည်။

"ကဲ လာ… ငါတို့ လှုပ်ရှားဖို့ အချိန်ရောက်ပြီ။ ပထမဆုံး ခြေလှမ်းကတော့ ပြင်သစ်အစိုးရ ပြည်ထဲရေးဝန်ကြီးဌာနကို သွားရမယ်။ လုပ်စရာတွေက များလွန်းလို့ အချိန်မီပါစေလို့သာ ဆုတောင်းပေတော့"

* * *

လူတို့၏ သဘာဝတစ်ခုမှာ လူစုလူဝေးနှင့် တစ်စုံတစ်ရာကို ကြည့်ရမည်ဆိုလျှင် မိမိတို့၏ ကလေးငယ်များကို ရှေ့ဆုံးသို့ တွန်းပို့ထားလေ့ရှိခြင်းပင် ဖြစ်သည်။

အမှန်တော့ ကလေးများကို ရှေ့သို့ ပို့ထားခြင်းအားဖြင့် လူကြီးများက ကြည့်စရာ ရှုစရာကို ကောင်းစွာ ကြည့်နိုင်သောကြောင့်ပင် ဖြစ်သည်။

ယခု အီဖလ်မျှော်စင်ကြီးအနီး၌ ပွဲကြည့်သလို ဝိုင်းအုံကြည့်နေကြသော လူများသည်လည်း အလားတူပင် ပြုမူကြလေသည်။

အသက်ခုနစ်နှစ်ရွယ်ခန့် ကလေးမလေးတစ်ဦးအား သူ၏မိခင်က လူအုပ်ကြီး၏ရှေ့နားသို့ တွန်းပို့ထားပြီး သူကတော့ မျှော်စင်ကြီးပေါ်သို့ စိတ်ဝင်စားစွာ မော့ကြည့်နေလေသည်။

ကလေးမကလေးသည် လူအုပ်ရှေ့မှဆီး၍ ရပ်နေသော ရဲတပ်ဖွဲ့ဝင်နှစ်ဦး၏ကြားသို့ ရောက်နေသည်။ သူမ၏ လက်တွင် ကစားစရာ ရောင်စုံဘောလုံးကြီးတစ်လုံး ကိုင်ထားပြီး ဘာမှန်းညာမှန်းမသိဘဲ မိခင်ကဲ့သို့ပင် မျှော်စင်ကြီးဆီသို့ ငေးကြည့်နေရှာသည်။

မိခင်ဖြစ်သူက ကလေးပခုံးကိုလက်ဖြင့် ကိုင်ထားပါသော်လည်း သူမ၏ အာရုံက မျှော်စင်ကြီးဆီသို့သာ ရောက်နေလေသည်။

ကလေးမကလေးသည် ကြာတော့ ပျင်းသလိုဖြစ်လာကာ လက်ထဲမှ ဘောလုံးကြီးကို မြေပြင်သို့ ပေါက်ကစားလိုက်သည်။ သို့သော် ပြန်ခုန်တက်အလာတွင် ကလေးကဖမ်းရာ မမိဘဲ သူမ၏ဒူးနှင့်တိုက်မိပြီး ရှေ့သို့ လွင့်ထွက်သွားလေသည်။



ပို၍ ဆိုးသွားသည်ကား ဘောလုံးသည် ရဲများက မြေဖြူဖြင့် မှတ်သားစည်းတားထားသော မျှော်စင်ပတ်ပတ်လည် ပယ်ရီမီတာ မျဉ်းကြောင်းဆီသို့ လိမ့်ဝင်သွားခြင်းပင် ဖြစ်သည်။

ကလေးမလေးသည် သူ၏ဘောလုံးကို တပ်မက်သဖြင့် မိခင်၏လက်မှ ရုန်းထွက်ကာ ဘောလုံးနောက်သို့ တအားပြေးလိုက်သွားတော့သည်။

သည်တော့မှ မိခင်ဖြစ်သူက ထိတ်လန့်တကြား ဟစ်အော်ရင်း ကလေးနောက်သို့ ပြေးလိုက်ရန် ကြိုးစားလေသည်။ သို့သော် ရဲတပ်ဖွဲ့ဝင်များက အတင်း တားဆီးထားလိုက်သည်။

ထိုအချိန်၌ သူတို့၏လက်ဝဲဘက် ပေနှစ်ဆယ်ခန့်အကွာရှိ လူအုပ်ထဲမှ ဇလကောင်းကောင်း လူတစ်ယောက်သည် လျင်မြန်စွာ လှုပ်ရှားလိုက်သည်။

ဘောလုံးနောက် ပြေးလိုက်သူ ကလေးမကလေးအဖို့ မျှော်စင်အောက်ခြေသို့ ရောက်သွားပါက အန္တရာယ်ရှိနိုင်ကြောင်းသိသော ထိုဇလကောင်းကောင်းနှင့်လူသည် သူ့ရှေ့ရှိ ရဲတစ်ဦးကို အတင်းတွန်းဖယ်ကာ ကလေးမနောက်သို့ အတင်ပြေးလိုက်သွားသည်။

မျှော်စင်ပေါ်မှ လေဆာသေနတ်ပြောင်းဝသည် ကွန်ပျူတာစနစ်ဖြင့် ဖန်တီးထားသည့်အတိုင်း လှုပ်ရှားလာလေသည်။ မျှော်စင်ပတ်ပတ်လည် ပယ်ရီမီတာစက်ဝိုင်းအတွင်း လှုပ်ရှားသည့် အရာမှန်သမျှကို လေဆာသေနတ်ကရှာဖွေပြီး ချိန်ရွယ်ဖျက်ဆီးပစ်မည် ဖြစ်လေသည်။

ဘောလုံးနောက်သို့သာ သဲသဲမဲမဲပြေးလိုက်နေသူ ကလေးမကလေးသည် အန္တရာယ်ကို လုံးဝ မသိရှာချေ။ ဘောလုံးနားသို့ ရောက်ခါနီးသောအခါ သူမသည် အန္တရာယ်ရှိသော ပယ်ရီမီတာမျဉ်းသို့ ချဉ်းကပ်နေပြီဖြစ်သည်။ သို့သော် နောက်မှ လိုက်လာသောလူက အတင်းခုန်လွှား၍ ကလေးငယ်အား လက်မတင်ကလေး လွတ်အောင် ဖမ်းပွေ့ချီလိုက်လေသည်။

ဘောလုံးကတော့ အန္တရာယ်မျဉ်းကြောင်းကို ဖြတ်ကျော်ကာ ဆက်လိမ့်ဝင်သွားလေသည်။

ချက်ချင်းပင် မျှော်စင်ပေါ်မှ လေဆာသေနတ်သည် ပစ်မှတ်ရှာရင်း လိမ့်ဝင်သွားသည့် ဘောလုံးတည့်တည့်ဆီသို့ စူးရှသော အလင်းရောင်တန်းလျှပ်တစ်ပြက် လွှတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေသော ပရိသတ်မျက်စိရှေ့မှောက်မှာပင် ဘောလုံးသည် စက္ကန့် ပိုင်းအတွင်း ထိမှန်ပျောက်ကွယ်သွားလေသည်။ ဘောလုံးနေရာတွင်ကား မီးခိုး အနည်းငယ်သာ ကျန်လေသည်။

ကလေးအမေသည် သူ၏သမီးကလေး ချောမောစွာပြန်ရောက်လာတော့မှ အားပါးတရ ပွေ့ဖက်ထားကာ ငိုရှိုက်နေလေသည်။

ပရိသတ်အားလုံးကမူ လေဆာရောင်ခြည်သေနတ်က စက္ကန့်ပိုင်းအတွင်း အစအန မကျန်အောင် ချေမှုန်းပစ်လိုက်သော ဘောလုံးရှိရာနေရာမှ မီးခိုးလုံးကိုသာ တအံ့တသြ ငေးမောကြည့်နေကြလေသည်။

* * *

မော်တော်ကားသည် ပြင်သစ်အစိုးရ ပြည်ထဲရေး ဝန်ကြီးဌာနရုံးရှေ့သို့ ထိုးဆိုက်လိုက်သည်နှင့် ဖီလ်ပေါ့နှင့် ဆိုဖီယာတို့နှစ်ယောက်သား ကားပေါ်မှ လျင်မြန်စွာဆင်း၍ ရုံးပေါ်သို့ ပြေးတက်သွားကြလေသည်။

သူတို့အား အသင့်စောင့်ကြိုနေသော တာဝန်ကျ အရာရှိများက ချက်ချင်းပင် ဝန်ကြီးဌာန အစည်းအဝေးခန်းမသို့ ခေါ်သွားလေသည်။

အခန်းတွင်း၌ကား ပြည်ထဲရေးဝန်ကြီး မွန်ဆီယာဒူးခရက်အပြင် ရဲတပ်ဖွဲ့အကြီးအကဲ၊ ပြင်သစ် ကြည်းတပ်၊ လေတပ်မှ အကြီးအကဲများ ရောက်ရှိနေကြပြီဖြစ်သည်။

ပြည်ထဲရေးဝန်ကြီး ဒူးခရက်သည် ဖီလ်ပေါ့ကို မြင်မြင်ချင်း လက်ဆွဲနှုတ်ဆက်လေသည်။

'မစ္စတာ ဖီလ်ပေါ့ခင်ဗျာ၊ အခုလို ချက်ချင်းလိုက်လာတာ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့က ခင်ဗျားကို အထူးပဲ မျှော်လင့်နေပါတယ်'

ဤသို့ပြောပြီး သူနှင့်အတူရှိနေသူ ကျန်ပုဂ္ဂိုလ်များနှင့် ဖီးလ်ပေါ့အား မိတ်ဆက်ပေးလေသည်။

ထို့နောက် ဖီလ်ပေါ့အား မျှော်စင်ကြီး၏ အခြေအနေအသေးစိတ်ကို စတင်မေးမြန်းရန် စကားစနေစဉ်မှာပင် အခန်းတံခါးပွင့်လာပြီး ရဲမင်းကြီး ပူပွန် ဆိုသူသည် ရေးကြီးသုတ်ပျာနှင့် ဝင်လာလေသည်။

မရှေးမနှောင်းမှာပင် နောက်ထပ်လူများ ရောက်လာပြန်သည်။

ရောက်လာသူများကား အမေရိကန်စစ်တပ် ဗိုလ်ချုပ်ကြီးများ



ဖြစ်သော ဂျင်နရယ်လ် ဟွန်ဘေကာနှင့် ဂျင်နရယ်လ်ဟာမ်းဝုဒ်တို့အပြင် သူတို့၏ ကိုယ်ရံတော်များ၊ ပြင်သစ် စစ်ဖက်အရာရှိကြီးများ ဖြစ်ကြသည်။

အမေရိကန် ဗိုလ်ချုပ်ကြီး ဟွန်ဘေကာသည် ပြင်သစ် ကြည်းတပ်ဗိုလ်ချုပ်ကြီး ရောဘတ်ဆိုသူနှင့် တိုင်ပင်ပြီး မည်သည့်လက်နက်များ သုံးသင့်ကြောင်း တိုင်ပင်ဆွေးနွေးကြလေသည်။

ဗိုလ်ချုပ်ကြီးရောဘတ်က သူတို့ ပြင်သစ်လေတပ်မှ မိရပ်ချ် တိုက်လေယာဉ်များ အဆင်သင့်ရှိပြီး အဝချိန်မရွေး ကောင်းကင်မှ တိုက်ခိုက်နိုင်ကြောင်းပြောရာ အမေရိကန်ဗိုလ်ချုပ်ဟွန်ဘေကာက လက်မခံချေ။

'ခင်ဗျားတို့ရဲ့ လေယာဉ်တွေကို စမစ်ရဲ့ လေဆာရောင်ခြည်သေနတ်က စက္ကန့်ပိုင်းအတွင်း ကြေမွသွားအောင် ဖျက်ဆီးပစ်နိုင်တယ်ဗျ။ ဒီတော့ ကျုပ်တို့မှာရှိတဲ့ တိုက်ချင်းပစ် ဒုံးပျံသေနတ်နဲ့ လေဆာစက်သေနတ်တွေကို ပစ်ချလိုက်ရင် ကောင်းလိမ့်မယ်'

ဤတွင် ဖီလ်ပေါ့ မနေနိုင်တော့ဘဲ ဝင်ပြောရလေသည်။

'ဗိုလ်ချုပ်ကြီးပြောသလို တိုက်ချင်းပစ်ဒုံးပျံနဲ့ တိုက်မယ်ဆိုရင် မျှော်စင် ကြီးတစ်ခုလုံး ပြိုကွဲပျက်စီးသွားမယ့်အပြင် ဓားစာခံ မစ္စက်ဗိုလာပါ စေ့စေ့ ညက်ညက် ကြေသွားမှာပေါ့။ လူကြီးမင်းများ သိစေချင်တာက ဒီကိစ္စမှာ ဝန်ကြီးမစ္စတာဒူးခရက်နဲ့ ကျွန်တော်တို့ကိုသာ စစ်ရေးကြီးကြပ်ကွပ်ကဲဖို့ တာဝန်ပေးထားပါတယ်။ ဗိုလ်ချုပ်တို့ရဲ့ အကူအညီလိုတဲ့အခါ ပြောပါ့မယ်။ နောက်ပိုင်းလိုလည်း လိုလာမှာပါပဲ။ ဒါပေမယ့် လောလောဆယ်တော့ ခင်ဗျားတို့ ဘာမှဝင်မပြောဘဲနေဖို့ မေတ္တာရပ်ခံပါရစေ'

ဖီလ်ပေါ့က ခပ်တည်တည် ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

ဗိုလ်ချုပ်ကြီးများသည် မျက်စိမျက်နှာပျက်သွားရာ ဝန်ကြီးဒူးရက်က အားနာဟန်ဖြင့် စကားကို တစ်မျိုးလှည့်ပြောလေသည်။

'ကျုပ်အနေနဲ့ အကြံပေးချင်တာက ပထမဆုံး အရေးကြီးတဲ့အချက်က အီဖယ်လ်မျှော်စင်ကြီးကို အပိုင်စီးထားတဲ့ စမစ်ဆိုသူအကြောင်း ပြည့်ပြည့်စုံစုံသိဖို့ လိုတယ်ထင်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ ဖီလ်ပေါ့က ကူညီနိုင်ပါလိမ့်မယ်'

ပြောရင်း ဒူးခရက်သည် ဖီလ်ပေါ့ဘက်သို့ လှမ်းကြည့်လိုက်သည်။

တမင်သက်သက် မိမိက ရှေ့ဆောင်ဆွေးနွေးစေလို၍ စကားစပေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြောင်း ထင်ရှားသဖြင့် ဖီလ်ပေါ့က ထ၍ စကားပြောလေသည်။

'ဟုတ်ကဲ့။ စမစ်ဆိုတဲ့လူက ယနေ့ကမ္ဘာမှာ အလွန် ထူးခြားတဲ့ ဒုစရိုက်သမားတစ်ဦး ဖြစ်ပါတယ်။ သူဟာ ငွေကြေးချို့တဲ့သူလည်း မဟုတ်ပါဘူး။ ငွေတွေ သန်းချီပြီး ချမ်းသာတဲ့လူပါပဲ။ ဒါပေမယ့် သူ့စိတ်က ဆန်းကြယ်ပုံက သူများတကာနဲ့ မတူတဲ့ ရာဇဝတ်မှုခင်းမျိုးကိုမှ ခက်ခက်ခဲခဲ ကြံစည်ကျူးလွန်ချင်တယ်။ စိတ်ရူးပေါက်ခြင်းတစ်မျိုးလို့ ဆိုရမလား မပြောတတ်ဘူး။ ဘာပဲဖြစ်ဖြစ် သူဟာ မဖြစ်နိုင်ဘူးထင်ရလောက်အောင် ခက်ခဲတဲ့ ရာဇဝတ်မှုခင်းတွေ ကျူးလွန်ရတာကို နှစ်သက်သဘောကျပုံရတယ်။ သူ့မှာ နိုင်ငံရေး ရည်ရွယ်ချက်တွေ ဘာတွေလည်း မရှိပါဘူး။ ကျွန်တော်တို့ လေ့လာထားရသလောက် စမစ်ဟာ တစ်နှစ်တစ်ကြိမ် အလွန်ခက်ခဲရှုပ်ထွေးတဲ့ မှုခင်းကြီးတစ်ခုကို အပင်ပန်းခံ ကြိုတင်ပြင်ဆင်ပြီး ကျူးလွန်လေ့ရှိတယ်။ အခုအချိန် သူ့ရဲ့အကြံအစည်တွေက အောင်မြင်ခဲ့ပါတယ်။ သူ့ကိုယ်သူလည်း တရားဥပဒေ ဘယ်လိုမှဖမ်းလို့ မရဘူးလို့ အထင်ကြီးတယ်။ ဒါကိုက လူ့အဖွဲ့အစည်းအတွက် အလွန်အန္တရာယ်ဖြစ်စေပါတယ်'

'နေပါဦး မစ္စတာဖီလ်ပေါ့။ စမစ်ကိုယ်တိုင် ကျူးလွန်ပြီး မမိဘူးလို့ ဆိုတဲ့ မှုခင်းတွေ အတိအကျ သိပါသလား'

ပြည်ထဲရေးဝန်ကြီး ဒူးခရက်က မေးလိုက်ရာ ဖီလ်ပေါ့သည် သူ၏ လက်ထောက် ဆိုနီယာဘက်သို့ လှည့်လိုက်သည်။

'ဟောဒီက ဆိုနီယာဆီမှာ အချက်အလက်တွေ ရှိပါတယ်။ ကိုင်း… ဆိုနီယာ လူကြီးမင်းများသိအောင် ပြောပြလိုက်စမ်းပါ'

ဤတွင် ဆိုနီယာက သူတို့အဖွဲ့ မှတ်တမ်းများထဲမှ အချက်အလက်များကို ပြောလေသည်။

'၁၉၆၃ ခုနှစ်က အမေရိကန်နိုင်ငံပိုင် ယိုမင်ပြည်နယ် ချူကာလီယာ စခန်းက ယူ ၂၃၅ လို့ခေါ်တဲ့ ယူရေနီယံ ဓာတ်ကီလို (၆၀)ကို ခိုးယူသွားတာဟာ စမစ်ရဲ့ လက်ချက်ဖြစ်ပါတယ်။ မှတ်မိတယ် မဟုတ်လား။ စမစ်က ဆန်ဒီယာဂိုမြို့ကို ဒေါ်လာ သိန်းတစ်ရာ ခြိမ်းခြောက်တောင်းယူခဲ့ပါတယ်။ အဲဒီကိစ္စတုန်းက ပထမပိုင်း အကြမ်းနည်းနဲ့ ဖြေရှင်းဖို့ ကြံလို့ လူနှစ်ဆယ် သေဆုံးခဲ့ရပါတယ်။ ဒုတိယ သာဓကတစ်ခုကတော့ ၁၉၇၆ ခုနှစ်က ဖြစ်ပွားခဲ့ပါတယ်။ ရုရှနိုင်ငံ နက်ဗ်ယန်း လက်နက်စခန်းက အလွန်ခေတ်မီပြီး



ထက်မြက်တဲ့ လက်နက်တွေ အမြောက်အမြားခိုးယူပြီး လစ်ဗျားနိုင်ငံအကြမ်းဖက်သမားတွေကို ရောင်းခဲ့တာလည်း စမစ်ပဲ ဖြစ်ပါတယ်။ အဲဒီလက်နက်တွေကို အကြမ်းဖက်သမားတွေက နိုင်ငံအတော်များများမှာ လျှောက်အသုံးချခဲ့တာ တွေ့ရပါတယ်။ ဒီလက်နက်သုံးတဲ့ အကြမ်းဖက်သမားတွေရဲ့ လက်ချက်ကြောင့် အင်္ဂလန်ပြည်မှာ လူ ၁၅၀ သေခဲ့ရတယ်။ တိုကျိုမှာလည်း ၂၀၀ နီးပါး သေဆုံးခဲ့ရပါတယ်။ ပြီးတော့ ဟိုင်ဖာမှာ လေယာဉ်အပိုင်စီးမှုဟာလည်း စမစ်ကိုယ်တိုင် မပါပေမယ့် သူ့ရဲ့ဂိုဏ်းသားတွေက လုပ်သွားတာပဲ။ သူ့ရဲ့ လက်ချက်တွေကတော့ အများကြီးပါပဲ။ ကျွန်မပြောရဦးမလား။ လူကြီးမင်းများ မှတ်မိပါလိမ့်မယ်။ ချင်နယ်လ်ကျွန်းက ဘဏ်တိုက်ဝင်စီးသွားတဲ့ အမှုတုန်းက ကွန်မန်ဒိုတပ်သားတွေနဲ့ စစ်ဆင်ရေးလုပ်သလို ဘဏ်ကို ဝင်စီးသွားတာဟာ စမစ်ရဲ့လက်ချက် ဖြစ်ပါတယ်။ ပြီးတော့လည်း'

ဆိုနီယာ၏ စကားမဆုံးမီ ဝန်ကြီးဒူးခရက်က ကြားဖြတ်၍ တားလိုက်သည်။

'တော်ပါတော့ကွယ်။ ဒါလောက်ဆိုရင် သိပါပြီ ထူးဆန်းတာက ဒါလောက်ဆိုးသွမ်း သောင်းကျန်းနေတဲ့ လူတစ်ယောက်ရဲ့သတင်းကို ကျုပ်တို့က ဘာကြောင့်မသိတာလဲ။ အထူးသဖြင့် ကျုပ်တို့ ပြင်သစ်နိုင်ငံထဲမှာ ရာတိုအိမ်ကြီးတစ်လုံး ပိုင်ပြီး ငွေတွေ ရေလိုသုံးနေတဲ့ လူတစ်ယောက်အကြောင်း ကျုပ်တို့ မသိတာဟာ အတော်ဆန်းတယ်'

ဒူးခရက်၏ စကားကို ဖီလ်ပေါ့က ဖြေရှင်းပြလေသည်။

'ဒီလိုရှိတယ်ဗျ။ စမစ်က အမြဲတမ်း ရုပ်ပြောင်း ရုပ်လွှဲ လုပ်လေ့ရှိတယ်။ မူလအင်္ဂါရုပ်နဲ့ လုံးဝမတူဘဲ ပြောင်းသွားအောင် ရုပ်ဖျက်တဲ့ အတတ်ပညာမှာ သူဟာ အလွန်ထူးချွန်တဲ့လူလည်း ဖြစ်ပါတယ်။ ဘယ်လောက်များတော်သလဲဆိုရင် တစ်ခါတစ်ခါ သူရုပ်ဖျက်ထားတာကို သူနဲ့ အရင်းနှီးဆုံး ဂိုဏ်းသား တပည့်တွေတောင် ရုတ်တရက် မမှတ်မိဘူးလို့ ဆိုတယ်။ လူကလည်း အလွန်ခြေသွက်တယ်ခင်ဗျ။ လွန်ခဲ့တဲ့ ငါးနှစ်လောက်က စမစ်ဟာ ဂျပန်ပြည် တိုကျိုမြို့မှာ ဂျာမန်အမျိုးသား တစ်ယောက်အသွင် ဟန်ဆောင်ပြီး ရောက်နေတယ်။ ဘာသာစကား မျိုးစုံလည်း ကျွမ်းကျင်တယ်။ လွန်ခဲ့တဲ့ ၂နှစ်လောက်က တောင်အာဖရိကမှာ စမစ်ကို စပိန်အမျိုးသား တစ်ယောက် အဖြစ် ရောက်နေကြောင်း သတင်းရပြန်တယ်။ ဒါတွေက အကြောင်းမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ လူကြီးမင်းများကို ကျွန်တော် သိစေချင်တာက စမစ်ရဲ့ အလေ့အထ တစ်ခုက သူက တောင်းဆိုချက်တစ်ခု တောင်းပြီဆိုရင် ငြင်းလို့မရနိုင်အော အခြေအနေကို ဖန်တီးယူတတ်တယ်ဆိုတဲ့ အချက်ပါပဲ'

'ဘာလဲ ခင်ဗျားပြောပုံက ကျုပ်တို့အနေနဲ့ ဘယ်လိုမှ မလှုပ်သာ မရှုက်သာအောင် ဖြစ်နေတယ်ဆိုတဲ့ သဘောသက်ရောက်နေပါကလားဗျ'

ပြင်သစ်ပြည်ဆိုင်ရာ အမေရိကန် သံအမတ်ကြီး ရေဗင်ဘတ်က ဝင်ပြောလိုက်ရာ ဖီလ်ပေါ့က ခပ်တည်တည် ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်ကဲ့… ဒီအတိုင်းပါပဲ။ ဘယ်လိုမှ သူ့တောင်းဆိုချက်ကို ငြင်းလို့မရအောင် လုပ်ထားပါတယ်။ ဒါပေမယ့် ကျွန်တော်တို့အနေနဲ့ ကိုယ့် ဘက်ကို အလေးသာနိုင်မလားလို့ မျှော်လင့်ချက် ဖြစ်နိုင်တာ တစ်ခုတော့ လုပ်ထားပါတယ်။ ကျွန်တော် အခု ပြောမယ့်စကားကို လူကြီးမင်းများအနေနဲ့ ဘယ်လိုမှ မပေါက်ကြားစေပါနဲ့လို့ အထူးမေတ္တာရပ်ခံပါရစေ။ လူကြီးမင်းများ ခင်ဗျား… ကျွန်တော် ဦးစီးတဲ့ ယူနာကို ဒုစရိုက်နှိမ်နင်းရေးအဖွဲ့က အေးဂျင့် (သူလျှို)နှစ်ဦးကို စမစ်ရဲ့အဖွဲ့ထဲ အတွင်းလူအဖြစ် ရောက်အောင် ထည့်ထား လိုက်ပါတယ်။ အခု ကျွန်တော်တို့လူ နှစ်ယောက်စလုံးဟာ မျှော်စင်ကြီးပေါ်မှ စမစ်နဲ့အတူ ရောက်နေပါပြီ'

ပြောရင်းနှင့် ဖီပေါ့လ်သည် မလှမ်းမကမ်းရှိ မျှော်စင်ကြီးဆီသို့ ညွှန်ပြလိုက်သည်။

* * *

မိုက်ကယ်သည် မျှော်စင်အပေါ်ထပ် စားသောက်ခန်းအတွင်း စရုံး ရောက်ရှိနေသူများကို အကဲခတ် လေ့လာကြည့်နေလေသည်။

ဆာဘာရီနှာက သူမ၏အထူးအရည်အချင်းကြောင့် ကွန်မန်ဒိုတပ်သား သုံးဦးနှင့်အတူ အုပ်စုငယ်တစ်ခု၏ ခေါင်းဆောင်ဖြစ်နေသည်။

သူတို့၏ရှေ့တွင် မျှော်စင်ကြီး၏ မြေပုံတစ်ခု ဖြန့်ချထားလေသည်။

မိုက်ကယ်ကပင် ဦးဆောင်လျက် မြေပုံကို ထောက်ပြရင်း စစ်ဆင် ရေး အစီအစဉ်များကို ပြောပြလေသည်။

'ဟောဒီနေရာတွေကို သေသေချာချာ ကြည့်ထားကြ။ အဲဒါ အချက် အချာနေရာတွေပဲ။ ဒီမျှော်စင်ကြီးအနေနဲ့ ဒီနေရာတွေမှာ အင်အားအနည်းဆုံး



ဖြစ်တယ်။ အဲဒီ အချက်အချာ နေရာတွေကိုသာ ချိုးဖျက်လိုက်ရင် မျှော်စင်ကြီး တစ်ခုလုံး ပြိုကျသွားနိုင်တယ်'

'ရှင်ပြောတဲ့နေရာတွေအားလုံး ဒိုင်းနမိုင်း ယမ်းဘီလူးဆင်ထားရမှာ လား'

ဆာဘာရီနှာက မေးခွန်းထုတ်လိုက်သည်။

'ဟုတ်တယ်။ နေရာတိုင်းမှာ ၂၅ ပေါင်ဒါ အချိန်ကိုက်ဗုံးတစ်လုံးစီ တပ်ဆင်ထားရမယ်။ ပြီးတော့ တို့ဆီမှာ အသင့်ပါလာတဲ့ 'ဒီတိုနေတာ' ခလုတ်က ရေဒီယို အချက်ပြနည်းနဲ့ လုပ်ထားတာမို့ သော့ဖွင့်မထားမချင်း အန္တရာယ် မရှိဘူး။ ဒါပေမယ့် စက်ခလုတ်ကို သော့ပေးလိုက်ပြီးရင်တော့ အချိန်ကျတာနဲ့ ဗုံးဟာ ပေါက်ကွဲမှာပဲ။ အဲဒီလို သော့ပေးပြီးတဲ့အချိန်နဲ့ ပေါက်ကွဲမယ့် အချိန်ကြားမှာ ငါတို့အားလုံး ဒီမျှော်စင်က ထွက်ခွာပြီး ဖြစ်ဖို့ပဲ အရေးကြီးတယ်'

မိုက်ကယ်က အသေးစိတ် ရှင်းလင်းပြောပြလိုက်သည်။

တိုတီအဖွဲ့တွင်ပါသူ ကွန်မန်ဒိုနှစ်ဦးမှာ မျှော်စင်အမြင့်ပေါ်သို့ ရောက်လျှင် တုန်လှုပ်ချောက်ချားသလို ဖြစ်နေရာ တိုတီက စိတ်မရှည်ဟန်ဖြင့် သူကိုယ်တိုင် အချိန်ကိုက်ဗုံး ကိရိယာများကို တပ်ဆင်လိုက်သည်။

ဆာဘာရီနှာတို့အဖွဲ့က အခြားနေရာတွင် ဗုံးများတပ်ဆင်ကြလေသည်။ ဆာဘာရီနှာသည် မြင့်မားသောနေရာများသို့ တက်ရာတွင် တုန်လှုပ်ခြင်း၊ ရူးတုန်ခြင်း အလျဉ်းမရှိ။ ပကတိ အေးဆေးစွာဖြင့် လုပ်နိုင်ကိုင်နိုင်လေသည်။

ထိုအခိုက် သူမရှိရာ နေရာ၏ အထက်နားဆီမှ သံတိုင်ကြီးတွင် တွယ်နေသူ ကွန်မန်ဒိုတစ်ဦးသည် ထိတ်လန့်လှုပ်ရှားလာကာ သူ့ကိုယ်သူ မထိန်းနိုင်တော့သလို ယိမ်းယိုင်စ ပြုလေသည်။

'ဒီလူတော့ ခြေချော်ကျတော့မှာပဲ'ဟု စိုးရိမ်မိသဖြင့် ဆာဘာရီနှာက သတိထား ကြည့်နေစဉ်မှာပင် ထိုလူသည် ခေါင်းမူးလာဟန်ဖြင့် ယိမ်းယိုင်ရာမှ အောက်သို့ကျလာတော့သည်။

ငယ်သံပါအောင် ထိတ်လန့်တကြား ဟစ်အော်လိုက်သော ထိုလူ၏ အသံကို ဘေးမှလူများကြား၍ အံ့အားသင့်နေကြစဉ် ဆာဘာရီနှာသည် အလျင် ကျင်လည် ဖျတ်လတ်သော ဘားကျွမ်းသမားတစ်ယောက်ကဲ့သို့ ထိုသူအား ဖမ်းဆွဲလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတစ်ယောက်၏ ကိုယ်အလေးချိန်တစ်ခုလုံးကို မိမိလက်ဖြင့် ဖမ်းဆွဲထိန်းထားရသည်မှာ ဆာဘာရီနာအဖို့ ပခုံးမှလက်မောင်း ပြုတ်ထွက်တော့မလို ဖြစ်သွားလေသည်။

ကံအားလျော်စွာ မျက်နှာချင်းဆိုင် သံတန်းကြီးတစ်ခုပေါ် ရှိနေသူ တိုတီက လျင်မြန်စွာ ကူးလာပြီး လေထဲတွဲလွဲကျနေသူ ကွန်မန်ဒိုအား ကူညီဆွဲယူလိုက်ရလေသည်။

'ဟော့... ဆာဘာရီနာ၊ ဘယ်နှယ့်လဲ၊ သိပ်နာသွားသလား'

တိုတီက မေးသဖြင့် ဆာဘာရီနာက

'ကိစ္စမရှိပါဘူး၊ လက်မောင်း အောင့်သွားတာပါပဲ။ အိုကေပါ'

ဟု ပြောလိုက်သည်။

သူမအနေဖြင့် ခြေချော်ကျသွားသူ ကွန်မန်ဒိုအတွက် ပိုစိုးရိမ်မိသဖြင့်

'ရှင်ကော အိုကေပဲလား'

ဟု မေးလိုက်ရာ ထိုလူက ခေါင်းညိတ်ပြလေသည်။ သူ၏မျက်နှာက အလွန်အမင်း တုန်လှုပ်ချောက်ချားနေမှန်း သိသာပေသည်။

တိုတီသည် ထိုလူအား ဒေါသဖြစ်လျက် ခြေထောက်ဖြင့် တအား ပိတ်ကန်လိုက်သည်။

'မိန်းကလေးတစ်ယောက် အသက်စွန့်ပြီး ကယ်လိုက်မှ ဘာမအိုကေစရာရှိသေးလဲ။ ဟော့ကောင်... မင်းက တော်တော်ညံ့တဲ့ကောင်ပဲ။ ဆာဘာရီနာမို့သာပေါ့။ ငါသာ သူ့နေရာဆိုရင် မင်းကိုဖမ်းမဆွဲဘဲ အသာကြည့်နေလိုက်မယ်ကွ သိရဲ့လား။ သတ္တိမရှိရင်လည်း ဘာဖြစ်လို့ အစက တာဝန်ယူခဲ့တာလဲ။ ဒီမယ်ကွ မင်းလိုကောင်မျိုးတစ်ယောက် သေသွားလို့ ငါတို့အဖို့ ဘာမှ အရေးမကြီးဘူး။ အခု မင်းကို ဝင်ကယ်ခဲ့တဲ့ ဆာဘာရီနာကမှ အဖိုးတန်တာ။ မင်းကြောင့် သူ့ခများ ကံကောင်းလို့ မသေတယ်။ မင်းလိုလူမျိုးတစ်ရာနဲ့ ဆာဘာရီနာ တစ်ယောက်နဲ့ မလဲနိုင်ဘူးကွ။ နောက်ကို မင်းက ဒီအပေါ်မှာ လာရှုပ်မနေနဲ့။ နောက်တစ်ခါ ဒီအပေါ်မှာတွေ့ရင် ငါကိုယ်တိုင် မင်းကို မျှော်စင်ပေါ်က ကန်ချမယ်'

တိုတီက စိတ်တိုတိုနှင့် ကွန်မန်ဒိုအား ကြိမ်းမောင်းနေလေသည်။

မျှော်စင်ကြီး၏ အောက်ခြေတွင်လည်း စမစ်၏ဂိုဏ်းသားတစ်စုသည် အလုပ်ရှုပ်နေကြလေသည်။



စီဒဗလျူနှင့် စမစ်၏ညာလက်ရုံး ကလော်ဒီတို့ ခေါင်းဆောင်လျက် လျှပ်စစ်ဝိုင်ယာကြိုးခွေကြီးများကို မျှော်စင်အောက်ရှိ မြေတိုက်ခန်းသို့ သယ်ယူနေကြသည်။

ကွန်မန်ဒိုများ အကူအညီဖြင့် ဝိုင်ယာကြိုးကြီးများကို ဖြန့်ထုတ်ပြီး နောက် မျှော်စင်၏ 'မိန်း' လျှပ်စစ်ပါဝါလိုင်းနှင့် ဆက်လိုက်ကြလေသည်။

စီဒဗလျူသည် အလုပ်လုပ်ရင်း မောပ်းလာရာမှ ရေတော်လာဟန်ဖြင့် သောက်စရာလိုက်ရှာရာ နံရံတစ်ခုတွင် ထောင်ထားသော ဘီယာထည့်သည့် စည်ကြီးနှစ်လုံးကို မြင်မိလေသည်။

စည်များ၏တစ်ဘက်တွင် ဖွင့်စရာ ဘုံဘိုင်ခေါင်းလို ခလုတ်ကို ဖွင့် လိုက်သည်။

သို့သော် စည်ထဲမှ ဘီယာထွက်မလာဘဲ ရှူးခနဲ လေသာထွက်လာလေသည်။

အမှန်က ထိုစည်ကြီးများတွင် ဘီယာ အရက် လုံးဝမရှိ။ အောက်ဆီဂျင် ဓာတ်ငွေ့သာ ထည့်ထားခြင်းဖြစ်ကြောင်း စီဒဗလျူက ရုတ်တရက် မရိပ်မိချေ။

ထို့ကြောင့် ကလော်ဒီရှိရာသို့ လှမ်း၍

'ဟေး ကလော်ဒီ၊ ခင်ဗျားတို့ ဘီယာစည်ထဲမှာ လေတွေဝင်နေတယ်နဲ့ တူတယ်ဗျ'

ဟု ပြောလိုက်လေသည်။

ကလော်ဒီသည် လှည့်ကြည့်ပြီး စိတ်တိုဟန်ဖြင့်

'ဟေ့လူ အဲဒီစည်တွေကို သွားမကိုင်ပါနဲ့။ ခင်ဗျား သောက်ချင်ရင် အပေါ်ရောက်မှ သောက်ပါ'

ဟု အပြစ်တင်သလို ပြောလိုက်သည်။

သည်တော့မှ စီဒဗလျူသည် ဆက်စပ်စဉ်းစားမိလေသည်။

ဘီယာထည့်သော စည်ထဲ ဘီယာမပါဘဲ အောက်ဆီဂျင်ဓာတ်ငွေ့ သိုလှောင်ထည့်ထားခြင်း ဖြစ်ရပေမည်။

ဘာကြောင့်များပါလိမ့်။

ဤအချက်သည် နောက်ပိုင်းအသုံးဝင်ကောင်း ဝင်လိမ့်မည်ဟု စီဒဗလျူက မှတ်သားထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်တည်းမှာပင် သူသည်ဖီလ်ပေါ့တို့ထံသို့ မည်သို့ဆက်သွယ်ရပါမည်နည်းဟု အမျိုးမျိုး စဉ်းစားအကြံထုတ်နေမိလေသည်။

ယခုဆိုလျှင် မိမိသည် မျှော်စင်အောက်ခြေသို့ ရောက်နေပြီဖြစ်၍ ပြင်ဘက်သို့ အတင်းထွက်ပြေးရလျှင် ကောင်းပါမည်လော။

သည့်လိုလည်း မဖြစ်သေးပါချေ။

စမစ်၏ လူယုံတော် ဂလော်ဒီက မိမိထွက်ပြေး၍ ခြေလှမ်းဆယ်လှမ်း မလှမ်းမိသေးမီ နောက်ကျောမှ ပစ်ခတ်လိုက်သည်မှာ သေချာလှပေသည်။

* * *

ပြင်သစ်အစိုးရ ပြည်ထဲရေးဝန်ကြီးဌာန ရုံးခန်းအတွင်း၌ အခြေအနေမှာ အနည်းငယ် တည်ငြိမ်သလို ဖြစ်လာလေသည်။

ဖီလ်ပေါ့နှင့် ပြည်ထဲရေးဝန်ကြီး ဒူးခရက်တို့သည် လေဆာရောင်ခြည်လက်နက်များကို မည်သို့လုပ်ရပါမည်နည်းဟု သိပ္ပံနည်း သို့မဟုတ် စစ်ဘက်ရေးရာနည်းများ စဉ်းစား ကြံဆလျက် ရှိကြလေသည်။

တစ်ချိန်တွင် ပိန်ပိန်ပါးပါး ပြင်သစ်အမျိုးသား သိပ္ပံဆရာတစ်ဦးက သူတို့ထံသို့ လာရောက်အကြံပေးလေသည်။

'လေဆာသေနတ်ဆိုတာ အလင်းရောင် သို့မဟုတ် ရောင်ခြည်ကို အခြေပြုပြီး ပစ်ခတ်ချေမှုန်းတဲ့ သဘောရှိတယ်။ ဒီတော့ အလင်းရောင် (ရောင်ခြည်)ကို တန်ပြန်သဘော (ဥပမာ)မှန်နဲ့ တုံ့ပြန်အောင် လုပ်လိုက်ရင် ဖြစ်နိုင်တယ်။ တစ်နည်းအားဖြင့် သူတို့ရဲ့ လေဆာသေနတ်က ထွက်တဲ့ အလင်းရောင်ကို သူတို့ဆီဘက်ပြန်အောင် လုပ်လိုက်ရင် သေနတ်နဲ့ ပစ်ခတ်ချေမှုန်းမှုကို သူတို့ပဲ ပြန်ထိသွားနိုင်တယ်'

ထိုအကြံကို ဖီလ်ပေါ့က သဘောကျသွားမိလေသည်။

'ဟုတ်ပြီဗျို့၊ မှန်ကြီးကြီးတွေ ထောင်ထားလိုက်ရင် လေဆာသေနတ်က အလင်းရောင်ဟာ သူတို့ဘက်ကို တုံ့ပြန်သွားနိုင်တယ်။ စောစောက ကျုပ်တို့ ဒီလိုအကြံမရတာ နှာတာပဲ'

ဤသို့ပြောပြီး သိပ္ပံပညာရှင် အဖွဲ့တစ်ဖွဲ့အား လက်တွေ့အကောင်အထည်ဖော်နိုင်ရေးအတွက် လေ့လာပြင်ဆင်ရန် တာဝန်ပေးလိုက်သည်။



သို့သော် သိပ္ပံပညာများအဖွဲ့က ချက်ချင်းလိုပင် ထိုအကြံသည် ရာနှုန်းပြည့် မသေချာကြောင်း သတင်းပို့လာပြန်သည်။ ဧရာမမှန်ကြီးတွေ ထောင်၍ လေဆာသေနတ်မှ အလင်းရောင်ကို ဘက်ပြန်အောင် လုပ်နိုင်သော်လည်း မှန်ကြီးများ နေရာချထားချက် မမှန်ပါက အလင်းရောင်သည် မျှော်စင်ထပ်ရှိ လေဆာသေနတ်များဆီသို့ တည့်မတ်စွာ ရောက်နိုင်မည်မဟုတ်။ ယင်းကြောင့် တုံ့ပြန်သွားသော ရောင်ခြည်ကျရောက်ရာ မျှော်စင်ကြီး၏ အစိတ်အပိုင်းများ လေဆာလက်နက်ဒဏ်ဖြင့် ကြေမွပျက်စီးသွားမည်ဟုလည်း ဆိုလေသည်။

ထို့ကြောင့် မသေချာလှသည့် ထိုအကြံကို စွန့်လွှတ်လိုက်ရပြန်သည်။

အရေးထဲ ပြင်သစ်ပြည်ဆိုင်ရာ အမေရိကန် သံအမတ် ရေဗင်ဘတ်က ဖီးလ်ပေါ့ထံသို့လာပြီး ပြင်သစ်သမ္မတနန်းတော်နှင့် ဝါရှင်တန် အမေရိကန်သမ္မတအိမ်ဖြူတို့က မိမိတို့အမြန်ဆုံး လှုပ်ရှား၍ တစ်ခုခုလုပ်ရန် တောင်းဆိုနေကြောင်း ပြောလေသည်။

ဤတွင် ဖီလ်ပေါ့သည် စိတ်တိုလာတော့သည်။

ဒီမယ် သံအမတ်ကြီး အဲဒီလူကြီးတွေကို ပြောလိုက်ပါ။ သူတို့က ရှေ့လောကြီးပြီး ခိုင်းရင် ကျုပ်တို့က ထင်ရာစွပ်လုပ်လို့မရဘူးလို့ ပြောလိုက်။ ဝါရှင်တန်က အိမ်ဖြူကိုတော့ တစ်ခုပြောလိုက်ပါ။ မစ္စက်ဗိုလာကိုတော့ ဖြစ်တဲ့နည်းနဲ့ ကယ်ထုတ်ပါမယ်လို့ ကတိပေးပါတယ်။ စမစ်က တောင်းတဲ့ ဒေါ်လာ သိန်းသုံးရာပေးချင် ပေးရပါစေ၊ အဘွားကြီးတော့ ဘာမှ မဖြစ်စေရပါဘူးလို့ အာမခံချက် ပေးလိုက်ပါ။ နေဦးဗျ။ အစိုးရကိုတော့ တစ်မျိုးပြောပါ။ မစ္စက်ဗိုလာဆိုတဲ့ အဘွားကြီးကို ပြန်မလွှတ်ဘဲ ထားပါစေ။ ပြင်သစ်ပြည်သူတွေရဲ့ ဒေါ်လာငွေသိန်းသုံးရာ မဆုံးရှုံးစေရပါဘူးလို့ပြော။ အရေးကြီးဆုံးက အခုကိစ္စမှာ ကျုပ်က စစ်ဆင်ရေးကွပ်ကဲမှု တာဝန်ခံအဖြစ် လုပ်နေတယ်ဆိုတာ ထပ်ပြောလိုက်ပါ'

ဖီလ်ပေါ့က ခပ်တည်တည်ပြောလိုက်သည်တွင် ပြင်သစ်ပြည်ထဲရေးဝန်ကြီး ဒူးခရက်က မရဲတရဲဖြင့်

'မိတ်ဆွေကြီး ဖီလ်ပေါ့ခင်ဗျာ၊ တကယ့် အခြေအနေအမှန်ကို မိတ်ဆွေကြီး သိတယ်မဟုတ်လား'

ဟု မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'သိတာပေါ့ ခင်ဗျ။ သိတာမှ သိပ်သိလို့ ခက်နေတာပေါ့'

'ပြင်သစ်အစိုးရ သဘောထားကို ကျွန်တော် ပြောရမယ်ဆိုရင် ကျုပ်တို့ သမ္မတကိုယ်တိုင်က ဒီကိစ္စမှာ ခင်ဗျားက တာဝန်ယူကြီးကြပ် ကွပ်ကဲနေတာကို အထူးပဲ သဘောကျနေတယ်။ ဘာကြောင့်လဲ သိလား။ ခင်ဗျားက အမေရိကန် လူမျိုးတစ်ဦးဖြစ်နေလို့ပါပဲ။ တကယ်လို့ ခင်ဗျား မအောင်မြင်ရင် အမေရိကန်အနေနဲ့ မအောင်မြင်တာဘဲ ဖြစ်တယ်မဟုတ်လား။ ဒီတော့ အီဖယ်လ်မျှော်စင်ကြီးရဲ့ အစိတ်အပိုင်းတစ်ခုခု ချွတ်ယွင်းပျက်စီးသွား တာနဲ့ ခင်ဗျားနဲ့ ခင်ဗျားရဲ့ နိုင်ငံအပေါ် တာဝန်ပုံကျမှာပဲ။ ပြီးတော့ ပြင်သစ်အစိုးရ ဘဏ္ဍာတော်ထဲက ဒုစရိုက်သမား စမစ်ကို ငွေတစ်ဒေါ်လာပဲ ပေးရရင် ခင်ဗျားရဲ့အပြစ်ပဲလို့ ပြင်သစ်ပြည်က ယူဆလိမ့်မယ်'

ဒူးခရက်၏ စကားကိုကြားလျှင် ဖီလ်ပေါ့က ဝန်ခံသည့်အနေဖြင့် ခေါင်းညိတ်ပြလိုက်သည်။

'ဒါတော့ ဟုတ်ပါတယ် ဝန်ကြီးခင်ဗျား။ ကျွန်တော့်ဘက်ကလည်း ဒီလိုပါပဲ။ ကျွန်တော်က သမ္မတ မစ္စတာဝါရင်ဗိုလာနဲ့ အလွန်ခင်မင်ရင်းနှီးပါတယ်။ ဒါပေမယ့် သူ့မိခင်ကြီး မစ္စက်ဗိုလာ တစ်ခုခုဖြစ်တယ်ဆိုတာနဲ့ ကျွန်တော် အခုကြီးကြပ်အုပ်ချုပ်နေတဲ့အဖွဲ့ကို ချက်ချင်း ဖျက်သိမ်းပစ်မှာ သေချာတယ်။ နောက်ပိုင်း ကျွန်တော်အဖို့ မထင်မရှား ကျောင်းတစ်ကျောင်းမှာ ကျောင်းဆရာအလုပ်တောင် ရဖို့ခဲယဉ်းသွားမှာ ခင်ဗျ'

'ဒါဖြင့် ခင်ဗျား ဘာလုပ်မှာလဲ'

'နိုင်ငံရေးအရ မေးတာလား၊ ဘာလုပ်စရာ ရှိတော့လဲ။ တစ်ဘက်နဲ့ တစ်ဘက် နည်းအမျိုးမျိုး လှည့်တိုက်ပေးပြီး ကျွန်တော် လိုချင်တဲ့ အခြေအနေ ရောက်အောင် လုပ်ရမှာပဲ။ ဝန်ကြီးအနေနဲ့ ကုလသမဂ္ဂလို အဖွဲ့အစည်းမှာ အလုပ်လုပ်ဖူးရင် ဒါမျိုးတွေ မကြာခဏကြုံရတတ်ကြောင်း သိပါလိမ့်မယ်။ ကျွန်တော့်အဖို့ကတော့ ဒီလိုအကျပ်အတည်းမျိုး ကြုံရတာဟာ ရိုးနေပါပြီ။ တစ်ခုတော့ရှိတယ်။ ကျွန်တော်ကတော့ အကျပ်အတည်းကြားထဲက ကိုယ်လိုချင်တဲ့အဖြစ်မျိုး ရောက်အောင် လုပ်နိုင်တာများပါတယ်'

'အခု ကိစ္စမှာကော မိတ်ဆွေကြီး လိုချင်တာက ဘာများလဲ'

'လိုချင်တာတော့ စမစ်ဆိုတဲ့ သတ္တဝါပဲဗျ။ ဒီကောင်ကြီးကို အခု တစ်ချီမှာ မရ ရအောင် အပြုတ်တိုက်ရလိမ့်မယ်။ ဒါကိုဖြစ်တဲ့နည်းနဲ့ လုပ်ရမှာပဲ'



'ဒါဖြင့် မိတ်ဆွေကြီးက စမစ်ဆိုတဲ့လူကို နှိမ်နင်းဖို့အရေးမှာ ကိုယ်ရဲ့ ဘဝရေးရေး၊ ကိုယ် တာဝန်ခံလုပ်နေတဲ့ အဖွဲ့အစည်းတွေရဲ့ ကံကြမ္မာကိုပါ လောင်းကစားသလို ပုံအောမယ်လား'

'ဟုတ်တယ်။ ကျွန်တော်က လိုအပ်ရင် ကျွန်တော်ရဲ့ အသက်ကိုပါ ပုံအောဖို့ အဆင်သင့်ရှိပါတယ်'

ဖီလ်ပေါ့က မျက်နှာထားတင်းတင်းဖြင့် ပြောလိုက်ရာ ဝန်ကြီး ဒူးခရက်သည် သက်ပြင်းတစ်ချက် ချလိုက်သည်။

'ဒီလိုဆိုရင်တော့ နောက်နာရီပိုင်းအတွင်း ခင်ဗျား ဆုံးဖြတ်လုပ်ကိုင်မယ့် ခြေလှမ်းတွေက မှန်တာတွေဖြစ်ပါစေလို့ ဆုတောင်းရုံပဲ ရှိတော့တာပေါ့'

ဤတွင် ဖီးလ်ပေါ့က ပြုံးလိုက်လေသည်။

'ကျုပ်ရဲ့ ဆုံးဖြတ်ချက်က မှန်ကန်ကြောင်းကို ခင်ဗျားတို့ ပြင်သစ်သမ္မတနဲ့ အမေရိကန်သမ္မတကို လက်ခံပါစေလို့ပဲ ဆုတောင်းဖို့ လိုသေးတယ် ခင်ဗျ'

သို့နှင့်ပင် ပြည်ထဲရေး ဝန်ကြီးဌာန ရုံးခန်းအတွင်း၌ ဆက်လက်၍ အကြံအမျိုးမျိုး ထုတ်နေကြလေသည်။

ထိုအတောအတွင်း ဝါရှင်တန်နှင့် ပဲရစ်မြို့တော်တို့အကြား သမ္မတနှစ်ဦး အပြန်အလှန် ရေဒီယိုတယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးတိုင်ပင်ခြင်းတို့ကလည်း အဆက်မပြတ် ရှိနေခဲ့သည်။ နောက်ဆုံးတွင် မည်သို့မှအကြံမရဘဲ မျှော်စင်ပေါ်မှ စမစ်တောင်းဆိုချက်အတိုင်း လိုက်လျောရတော့မလို အခြေအနေမျိုး ရောက်နေကြတော့သည်။

အမှန်တော့ ဤအဖြစ်မျိုး ရောက်အောင် ဖီလ်ပေါ့က တမင်သက်သက် ဖန်တီးပေးနေကြောင်းကို နှစ်နိုင်ငံအကြီးအကဲများက မရိပ်မိကြချေ။

စမစ်၏ ခြိမ်းခြောက်ငွေတောင်းမှုကို လိုက်လျောရတော့မလို ဖြစ်ချိန်တွင် ပြင်သစ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီး လီဂရိန်းကိုပါ အစည်းအဝေးသို့ ခေါ်ယူလိုက်ရလေသည်။

ဝဝဖိုင့်ဖိုင့် ဘဏ္ဍာရေးဝန်ကြီး လီဂရိန်းသည် မကျေမနပ်ဖြစ်ဟန်ဖြင့် ရောက်ရှိလာပြီး သူ၏ သဘောထားကို ခပ်ဘွင်းဘွင်း ဖွင့်ပြောလေသည်။

'ခင်ဗျားတို့က ဒီဒုစရိုက်ဂိုဏ်းခေါင်းဆောင် စမစ် တောင်းဆိုချက်ကို

www.burmeseclassic.com

www.burmeseclassic.com



လိုက်လျှောမယ်ဆိုရင် ကျုပ်ကတော့ ချက်ချင်းရာထူးက နုတ်ထွက်ရလိမ့်မယ်။ ကျုပ်တို့ရဲ့ အစိုးရရုံးစိုက်ရာ မြို့တော်မှာလာပြီး အကျုပ်ကိုင်ခြိမ်းခြောက်တာဟာ လွန်လွန်းတယ်။ ကျုပ်က ဒီစမစ်ဆိုတဲ့ကောင်ကို ပိုးကောင်တစ်ကောင် သတ်သလို ခြေထောက်နဲ့ နင်းသတ်ဖို့ကောင်းတယ်လို့ ယူဆတယ်'

ဤတွင် ပြည်ထဲရေးဝန်ကြီး ဒူးခရက်က လေသံအေးအေးဖြင့် ပြန်ပြောလေသည်။

'ခင်ဗျား ပြောတာက ကောင်းပါတယ်။ အလွန် ကောင်းပါတယ်။ လက်တွေ့လုပ်လို့ ဖြစ်မဖြစ် စဉ်းစားဖို့ အရေးကြီးပါတယ်။ ပြီးတော့ ခင်ဗျားတို့ ကျုပ်တို့ နိုင်ငံရေးသမားတွေအနေနဲ့ ဒီနှစ်ဟာ အထွေထွေရွေးကောက်ပွဲ လုပ်ရမယ့်နှစ် ဆိုတာလည်း မေ့လို့မဖြစ်ဘူးခင်ဗျ'

ဖီလ်ပေါ့သည် ဝန်ကြီးဒူးခရက် ပြောလိုက်ပုံကို သဘောကျမိလေသည်။

ဘဏ္ဍာရေးဝန်ကြီး လီဂရိန်းကမူ မကျေမချမ်းဖြစ်ဟန်ဖြင့် တစ်စုံတစ်ခု ပြန်ပြောမည်ပြုစဉ် အတွင်းဝန်တစ်ဦးက ဒူးခရက်နားသို့ ကပ်လာပြီး ရုပ်မြင်သံကြား (တီဗွီ)စက်ရှိရာသို့ ညွှန်ပြလေသည်။

'လူကြီးမင်း ခင်ဗျား။ မျှော်စင်ပေါ်က စမစ်က နောက်ထပ် ကြေညာချက်တစ်ခု အသံလွှင့်ပြောလိမ့်ဦးမယ် ထင်ပါတယ်'

ဤတွင် အခန်းတွင်းရှိ လူအားလုံးသည် ရုပ်မြင်သံကြားစက်ဆီသို့ အာရုံစိုက်ကြည့်နေလိုက်ကြသည်။

စမစ်သည် ကင်မရာရှေ့တည့်တည့်ကို မျက်နှာထား ခပ်တင်းတင်းဖြင့် ကြည့်ရင်း စကားစပြောလေသည်။

'အခုအချိန်က မွန်းလွဲတစ်နာရီ ရှိပါပြီ။ နောက်ထပ် ၁၂ နာရီကြာလို့မှ ကျုပ်တောင်းဆိုထားတဲ့ ဒေါ်လာငွေ သိန်းသုံးရာကို မပေးဘူးဆိုရင် ကျုပ်တို့ အဖွဲ့ဟာ မျှော်စင်ကြီးက ထွက်ခွာသွားကြတော့မယ်။ ကျုပ်တို့ထွက်ရမှာ လေဆာရောင်ခြည်လက်နက်တွေက အကာအကွယ် ပေးထားလိမ့်မယ်။ ပြီးတော့ မကြာခင်မှာဘဲ မျှော်စင်ပေါ်က အချိန်ကိုက်ဗုံးလေးလုံးဟာ တစ်ပြိုင်နက် ပေါက်ကွဲပြီး အီဖယ်လ်မျှော်စင်ကြီးတစ်ခုလုံး သံတိုသံစ ဖြစ်သွား ပါမယ်။ ဒါကို ခင်ဗျားတို့အားလုံး မလိုလားကြဘူးလို့ ထင်ပါတယ်။ အမေရိကန် သမ္မတကလည်း သူ့ရဲ့မိခင်ကြီး မျှော်စင်ကြီးပေါက်ကွဲ ပျက်စီး သွားတဲ့အထဲ



ပါသွားတာကို လိုလားမယ် မထင်ပါဘူး။ ဒီလိုတော့ မဖြစ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျုပ်တို့မျှော်စင်က ထွက်ခွာသွားတဲ့အခါ အဘွားကြီးကိုပါ အတူခေါ်သွားဖို့ အစီအစဉ်ရှိတယ်'

ဤသို့ ခပ်တည်တည်ပြော၍ စက္ကန့်ပိုင်းမျှ ရပ်နားလိုက်ပြီးမှ စမစ်သည် ဇာတ်ဆရာက တကယ့်အဓိက အစီအစဉ်တစ်ခု ပွဲထုတ်သလို ဆက်ကြေညာလေသည်။

'အကောင်းဆုံးက မစ္စက်ဗီလာကိုယ်တိုင် ပရိသတ်ကို တယ်လီဗီးရှင်းက တိုက်ရိုက်စကားပြောရင် ပိုရှင်းပါလိမ့်မယ်။ ဆက်လက် ရှုစားနားဆင်ကြပါ ခင်ဗျား'

သူ၏ စကားဆုံးသည်နှင့် စမစ်၏အရုပ်ပျောက်သွားပြီး တီဗီကင်မရာသည် မစ္စက်ဗီလာ၏ ရုပ်ပုံကို ရိုက်ပြလေသည်။

အဘွားကြီးသည် စိတ်တိုတိုနှင့် စမစ်အား ပြန်လည်မေးခွန်း ထုတ်လေသည်။

'ဘာလဲ မစ္စတာစမစ်၊ ရှင်က ကျွန်မကိုယ်တိုင် ရှင်တောင်းတဲ့ငွေပေးဖို့ ရှင့်ဘက်က ရှေ့နေလိုက်စေချင်တာလား။ ဒီလိုမှ မလုပ်ရင် ကျုပ်အသက်သေရမှာပဲလို့ ခြိမ်းခြောက်နေတာလား'

အဘွားကြီးပြောပုံမှာ အလွန်စိတ်ဓာတ်ခိုင်မာပြီး သတ္တိကောင်းစွာနှင့် ပြောလိုက်ပုံမျိုးဖြစ်နေရာ ဖီလ်ပေါ့သည် စိတ်ထဲမှကြိတ်၍ မစ္စက်ဗီလာ၏ စိတ်ဓာတ်ကို ချီးကျူးမိလေသည်။

အမေရိကန် နိုင်ငံသားမှန်သမျှ 'ဒါမှ တို့မိခင်ကြီးကွ' ဟု အားပါတရ ဂုဏ်ယူကြွားဝင့်ဖွယ် ကောင်းလှသော အမျိုးသမီးကြီးပါတကားဟုလည်း စိတ်ထဲမှ ပီတိဖြစ်မိလေသည်။

နယူးယောက်မြို့ ဆိပ်ကမ်းကိုမှီး၍ တည်ဆောက်ထားသော လွတ်လပ်ရေး အထိမ်းအမှတ် လစ်ဘာတီကျောက်ရုပ်ကြီး အသက်ဝင် လှုပ်ရှားလာဘိသကဲ့သို့လည်း ထင်ရလေသည်။

မစ္စက်ဗီလာသည် ပရိသတ်ဘက်သို့လှည့်၍ စကားပြောပြန်သည်။

'ကျွန်မ အနေနဲ့ အားလုံးကို ပြောချင်တာက ဒီစမစ်ဆိုတဲ့လူဟာ အင်မတန်လောဘကြီးတဲ့ လူပါပဲ။ သူအပိုင်စီးထားတဲ့ ဒီမျှော်စင်ကြီးကို ငွေပေးပြီး ရွေးယူမယ်လို့ စိတ်ကူးရင် ကျွန်မဘာမှ ဝင်မပြောလိုပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဒီကိစ္စမှာ ကျွန်မ အသက်ရှင်ရေးကိုတော့ ထည့်မစဉ်းစားကြပါနဲ့။ ကျွန်မဟာ ဒီမျှော်စင်ကြီးလိုပဲ အိုလှပါပြီ။ လူ့ဘဝမှာ နောက်ထပ်မနေရလို့လဲ အရေးမကြီးပါဘူး။ ဒါကြောင့် ဒီလောဘသားဒုစရိုက်သမား စမစ်ရဲ့ တောင်းဆိုချက်ကို လုံးဝမလိုက်လျောပါနဲ့လို့ ပြောပါရစေ။ ဒီလူကို အလျော့ မပေးဘဲ အပြုတ်ချေမှုန်းဖို့သာ လုပ်ကြပါ။ သူလို လူယုတ်မာမျိုးဟာ ရှင်တို့ ကျွန်မတို့နဲ့အတူ လူ့လောကမှာ မရှိသင့်ဘူးလို့လည်း ပြောချင်ပါတယ်။ ပြင်သစ်ပြည်သူတွေကို ပြောချင်တာတော့ ရှင်တို့တိုင်းပြည်က ငွေတွေပေးချင် ရင် ကမ္ဘာ့ကလေးများ ရန်ပုံငွေအဖွဲ့ကို လှူလိုက်ပါ။ အဲဒီအဖွဲ့မှာ ငွေကြေး တကယ်လိုနေပါတယ်။ စမစ်ဆိုတဲ့လူက ဘာငွေမှ မလိုဘူး၊ မရထိုက်ပါဘူး'

မစ္စက်ဗီလာက ဤသို့ သတ္တိရှိရှိ ရဲဝံ့ပြတ်သားစွာ ပြောလိုက်ရာ ရုပ်မြင်သံကြားစက်ကို ကြည့်ရှုသူမှန်သမျှ အဘွားကြီး၏ စိတ်ဓာတ်ကို မချီးကျူးဘဲ မနေနိုင်ကြပါချေ။

သံအမတ်ကြီး ရေဗင်ဘတ်သည် ရုတ်တရက် ထိုင်ရာမှထပြီး လက်ခုပ်တီးလိုက်သည်။

'ဒါမှ တို့မစ္စက်ဗီလာကွ။ တကယ့် သတ္တိရှိတဲ့ အာဇာနည် အမျိုး သမီးကြီးပဲ'

ပြင်သစ် ပြည်ထဲရေးဝန်ကြီး ဒူးခရက်ကလည်း ထောက်ခံ ပြောဆို လေသည်။

'မစ္စက်ဗီလာရဲ့ ပြုမူပြောဆိုပုံက တကယ်ချီးကျူးစရာပါပဲ။ ဒါပေမယ့် မစ္စတာ စမစ်ကတော့ သဘောကျမယ် မထင်ဘူး'

ထိုအချိန်၌ ရုပ်မြင်သံကြားပေါ်တွင် မစ္စက်ဗီလာ ပျောက်သွားပြီး စမစ်၏အရုပ် ပေါ်လာရာ သူ၏မျက်နှာက အပြုံးမပျက် ဒေါသထွက်နေ ကြောင်း ထင်ရှားနေပေသည်။

'ဒီ အဘွားကြီးက ပြောချင်ရာစွပ်ပြောပေမယ့် ခင်ဗျားတို့အဖို့ ကျုပ်ရဲ့ တောင်းဆိုချက်ကို လိုက်လျောဖို့အချိန် ၁၂ နာရီပဲ ရှိတယ်ဆိုတာ သတိပြုပါ။ ဒါပဲ'

ဤသို့ စမစ်က ရုပ်မြင်သံကြားမှတစ်ဆင့် ခြိမ်းခြောက်လေသည်။

* * *



## အခန်း-၉

အချိန်က တဖြည်းဖြည်း ကြာလာသည်နှင့်အမျှ စမစ်သည် စိတ်မရှည် ဟန်ဖြင့် မျှော်စင်ပေါ်၌ စားသောက်ဆိုင်ခန်းမအတွင်း ဂနာမငြိမ်သလို လူးလာ လျှောက်နေလေသည်။

သူ့အဖို့ ဒုစရိုက် စစ်ဆင်ရေးတစ်ခု လုပ်လိုက်တိုင်း ဤအဖြစ်မျိုး ကြုံရတတ်သည်။ မိမိက လိုလားချက်တောင်းဆိုပြီး စောင့်နေရချိန်တွင် တစ်ဘက်မှ ရန်သူအုပ်စုက တောင်းထားသောငွေ မပေးချင်ဘဲ မိမိကို အပြုတ် တိုက်ရန်သာ အမျိုးမျိုး အကြံဉာဏ်ထုတ်နေကြချိန်ဝယ် စောင့်နေရသည်မှာ အလွန်စိတ်မရှည်စရာကောင်းသော အလုပ်တစ်ခုပင် ဖြစ်သည်။

တကယ်တော့ သူသည် ငွေကြေးကို လုံးဝ ဂရုစိုက်သူမဟုတ်ကြောင်း မျှော်စင်အောက်ရှိလူများမှာ မသိပါတကားဟုလည်း တွေးမိလေသည်။ စမစ် အနေဖြင့် ပြင်သစ်နှင့် အမေရိကန်အစိုးရတို့အား အကျပ်ကိုင်ကာ ယင်းတို့၏ သိက္ခာနှင့် မာန်မာနကို ချိုးနှိမ်လိုခြင်းသာ ဖြစ်ပေသည်။ မိမိကသာ သူတို့၏ ကံကြမ္မာကို ဖန်တီးချယ်လှယ်နိုင်သူ ဖြစ်ကြောင်း လက်ခံအသိအမှတ်ပြုခြင်း ကို စမစ်က လိုလားပေသည်။

စမစ်သည် အခက်အခဲ အန္တရာယ်အမျိုးမျိုးကြားမှ အနိုင်ရယူခြင်း ကို အလွန်သာယာ တပ်မက်သူပင်တည်း။

ယခု အစိုးရအာဏာပိုင်တို့က မိမိအား အနိုင်ယူရန် ကြိုးစားကြံစည် နေကြခြင်းမှာ အလွန်ရယ်ဖွယ်ကောင်းလှပေသည်။ စမစ်သည် မည်သည့်အခါ ကမှ ရှုံးခဲ့သူ မဟုတ်။ သူကချည်း အနိုင်ရခဲ့သည် မဟုတ်ပါလော။ မကောင်းမှု ဒုစရိုက်လုပ်ရာ၌ မိမိသည် သူမတူအောင် စိတ်ကူးဉာဏ် ထူးခြားထက်မြက်သူ မဟုတ်ပါလား။

ထို့ကြောင့် ယခု မိမိအား တုံ့ပြန်တိုက်ခိုက်ရန် ကြံစည်နေသူ စစ်ဗိုလ်ချုပ်ကြီးများ၊ ရဲတပ်ဖွဲ့အကြီးအကဲများ၊ အစိုးရအဖွဲ့ ခေါင်းဆောင်များ အား စမစ်က အလွန်အထင်အမြင် သေးမိလေသည်။

သူတို့ ဘာတွေစိတ်ကူးနေကြောင်းကိုလည်း စမစ်က ခန့်မှန်းတွက်မိ လေသည်။ အလွန်ဆုံး မျှော်စင်ကြီးတစ်ခုလုံး လျှပ်စစ်ဓာတ်အား ဖြတ်တောက် ရန် ကြံစည်ကြလေမည်။ လျှပ်စစ်ဓာတ်အား မရှိလျှင် လေဆာရောင်ခြည်

www.burmeseclassic.com

www.burmeseclassic.com



လက်နက်ကို အသုံးပြုနိုင်တော့မည် မဟုတ်ဟု ထင်ကြပေမည်။

မှန်သည်။ လေဆာသေနတ်များသည် လျှပ်စစ်ဓာတ်အား လိုအပ်သည်။ ထို့ကြောင့် စမစ်က မျှော်စင်ကြီးအား သိမ်းပိုက် အပိုင်စီးရန် လာခဲ့စဉ် ယူဆောင်လာသော ပစ္စည်းကိရိယာများအနက် လျှပ်စစ် ဓာတ်အားပေး အင်ဂျင်စက်များပါ ယူဆောင်လာပြီး ယခု မျှော်စင်အောက်ခြေတွင် အဆင်သင့် ရှိနေကြောင်းကို အာဏာပိုင်များက မသိကြချေ။

စမစ်သည် ဤသို့တွေးရင်းက သူ့ကိုယ်သူ ကျေနပ်ဟန်ဖြင့် ပြုံးမိလေသည်။

လေဆာရောင်ခြည်သေနတ်ကို တန်ပြန်တိုက်နည်းအနေဖြင့် မှန်ချပ်ကြီးများ ထောင်ကာ အလင်းရောင်ကို မျှော်စင်ဘက် ပြန်အောင်လည်း ကြံချင်ကြံကြပေမည်။ လုပ်ကြစမ်းပစေ။ မျှော်စင်ကြီးပါ ပျက်စီးသွားနိုင်တာကို သူတို့ မစဉ်းစားမိရင်တော့ လုပ်ကြည့်ကြပေါ့ဟုလည်း စမစ်က တွေးလိုက်မိသည်။

စမစ်သည် အသင့်ရှိသော ပုလင်းထဲမှ ဘရန်ဒီ အရက်တစ်ခွက်ငှဲ့လိုက်ပြီးနောက် သောက်ချလိုက်ရင်း လူယုံတော် ကလော်ဒီအား လှမ်းခေါ်လိုက်သည်။

'ဟော့… မင်း ဘယ်လို သဘောရသလဲ။ ငါတို့အနေနဲ့ နောက်ထပ်ကြိုတင်ကာကွယ်ဖို့ အစီအစဉ်တွေ လုပ်ထားဖို့ လိုမယ်ထင်သလား'

'ဘာကို ဆိုလိုတာလဲ ဆရာကြီး၊ လေဆာသေနတ်တွေနဲ့ ပတ်သက်လို့ကြိုတင်ကာကွယ်ရေးကို ဆိုလိုတာလား'

ကလော်ဒီက ပြန်မေးလိုက်ရာ စမစ်ကခေါင်းညိတ်ပြလိုက်သည်။

'အေး… ဟုတ်တယ်။ ဒါပေမယ့် လိမ္မာပါးနပ်စွာ လုပ်ဖို့ အရေးကြီးတယ်ကွ'

ကလော်ဒီလည်း နားလည်သဘောပေါက်ဟန်ဖြင့် လျှောက်ထွက်သွားပြီး သူတို့၏ အဖွဲ့သားအားလုံး မိမိတို့၏ လက်နက်များနှင့်တကွ ဆရာကြီး စမစ်ရှိရာသို့ လာရောက်ကြရန် ခေါ်လိုက်လေသည်။

လူအားလုံး စုံညီစွာ ရောက်ရှိလာသောအခါ ဆရာကြီး စမစ်သည် ခပ်တည်တည်ဖြင့် အခမ်းအနားတစ်ခု၌ မိန့်ခွန်းပြောသလို စကားပြောလေသည်။



'ကျုပ်အနေနဲ့ မလိုအပ်ဘဲ သွေးထွက်သံယိုမှု ဖြစ်တာကို လုံးလုံး မလိုလားဘူး။ မတော်တဆ ထိခိုက်မှုတွေဆိုရင်လည်း ကျုပ် အလွန်စက်ဆုပ်တယ်။ မင်းတို့တွေမှာ အခုလက်နက်ကိုယ်စီ ရှိကြတယ်။ ဒါပေမယ့် မင်းတို့ဘက်က သတိကောင်းကောင်း မထားတဲ့လူရှိရင် မတော်တဆ ထိခိုက်မှုဖြစ်လာနိုင်တယ်။ မလိုလားအပ်တဲ့ သွေးထွက်သံယိုမှုလည်း ဖြစ်နိုင်တယ်။ ဒါကြောင့် အဲဒီအန္တရာယ်မျိုးကို ကြိုတင်ကာကွယ်တဲ့အနေနဲ့ မင်းတို့အားလုံးစီက လက်နက်တွေကို ကျုပ်က ခေတ္တသိမ်းယူဖို့ ရည်ရွယ်တယ်'

သူ၏ စကားကိုကြားလျှင် အဖွဲ့သားအများစုက ထိတ်လန့်တုန်လှုပ်သလို ဖြစ်သွားကြသည်။ တိုတိုဆိုလျှင် လက်နက်များသိမ်းမည်ဆိုခြင်းကို လုံးဝ သဘောမကျချေ။ မိုက်ကယ်နှင့် စီဒဗလျူတို့လည်း ဆရာကြီးစမစ်အပေါ် သံသယဖြစ်လာမိကြသည်။

သို့ဖြင့်လင့်ကစား မည်သူကမှ ဗြောင်ထကန့်ကွက်ခြင်း မပြုကြချေ။

စမစ်၏ မျက်နှာထားကလည်း ခပ်တင်းတင်း ဖြစ်နေသည့်ပြင် လူယုံတော် ကလော်ဒီနှင့် အချစ်တော် လီယာတို့နှစ်ယောက်က ဆရာကြီးဘေးမှ စက်သေနတ်ကိုယ်စီဖြင့် ချိန်ထားသည်ကို အားလုံးက သတိပြုမိကြလေသည်။

ထို့ကြောင့် မည်သို့မှ မတတ်သာဘဲ တစ်ယောက်ပြီးတစ်ယောက် မိမိတို့၏လက်နက်များကို အပ်လိုက်ကြရလေတော့သည်။

'တစ်ခုတော့ မေးချင်ပါတယ်။ အခုလိုလုပ်တာဟာ ကျွန်မတို့အပေါ် ယုံကြည်စိတ်ချမှု မရှိလို့များလား'

ဆာဘရီနာက သူမ၏ကိုယ်ပိုင် လက်နက်များဖြစ်သော အေ-ကေ ၄၇ မောင်းပြန် ရိုင်ဖယ်သေနတ်နှင့် အမ်အေ-၂၈ ပစ္စတိုသေနတ်များကို ပေးအပ်ရင်း မေးလိုက်သည်။

ထိုစကားကို စမစ်က လျင်မြန်သွက်လက်စွာ ပြန်ဖြေလေသည်။

'မဟုတ်ပါဘူးကွဲ့။ စိတ်မချလို့ မဟုတ်ပါဘူး။ မင်းကလည်း ကြံကြံဖန်ဖန် မေးမှ မေးတတ်တယ်။ အခု အစီအစဉ် လုပ်တာဟာ မတော်တဆ ထိခိုက်မှုတွေ မဖြစ်ရအောင် ကြိုတင်ကာကွယ်ဖို့သာ ဖြစ်တယ်'

'ဒါဖြင့် ဆရာကြီး ခင်ဗျား။ ဆရာကြီးတို့၊ ကလော်ဒီတို့၊ လီယာတို့ကကော အလားတူ မတော်တဆ ထိခိုက်မှု မဖြစ်ရအောင် လိုက်နာကြမှာပဲလား'

www.burmeseclassic.com

www.burmeseclassic.com



မိုက်ကယ်က သရော်သလို၊ ခနဲ့သလို မေးလိုက်ရာ စမစ်သည် ထောင်းကနဲ ဒေါသထွက်လာဟန်ဖြင့် မိုက်ကယ်အား ပြန်ကြည့်လိုက်သည်။ သို့သော် ချက်ချင်းစိတ်ကို ချုပ်ထိန်းလိုက်သည်။

'တစ်ယောက်ယောက်ကတော့ လက်နက်ကိုင်ထားဖို့ လိုတယ် မဟုတ်လား မိုက်ကယ်။ ဒီတော့ ကျုပ်နဲ့ကျုပ်ရဲ့ လူယုံတွေ လက်နက်ကိုင်ထားတာဟာ သဘာဝ ကျတယ်လို့ ဆိုရမှာပဲ'

စီဒဗလျူကပင် ဝင်၍ လက်နက်သိမ်းခြင်းကို ကန့်ကွက်ပြောဆိုမည် ပြုစဉ် တယ်လီဖုန်းလာသဖြင့် ပေအီက ကောက်ကိုင်ပြီး နားထောင်လိုက်သည်။ ထို့နောက် ပေအီက စမစ်အား လှမ်းခေါ်လေသည်။

'ဆရာကြီး... ဆရာကြီး။ ပြည်ထဲရေးဝန်ကြီး မစ္စတာ ဒူးခရက် ဆရာကြီးနဲ့ စကားပြောချင်လို့တဲ့'

စမစ်သည် သဘောကျဟန်ဖြင့် ပြုံးလိုက်သည်။

'ငါ ကြိုတင်တွက်ထားတဲ့ အတိုင်းပါပဲ။ သူတို့က နည်းနည်းလေး အချိန်ဆွဲပေမယ့် အခုတော့ ငါတို့ကို ဘယ်လိုမှ လုပ်လို့မရဘူးဆိုတာ သဘောပေါက်သွားပြီနဲ့ တူတယ်'

ပြောပြောဆိုဆို စမစ်သည် တယ်လီဖုန်းစကားပြောခွက်ကို လှမ်းကိုင်လိုက်သည်။

ပြင်သစ်အစိုးရ ပြည်ထဲရေးဝန်ကြီး ဒူးခရက်က စကားကို ခပ်ပြတ်ပြတ်ပင် ပြောလေသည်။ သူ့အနေဖြင့် စမစ်၏ တောင်းဆိုချက်ကို ရှည်ရှည်ဝေးဝေး ဈေးဆစ်လို၍ မဟုတ်ကြောင်း စတင်ပြောလေသည်။

'ဟုတ်ကဲ့ ဝန်ကြီးခင်ဗျား၊ ကျုပ်ကလည်း ရှည်ရှည်ဝေးဝေး ပြောတာမျိုး မကြိုက်ပါဘူး။ ဘာမဆို ခပ်ပြတ်ပြတ်ပဲ သဘောကျတယ်။ အခု ဖုန်းဆက်တာ ဘာပြောချင်လို့ပါလဲ ဝန်ကြီး'

စမစ်က မေးလိုက်ရာ ဒူးခရက်ကလည်း လိုရင်းကို ခပ်တိုတို ပြန်ပြောလေသည်။

'ကျုပ်တို့ရဲ့ ဘဏ္ဍာရေးဝန်ကြီးက သူ့ဘက်က အခြေအနေနဲ့ အခက်အခဲကို လာတင်ပြတယ်။ ခင်ဗျား တောင်းဆိုထားတဲ့ ငွေပမာဏ အလွန်များလေတော့ သတ်မှတ်ထားတဲ့ အချိန်အတွင်း ပြည့်စုံအောင်စုဖို့က ခက်ပါတယ်တဲ့။ ဒါကြောင့် ကျုပ်တို့ဘက်က အလုပ်လုပ်ချိန်ရအောင် အချိန်ကန့်သတ်ချက်



ကို မနက်ဖြန်မနက် ဆယ်နာရီထိအောင် ရွှေ့ပေးစေချင်ပါတယ်'

ဤတွင် စမစ်သည် စောစောကလို ယဉ်ကျေးသိမ်မွေ့စွာ မဟုတ်တော့ဘဲ လေသံခပ်မာမာဖြင့် ပြန်ပြောလေသည်။

'ဒါတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ကျုပ်တို့အဖွဲ့ဟာ အခုည သန်းခေါင်ကျော်ဆို ၈ နာရီထိုးတာနဲ့ မှော်စင်ကြီးက ထွက်ခွာသွားတော့မယ်။ ကျုပ်တောင်းထားတဲ့ ဒေါ်လာငွေ သိန်းသုံးရာကို အဲဒီအချိန်အတွင်းမှာ မရဘူးဆိုရင် မှော်စင်ကြီးကိုလည်း ဖောက်ခွဲဖျက်ဆီးပစ်မယ်။ ည ၈ နာရီ မထိုးခင် အဲဒီငွေရရင် ကျုပ်ဆီပြန်ဆက်သွယ်ပါ။ ငွေယူလာမယ့် အဖွဲ့ဘေးရန်မရှိဘဲ ကျုပ်တို့ဆီလာနိုင်အောင် စီစဉ်ပေးမယ်။ ဒီအတောအတွင်း လေဆာရောင်ခြည် သေနတ်တွေကတော့ အချိန်မရွေး ပစ်ခတ်နိုင်အောင် ပြင်ဆင်ထားတယ်ဆိုတာ ခင်ဗျားတို့ သတိပြုစေချင်တယ်'

သူတို့နှစ်ဦး တယ်လီဖုန်းဖြင့် အပြန်အလှန်ပြောဆိုနေခြင်းကို အသံချဲ့စက် (စပီကာ)များဖြင့် ဆက်သွယ်ထားသဖြင့် ဒူးခရက်၏ ရုံးခန်းအတွင်းရှိ လူအားလုံးက ကြားနေရလေသည်။

စမစ်၏ စကားအဆုံးတွင် ဝန်ကြီး ဒူးခရက်သည် အနီးရှိ ဖီးလ်ပေါ့နှင့် ရဲချုပ် ပူပွန်တို့ဘက်သို့ လှမ်းကြည့်လိုက်သည်။

ဖီလ်ပေါ့က စာရွက်တစ်ရွက်ပေါ်တွင် တစ်စုံတစ်ခု လျင်မြန်စွာရေး၍ ဒူးခရက်အား လှမ်းပေးလိုက်သည်။

စာရွက်ကိုဖတ်ပြီးနောက် ဒူးခရက်သည် တယ်လီဖုန်းစကားပြောခွက်ထဲသို့ ဆက်ပြောလေသည်။

'မစ္စတာ စမစ်ခင်ဗျား။ ကျုပ်တို့ဘက်က ခင်ဗျားတောင်ဆိုတဲ့ အချိန်အတွင်း ပြီးစီးအောင်လိုပ်ဖို့ မဖြစ်နိုင်သလောက် ခဲယဉ်းနေပါတယ်။ ခင်ဗျားလည်း ကိုယ်ချင်းစာပြီး တွေးကြည့်ရင် နားလည် သဘောပေါက်ပါလိမ့်မယ်။ ဒါပေမယ့်လည်း ကျုပ်တို့အစိုးရအဖွဲ့က ခင်ဗျားတောင်းတဲ့ ငွေပမာဏရဲ့ တစ်ဝက်ကိုတော့ ဒီနေ့ည ဆယ်နာရီမှာ ပေးနိုင်ပါမယ်လို့ ပြောခိုင်းပါတယ်။ ဒါဟာ ကျုပ်တို့ ပြင်သစ်ပြည်တွင်းမှာရှိနေတဲ့ အမေရိကန် ဒေါ်လာငွေ အကုန်ပါပဲ။ ကျန်တဲ့ ငွေတစ်ဝက်ကိုတော့ ကျုပ်တို့က ဆွစ်ဇာလန်နဲ့ လူဇင်ဘတ်နိုင်ငံများမှာ သွားယူရပါမယ်။ ဒါကြောင့် အချိန်နည်းနည်းကြာမယ်လို့ ပြောရခြင်း ဖြစ်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ဒူးခရက်က လေသံခပ်အေးအေးနှင့်ပင် ပြောလိုက်ရာ မျှော်စင်ကြီးပေါ်မှ စမစ်သည် ခေတ္တမျှ စဉ်းစားပြီးမှ ပြန်ဖြေလေသည်။

'ကောင်းပြီလေ၊ ဒီနေ့ည ဆယ်နာရီတိတိမှာ ဒေါ်လာငွေ သိန်း ၁၅၀ ကို ကျုပ်တို့လက်ခံမယ်။ ဒါပေမယ့် ကျန်ငွေကို နောက်ထပ် ၁၂ နာရီကြာအောင် မဆိုင်းနိုင်ဘူး။ မနက်လေးနာရီ နောက်ဆုံးထားပြီး ပေးရမယ်။ ဘယ့်နှယ့်လဲ'

'ဟုတ်ကဲ့ ခဏလေးစောင့်ပါ မစ္စတာ စမစ်။ ကျုပ်တို့ လူကြီးတွေနဲ့ တိုင်ပင်ပါရစေဦး'

ဒူးခရက်သည် တယ်လီဖုန်း စကားပြောခွက်ကို ခေတ္တ လက်ဖြင့် အုပ်ထားလိုက်ပြီးမှ ဖီလ်ပေါ့အား လှမ်းမေးလေသည်။

'ကိုင်း··· ကျုပ် ဘာပြန်ပြောရမလဲ။ စမစ်က ဘာကြောင့်များ ဒါလောက် အချိန်ကိုလုနေတာလည်း မသိဘူး'

'စမစ်က မနက်မိုးမလင်းခင် ငွေတွေအားလုံး လိုချင်တယ်နဲ့ တူပါတယ်။ သူတို့ပါလာတဲ့ ဓာတ်အားပေး အင်ဂျင်စက်တွေက နောက်တစ်နေ့ ဆိုရင် အခြေအနေ မကောင်းနိုင်တော့ဘူးဆိုတာ တွက်မိလို့များလား'

ပြောရင်းနှင့် ဖီလ်ပေါ့သည် တစ်စုံတစ်ခု တွေးမိဟန်ဖြင့် လက်ဖျောက် တီးလိုက်သည်။

'ကျုပ်တို့ ထည့်စဉ်းစားဖို့ မေ့နေတာ အရေးကြီးတဲ့အချက် တစ်ခု ရှိနေတယ်ဗျ'

ဖီလ်ပေါ့က ပြောလိုက်ရာ ဒူးခရက်လည်း စိတ်ဝင်စားဟန်ဖြင့်

'ဘာများလဲဗျ'

ဟု လှမ်းမေးလေသည်။

'သူတို့တောင်းတဲ့ငွေ အားလုံးရပြီဆိုပါတော့။ လေဆာသေနတ်တွေကိုလည်း လျှပ်စစ်ဓာတ်အား ဖြတ်တောက်ပစ်ပိတ်ပြီးခါမှ စမစ်တို့လူစုက မျှော်စင်ကြီးက ဘယ်လိုနည်းနဲ့ အန္တရာယ်မရှိဘဲ ထွက်သွားနိုင်မှာလဲ။ အထွက်မှာ ကျုပ်တို့ရဲ့ စစ်တပ်တွေ၊ ရဲတွေ ဝိုင်းတိုက်ရင် ဘယ်လို ကာကွယ်နိုင်မှာလဲ'

'ဒါတော့ ကျုပ်ဖြင့် စဉ်းစားလို့ မရဘူး။ ဘာပဲဖြစ်ဖြစ် အခု စမစ် ပြောတာကို ကျုပ်တို့ သဘောတူပါတယ်လို့ အကြောင်းပြန်ရမှာပဲ မဟုတ်လား'



ဒူးခရက်သည် ဤသို့ပြောပြီးနောက် မျှော်စင်နှင့် ဆက်ထားသည့် တယ်လီဖုန်းဖြင့် စမစ်အား လှမ်းပြောလေသည်။

ချက်ချင်းပင် စမစ်က စတင်မေးခွန်းထုတ်လေသည်။

'ဘယ်လိုလဲ၊ ကျုပ်တို့ တောင်းဆိုချက်အတိုင်း ရမှာလား။ ကြာရှည်တော့ မစောင့်နိုင်ဘူးနော်။ ကျုပ်တို့က စိတ်မရှည်ဘူး'

'ဟုတ်ကဲ့ မစ္စတာစမစ်၊ ခင်ဗျား တောင်းဆိုတဲ့အတိုင်း ကျုပ်တို့ဘက်က သဘောတူပါတယ်'

ထိုမျှနှင့်ပင် ဝန်ကြီးဒူးခရက်သည် စကားကိုဖြတ်၍ တယ်လီဖုန်း စကားပြောခွက်ကို ပြန်ချလိုက်လေသည်။

* * *

ဆာဘရီနာသည် စားသောက်ခန်းထဲမှထွက်၍ လေကောင်းလေသန့် ရှူလိုသဖြင့် မျှော်စင်ကြီး၏ စင်္ကြံတစ်နေရာသို့ လျှောက်ထွက်လာလေသည်။

ထိုအခိုက် မိုက်ကယ်သည်လည်း တစ်ဘက်မှ လျှောက်လာရာ နှစ်ယောက်သား ဆုံမိကြပြီး ခေတ္တ ရပ်စကားပြောနေကြလေသည်။

'ဟေ့ ဆာဘရီနာ၊ မင်းက ကျောက်မျက်ရတနာ သူခိုးဖြစ်ပေမယ့် အခုတော့ မဆိုးပါလားကွ'

မိုက်ကယ်က မိမိအကြောင်း ကောင်းစွာ သိသလိုပြောလိုက်ရာ ဆာဘရီနာသည် ရင်ထဲမှ ထိတ်ခနဲ ဖြစ်သွားမိလေသည်။ ဤအတိုင်းဆိုလျှင် မိမိ မည်သူမည်ဝါဖြစ်ကြောင်းကို မိုက်ကယ်က စမစ်ရှေ့တွင် ထုတ်ဖော်ပြောလိုက်လေမည်လော။

သည်လိုသာ ဖော်ထုတ်လိုက်ပါက မိမိ၏အရေးကြီးဆုံး တာဝန်ဖြစ်သော ဖီလ်ပေါ့နှင့် ဆက်သွယ်ရန် မျှော်လင့်ချက်ရှိတော့မည် မဟုတ်ချေ။

မည်သို့ပင်ဖြစ်စေ မိမိအနေဖြင့် မိုက်ကယ်အား အလိုက်သင့် ဆက်ဆံစည်းရုံးခြင်းဖြင့် အန္တရာယ်ကို ကာကွယ်နိုင်လိမ့်မည်ဟု စိတ်ကူးရမိလေသည်။

'ဟဲလို··· ကိုမိုက်ကယ် ကျေးဇူးတင်ပါတယ်ရှင့်။ ရှင်က အခုလို ချီးမွမ်းတာကို ဝမ်းသာပါတယ်။ ကျွန်မမှာက ရှင်သိတဲ့ အလုပ်အပြင် အခြား ဝါသနာပါတာတွေ ရှိတယ်ရှင့်'

www.burmeseclassic.com

www.burmeseclassic.com



ဆာဘာရီနာက ချစ်စဖွယ်ပြုံး၍ ပြန်ပြောလိုက်ရာ မိုက်ကယ်ကလည်း သဘောကျဟန်ဖြင့် ရယ်မောလိုက်သည်။

'အေးပါကွာ။ ဟုတ်မှာပါပဲ၊ မင်းမှာ တခြားဝါသနာပါတာတွေ ရှိမှာပါ။ ဒီမယ် ဆာဘာရီနာ မင်းကို ငါလေ…'

'ဘာများလဲရှင့်'

ဆာဘာရီနာက ရင်တဖိုဖိုနှင့် ကြားဖြတ်မေးလိုက်သည်။

'တခြားမဟုတ်ပါဘူးကွ။ မင်းကိုငါက တစ်နေရာရာမှာ တွေ့ဖူးသလို ရှိတယ်။ ဒါက သိပ်ပြီးလည်း အရေးမကြီးပါဘူး'

'နိုး… နိုး လူချင်းတွေ့ဆုံ သိကျွမ်းဖူးတာ မဟုတ်ပါဘူး။ တစ်ခု တော့ရှိတယ်။ ရှင်က ကျွန်မကို မြင်ဖူးတာ ဖြစ်လိမ့်မယ်။ တစ်ချိန်က ကျွန်မဟာ ကိုယ်ဟန်ပြမယ် အလုပ်လုပ်ခဲ့ဖူးတယ်။ ကျွန်မရဲ့ ဓာတ်ပုံတွေက နေရာတကာ ပျံ့နှံ့နေတော့ ရှင်ကလည်း မြင်ဖူးတာ ဖြစ်ပါလိမ့်မယ်'

ဆာဘာရီနာက ခပ်တည်တည် လိမ့်လိုက်ရာ မိုက်ကယ်သည် ရုတ်တရက် ဘာမှ ပြန်မပြောဘဲ စဉ်းစားနေသလို စီးကရက်ကို အားရပါးရ ဖွာနေလေသည်။

အတန်ကြာမှ ဆာဘာရီနာဘက် လှည့်ပြီးပြောလေသည်။

'အေး… ဒါလဲ ဟုတ်တာပဲ၊ မင်း ပြောသလို ဓာတ်ပုံမြင်ဖူးတာလဲ ဖြစ်နိုင်တယ်'

'ဟုတ်ပါတယ်ရှင့်၊ ကျွန်မက နောက်ပိုင်းကျတော့ အဲဒီအလုပ်လုပ် ရတာ ရှက်တာနဲ့ ထွက်လိုက်တာပဲ'

'ဟုတ်တယ်။ တကယ်လို့သာ မင်းနဲ့ငါ လူချင်းသိကျွမ်းခဲ့ဖူးရင် မင်းလို တကယ်လှပကြော့ရှင်းတဲ့ မိန်းကလေးမျိုးကို ငါ တစ်သက်မေ့လို့ ရမှာ မဟုတ်ဘူး'

မိုက်ကယ်၏ စကားကြောင့် ဆာဘာရီနာသည် ရှက်သွေးဖြာ မျက်နှာလေး နီရဲသွားလေသည်။

'ကျေးဇူးတင်ပါတယ်ရှင်'

'ဟော့ ဆာဘာရီနာ ဟိုမယ်ကြည့်စမ်း၊ စစ်တပ်တွေ လာပြီနဲ့တူတယ်'

မိုက်ကယ်က ပြောရင်းနှင့် မျှော်စင်အောက်ဘက်သို့ ညွှန်ပြလိုက်ရာ ဆာဘာရီနာလည်း လှမ်းကြည့်လိုက်လေသည်။



ပြင်သစ် စစ်တပ်မှ စစ်ကားကြီးများ မျှော်စင်နှင့် မလှမ်းမကမ်း နေရာသို့ ထိုးဆိုက်လာပြီး ကားပေါ်မှ လက်နက်ကိုင် စစ်သားတွေ ဆင်းနေ ကြသည်ကို မြင်ရလေသည်။

'အရေးကြီးလာပြီ ထင်တယ်နော်'

ဆာဘာရီနာက မှတ်ချက်ချလိုက်ရာ၊ မိုက်ကယ်သည် ခေါင်းခါပြ လေသည်။

'ငါတော့ မထင်ဘူး။ ဒါထက် မျှော်စင်ပေါ်က လေဆာသေနတ်တွေ က ပြင်ဘက်က ချဉ်းကပ်လာသမျှကို တိုက်ဖျက်နေရဲ့လားဆိုတာ စမ်းကြည့် ရအောင်'

ပြောပြောဆိုဆို မိုက်ကယ်သည် သောက်လက်စ စီးကရက်တိုကို လေထဲသို့ ပစ်ချလိုက်သည်။

စီးကရက်တိုသည် ဆယ်ကိုက်မျှသာ လွင့်ကျသွားစဉ် လေဆာ သေနတ် မှ အလင်းရောင်တစ်ခု ချက်ချင်းပေါ်လာပြီး စီးကရက်တို ရှိရာသို့ ရောက်လာသည်။ ချက်ချင်း စီးကရက်တိုသည် ပျောက်ကွယ်သွားတော့သည်။

လေဆာသေနတ်သည် မျှော်စင် ပတ်ဝန်းကျင်သို့ ချဉ်းကပ်လာသော အရာဝတ္ထုမှန်သမျှကို မှန်မှန်ညက်ညက် ကြေမွပျက်စီးအောင် ချေမှုန်းနိုင်သည် မှာ အမှန်ပင် ဖြစ်နေလေပြီ။

ထိုအခိုက် စမစ်လူယုံတော် ကလော်ဒီသည် မိုက်ကယ်၏ နောက်နား သို့ ရောက်လာလေသည်။ သူသည် ခြေသံမကြားအောင် လမ်းလျှောက်တတ် ပြီး သူများတွေပြောနေသည့်စကားကို လိုက်ချောင်းနားထောင်လေ့ ရှိသူဖြစ် သည်။

'မစ္စတာ မိုက်ကယ် ခင်ဗျား၊ ဆေးလိပ်သောက်ရင် သတိထားမှ ပေါ့ဗျ။ အခုလိုလုပ်တာမျိုးဟာ ခင်ဗျားရဲ့ ကျန်းမာရေးအတွက် အန္တရာယ် ဖြစ်နိုင်တယ် ခင်ဗျ။ နောက်ကို သတိထားပါ'

ကလော်ဒီက အဓိပ္ပာယ်ပါပါ သတိပေးပြောလိုက်သည်။

* * *

နေဝင်ဖျိုးဖျ အချိန်ဖြစ်၍ မျှော်စင်ကြီး ပတ်ဝန်းကျင်တစ်ခုလုံးမှာ ဝင်လုဆဲနေမင်း၏ ဖျော့တော့သော ရောင်ခြည်များအောက်ဝယ် ညှိုးချိုကား

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုသဖွယ် လှပကြည့်ကောင်းနေပေသည်။

သို့သော် သဘာဝမိခင်၏ အလှအပကြား လူသားတို့က အလှ၏ ဆန့်ကျင်ဘက်ကို ပြုလုပ်နေကြလေသည်။

မျှော်စင်ကြီး၏ သတ်မှတ်ထားသော အန္တရာယ်စက်ဝိုင်း ပြင်ဘက်၌ စစ်တပ်များက အရေးပေါ် မြေကတုတ်များ ပြုလုပ်လျက် ရှိကြသည်။ စမစ်၏ သတိပေးချက်အရ မျှော်စင်အောက်ခြေမှာ မီတာတစ်ထောင်ပတ်လည် မည်သူမှ မချဉ်းကပ်ရ။ ချဉ်းကပ်လာသူမှန်သမျှ လေဆာသေနတ်က ချေမှုန်း ပစ်လိမ့်မည်ဟု ဆိုထားပေသည်။

ထို့ကြောင့် ပြင်သစ်စစ်တပ် အာဏာပိုင်တို့က မီတာတစ်ထောင် ပြင်ဘက်မှ မြေကတုတ်များ၊ ယာယီခံတပ်များ အရေးပေါ် တည်ဆောက်လိုက် ခြင်းဖြစ်သည်။

လက်နက်ကိုင် စစ်သားများသည်လည်း အလုံးအရင်းနှင့် ရောက်ရှိ နေပြီဖြစ်သည်။ သို့သော် မျှော်စင်ပေါ်မှ လေဆာရောင်ခြည်သေနတ် အန္တရာယ် ကြောင့် မည်သူမှ ရှေ့သို့မတိုးဝံ့ကြချေ။ ဗိုလ်ချုပ်ကြီးများက အခွင့်အရေး သာသည်နှင့် စစ်တပ်ဖြင့် ဝင်တိုက်နိုင်ရန် အဆင်သင့် ပြင်ဆင်ထားခြင်းသာ ဖြစ်သည်။

စစ်သားများစုရုံးနေရာနှင့် မျှော်စင်အနီး အန္တရာယ်စက်ဝိုင်း ကြားတွင်ကား မည်သူမှ အဝင်အထွက်မရှိသော ကြားနေဒေသ တစ်ခုရှိလေ သည်။ ယင်း ကြားနေဒေသ၏ အစပ်တွင် ပြင်သစ်ရဲတပ်ဖွဲ့၏ ဆက်သွယ်ရေး မော်တော်ယာဉ်တစ်စင်းရှိလေသည်။

ယင်းမော်တော်ယာဉ်သည် ဆက်သွယ်ရေး ဗဟိုစခန်းဖြစ်ပြီး ဗီလ်ပေါ့ နှင့် ရဲချုပ်ပူပွန်တို့အနေဖြင့် မော်တော်ယာဉ် ဆက်သွယ်ရေးစက်များဖြင့် မည်သည့်နေရာနှင့်မဆို ဆက်သွယ်နိုင်ပေသည်။

အမေရိကန်ဘာသာနှင့် လှမ်းစကားပြောနိုင်သကဲ့သို့ မျှော်စင်ပေါ်ရှိ ဒုစရိုက်သမား စမစ်နှင့်လည်း လှမ်းဆက်သွယ်၍ရအောင် ဖန်တီးထားခြင်း ဖြစ်ပေသည်။

ဤဆက်သွယ်ရေး မော်တော်ယာဉ်ကို ဖန်တီး၍ နေရာချထားခြင်းမှာ ဗီလ်ပေါ့၏ စိတ်ကူးဖြစ်လေသည်။



သူ၏ လူယုံ (သူလျှို)များဖြစ်သော ဆာဘာရီနာနှင့် စီဒဗလျူတို့ရှိရာ မျှော်စင်နှင့် အတတ်နိုင်ဆုံးနီးအောင် လာနေခြင်းဖြစ်ပြီး သူတို့ထံမှ ဆက်သွယ်မှု ကို ဗီလ်ပေါ့က အထူးစောင့်မျှော်နေပေသည်။

သူသည် လက်တွေ့ပျှပ်ရှားမှုကို နှစ်သက်သဘောကျသူ ဖြစ်သည့် အလျောက် ပြည်ထဲရေးဝန်ကြီးရုံးခန်းထဲ ငုတ်တုတ်ထိုင်နေရခြင်းကို ငြီးငွေ့ လာရာမှ ရဲချုပ်ပူပွန်ကိုပါ အဖော်ခေါ်၍ ဆက်သွယ်ရေးမော်တော်ယာဉ်သို့ လာရောက်နေခြင်းဖြစ်သည်။

စောင့်နေရင်းနှင့် ဗီလ်ပေါ့က မျှော်စင်ပေါ်မှ စမစ်၏အကြောင်းကို ပြောပြနေလေသည်။

'မျှော်စင်ပေါ်မှာရှိနေတဲ့ သူတို့ဂိုဏ်းသားတွေအားလုံးအတွက် အဓိက အင်အား သို့မဟုတ် တွန်းအားက စမစ်သာဖြစ်တယ်ဗျ။ တယ်လီဗီးရှင်းက တစ်ဆင့် သူပြောသွားတာ မှတ်မိတယ်မဟုတ်လား။ အချိန်ကျရင် သူတို့အဖွဲ့ သားတွေအားလုံး မျှော်စင်က ထွက်သွားမယ်ဆိုတာ။ ကောင်းပြီ··· လေဆာ ရောင်ခြည်သေနတ်တွေ တပ်ဆင်ထားတဲ့အတွက် သူတို့လူတွေ ဘယ်လိုလုပ်ပြီး မျှော်စင်က ထွက်နိုင်မှာလဲ။ ပြင်ဘက် မီတာတစ်ထောင် ပတ်လည်အတွင်းမှာ လှုပ်ရှားသွားလာတဲ့ အရာဝတ္ထုမှန်သမျှကို လေဆာသေနတ်တွေက ချက်ချင်း ချေမှုန်းပစ်မှာ မဟုတ်လား။ ဒီတော့ သူတို့လူတွေ အန္တရာယ်မဖြစ်အောင် ကာကွယ်တဲ့ အစီအစဉ်တစ်ခုခု ရှိရမယ်။ ရှိရင် ကျုပ်ရဲ့လူ စီဒဗလျူဆီမှာလည်း ရှိရမယ် မဟုတ်လား။ သူဟာ အဲဒီအကာကွယ်ကိုယူပြီး ကျုပ်တို့ကို ဖြစ်တဲ့ နည်းနဲ့ ဆက်သွယ်မှာ သေချာတယ်။ ကျုပ်က စီဒဗလျူရဲ့ သတ္တိနဲ့ အရည်အချင်း ကိုလည်းသိထားတော့ ဒီကောင်ဟာ မျှော်စင်ပေါ်က မြေပြင်ကို ရောက်အောင် နှစ်မိနစ်လောက်နဲ့ ဆင်းနိုင်တယ်လို့ ပြောနိုင်တယ်။ ပြီးတော့··· သူ့မှာရှိတဲ့ ကာကွယ်မှုပစ္စည်းနဲ့ ကျုပ်တို့ဆီကို ထွက်ပြေးလာနိုင်တယ်။ သူထွက်လာတဲ့ အချိန်မှာ ပေါဟိုသတ္တဝါတွေလိုလည်း ဖြစ်မှာမဟုတ်ဘူး'

ပြောရင်းနှင့် ဗီလ်ပေါ့က မျှော်စင်ပြင်ဘက် မြေပြင်တစ်နေရာသို့ ညွှန်ပြလိုက်သဖြင့် ရဲချုပ်ပူပွန်လည်း လှမ်းကြည့်လိုက်သည်။

ထိုနေရာတွင် အရှင်လတ်လတ် မီးဖြင့် ဖုတ်ကင်ထားသလို သေနေ သော ငှက်သတ္တဝါများ ပြန့်ကြဲလျက် ရှိနေလေသည်။ ငှက်များသည် မျှော်စင် ကြီးမှ မီတာတစ်ထောင်ပတ်လည်အတွင်း ကောင်းကင်တွင် ပျံသန်းလာသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



လေဆာရောင်ခြည်သေနတ်၏ ချေမှုန်းခြင်းခံရကာ သေဆုံးနေကြခြင်းဖြစ်သည်။

'ဒါပေမယ့်... ခင်ဗျားလူ စီဒဗလျူက အန္တရာယ်မရှိဘဲ ထွက်လာနိုင်တယ်ပဲထားဦး။ စမစ်ရဲ့လူတွေက မျှော်စင်ပေါ်က စက်သေနတ်နဲ့ လှမ်းပစ်မှာပေါ့'

ရဲချုပ်ပူပွန်က ကန့်ကွက်သလို ပြောလိုက်ရာ ဖီလ်ပေါ့က ပြုံးဖြီးဖြီးနှင့် ခေါင်းခါပြလေသည်။

'နိုး... နိုး။ ရဲချုပ်ကြီးက လေဆာရောင်ခြည်သေနတ်ရဲ့ စွမ်းအင်ကို ထည့်မစဉ်းစားဘူးနဲ့တူတယ်။ ဟိုမယ်... သေနေတဲ့ ငှက်တွေလိုပဲ လေဆာရောင်ခြည် လက်နက်ဟာ စက်သေနတ်နဲ့ ပစ်လိုက်တဲ့ ကျည်ဆံတွေကိုလည်း တစ်ခုမကျန်လိုက်ပြီး ချေမှုန်းပစ်မှာ ခင်ဗျ။ ဒီလို မဖြစ်အောင် လေဆာသေနတ်တွေမှာ ပစ်ခတ်တဲ့ စက်ခလုတ်ကို ပိတ်ထားဖို့ကလဲ စမစ်က လုပ်ဝံ့မှာမဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီလို လေဆာခလုတ်တွေ ပိတ်လိုက်တာနဲ့ ကျုပ်တို့ရဲ့တပ်တွေက တရကြမ်း ဝင်စီးတော့မှာကိုး'

သည်တော့မှ ရဲချုပ် ပူပွန်သည် သဘောပေါက်သွားတော့သည်။

'ဟုတ်တယ်ဗျို့။ ကျုပ်က စောစောက အဲဒီလို မစဉ်းစားမိဘူး။ စမစ်က လေဆာသေနတ်တွေ ပြန်ဖြုတ်လိုက်တာနဲ့ ကျုပ်တို့တပ်တွေ အတင်းဝင် တိုက်ရုံပဲ။ ဖြစ်ဖို့ရာ ခဲယဉ်းပေမယ့် မျှော်လင့်ချက်နည်းနည်းတော့ ရှိတာပေါ့။ ဘာပဲ ဖြစ်ဖြစ်လေ ခင်ဗျားပြောသလိုပဲ ဒီမှာ လာနေရတာ ဝန်ကြီးရုံးခန်းထဲ ငုတ်တုတ်ထိုင်နေတာထက်တော့ တော်သေးတယ်'

'ဒါပေမယ့် ညနေဘက် နေဝင်ချိန်မတိုင်မီ ဘာမှထူးခြားမယ် မထင်ဘူး။ ကျုပ်လူ စီဒဗလျူက တစ်ခုခု လုပ်မယ်ဆိုရင် နေဝင်လို့ မှောင်လာတော့မှပဲ ခြေလှမ်းလှမ်းဖို့များတယ်။ ဒါက လိုလိုမယ်မယ် ပြောတာပါ။ စီဒယူအနေနဲ့ ဆာဘာရီနာကို အမှောင်ရဲ့ အကာအကွယ် သိပ်မလိုဘူး'

'ဘာဖြစ်လို့လဲဗျ'

'စီဒဗလျူဆိုတဲ့ကောင်က အသားအရောင် မည်းနက်နေတဲ့ ကပ္ပလီ (နီဂရိုး)တစ်ယောက် ဖြစ်တယ်။ အဲဒီလို ကျုပ်ပြောတာကို ဒီကောင်နဲ့တွေ့ရင် သွားမပြောလိုက်နဲ့ဦး။ ဘာပဲဖြစ်ဖြစ် စီဒဗလျူက ကျုပ်တို့အဖွဲ့အတွက် အလွန်အရေးပါတဲ့ 'ဖဲဖဲ' တစ်ချက်ပဲဗျ။ ချက်ကောင်းကျမှ ထုတ်သုံးရတာမျိုး ဆိုပါတော့ ဟဲ... ဟဲ'



ဖီလ်ပေါ့က ရယ်မောကာ ပြန်ပြောလိုက်စဉ် ပဲရစ်မြို့ရဲတပ်ဖွဲ့မှ အရာရှိတစ်ဦး ရောက်လာလေသည်။

သူနှင့်အတူ မြို့တော်အင်ဂျင်နီယာဌာနမှ ဝန်ထောက်တစ်ဦး လိုက်ပါလာပြီး အီဖယ်လ်မျှော်စင်ကြီး၏ အသေးစိတ် ဒီဇိုင်း (ပုံစံ) စာရွက်ကို ထုတ်ပြလေသည်။

ဖီလ်ပေါ့နှင့် ရဲချုပ် ပူပွန်တို့သည် အင်ဂျင်နီယာဝန်ထောက်နှင့်အတူ ယင်းမျှော်စင်၏ ပုံစံစာရွက်ကို သေချာစွာ လေ့လာကြည့်ရှုနေကြလေသည်။

တဖြည်းဖြည်းနှင့် နေဝင်သွားလေရာ မျှော်စင်ကြီးပတ်ဝန်းကျင်၌ မှောင်စပျိုးလာလေသည်။

ထိုအချိန်၌ မျှော်စင်၏ သံဒိုင်းကြီးများအကြား၌ သဏ္ဌာန်တစ်ခုသည် ပုန်းလျှိုး ကွယ်လျှိုး လှုပ်ရှားနေလေသည်။

ထိုသဏ္ဌာန်ကား စီဒဗလျူပင်ဖြစ်ပြီး ပင့်ကူနတ်ဟု နာမည်ရထားသူဖြစ်သည့်အတိုင်း ပင့်ကူတစ်ကောင်၏ ကျင်လည်လျင်မြန်မှုန်းဖြင့် မှောင်ထဲတွင် လှုပ်ရှားနေခြင်းဖြစ်သည်။

တစ်ချိန်တွင် သံဒိုင်းကြီးနှင့် တစ်စုံတစ်ခု ရိုက်ခတ်မိသော အသံလိုလို ကြားလိုက်ရသဖြင့် စီဒဗလျူသည် ချက်ချင်း သံတိုင်တစ်တိုင်ကို ကွယ်လျက် ငြိမ်နေလိုက်ပြန်သည်။

*  *  *

မျှော်စင်အောက်ခြေတွင် ရှိနေသော ရဲဆက်သွယ်ရေးမော်တော်ယာဉ်ပေါ်၌ ဖီလ်ပေါ့၊ ဆိုနီယာနှင့် ပူပွန်တို့သည် ညကြည့်မှန်ပြောင်းများဖြင့် မျှော်စင်ဘက်ဆီသို့ စိုက်ကြည့်နေကြသည်။

'ဟေ့... ဆိုနီယာ ဘာများ မြင်သလဲကွဲ့'

ဖီလ်ပေါ့က မေးလိုက်ရာ ဆိုနီယာက ခေါင်းခါပြလေသည်။

'ခုချိန်ထိတော့ ဘာမှ လှုပ်ရှားတာမမြင်ရဘူး။ မျှော်စင်ကြီး ပတ်ပတ်လည်ရှိတဲ့ သံဒိုင်းကြီးများကို နှံ့အောင် လိုက်ကြည့်နေရတာလဲ မလွယ်ဘူးရှင့်'

'အေး... ဒါလဲ ဟုတ်တာပဲ။ ဘာပဲဖြစ်ဖြစ်ကွ။ ငါတို့လူ စီဒဗလျူ အနေနဲ့ အမြန်ဆုံး တက်သွားဖို့ ကြိုးစားပါစေဟု ဆုတောင်းမိတယ်'

ဖီလ်ပေါ့က ဤသို့ပြောရင်း မှန်ပြောင်းဖြင့် မျှော်စင်ဘက်သို့

www.burmeseclassic.com

ဆက်ကြည့်နေခိုက်မှာပင် စီဒဗလျူသည် ခေတ္တငြိမ်နေရာမှ ပြန်လည်လှုပ်ရှား လာလေသည်။

စောစောက အသံတစ်ခု ကြားလိုက်မိ၍ ရန်သူ ဂိုဏ်းသားတစ်ဦးဦး လာသည်မှတ်ပြီး အသာငြိမ်နေလိုက်ခြင်းဖြစ်ရာ ယခုတော့ အန္တရာယ်တစ်စုံ တစ်ရာရှိပုံ မရတော့သဖြင့် ဆက်လက်လှုပ်ရှားခြင်း ဖြစ်လေသည်။

သူသည် မြေပြင်ရှိ ဗီလ်ပေါ့တို့၏ ဆက်သွယ်ရေးယာဉ်နှင့် မျက်နှာ ချင်းဆိုင်ဘက် မျှော်စင်သံတိုင်ကြီးများကြားသို့ ရောက်အောင် ဘားကျွမ်း သမားတစ်ယောက်ကဲ့သို့ပင် ကျင်လည်ဖျတ်လတ်စွာ ခုန်လွှားကူးလာလေ သည်။

သူ့အနေဖြင့် ဆက်သွယ်ရေး မော်တော်ယာဉ်သို့ ဗီလ်ပေါ့ရောက်နေ ကြောင်း ခပ်စောစောကပင် သတိပြုမိထားပြီးဖြစ်သည်။ သို့သော် စမစ်၏ လူယုံတော် ကလော်ဒီက မျက်ခြည်မပြတ်ကြည့်နေသဖြင့် စားသောက်ဆိုင်ခန်း ထဲမှ မထွက်ဝံ့ဘဲ ငြိမ်နေခဲ့ခြင်းဖြစ်သည်။

ယခုတော့ အိမ်သာ ခေတ္တသွားဦးမည်ဟု အကြောင်းပြကာ အခန်းထဲ မှ ထွက်၍ အိမ်သာပြတင်းမှတစ်ဆင့် အောက်သို့တွယ်ဆင်းလာခဲ့ခြင်း ဖြစ် သည်။

ဆက်သွယ်ရေး မော်တော်ယာဉ်မှ သူရှိရာသို့ လှမ်းကြည့်လျှင် မြင် လောက်ပြီဟု စိတ်ချရသောအခါ စီဒဗလျူသည် သူ၏ ရင်ဘတ်တွင် ချိတ်ထားသော လေဆာသေနတ်ကာကွယ်သည့် သတ္တုကိရိယာကို ဖြုတ်ယူ လိုက်သည်။

* * *

ယင်းကိရိယာ၏ မျက်နှာပြင်တစ်ဖက်သည် ပြောင်လက်နေရာ စီဒဗလျူက ထိုမျက်နှာပြင်ကို အလင်းရောင်ဘက်လှည့်၍ မှန်ထိုးသလို ရောင်ပြန် ဟပ်အောင် အချက်ပြ ကြည့်လေသည်။

ချက်ချင်းလိုပင် သူ၏ အချက်ပြ အလင်းရောင်ကို ဆိုနီယာက မြင်မိလေသည်။

'ဟောဟိုမှာ မျှော်စင်ပေါ်က အလင်းရောင်နဲ့ အချက်ပြနေပြီရှင့်။ ဟုတ်ပါတယ် စီဒဗလျူဖြစ်ရမှာပဲ။ မျှော်စင်ရဲ့ ဒုတိယအထပ်နားက သံဘောင်



ကြီးတွေကြားမှာ လူရိပ်သဏ္ဌာန်ကိုတောင် မြင်နေရတယ်'

ဆိုနီယာက မှန်ပြောင်းဖြင့်ကြည့်ရင်း အားရပါးရ ပြောလိုက်သည်။

ဗီလ်ပေါ့နှင့် ရဲချုပ်ပုပ္ပန်တို့လည်း လျင်မြန်စွာ လှည့်ကြည့်လိုက်ကြ သည်။

'ဘယ်မှာလဲကွ'

ဗီလ်ပေါ့က မေးလျှင် ဆိုနီယာက လက်ညှိုးဖြင့် ညွှန်ပြလေသည်။

'ဟောဟို လှေကားတစ်ခု မြင်တယ် မဟုတ်လား။ လှေကားနားက ကပ်လျက် သံဘောင်နားမှာ'

'အေး… ဟုတ်ပြီ။ ငါမြင်ရပြီ၊ ငါတို့လူ စီဒဗလူ အစစ်ပဲဟေ့။ အလို သူက အလင်းရောင်နဲ့ အချက်ပြပြီး တို့ကို သတင်းပို့နေပါကလား။ ဆိုနီယာစာရွက်နဲ့ လိုက်မှတ်စမ်း။ သူ အချက်ပြတာကို ငါပြောမယ်။ လိုက်သာ ရေးပေတော့။ မျှော်စင်မှာ လုံခြုံရေး အစီအစဉ်တွေ အပြည့်ရှိတယ်။ မစ္စက်ဗီလာ အခုချိန်ထိ အိုကေပဲ။ မျှော်စင်ပေါ်က ဂိုဏ်းသားအားလုံး လက်နက် တွေ အသိမ်းခံရတယ်။ စမစ်နဲ့ သူ့လူယုံတော် နှစ်ယောက်ပဲ လက်နက်ရှိတယ်'

ဤသို့ ဗီလ်ပေါ့က အလင်းရောင်အချက်ပြခြင်းကို ကြည့်ရင်း ပြောနေစဉ် ဆိုနီယာက မှတ်စုစာအုပ်ငယ်တွင် လိုက်ရေးမှတ်နေလေသည်။

ဗီလ်ပေါ့သည် မျှော်စင်ဘက်သို့ အာရုံစိုက်ကြည့်ရင်း စီဒဗလျူ၏ သတင်းပို့ချက်ကို ဆက်ပြောပြလေသည်။

'စမစ်က မျှော်စင်က ထွက်ပြေးဖို့ အစီအစဉ် အသေးစိတ်ကို ပြောမပြ သေးဘူး။ ဂိုဏ်းသားတွေကို လေ့ကျင့်သင်တန်းပေးတုန်းကတော့ ကြိုးတန်း လျှောက်နည်း၊ ရေအောက်ထဲ ငုပ်ပြီး ရေကူးနည်းတွေကအစ လေ့ကျင့်စေခဲ့ ပါတယ်။ နောက်တစ်ခုက စမစ်ရဲ့ ရာတိုအိမ်ကြီးမှာ ဟယ်လီကော့ပ်တာ တစ်စင်း အသင့်ရှိတယ်။ ပြီးတော့…'

ဤနေရာတွင် စီဒဗလျူသည် အလင်းရောင်ဖြင့် အချက်ပြဆက်သွယ် ခြင်း ရုတ်တရက် ရပ်သွားသည်။

'အလို စီဒဗလျူက ဘာဖြစ်လို့ ဆက်ပြီး သတင်းမပို့တော့တာလဲ မသိဘူး'

ဗီလ်ပေါ့က မှတ်ချက်ချလိုက်ရာ ဆိုနီယာက မှတ်စုစာအုပ်ကို ကြည့်ရင်း…

www.burmeseclassic.com



'သူပြောလိုတာ ဒါပဲနဲ့ တူပါတယ်'

ဟု ပြောလေသည်။

'ဒီလိုဆိုရင် တော်သေးတယ်။ ဒီကောင် ဟိုပေါ်မှာ အန္တရာယ်တစ်ခုခု များ ဖြစ်နေလို့များလားလို့'

* * *

မျှော်စင်ပေါ်မှ စီဒဗလျူက အချက်ပြဆက်သွယ်ခြင်းကို ရုတ်တရက် ရပ်လိုက်ခြင်းမှာ အကြောင်းရှိပေသည်။

သူ၏နောက်မှ တစ်စုံတစ်ယောက်က ပါးစပ်ကိုလက်ဖြင့် ဖမ်းပိတ်လိုက်ပြီး...

'ဟေ့... ငြိမ်ငြိမ်ကလေး နေလိုက်စမ်း'

ဟု ခပ်တိုးတိုး ပြောလိုက်သည်။

ထိုလူကား မိုက်ကယ်ပင် ဖြစ်သည်။

စီဒဗလျူလည်း အပေါ်ဘက်သို့ မော့ကြည့်လိုက်ရာ စမစ်၏ လှုပ်ယုံတော် ညာလက်ရုံး ကလော်ဒီသည် လက်နှိပ်ဓာတ်မီးကိုင်လျက် မိမိတို့ ရှိရာဘက်သို့ လှေကားမှ ဆင်းလာနေကြောင်း တွေ့ရလေသည်။

စီဒဗလျူနှင့် မိုက်ကယ်တို့က အသက်ပင် ပြင်းပြင်းမရှူဝံ့ဘဲ မှောင်ရိပ်တွင် အသာကပ်၍ ငြိမ်နေကြစဉ် ကလော်ဒီသည် သူတို့အနီး သုံးပေခန့်သာ ကွာသောနေရာတွင် ရပ်ပြီး မြေပြင်ရှိ ရဲဆက်သွယ်ရေး မော်တော်ယာဉ်ကို သင်္ကာမကင်း ဖြစ်ဟန်ဖြင့် ကြည့်နေလိုက်သည်။

အတန်ကြာအောင် ကြည့်နေပြီးမှ ကလော်ဒီသည် လှေကားဖြင့် ပြန်တက်သွားတော့သည်။

အမှန်တော့ သူသည် စီဒဗလျူပျောက်နေ၍ မသင်္ကာဖြစ်ကာ လိုက်ရှာနေခြင်းဖြစ်သည်။ ထို့ပြင် ကလော်ဒီအနေဖြင့် စီဒဗလျူ ပျောက်နေချိန် အတွင်း မိုက်ကယ်နှင့် ဆာဘရီနာတို့ကိုပါ မမြင်မိသဖြင့် စိတ်ထဲ ပိုမသင်္ကာ ဖြစ်နေမိလေသည်။

မိုက်ကယ်သည် စီဒဗလျူ၏ ပါးစပ်ကိုပိတ်ထားသော လက်ကို ဖယ်လိုက်ပြီးမှ

'မောင်ရင် ကံကောင်းလို့ ကိစ္စမချောတာ။ နားလည်ပြီ မဟုတ်လား။ ကျုပ်က ဟိုကောင်ကိုမြင်ပြီး အချိန်မီလာခဲ့ပေလို့ပေါ့'



ဟု ပြောလိုက်သည်။

ထိုအခိုက်မှာပင် ဆာဘရီနာသည် နောက်မှ ခြေဖျားထောက်ဝင်လာပြီး မိုက်ကယ်၏ လည်ပင်းရင်းနားသို့ ဂျူဒိုသိုင်းနည်းအရ လက်ဝါးစောင်းဖြင့် တအားခုတ်ချလိုက်သည်။

မိုက်ကယ်မှာ အငိုက်မိသွားသဖြင့် လဲကျသွားတော့မလို ဖြစ်သွားသည်။

ဆာဘရီနာက နောက်ထပ် တစ်ချက်ခုတ်ရန် လက်ဝါးကို မြှောက်ရွယ်စဉ် စီဒဗလျူက လျင်မြန်စွာ ဖမ်းထားလိုက်သည်။

'ဟေ့... ဆာဘရီနာ ဘာလုပ်တာလဲကွ၊ ဒီလူက ခုပဲ ငါ့အသက်ကို ကယ်ခဲ့တာ'

'ဟုတ်လား။ ဒါဖြင့် ရှင်ကလည်း အခုကျွန်မက သူ့ကိုသတ်မယ့် ဆဲဆဲ ရှင်က ဝင်တားလိုက်တာဟာ သူ့အသက်ကိုကယ်ရာ ရောက်သွားတယ်။ ဒီတော့ ကျေသွားပြီပေါ့'

ဆာဘရီနာက မျက်နှာထား တင်းတင်းဖြင့် ပြောလိုက်လျှင် မိုက်ကယ်သည် သူ၏လည်ပင်းကို လက်ဝါးဖြင့် ပွတ်သပ်ရင်း သူ၏စိတ်ထဲတွင် ရှိသည့်အတိုင်း ထုတ်ပြောလိုက်သည်။

'ဆာဘရီနာ မင်းက အရင်တစ်ခေါက် ငါနဲ့ တွေ့ခဲ့တုန်းကထက်ပိုပြီး အစွမ်းကောင်းလာပါလားကွ။ ငါ ထွက်သွားပြီးတဲ့နောက်ပိုင်း မင်း တက်ခဲ့တဲ့ ကိုယ်ခံသိုင်းပညာ သင်တန်းက တော်တော်ကောင်းလို့ ဖြစ်ရမယ်'

မိုက်ကယ်က ဤသို့ပြောလိုက်မှ ဆာဘရီနာသည် အံ့အားသင့်သွားတော့သည်။

'ဟင်... ရှင်၊ ဒါဖြင့် ရှင်က ကျွန်မကို စောစောတည်းက မှတ်မိနေတာပေါ့ ဟုတ်လား'

'မှတ်မိတာပေါ့၊ ဆာဘရီနာရယ်၊ မင်းလိုလှပကြော့ရှင်းတဲ့ မိန်းကလေးမျိုးကို တစ်ခါတွေ့ပြီးရင် မေ့နိုင်ပါ့မလား ဟဲ... ဟဲ'

'ဒါထက် ကိုယ့်လူက အခု ဘယ်သူ့ဘက်သားလဲဗျ'

စီဒဗလျူက ကြားဖြတ်၍ ဝင်မေးလိုက်သည်။

'အခုတော့ ကျုပ်က မိမိကိုယ်ကို အမိကထားတဲ့ လူဆိုပါတော့။ ကိုယ့်အကျိုးစီးပွားက ပထမဦးစားပဲ။ ဒါပေမယ့် ကျုပ်ဟာ စီအိုင်အေ ထောက်

www.burmeseclassic.com

www.burmeseclassic.com



လှမ်းရေးအဖွဲ့ရဲ့ လျှို့ဝှက်ဧဂျင့် (သူလျှို)တစ်ဦးပဲ ဖြစ်တယ်။ တစ်နည်းအားဖြင့် ကျုပ်ဟာ မောင်ရင်တို့နှစ်ယောက်စလုံးနဲ့ မဟာမိတ်ဖြစ်တယ်'

မိုက်ကယ်က အမှန်အတိုင်း ဖွင့်ပြောလိုက်သည်။

'ဒါနဲ့များ ရှင်က ဘာဖြစ်လို့ အခုချိန်ထိအောင် ကျွန်မတို့ကို မဆက်သွယ်ဘဲ ခပ်တည်တည်ကြီး လုပ်နေရတာလဲရှင့်'

ဆာဘာရီနာက ပြန်လည်မေးလိုက်သည်။

'ဒါတော့ မင်းတို့နှစ်ယောက်တစ်ခုခု အန္တရာယ်ဖြစ်ခဲ့ရင် ငါပါရောမပါဘဲ အလုပ်ဆက်လုပ်နိုင်အောင်ပေါ့ကွ။ ဒါထက် စီဒဗလျူက အချက်ပြတာကို ဆရာဖီလ်ပေါ့က အကြောင်းပြန်နိုင်သလား'

စီဒဗလျူက ဖီလ်ပေါ့တို့ဘက်မှ ပြန်၍ အချက်ပြဆက်သွယ်ရန် အချိန် မရလိုက်ကြောင်းပြောလျှင် မိုက်ကယ်သည် ခေါင်းခါပြလေသည်။

'ဒါဖြင့် မတတ်နိုင်ဘူး၊ တို့ဟာတို့ ကြည့်စခန်းသွားရတော့မှာပဲ'

'ရှင့်မှာ အကြံအစည်ရှိလို့လားဟင်'

ဆာဘာရီနာက ထပ်ဆင့်မေးလိုက်ပြန်သည်။

'အေး… ငါ့မှာ စိတ်ကူးထားတဲ့ အကြံတစ်ခုတော့ရှိတယ်။ အဲဒါကို အကောင်အထည်ဖော်ဖို့ ကြိုးစားရမှာပဲ။ ငါက ဒီအကြံကို အသေးစိတ်ပြောပြမယ်။ ပြီးတော့ တို့သုံးယောက်စလုံး စားသောက်ခန်းကို မြန်မြန် ပြန်ကြစို့။ တော်တော်ကြာ ဟို ကလော်ဒီဆိုတဲ့ အကောင်က လိုက်လာအုံးမယ်'

*　　*　　*

သူတို့သုံးဦး စားသောက်ခန်းကို ပြန်သွားကြသောအခါ ကလော်ဒီက မယုံသင်္ကာဖြစ်ဟန်ဖြင့် လှမ်းကြည့်ခြင်းမှလွဲ၍ မည်သူကမှ အထူးဂရုမစိုက်ကြပေ။

သူတို့သုံးဦးကလည်း ပြိုင်တူမဝင်ဘဲ တစ်ဦးချင်း ခွဲ၍ ဝင်သွားကြခြင်း ဖြစ်သည်။

မိုက်ကယ်က တိုတီနှင့် ပေအီတို့ရှိရာသို့သွား၍ ကစားနေသောဖဲဝိုင်းတွင် ဝင်ထိုက်လျက် ဆာဘာရီနာက စမစ်၏ ဂိုဏ်းသား ဂျပန်မိန်းကလေး (တပ်နီအကြမ်းဖက်သမား) နှစ်ဦးနှင့် သွားစကားပြောနေလိုက်သည်။

စီဒဗလျူကတော့ ပင်ပန်းနွမ်းနယ်ဟန်ဖြင့် ကုလားထိုင်တစ်လုံးတွင် ခြေပစ်လက်ပစ် ထိုင်ချကာ အိပ်ငိုက်ချင်ဟန် ဆောင်နေလိုက်သည်။



နာရီဝက်ခန့်ကြာသောအခါ စမစ်သည် ကလော်ဒီနှင့် လီယာတို့အား ခေတ္တစကားပြောပြီးနောက် အခန်းတွင်းမှ ထွက်သွားလေသည်။

ဆယ်မိနစ်ခန့်ကြာလျှင် စီဒဗလျူက ရုတ်တရက်ထပြီး ကောင်းကောင်းအိပ်နိုင်မည့်နေရာ သွားရှာဦးမည်ဟု အိပ်ချင်မူးတူးဟန်ဖြင့် ပြော၍ ထွက်သွားရာ မည်သူကမှ ကန့်ကွက်ခြင်း မပြုကြချေ။

အမှန်တော့ စီဒဗလျူက အကြံနှင့် ထွက်လာခြင်းဖြစ်သည်။

သူသည် ကိုယ်တိုင်ခလုတ်နှိပ်မောင်းရသော ဓာတ်လှေကားဖြင့် မျှော်စင်အပေါ်ထပ်သို့ တက်သွားလိုက်သည်။

အပေါ်ထပ်တွင်ကား လုံခြုံရေး အစောင့်နှစ်ဦးသည် လက်နက်မပါသော်လည်း လမ်းလျှောက်ကင်းလှည့်နေကြရာ စီဒဗလျူက သံတိုင်ကြီးများကြား၌ အသာပုန်းကွယ်နေလိုက်သည်။

အစောင့်များ လမ်းလျှောက်ကင်းလှည့်ပုံအရ နောက်ထပ်သုံးမိနစ်ခန့်ကြာမှ မူလနေရာသို့ ပြန်ရောက်နိုင်လိမ့်မည်ဟု ခန့်မှန်း၍ရပေသည်။

နောက်တစ်ကြိမ် လုံခြုံရေး အစောင့်များ ပတ်လှည့်သွားသည်နှင့် စီဒဗလျူသည် အသင့်ပါလာသော ကြိုးတစ်ချောင်းကို သံဘောင်တစ်ခုတွင် တုပ်ချီကာ ယင်းကြိုးကိုတွယ်၍ မျှော်စင်ဘေးမှ အောက်သို့ဆင်းလိုက်သည်။

သူ၏ အကြံကား ဓားစာခံ မစ္စက်ဗိုလာအားထားသည့် အထူးချုပ်သည်တော် (ဗီအိုင်ပီ)အခန်းသို့ သွားရန်ပင် ဖြစ်လေသည်။

အဘွားကြီးအား မျှော်စင်မှကယ်ထုတ်ရန် ကြံစည်ခြင်းလည်း ဖြစ်သည်။

ဤသည်မှာ မိုက်ကယ် ပြောပြသော စီမံကိန်းအရပင်ဖြစ်သည်။

မစ္စက်ဗိုလာကိုသာ ဘေးရန်မရှိဘဲ မျှော်စင်ပြင်ဘက်သို့ ထုတ်ယူသွားနိုင်လျှင် သူတို့အနေဖြင့် မျှော်စင်ကြီးပြန်ရရေး တစ်ခုတည်းသာ အာရုံစိုက်နိုင်ကြမည်ဖြစ်သည်။

စီဒဗလျူသည် ကြိုးဖြင့် အသာတွယ်ဆင်းသွားရာ မကြာမီ ဗီအိုင်ပီ အခန်းပြင်ဘက် ဘေးနံရံနားသို့ ရောက်သွားလေသည်။

မှန်ပြတင်းမှ အသာချောင်းကြည့်လိုက်ရာ အဘွားကြီး မစ္စက်ဗိုလာသည် တစ်ယောက်တည်း ထိုင်နေသည်ကို လှမ်းမြင်ရလေသည်။ မစ္စက်ဗိုလာ

www.burmeseclassic.com

www.burmeseclassic.com



သည် စီဒဗလျူရှိရာ ပြတင်းပေါက်ကို ကျောပေး၍ ထိုင်နေသည်။

စီဒဗလျူက အဘွားကြီးအား စကားပြောနိုင်ရန် ပြတင်းပေါက်မှန်ကို လက်ဖြင့်ခေါက်မည်ပြုစဉ် အခန်းတံခါးမကြီး ပွင့်လာပြီး စမစ် ဝင်လာလေသည်။

ထိုအချိန်၌ မစ္စက်ဂီလာသည် ပြတင်းပေါက်ဘက်သို့ လှည့်ကြည့်ရာ စီဒဗလျူနှင့် မျက်လုံးချင်း ဆုံမိလေသည်။

သို့သော် အဘွားကြီးက ဘာမှမြင်သည့်ပုံမျိုးမဟုတ်ဘဲ ရှေ့တည့်တည့် ငေးကြည့်နေသည့်ဟန်မျိုး လုပ်ထားလိုက်သည်။

စီဒဗလျူမှာ ရင်ထဲ ဖိုလှိုက်စွာနှင့်ပင် မလှုပ်မရှက် အသာငြိမ်ပြီး ပြတင်းပေါက်ပြင်ဘက်၌ ကပ်နေလိုက်ရသည်။

ထို့နောက် မစ္စက်ဂီလာသည် မျက်နှာထား တင်းတင်းဖြင့် စမစ်အား လှည့်ရင်ဆိုင်လိုက်သည်။

သို့သော် ပါးစပ်က ဘာမှမပြောဘဲ နေလိုက်ရာ စမစ်က စပြောလေသည်။

'မစ္စက်ဂီလာကို နားဝင်အောင် ပြောချင်တာက ခင်ဗျားကိုယ်တိုင် အာဏာပိုင်တွေကို မေတ္တာရပ်ခံလိုက်ရင် ကိစ္စအားလုံး မြန်မြန် ပြေလည် ချောမောသွားနိုင်ပါတယ်။ ဒါမှလည်း သွေးထွက်သံယို မဖြစ်အောင် တားဆီးရာ ရောက်မယ်။ ခင်ဗျားရဲ့ အသက်အန္တရာယ်ကိုလည်း ကာကွယ်နိုင်ပြီး အေးအေးဆေးဆေး လွတ်မြောက်သွားနိုင်ပါတယ်။ သည်တစ်ခါတော့ ရပ်မြင်သံကြားက မပြောဘဲ တယ်လီဖုန်းနဲ့ ပြောနိုင်ပါတယ်'

စမစ်က လေသံ အေးအေးဖြင့် ဖြောင့်ဖြသလို ပြောသော်လည်း အဘွားကြီးသည် မည်သို့မှစိတ်ပါဝင်စားပုံမရဘဲ မျက်နှာထား ခပ်တည်တည် ဖြင့်သာ ပြန်ပြောလေသည်။

'ဒီမယ်… မစ္စတာစမစ် ရှင် အကြံပေးသလို သက်ဆိုင်ရာ အာဏာပိုင်တွေကို ကျုပ် အသက်ရှင်ဖို့အတွက် အလျှော့ပေးလိုက်ကြပါလို့ တိုက်တွန်းရမှာကို ကျုပ်အနေနဲ့ အလွန် စက်ဆုပ်တယ်ရှင့်။ ကျုပ်က သားတစ်ယောက်ကို အမေရိကန်သမ္မတဖြစ်လာတဲ့အထိ ပြုစုပျိုးထောင်လာတဲ့ မိခင်ဖြစ်တယ်။ ဒီတော့… ကျုပ်အနေနဲ့ ရှင့်လိုစိတ်နေစိတ်ထား အောက်တန်း ကျလှတဲ့ လူယုတ်မာတစ်ယောက်အတွက် ရှေ့နေလိုက်ပြောဖို့ရာ ဘယ်နည်းနဲ့မှ



မဖြစ်နိုင်ဘူး။ ရှင် ငွေလိုချင်တယ်ဆိုရင် ရှင့်အစွမ်းနဲ့ရှင် ရအောင် တောင်းယူပေတော့။ ကျုပ်ကတော့ ဘယ်လိုမှ ဝင်ကူညီမပေးနိုင်ဘူး။ ဒါဟာ နောက်ဆုံးစကားပဲ'

မစ္စက်ဂီလာစကားကိုကြားလျှင် စမစ်သည် ဒေါသထွက်လာလေသည်။

'ကျုပ်ကလည်း လိုအပ်ရင် လူတစ်ယောက်ကို မရရအောင် ခိုင်းတတ်တယ်ခင်ဗျ'

ခြိမ်းခြောက်သလို အဓိပ္ပာယ်မျိုးနှင့် ပြောလိုက်ရာ မစ္စက်ဂီလာက သရော်သလိုမျိုးဖြင့် ရယ်မောလိုက်သည်။

'ရှင်က ခြိမ်းခြောက်တာလား။ ကျုပ်ကတော့ ရယ်ချင်တယ်ရှင့်။ ဘာလဲ… ရှင်က လူကိုနှိပ်စက် ညှဉ်းပန်းနည်းအမျိုးမျိုးနဲ့ ညှဉ်းပြီး အကျပ်ကိုင်မယ် ကြံတာလား။ အဲဒါက ကျုပ်တို့လို အသက်ကြီးလှသူအနေနဲ့ ကလေးကစားစရာတွေလို့ ထင်တယ်။ ကိုင်း… ကျုပ်ကို ခြိမ်းခြောက်နေမယ့်အစား ရှင်နဲ့ ရွယ်တူတန်းတူတစ်ယောက်ကို သွားခြိမ်းခြောက်ရင် ကောင်းလိမ့်မယ် ထင်တယ်'

ထိုအတောအတွင်း စီဒဗလျူသည် ပြတင်းပေါက်ပြင်ဘက်၌ ကြိုးဖြင့် တွယ်ကပ်နေရသည်မှာ လက်ညောင်းလှုပြီဖြစ်သည်။

အရေးထဲ လေပြင်းတစ်ချက် တိုက်ခတ်လိုက်ချိန်တွင် လေရှိန်ကြောင့် ကြိုးက အခန်း၏သတ္တုနံရံကို ထိခိုက်ကာ အသံမြည်သွားလေသည်။

စမစ်သည် အသံကြားရာဘက်သို့ ချက်ချင်း လှည့်ကြည့်လိုက်စဉ် မစ္စက်ဂီလာက အသံကျယ်ကျယ်ဖြင့်

'မစ္စတာ စမစ် ရှင့်ကို ဒီအခန်းကထွက်သွားဖို့ ကျုပ်ပြောခဲ့ပြီ မဟုတ်လား။ ကျုပ်က အခုနေအခါ အကျဉ်းသားတစ်ယောက်ဖြစ်ပေမယ့် ကိုယ့်ဟာကိုယ် အေးအေးဆေးဆေး နေခွင့်တော့ ရသင့်တယ် ထင်ပါတယ်။ ရှင်နဲ့ ဆက်ပြောစရာ စကားလည်း မရှိတော့လို့ အမြန်ဆုံး ထွက်သွားပေတော့'

အဘွားကြီးက စိတ်ဓာတ်ပြင်းထန်ခိုင်မာသူပီပီ လေသံခပ်တင်းတင်း ဖြင့် ပြောလိုက်သည်။

စမစ်လည်း အခန်းပြင်ဘက်က အသံက အရေးမကြီးကာနေရာဟု ဆုံးဖြတ်လိုက်ပြီး မစ္စက်ဂီလာခင်ဗျာ၊ ခင်ဗျားရဲ့ သားဟာ ဘာကြောင့် သမ္မတ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာတယ်ဆိုတာ အခု ကျုပ်နားလည်ပါပြီ။ ခင်ဗျားရဲ့ စိတ်ဓာတ်နိုင်မာမှုဟာ ချီးကျူးစရာပါပဲ။ ကိုင်း… လောလောဆယ်တော့ ဂွတ်ဘိုင်လို့ နှုတ်ဆက်ပါရစေ'

သရော်သလို ပြောလိုက်ပြီးမှ စမစ်သည် အခန်းတွင်းမှ ပြန်ထွက်သွားသည်။

အခန်းတံခါးကိုလည်း ပြင်ဘက်မှ သော့ခတ်ပိတ်လိုက်သည်။

မစ္စက်ဗိုလာသည် မူလ ထိုင်နေသည့်နေရာမှာပင် မလှုပ်မယှက် အတန်ကြာအောင် ဆက်ထိုင်နေလိုက်သည်။ အလွန်ဉာဏ်များသော စမစ်သည် နောက်တစ်ခေါက်ပြန်လာကြည့်မည်ဟု အဘွားကြီးက သံသယဖြစ်မိ၍ ဘာမှ မလုပ်ဘဲ အသာဆက်ထိုင်နေခြင်းဖြစ်သည်။

ထင်သည့်အတိုင်းပင် စမစ်သည် ခြေဖျားထောက်၍ ပြန်လာပြီး တံခါး၏မှန်ပေါက်မှ အသာချောင်းကြည့်လေသည်။

ထိုအချိန်၌ အဘွားကြီးသည် ပြတင်းပေါက် ပြင်ဘက်မှောင်ရိပ်တွင် တွယ်ခိုနေသူ စီဒဗလျူနှင့် မျက်နှာချင်းဆိုင် ဖြစ်နေပြီး မိမိအား တိုက်ရိုက်စိုက်ကြည့်နေသည်ဟု စီဒဗလျူက ထင်မိလေသည်။ သို့သော မစ္စက်ဗိုလာက စီဒဗလျူကို မြင့်ပုံမရဘဲ ရှေ့တည့်တည့်သာ ဆက်ကြည့်နေသည်။ ခဏမျှကြာသော် အဘွားကြီးက မျက်လုံးများ မှိတ်ထားလိုက်ပြန်သည်။

စမစ်သည် ပြင်ဘက်မှ ချောင်းကြည့်နေရာမှ ကျေနပ်သွားဟန် ပြန်လှည့် ထွက်သွားလေသည်။

စီဒဗလျူသည် သည်တစ်ခါတော့ စိတ်ချလောက်ပြီဟု ယူဆကာ ပြတင်းပေါက်ကို အသာဖွင့်၍ အခန်းတွင်းသို့ ပေါ့ပါးဖျတ်လတ်စွာ ခုန်ဝင်လိုက်သည်။

ဤတွင် မစ္စက်ဗိုလာက မျက်လုံးပြန်ဖွင့်ပြီး

'ဟော့… အခု အိုကေပါကွဲ့။ ဟိုသတ္တဝါကြီး ပြန်ထွက်သွားပါပြီ' ဟု လှမ်းပြောလိုက်လေသည်။

ကလော်ဒီသည် စီဒဗလျူအား မတွေ့သဖြင့် သံသယဖြစ်ကာ လိုက်ရှာနေလေသည်။ စောစောက တစ်နေရာရာမှာ သွားအိပ်အုံးမည်ဟုပြောပြီး စားသောက်ခန်းထဲမှ ထွက်သွားသူ စီဒဗလျူအား ယခု မည်သည့်နေရာမှာမှ ရှာမတွေ့ဘဲ ဖြစ်နေသည်။



သူ၏ စက်သေနတ်ကို ပခုံးတွင် လွယ်လျက် ကလော်ဒီသည် ဓာတ်လှေကားဖြင့် ဒုတိယထပ်သို့ တက်ကြည့်ပြန်လေသည်။

ထိုအထပ်တွင် လုံခြုံရေးအစောင့်နှစ်ဦးရှိရာ ကလော်ဒီသည် ထိုလူနှစ်ယောက်နှင့် ခေတ္တ စကားပြောပြီးနောက် မျှော်စင်ကြီး၏ ဘေးဘက် မှောင်မည်းနေသော နေရာများဆီသို့ လှည့်ပတ်ကြည့်ပြန်လေသည်။

သူကြည့်နေသော နေရာမှ မျှော်စင်အောက်မြေပြင်ဆီသို့လည်း မြင်ရလေရာ ဝိုင်းအုံကြည့်နေသော လူထုပရိသတ် အလွန်နည်းပါးသွားပြီဖြစ်ကြောင်း သတိပြုမိလေသည်။

သို့သော် မျှော်စင်ကြီး၏ အန္တရာယ်စက်ဝိုင်း အပြင်ဘက်၌ ရဲတပ်ဖွဲ့ဝင်များ အစောင့်ချထားသည်ကို မြင်ရလေသည်။

ကလော်ဒီသည် သူတို့၏ အဖွဲ့အင်အား ကောင်းလှပါတကားဟု တွေးရင်း တစ်ယောက်တည်း ပြုံးမိလေသည်။

ထိုအခိုက် မျှော်စင်ဘေးတစ်နေရာဆီမှ အသံလိုလိုကြားလိုက်ရလေသည်။

ထိုအသံကား အထူးဧည့်သည်တော် (ဗီအိုင်ပီ)အခန်းပြင်ဘက်၌ တွယ်နေသူ စီဒဗလျူ၏ ကြိုးကို လေတိုက်၍ နံရံနှင့် ရိုက်ခတ်မိသောအသံဖြစ်သည်။

ကလော်ဒီသည် ပခုံးတွင် လွယ်ထားသော စက်သေနတ်ငယ် အသင့်ယူလိုက်ပြီးမှ လှေကားအတိုင်း အောက်ဘက်သို့ ဆင်းသွားလေသည်။

သူ လှုပ်ရှားသွားလာနေကျအတိုင်း ခြေသံမကြားအောင် ဆင်းသွားသော်လည်း မှောင်ရိပ်တစ်နေရာတွင်ရှိနေသူ မိုက်ကယ်က လှမ်းမြင်မိပြီး မလှုပ်မရှက်ဘဲ အသာငြိမ်နေလိုက်သည်။

ကလော်ဒီက မိုက်ကယ်ကို လုံးဝမမြင်ဘဲ ရှေ့သို့တိုးလာပြီး မျှော်စင်၏ ဘေးနံရံအပြင်ဘက်သို့ လှမ်းကြည့်နေစဉ် မိုက်ကယ်သည် သေနတ်သို့မဟုတ် ဓားတစ်လက်သာရှိပါက ကလော်ဒီအား သုတ်သင်ရှင်းလင်း နိုင်မည်ဟု တောင့်တမိသည်။

ကလော်ဒီသည် စီဒဗလျူ တွယ်ဆင်းသွားသော ကြိုးကိုမြင်သည့်[illegible] သေချာစွာ ငုံ့ကြည့်လိုက်သောအခါ ကြိုးစ၏အောက်ပိုင်း၌ လူရိပ်များသို့ ပစ်ရန် ချိန်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် သူ၏နောက်မှ ကျားများခုန်အုပ်သလို မိုက်ကယ်က လွှားခနဲ ခုန်ပြီး အုပ်လိုက်သည်။

သူ၏ ကိုယ်အလေးချိန်တစ်ခုလုံးသည် ကလော်ဒီ၏ ပခုံးတည့်တည့်သို့ ကျရောက်လေရာ မည်သို့မှ မဟန်နိုင်ဘဲ ခွေလဲကျသွားစဉ် သူ၏လက်မှ စက်သေနတ်ငယ်သည်လည်း လွတ်ကျသွားလေသည်။

သေနတ်သည် သံဒိုင်းတစ်ခုနှင့် ထိပြီးနောက် လေထဲလွင့်ကျသွားရာ ချက်ချင်းပင် မျှော်စင်ထိပ်မှ လေဆာရောင်ခြည်သေနတ်မှ စူးရှသော အလင်းရောင်တစ်ခုက သေနတ်ဆီသို့ တိုက်ရိုက်ဝင်လာသည်။

လေဆာသေနတ်၏ သတ္တိအတိုင်း မျှော်စင်ပတ်ဝန်းကျင်၌ လှုပ်ရှားသည့် အရာဝတ္ထုမှန်သမျှကို မလွဲမသွေ လိုက်ရှာချေမှုန်းခြင်းပင် ဖြစ်သည်။

အလင်းရောင်က ချက်ချင်းရောက်လာပြီး ကလော်ဒီလက်မှ လွတ်ကျသွားသော စက်သေနတ်သည် စက္ကန့်ပိုင်းအတွင်း ပြာကျပျက်စီးသွားတော့သည်။

ကလော်ဒီသည် အလွန်သန်စွမ်းသူ ဖြစ်သည့်အလျောက် ချက်ချင်းလဲရာမှ ပြန်ထပြီး မိုက်ကယ်အား ရင်ဆိုင်တိုက်ခိုက်လေသည်။

မိုက်ကယ်က လူချင်းပူးသတ်ရန် ကြိုးစားရာ ကလော်ဒီသည် လျင်မြန်စွာ ရှောင်ထွက်၍ ခပ်ခွာခွာနေလိုက်ပြီး တရုတ်သိုင်းပညာ ကွန်ဖူးနည်းဖြင့် တိုက်ခိုက်ရန် ပြင်ဆင်ထားလိုက်သည်။

'ဟော့ကောင်… ယူလေကွာ၊ သတ္တိရှိရင် ရှေ့တိုးခဲ့'

ကလော်ဒီက သရော်သလို စိတ်ခေါ်လိုက်ရာ မိုက်ကယ်သည် သူက ဗလပိုကောင်းသော်လည်း ကလော်ဒီ၏ အရည်အချင်းကို သိထားသဖြင့် ရှေ့သို့ မတိုးဝံ့ချေ။

ကလော်ဒီ၏ ခြေဖျားဖြင့် ပိတ်ကန်ခြင်းတစ်ချက်သာ မိရုံနှင့် မိမိသည် မျှော်စင်ပေါ်မှ ဒလိမ့်ခေါက်ကွေး ကျသွားရန် သေချာကြောင်း မိုက်ကယ်က ကောင်းစွာ သိထားပေသည်။

အကြောင်းမူကား အရှေ့တိုင်းမှ ကိုယ်ခံပညာ ကွန်ဖူးသိုင်းအတတ်တွင် ကလော်ဒီသည် ပြင်သစ်နိုင်ငံ၌ မည်သူမှ မယှဉ်သာနိုင်အောင် ကျွမ်းကျင်သူ တစ်ယောက် ဖြစ်သောကြောင့်ပင်တည်း။

* * *



## အခန်း၊၁၀၊

လော်ဒီသည် ကျွမ်းကျင်သော တရုတ်သိုင်းပညာရှင်တစ်ဦး၏ ဟန်မျိုးဖြင့် ရှေ့သို့တိုးလာလေသည်။

မိုက်ကယ်ကမူ ကိုယ်ကို တစ်ဘက်သို့စောင်းပြီး ဂျူဒိုသိုင်းပညာနည်းဖြင့် ပြန်လည်တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်သည်။

ကလော်ဒီက ကိုယ်ကို တည့်မတ်စွာထားပြီး လက်နှစ်ဖက်သည် တန်းကာ ဆာဗာတေးခေါ် တရုတ်သိုင်းပညာတစ်မျိုးဖြင့် တိုက်ခိုက်ရန် လက်ဝါးများ ဖြန့်ထားသည်။ အမှန်တော့ ယင်းတိုက်နည်းမှာ ဘယ်ခြောက်ကာ ညာလှမ်းသလို လက်ဝါးစောင်းဖြင့် ခုတ်တော့မယောင် ဟန်ပြပြီးမှ လျှပ်တစ်ပြက် လျင်မြန်စွာ လွှားခုန်ပြီး ခြေဖျားဖြင့် ရန်သူအား ပိတ်ကန်ရန် ဖြစ်လေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးတွင် အလင်းရောင်ဆို၍ လရောင်မှုန်ဝါးဝါးသာ ရှိနေသဖြင့် မိုက်ကယ်သည် ရန်သူ၏ခြေလှမ်းကို အထူးသတိထားကြည့်နေခိုက်မှာပင် ကလော်ဒီက မယုံကြည်နိုင်လောက်အောင် လျင်မြန်စွာ လှုပ်ရှားလိုက်သည်။

သူ၏ညာဘက်ခြေဖျားဖြင့် လွှားခနဲ ပစ်ကန်လိုက်ချက်သည် မိုက်ကယ်၏ ညာဘက်လက်မောင်းကို လာထိလေရာ ပြင်းစွာနာကျင်လျက် ယိုင်လဲကျမသွားစေရန် မနည်းကြိုးစား၍ ကိုယ်ကို ထိန်းထားလိုက်သည်။

အရေးထဲ မျှော်စင်မြင့်အပေါ်၌ တိုက်ခတ်နေသော လေကအတော်ထန်နေသဖြင့် မိုက်ကယ်သည် လေပြင်းကြောင့် ယိုင်လဲမသွားစေရန် သတိထားနေရလေသည်။

ယခုတစ်ကြိမ်တွင် ကလော်ဒီ၏ခြေဖျားသည် မိမိလက်မောင်းကို လာထိ၍ ကံကောင်းသည်ဟု ဆိုရပေမည်။ ရင်ဘတ် သို့မဟုတ် ဝမ်းဗိုက်တွင် ထိသွားပါက မိမိအဖို့ မျှော်လင့်ချက် မရှိတော့ဟုလည်း မိုက်ကယ်က ကောင်းစွာသိလေသည်။

ထို့ကြောင့် နောက်ထပ်လာမည့် တိုက်ခိုက်မှုကို ကာကွယ်ရန် မျက်ခြည်မပြတ် ကြည့်နေရလေသည်။

ကလော်ဒီသည် နောက်တစ်ချက် ခြေဖြင့်ကန်ရာတွင် မိုက်ကယ်၏ ဒူးဆစ်နေရာကို ချိန်၍ကန်လိုက်ရာ သူနှင့်အနီးဆုံး ပစ်မှတ်ကို ချိန်ကန်လိုက်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခါတော့ မိုက်ကယ်က အသင့်ပြင်ဆင်ထားပြီးဖြစ်နေသည်။

ကလော်ဒီ၏ မျက်လုံးအနေအထားနှင့် ခြေထောက်အနေအထားကို အကဲခတ်၍ မည်သည့်နေရာသို့ တိုက်မည်ဟု ကြိုတင်ခန့်မှန်းနိုင်သဖြင့် ဘေးသို့ အသာတိမ်းရှောင်ကာ ကလော်ဒီ၏ ခြေထောက်ကို ဂျူဒို သိုင်းပညာနည်းအရ လက်ဝါးစောင်းဖြင့် တအား ခုတ်ချလိုက်လေသည်။

မိုက်ကယ်၏ လက်ဝါးစောင်းသည် လေကိုသာ ခုတ်မိလေသည်။

သူ၏ တိုက်ခိုက်မှုကို ကြိုမြင်သော ကလော်ဒီက ခုန်လွှားနေရင်းက ကျင်လည်စွာ ရှောင်လိုက်ပြီး နောက်ပြန်ဆုတ်ကာ ဒုတိယမ္ပိ ခြေဖျားဖြင့် ကန်လိုက်ပြန်သည်။

သည်တစ်ခါတော့ မိုက်ကယ်၏ခြေသလုံးကို လာထိလေရာ ပထမ အကြိမ်လောက် မပြင်းထန်သဖြင့် အနည်းငယ် ဖူးရောင်သွားရုံသာ ရှိလေသည်။ ဤတွင် မိုက်ကယ်သည် ဒေါသထွက်ထွက်နှင့် လူချင်းပူးသတ်ရန် အတင်းရှေ့သို့ တိုးသွားလေသည်။

သို့သော် ကလော်ဒီက ပို၍ လျင်မြန်သဖြင့် ကျင်လည်စွာ ရှောင်တိမ်းကာ နောက်သို့ဆုတ်လိုက်ပြန်သည်။ တစ်ချိန်တည်းမှာပင် နောက်တစ်ကြိမ်ပြေးဝင်လာသူ မိုက်ကယ်၏ လည်ပင်းဆီသို့ ခြေဖျားဖြင့် တအားပစ်ကန်ရန် လွှားခနဲ ခုန်ပျံဝင်လိုက်သည်။

အမှန်တော့ ယင်းသို့ ခြေဖျားဖြင့် တိုက်ခိုက်ခြင်းသာ ပစ်မှတ် (မိုက်ကယ်)အား ထိမှန်စေပါက ထိုနေရာတွင်ပင် တိုက်ပွဲပြီးဆုံးသွားမည် ဖြစ်သည်။

သို့သော် ယင်းအန္တရာယ်ကို ရုတ်တရက် စဉ်းစားမိသူ မိုက်ကယ်က ပြေးလာရင်းက ရုတ်တရက် ကိုယ်ရှိန်သတ်ကာ ဝပ်ချလိုက်လေသည်။

ကလော်ဒီသည် ရှိသမျှ ခွန်အားနှင့် လေထဲခုန်ပျံကာ တိုက်နေမိလျက်သားဖြစ်၍ ပစ်မှတ်ဖြစ်သော မိုက်ကယ်က ရုတ်တရက် ရှောင်လိုက်ခြင်းကြောင့် အရှိန်ကို မသတ်နိုင်တော့ဘဲ မျှော်စင်၏ သတ္တုကြမ်းပြင်ပေါ် ဝမ်းလျားထိုးလဲကျသွားလေသည်။

ကလော်ဒီသည် မမျှော်လင့်သော အဖြစ်ကြောင့် နာကျင်လွန်းပြီး ခေါင်းထဲ မိုက်ခနဲဖြစ်သွားစဉ် သူ၏ ကိုယ်ပေါ်သို့ မိုက်ကယ်က တအားခုန်အုပ်ကာ လူချင်းပူးမိသွားလေသည်။



မိုက်ကယ်အနေဖြင့် ကလော်ဒီ၏ အဓိက တိုက်နည်းမှာ ဆာဗာတေးသိုင်းအရ ခြေဖြင့်ကန်ခြင်းဖြစ်ကြောင်း သိရှိပြီးဖြစ်၍ မည်သို့မှ မကန်နိုင်အောင် လူချင်း ဝင်ပူးလိုက်ခြင်း ဖြစ်သည်။

တဆက်တည်းမှာပင် မိုက်ကယ်က သူ၏ ဒူးဆစ်ဖြင့် ကလော်ဒီ၏ ဝမ်းဗိုက်ဆီသို့ တအားပစ်တိုက်လိုက်ရာ ရုတ်တရက် ယိုင်လဲကျသွားလေသည်။ မိုက်ကယ်သည် ကလော်ဒီအား လျင်မြန်စွာ ဆွဲထူပြီး မျက်နှာတည့်တည့်ကို လက်သီးဖြင့်ပစ်ထိုးလိုက်ရာ ကလော်ဒီသည် လက်သီးချက် ပြင်းထန်ခြင်းကြောင့် နောက်ပြန်လန်ကာ သံဘောင်တစ်ခုပေါ်သို့ အောက်သို့လိမ့်ကျတော့မလို ကိုယ်တစ်ပိုင်း တင်နေသည်။

ယင်း အခြေအနေမှာ မိုက်ကယ်အတွက် အကွက်ကောင်း ဖြစ်နေပေသည်။

ကလော်ဒီသည် နောက်ပြန်လှန် လဲကျသွားပါက မျှော်စင်အောက် မြေပြင်ထိအောင် လဲကျသေဆုံးနိုင်သဖြင့် သူ့ကိုယ်သူ မနည်းကြိုးစား ထိန်းနေရပေသည်။

ဤတွင် မိုက်ကယ်က လေဆာရောင်ခြည် အန္တရာယ်ကို ကာကွယ်သော သတ္တုကိရိယာကို ကလော်ဒီ၏ ရင်ဘတ်မှ ခပ်ကြမ်းကြမ်း ဆွဲဖြုတ်ယူလိုက်သည်။

ကလော်ဒီသည် မျက်လုံး မျက်ဆန်ပြူးအောင် ထိတ်လန့်တုန်လှုပ်သွားတော့သည်။ သတ္တုပစ္စည်းမရှိသည်နှင့် သူ၏ခန္ဓာကိုယ်သည် အကြီးအကျယ် အန္တရာယ်ရှိနိုင်ကြောင်းသိ၍ တုန်လှုပ်ချောက်ချားသွားခြင်း ဖြစ်သည်။

သို့သော် သူ၏ရှေ့တွင် အသင့်စောင့်နေသူ မိုက်ကယ်ရှိနေ၍ မည်သို့မှ မလှုပ်သာအောင် ဖြစ်နေပြန်သည်။

စက္ကန့်ပိုင်းအတွင်းမှာပင် သူစိုးရိမ်သော အန္တရာယ်သည် ရောက်လာသည်။ မျှော်စင်ဘက်သို့ ထွက်နေသော ကလော်ဒီ၏ကိုယ်တစ်ပိုင်းကို လေဆာသေနတ်တစ်လက်မှ အလင်းရောင်တစ်ခု ဝင်းခနဲ ချက်ချင်းရောက်လာပြီး ကလော်ဒီ၏ ခန္ဓာကိုယ်သည် မီးကြိုးပစ်ခံရသလို လောင်ကျွမ်းကာ ညိုမည်းသွားလေတော့သည်။

တရုတ်သိုင်းပညာပါရဂူ ကလော်ဒီမှာ သူတို့ဂိုဏ်း၏ အဓိက

www.burmeseclassic.com

www.burmeseclassic.com



လက်နက်ဖြစ်သော လေဆာသေနတ်၏လက်ချက်ဖြင့်ပင် အသက်ပျောက်သွားလေတော့သည်။

* * *

စားသောက်ခန်းအတွင်း၌ရှိသော ကွန်ပျူတာစက်တစ်ခုအနီးတွင် စမစ်သည် ပေအီနှင့်အတူ ရပ်နေလေသည်။

ကွန်ပျူတာစက်မှာ မျှော်စင်ပတ်ဝန်းကျင်ရှုခင်းကို ရုပ်မြင်သံကြားကဲ့သို့ ကြည့်နိုင်အောင် ဖန်တီးထားသောစက်ပင် ဖြစ်သည်။

ပေအီက မျှော်စင်ပေါ်ရှိ လေဆာရောင်ခြည် သေနတ်တစ်လက်သည် ပစ်မှတ်တစ်ခုတွေ့၍ ပစ်ခတ်လိုက်ကြောင်း သတင်းပို့ အစီရင်ခံခဲ့သည်။ သူကိုယ်တိုင် လေဆာရောင်ခြည် အလင်းရောင်တစ်ခု ရှုးရှူးဗွာ ထွက်ပေါ် ဖြတ်သန်းသွားသည်ကို မြင်လိုက်ရပါသည်ဟု ဆိုသည်။

စမစ်သည် ရုတ်တရက် စဉ်းစားရခက်ဟန်နှင့် ကွန်ပျူတာစက်၏ မြင်ကွင်းနေရာကို ထပ်မံ၍ ကြည့်ပြန်လေသည်။

လေဆာသေနတ်က ပစ်ခတ်လိုက်သော ပစ်မှတ်သည် ငှက်တစ်ကောင် ပျံသန်းလာ၍ ပစ်ချလိုက်ခြင်းပေလော။

သို့တည်းမဟုတ် မိမိတို့အဖွဲ့အတွက် အန္တရာယ်တစ်စုံတစ်ရာ ရှိနေသည့် သဘောပင်လော။

စမစ်က ဤသို့စဉ်းစားရင်း ကွန်ပျူတာ စက်၏မြင်ကွင်းကို ကြည့်နေစဉ်မှာပင် မျှော်စင်ပေါ်ရှိ လေဆာသေနတ်တစ်လက်မှ ရှူးရှ တောက်ပြောင်သော အလင်းရောင်တစ်ခု ဝင်းခနဲ ဖြတ်သန်းထိုးဆင်း သွားသည်ကို မြင်လိုက်ရလေသည်။

ယင်းသို့ လေဆာသေနတ်မှ ရောင်ခြည်ဝင်းခနဲဖြစ်သွားခြင်းသည် သူ၏ လူယုံတော် ကလော်ဒီ၏ ခန္ဓာကိုယ်တစ်ပိုင်း အကာအကွယ် ဘာမှမရှိဘဲ ပြင်ဘက်လေထဲသို့ ရောက်နေ၍ လေဆာသေနတ်က ချေမှုန်းသတ်ဖြတ်လိုက်ခြင်းဖြစ်ကြောင်းကို ဆရာကြီးစမစ်က လုံးဝ မသိပါချေ။

အခြေအနေအမှန်ကို မသိရသဖြင့် ဒေါသထွက်လာသော စမစ်သည် လေဆာသေနတ်၏ ပစ်မှတ်က ဘာဖြစ်သည်ကို အတိအကျသိရှိအောင် စုံစမ်းရန် ထထွက်လိုက်စဉ် ပြင်ဘက်မှ ဝင်လာသူ လီယာနှင့် ပက်ပင်းတိုးလေသည်။



'ဟေ့... ကလော်ဒီတစ်ယောက်ကောကွ၊ ဘယ်မလဲ'

စမစ်က စိတ်တိုတိုနှင့် မေးလိုက်သည်။

'ကျွန်မက ရှင်နဲ့ ကလော်ဒီနဲ့ အတူတူရှိနေတယ်လို့ ထင်မိတယ်'

'ငါနဲ့အတူ ရှိနေမှ မင်းကို မေးနေပါ့မလားကွ'

စမစ်က ပို၍ ဒေါသထွက်ဟန်ဖြင့် အော်ပြောပြီးနောက်

'ကိုင်း... တို့အချင်းချင်း အချက်ပေးခေါ်တဲ့ ရေဒီယိုအချက်ပြနည်းနဲ့ ခေါ်ကြည့်စမ်း'

ဟု အမိန့်ပေးလိုက်သည်။

စမစ်သည် သူ၏ စိတ်အချရဆုံး လူယုံများဖြစ်သူ ကလော်ဒီနှင့် လီယာတို့အား လူချင်း ဝေးနေလျှင် ရုတ်တရက် ဆက်သွယ်နိုင်ရန် ရေဒီယို အချက်ပြနည်းတစ်ခု ဖန်တီးထားရှိလေသည်။ အရေးရှိ၍ ခေါ်လိုသူက လျှို့ဝှက် သင်္ကေတ အချက်ပြပေးနည်းဖြင့် ခေါ်လိုက်လျှင် သက်ဆိုင်ရာလူ၏ ကိုယ်တွင် ဆောင်ထားသော ရေဒီယို အသံဖမ်းစက်ငယ်မှတစ်ဆင့် ကြားရပြီး ထိုလူကလည်း ရေဒီယိုဖြင့် ပြန်လည်ဆက်သွယ် အကြောင်းကြားနိုင်ပေသည်။

လီယာသည် စမစ်ညွှန်ကြားသည့်အတိုင်း လျှို့ဝှက်ရေဒီယို အချက်ပြနည်းဖြင့် နှစ်ကြိမ်တိုင်တိုင် ခေါ်ကြည့်ပါသော်လည်း ကလော်ဒီထံမှ အကြောင်းပြန်ကြားချက် တစ်စုံတစ်ရာ ပြန်မလာချေ။

'ဟေ့... ဒီကောင်က ဘာဖြစ်လို့ ပြန်ပြီး အချက်မပေးတာလဲ'

စမစ် မကျေမချမ်းဖြစ်ဟန်ဖြင့် မေးလိုက်သည်။

'ကျွန်မထင်တော့...'

'ဘယ်လိုထင်လို့လဲ'

'ကလော်ဒီဟာ ပြန်ပြီး အချက်မပေးနိုင်တော့တဲ့ အခြေအနေ ရောက်နေပလားမှ မသိဘဲ'

လီယာက ခပ်တိုးတိုး ပြောလိုက်လေသည်။

* * *

ဆာဘာရီနာသည် အလွန်ကျွမ်းကျင်သော ဘားကျွမ်းပညာရှင်တစ်ဦးကဲ့သို့ ကြိုးတစ်ချောင်းကို တွယ်လျက် မျှော်စင်ဘေးမှ အောက်သို့လျှောဆင်းလာ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာသို့ ရောက်သောအခါ ကလော်ဒီ၏ အလောင်းကို အခန်းတစ်ခန်းသို့ ဆွဲသွင်းရန် ကြိုးစားနေသူ မိုက်ကယ်နှင့် ဆုံမိလေသည်။

'ဟင်··· ဘာဖြစ်ကုန်တာလဲရှင့်'

ဆာဘရီနာက ရုပ်ပျက်ဆင်းပျက် သေဆုံးနေသူ ကလော်ဒီအား ကြည့်ရင်း မေးလိုက်သည်။

'ဟဲလို··· ဆာဘရီနာပါကလား။ ငါက ဒီဘက်ကိုလာရင်း ကလော်ဒီနဲ့ တိုးမိတော့ မတတ်နိုင်ဘူး။ သူက တရုတ်သိုင်းအတတ်နဲ့ ငါ့ကို သေအောင်ပိတ်ကန်မှာစိုးတာနဲ့ သူ့ကိုဦးအောင် ကြည့်ရှင်းလိုက်ရတာပဲကွ'

မိုက်ကယ်က ခပ်အေးအေးပင် ပြန်ပြောလိုက်သည်။

ဆာဘရီနာက အံ့အားသင့်နေစဉ် မိုက်ကယ်သည် သူ၏လက်တွင်းမှ လေဆာသေနတ်အန္တရာယ် ကာကွယ်သော သတ္တုကိရိယာကို ထုတ်ပြလေသည်။

သည်တော့မှ ဆာဘရီနာသည် သဘောပေါက်သွားပြီး ကလော်ဒီ၏ အလောင်းကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ရာမှ မျက်လုံးပြူးသွားမိတော့သည်။

'အိုး မိုင် ဂေါ့ဒ်'

လေဆာရောင်ခြည်သေနတ်၏ ဒဏ်ချက်ကြောင့် ရုပ်ပျက်ဆင်းပျက် သေနေသူ ကလော်ဒီ၏ အလောင်းကိုမြင်လျှင် အံ့ဩတုန်လှုပ်ကာ ပါးစပ်မှ ဘုရားတလိုက်ခြင်းဖြစ်သည်။

'ဒီမယ်··· ဆာဘရီနာ၊ ဒီကောင်သေတာကို ဝမ်းနည်းမနေနဲ့။ သူက ငါ့ကို သတ်ဖို့ကြံတာ။ လာပါ ဒီအလောင်းကြီး လူမမြင်အောင် လုပ်ဖို့ ကူညီစမ်းပါ'

မိုက်ကယ်က ခပ်တိုးတိုးပြောလိုက်ရာ ဆာဘရီနာသည် တစ်စုံတစ်ခု ကို သတိရမိဟန်ဖြင့်

'ဒါထက် စီဒဗလျူတစ်ယောက် မမြင်ပါလား၊ သူ ဘယ်ရောက်နေ သလဲ'

ဟု မေးမြန်းလိုက်သည်။

'အခုနေတော့ မစ္စက်ဗိုလာနဲ့အတူ ဗီအိုင်ပီ အခန်းမှာပဲ ရှိလိမ့်မယ်။ ဘာဖြစ်လို့လဲ'



မိုက်ကယ်၏ စကားကြောင့် ဆာဘရီနာသည် ရုတ်တရက် အကြံ တစ်ခုရလာမိသည်။

'ဟုတ်လား၊ ဒါဖြင့် ဒါကြီးကို သူတို့အခန်းရောက်အောင် ချပေး လိုက်ကြရင် ကောင်းလိမ့်မယ်'

ပြောပြောဆိုဆို သူမသည် အသင့်ရှိနေသော ကြိုးခွေဖြင့် ကလော်ဒီ၏ အလောင်းကို ခိုင်မြဲစွာ ချည်နှောင်လိုက်သည်။

မိုက်ကယ်က လေဆာသေနတ်ရန် ကာကွယ်သော သတ္တုပြားကို ကလော်ဒီ၏ ရင်ဘတ်တွင် ပြန်တပ်ဆင်ပေးလိုက်သည်။

ပြီးတော့မှ နှစ်ယောက်သား ကလော်ဒီ၏ အလောင်းကို ကြိုးဖြင့် ဖြည်းဖြည်းချင်း မျှော်စင်အောက်ထပ်ဆီသို့ ချပေးလိုက်သည်။

စီဒဗလျူရှိရာ ဗီအိုင်ပီ အခန်းပြင်ဘက်သို့ ရောက်လောက်မှ မိုက်ကယ်နှင့် ဆာဘရီနာတို့က ကြိုးကိုရပ်ထားလိုက်သည်။

မစ္စက်ဗိုလာသည် ပြတင်းပေါက်ဘက်သို့ မျက်နှာမူ၍ ထိုင်နေရာ ပြတင်းပေါက်ပြင်ဘက်မှ ကြိုးတန်းလန်းနှင့် လူသေ အလောင်းကြီးကိုမြင်ပြီး ထိတ်လန့်တုန်လှုပ်သွားလေသည်။

'ဘုရား··· ဘုရား ဘာကြီးပါလိမ့်'

စီဒဗလျူသည် လျင်မြန်စွာ လှည့်ကြည့်လိုက်ရာ ကလော်ဒီ၏ အလောင်းကိုမြင်ပြီး ချက်ချင်းပင် အဓိပ္ပာယ် နားလည်လိုက်လေသည်။

'ကိုင်း··· မစ္စက်ဗိုလာ ဘယ်လိုမှ စိတ်ထဲမရှိပါနဲ့။ ခဏတော့ အခန်းထဲ သွင်းထားမှဖြစ်မယ်'

ပြောပြောဆိုဆို စီဒဗလျူသည် ပြတင်းပေါက်ကိုဖွင့်၍ ကလော်ဒီ၏ အလောင်းကို အခန်းတွင်းသို့ ဆွဲသွင်းလိုက်သည်။

ထိုအခိုက်မှာပင် အသံချဲ့စက်မှ ဆရာကြီး စမစ်၏ အသံသည် ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

'အဖွဲ့သားအားလုံး··· အဖွဲ့သားအားလုံး၊ အခုချက်ချင်း စားသောက် ခန်းကို လာခဲ့ကြပါ။'

* * *

စမစ်၏ခေါ်သံကြောင့် မျှော်စင်အပေါ်ထပ်မှ လုံခြုံရေးအစောင့်များ ပြေးဆင်းလာကြရာ ဆာဘရီနာနှင့် မိုက်ကယ်တို့သည် သံတိုင်ကြီးများအကြား ရှိ မှောင်ရိပ်တွင် အသာဝင်ပုန်းနေလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ သူတို့နှစ်ယောက်စလုံး အိမ်ခြေမပျက် လိုက်ဆင်းသွားလေသည်။

မကြာမီ စားသောက်ခန်းအတွင်း၌ ဆာဘာရီနာနှင့် မိုက်ကယ်တို့ အပါအဝင် လူအားလုံး စုံညီစွာ ရောက်ရှိနေလေသည်။

စမစ်သည် လူများကို သေချာစွာ လိုက်စစ်ကြည့်ပြီးနောက် မျက်နှာထား ခက်ထန်စွာဖြင့် အားလုံးကို ခြုံမေးလေသည်။

'လွန်ခဲ့တဲ့ ၁၅ မိနစ်အတွင်း ကလော်ဒီကို ဘယ်သူမြင်မိကြသလဲ'

စမစ်၏ မေးခွန်းကို မည်သူမှ ပြန်မဖြေကြချေ။

'ဒါဖြင့် စီဒဗလျူဆိုတဲ့လူကိုကော မြင်မိကြသလား'

ထိုမေးခွန်းကိုလည်း မည်သူကမှ မဖြေဘဲ ဆိတ်ဆိတ်နေကြပုံအရ မည်သူမှ မမြင်ကြောင်း ထင်ရှားနေတော့သည်။

စမစ်သည် မကျေမနပ်ဖြစ်ဟန်နှင့် လူများကို တစ်ဦးချင်းလိုက်ကြည့်ရာ ဆာဘာရီနာနှင့် မိုက်ကယ်တို့အား သူများထက်ပို၍ ခပ်ကြာကြာ စိုက်ကြည့်ပုံမှာ အဓိပ္ပာယ်ရှိသည်ဟု နှစ်ယောက်စလုံး၏စိတ်ဝယ် ယူဆမိကြသည်။

ထို့နောက် စမစ်က ဆက်ပြောပြန်သည်။

'ကလော်ဒီနဲ့ စီဒဗလျူ နှစ်ယောက်စလုံး ပျောက်နေတာ အမှန်ပဲ။ မျှော်စင်ပေါ်မှာ သူတို့ရှိနေနိုင်တဲ့ နေရာရယ်လို့ မရှိဘူး။ ရှိနေတယ်ဆိုရင် စောစောက ငါ့အသံချဲ့စက်နဲ့ လှမ်းခေါ်တာကို သူတို့ကြားမှာပဲ။ ဒီတော့ သူတို့နှစ်ယောက်ဟာ ဒီမျှော်စင်ပေါ်မှာ မရှိကြတော့လို့လား။ ဒါမှမဟုတ် သူတို့ဟာ အန္တရာယ်တစ်ခုခုတွေ့ပြီး ငါ ခေါ်တာကို မလာနိုင်တော့တာလား ဆိုတာ စဉ်းစားစရာဖြစ်နေတယ်။ ဒါကြောင့် သူတို့နှစ်ယောက်စလုံးကို အမြန်ဆုံး တွေ့အောင်ရှာကြရမယ်'

ဤသို့ပြော၍အဆုံးတွင် စမစ်ကိုယ်တိုင်က အဖွဲ့သားများကို အုပ်စုဖွဲ့ပေးကာ မျှော်စင်ကြီး နေရာအနှံ့အပြားသို့ အစုလိုက် သွားရောက်ရှာဖွေကြရန် ခိုင်းလေသည်။

မိုက်ကယ်ကိုမူ စမစ်က သူနှင့်အတူ လိုက်ပါပြီး ဗွီအိုင်ပီအခန်းရှိ အဘွားကြီး မစ္စက်ပိုလာကို သွားစစ်ကြည့်ကြမည်ဟု ခေါ်သွားလေသည်။

စမစ်၏ အချစ်တော် လီယာသည်လည်း အတူ လိုက်ပါလာပြီး ဆာဘာရီနာကတော့ သူမရှာဖွေရန် တာဝန်ကျသည့်နေရာသို့သွားရန် မလှမ်း



မကမ်း နောက်မှ လိုက်လာလေသည်။

ဗွီအိုင်ပီအခန်းပြင်ဘက်တွင် တိုတီသည် အခန်းကို စောင့်နေသည်ကို တွေ့ရလေရာ စမစ်က ဒေါသထွက်ဟန်ဖြင့်

'ဟေ့ကောင် ငါ ခေါ်တာကို ဘာဖြစ်လို့ မလာတာလဲ'

ဟု ငေါက်လိုက်သည်။

'ဆရာကြီးခေါ်တာကို ကြားပါတယ်။ ဒါပေမယ့် ကျွန်တော်က စားသောက်ခန်းကိုသွားရင် ဒီမှာစောင့်မယ့်လူ မရှိဘဲ ဖြစ်နေမှာပေါ့'

ဟု ပြန်ပြောလေသည်။

စမစ်သည် ဒေါသပြင်းစွာ ထွက်လာသော်လည်း ချက်ချင်းပင် စိတ်ကို ပြန်ချုပ်တည်းထားလိုက်သည်။

တိုတီပြောသည့်အတိုင်း အဘွားကြီး မစ္စက်ပိုလာကို ဖမ်းချုပ်ထားရာ အခန်းပြင်ဘက်တွင် မိမိတို့အဖွဲ့သား အစောင့်တစ်ဦးမှ မရှိလျှင် မဖြစ်ချေ။

ထို့ကြောင့် စမစ်သည် လေသံပြောင်း၍ တိုတီအား မေးခွန်းထုတ်လေသည်။

'ကောင်းပြီ၊ ဒါဖြင့် အခြေအနေ ဘယ်လိုလဲ၊ ဒီအခန်းနားကို ဘယ်သူများ လာသေးသလဲ'

'ကျွန်တော် ဒီမှာ စောင့်နေတဲ့အချိန်အတွင်း ဘယ်သူမှ မလာဘူး။ ဆရာကြီး အနားကပ်မယ့်လူတောင် မရှိဘူး'

'အေး··· ကောင်းတယ်၊ အခန်းတံခါးဖွင့်လိုက်စမ်း'

စမစ်က အမိန့်ပေးလိုက်ရာ တိုတီသည် ဗွီအိုင်ပီအခန်း၏သော့ကို ဖွင့်လိုက်ရာ စမစ်နှင့် မိုက်ကယ်တို့သည် အခန်းတွင်းသို့ ဝင်လိုက်ကြသည်။ လီယာသည်လည်း လိုက်ဝင်လာသည်။

အခန်းတွင်း၌ကား မစ္စက်ပိုလာသည် တံခါးဝကို ကျောပေးကာ ပြတင်းပေါက်ဘက်သို့ မျက်နှာမူကာ မလှုပ်မယှက် ထိုင်နေလေသည်။

လက်နှစ်ဖက်ယှက်၍ ပေါင်ပေါ်တင်ထားပြီး ဦးခေါင်းကို ကုလားထိုင် နောက်မှီ ကူရှင်များဖြင့် ကွယ်နေ၍ ကောင်းစွာမမြင်ရချေ။

'အရေးထဲ ဒီအဘွားကြီးက အိပ်ပျော်အောင် အိပ်နိုင်ရန်ကော'

ဟု စမစ်က ဒေါသထွက်လာမိသည်။

'ဟေ့··· မိုက်ကယ်၊ မင်းက တံခါးဝနားမှာ ရပ်စောင့်။ ဒီအဘွားကြီး

www.burmeseclassic.com

www.burmeseclassic.com



အခုလိုအိပ်ပျော်နေတာကို ငါ မကြည့်ချင်ဘူး။ လီယာက သွားပြီး နှိုးလိုက်စမ်း'

စမစ်က အမိန့်ပေးလိုက်သည်တွင် မိုက်ကယ်သည် တံခါးဝနားဆီသို့သွားပြီး ရပ်နေလိုက်သည်။

လီယာသည် အဘွားကြီးထိုင်နေရာအနီးသို့ ချဉ်းကပ်သွားလေသည်။

'မစ္စက်ဗိုလာရှင့် အိပ်ပျော်နေပါသလား'

လီယာက အဘွားကြီး၏မျက်နှာကို သေချာစွာ မကြည့်ဘဲ လက်မောင်းကို အသာလှုပ်နှိုးလိုက်လေသည်။

ယင်းသို့ လှုပ်နှိုးလိုက်သည်တွင် ဦးခေါင်း မိုထားသော ကူရှင်က ပြုတ်ထွက်ကျလာရာ အဘွားကြီး၏ဦးခေါင်းသည် တစ်ဘက်သို့ စောင်းငိုက်ကျသွားသဖြင့် လီယာလည်း အံ့အားသင့်ကာ သေချာစွာကြည့်မိတော့သည်။

သည်တော့မှ မျက်နှာကို ကောင်းစွာမြင်ရလေသည်။

မျက်နှာက အဘွားကြီးဗိုလာ၏ မျက်နှာမဟုတ်။ စမစ်၏လူယုံတော် ကလော်ဒီ မျက်နှာက ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ သေနေပုံကြောင့် လီယာသည် အကြီးအကျယ် တုန်လှုပ်ချောက်ချားကာ ဟစ်အော်လိုက်မိသည်။

ထိုအချိန်၌ စမစ်နှင့် တိုတီတို့ပါ သူမ၏အနီးသို့ ရောက်ရှိနေရာ စမစ်သည် မယုံနိုင်လောက်အောင် အံ့အားသင့်ခြင်း၊ ဒေါသဖြစ်ခြင်း တို့ကြောင့် နဖူးမှ ချွေးသီးချွေးပေါက်များ ကျလျက်ရှိလေသည်။ သူ၏မျက်လုံးများက လူယုံတော် ကလော်ဒီ၏ ရုပ်ပျက်ဆင်းပျက် သေနေပုံကိုကြည့်ရာမှ ပြတင်းပေါက်ဆီသို့ လှမ်းကြည့်လိုက်သည်။

တိုတီကလည်း အံ့ဩလွန်းသဖြင့် ပါးစပ်မှ ရေရွတ်ကျိန်ဆဲလိုက်သည်။

လီယာသည် ပြင်းစွာ တုန်လှုပ်ချောက်ချား နေသေးသဖြင့် ထပ်မံဟစ်အောက်ရာ စမစ်သည် စိတ်တိုလာပြီး သူမ၏မျက်နှာကို လက်ဝါးဖြင့် တစ်ချက်လှမ်းရိုက်လိုက်သည်။

တံခါးဝနားရပ်နေသူ မိုက်ကယ်သည် အဖြစ်မှန်ကို ကြိုတင်ရိပ်မိထားပြီးဖြစ်၍ သူ၏ရဲဘော် စီဒဗလျူ၏လက်ချက်ဖြစ်ကြောင်း အဘွားကြီးမစ္စက်ဗိုလာနှင့်အတူ အခန်းထောင့်နားရှိ ခန်းဆီးအကွယ်တွင် အသာပုန်းနေကြကြောင်းကိုလည်း ရိပ်မိထားလေသည်။

ကလော်ဒီ၏ အလောင်းကို ရုတ်တရက်မြင်၍ စမစ်တို့လူစု အကြီး



အကျယ် အံ့ဩတုန်လှုပ်နေခိုက် မိုက်ကယ်သည် ခန်းဆီးပိတ်နားသို့ ကပ်၍

'ဟော့.. အခုအချိန် အကောင်းဆုံးပဲ'

ဟု လေသံနှင့် ပြောလိုက်သည်။

'ကျေးဇူးပါပဲ သူငယ်ချင်း'

စီဒဗလျူက လေသံနှင့် ပြန်ပြောပြီး မစ္စက်ဗိုလာနှင့်အတူ အခန်းပြင်သို့ လျင်မြန်စွာ ထွက်သွားလေသည်။

မစ္စက်ဗိုလာသည် သေသူ ကလော်ဒီ၏ အဝတ်အစားများလဲဝတ်ထားပြီး လေဆာသေနတ်ရန် ကာကွယ်သော သတ္တုပြား ကိရိယာကိုပါ ရင်ဘတ်တွင် ချိတ်ထားကြောင်း မိုက်ကယ်က သတိပြုမိလိုက်သည်။

စီဒဗလျူနှင့် မစ္စက်ဗိုလာတို့ အခန်းပြင်သို့ ထွက်သွားသည်မှာ စက္ကန့်၏ အစိတ်အပိုင်းမျှသာကြာအောင် လျင်မြန်လှသဖြင့် စမစ်တို့လူစုက လုံးဝမမြင်လိုက်ချေ။

'ဟော့... တိတ်တိတ်နေစမ်း၊ မင်းက အရေးထဲ လန့်အော်နေရသေးလား'

စမစ်သည် လီယာအား ကြိမ်းမောင်းပြီးနောက် တိုတီနှင့်အတူ ပြတင်းပေါက်နားဆီသို့သွား၍ ကြည့်လေသည်။

တိုတီကချက်ချင်းပင် ပြတင်းပေါက်ပြင်ဘက်၌ တန်းလန်းကျနေသော ကြိုးတစ်ချောင်းကိုမြင်ပြီး စမစ်အား လှမ်းညွှန်ပြလိုက်သည်။

စမစ်သည် ပြတင်းပေါက်ကို ခပ်ကြမ်းကြမ်း ဖွင့်လိုက်ပြီး ခေါင်းပြူ၍ကြည့်ရာ ကြိုးတွင် တွယ်ထားသော တစ်စုံတစ်ယောက်မှ မရှိကြောင်း တွေ့ရလေသည်။

ပြင်ဘက်၌ လှုပ်ရှားသွားလာသံဟူ၍လည်း ဘာမျှမကြားရဘဲ ပကတိ တိတ်ဆိတ်ငြိမ်သက်နေရာ စမစ်သည် စိတ်ထဲအကြီးအကျယ် မကျေမနပ်ဖြစ်နေတော့သည်။

သူ စနစ်တကျ ကြိုတင်ရေးဆွဲပြီးမှ အကောင်အထည် ဖော်လေ့ရှိသော စစ်ဆင်ရေး စီမံချက်တစ်ခု ယခုကဲ့သို့ လွဲချော်ရသည်ကို မခံမရပ်နိုင်ဖြစ်နေမိခြင်းဖြစ်သည်။

'မဖြစ်နိုင်ဘူး... မဖြစ်နိုင်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဤသို့လည်း သူ၏ပါးစပ်မှ ရေရွတ်မိလေသည်။

မိုက်ကယ်က ဒီလူကြီး ဘာဖြစ်နေပါလိမ့်ဟု စဉ်းစားရခက်ဟန်ဖြင့် လှမ်းကြည့်နေစဉ် စမစ်သည် အော်ငေါက် အမိန့်ပေးလေသည်။

'ဟေ့ လိုက်ရှာကြစမ်း၊ နေရာနှံ့အောင် လိုက်ရှာကြ'

ပြောရင်းနှင့် သူသည် ဒေါသထွက်လာဟန်ဖြင့် တိုတီ၏ ရင်ဘတ်မှ ရှပ်အင်္ကျီကို ခပ်ကြမ်းကြမ်း ဆွဲဆုပ်လိုက်သည်။

'ဟေ့ကောင် တိုတီ၊ မင်းကပြောတော့ ဘယ်သူမှ ဒီအခန်းကို ဝင်ထွက်တာ မရှိဘူးဆို။ မင်းက အခန်းဝမှာ တောက်လျှောက် စောင့်နေတယ် မဟုတ်လား'

တိုတီက ခေါင်းညိတ်ပြလျှင် စမစ်သည် ပို၍ ဒေါသထွက်လာလေသည်။

'ဒါဖြင့် အဘွားကြီးက ဘယ်လိုလုပ်ပြီး ဒီအခန်းက ထွက်သွားနိုင်တာလဲ'

တိုတီက ပြတင်းပေါက်ဆီသို့ လက်ညှိုးညွှန်ပြလျှင် လီယာကဝင်၍ ကန့်ကွက်ပြောဆိုလေသည်။

'မဖြစ်နိုင်ဘူးရှင့်၊ ဒီအဘွားကြီးဟာ သူ့အသက်အရွယ်နဲ့ ဘယ်လိုလုပ်ပြီး ပြတင်းပေါက် တွယ်ဆင်းနိုင်မှာလဲ။ မစ္စက်ဗိုလာက ဘားကျွမ်းပညာရှင်လဲ မဟုတ်ဘူး'

ဤတွင် တိုတီက သူ၏ ထင်မြင်ချက်ကို ပြောလေသည်။

'အဘွားကြီးက ဘားကျွမ်းပညာရှင် မဟုတ်ပေမယ့် စီဒဗလျူဆိုတဲ့ လူက ဘားကျွမ်းပညာတတ်တယ်ခင်ဗျ။ သူဟာ ခက်ခက်ခဲခဲ နေရာမှန်သမျှ တတ်နိုင်ဆင်းနိုင်တယ်'

စမစ်သည် အကြီးအကျယ် ဒေါသထွက်လျက် အခန်းတွင်းရှိ ဆိုဖာ ကုလားထိုင်တစ်လုံးဆီသို့သွားပြီး ကူရှင်များ ဆွဲဖြဲဆုတ်လိုက်သည်။

'ဒီအခန်းမှာ သဲလွန်စတစ်ခုခုတော့ ရှိရမယ်ကွ… ရှိရမယ်'

ပြောရင်းနှင့် အခန်းထောင့်တစ်နေရာရှိ ဗီရိုတစ်ခုကို ဆွဲဖွင့်လိုက်ပြန်ရာ အတွင်း၌ရှိသော မျက်နှာသုတ်ပဝါ လက်သုတ်ပဝါများကို ဆွဲထုတ်ပစ်ချလိုက်သည်။



ဤသို့လျှင် စမစ်သည် စိတ်ကို မထိန်းချုပ်နိုင်တော့သလို ဖြစ်နေသည်။ ကျန်လူသုံးယောက်မှာ အံ့အားသင့်ပြီး ရပ်ကြည့်နေကြလေသည်။

လီယာသည် ဆရာကြီးစမစ်၏ ဖြစ်နေပုံကိုကြည့်ပြီး ဖျောင်းဖျပြောဆိုမှ ဖြစ်တော့မည်ဟု စိတ်ကူးရလာသဖြင့် စမစ်အနီးသို့ ချဉ်းကပ်သွားလေသည်။

'သတိထားပါဦးလေ။ ခေါင်းအေးအေးထားပြီး စဉ်းစားမှပေါ့။ ရှင်က ဒီအဖွဲ့ကြီးရဲ့ ခေါင်းဆောင်မဟုတ်လား။ ကျွန်မတို့အားလုံးက ရှင့်ကို အားကိုးနေကြရတယ် ဆိုတာလဲ စဉ်းစားပါဦး'

လီယာက သူ၏ လက်မောင်းကို ညင်သာစွာ ကိုင်ရင်း ခပ်တိုးတိုး ပြောလေသည်။

ဤတွင် စမစ်သည် ချက်ချင်း ပြန်သတိရသလို စိတ်ကို ချုပ်ထိန်းလိုက်နိုင်ကာ အသက်ပြင်းပြင်း ရှူလိုက်သည်။

'အေးကွ… လီယာ၊ မင်းပြောတာမှန်တယ်။ အခုနေအခါမှာ စိတ်ချောက်ချားနေလို့ မဖြစ်ဘူး။ စနစ်တကျ အလုပ်ဆက်လုပ်ဖို့ အရေးကြီးတယ်။ သူတို့ဟာ ဒီမျှော်စင်ပေါ်မှာပဲ ရှိနေရမယ်'

ပြောရင်းနှင့် စမစ်သည် မိုက်ကယ်ဘက်သို့လှည့်၍ အမိန့်ပေးလေသည်။

'ဟေ့… မိုက်ကယ်၊ ငါတို့လိုက်ရှာရမယ်။ စေ့စေ့စပ်စပ်ရှာရင် တွေ့ရမှာပဲ။ ဒီမယ် ဟို စီဒဗလျူဆိုတဲ့ အကောင်ကိုတွေ့တာနဲ့ ဘာမှပြောမနေနဲ့ တစ်ခါတည်းပစ်သတ်လိုက်။ ဒီကောင်က ဘယ်သူ့ဘက်သားဖြစ်တယ်။ ဘယ်အဖွဲ့အစည်းအတွက် လုပ်နေတယ်ဆိုတာလည်း ငါမသိချင်ဘူး။ သူသေတာပဲ လိုချင်တယ်။ တစ်ခုတော့ သတိထားကွ။ လူလည်း မမှားစေနဲ့။ မစ္စက် ဗိုလာက ငါတို့လူ ကလော်ဒီရဲ့ အဝတ်အစားတွေ ဝတ်ထားလိမ့်မယ်။ မှောင်ထဲ မှာဆိုရင် အဘွားကြီးကို မင်းတို့က ကပ္ပလီကောင် စီဒဗလျူမှတ်ပြီး မှားပစ် မိအောင် အထူးသတိထားရမယ်။ ကိုင်… မင်းတို့ သွားကြတော့။ ကျန်တဲ့ လူတွေကိုလည်း အကူအညီတောင်းပါ။ လူတိုင်းက လိုက်ရှာရမယ်'

မိုက်ကယ်နှင့် တိုတီတို့သည် အခန်းတွင်းမှ ထွက်သွားကြလေသည်။ တိုတီက သူ၏အဖော် ပေအီရှိရာ တယ်လီဖုန်းနားသို့သွားပြီး မိုက်ကယ်ကတော့ စီဒဗလျူအား လိုက်ရှာရန် သွားခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မျှော်စင်ကြီး စင်္ကြံ တစ်နေရာတွင် စစ်မြေပုံ ယူနီဖောင်းဝတ်စုံ ဝတ်ထားသူတစ်ဦးသည် မှောင်ရိပ်ထဲမှ ထွက်လာရာ အခန်းပြင်ဘက်ရောက် နေသူ စမစ်ကလှမ်းမြင်ပြီး သူ၏ပစ္စတိုသေနတ်ဖြင့် ထုတ်ချိန်လိုက်သည်။

'ဟေ့… ဘယ်သူလဲကွ။ ရှေ့ကို ဖြည်းဖြည်းချင်း တိုးလာခဲ့စမ်း။ ငါ့လက်က သေနတ်နဲ့ ပစ်လိုက်မယ်။ လေဆာသေနတ်က မျှော်စင်အတွင်းက ကျည်ဆန်ကိုတော့ မဖျက်ဆီးနိုင်ဘူးဆိုတာ မင်းတို့အသိပဲ။ ဖြည်းဖြည်းချင်း ထွက်လာခဲ့'

စမစ်က ခြိမ်းခြောက်ပြောလိုက်သဖြင့် ယူနီဖောင်းနှင့်လူသည် ရှေ့သို့ ခပ်ဖြည်းဖြည်း တိုးလျှောက်လာရာ ဆာဘာရီနှာ ဖြစ်နေလေသည်။

သူမ၏ လက်တွင်လည်း သတ္တုဖြင့် လုပ်ထားသော သေတ္တာ ခပ်ပြားပြား တစ်ခုကို ကိုင်ထားသည်။

'ဆရာကြီးရှင့်၊ ဘာတွေဖြစ်တယ်တော့ ကျွန်မ လုံးဝ မသိဘူး။ ဒါပေမယ့် ဟောဒီပစ္စည်းကိုတော့ မျှော်စင်ဘေးက သံတိုင်ဘေးနားမှာ တွေ့ ပါတယ်'

ပြောပြောဆိုဆို ဆာဘာရီနှာသည် သတ္တုသေတ္တာကို စမစ်အား လှမ်းပေးလိုက်သည်။

စမစ်က ထိုသေတ္တာကို မြင်မြင်ချင်းပင် သိလိုက်လေသည်။ သူ၏ လူယုံတော် ကလော်ဒီကိုင်နေကျ သူတို့အချင်းချင်း ရေဒီယိုဖြင့် ဆက်သွယ် သည့် အချက်ပြကိရိယာ ဖြစ်နေလေသည်။

*　*　*

မိုက်ကယ်သည် မှောင်နေသောစင်္ကြံအတိုင်း လျှောက်သွားစဉ် ဗီအိုင်ပီ အခန်းနှင့် တစ်ခန်းကျော် အခန်းတံခါးဝနားဆီမှ

'ကိုင်း… ကိုယ့်ဆရာ ဘာဆက်လုပ်ရမလဲ'

ဟု စီဒဗလျူက လေသံဖြင့် တိုးတိုးပြောသံကို ကြားလိုက်ရသည်။

မိုက်ကယ်သည် နောက်သို့ ပြန်လှည့်ကြည့်လိုက်ရာ စမစ်နှင့် လီယာတို့ နှစ်ယောက်သား ကလော်ဒီ၏ ရေဒီယိုဆက်သွယ်ရေးကိရိယာကို အာရုံစိုက် စစ်ဆေးကြည့်နေကြသည်ကိုမြင်ရမှ စိတ်ချပြီး စီဒဗလျူအား လှမ်းခေါ်သည်။



'ဟေ့ မြန်မြန်လာ ငါ့နောက်လိုက်ခဲ့'

စီဒဗလျူနှင့် မစ္စက်ဗိုလာတို့သည် မိုက်ကယ်ခေါ်ရာသို့ လိုက်ခဲ့ကြရာ မူလအခန်းဖြစ်သော ဗီအိုင်ပီအခန်းသို့ ပြန်သွားကြလေသည်။

မိုက်ကယ်က ရှေ့ဆောင်သွားပြီး သူ၏ခန္ဓာကိုယ်နှင့် ကျန် နှစ်ယောက်အား ကွယ်ထားကာ သွားကြရာ ဗွီအိုင်ပီအခန်းဝသို့ ရောက်သည်နှင့် စီဒဗလျူနှင့် မစ္စက်ဗိုလာတို့အား အခန်းတွင်းသို့ ပြန်ဝင်ခိုင်းလိုက်သည်။

တံခါးကို ချက်ချင်း ပြန်ပိတ်ပြီး မိုက်ကယ်က အပြင်ဘက်သော့ခတ် လိုက်သည်။

သို့သော် ချက်ချင်းပင် တံခါးသော့ခတ်လိုက်ခြင်းကို မှားသွားချေပြီ ဟု တွေးမိပြန်သည်။ အမှန်အားဖြင့် အခန်းတံခါးကို အတွင်းဘက်မှ စီဒဗလျူ ကသာ ဂလန့်ထိုး ပိတ်ထားသင့်သည်။

မိုက်ကယ်သည် တံခါးသော့ပြန်ဖွင့်ရန် စိတ်ကူးလျက် ပြန်လှည့်လိုက် စဉ် စမစ်ကိုယ်တိုင် ရုတ်တရက် ရောက်လာသဖြင့် အသာကိုယ်ရှိန်သတ် နေလိုက်ရသည်။

'သြော်… မင်းက အခန်းတံခါး သော့ခတ်ပိတ်လိုက်ပြီကိုး။ အေး… ကောင်းတယ်။ အဲဒီသော့ကို ပေးစမ်း၊ ငါယူထားမယ်'

ပြောပြောဆိုဆို စမစ်သည် မိုက်ကယ်ထံမှ အခန်းသော့ကို ယူလိုက် လေသည်။ ပြီးတော့မှ ညွှန်ကြားချက် ဆက်လက်ပေးလေသည်။

'မစ္စက်ဗိုလာဟာ ဒီဗီအိုင်ပီအခန်းထဲမှာ မရှိတာတော့ ငါတို့ သေချာ ပေါက်သိထားပြီးဖြစ်တယ်။ ဒီတော့ မျှော်စင်ရဲ့ ကျန်တဲ့နေရာတွေအားလုံး နှံ့အောင် လိုက်ရှာကြရမယ်။ အဘွားကြီးကို မတွေ့မချင်းရှာရမယ်'

မိုက်ကယ်က စိတ်ထဲက မလုံသလို ဗွီအိုင်ပီအခန်းဘက် လှမ်းကြည့် နေမိရာ စမစ်က လေသံခပ်မာမာဖြင့် အမိန့်ပေးပြန်သည်။

'ဟေ့… မိုက်ကယ်၊ မင်းက ဘာရပ်ကြည့်နေတာလဲ၊ သွားလေ၊ အဘွားကြီးကို မတွေ့တွေ့အောင် သွားရှာပါတော့လား'

ဤတွင် မိုက်ကယ်လည်း မတတ်သာဘဲ စားသောက်ခန်းဘက်ဆီ သို့ လျှောက်ထွက် သွားရတော့သည်။

စမစ်ထံမှ အခန်းသော့ကို တစ်နည်းနည်းနှင့် ပြန်ရအောင်ယူမှ ဖြစ်မည် ဟုလည်း စိတ်ကူးမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ်တွင်မူ စီဒဗလျူနှင့် မစ္စက်ဝီလာတို့သည် အခန်းထဲတွင် သော့ခတ်ပိတ်လှောင်ထားခြင်း ခံနေရပေပြီ။

*　*　*

ဗီအိုင်ပီ အခန်းတွင်း၌ မစ္စက်ဝီလာနှင့် ယူနာကို အဖွဲ့သူလျှို စီဒဗလျူတို့သည် ထိုင်နေကြရင်း စကားပြောနေကြသည်။

'ကဲ… မောင်ရင့်အနေနဲ့ ဒီမျှော်စင်က ပြင်ဘက်ထွက်နိုင်ဖို့ အကြံအစည်များ စိတ်ကူးလို့ ရသလားကွဲ့'

'ဟုတ်ကဲ့၊ ကျွန်တော်တို့ အခန်းထဲမှာ အနှောင့်အယှက် ကင်းနေတုန်း ပထမဆုံး အဆင့်အနေနဲ့ ကျွန်တော်တို့ရဲ့ ဌာနအကြီးအကဲနဲ့ ဆက်သွယ်ဖို့ ကြိုးစားပါမယ်'

ပြောပြောဆိုဆို စီဒဗလျူသည် ထိုင်ရာမှထ၍ အခန်းတွင်းရှိ လျှပ်စစ်မာတ်မီးလုံးရှိရာသို့ လျှောက်သွားလေသည်။

ထို့နောက် စက္ကူကတ်ထူပြားတစ်ခုဖြင့် မီးလုံးကို အုပ်ကာ အလင်းရောင်ကို ပြတင်းပေါက်မှန်ဆီသို့ ရောက်အောင်ချိန်ထိုးလိုက်သည်။

မှန်သို့ ထိုးလိုက်သည့် အလင်းရောင်သည် မျှော်စင်ကြီးအောက်ရှိ မြေပြင်မှ လှမ်းမြင်နိုင်မည်ဖြစ်ရာ ယူနာကိုအဖွဲ့ တာဝန်ခံ ဖီလ်ပေါ့က ချက်ချင်း သတိပြုမိမည်ဖြစ်ကြောင်းကို စီဒဗလျူတထစ်ချ တွက်မိပြီးဖြစ်သည်။

ထို့ကြောင့် နဂိုက ကြိုတင်စီစဉ်ထားသည့် မီးရောင်သုံးပြီး အချက်ပြနည်းဖြင့် စီဒဗလျူက အချက်ပြနေခြင်းဖြစ်သည်။

မြေပြင်ရှိ ဆက်သွယ်ရေး မော်တော်ယာဉ် ခေါင်မိုးပေါ်တွင် အသင့်စောင့်ကြည့်နေသူ ဆိုနီယာသည် ဗီအိုင်ပီအခန်း ပြတင်းပေါက်မှ အလင်းရောင်ကို ချက်ချင်းပင် သတိပြုမိလေသည်။

'အလို… မျှော်စင်ပေါ်က မီးနဲ့အချက်ပြနေပြီရှင့်။ ကျွန်မတို့ရဲ့ လျှို့ဝှက်သင်္ကေတနဲ့ အချက်ပြနေတာပဲ။ ဧကန္တ စီဒဗလျူပဲ ဖြစ်ရမယ်'

ဆိုနီယာက ဝမ်းသာအားရ လှမ်းပြောလိုက်သည်။

ဖီလ်ပေါ့နှင့် ရဲချုပ်ပူပွန်တို့လည်း ချက်ချင်းစိတ်ဝင်စားကာ ကားထဲမှ ထွက်လာကြသည်။

'ဟုတ်လား၊ စီဒဗလျူက ဘာများ ပြောချင်တာလဲ။ မင်းပဲ သေသေချာချာကြည့်ပြီး တို့ကိုပြောစမ်း'



ဖီလ်ပေါ့က အမိန့်ပေးလိုက်သဖြင့် ဆိုနီယာသည် မီးရောင်ကို ကြည့်ရင်း ပါးစပ်က ဘာသာပြန်ပြောလေသည်။

'ဟုတ်ကဲ့ရှင့်၊ ကျွန်မ ပြောပါမယ်။ စီဒဗလျူက ကျွန်မတို့ဘက်သား လူသစ်တစ်ယောက် တိုးသတဲ့။ နာမည်က မိုင် မဟုတ်ဘူးရှင့်။ ဩော်… ဟုတ်ပြီ မိုက်ကယ်တဲ့။ ဟုတ်ပါပြီ။ ကျွန်မတို့ စိုးရိမ်နေတဲ့ မိုက်ကယ်က လက်စသတ်တော့ ကျွန်မတို့ဘက်က ဖြစ်နေတာကိုး'

ဤတွင် ဖီလ်ပေါ့သည် ရင်ထဲပေါ့သွားသလို သက်ပြင်းချလိုက်သည်။

'မိုက်ကယ်က တို့ဘက်က ဖြစ်နေရင်တော့ ဆာဘရီနာတစ်ယောက်လည်း အိုကေမှာပါပဲ'

ဖီလ်ပေါ့က ဤသို့ပြောရင်း ရဲချုပ်ပူပွန်ဘက်သို့ လှည့်ပြီး

'ဒီမယ် ရဲချုပ်ကြီး၊ မျှော်စင်ပေါ်မှာ ကျုပ်တို့ဘက်က အင်မတန်တော်တဲ့ လူသုံးဦးရှိနေပြီ။ ဒီအတိုင်းဆိုရင် ကျုပ်တို့နိုင်ဖို့ မျှော်လင့်ချက်ရှိတယ်ဗျ'

ဟု ပြောလိုက်သည်။

ဆိုနီယာသည် မျှော်စင်ပေါ်မှ အချက်ပြသည့် မီးရောင်ကိုကြည့်ရင်း ဆက်လက် ဘာသာပြန် ပြောနေပြန်သည်။

'ဒီမယ် နားထောင်ကြပါဦးရှင်။ စီဒဗလျူက ဆက်ပြီးသတင်းပို့နေတယ်။ မစ္စက်ဝီလာကို ပြင်ဘက်ရောက်အောင် ကြိုးစားထုတ်ပါမယ်တဲ့။ ရန်သူဘက်က အာရုံပြောင်းအောင် တောင်းတဲ့ငွေတစ်ဝက်ကို ကြံဖန်ပေးစေချင်တယ်။ အဲဒါဖြစ်နိုင်မလားတဲ့'

ဖီလ်ပေါ့သည် ရဲချုပ်ပူပွန်ဘက်သို့ လှည့်မေးလေသည်။

'ဘယ်လိုလဲ ရဲချုပ်ကြီး၊ စီဒဗလျူ အကြံပေးသလို ဖြစ်နိုင်မလား။ ဖြစ်နိုင်ရမယ်ဗျ။ ဒါက ကျုပ်တို့အနိုင်ရဖို့ တစ်ခုတည်းသော မျှော်လင့်ချက်ဖြစ်တယ်။ အဘွားကြီး မစ္စက်ဝီလာကို မျှော်စင်ပြင်ဘက်ရောက်အောင် ကယ်ထုတ်နိုင်သူဆိုလို့လည်း စီဒဗလျူတစ်ယောက်ပဲ ရှိတယ်။ လုပ်ဗျာ။ ခင်ဗျားတို့ အစိုးရအဖွဲ့ကို ကြည့်လုပ်ဖို့ မြန်မြန်ပြောစမ်းပါ'

ပူပွန်လည်း မော်တော်ယာဉ်အတွင်းရှိ ရေဒီယိုတယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မစိုးရိမ်ပါနဲ့ မစ္စတာဖီလ်ပေါ့ ခင်ဗျာ။ ကျုပ်ကပြောရင် သူတို့ မငြင်းပါဘူး။ ဖြစ်ရမှာပေါ့။ ဟော့… ငါ့ကို ဘဏ္ဍာရေးဝန်ကြီးဆီ ချက်ချင်း ဆက်ပေးစမ်း။ မြန်မြန်လဲ လုပ်။ ဆယ်စက္ကန့်အတွင်း စကားပြောချင်တယ်'

ဤသို့ ရဲချုပ်ပူပွန်က တယ်လီဖုန်း စကားပြောခွက်ထဲသို့ အမိန့်ပေးလိုက်သည်။

* * *

ဆရာကြီး စမစ်သည် စိတ်ဂနာမငြိမ်ဟန်ဖြင့် မျှော်စင် စားသောက်ခန်းအတွင်း လူးလာလျှောက်နေလေသည်။

သူ၏လက်ထဲတွင်လည်း ဝေါကီ…တော်ကီ ရေဒီယို ဆက်သွယ်ရေး ကိရိယာတစ်ခု ကိုင်ထားသည်။ လက်တစ်ဖက်တွင်မူ သူ၏ဂိုဏ်းသားတစ်ဦးက ယူဆောင်လာသော မြင်းစီးကြာပွတ်တစ်ခု ကိုင်ထားသေးသည်။

စမစ်အနေဖြင့် ဒေါသထွက်ထွက်နှင့် ကြာပွတ်နှင့် ကုလားထိုင်လွတ်တစ်လုံးကို တအားလွှဲရိုက်ခြင်းအားဖြင့် စိတ်သက်သာရာ ရဟန်တူလေသည်။

ဆာဘာရီနာနှင့် လီယာတို့နှစ်ဦးကလည်း ဝေါကီ…တော်ကီ ကိရိယာကိုယ်စီဖြင့် မျှော်စင်အနှံ့အပြားရှိ ဂိုဏ်းသားကွန်မန်ဒိုများထံမှ သတင်းပို့ချက်များကို နားထောင်ကာ မှတ်စုများ၊ စာအုပ်ငယ်များတွင် ရေးမှတ်နေကြသည်။

မိုက်ကယ်ကတော့ အခန်းထောင့်တစ်နေရာရှိ တယ်လီဖုန်းဖြင့် မျှော်စင်အတွင်း ဖုန်းရှိသည့်နေရာများနှင့် ဆက်သွယ်စကားပြောနေလေသည်။

'ဟော့… ဘယ်သူ့ဆီကမှ သတင်း မရသေးဘူးလား။ အဘွားကြီးကို ရှာတွေ့ပြီတဲ့လား'

စမစ်က စိတ်မရှည်ဟန်ဖြင့် လှမ်းမေးရာ မိုက်ကယ်က တယ်လီဖုန်းကို မချဘဲ ခေါင်းခါပြလိုက်သည်။

လီယာကလည်း အလားတူပင် ခေါင်းခါပြသည်။

စမစ်သည် ပို၍ စိတ်ထဲမချင့်မရဲ ဖြစ်လာလေသည်။

'ငါတို့ အထပ်ထပ် အစောင့်တွေချထားတဲ့ကြားက စီဒဗလျူဆိုတဲ့ကောင်က ဘယ်လိုလုပ်ပြီး လစ်ထွက်သွားနိုင်သလဲ။ ဒီကောင်က သူခိုးတစ်ယောက်ပဲ။ သူခိုးမှ နိုင်ငံတကာကျော်အောင် နာမည်ကြီးတဲ့ သူခိုး။ ဒီလို သူခိုးတစ်ယောက်အနေနဲ့ ဘယ်အဖွဲ့အစည်း၊ ဘယ်ပုဂ္ဂိုလ်အတွက်များ သစ္စာခံပြီး အလုပ်လုပ်တာ ဖြစ်နိုင်မလဲ။ တစ်ခုတော့ ရှိတယ်ကွ'



စမစ်က သူ့ကိုယ်သူပြောသလိုနှင့် ခပ်တိုးတိုး သုံးသပ်ရာ လီယာက ဝင်၍

'ဘာများလဲ ဆရာကြီးရှင့်'

ဟု ဝင်မေးလိုက်သည်။

'တစ်ခုရှိတယ်ဆိုတာက ဒီကောင်ဟာ ငါတို့ကြားဖူး သိဖူးတဲ့ စီဒဗလျူ အစစ်မဟုတ်ဘဲ တခြား နိဂရိုး (ကပ္ပလီ)တစ်ယောက်များ ဖြစ်နေမလားလို့ပါ'

'ဒါတော့ မဖြစ်နိုင်ဘူး ဆရာကြီး။ စီဒဗလျူရဲ့ ဓာတ်ပုံအပြင် လက်ဗွေ ပုံစံ၊ သူ့အသံဖမ်းထားတဲ့ တိပ်ခွေ အားလုံးနဲ့ ကျွန်မတို့က တိုက်ပြီး စစ်ခဲ့တာပဲ။ စီဒဗလျူအစစ်ဖြစ်တာ သေချာပါတယ်။ ဒါတော့ ကျွန်မအသက်နဲ့လဲပြီး သေချာတယ်လို့ ပြောဝံ့ပါတယ်'

လီယာက ရဲရဲကြီး ပြောလိုက်သောအခါ စမစ်သည် လှောင်သလို ရယ်မောလိုက်သည်။

'ငါတို့ လေဆာသေနတ်ကို စမ်းသပ်တုန်းက စီဒဗလျူကလည်း သူ့အသက်နဲ့လဲပြီး စမ်းဝံ့ပါတယ်လို့ မိုက်ကယ်ကို စိန်ခေါ်ခဲ့ဖူးတယ်ကွ'

ဤသို့ပြော၍ လီယာက အံ့အားသင့်နေစဉ် စမစ်ကပင် ဆက်ပြောပြန်သည်။

'အဲဒီတုန်းက လေဆာသေနတ်အန္တရာယ် ကာကွယ်တဲ့ သတ္တုပြစ္စည်း ကိရိယာဟာ စိတ်ချရကြောင်းကို စီဒဗလျူကိုယ်တိုင် အသက်နဲ့လဲပြီး လက်တွေ့ အစမ်းခံသွားတာ မှတ်မိရဲ့ မဟုတ်လား။ အခုလည်း မင်းကကော အဲဒါမျိုး အစမ်းခံချင်သလား'

ထိုစကားကြောင့် လီယာသည် အကြီးအကျယ် တုန်လှုပ်သွားမိလေသည်။ စမစ်ကပြောလိုက်ပုံမှာ လှောင်သလိုဖြစ်လင့်ကစား ခြိမ်းခြောက်သံပါနေကြောင်း သူမက ရိပ်မိ၍ လန့်သွားခြင်းဖြစ်သည်။

မိမိတို့၏ စစ်ဆင်ရေးအတွက် သင့်တော်မည့်လူများ ရှာဖွေရွေးချယ်စဉ်က လီယာကိုယ်တိုင်က တစ်ဦးချင်းကို စိစစ်၍ အိုကေဟု ကျေနပ်စိတ်ချဖွယ်ကောင်းသည်ဟု ဆုံးဖြတ်ပြီး ခေါ်ယူသုံးခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မိမိက ရွေးချယ်ခဲ့သော လူတစ်ယောက်ယောက်က ဖောက်သွားပါက မိမိတွင် တာဝန်ရှိကြောင်း စဉ်းစားမိ၍ လီယာသည် စိုးရိမ်တုန်လှုပ်သွားခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူမသည် မိမိတို့အဖွဲ့က စစ်ဆင်ရေးအတွက် လိုအပ်သူများကို ရွေးချယ်ငှားရမ်းရာ၌ ပေါ့ပေါ့ဆဆ ဖြစ်ကတတ်ဆန်း မလုပ်ခဲ့ပါချေ။ လူတိုင်းကို ကွန်ပျူတာစက်များဖြင့် စနစ်တကျ စိစစ်ပြီးမှ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ဆာဘရီနာ၊ စီဒဗလျူ၊ မိုက်ကယ်၊ တိုတီ၊ ပေအီတို့ ငါးဦးကို တစ်ဦးချင်းစိစစ်ရာ၌ အဘက်ဘက်မှ စေ့စပ်သေချာစွာ စိစစ်ခဲ့ခြင်းဖြစ်သည်။ ယခု ဆရာကြီးစမစ် စောစောက ပြောလိုက်သလို စီဒဗလျူသည် စီဒဗလျူ အမည်ရှိ ကမ္ဘလီ (လူမည်း) လူစွမ်းကောင်း အစစ်ဟုတ်ပါ့မလားဟု သံသယဖြစ်စရာမရှိ။ ဟန်ဆောင်လာသူ စီဒဗလျူအတုလည်းမဟုတ်။ ဓာတ်ပုံ၊ လက်ဗွေ ပုံစံစသော အသေးစိတ်အချက်အလက်များပါ မကျန် တိုက်ကြည့်စစ်ခဲ့သည်။ ထိုနည်းတူစွာ ကျန်လူဖြစ်သော ဆာဘရီနာ၊ မိုက်ကယ် စသည်တို့သည်လည်း အတုအယောင် ဟန်ဆောင်လာသူများမဟုတ် အစစ်ချည်းဖြစ်ကြသည်။

သို့ရာတွင်

မိမိတို့က စိစစ်ရာတွင် အသုံးပြုခဲ့သော ကွန်ပျူတာစက်သည် စက်ကိရိယာတစ်ခုသာဖြစ်၍ လူတွေ၏အတွင်းစိတ် သဘောထားကိုမူ လေ့လာဆန်းစစ်ခြင်းငှာ မစွမ်းနိုင်ချေ။

အရည်အချင်း၊ အစွမ်းအစ၊ သူရသတ္တိတို့ဘက်က စိတ်ချရသည်ဆိုသော်လည်း မိမိရွေးချယ် ငှားရမ်းထားသူ တစ်ဦးဦးက (သို့မဟုတ် အားလုံးက) ထောက်လှမ်းရေးဌာနတစ်ခုနှင့် လျှို့ဝှက်ဆက်သွယ်ပြီး မိမိတို့ဂိုဏ်းအတွင်း သူလျှိုလာလုပ်နေသည်ဆိုပါက မည်သို့လုပ်ရပါမည်နည်း။

ဤသို့ စဉ်းစားမိရင်း လီယာသည် ကျောချမ်းသွားမိသည်။

ဆရာကြီးစမစ်က အသက်ပေးပြီး စမ်းသပ်ခံချင်လို့လားဟု မေးလိုက်ပုံကလည်း ရင်ဖိုစရာကောင်းလှသည်။

ဆရာကြီးစမစ်သည် အလွန်ရက်စက်သူတစ်ဦးဖြစ်ကြောင်း သိ၍လည်း လီယာက

'ကျွန်မ အပေါ်တော့ စိတ်ချယုံကြည်တယ် မဟုတ်လားရှင့်။ ကျွန်မက ဘယ်တုန်းကမှ ဆရာကြီးအပေါ် သစ္စာဖောက်ခဲ့တာ မဟုတ်ဘူး'

ဟု ပြောလိုက်သည်။

သို့သော် စမစ်၏ မျက်နှာထားက ခပ်တင်းတင်းပင် ဖြစ်နေသည်။



'ဒီမယ် လီယာ၊ မင်းအနေနဲ့ ငါ့အကြောင်းလည်း သိပြီးသားပဲ။ ငါ့လက်အောက်မှာ အလုပ်လုပ်တဲ့သူဆိုရင် တစ်ကြိမ်မှားတာနဲ့ ငါက ခွင့်မလွှတ်နိုင်ဘူး။ မင်းကိုယ်တိုင်ကလည်း တစ်ကြိမ်မှားသွားပြီလားဆိုတာ ကြည့်ရဦးမယ်ကွ။ ကြည့်ရဦးမယ်'

ခပ်တည်တည်နှင့် ပြောပြီးနောက် စမစ်သည် ဆာဘရီနာတို့ဘက်သို့ လျှောက်သွားလိုက်၊ မိုက်ကယ် တယ်လီဖုန်းဆက်နေရာသို့ ချဉ်းကပ်သွားလိုက်၊ လီယာအနီးသို့ ပြန်လာလိုက်နှင့် ခေါက်တုံ့ ခေါက်ပြန် လျှောက်နေလေသည်။

ထို့နောက် ဆာဘရီနာ၏ ရှေ့တည့်တည့်တွင် ရပ်လိုက်သည်။

'ဟေ့… ဆာဘရီနာ မင်းကတော့ စီဒဗလျူနဲ့ ရင်းနှီးတယ် မဟုတ်လား။ ရင်းနှီးတာမှ အတော့်ကိုရင်းနှီးတယ်ဆိုတာ ငါ သိပါတယ်။ မင်းတို့ ရင်းနှီးတာက ရိုးရိုးတန်းတန်းထက် လွန်ကဲတယ်လို့တောင် ဆိုရမယ် မဟုတ်လားလား'

ပြောရင်းနှင့် စမစ်သည် ဆာဘရီနာ၏ မျက်နှာကို လက်ဖြင့်အသာကိုင်လိုက်သည်။ လက်တစ်ဖက်တွင် ကိုင်ထားသော မြင်းစီးကြာပွတ်ကိုလည်း ဆာဘရီနာ၏ ပါးပြင်ပေါ်သို့ အသာတင်ပြီးရိုက်ရန် ဟန်ပြင်မလို လုပ်လိုက်သည်။

သို့သော် တကယ်တော့ မရိုက်ဘဲ လှောင်ပြုံးပြုံးပြီး ကြည့်နေလေသည်။

ဆာဘရီနာမှာ မြွေဟောက်တစ်ကောင်နှင့် ပက်ပင်းတိုးပြီး ပြေးပေါက်မရှိ၍ တုန်လှုပ်ချောက်ချားနေသော ယုန်သူငယ်ကဲ့သို့ အသက်မရှူဝံ့သလို ဖြစ်နေတော့သည်။

'ကျွန်မကို ဒီလိုမခြောက်ပါနဲ့ရှင်။ ကျွန်မက ဆရာကြီးအပေါ် သစ္စာဖောက်တဲ့ အပြုအမူတစ်ခုမှ မလုပ်ခဲ့ပါဘူး။ ကျွန်မ ကျမ်းကျိန်ပြောဝံ့ပါတယ်'

ဆာဘရီနာက ခပ်တိုးတိုး တောင်းပန်တော့မှ စမစ်သည် ကြာပွတ်ကို ပြန်ရုတ်လိုက်သည်။

ဤတွင် မိုက်ကယ်က လှမ်း၍

'ဆရာကြီး ခင်ဗျား'

ဟု ပြောလိုက်ရာ စမစ်သည် လှည့်ကြည့်လိုက်သည်။

'ဆရာကြီးခင်ဗျား၊ ကျွန်တော်လည်း ဆာဘရီနာနဲ့ စီဒဗလျူတို့

www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီး တာကိုသိလို့ သူတို့အပေါ် မသင်္ကာတာနဲ့ မျက်ခြည်မပြတ်လိုက်ချောင်းကြည့်ပါတယ်။ သူတို့ ဘာလုပ်လုပ် ကျွန်တော်သိပါတယ်။ ဆာဘာရီနှာက အပြစ်ကင်းတာ အမှန်ပဲ ကျွန်တော် ပြောဝံ့ပါတယ်'

မိုက်ကယ်က ခပ်တည်တည်ပြောလိုက်ရာ စမစ်လည်း လက်ခံဟန်ဖြင့် ခေါင်းညိတ်ပြလိုက်သည်။

'အေး… ဒါလဲ ဟုတ်နိုင်တာပဲ'

ဤသို့ ပြောလိုက်ပြီးမှ စမစ်သည် ဒေါသထွက်လာပြန်ကာ ကြာပွတ်ဖြင့် စားပွဲတစ်ခုပေါ်သို့ ဖြန်းကနဲ တအားလွှဲရိုက်လိုက်သည်။

လီယာက လန့်ပြီးခုန်လိုက်မိပြီး ဆာဘာရီနှာလည်း ထိတ်လန့်တုန်လှုပ်သွားကာ ထထွက်ပြေးရတော့မလို ဖြစ်သွားမိသည်။

မိုက်ကယ်က စမစ်၏ အမူအရာကို နားမလည်သလိုငေးကြည့်နေသည်။

'ဘာပဲဖြစ်ဖြစ် အဘွားကြီးနဲ့ စီဒဗလျူကို တွေ့အောင်ရှာရမယ်။ တွေ့အောင်ရှာကြ'

စမစ်သည် ကျန်လူသုံးယောက်အား အော်ငေါက်အမိန့်ပေးလိုက်လေသည်။

* * *

ရဲချုပ်ပူပွန်သည် ကျေနပ်အားရသော မျက်နှာထားဖြင့် တယ်လီဖုန်းကို ပြန်ချလိုက်ပြီး ဗီလ်ပေါ့ဘက်သို့ လှည့်လိုက်သည်။

'ကိုင်း… ကျုပ်မပြောဘူးလားဗျ။ လွယ်ပါတယ်လေ။ အခု အားလုံး စီစဉ်ပြီးပြီလေ။ အခုချိန်ကစပြီး ငါးမိနစ်အတွင်းမှာ ပထမအရစ်ငွေကို သူတို့ ပေးလိမ့်မယ်။ အခုတောင် ကျုပ်တို့လူတွေက စမစ်ဆီကို တယ်လီဖုန်းနဲ့ လှမ်းဆက်နေပြီ ခင်ဗျ'

ပူပွန်က ပြောလိုက်သည်နှင့် ဗီလ်ပေါ့သည် မော်တော်ယာဉ်ခေါင်မိုးပေါ်၌ ရှိနေသူ ဆိုနီယာအား လှမ်းခေါ်လိုက်သည်။

'ဟေ့ ဆိုနီယာ၊ ရဲချုပ်ကြီးပြောတာ ကြားလား'

'ဟုတ်ကဲ့ ကြားပါတယ်'

'အေး… ဒါဖြင့် အဲဒီအကြောင်းကို စီဒဗလျူဆီကို အလင်းရောင်နဲ့



အချက်ပြပြီး သတင်းပို့လိုက်ပေတော့။ ပြီးတော့ မိုက်ကယ်ဆိုတဲ့လူကို ငါတို့ အဖွဲ့အစည်းက ဝမ်းမြောက်ဝမ်းသာစွာ လက်ခံကြိုဆိုပါတယ်လို့ ထည့်သွင်းသတင်း ပို့လိုက်'

'ဟုတ်ကဲ့ ကောင်းပါပြီ'

ပြောပြောဆိုဆို ဆိုနီယာသည် အချက်ပြ ဆက်သွယ်ရေး လျှပ်စစ်ဓာတ်အားဖြင့် ပြုလုပ်ထားသော မှန်ချပ်ကဲ့သို့ ကိရိယာတစ်ခု၏ ခလုတ်ကို နှိပ်လိုက်ရာ ဝင်းခနဲ အလင်းရောင်ဖြာထွက်လာသည်။

ထိုအလင်းရောင်ကို ပိတ်လိုက်ဖွင့်လိုက်လုပ်၍ လျှို့ဝှက်သင်္ကေတနည်းဖြင့် မျှော်စင်ပေါ်သို့ အချက်ပြသတင်းပို့လိုက်လေသည်။

ရဲချုပ်ပူပွန်သည် ဆက်သွယ်ရေး မော်တော်ယာဉ်ထဲတွင် ထိုင်ကာ ဆေးတံသောက်ရင်း ဗီလ်ပေါ့အား လှမ်းစကားပြောလေသည်။

'စမစ်ဆိုတဲ့ အကောင်က မျှော်စင်ပေါ်က ဘယ်လိုလုပ်ပြီး ကျုပ်တို့ တပ်တွေကို ရှောင်ထွက်ပြေးနိုင်မလဲဆိုတာ ကျုပ်ဖြင့် အခုထိ စဉ်းစားလို့ မရဘူး'

ဗီလ်ပေါ့လည်း ထိုစကားကို လက်ခံဟန်ဖြင့် ခေါင်းညိတ်ပြလိုက်ပြီး သူ၏ဘေးနားရှိ မြို့တော်အင်ဂျင်နီယာအဖွဲ့ဘက်သို့ လှည့်ကြည့်လိုက်ပြန်သည်။

အင်ဂျင်နီယာအဖွဲ့သည် မျှော်စင်ကြီး တည်ဆောက်စဉ်က အသုံးပြုခဲ့သော ဗိသုကာပုံစံ (ဒီဇိုင်း)များ မြေပုံများကို အသေးစိတ် စစ်ဆေးကြည့်နေကြသည်။

'ဒီမယ် ခင်ဗျားတို့ သေသေချာချာကြည့်စမ်းပါ။ မျှော်စင်ကြီး အောက်မှာ ဥမင်လိုဏ်ခေါင်း သို့မဟုတ် မြေအောက်ပိုက်လိုင်းတွေ၊ ရေမြောင်းကြီးတွေ မရှိဘူးလားဗျ။ မျှော်စင်ကနေပြီး ပြင်ဘက်ထွက်နိုင်မယ့် မြေအောက်လမ်း ရှိမရှိရှာကြည့်စမ်းပါအုံး'

ဗီလ်ပေါ့က ပြောလိုက်လျှင် မြို့တော်အင်ဂျင်နီယာက ခေါင်းခါပြလေသည်။

'မျှော်စင်ရဲ့ မြေပုံမှာတော့ အဲဒါမျိုးတွေ ပြမထားဘူးခင်ဗျ။ မရှိလို့ဖြစ်မှာပါ'

ဗီလ်ပေါ့သည် စိတ်ဓာတ်ကျသွားသလို ဖြစ်သွားစဉ် ရဲချုပ်ပူပွန်က သူ၏ ထင်မြင်ချက်ကို ဝင်ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'**စမစ်တို့ဆီမှာ** ဟယ်လီကော့ပ်တာ တစ်စင်း ရှိတယ်ဆိုတာ ကျုပ်တို့ သိထားတယ်မဟုတ်လား။ ဒါပေမယ့် ဟယ်လီကော့ပ်တာက မျှော်စင်နားလာလို့ မရဘူး။ ကျုပ်တို့ရဲ့ ပြင်သစ်လေတပ်က ပစ်ချလိုက်မှာ သေချာတယ်'

'မျှော်စင်ပေါ်မှာ ဆင်ထားတဲ့ လေဆာသေနတ်တွေကိုလည်း မမေ့နဲ့ဦး။ ခင်ဗျားတို့လေတပ်က လေယာဉ်တွေလည်း မျှော်စင်နားကို ကပ်ပျံလာတာနဲ့ လေဆာသေနတ်လက်ချက်နဲ့ ချက်ချင်း ပြာဖြစ်ကုန်လိမ့်မယ်။ နေဦးဗျို့။ ကျုပ် စဉ်းစားမိပြီ။ စမစ်က သူ့ရဲ့အိမ်ကြီးမှာ ဟယ်လီကော့ပ်တာတစ်စင်း အသင့်ထားတယ်လို့ ဆိုတယ်မဟုတ်လား။ ဒီတော့ အဲဒီ ရဟတ်ယာဉ်မောင်းတဲ့ ပိုင်းလော့က စမစ်ကို ဘယ်နေရာမှာလာပြီး တင်ခေါ်ရမယ်ဆိုတာ သိရမယ် မဟုတ်လား၊ သူတို့အချင်းချင်း ကြိုတင်စီစဉ်ထားရမှာပေါ့'

ဗီလ်ပေါ့၏စကားကို ရဲချုပ်ပူပွန်သည် စိတ်ဝင်စားလာမိလေသည်။

'ဟုတ်တယ်ဗျို့၊ ကျုပ် အခုမှ သဘောပေါက်တယ်'

'အေး··· သဘောပေါက်ရင် ကျုပ်တို့ အမြန်ဆုံး လှုပ်ရှားဖို့ လိုလာပြီ။ စမစ်ရဲ့ ရာတိုအိမ်ကြီးနေရာကို ခင်ဗျားတို့သိတယ် မဟုတ်လား။ အဲဒီ အိမ်ကို အခုချက်ချင်း ခင်ဗျားတို့ရဲ့ တပ်ရော၊ စစ်တပ်ပါဝိုင်းပြီး အတင်းစီးဖို့သာ အမြန်စီစဉ်ပေတော့။ အရေးကြီးဆုံးက ဟယ်လီကော့ပ်တာ မောင်းတဲ့ ပိုင်းလော့ကို မိဖို့ပဲ။ ဖမ်းမိရင် အဲဒီကောင်ကို ဖမ်းစစ်လိုက်တာနဲ့ စမစ်နဲ့ ချိန်းထားတဲ့ နေရာကို ကျုပ် သိရမယ် မဟုတ်ဘူးလား'

'ဟုတ်ပါတယ်ဗျာ။ ကိုင်း ကျုပ် အခုချက်ချင်းပဲ သက်ဆိုင်ရာကို ပြောလိုက်ပါ့မယ်'

* * *

ပေအီသည် စားသောက်ခန်းတွင်းရှိ တယ်လီဖုန်းနားတွင် တာဝန်ယူစောင့်နေခိုက် တယ်လီဖုန်း ခေါင်းလောင်းသံ မြည်လာသဖြင့် စကားပြောခွက်ကို ကောက်ကိုင်လိုက်သည်။

'ဟဲလို ဘယ်သူပါလဲ၊ ဩော်··· ဟုတ်ကဲ့၊ ခဏလေးစောင့်ပါ။ မစ္စတာစမစ်ကို အကြောင်းကြားပေးပါမယ်'

ပေအီသည် ဝမ်းသာရွှင်လန်းသော မျက်နှာထားဖြင့် အခန်းပြင်ဘက် ပြေးထွက်လာရာ တစ်ဘက်မှလျှောက်လာသူ စမစ်နှင့် တွေ့သဖြင့် ချက်ချင်း သတင်းပို့ အစီရင်ခံလေသည်။



'ဆရာကြီးခင်ဗျား၊ ပြင်သစ်အစိုးရဘက်က တယ်လီဖုန်းနဲ့ အကြောင်းကြားပါတယ်၊ တောင်းထားတဲ့ငွေရဲ့ ပထမအရစ် ဒေါ်လာသိန်း (၁၅၀)ကို ပို့လွှတ်လိုက်ပါပြီတဲ့'

'ဟေ ဟုတ်လား'

စမစ်၏မျက်နှာသည် ချက်ချင်း ရွှင်လန်းသွားသည်။ ထို့နောက် သူ၏ ဘေးနားရှိ ဂိုဏ်းသားတစ်ဦးအား လှမ်း၍ အမိန့်ပေးလိုက်သည်။

'ဟေ့ ဆလိုက်မီးမောင်းကြီးတစ်ခုကို မျှော်စင်ရဲ့ ရှေ့တည့်တည့် ဝင်ပေါက်နားကို ချိန်ထိုးထားလိုက်စမ်း။ ပြီးတော့ တို့အဖွဲ့သား ကွန်မန်ဒိုနှစ်ယောက်ကို ငွေလက်ခံယူဖို့ လွှတ်လိုက်'

ဤသို့ပြောပြီးမှ သတင်းလာပို့သူ ပေအီဘက်လှည့်၍

'ဟေ့··· ဒီမယ် နောက်ဆုံးကျတော့ ပြင်သစ်အစိုးရလည်း အလျှော့ပေးလာရပြီမဲ့ဟုတ်လား။ ငါတို့ရဲ့ စစ်ဆင်ရေးက အောင်မြင်တော့မှာကွ။ ငွေသာရရင် ငါတို့အနေနဲ့ အဘွားကြီး မစ္စက်ဗိုလာ ပျောက်နေတာကို ဂရုစိုက်စရာ မလိုတော့ဘူး'

ဟု ပြောလိုက်သည်။

* * *

မျှော်စင်ကြီး၏ပြင်ဘက် အန္တရာယ်စက်ဝိုင်းအဖြစ် သတ်မှတ်ထားသော သံဆူးကြိုး ကာရံထားသည့် နေရာဆီသို့ ပြင်သစ်စစ်တပ်မှ သံချပ်ကာ (အားမတ်) ကားကြီးတစ်စင်းသည် ရှေ့မီးလုံးများဖွင့်လျက် ချဉ်းကပ်လာလေသည်။

သံဆူးကြိုးဝိုင်းအနီးသို့ရောက်လျှင် စစ်ကားသည် ရပ်တန့်သွားပြီး ကား၏ရှေ့ခန်းမှ လိုက်ပါလာသူ လက်ဖ်တင်နင် (ဗိုလ်)က တစ်စုံတစ်ရာ အမိန့်ပေးလိုက်ရာ ကား၏နောက်ပိုင်းမှ 'လေထီးတပ်သား' ယူနီဖောင်းဝတ် စစ်သားရှစ်ယောက်တို့သည် လျင်မြန်သွက်လက်စွာ ခုန်ဆင်းလိုက်ကြသည်။

ထို့နောက် ကားပေါ်မှ သတ္တု (အလူမီနန်)သေတ္တာကြီးလေးလုံးကို ဆွဲချ လိုက်ကြသည်။

ထိုအချိန်၌ မျှော်စင်ပေါ်မှ လျှပ်စစ်မီးမောင်းကြီး၏ အလင်းရောင်သည် ထိန်လင်းစွာ ပေါ်ထွက်လာကာ ပြင်သစ် လေထီးတပ်သားများကို သာမက မျှော်စင်အောက်ဘက်ဆီမှ ထွက်လာသော မျက်နှာဖုံးနှင့် ခေါင်းစွပ်

www.burmeseclassic.com

www.burmeseclassic.com



တပ် လူနှစ်ယောက်ကိုပါ ထင်ရှားစွာ မြင်နေရလေသည်။

ဤတွင် လေထီးတပ်သားများက မိမိတို့၏ သေနတ်များကို အဆင်သင့် ကိုင်ထားလိုက်သည်။ သူတို့သည် တိုက်ပွဲအတွေ့အကြုံဝါရင့်သော ပြင်သစ် စစ်တပ်မှ လက်ရွေးစင် တပ်သားများဖြစ်၍ ရန်သူနှင့် ရင်ဆိုင်ရာတွင် အလွန် လက်မြန်သူများဖြစ်ကြသည်။

မျှော်စင်အောက်မှ ထွက်လာသူနှစ်ယောက်၏ ရင်ဘတ်တွင် လေဆာ သေနတ်ရန် ကာကွယ်သည့် သတ္တုကိရိယာများ တပ်ဆင်ထားလေသည်။ သူတို့တွင် 'ဝေါကီ…တော်ကီ' ရေဒီယိုစက်ငယ်လည်း ပါလာသည်။

သူတို့နှစ်ယောက် ရုတ်တရက် ရပ်လိုက်စဉ် မျှော်စင်ပေါ်မှ မှန်မြောင်းဖြင့် တောက်လျှောက် လှမ်းကြည့်နေသူ စမစ်က သူ၏ ဝေါကီတော်ကီ ရေဒီယိုစက်ဖြင့် အမိန့်တစ်စုံတစ်ရာ ပေးလိုက်သည်။

မျက်နှာဖုံးတပ်ထားသူ နှစ်ယောက်အနက် တစ်ယောက်က မျှော်စင်၏ အန္တရာယ်စက်ဝိုင်းမှ နှစ်ပေခန့်သာကွာသော နေရာသို့ တိုးလာပြီး စစ်သားများအား လှမ်းစကားပြောလေသည်။

''မစ္စတာစမစ်က ညွှန်ကြားပါတယ်။ ငွေသေတ္တာတွေကို မျဉ်းသားထားတဲ့ စက်ဝိုင်းနဲ့ထိအောင် တိုးပေးပါတဲ့''

ထိုအခါ ပြင်သစ်လေထီးတပ် ဗိုလ်ကလည်း ခပ်တည်တည်နှင့်

''ကျုပ်တို့ဘက်က အမိန့်ကလည်း ငွေသေတ္တာတွေ အခုရှိနေရာမှာပဲ ထားရမယ်တဲ့။ ခင်ဗျားတို့ လာချင်ရင် ဒီမှာ လာယူရလိမ့်မယ်'

ဟု ပြန်ပြောလိုက်သည်။

မျက်နှာဖုံးနှင့် ခေါင်းစွပ်တပ်ထားသူ ကွန်မန်ဒိုသည် ငွေသေတ္တာများ ရှိရာသို့ လှမ်းကြည့်လိုက်သည်။

ပြင်ဘက် လေထီးတပ်သား ရှစ်ဦးစလုံးက မောင်းပြန်သေနတ်ကိုယ်စီ ကိုင်ထားသည့်ပြင် စည်းကျော်လာပါက အဆင်သင့်ပစ်ခတ်ရန် လက်ယားနေသူများ ဖြစ်ကြကြောင်းကို စမစ်၏ဂိုဏ်းသား ကွန်မန်ဒိုကလည်း ရိပ်မိပုံရသည်။ ထို့ကြောင့် သူသည် ကျန်အဖော်တစ်ယောက်ရှိရာသို့ ပြန်ဆုတ်သွားကာ နှစ်ယောက်သာ တီးတိုးတိုင်ပင်ပြီးနောက် သူတို့ဆရာကြီး စမစ်ထံ ရေဒီယိုဖြင့် ဆက်သွယ်ပြန်သည်။



ထို့နောက် မျဉ်းသားထားသော စည်ဝိုင်းအနီးသို့ ပြန်လျှောက်လာပြီး လေသံခပ်တင်းတင်းဖြင့် စစ်သားများအား လှမ်းပြောပြန်သည်။

'ကျုပ်တို့ဆရာကြီး မစ္စတာစမစ်က ပြောတယ်။ ခင်ဗျားတို့ကိုယ်တိုင် ငွေသေတ္တာတွေကို စည်းဝိုင်းပေါ်ရောက်အောင် လာချပေးပါတဲ့။ တကယ်လို့ ခင်ဗျားတို့ ငြင်းဆန်ရင်တော့ နောက်ပိုင်းဖြစ်လာတာတွေကို သူ တာဝန်မယူနိုင်ဘူးတဲ့'

ပြင်သစ်လေထီးတပ် ဗိုလ်ကလည်း အလျှော့ပေးချင်ပုံ မရဘဲ ခေါင်းခါပြလိုက်သည်။

'ကျုပ်က မစ္စတာစမစ် အမိန့်ပေးတာကို နာခံမယ့်လူ မဟုတ်ဘူး။ ကျုပ်ကို အမိန့်ပေးနိုင်တာ ပြင်သစ်တပ်မတော်က ဗိုလ်ချုပ်ကြီး ဂျိူဘတ်သာ ဖြစ်တယ်။ သူ့အမိန့်ကိုမှ ကျုပ်က လိုက်နာနိုင်မယ်'

'ဒီလို ဘယ်ဟုတ်မလဲ ကိုယ့်လူ။ မောင်ရင်က မစ္စတာစမစ် ညွှန်ကြားတဲ့အတိုင်း လိုက်လုပ်ရလိမ့်မယ်'

သူ၏နောက်မှ တစ်စုံတစ်ယောက်က လှမ်းပြောလိုက်သဖြင့် လက်ဖ်တင်နင်(ဗိုလ်)သည် ပြန်လှည့်ကြည့်မိရာ ပြောသူမှာ ယူနာကို ထောက်လှမ်းရေးအဖွဲ့ အကြီးအကဲ ဖီလ်ပေ့ါဖြစ်နေလေသည်။

စစ်ဗိုလ်ကလေးမှာ အံ့အားသင့်နေစဉ် ဖီလ်ပေ့ါကပင် ဆက်လက် အမိန့်ပေးလိုက်သည်။

'ငွေသေတ္တာကို စက်ဝိုင်းမျဉ်းပေါ် တင်လိုက်ပါ'

ဤသို့ပြောပြီးမှ သူ့ကိုယ်သူ မိတ်ဆက်ရင်း တာဝန်ကိုပါ ရှင်းပြလေသည်။

'ကျုပ်နာမည်က ဖီလ်ပေ့ါလို့ ခေါ်တယ်။ အခုကိစ္စမှာ ကျုပ်ကသာ ဦးဆောင်ကွပ်ကဲဖို့ ပြင်သစ် သမ္မတကြီးဆီက အနီရောင် ဦးစားပေးအဆင့်နဲ့ ခွင့်ပြုချက်ရရှိထားပြီး ဖြစ်တယ်။ မောင်ရင်တို့ရဲ့ ဗိုလ်ချုပ်ကြီး ဂျိူဘတ်ကိုလည်း ကျုပ်ပြောထားပြီးပြီ။ ကျုပ်က သူ့ရဲ့အကူအညီ လိုမှ ပြောပါမယ်လို့။ အခုတော့ သူဟာ ကျုပ်ကိုမတိုင်ပင်ဘဲ သူ့သဘောနဲ့သူ လုပ်ခဲ့တာ။ ဒါကို ဆိုင်ရာကို တိုင်ကြားပြီး အရေးယူရမယ်။ ကိုင်း…သေတ္တာတွေကိုသာ မြန်မြန်ရွှေ့ခိုင်းပါ'

ဖီလ်ပေ့ါက မျက်နှာထား တည်တည်ဖြင့် ပြောလိုက်သည့်လေသံက

www.burmeseclassic.com

www.burmeseclassic.com



လည်း တကယ့် အာဏာရှိသူ တစ်ယောက်က အမိန့်ပေးသလိုဖြစ်နေရာ လေထီးတပ်ဗိုလ်ကလေးသည် ရုတ်တရက် ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားလေသည်။

ဖီလ်ပေါ့ဆိုသူ ထိပ်ပြောင်ပြောင်နှင့် အမေရိကန်ကြီးကိုလည်း ပြန်မပြောဝံ့သဖြင့် သံချပ်ကာ (အားမတ်)ကားဆီသို့ လျှောက်သွားပြီး သူတို့၏ တပ်ရင်းမှူးထံ ရေဒီယိုစက်ဖြင့် ဆက်သွယ်အမိန့်တောင်းကြည့်လေသည်။

ခဏမျှအကြာတွင် သူသည် ကျိုးနွံစွာဖြင့် ဖီလ်ပေါ့ထံသို့ ပြန်လျှောက်လာသည်။

'ဟုတ်ကဲ့ ခင်ဗျာ၊ လူကြီးမင်း ပြောတဲ့အတိုင်း ဖြစ်စေရပါမယ်'

ဤသို့ပြောပြီး သူ၏တပ်သားများအား လှမ်းအမိန့်ပေးလိုက်ရာ ဗလကောင်းကောင်း လေထီးတပ်သားနှစ်ဦးက သေတ္တာများကို စည်းဝိုင်းမျဉ်းပေါ်သို့ ပြောင်းရွှေ့ပို့ပေးလိုက်သည်။

ဤတွင် ဖီလ်ပေါ့က မျက်နှာဖုံးစွပ်နှင့် ကွန်မန်ဒိုနှစ်ဦးအား လှမ်း၍

'ဟေ့… မင်းတို့နှစ်ယောက်က သေတ္တာတွေ ယူသွားတော့'

ဟု အမိန့်ပေးလိုက်ပြန်သည်။

ကွန်မန်ဒိုနှစ်ဦးလည်း ပြုံး၍ ရှေ့သို့ တိုးလာပြီး တစ်ယောက်လျှင် သေတ္တာနှစ်လုံးစီဆွဲ၍ မျှော်စင်ခြေဘက်သို့ ပြန်လျှောက်သွားကြလေသည်။

သူတို့သည် စမစ်ရှိရာ မျှော်စင် စားသောက်ခန်းကို တက်သွားပြီး သတင်းပို့ကြချိန်တွင် ဒေါ်လာငွေ သိန်း ၁၅၀ကို အကြမ်းရေတွက်ရန် လူများ အဆင်သင့် စုထားပြီးဖြစ်နေသည်။

စမစ်သည် သူ၏ဂိုဏ်းသား ကွန်မန်ဒိုနှစ်ဦး၏ သတင်းပို့ချက်ကို သေချာစွာ နားထောင်လိုက်ပြီးမှ

'ဟေ့… မင်းတို့ပြောတဲ့ အာဏာသံပါပါနဲ့ အမိန့်ပေးသလို စကားပြောတဲ့ ဖီလ်ပေါ့ဆိုတဲ့လူရဲ့ ပုံသဏ္ဌာန်ကို ပြောပြစမ်း၊ အသေးစိတ်ပြောကြ'

ဟု အမိန့်ပေးလိုက်သည်။

ဂိုဏ်းသားနှစ်ဦးက ဖီလ်ပေါ့၏ ပုံသဏ္ဌာန်ကို ပြောပြသောအခါ စမစ်သည် လီယာအားခေါ်ယူ၍ မိမိတို့ ရာတိုအိမ်ကြီးသို့ ရေဒီယိုဖြင့် ဆက်သွယ်ခိုင်းလာသည်။



အိမ်ကြီးတွင်ရှိသော ကွန်ပျူတာစက်ဖြင့် ဖီလ်ပေါ့ဆိုသူနှင့်တကွ သူ၏အဖွဲ့အစည်း သို့မဟုတ် အစိုးရဌာနအကြောင်းကို အမြန်တွက်ချက် ရှာဖွေခိုင်းလိုက်သည်။

ငါးမိနစ်အတွင်း ကွန်ပျူတာစက်၏ တွက်ချက် ဖော်ပြချက်များ ပြန် ရောက်လာသဖြင့် စမစ်သည် မှတ်တမ်းစာရွက်ကို ကြည့်ပြီး အံ့သြနေမိလေသည်။

'ဟင်… ယူနာကိုအဖွဲ့ ဆိုပါကလား။ ငါတို့သိတဲ့ စီအိုင်အေ၊ အက်ဖ်ဘီအိုင်၊ အင်တာပိုလ် ထောက်လှမ်းရေးအဖွဲ့ တစ်ခုခုမဟုတ်ဘဲ တို့ မကြားဖူးတဲ့ နာမည်နဲ့ အဖွဲ့ဖြစ်နေတယ်။ တာဝန်ခံ ဖီလ်ပေါ့ဆိုတာကလည်း စစ်ဗိုလ်လည်း မဟုတ်။ စုံထောက်လည်း မဟုတ်။ တက္ကသိုလ် ပါမောက္ခတစ်ဦး ဆိုပါကလား။ ပိုပြီး အံ့သြစရာက ဖီလ်ပေါ့က ငါတို့ထက် စီဒဗလျူကို ငွေ ပိုပေးပြီး သူ့ဘက်သား လုပ်ခိုင်းထားတယ်ဆိုတဲ့ အချက်ပဲ။ ဘာပဲဖြစ်ဖြစ် ဖီလ်ပေါ့ဆိုသူ ဦးစီးတဲ့အဖွဲ့ကို ငါ့အနေနဲ့ ဘာဖြစ်လို့ ကြောက်ရမှာလဲ။ အခုလို အဖြစ်မှန်သိရတော့ ပိုပြီးတောင် စိုးရိမ်စရာ မရှိသေးတယ်'

သူ့ကိုယ်သူ ပြောသလို ရေရွတ်ရာမှ စမစ်သည် အားရပါးရ ရယ်မောလိုက်သည်။ သူ၏စိတ်များ ပေါ့ပါးသွားသည့်ဟန်မျိုး ဖြစ်သည်။

'ဟား…ဟား…ဟား ရယ်ဖို့ကောင်းလှသကွာ။ ဖီလ်ပေါ့လို ထိပ်ပြောင် ပါမောက္ခတစ်ယောက် ဦးစီးတဲ့အဖွဲ့ကို ငါက ကြောက်ရမယ်လို့'

ပြောရင်းနှင့် စမစ်သည် သူ၏အချစ်တော် လီယာအား ဖမ်းဆွဲပွေ့ဖက်လိုက်သည်။

'ဟေ့… လီယာ၊ ဘာမှ ပူစရာမလိုတော့ဘူး။ ဒါကြောင့် မင်းနဲ့ငါ အတူအပန်းဖြေကြမယ်'

လီယာ၏ လှပပြည့်ဖြိုးသော ကိုယ်လုံးကို အစိမ့်ပွာယ်ပါပါ ကြည့်ရင်း ပြောလိုက်သည်။

'ဟုတ်ကဲ့ရှင့်၊ ဒါပေမယ့် အရင်ဆုံး ယမကာ တစ်ခွက်စီသောက်ကြရရင် မကောင်းဘူးလား ဆရာကြီး'

'အေး… ကောင်းတယ်ဟေ့။ ငါတို့အားလုံး သောက်ဖို့ ရှန်ပိန်အရက် တစ်ပုလင်း ယူခဲ့စမ်း'

www.burmeseclassic.com

www.burmeseclassic.com



စမစ်က ဂိုဏ်းသား လူငယ်တစ်ဦးအား လှမ်းအမိန့်ပေးလိုက်ချိန်တွင် မိုက်ကယ်က မလှမ်းမကမ်းရှိ ဆာဘရီနာအား ပြုံး၍ မျက်စိတစ်ဖက် မှိတ်ပြလိုက်လေသည်။

* * *

စီဒဗလျူသည် ဗီအိုင်ပီအခန်း၏ ပြတင်းပေါက်ပြင်ဘက် ဘောင်တွင် အသာဝပ်နေလေသည်။ ဘေးပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ပြီးနောက် အဆင်သင့်ရှိနေသော နိုင်လွန်ကြိုးကို ဖမ်းဆွဲယူလိုက်သည်။

ထို့နောက် ကြိုးကို အခန်းထဲဆွဲသွင်း၍ သူ့ကိုယ်တွင် တောင်တက်သမားများ လုပ်နည်းဖြင့် ပတ်ချည်လိုက်သည်။

အဘွားကြီး မစ္စက်ဂိုလာသည် စိတ်ဝင်စားသလို ကြည့်နေရာ စီဒဗလျူက

'ကျွန်တော်တို့ ဒီအခန်းထဲမှာ ပိတ်မိနေတယ်။ ကျွန်တော်က ပြင်ဘက်ရောက်အောင် ထွက်ချင်တယ်'

ဟု ပြောလိုက်သည်။

'အေး ငါလည်း မောင်ရင့်လိုပဲ ထွက်ချင်တာပေါ့ကွဲ့'

'ကောင်းပါပြီ။ ဒါထက် ခင်ဗျားအနေနဲ့ တိုက်မြင့်မြင့်ပေါ်ရောက်ရင် ကြောက်တတ်သလား'

'ဟာ… ကြောက်တာပေါ့။ အမြင့်ကနေပြီး အောက်ကို ငုံ့မကြည့်ဝံ့ဘူး'

'ဟုတ်လား… ဒါဖြင့် ကျေးဇူးပြုပြီး မျက်စိသာ စုံမှိတ်ထားလိုက်ပေတော့'

* * *

စားသောက်ခန်းအတွင်း၌ စမစ်၏ အဖွဲ့သားများသည် ဒေါ်လာငွေစက္ကူတွေကို လျှင်မြန်စွာ ရေတွက်နေကြလေသည်။

ဂိုဏ်းသားများအနက်မှ နှစ်ဦးက တစ်ချိန်က ဘဏ်တိုက်တွင် ငွေကိုင်စာရေး လုပ်ဖူးသူဖြစ်၍ အလွန်ကျင်လည် ဖျတ်လတ်စွာ ရေတွက်နိုင်ပေသည်။ ငွေစက္ကူတွေက ဒေါ်လာတစ်ဆယ်တန်မှ တစ်ရာတန်၊ တစ်ထောင်တန်များအထိ ပါဝင်လေသည်။



ထိုအချိန်၌ စမစ်နှင့် လီယာတို့သည် ဗီအိုင်ပီအခန်းနှင့် ကပ်လျက်အခန်းထဲတွင် နှစ်ယောက်တည်း လွတ်လပ်စွာ နှစ်ပါးသွားဇာတ် ခင်းနေကြလေသည်။

မိုက်ကယ်နှင့် ဆာဘရီနာတို့က ငွေစက္ကူရေတွက်နေသူများ၏ အနီးတွင် ရပ်ကြည့်နေကြလေသည်။

ဆာဘရီနာသည် ငွေစက္ကူတွေကို သွားရည်ကျသလို ကြည့်နေရာမှ အခန်းပြင်ဘက် မှတင်းပေါက်နားဆီမှ လှုပ်ရှားမှုတစ်ခုကို တစေ့တစောင်း မြင်လိုက်မိရာ ချက်ချင်းပင် မိုက်ကယ်အား အသာလက်တို့ပြီး ညွှန်ပြလိုက်သည်။

သူတို့ နှစ်ယောက်စလုံး မြင်ရသည့် မြင်ကွင်းကား စီဒဗလျူသည် မစ္စက်ဂိုလာကို နောက်ကျောတွင်ပိုးလျက် ကြိုးဖြင့် ဖြည်းဖြည်းချင်း တွယ်ဆင်းနေခြင်းပင်ဖြစ်သည်။

လူနှစ်ယောက်၏ အလေးချိန်ဒဏ်ဖြင့် ကြိုးကို လက်ဖြင့် တွယ်ရင်း ခဲခဲယဉ်းယဉ်း ဆင်းရသောကြောင့် စီဒဗလျူမှာ အတော်ပင် မောဟိုက်နေပုံရလေသည်။

အရေးထဲ တစ်နေရာတွင် မျှော်စင်ပြင်ဘက် နံရံမှ သံချိတ်တစ်ခုက သူ၏ဂျာကင်အင်္ကျီကိုငြိကာ စုတ်ပြဲသွားစေလေသည်။ ပို၍ ဆိုးပုံကား အင်္ကျီစုတ်ပြဲပြီး ပြုတ်ကျကျန်ရာတွင် လေဆာသေနတ် အန္တရာယ်ကာကွယ်သည့် သတ္တုပြားသည် ပြုတ်ထွက်ပြီး အောက်သို့ လွင့်ကျသွားခြင်းပင် ဖြစ်လေသည်။

ယခုဆိုလျှင် စီဒဗလျူသည် အချိန်မရွေး လေဆာသေနတ်၏ ရောင်ခြည်တွင်မိပါက မည်သည့်အကာအကွယ်မှ မရှိတော့ချေ။

သို့သော် မစ္စက်ဂိုလာ၏ရင်ဘတ်တွင်ကား **စမစ်၏ဂိုဏ်းသား** ကလော်ဒီ၏ သတ္တုပြား တပ်ဆင်ထားလျက်ရှိနေ၍ တော်သေးသည်ဟု ဆိုရပေမည်။

* * *

ပြင်သစ်နိုင်ငံ ရဲချုပ်ပူပွန်သည် တယ်လီဖုန်းစကားပြောခွက် ပြန်ချ လိုက်ပြီးနောက် ကျေနပ်အားရဟန်ဖြင့် ဖိလ်ပေါ့ဘက်သို့ လှည့်၍ပြုံးလိုက်သည်။

'ဘယ်နှယ့်လဲ မိတ်ဆွေကြီး၊ ခင်ဗျားတို့ ကျုပ်တို့ ဆိုချင်နေတဲ့

www.burmeseclassic.com

www.burmeseclassic.com



အက်ရှင် (လှုပ်ရှားမှု)က အခုစပြီလေဗျာ'

သို့သော် ဖီလ်ပေါ့သည် ဦးခေါင်းငိုက်စိုက်ကျလျက် ခေတ္တမှိန်းနေရာမှ အိပ်ပျော်နေသဖြင့် ပူပွန်၏စကားကို ကြားလည်းမကြား ပြန်ဖြေခြင်းလည်း မပြုချေ။

ပူပွန်သည် မချင့်မရဲဖြစ်လာကာ ဖီလ်ပေါ့၏ ပခုံးကို ကိုင်လှုပ်၍ နှိုးလိုက်သည်။

သည်တော့မှ ဖီလ်ပေါ့လည်း ရုတ်တရက် လန့်နိုးလာပြီး အိပ်ချင်သေးဟန်ဖြင့် ဝါးခနဲ သန်းလိုက်သည်။

'အရေးထဲကျမှ အိပ်လို့ ကောင်းလာတာ။ ဘယ်လိုလဲ ရဲချုပ်ကြီး သတင်းထူးလို့လား'

ဖီလ်ပေါ့က မေးသည်တွင် ရဲချုပ်ပူပွန်က ဝမ်းသာအားရ ဖြစ်ဟန်နှင့် ပြန်ပြောလေသည်။

'သတင်းထူးတာပေါ့ဗျ။ ကျုပ်တို့ပြင်သစ်စစ်တပ်က လေထီးတပ်သား တစ်ရာကို ခင်ဗျားလူစမစ်ရဲ့ ရှာတိုအိမ်ကြီးထဲ လေထီးနဲ့ ချပေးပြီး ဝင်စီးစေခဲ့တယ်။ နည်းနည်းပါးပါး ခုခံပစ်ခတ်တာရှိပေမယ့် မပြောပလောက်ပါဘူး။ နာရီဝက်အတွင်း ကျုပ်တို့တပ်သားတွေက အိမ်ကြီးကို သိမ်းပိုက်နိုင်ခဲ့တယ်။ အခု ကျုပ်တို့ လက်ထဲမှာရှိနေပြီ'

ဖီလ်ပေါ့လည်း ယခုမှ မျက်လုံးကျယ်လာဟန်ဖြင့် ထိုင်ရာမှ ထလိုက်သည်။

'ဟုတ်လား၊ ကောင်းတယ်ဗျို့ သိပ်ကောင်းတယ်။ ဒီလိုမှပေါ့ဗျ။ ဒါထက် စမစ်ရဲ့ ဟယ်လီကော့ပတာ မောင်းတဲ့ပိုင်းလော့ကို ခင်ဗျားတို့ လူတွေက ဖမ်းမိရဲ့လား'

ရဲချုပ်ပူပွန်က ခေါင်းညိတ်ပြလိုက်သော် ဖီလ်ပေါ့သည် ချက်ချင်းအားရကျေနပ်သွားလျက်

'ဟုတ်လား၊ ဒီလူကိုစစ်တော့ ဘာပြောသလဲ'

ဟု ဆက်မေးလိုက်သည်။

'စစ်မေးကြည့်ပြီးပါပြီ။ ပိုင်းလော့ရဲ့ ထွက်ချက်ကတော့ ဒီလူ ဟယ်လီ ကော့ပတာနဲ့ သူတို့ဆရာကြီးစမစ်ကို ပဲရစ်မြို့နားက စိန်းမြစ်တစ်နေရာမှာ လာပြီး သယ်ဆောင်ဖို့ ညွှန်ကြားချက်ရှိသတဲ့'



ထိုစကားကိုကြားလျှင် ဖီလ်ပေါ့သည် အံ့အားသင့်သွားမိသည်။

'ဟာဗျာ စိန်းမြစ်ထဲမှာ လာပြီးခေါ်ဖို့ ချိန်းထားတယ်ဆိုတာ ဟုတ်နိုင်ပါ့မလား။ ကောင်းပြီ၊ မြစ်ထဲ ဘယ်နားဆီမှာလဲဆိုတာ ဆက်မေးမကြည့်ဘူးလား'

'မေးကြည့်ပါတယ်။ ပိုင်းလော့က ပြောပြတော့ မျှော်စင်ကြီးနဲ့ တည့်တည့် မြစ်ကမ်းပဲတဲ့၊ နော်တာဒမ်ဘုရားရှိခိုးကျောင်းနဲ့ လစ်ဘာတီကျောက်ရုပ်အကြား တစ်မိုင်ခွဲသာသာရှိတဲ့ ဧရိယာအတွင်း ဆိုပါတော့'

ပူပွန်က ဆက်ရှင်းပြသော်လည်း ဖီလ်ပေါ့သည် ကျေနပ်ပုံ မရချေ။

'စမစ်က မျှော်စင်ပေါ်ကနေပြီး မြစ်ကမ်းရောက်အောင် ဘယ်လိုလုပ်ပြီး သွားနိုင်မှာလဲ။ ဒီကနေ မြစ်ကမ်းအထိ ပတ်ဝန်းကျင်က အကာအကွယ်ယူစရာမရှိတဲ့ လွင်တီးခေါင် ဖြစ်နေတယ် မဟုတ်လား။ မျှော်စင်ပေါ်က လေဆာသေနတ်တွေရဲ့ အကာအကွယ်နဲ့ ထွက်မယ်ဆိုရင်လည်း အန္တရာယ်စက်ဝိုင်းကျော်သွားတာနဲ့ စစ်တပ်နဲ့ရဲက သူတို့ကို အလွယ်တကူ ပစ်ခတ်နိုင်တာပဲ။ မျှော်စင်ကထွက်ဖို့ မြေအောက်ဥမင်လိုဏ်ခေါင်းလည်း မရှိဘူးဆိုတော့ ဘယ်ပုံဘယ်နည်း ထွက်ပြေးမယ်ဆိုတာ ကျုပ်ဖြင့် စဉ်းစားလို့ မရဘူး'

'ဒါကတော့ စဉ်းစားလို့ မရရင်လည်း မစဉ်းစားဘဲ စောင့်ကြည့်ကြရုံပေါ့ဗျ။ ဒီမယ် မိတ်ဆွေကြီး၊ ကျုပ်တို့မှာ လောလောဆယ် စဉ်းစားစရာအရေးကြီးတဲ့ ကိစ္စတွေ ရှိနေသေးတယ်။ ပြီးတော့ ခင်ဗျားရဲ့ လူဆိုတာလည်း ရှိသေးတယ်။ ဒီလူ အသက်ရှင်နေသေးတယ် ဆိုရင်ပေါ့လေ။ ဒါတွေက လက်ငင်း စဉ်းစားကြရမယ် မဟုတ်လား'

ရဲချုပ် ပူပွန်က ပြောလိုက်မှ ဖီလ်ပေါ့သည် သူ၏စိတ်သည် စမစ်အပေါ် ဒေါသထွက်နေခြင်းက လွှမ်းမိုးနေကြောင်း သတိရမိလေသည်။

'ဟုတ်တယ်၊ ကျုပ်လူ စီဒဗလျူဆီက အဆက်အသွယ်မရတာ နာရီဝက်ရှိသွားပြီ ဘာတွေများ ဖြစ်နေပါလိမ့်'

* * *

စီဒဗလျူသည် အဘွားကြီး မစ္စက်ဗိုလာကို ကျောတွင်ပိုးလျက်ကြိုးဖြင့် တဖြည်းဖြည်း တွယ်ဆင်းသွားရာ ကြိုးစ ဆုံးသွားသောအခါ အံ့အားသင့်သွားမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အောက်သို့ ငုံ့ကြည့်လိုက်လျှင် သူတို့သည် မြေပြင်မှ ပေလေးဆယ်ခန့် မြင့်သောနေရာတွင် ရောက်နေသည်။ အဘွားကြီးတစ်ဘက်နှင့် ယင်းနေရာမှ မြေပြင်ရောက်အောင် မည်သို့ဆင်းရပါမည်နည်း။ ကြာရှည်စဉ်းစားချိန်ဆနေ၍လည်း မဖြစ်သောကြောင့် စီဒဗလျူသည် သူ၏ပင်ကိုစွမ်းရည်ကိုပင် အသုံးချတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

'ကိုင်း… အန်တီကြီး၊ ကျွန်တော့်လည်ပင်းကိုသာ မြဲမြဲဖက်ကိုင်ထားပေတော့၊ ကြိုးစက ကုန်သွားလို့ မတတ်နိုင်တော့ဘူး။ ဖြစ်တဲ့နည်းနဲ့ ဆက်ဆင်းရပါမယ်။ ဘာမှ မကြောက်နဲ့နော်။ ကျွန်တော်က ဘားကျွမ်းသမားတွေလို ဟိုခုန်သည်တွယ်နဲ့ ကြံဖန်ဆင်းသွားမယ်။ မြဲမြဲသာ တွယ်ထားပါ။ ဘာမှ မဖြစ်စေရပါဘူး'

ပြောပြောဆိုဆို စီဒဗလျူသည် ကြိုးစကိုလွှတ်ပြီး လွှားခနဲ တစ်ဘက်ရှိ သံဘောင်ကြီးတစ်ခုဆီသို့ လှမ်းခုန်လိုက်သည်။ ထိုမှတစ်ဆင့် အောက်ဘက် သံဘောင်တစ်ခုဆီသို့ ဆင်းလိုက်ပြန်သည်။

ဤသို့လျှင် တွယ်ဆင်းလိုက်၊ နောက်တစ်နေရာသို့ လှမ်းခုန်လိုက်နှင့် ဆက်ကပ်ထဲမှ ဘားကျွမ်းသမားတစ်ဦးလို ခဲခဲယဉ်းယဉ်း ဆင်းနေရလေသည်။

မျှော်စင်ထိပ်ရှိ လေဆာရောင်ခြည်သေနတ်တစ်လက်မှ အင်တာနာကိရိယာသည် အလိုအလျောက် လှုပ်ရှားလာကာ မျှော်စင်ဘေး သံဘောင်များအကြား လှုပ်ရှားနေသော အရာဝတ္ထုကို ရှာဖွေလျက်ရှိလေသည်။

လေဆာသေနတ်၏ သတ္တိမှာ ၎င်း၏ပစ်မှတ်ကို အလိုအလျောက် လိုက်ရှာပြီး မလွဲတမ်း ချေမှုန်းဖျက်ဆီးနိုင်ခြင်းပင် ဖြစ်သည့်အလျောက် စီဒဗလျူနှင့် မစ္စက်ဗိုလာတို့ လှုပ်ရှားနေခြင်းကိုလည်း ချက်ချင်း ရှာဖွေနေခြင်း ဖြစ်သည်။

လေဆာရောင်ခြင် ဝင်းခနဲ ထွက်ပေါ်ပြီး ပစ်ခတ်ခြင်း မပြုသေးခြင်းမှာ အဘွားကြီး၏ကိုယ်တွင် တပ်ဆင်ထားသော အန္တရာယ်တားဆီးသည့် သတ္တုကိရိယာကြောင့်ပင် ဖြစ်သည်။

စီဒဗလျူက စိတ်ကူး၍ စမစ်၏လူယုံတော် ကလော်ဒီထံမှ သတ္တုပြားကို မစ္စက်ဗိုလာ၏ ကိုယ်တွင် တပ်ဆင်ထားခဲ့ခြင်းဖြစ်သည်။

လူနှစ်ယောက်၏ ခန္ဓာကိုယ် အလေးချိန်ဖြင့် ခုန်လွှား တွယ်ဆင်းနေရခြင်းကြောင့် စီဒဗလျူသည် မောပန်းစ ပြုလာပြီဖြစ်သည်။ အားစိုက်၍



ကြိုးကိုတွယ်ထားရသော လက်မောင်းနှစ်ဖက် ပြုတ်ထွက်လုမတတ် နာကျင်နေသဖြင့် ခေတ္တနားရန် လိုအပ်လာသည်။

သို့သော် မိမိနှင့် မစ္စက်ဗိုလာ လူချင်းခွာ၍ မဖြစ်။ အဘွားကြီး၏ ကိုယ်တွင်သာ လေဆာသေနတ်အန္တရာယ် ကာကွယ်သည့် သတ္တုပြားရှိလေရာ မိမိကခွာ၍ အနားယူ သည်နှင့် လေဆာရောင်ခြည်က ချက်ချင်းရောက်လာပြီး မိမိအား ချေမှုန်းပစ်မည် ဖြစ်သည်။

မစ္စက်ဗိုလာကိုယ်တိုင်ကလည်း သူ၏အသက်အရွယ်နှင့် စီဒဗလျူ၏ ကိုယ်ကို တွယ်ဖက်ထားရသည်မှာ အလွန်ညောင်းညာပြီ ဖြစ်သည်။ သူမ၏ တစ်ကိုယ်လုံးသည် နာကျင်လှပြီ ဖြစ်သည်၊ သို့သော် စီဒဗလျူအား တွယ်ထားခြင်းကို မလွှတ်ဝံ့ချေ။

'မောင်ရင်က တကယ်ချီးကျူးလောက်ပါတယ်။ မင်းလို လူငယ်မျိုးကို ငါ့သားတော်ဖြစ်ရင် ဂုဏ်ယူကြွားဝင့်စရာကောင်းတာ အမှန်ပဲကွဲ့'

အဘွားကြီးက ပြောလိုက်ရာ စီဒဗလျူသည် အားတက်လာမိသည်။

'ကိုင်း… သတိထားပြီးသာ ကောင်းကောင်း တွယ်ထားပေတော့။ မြေပြင်ကို ရောက်ခါနီးကျရင် ပိုပြီး အသည်းယားစရာ ကောင်းလိမ့်မယ်။ မကြာတော့ပါဘူး'

စီဒဗလျူက ပြန်အားပေးရင်း ဆက်လက်၍ ခုန်လွှား တွယ်ဆင်းရန် ပြင်လေသည်။

* * *

မိုက်ကယ်သည် ဆာဘရီနာအား စားသောက်ခန်းအတွင်းသို့ ပြန်သွားခိုင်းပြီး သူကတော့ ခပ်မှန်မှန်လျှောက်လာစဉ် နှစ်ပါးသွားပြီး၍ အခန်းထဲမှ ထွက်လာသူ စမစ်နှင့် လီယာတို့အား ဆုံမိလေသည်။

'ဟော့ မိုက်ကယ်၊ ငွေတွေ ရေတွက်ရတာ ညောင်းလို့ ခဏထွက်နားတာလား'

စမစ်က လှမ်းမေးရာ မိုက်ကယ်က

'ကျွန်တော်က ငွေကို ရေတွက်ရတာ အလွန်ငြီးငွေ့တယ်ခင်ဗျ။ ငွေကိုရေတွက်ရတာထက် လျှောက်သုံးနေရတာမှ သဘောကျတယ်'

ဟု ရယ်စရာလိုလုပ်၍ ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် မျှော်စင်ကြီးဘေး၌ တွယ်ဆင်းနေသော စီဒဗလျူ၏ လှုပ်ရှားသံကို ကြားလိုက်သလိုရှိသဖြင့် မိုက်ကယ်သည် ယင်းအသံကို စမစ်တို့ ကြားမသွားစေရန် ချောင်းဆိုးနေလိုက်ရသည်။

'ကျွန်တော် စားသောက်ခန်းကို ပြန်သွားလိုက်ဦးမယ်။ ဆရာကြီးတို့ကော လိုက်ခဲ့ပါဦးလား'

ပြောရင်းနှင့် မိုက်ကယ်သည် စားသောက်ခန်းရှိရာသို့ ဆက်လျှောက်သွားရာ စမစ်နှင့် လီယာတို့လည်း လိုက်လာကြလေသည်။

ထိုအချိန်၌ စီဒဗလျူသည် နောက်ဆုံးအဆင့်ဖြစ်သော မြေပြင်သို့ အရောက်ဆင်းရန် ပြင်ဆင်နေပြီဖြစ်သည်။ မျှော်စင်၏ အောက်ခြေနားရောက်လေ သံဒိုင်းကြီးများသည် တစ်ခုနှင့်တစ်ခု အလှမ်းဝေးလာလေဖြစ်ရာ စီဒဗလျူ အနေဖြင့် အဘွားကြီးကို ကျောပိုးလျက် တစ်နေရာမှ တစ်နေရာကို လှမ်းခုန်ရာတွင် အလွန်ခက်ခက်ခဲခဲ စွန့်စားခုန်ရလေသည်။

သူ၏ ခွန်အားကြီးမားမှု၊ ဘားကျွမ်းအတတ်ပညာ ကျွမ်းကျင်မှုတို့ကြောင့်သာ တစ်ခုနှင့်တစ်ခု ရှစ်ပေခန့်ဝေးသော သံဘောင်ကြီးများ လေထဲ ဒိုင်ဗင်ထိုး၍ လှမ်းခုန် ကူးနိုင်ခြင်းဖြစ်သည်။

မကြာမီ သူတို့သည် မြေပြင်သို့ ချောမောစွာ ရောက်သွားကြလေသည်။

စီဒဗလျူက သူတို့၏ အခြေအနေအမှန်ကို ရှင်းပြလေသည်။

'ဒီလိုရှိတယ် ခင်ဗျ။ လေဆာသေနတ်ရဲ့ အန္တရာယ်ကို ကာကွယ်နိုင်တဲ့ သတ္တုပြားက ကျွန်တော်တို့ နှစ်ယောက်မှာ တစ်ခုပဲရှိတယ်။ ဒါကိုပဲ အားကိုပြီး ကျွန်တော်တို့က မျှော်စင် ပြင်ဘက်ကို ရောက်အောင်သွားကြရမယ်။ လူနှစ်ယောက်အတွက် သတ္တုပြားတစ်ခုတည်းက အကာအကွယ်ပေးနိုင်မလား ဆိုတာတော့ အတိအကျ မပြောနိုင်ဘူး'

'ကိစ္စမရှိပါဘူး မောင်ရင်၊ ကျုပ်အဖို့တော့ ရုပ်မြင်သံကြား အသံလွှင့်ပြောခဲ့တဲ့အတိုင်း ဒီအခြေကျမှ သေရမှာလည်း မကြောက်တော့ပါဘူး။ မောင်ရင်လို သတ္တိကောင်းတဲ့ လူတစ်ယောက်နဲ့အတူ သေရရင် ဂုဏ်ယူဖို့တောင် ကောင်းပါသေးတယ်။ ဘာပဲဖြစ်ဖြစ် မင်းပြောတဲ့ သတ္တုပြား ကိရိယာတစ်ခုထဲနဲ့ပဲ တို့နှစ်ယောက် ပြင်ဘက်ထွက်ကြည့်ကြတာပေါ့။ ကိုင်း လာလေ သွားကြမယ်'



နှစ်ယောက်သား မျှော်စင်အောက်မှ ထွက်မည်ပြုစဉ် မျှော်စင်ထိပ်ပေါ်သို့ မော့ကြည့်လိုက်ရာ လေဆာသေနတ်တစ်လက်မှ 'အင်တာနာ' တစ်ချောင်းသည် လှုပ်ရှားလည်ပတ်နေသည်ကို မြင်မိလေသည်။

* * *

ကွန်ပျူတာစက်နားတွင်ရှိနေသူ ပေအီသည် ဆရာကြီးစမစ်အား လှမ်း၍ သတင်းပို့လေသည်။

'လေဆာသေနတ်တွေက မြေပြင်က အရာဝတ္ထုတစ်ခုခုကို လိုက်ရှာနေတယ်ခင်ဗျ။ လူပဲ ဖြစ်ရမယ်။ ကွန်ပျူတာစက်မှာ တစ်ခုခု လှုပ်ရှားနေတာ လာပေါ်နေတယ်'

စမစ်လည်း ချက်ချင်းထလာပြီး ကွန်ပျူတာစက်ကို သေချာစွာ ကြည့်ရာမှ

'ဟေ့ ဆလိုက်မီးတွေ ဖွင့်လိုက်စမ်း။ မျှော်စင်အောက်ခြေက မြေပြင်ကို လှမ်းထိုးထားလို့ပြော'

ဟု အမိန့်ပေးပြီး ပြင်ဘက်ဝရန်တာကို ပြေးထွက်သွားလေသည်။

စီဒဗလျူနှင့် မစ္စက်ဗိုလာတို့သည် မြေပြင်ရှိ အန္တရာယ်စက်ဝိုင်း၏ စည်းပြင်သို့ ရှေ့ရှုလျက် လျှောက်သွားနေကြပြီဖြစ်သည်။

စီဒဗလျူအနေဖြင့် စိုးရိမ်မိသည့်အတိုင်း လေဆာသေနတ်နှစ်လက်သည် သူတို့ရှိရာ တည့်တည့်သို့ ချိန်လျက်သားဖြစ်နေသည်။ သို့သော် သတ္တုပြားတစ်ခုနှင့် လူနှစ်ယောက်အား လေဆာသေနတ်က အလိုအလျောက် ပစ်ခတ်ခြင်း မပြုသေးချေ။

ထိုအခိုက် ဆလိုက်မီးမောင်းကြီးတစ်ခုသည် သူတို့နှစ်ယောက်ရှိရာ တည့်တည့်သို့ ထိုးလာရာ ထိန်လင်းသော လျှပ်စစ်မီးရောင်တွင် နှစ်ယောက်စလုံး ထင်ရှားစွာ မြင်နေရလေသည်။

မျှော်စင်ပေါ်မှ လှမ်းကြည့်နေသူ စမစ်လည်း မြင်ရသဖြင့် အကြီးအကျယ် ဒေါသထွက်လာလေတော့သည်။

'ဟေ့ ဟိုကပွလီကောင်ပဲကွ။ မစ္စက်ဗိုလာကိုပါ ခေါ်ထုတ်သွားပြီ။ ဒီခွေးသားကို သတ်ပစ်ရမယ်'

စမစ်က ဤသို့ ရေရွတ်ကြိမ်းမောင်းနေစဉ် ဆက်သွယ်ရေး မော်တော်

www.burmeseclassic.com

www.burmeseclassic.com



ယာဉ်အတွင်းမှ ဖီလ်ပေါ့သည် အခြေအနေကိုကြည့်ရင်း သဘောကျနေမိလေသည်။

'ဟုတ်ပြီကွ၊ ဒါမှ ငါတို့လူ စီဒဗလျူကွ။ လွတ်မြောက်လုနီးပါပြီ။ နောက်ထပ် လေးငါးလှမ်း လှမ်းလိုက်ရင် လွတ်ပြီကွ'

ဟု ဟစ်အော်ပြောလိုက်သည်။

စီဒဗလျူသည် ဖီလ်ပေါ့၏ လှမ်းအော်သံကို ကြားနေရသဖြင့် သွားပေါ်အောင် ပြုံးမိလိုက်သည်။

'ဟေ့ ဆရာကြီး၊ အလကားသက်သက် အော်မနေစမ်းနဲ့ဗျာ။ တိတ်တိတ် နေစမ်းပါ။ ဒီမှာ ကျုပ်တို့က အလိုလိုမှ ရင်ဖိုနေရတဲ့အထဲ ခင်ဗျား လှမ်းအော်နေတာက အရှုံးကြီးလိုပဲ'

စီဒဗလျူက သူတို့၏ ယူနာကိုအဖွဲ့ အကြီးအကဲ ဖီလ်ပေါ့အား ကျီစယ်သလို အော်ပြောလိုက်သည်။

မျှော်စင်ပေါ်တွင်ကား စမစ်သည် အကြီးအကျယ် ဒေါသထွက်နေလေသည်။

'ဟေ့ လေဆာသေနတ်တွေက ဘာဖြစ်လို့ ဒီကပ္ပလီကောင်နဲ့အဘွားကြီးကို မပစ်တာလဲကွ'

ထိုစကားကို ပေအီက ဝင်ဖြေလေသည်။

'သူတို့မှာ လေဆာသေနတ်အန္တရာယ် ကာကွယ်တဲ့ သတ္တုပြားတစ်ခု ရှိတယ်ခင်ဗျ။ စီဒဗလျူက အဘွားကြီးနဲ့ သူတို့နှစ်ယောက်ရဲ့ ခေါင်းပေါ်နားမှာ ကိုင်ထားတယ်။ ဒါကြောင့် လေဆာသေနတ်တွေက သူတို့ကို မပစ်တာပါ'

ဤတွင် တိုတီသည် ဒေါသ မချုပ်တည်းနိုင်ဟန်ဖြင့် သူ၏အနီးရှိ ကွန်မန်ဒိုတစ်ဦးထံမှ စက်သေနတ်ငယ်တစ်လက်ကို ဖမ်းဆွဲယူလိုက်သည်။ ထို့နောက် ဆရာကြီးစမစ်က ဟန့်တားခြင်းပင် မပြုနိုင်မီ တိုတီသည် စက်သေနတ်ဖြင့် စီဒဗလျူနှင့် မစ္စက်ဗိုလာရှိရာသို့ ချိန်လျှက် ပစ်ခတ်လိုက်သည်။

စက်သေနတ်ကျည်ဆန်တွေက ဒလဟော ထွက်သွားသော်လည်း မျှော်စင်ပေါ်မှ လေဆာသေနတ်များက ထင်ရှားသော ပစ်မှတ်အဖြစ် ဝင်းခနဲ လက်ခနဲ ရောင်ခြည်များ လွှတ်ကာ ကျည်ဆန်တွေ တစ်ခုမကျန် လေတွင်ပင် ချေမှုန်းပစ်လိုက်သည်။

စက်သေနတ်ကျည်ဆန်တွေက လျင်မြန်သလောက် လေဆာ



ရောင်ခြည် လက်နက်သည် အလင်းရောင်၏နှုန်းဖြင့် ပို၍လျင်မြန်စွာ သွားသောကြောင့် ကျည်ဆန်များကို လမ်းခုလတ်တွင် ချေမှုန်းဖျက်ဆီးပစ်လိုက်နိုင်ခြင်း ဖြစ်သည်။

စမစ်က ထိုအပြုအမူကို သဘောမကျသဖြင့် တိုတီအား လှမ်း၍ အပြစ်တင်လေသည်။

'ဟေ့ကောင် မင်း ရူးနေသလားကွ၊ လေဆာသေနတ်ဟာ မင်းရဲ့ စက်သေနတ်ကျည်ဆန်တွေကို ပစ်မှတ်မရောက်ခင် ချေမှုန်းပစ်နိုင်တယ်ဆိုတာ မင်း သိသားပဲ မဟုတ်လား။ မင်း လုပ်ပုံကြောင့် ငါတို့အားလုံးအပေါ် အထင် သေးရာ ဖြစ်နေတယ်။ အလကားသက်သက် မင်းရဲ့ခွန်အားနဲ့ ကျည်ဆန်ကို မဖြုန်းချင်စမ်းနဲ့။ ကိုင်း အားလုံး အခု အခန်းထဲ ပြန်ဝင်ကြစမ်း။ ငါတို့မှာ လုပ်စရာတွေ ရှိသေးတယ်'

မိုက်ကယ်နှင့် ဆာဘာရီနာတို့သည် ဝရန်တာတစ်နေရာတွင် အတူရပ်နေကြရာ မိုက်ကယ်က ဆာဘာရီနာ၏ လက်တစ်ဖက်ကို အသာဖမ်းဆုပ်ကိုင်ထားလိုက်ရင်း တစ်ယောက်ကိုတစ်ယောက် အဓိပ္ပာယ်ပါပါ ကြည့်လိုက်ကြသည်။ ဆာဘာရီနာသည် မိုက်ကယ်၏မျက်နှာကို မော့ကြည့်ရင်း စိတ်ထဲမှ ကြည်နူးသလို ဖြစ်မိလေသည်။

'ဟော့ ဘာပဲပြောပြော ပထမအချီမှာတော့ ငါတို့ဘက်က သာသွားပြီ'

မိုက်ကယ်က ခပ်တိုးတိုး ပြောလိုက်ရာ ဆာဘာရီနာလည်း အခြားလူများ မမြင်အောင် သတိထားလျှက် မသိမသာ ပြုံးပြ ခေါင်းညိတ်ပြလိုက်သည်။

* * *

ထိုအခိုက်အတွင်း စီဒဗလျူနှင့် မစ္စက်ဗိုလာတို့သည် ဖီလ်ပေါ့တို့ရှိရာ ဆက်သွယ်ရေး မော်တော်ယာဉ်နားသို့ ချောမောစွာ ရောက်ရှိသွားကြပြီဖြစ်သည်။

အဘွားကြီးသည် စီဒဗလျူအား ကျေးဇူးတင်လွန်း အားကြီးသဖြင့် မျက်ရည်များပင်ကျကာ ဖက်ယမ်းနမ်းရှုပ်၍ ကျေးဇူးတင်စကား ပြောရင်းမှ ဖီလ်ပေါ့ကိုလည်း စီဒဗလျူ၏ သတ္တိနှင့် အရည်အချင်းအကြောင်းကို ပြောပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီမယ် ဖိလ်ပေါ့ ကျုပ် အခုလို လွတ်မြောက်အောင် မင်းတို့စီစဉ်တာကို ကျေးဇူးတင်ပါတယ်။ ဟောဒီက စီဒဗလျူဆိုတဲ့ သူငယ်ကိုလည်း ပိုပြီးတော့ တောင် ကျေးဇူးတင်မိပါသေးတယ်။ မျှော်စင်အမြင့်ကြီးပေါ်က အောက်ရောက်အောင် စွန့်စွန့်စားစား ကယ်ထုတ်ခဲ့တာဟာ အင်မတန်မှ ခက်ခဲတဲ့ အလုပ်ပဲ။ ဒါပေမယ့် ဒီသူငယ်က မဖြစ်ဖြစ်အောင် ကြိုးစားခဲ့ရှာတယ်'

'ဘာပဲဖြစ်ဖြစ်လေ၊ အခု မစ္စက်ဗိုလာ ဘေးရန်မရှိဘဲ ချောချောမောမော ရောက်လာတာသာ အဓိက မဟုတ်လား'

'ဟုတ်ပါတယ်။ နောက်တစ်ခုက ကျုပ်အနေနဲ့ ရုပ်မြင်သံကြားက တစ်ဆင့် ပြောခဲ့သလိုပါပဲ။ ဒီအသက်အရွယ်ကျမှတော့ သေရမှာ မကြောက်ပါဘူး။ အရေးကြီးဆုံးက စမစ်ဆိုတဲ့ သတ္တဝါကို အချိန်မီ အပြစ်ဒဏ် ခတ်နိုင်ဖို့ပဲ။ သူဟာ လူသားတစ်ယောက်ရဲ့ နှလုံးသားမျိုးရှိတာ မဟုတ်ဘူး။ ဒီလိုလူမျိုး လောကမှာ မရှိမှကောင်းမယ်။ ဒီကောင်ကြီး နောက်ထပ် လူတွေကို ဒုက္ခမပေးနိုင်အောင် အပြီးပိုင် တားမြစ်နိုင်ဖို့ လိုတယ်'

'စိတ်ချပါ ခင်ဗျ။ စမစ်ကို မလွတ်စေရဘူး။ ကျွန်တော်တို့ မဖြစ်ဖြစ်တဲ့နည်းနဲ့ သူ့ကို ဖမ်းယူမှာပါ'

ဖိလ်ပေါ့က ရဲဝံ့စွာ အာမခံချက်ပေးလိုက်သည်။

* * *

ဆက်သွယ်ရေး မော်တော်ယာဉ်အတွင်း ရုပ်မြင်သံကြား (တယ်လီဗီးရှင်း)စက်တစ်ခုကို ဖိလ်ပေါ့၏ ညွှန်ကြားချက်ဖြင့် တပ်ဆင်ထားလေသည်။

နောက်ထပ် မျှော်စင်ပေါ်မှ စမစ်က မိမိတို့ကို ဆက်သွယ်ပါက အဆင်သင့် ဖြစ်စေရန် စီစဉ်ထားခြင်းပင် ဖြစ်သည်။

စမစ်သည် သူ၏ နောက်ထပ်ခြေလှမ်းကို ရုပ်မြင်သံကြားမှတစ်ဆင့် ဆက်သွယ်ကြေညာလိမ့်မည်ဟု ဖိလ်ပေါ့က တစ်ထစ်ချတွက်ထားလေသည်။

ခဏမျှအကြာတွင် ပြင်သစ် စစ်တပ်မှ ဗိုလ်ချုပ်ကြီးဂျိုးဘတ်သည် မော်တော်ယာဉ်ရှိရာသို့ ရောက်ရှိလာလေသည်။

'မစ္စတာဖိလ်ပေါ့ ဘယ်လိုလဲဗျ၊ ကျုပ်တို့တပ်တွေနဲ့ မျှော်စင်ကြီးကို ဝင်တိုက်ရတော့မလား'



ဗိုလ်ချုပ်ကြီးက ခပ်တည်တည်နှင့် မေးသဖြင့် ဖိလ်ပေါ့သည် မျှော်စင်အောက်ခြေနှင့် မြစ်ကမ်းနားသို့ ဆက်သွယ်မှုရှိမရှိ မြေပုံကို လေ့လာကြည့်နေရာမှ မော့ကြည့်လိုက်သည်။

'ဟဲလို ဗိုလ်ချုပ်ကြီးပါလား။ စောစောပိုင်းက ခင်ဗျားတို့ရဲ့ လေထီးတပ်သားတစ်စု ငွေသေတ္တာတွေ သွားပေးတော့ မိုက်ရူးရဲလုပ်တော့မယ့်ဆဲဆဲ ခင်ဗျားက အချိန်မီ ဟန့်တား ပေးလိုက်နိုင်တာကို ကျေးဇူးတင်ပါတယ်။ တကယ်လို့သာ ခင်ဗျားလူတွေ စိတ်လိုက်မာန်ပါ လုပ်မိရင်တော့ မစ္စက်ဗိုလာဟာ အခုလို ဘေးရန်မရှိဘဲ ကျုပ်တို့ဆီ ရောက်နိုင်မှာ မဟုတ်ဘူး။ နောက်တစ်ခုက ဗိုလ်ချုပ်ကြီးရဲ့ မေးခွန်းကို ကျုပ်က နိုး··· လို့ပဲ ဖြေရလိမ့်မယ်။ ခင်ဗျားရဲ့တပ်တွေနဲ့ မျှော်စင်ကြီးကို ပစ်ခတ်နိုင်ဖို့ ခွင့်မပြုနိုင်ဘူး။ အခုကိစ္စမှာ မျှော်စင်ကြီးနဲ့တကွ လူတွေထိခိုက်ပျက်စီးမှု မရှိဘဲနဲ့ အောင်မြင်ချောမောအောင် ကျုပ်တို့နည်းနဲ့ကျုပ်တို့ ဖြေရှင်းနိုင်မယ်လို့ ယုံကြည်တယ်။ ဒါကြောင့် မျှော်စင်အနီးအနားမှာ ချထားတဲ့ ခင်ဗျားတို့တပ်တွေ ပြန်ရုပ်သိမ်းစေချင်ပါတယ်။ စစ်မက်ဖြစ်ပွားတဲ့အခါ အရေးကြီးတဲ့ ဆုံးဖြတ်ချက်များကို စစ်ဗိုလ်ချုပ်ကြီးတွေ လက်မှာပဲ ထားလိုက်ရင် အန္တရာယ် များတတ်တယ်လို့ ဆိုကြတယ် မဟုတ်လား။ အခုလည်းပဲ ကျုပ်တို့က စမစ်နဲ့ စစ်ဖြစ်နေတာနဲ့ ဘာထူးလို့လဲ။ နောက်ထပ် စမစ်တောင်းတဲ့ငွေကို ကျုပ်ကပို့တဲ့အခါမှာ ခင်ဗျားတို့က ဝင်မနှောင့်ယှက်စေချင်ဘူး'

ဖိလ်ပေါ့က ခပ်တည်တည်ပြောသောအခါ ဗိုလ်ချုပ်ကြီး ဂျိုးဘတ်သည် အောင့်သက်သက် ဖြစ်သွားလေသည်။

ထို့ကြောင့် သရော်သလို လေသံမျိုးဖြင့်

'ခင်ဗျားက ပြောနိုင်တာပေါ့။ စမစ်ကိုပေးရမယ့် ငွေတွေက ခင်ဗျားရဲ့ ငွေမှ မဟုတ်ဘဲကိုး'

'ဒီအချက်ကတော့ မှန်ပါတယ်။ ကျုပ်ရဲ့ ကိုယ်ပိုင်ငွေ မဟုတ်ပါဘူး။ ဒါပေမယ့် အဲဒီငွေတွေ အလဟဿ မကုန်စေချင်ဘူး ဆိုရင်လည်း ကျုပ်နည်းကျုပ်ဟန်နဲ့ဖြစ်အောင် လုပ်ရလိမ့်မယ်။ ဒါကို ခင်ဗျားတို့ ပြင်သစ်အစိုးရက သဘောတူ ခွင့်ပြုထားပြီးဖြစ်တယ်'

'ဒါတော့ ခင်ဗျားက နိုင်ငံရေးသမားတွေ ပြောတတ်တဲ့ လေသံအတိုင်း ပြောတာပဲ။ ပြီးတော့···'

www.burmeseclassic.com

www.burmeseclassic.com



မိုလ်ချုပ်ကြီးက ဖီလ်ပေါ့အား ဝေဖန်ပြောဆိုနေစဉ် ရဲချုပ်ပူပွန်သည် အားလုံးငြိမ်ကြရန် လက်မြှောက်အချက်ပြပြီး ကားပေါ်ရှိ ရုပ်မြင်သံကြားစက်ဆီသို့ ညွှန်ပြလိုက်သည်။

ရုပ်မြင်သံကြားပေါ်တွင် မျှော်စင်ပေါ်မှ စမစ်၏ရုပ်ပုံသည် ကြည်လင်ပြတ်သားစွာ ပေါ်လာပြီး ခပ်တည်တည်နှင့် မိန့်ခွန်းပြောနေလေသည်။

'ပြင်သစ် နိုင်ငံသူ နိုင်ငံသားအပေါင်းတို့ခင်ဗျား။ အခုလို အနှောင့်အယှက်ပေးရတာကို တောင်းပန်ပါတယ်။ ဒါပေမယ့် ကျုပ်မှာ အများပြည်သူသို့ ပေးစရာသတင်းရှိနေပါတယ်။ ဒါ့အပြင် ခင်ဗျားတို့ ပြင်သစ်နိုင်ငံ ပြည်ထဲရေးဝန်ကြီး မစ္စတာ ဒူးခရက်နဲ့ ကုလသမဂ္ဂ ဒုစရိုက် တိုက်ဖျက်ရေးအဖွဲ့ဆိုတဲ့ ယူနာကိုအဖွဲ့ ခေါင်းဆောင် မစ္စတာဖီလ်ပေါ့တို့ကိုလည်း အထူးပြောစရာရှိလို့ အခုလို အသံလွှင့် ကြေညာရခြင်း ဖြစ်ပါတဲယ်'

စမစ်က စကားပလ္လင်ခံပြီး ခေတ္တ ရပ်နားလိုက်စဉ် ဆက်သွယ်ရေးမော်တော်ယာဉ်အဲတွင်းမှ လူအားလုံး အံ့အားသင့်သွားကြသည်။ အထူးသဖြင့် ဖီလ်ပေါ့သည် သူ၏နာမည်ကို စမစ်က ဖြောင့်ဖော်ထုတ်ပြောလိုက်ခြင်းကြောင့် အံ့ဩတုန်လှုပ်မိသည်။

သို့သော် ယခုအခြေအနေကျမှ မတတ်နိုင်တော့။ ပြင်သစ်မိတ်ဆွေများအား ရှင်းပြရန် ဆုံးဖြတ်လိုက်သည်။

'ဒီလိုဖြစ်တယ် ခင်ဗျ။ မိုလ်ချုပ်ကြီး ဂျိုးဘတ်ရဲ့ လေထီးတပ်သားတွေက သေနတ်တွေကိုင်ပြီး မိုက်ရူးရဲလုပ်မှုကို ဝင်တားတဲ့နေရာမှာ ကျုပ်ဘယ်သူ ဘယ်ဝါဆိုတာ ဖွင့်ပြောလိုက်ရတယ်။ အဲဒါကို ငွေသေတ္တာလာယူတဲ့ စမစ်ရဲ့ ဂိုဏ်းသားနှစ်ဦးက သူတို့ရဲ့ဆရာကြီးကို တစ်ဆင့်သွားပြောတာ ဖြစ်လိမ့်မယ်'

ဤတွင် ရဲချုပ်ပူပွန်က

'ဒီအတွက် ဘာမှ မစိုးရိမ်ပါနဲ့။ လူတို့ရဲ့ သဘာဝက မေ့ပျောက်လွယ်ပါတယ်'

ဟု နှစ်သိမ့်ပြောလိုက်သည်။

ရုပ်မြင်သံကြားစက်မှတစ်ဆင့် စမစ်သည် ဆက်လက်၍ မိန့်ခွန်းပြောနေပြန်သည်။



'ပြင်သစ်နိုင်ငံ ပြည်ထဲရေး ဝန်ကြီးနဲ့တကွ အစိုးရအဖွဲ့ တစ်ဖွဲ့လုံးကို ဒေါ်လာငွေ သိန်း ၁၅၀ ပို့ပေးလိုက်တာကို ကျေးဇူး အထူးတင်ပါတယ်။ အခု ပရိသတ်အများ မသိသေးတဲ့ အချက်တစ်ခုကတော့ ကျုပ်ရဲ့ဓားစာခံ မစ္စက်ဗိုလာဟာ မျှော်စင်က ထွက်ခွာသွားပြီ ဆိုတဲ့ အချက်ပါပဲ။ အမှန်တော့ ကျုပ်ရဲ့ ရည်ရွယ်ချက်ကလည်း မစ္စက်ဗိုလာကို ဘေးအန္တရာယ်မရှိဘဲ ပြန်လွှတ်ဖို့ ပါပဲ။ အခုတော့ သူကိုယ်တိုင်က ခက်ခဲပင်ပန်းလှတဲ့နည်းနဲ့ ထွက်သွားပါတယ်။ ဒါတော့ ကျုပ်လည်း မတတ်နိုင်ဘူး။ နောက်တစ်ချက်က မစ္စတာဖီလ်ပေါ့ကို တိုက်ရိုက်ပြောချင်ပါတယ်။ ခင်ဗျားရဲ့သူလျှို စီဒဗလျူက ခင်ဗျားတို့ဆီကို ပြန်ရောက်သွားပြီ မဟုတ်လား။ သူအင်မတန် ကံကောင်းတယ်လို့ ဆိုရမယ်။ မျှော်စင်ပေါ်မှာကျန်ခဲ့တဲ့ ခင်ဗျားရဲ့ နောက်သူလျှိုတွေအဖို့တော့ ဒါလောက် ကံကောင်းမယ် မထင်ဘူး'

ထိုစကားကြောင့် ဖီလ်ပေါ့သည် ဒေါသထွက်လျက် ထိုင်ရာမှ ထလိုက်သည်။

ရဲချုပ်ပူပွန်က ဖီလ်ပေါ့၏လက်မောင်းကို ဖမ်းကိုင်ရင်း

'သိပ်လည်း စိတ်လှုပ်ရှားမနေပါနဲ့။ မျှော်စင်ပေါ်မှာ ခင်ဗျားတို့လူတွေရှိတယ်ဆိုတာ စမစ်က အမှန်တကယ်သိလို့ မဟုတ်ဘဲ မှန်းပြောတာလည်း ဖြစ်နိုင်တယ်။ ခင်ဗျားအနေနဲ့ စိတ်အေးအေးထားမှပေါ့'

ဟု ပြောလိုက်သည်။

သည်တော့မှ ဖီလ်ပေါ့လည်း ရုတ်တရက် တုန်လှုပ်သွားမိခြင်းသည် အဓိပ္ပာယ်မရှိကြောင်း ပြန်ဆင်ခြင်မိလေသည်။

'အေးဗျာ ကျုပ်က ရုတ်တရက်ဆိုတော့ စိတ်ထဲ ထောင်းခနဲ ဖြစ်သွားမိတယ်။ ခင်ဗျားပြောတာ ဖြစ်နိုင်ပါတယ်'

'ဒါဖြင့်လည်း စိတ်အေးအေး ထားစမ်းပါ။ ဟိုမယ် စမစ်က ဆက်ပြောနေတယ်'

ရဲချုပ်ပူပွန်ကပြောသဖြင့် ဖီလ်ပေါ့လည်း ရုပ်မြင်သံကြားစက်ရှိရာသို့ ပြန်လှည့်ကြည့်လိုက်သည်။

စမစ်သည် လှောင်ပြောင်သရော်သည့် မျက်နှာထားမျိုးဖြင့် ဆက်ပြော နေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'သိပ်ပြီး စိတ်ထိခိုက်သွားသလားဗျ။ ခင်ဗျားက ကျုပ်လို အဆင့်အတန်းနဲ့ လူမျိုးကို မရင်ဆိုင်ဘူးလို့ ဖြစ်မှာပါ။ အခု တစ်ကြိမ်ဟာ ခင်ဗျားအတွက် သင်ခန်းစာလို့သာ မှတ်ပေတော့'

စမစ်က ပြောနေပုံမှာ တကယ်ပင် အရေးသာနေသူ တစ်ယောက်၏ ဟန်မျိုးဖြစ်၍ ဖီလ်ပေါ့သည် စိုးရိမ်သွားမိပြန်သည်။

'ဒီကောင်ကြီးက တကယ် သိလို့ ပြောတာမှန်ရင် ကျုပ်အနေနဲ့ အင်မတန်တော်တဲ့ လူကောင်းနှစ်ယောက်ကို စတေးလိုက်မိသလို ဖြစ်သွားပြီ'

ပြင်သစ်အစိုးရ ပြည်ထဲရေးဝန်ကြီး ဒူးခရက်က ထိုစကားကို သဘောမတူဟန်ဖြင့်

'ဒီလိုလဲ မပြောပါနဲ့လေ။ မိတ်ဆွေကြီးက ဒီလူတွေကို အသေခံဖို့ စတေးတဲ့သဘောမျိုး မဟုတ်ပါဘူး။ သူကိုယ်တိုင်က သဘောတူလက်ခံလို့ သူတို့ဆန္ဒအရ အလုပ်ဝင်လုပ်တဲ့ သဘောသာဖြစ်တယ်။ ခင်ဗျားကိုယ်တိုင် စောစောကပြောခဲ့တဲ့အတိုင်း အခုကိစ္စဟာ စစ်ဖြစ်နေတာနဲ့ အတူတူပဲ။ ခင်ဗျားလူတွေက စစ်သည်ရဲမက်တွေ ဖြစ်တယ်။ စစ်ဖြစ်တဲ့အခါ စစ်သားတွေကိုယ်တိုင်က ဘယ်လိုအန္တရာယ်ရှိနိုင်ကြောင်း သိပြီးမှ ဝင်တိုက်ကြတဲ့သဘောဖြစ်တယ်။ ပြီးတော့ စစ်မက်ဖြစ်ပွားခြင်းရဲ့ ယေဘုယျ သဘောပဲဗျ'

ဟု ဝင်ပြောလိုက်သည်။

သည်တော့မှ ဖီလ်ပေါ့လည်း သဘောကျသွားဟန်ဖြင့် ပြုံးလိုက်သည်။

'အေးဗျာ... ကျုပ်က ရုတ်တရက် အတွေးခေါင်သွားမိတယ်။ ကျုပ်လိုလူက ဒီအလုပ်မျိုး ဝင်လုပ်နေတာဟာ လူနဲ့အလုပ်နဲ့ မကိုက်ညီဘူးနဲ့ တူပါတယ်'

'နိုး...နိုး ကျုပ်ကတော့ အဲဒီလို မထင်ဘူး။ ဒီအလုပ်နဲ့ အလွန်ကိုက်ညီဟပ်မိတယ်လို့ ထင်တယ်'

အပြန်အလှန် ပြောနေခိုက်မှာပင် ရုပ်မြင်သံကြားစက်မှ စမစ်က ဆက်စကားပြောနေပြန်သည်။

'အခြေအနေအရ ကျုပ်ရဲ့ မူလအစီအစဉ်တွေကို ပြောင်းရပါလိမ့်မယ်။ အခု ကျုပ်တောင်းဆိုတဲ့ ဒေါ်လာသိန်း ၃၀၀ရဲ့ တစ်ဝက်တိတိကို လက်ခံရရှိတယ်။ အမှန်တော့ ကျုပ်ဟာ စောစောက မစ္စက်ဝီလာစွပ်စွဲသွားသလို



မတရားလောဘမကြီးပါဘူး။ အခုအခြေအနေမှာ ပြင်သစ်အစိုးရ အာဏာပိုင်တွေက အလွန်ဉာဏ်များတယ်ဆိုတာ ကျုပ် သိရတယ်။ နောက်ထပ် အချိန်ပိုရလေ အာဏာပိုင်တွေက ကျုပ်ကို နှောင့်ယှက်ဖို့ အခွင့်အရေးရလေဖြစ်လာမှာ သေချာတယ်။ ဒါကြောင့် ကျုပ်က ကြာရှည်အချိန်ကုန်မခံနိုင်ဘူး။ ကျုပ်နဲ့ ကျုပ်ရဲ့ အဖွဲ့သားတွေဟာ နောက်ဆယ့်ငါးမိနစ် တိတိကြာရင် ဒီမျှော်စင်ကြီးက ထွက်ခွာသွားကြတော့မယ်။ မျှော်စင်ပေါ်မှာရှိတဲ့ ရုပ်မြင်သံကြားစက်က တစ်ဆင့် ကျုပ်တို့လွတ်မြောက်အောင် ထွက်ခွာတာကို ပရိသတ်အားလုံးက မြင်နေကြရပါလိမ့်မယ်။ ကိုင်း... ကျုပ်ပြောလိုတာကတော့ ဒါလောက်ပါပဲ။ ပြင်သစ် ပြည်သူအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ ကျုပ်ရဲ့ ရှာတိုအိမ်ကြီးကိုတော့ ပြင်သစ်နိုင်ငံတော်ကို လက်ဆောင်အဖြစ် ပေးခဲ့ပါတယ်။ အားလုံး ဥတ်နိုက်ပါပဲလို့ နှုတ်ဆက်ခဲ့ပါတယ်'

ဤတွင် ရုပ်မြင်သံကြားမှ စမစ်နှင့် ရုပ်ရောအသံပါ ပျောက်သွားတော့သည်။

စမစ်သည် ရုပ်မြင်သံကြားစက်အဖွဲ့သားများအား

'ကိုင်း... အခုအချိန်အထိ မောင်ရင်တို့အဖွဲ့က ကျုပ်တို့ရဲ့လုပ်ငန်းမှာ ရုပ်မြင်သံကြားစက်နဲ့ ကူညီတာကို ကျေးဇူး အထူးပဲ တင်ပါတယ်'

ဟု ပြောလိုက်ပြီးမှ သူ၏အချစ်တော် လီယာဘက်လှည့်၍

'ငါ့ကို ဟယ်လီကော့ပတာနဲ့ အမြန်လာခေါ်ဖို့ လျှို့ဝှက်သင်္ကေတနဲ့ ရေဒီယိုဆက်သွယ်အကြောင်းကြားပြီးပြီ။ ဒါကြောင့် ငါသွားနှင့်မှ ဖြစ်မယ်'

ဟု ပြောလိုက်သည်။

'ဟုတ်ကဲ့၊ ဆရာကြီးသွားတဲ့အခါ အထူး သတိထားသွားပါနော်'

လီယာက စိုးရိမ်ဟန်ဖြင့် ပြောလိုက်ရာ စမစ်သည် သဘောကျသွားဟန်ဖြင့် ပြုံးလိုက်သည်။

'စိတ်ချပါကွ၊ ငါက ဘယ်တုန်းကများ သတိမထားခဲ့ဘူးလို့လဲ'

'ဟုတ်ကဲ့၊ ကျွန်မ မျှော်စင်အောက်ကို လိုက်ခဲ့ရမလား'

'အေး... ကောင်းသားပဲ။ မင်းက အောက်ဆင်းနှင့်ပါ။ ငါအခု လိုက်ခဲ့မယ်'

လီယာသည် ခေါင်းညိတ်ပြီး သွက်လက်စွာ လျှောက်ထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စမစ်က လီယာ၏ ခန္ဓာကိုယ်ကို နောက်မှကြည့်နေပုံက တစ်မျိုး ဖြစ်နေလေသည်။ နှမြောတသ သလို၊ ဝမ်းနည်းသလို ထူးဆန်းသောကြည့်ပုံ မျိုး ဖြစ်နေပေသည်။

* * *

စီဒဗလျူသည် လုံခြုံရေးတာဝန်ဖြင့် စောင့်ကြပ်နေကြသော လက်နက်ကိုင်စစ်သားများကြားမှ တိုးဝှေ့၍ ဆက်သွယ်ရေး မော်တော်ယာဉ် ဆီသို့ လာပြီး သူ၏အကြီးအကဲ ဖီလ်ပေါ့ထံ လာရောက်သတင်းပို့လေသည်။

'မစ္စက်ဝှီလာတော့ အိုကေပဲဗျ။ အခု သူ့ခမျာ ပင်ပန်းလွန်းလို့ အနားယူနေပါတယ်။ ဒီအမျိုးသမီးကြီးက တော်တော့်ကို ချီးကျူးဖို့ ကောင်းတယ်ဆရာ'

စီဒဗလျူ၏ စကားကိုကြားလျှင် ဖီလ်ပေါ့က သဘောကျဟန်ဖြင့် ရယ်မောလိုက်သည်။

'အဘွားကြီးရဲ့ ပြောစကားအရ မင်းဟာလည်း တော်တော် ချီးကျူး ဖို့ကောင်းတယ်ဆိုပါလားကွ။ ကိုင်း ဒါတွေ အသာထားဦး။ ငါတို့မှာ အရေး တကြီး လုပ်စရာတွေရှိသေးတယ်'

ဤသို့ပြောရင်း ဖီလ်ပေါ့က စမစ်၏ နောက်ဆုံး အသံလွှင့် ကြေညာ ချက်အကြောင်း ပြောပြလိုက်သည်။

စမစ်က ဆယ့်ငါးမိနစ်အတွင်း မျှော်စင်က လွတ်အောင်ထွက်ခွာ သွားမယ်လို့ ဆိုထားတော့ ငါတို့မှာ ကြံဖန်ဖို့အချိန်တောင် သိပ်မရှိတော့ဘူး ကွ။ ငါ သိချင်တာက စမစ်ဟာ မြစ်ထဲကမှတစ်ဆင့် ဟယ်လီကော့ပတာနဲ့ ထွက်ပြေးဖို့ စီစဉ်ထားတာ ငါတို့သိတယ်။ ကောင်းပြီ၊ မျှော်စင်ကနေပြီး မြစ်ကမ်းရောက်အောင် ဘယ်လိုထွက်သွားမှာလဲ။ အဲဒါ မင်းပါ ဝိုင်းစဉ်းစား ပေးစမ်းပါ'

ဖီလ်ပေါ့ကပြောသဖြင့် စီဒဗလျူလည်း အကြံထုတ်စဉ်းစားဟန်ဖြင့် ခေါင်းကုတ်လိုက်သည်။ သို့သော် ရုတ်တရက် ဘာအကြံဉာဏ်မှ ထွက်မလာ ချေ။

ဖီလ်ပေါ့က ဆက်ပြောပြန်သည်။

'စမစ်ဟာ မျှော်စင်အပေါ်က မျက်လှည့်ပြသလို ကိုယ်ရောင်ပြပြီး မြစ်ကမ်းနားမှာ ဘွားခနဲ သွားပေါ်ဖို့လည်း မဖြစ်နိုင်ဘူး။ ဒီတော့ သူ မျှော်စင် ကထွက်နိုင်ဖို့ နည်းလမ်းရှိရမယ်။ အဲဒီ သဲလွန်စက ဘာများလဲ။ ဟော့… စီဒဗလျူ မင်းရဲ့ထင်မြင်ချက်ကလေး ဘာလေး ပြောဦးလေကွာ'



'ဒီလို ရှိတယ်ဗျ။ စမစ်က အခု အချိန်အထိ ကျွန်တော်တို့ထက် တစ်ကွက်ကျော်မြင်လို့ သူ့ဘက်က အရေးသာနေတယ်။ ကျွန်တော်တို့ဆိုရင် သူ့အဖွဲ့ထဲဝင် သူလျှိုလုပ်တယ်သာဆိုတယ် သူ့ရဲ့အဓိက ရည်မှန်းချက် သို့မဟုတ် အကြံက ဘာဆိုတာ ကြိုတင်မသိခဲ့ဘူး။ နောက်ဆုံးအချိန်မှသာ သိခဲ့ရတယ်။ အခု ဆရာတို့ သဲလွန်စ တစ်ခုခု စဉ်းစားပေးပါဆိုလို့ ပြောရရင် ကျွန်တော် သိလာခဲ့တဲ့ အချက်တစ်ချက်ပဲ ရှိပါတယ်။ ဒါဟာလည်း စမစ်က ကျွန်တော် မသိအောင် ထိန်ဝှက်ထားတာကို ကျွန်တော်က မမျှော်လင့်ဘဲ သိခဲ့ရတယ် ဆိုပါတော့။ မျှော်စင်အောက်ခြေ မြေတိုက်ခန်းတစ်ခန်းမှာ ဘီယာ အရက်ထည့်တဲ့ စည်ကြီးနှစ်စည် ရှိတယ်။ ကျွန်တော်က ရေငတ်တာနဲ့ ဘီယာ သောက်ဦးမှပဲဆိုပြီး စည်ကဘုံဘိုင်ခေါင်း ခလုတ်ကို ဖွင့်လိုက်တော့ ဘာ ဘီယာမှ ထွက်မလာဘဲ လေသာထွက်လာတယ်'

'ဘာကွ… ဘာလေထွက်တာလဲ'

ဖီပေါ့က နားမလည်ဟန်ဖြင့် ထပ်မေးသဖြင့် စီဒဗလျူက ဆက်ရှင်း ပြလေသည်။

'ဟုတ်ကဲ့ခင်ဗျ၊ ဘီယာထည့်တဲ့စည်က လေချည်း ထွက်လာတယ်။ လေဆိုတာ အောက်ဆီဂျင်ဓာတ်ငွေ့ကို ဆိုလိုတာပါ'

ဖီလ်ပေါ့သည် ထိုစကားကို စဉ်းစား သုံးသပ်နေဟန်ဖြင့် ခေတ္တမျှ ငြိမ်နေပြီးနောက် တစ်စုံတစ်ခုကို တွေးမိဟန်ဖြင့် လက်ဖျောက်တီးလိုက်သည်။

'အောက်ဆီဂျင် ဓာတ်ငွေ့ဆိုတော့ အသက်ရှူဖို့ ခက်တဲ့နေရာမှာ သုံးဖို့ဖြစ်ရမယ်။ ဟုတ်ပြီ ဟုတ်ပြီဗျို့'

ပြောပြောဆိုဆို အနီးတွင် ထိုင်နေသူ မြို့တော် အင်ဂျင်နီယာအား ခပ်ကြမ်းကြမ်း ပခုံးပုတ်လိုက်ပြီး စားပွဲပေါ်ရှိ မျှော်စင်၏ မြေပုံဒီဇိုင်းကို ညွှန်ပြလေသည်။

'ဟောဒီမယ် မြင်ရဲ့လား။ မျှော်စင်ကြီး အောက်တည့်တည့်မှာ မြေအောက် ရေပြွန်ပိုက်ကြီးတွေ ရှိတယ်။ မြစ်ထဲကို တိုက်ရိုက် သွယ်နေတဲ့ အဲဒီရေပြွန်ကြီးတွေကတစ်ဆင့် စမစ်ဟာ အောက်ဆီဂျင်ဓာတ်ညှပါတဲ့ ကီရိယာ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ အသက်ရှူပြီး မြစ်ကမ်းနား ရောက်အောင်သွားနိုင်တယ်။ မျှော်စင်အောက်ခြေမှာ ရေပိုက်ကြီးတွေဖွင့်တဲ့ ပိုက်ခေါင်းတံခါးတွေရှိတယ် မဟုတ်လား'

ဖီလ်ပေါ့၏ မေးခွန်းကို မြူနီစပယ် အင်ဂျင်နီယာက ပြန်ဖြေလေသည်။

'ဟုတ်ပါတယ်။ မြေအောက် ရေပိုက်ကြီးတွေကို ဖွင့်တဲ့ အံဖုံးတံခါးရှိပါတယ်။ အဲဒီက ဆင်းပြီး အသက်ရှူလို့ရတဲ့ ကိရိယာ အသင့်ရှိရင် လူတစ်ယောက်ဟာ စိန်းမြစ်ထဲကို တိုက်ရိုက်ရောက်သွားနိုင်ပါတယ်'

ဖီလ်ပေါ့သည် ခေတ္တမျှ ခေါင်းကုတ်စဉ်းစားနေရာမှ ချက်ချင်းလိုပင် အဖြေတစ်ခု တွေးမိဟန်ဖြင့် မျက်လုံးများ တောက်ပြောင်လာလေသည်။

'ဟုတ်ပြီ ကျုပ် အကြံရပြီ။ ဘာလုပ်ကြရမယ်ဆိုတာ ကျုပ်ပြောပြမယ်။ သေသေချာချာ နားထောင်ကြပေတော့'

ဤသို့ အစချီကာ ဖီလ်ပေါ့က စမစ်အား မလွတ်တမ်း ဖမ်းမိစေမည့် သူ၏ စစ်ဆင်ရေး စီမံချက်ကို အသေးစိတ် ရှင်းလင်းပြောပြနေလေသည်။

ထိုအခိုက် မျှော်စင်ကြီး၏ ထိပ်ဖျားနားဆီမှ လှပဆန်းကြယ်သော မီးရှူး မီးပန်းများ ပေါ်ထွက်လာသဖြင့် အားလုံးက အံ့အားသင့် ငေးမောကြည့်နေကြလေသည်။

'ဒီလူကြီးက ဘာစိတ်ရူးပေါက်လို့ မီးပန်းတွေ လွှတ်ပြနေရတာလဲ မသိဘူး'

စီဒဗလျူက ကောင်းကင်သို့ မော်ကြည့်ရင်း ပြောလိုက်ရာ ရဲချုပ် ပူပွန်က ပြုံး၍

'ဒီ စမစ်ဆိုတဲ့ လူက အာဏာရူး ဒုစရိုက်သမားဖြစ်ပေမယ့် ကျုပ်တို့ ပြင်သစ်လူမျိုးတွေရဲ့ သဘာဝဖြစ်တဲ့ အလှအပကိုတော့ တန်ဖိုးထားရမှန်း သိတယ်ဗျ'

ဟု ပြန်ပြောလိုက်သည်။

* * *

မျှော်စင်ပေါ်ရှိ စမစ်၏ဂိုဏ်းသားများအနက် မီးရှူးမီးပန်းများ ပြုလုပ်ရာ၌ ကျွမ်းကျင်သူ ပညာရှင်များလည်း ပါလာသဖြင့် အလွန်လှပဆန်းကြယ်



သော မီးပန်းကြီးများကို ပစ်လွှတ်နေခြင်းဖြစ်သည်။

ပဲရစ်မြို့သူ မြို့သားများအနေဖြင့် ယခင်က မမြင်ဖူး မတွေ့ဖူးသော အလွန်လှပဆန်းပြားသည့် မီးရှူးမီးပန်းများကို တအံ့တဩ ငေးမောကြည့်နေကြသည်။

ရဲချုပ် ပူပွန်ပင်လျှင် မျှော်စင်ပတ်ဝန်းကျင် ကောင်းကင်၌ ထူးဆန်းအံ့ဩဖွယ်ကောင်းသော မီးပန်းများကို ငေးမောကြည့်နေမိရာ အနီးရှိ ဖီလ်ပေါ့က တံတောင်နှင့် တွတ်၍ သတိပေးလိုက်ရသည်။

'ရဲချုပ်ကြီး သိပ်လည်း ငေးမနေနဲ့ဦး။ အခုလို မီးရှူး မီးပန်းတွေ အဆန်းတကြယ် လွှတ်ပြတာဟာ အကြောင်းရှိရမယ်။ ကျုပ်တို့ ခင်ဗျားတို့ ငေးမောကြည့်နေတဲ့ စမစ်က တစ်ခုခု လုပ်ဖို့ အကြံရှိတာဖြစ်ရမယ်'

ဖီပေါ့က ပြောလိုက်မှ ပူပွန်လည်း သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်ပြလိုက်သည်။

* * *

မျှော်စင်၏ ပထမအထပ်တွင် စမစ်သည် သူ၏ဂိုဏ်းသား ကွန်မန်ဒိုများအား မျှော်စင်အောက်ဆင်းသည့် လှေကားများဆီသို့ ခပ်သုတ်သုတ် ဝင်ခိုင်းလိုက်သည်။

ထို့နောက် သူ၏အင်္ကျီအိတ်ထဲမှ သော့တစ်ချောင်းထုတ်ယူ၍ အင်ဒိုနီးရှား အမျိုးသား ပေအီအား လှမ်းပေးလိုက်သည်။

ပေအီသည် သော့ကိုယူ၍ အသင့်ရှိသော အနီရောင် သေတ္တာတစ်ခုကို သော့ဖြင့် ဖွင့်လိုက်သည်။ သေတ္တာတွင် ထင်ရှားသော အင်္ဂလိပ်စာလုံးများဖြင့် အန္တရာယ်ရှိသည်ဟု ရေးသားထားသည်။

ယင်းသေတ္တာ သော့ပေါက်အနီးတွင် အနက်ရောင်ခလုတ်တစ်ခုရှိရာ စမစ်က ထိုခလုတ်ကို ညွှန်ပြလျက်

'ဟေ့ ဒီတိုနေတာကို အသင့်ဖြစ်အောင် ခလုတ်ဖွင့်လိုက်တော့'

ဟု အမိန့်ပေးလိုက်သည်။

ပေအီလည်း အနက်ရောင်ခလုတ်ကို နှိပ်ချလိုက်ပြီးနောက် စမစ်အား ပြန်သတင်းပို့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာကြီးခင်ဗျား၊ ဒီသေတ္တာထဲမှာရှိတဲ့ ပေါက်ကွဲမှု စနက်တံ (ဒီတိုနေတာ)တွေဟာ စတင် လှုပ်ရှားနေပါပြီ။ အချိန်တိုဗုံး ဖြစ်တဲ့အတွက် နောက်ဆယ်မိနစ်တိတိ အကြာမှာ ပေါက်ကွဲပါတော့မယ်။ အခု အခြေကျမှ ဆရာကြီးက စိတ်ပြောင်းပြီး ရပ်ခိုင်းရင် ပေါက်ကွဲမှုကို တားလို့မရတော့ပါဘူး'

'ဟော့ကောင် ငါကတစ်ခုခု ဆုံးဖြတ်ပြီးရင် စိတ်ပြောင်းတတ်တဲ့ လူမျိုး မဟုတ်ဘူးကွ'

စမစ်က ခပ်တည်တည် ပြန်ပြောလိုက်သည်။

ဒေါ်လာငွေ သိန်း ၁၅၀ကို ကင်းဗတ်အိတ်များဖြင့် ထည့်ထားပြီး စုပုံထားရာ စမစ်က ငွေအိတ်များကို လှမ်းကြည့်လိုက်သည်။

'အဲဒီအိတ်တွေကိုပါ ဓာတ်လှေကားထဲ ထည့်လိုက်ရမလား ဆရာကြီး'

ပေအီက ပေးရာ စမစ်က ခေါင်းခါပြလေသည်။

'မလိုဘူးကွ။ ငွေအိတ်တွေကို ငါကိုယ်တိုင်ယူပြီး အောက်ဆင်းမယ်။ မင်းက တခြားလူတွေလိုပဲ ဓာတ်လှေကားထဲ ဝင်လိုက်စမ်း'

ပေအီက အံ့အားသင့်နေစဉ် စမစ်သည် မောင်းပြန် ပစ္စတိုသေနတ် တစ်လက်ထုတ်၍ ချိန်ထားလိုက်သည်။

'ဟော့ကောင် ပေအီ၊ ပြောနေတာ မကြားဘူးလား။ ငါ ပြောသလို ဓာတ်လှေကားထဲ မြန်မြန်ဝင်စမ်း'

ပေအီလည်း ဆရာကြီးစမစ်၏ အပြုအမူကို နားမလည်သလို အံ့အားသင့်ရာမှ သူ့အားချိန်ထားသော ပစ္စတိုသေနတ်ကို ကြောက်သဖြင့် ဓာတ်လှေကားအတွင်း တိုးဝင်လိုက်လေသည်။

မျှော်စင်ကြီး၏ ဓာတ်လှေကားမောင်းသူများကို စောစောက ဖမ်းချုပ်ထားသော်လည်း ယခုတော့ လူတစ်ယောက်ကို စမစ်က လွှတ်ပေးပြီး အသင့်ခေါ်ထားလေသည်။

ပေအီဝင်ပြီးသည်နှင့် စမစ်က ဓာတ်လှေကား မောင်းသူအား သေနတ် ဖြင့်ချိန်၍ အမိန့်ပေးလေသည်။

'ဟေ့ ဓာတ်လှေကား တံခါးတွေ အသေပိတ်လိုက်စမ်း'

ဓာတ်လှေကားမောင်းသူလည်း ကြောက်ကြောက်နှင့် တံခါးပိတ်သည့်



ခလုတ်ကို နှိပ်နေစဉ် စမစ်က သူ၏ဂိုဏ်းသားများကို နောက်ဆုံး နှုတ်ဆက်ချုပ် မိန့်ခွန်းပြောသလို ပြောလေသည်။

'ကိုင်း... မင်းတို့တွေ အားလုံးဟာ အခု ငါရဲ့ စစ်ဆင်ရေးမှာ ထိရောက်အောင်မြင်စွာ စွမ်းဆောင်နိုင်ခဲ့တာကို ချီးကျူးပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ ဒီအချိန်ကစပြီး မင်းတို့ရဲ့ လုပ်အားအကူအညီကို ငါမလိုတော့ဘူး။ ကိုယ့်နည်းကိုယ့်ဟန်နဲ့သာ ဆက်စခန်းသွားကြပေတော့။ မင်းတို့ရဲ့ လုပ်အားခငွေကိုပေးဖို့တော့ ငါတောင်းတဲ့ ဒေါ်လာ သိန်းသုံးရာ အနက် တစ်ဝက်တိတိပဲ ရတဲ့အတွက် မင်းတို့ကို ငါက ငွေလုပ်အားခငွေ မပေးနိုင်တော့တာကို ဝမ်းနည်းပါတယ်။ ဆောရီးပဲ။ ကိုင်း... ပြောစရာတော့ ဒါပဲဖြစ်တယ်။ အားလုံးကို ဥတ်ဘိုင်လို့ နှုတ်ဆက်လိုက်ပါတယ်'

သူ၏စကားကြောင့် အဖွဲ့သားအားလုံးမှာ အံ့သြတုန်လှုပ်နေစဉ်မှာပင် ဓာတ်လှေကား တံခါးကြီး ပိတ်သွားလေသည်။

စမစ်က ဓာတ်လှေကား မောင်းသူအား 'ဟေ့ အောက်ကို မောင်းချလိုက်တော့'ဟု အမိန့်ပေးလိုက်သည်။

ထိုလူလည်း ကြောက်ကြောက်နှင့် ခလုတ်တစ်ခုကို နှိပ်လိုက်ရာ ဓာတ်လှေကားကြီးသည် မျှော်စင်အောက်သို့ ဖြည်းဖြည်းချင်း ဆင်းသွားလေတော့သည်။

စမစ်သည် သူ၏လက်တွင်ရှိသော ဝေါ်ကီတော်ကီ ရေဒီယိုစက်ဖြင့် အောက်ထပ်ရှိ လီယာအား အဆင်သင့် ရှိမရှိ လှမ်းမေးလိုက်ရာ လီယာက အဆင်သင့်ရှိနေကြောင်း ပြန်သတင်းပို့လိုက်သည်။

'ဒါဖြင့် ငါတို့ ကြိုတင်စီစဉ်ထားတဲ့အတိုင်း ဆက်လုပ်ပေတော့'

စမစ်က ရေဒီယိုဖြင့် ဆက်အမိန့်ပေးလိုက်သောအခါ လီယာသည် မျှော်စင်အောက်ခြေရှိ လျှပ်စစ်ဓာတ်အား မိန်းဆွိခေါ် ခလုတ်ကို ဆွဲချလိုက်သည်။

မျှော်စင်တစ်ခုလုံး လျှပ်စစ်ဓာတ်အား ရုတ်တရက် ရပ်စဲသွားချိန်တွင် ကွန်မန်ဒိုအဖွဲ့သားများပါသော ဓာတ်လှေကားကြီးသည်လည်း အောက်သို့ မရောက်ဘဲ လမ်းခုလတ်၌ပင် ရုတ်တရက် ရပ်သွားလေသည်။

ဆာဘရီနာနှင့် မိုက်ကယ်တို့အပါအဝင် စမစ်၏ အဖွဲ့သားများ ကွန်မန်ဒိုများသည် ဓာတ်လှေကားထဲတွင် ချောင်ပိတ်မိနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လာငွေ ၁၅၀ သိန်း ထည့်ထားသော အိတ်များကို သားရေကြိုးတစ်ခုဖြင့် ချည်နှောင်ထားရာ စမစ်သည် သားရေကြိုးပေါ်တွင် လေဆာသေနတ်အန္တရာယ် ကာကွယ်သည့် သတ္တုပြားတစ်ခုကို တပ်ဆင်လိုက်ပြီးမှ ငွေအိတ်များကို သူ၏ပခုံးတွင် သိုင်းလွယ်လိုက်သည်။

ဤနည်းအားဖြင့် သူသည် ငွေအိတ်များနှင့် မျှော်စင်အောက်သို့ ဆင်းသည့်အခါ လေဆာရောင်ခြည်သေနတ်များ၏ ပစ်ခတ်ချေမှုန်းမည့်အန္တရာယ်ကို ကာကွယ်နိုင်မည် ဖြစ်ပေသည်။

* * *

ဓာတ်လှေကားအတွင်း၌ ပိတ်မိနေသူများအားလုံးမှာ စိုးရိမ်တုန်လှုပ်နေကြပြီ ဖြစ်သည်။ ဆရာကြီးစမစ်က သူတို့အား ပစ်ထားခဲ့ရုံမက ဓာတ်လှေကား အတွင်းမှ မထွက်နိုင်အောင် လျှပ်စစ်ဓာတ်အားကိုပါ ဖြတ်တောက်ထားလိုက်ပြီ ဖြစ်သည်။

မိုက်ကယ်သည် အပေါ်ထပ်တွင် ထားရှိသော ယမ်းဘီလူးဖောက်ခွဲသည့် ကိရိယာသေတ္တာကို သတိရမိသဖြင့် ပေအီ၏လက်မောင်းကို ခပ်ကြမ်းကြမ်း ဆုပ်ကိုင်လျက်

'ဟေ့ ပေအီ မှန်မှန်ပြောစမ်း။ ယမ်းဘီလူး သေတ္တာခလုတ်ကို ဖွင့် ထားလိုက်သလား'

ဟု မေးလိုက်သည်။

ပေအီက ကြောက်ကြောက်နှင့် ခေါင်းညိတ်ပြလိုက်သည်တွင် မိုက်ကယ်သည် ချက်ချင်းပင် အန္တရာယ်ကို ရိပ်မိလိုက်သည်။

စမစ်သည် သူကတော့ ကိုယ်လွတ်ရုန်းပြီး ကျန်အဖွဲ့ဝင်အားလုံးကို ဓာတ်လှေကားထဲ ပိတ်လှောင်ထား၍ မျှော်စင်ကြီးတစ်ခုလုံး ဖောက်ခွဲဖျက်ဆီးပစ်ရာ၌ သေကြေကုန်အောင် ယုတ်မာပက်စက်စွာ ကြံလေပြီပါတကား။

ဤသို့ တွေးမိသည်နှင့် မိုက်ကယ်သည် ချက်ချင်းပင် လှုပ်ရှားလေတော့သည်။

'ဟေ့ ပေအီ၊ မင်းလည်း အသက်မသေချင်ရင် ငါ့ကို ဝိုင်းကူစမ်း'

ပြောပြောဆိုဆို မိုက်ကယ်သည် ဓာတ်လှေကားအတွင်းရှိသော သတ္တုထိုင်ခုံရှည်ကို ပေအီ၏ အကူအညီဖြင့် မယူပြီး ဓာတ်လှေကား၏ မှန်ပြတင်းကို



တအား ပစ်တိုက်ခဲ့လေသည်။

ချွမ်ခနဲ မှန်ကွဲသွားပါသော်လည်း အပေါက်က ငယ်နေရာ လှေကားအတွင်းရှိလူများ ဒရောသောပါး တိုးဝှေ့ထွက်ကြလေတော့သည်။

မိုက်ကယ်နှင့် ပေအီတို့က နောက်ထပ်ခုံရှည်နှင့် တအား တိုက်ခွဲလိုက်တော့မှ မှန်တံခါးတစ်ခုလုံး ကြေကွဲကာ လူထွက်သာအောင် အပေါက်ဖြစ်သွားလေသည်။

မကြာမီ မိုက်ကယ်နှင့် ဆာဘာရီနာတို့သည် ဓာတ်လှေကားပြင်ဘက်ရောက်သွားကြသည်။ သို့သော် ပေအီ၏ ပြောပြချက်အရ အချိန်ကိုက်ဗုံးမှာ ဆယ်မိနစ်အတွင်း ပေါက်ကွဲတော့မည်ဟု သိထားသဖြင့် ဗုံး၏စနက်တံများကို အချိန်မီ ငြိမ်းသတ်ပစ်ရန်လည်း အရေးကြီးနေသည်။

မိုက်ကယ်က ဆာဘာရီနာအား အချိန်ကိုက်ဗုံး စနက်တံများဆီသို့ အမြန်တက်သွားခိုင်းပြီး

'ဟေ့ ဆာဘာရီနာ၊ မင်းက အဲဒါကို တာဝန်ယူပေတော့။ မြန်မြန်သွားကွ။ အချိန် သိပ်မရှိဘူး။ ငါတော့ စမစ်ဆိုတဲ့ လူယုတ်မာကောင်ကြီးနောက်ကို လိုက်မယ်'

ဟု အစီအစဉ်ကို ပြောပြလိုက်သည်။

ဆာဘာရီနာလည်း ပေါ့ပါးဖျတ်လတ်သော ဘားကျွမ်းမယ်တစ်ဦးကဲ့သို့ လျင်မြန်စွာ တက်သွားလေသည်။

မိုက်ကယ်သည် စောစောပိုင်းတွင် စီဒဗလျူ အသုံးပြုသွားသောကြိုးကို မျှော်စင်ဘေးနားတွင် မြင်မိသဖြင့် လွှားခနဲ ခုန်ကာ ကြိုးကို ဖမ်းတွယ်လျက် အောက်သို့ ဆင်းသွားလေသည်။

သို့သော် ဆရာကြီးစမစ်၏ အရိပ်အယောင်ကို မတွေ့ရချေ။

ဆာဘာရီနာကလည်း အချိန်ကိုက်ဗုံးရှိရာ အပေါ်ထပ်သို့ လျင်မြန်စွာ တက်သွားလေသည်။

ရိုးရိုးလှေကားပေါ်မှတက်လျှင် အချိန်မရှိသဖြင့် ဆာဘာရီနာသည် မျှော်စင်ဘေးရှိ သံဘောင် သံဒိုင်းကြီးများကို ဘားကျွမ်းကစားသလို လျင်မြန်သွက်လက်စွာ ခုန်လွှဲ၍ တက်သွားရသည်။

အရေးထဲ မျှော်စင်ပေါ်ပိုင်း၌ လေပြင်းက ထန်နေရာ မကျသွားစေရန် ခဲခဲယဉ်းယဉ်း ကြိုးစားထိန်းတက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအတောအတွင်း အချိန်ကိုက်ဗုံးများသည့် နာရီစက်ကဲ့သို့ တစ်ချက်ချက်မြည်ကာ ပေါက်ကွဲရမည့်အချိန်သို့ အလွန်နီးကပ်လျက် ရှိနေပြီဖြစ်သည်။

ဗုံးသေတ္တာ၏ ပြင်ဘက်ဒိုင်ခွက်တွင် ၅.၁၅ ၅.၁၄ ၅.၁၃ စသည်ဖြင့် စက္ကန့်ပိုင်းအလိုက် လျင်မြန်စွာ ရွေ့လျားနေသော မြားကလေး မြင်နေရပြီဖြစ်သည်။

*　　*　　*

မိုက်ကယ်သည် သူ၏နောက်နားဆီးမှ အသံလိုလိုကြားရသဖြင့် ရန်သူများလောဟု စိုးရိမ်လျက် ချာကနဲ လှည့်ကြည့်လိုက်ရာ စီဒဗလျူ ဖြစ်နေကြောင်း တွေ့ရလေသည်။

စီဒဗလျူက နောက်တစ်ခေါက် မျှော်စင်ပေါ်သို့ တက်လာခြင်းဖြစ်သည်။ သူ၏ရင်ဘတ်တွင်လည်း စမစ်ဂိုဏ်းသား ကလော်ဒီထံမှ ဖြုတ်ယူခဲ့သော အန္တရာယ်ကာကွယ်သည့် သတ္တုပြားကိရိယာကို တပ်ဆင်ထားလေသည်။

စီဒဗလျူကိုမြင်မှ မိုက်ကယ်လည်း အားတက်သွားမိသည်။

'ဒီမယ် စမစ်ဆိုတဲ့ ကောင်ကြီး ဘယ်ရောက်နေသလဲဗျ။ သိသလား'

မိုက်ကယ်က မေးရာ စီဒဗလျူက ခေါင်းညိတ်ပြလိုက်သည်။

'မျှော်စင်အောက်ခြေက မြေတိုက်ခန်းထဲ ရောက်နေတယ်ဗျ'

'အဲဒီ မြေတိုက်ခန်းမှာ မြေအောက် ရေပြွန်ပိုက်ကြီးတွေ ရှိတယ်။ ကျုပ်ထင်တာတော့ စမစ်ဟာ ရေပိုက်ကြီးတွေကတဆင့် ထွက်ပြေးလိမ့်မယ် ထင်တယ်'

'ဟုတ်တာပေါ့။ မျှော်စင်ကနေပြီး မြစ်ကမ်းနားရောက်အောင် ပြေးဖို့က ဒီလမ်းပဲရှိတယ်'

'ဟုတ်နိုင်တယ်။ ဒါထက် ဆာဘာရီနာတစ်ယောက်ကော'

စီဒဗလျူက မေးလိုက်ရာ မိုက်ကယ်သည် သူ၏ခေါင်းပေါ်သို့ လက်ညှိုး ညွှန်ပြလေသည်။

'ဆာဘာရီနာက အပေါ်မှာ အလုပ်သိပ်များနေတယ်ဗျ။ နောက်ထပ် ငါးမိနစ်ကြာရင် ဒီမျှော်စင်ကြီးတစ်ခုလုံး ပေါက်ကွဲပျက်စီးသွားအောင် စမစ်က အချိန်ကိုက်ဗုံး တပ်ဆင်သွားတယ်လေဗျာ။ ဒါကြောင့် ဆာဘာရီနာက အလျင်



အမြန် အပေါ်ပြေးတက်ပြီး မိုင်းဗုံးစနက်တံကို အချိန်မီဖြုတ်ဖို့ ကြိုးစားနေတယ်'

'အိုကေ၊ ကိုင်း ဒါဖြင့် ကျုပ်လည်း သွားလိုက်ဦးမယ်'

ပြောပြောဆိုဆို စီဒဗလျူသည် မျှော်စင်ဘေးရှိ ကြိုးကို ဖက်တွယ်ကာ လျင်မြန်စွာ ဆင်းသွားလေသည်။

မျှော်စင်အောက်ခြေရှိ မြေတိုက်ခန်းတွင် လီယာသည် ဆရာကြီးစမစ်အား အောက်ဆီဂျင်ဓာတ်ငွေ့ မျက်နှာဖုံးတပ်ဆင်ပြီး ကျောတွင်လည်း အောက်ဆီဂျင်ပါသော သတ္တုဘူးတစ်ခု တပ်ဆင်ပေးနေလေသည်။

ဖီလ်ပေါ့က ထင်သည့်အတိုင်း စမစ်သည် အောက်ဆီဂျင်ဓာတ်ငွေ့သုံးလျက် မြေအောက်ရေပိုက်မှတစ်ဆင့် မြစ်ကမ်းဘက်သို့ ထွက်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ထိုအချိန်၌ မျှော်စင်၏အပေါ်ထပ်တွင် ဆာဘာရီနာသည် အချိန်ကိုက်ဗုံး စနက်တံများ ဖြုတ်ရန် ချဉ်းကပ်သွားလေသည်။

အချိန်ကိုက်ဗုံး၏ ဒိုင်ခွက်တွင်ကား ပေါက်ကွဲရန်အချိန် တဖြည်းဖြည်း နီးကပ်လာနေကြောင်းကို ညွှန်ပြလျက်ရှိပေသည်။

'၄း၂၂၊ ၄း၂၁၊ ၄း၂၀'

ဆာဘာရီနာ၏ မျက်စိရှေ့မှာပင် ဗုံးပေါက်ကွဲရန် အချိန်သို့ တစ်စက္ကန့်ချင်းနီးကြောင်း အချိန်ကိုက်နာရီမြားတံက တရွေ့ရွေ့ သွားလျက်ရှိနေသည်။

*　　*　　*

## အခန်း ၊၁၁၊

စမစ်သည် လက်ဟန်ခြေဟန်ဖြင့် လီယာအား သူ၏ အောက်ဆီဂျင်မျက်နှာဖုံးကို ပြန်အဖြုတ်ခိုင်းလိုက်သည်။

သူ၏ မျက်နှာအမူအရာက ပြုံးယောင်ယောင် ရှိသော်လည်း မျက်လုံးများ ပြောင်လက်တောက်ပနေပုံမှာ ကြောက်စရာတစ်မျိုးဖြစ်နေသည်ဟု လီယာက ထင်မှတ်ကာ စိုးရိမ်သွားမိလေသည်။

စမစ်က လီယာ၏ မျက်နှာအား ရွှန်းရွှန်းစားစားကြီးကြည့်လျက် စကားကို တစ်လုံးချင်း ခပ်လေးလေး ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်း တစ်ယောက်ကတော့ ငါ့အပေါ် အလွန်သစ္စာရှိရှိနဲ့ အမှုထမ်းခဲ့တဲ့ အဖွဲ့သားတစ်ယောက်ဖြစ်ပါတယ်။ ငါ့ကို ဖျော်ဖြေအလုပ်အကျွေးလည်း ပြုခဲ့တယ်။ ဒါပေမယ့် မှန်တာပြောရရင် ငါ့အနေနဲ့ မင်းအပေါ် ငြီးငွေ့လာပြီကွဲ့'

ပြောရင်း စမစ်သည် လီယာ၏ပါးပြင်ကို လက်ဖြင့် ညင်သာစွာ ပွတ်သပ်လျက်ရှိနေသည်။

လီယာမှာမူ ဆရာကြီး၏ မျက်နှာအမူအရာနှင့် မျက်လုံးများပြောင်လက်နေပုံကိုကြည့်ပြီး ကျောချမ်းအောင် ကြောက်နေမိလေသည်။

စမစ်က စကားဆက်ပြန်လေသည်။

'အခု ငါသွားရမယ့် ခရီးမှာ မင်းကို ခေါ်မသွားနိုင်တာတော့ ဝမ်းနည်းပါတယ်။ မင်းပါနေရင် ငါ့အဖို့ အနှောင့်အယှက် အဟန့်အတားဖြစ်နေလိမ့်မယ်'

ထိုစကား၏ အဓိပ္ပာယ်ကို လီယာက ရိပ်မိလိုက်သည်။ ဆရာကြီးစမစ်သည် မိမိအား သုတ်သင်ဖယ်ရှားပစ်ပေတော့မည်။

လီယာသည် မျက်ရည်ဖြိုင်ဖြိုင်ကျလျက် အမျိုးမျိုး တိုးလျှိုးတောင်းပန်ရှာလေသည်။

သို့သော် ဆရာကြီးစမစ်၏ လေသံက တင်းမာလာသည်။

'ငါတစ်ယောက်တည်းပဲ မသွားလို့ မဖြစ်ဘူး။ နောက်တစ်ခုက မင်းဟာ တစ်ချိန်တုန်းက ငါဟာ ငြီးငွေ့စရာကောင်းတယ်လို့ လူတစ်ယောက်ကို ပြောဖူးတာ ငါမှတ်မိတယ်။ ငါဟာ စကားတစ်လုံးကို ဘယ်တော့မှ မမေ့ဘူးကွ'

ပြောပြောဆိုဆို စမစ်၏ လက်ချောင်းများသည် လီယာ၏ လည်ပင်းနောက်နားသို့ ရွေ့လျားသွားကာ တစ်နေရာသို့ ခပ်ပြင်းပြင်း ထိုးနှိပ်လိုက်သည်။

လီယာသည် ချက်ချင်း သတိမေ့မြောကာ လဲကျသွားတော့သည်။

ချက်ချင်း မသေသေးသော်လည်း စမစ်က မြေအောက်ရေပိုက်မိန်းကို ဖွင့်လိုက်သည်နှင့် ဝင်လာသော ရေများထဲတွင် လီယာသည် ရေနစ်သေဆုံးသွားမည် ဖြစ်လေသည်။

စမစ်သည် တစ်ချိန်က သူ၏ အချစ်တော်ဖြစ်ခဲ့သူ လီယာအား နောက်ဆုံးတစ်ကြိမ် ကြည့်ခြင်းဖြင့် ကြည့်ပြီးနောက် အောက်ဆီဂျင် မျက်နှာဖုံး ပြန်စွပ်လိုက်သည်။



ထို့နောက် ရေပိုက်ပြွန် မိန်းခလုတ်ကို ဖွင့်လိုက်ပြီး ရေထဲဆင်းကာ မြစ်ကမ်းဘက်ဆီသို့ ကူးသွားလေသည်။

* * *

ဆာဘာရီနာသည် အချိန်ကိုက်ဗုံး၏ စနက်တံ ခလုတ်ကို အလျင်အမြန် ပိတ်လိုက်ရာ ပေါက်ကွဲရန် သုံးစက္ကန့်မျှသာ လိုတော့သဖြင့် လက်မတင်ကလေး အချိန်မီရုံ မီလိုက်ခြင်းဖြစ်ကြောင်း သတိပြုမိလေသည်။

သည်တော့မှ သူမသည် ဟင်းခနဲ သက်ပြင်းတစ်ချက်ချကာ စိတ်မောလူမော ဖြစ်နေခြင်းကြောင့် ပစ်ထိုင်ချလိုက်နိုင်တော့သည်။

* * *

မိုက်ကယ်သည် မျှော်စင် အောက်ဘက်ရှိ မြေတိုက်ခန်းသို့ ရောက်လာသောအခါ ရေပိုက်ထဲမှ ရေများဝင်နေပြီး လီယာလည်း သေဆုံးနေပြီဖြစ်သည်။

မိုက်ကယ်သည် စမစ်ထွက်ပြေးသွားပြီဖြစ်ကြောင်း ချက်ချင်း ရိပ်မိသဖြင့် အသင့်ရှိနေသော အောက်ဆီဂျင် ဓာတ်ငွေ့မျက်နှာဖုံးတစ်ခုကို လျင်မြန်စွာ ဆွဲယူစွပ်ပြီးနောက် ရေပိုက်ကြီးထဲသို့ ဆင်းကာ ကူးလိုက်သွားလေသည်။

* * *

ဆာဘာရီနာရှိရာသို့ စီဒဗလျူသည် အကူအညီပေးရန် လိုက်တက်လာလေသည်။

သူရောက်လာချိန်၌ ဆာဘာရီနာသည် အချိန်ကိုက်ဗုံးတစ်လုံး၏ စနက်တံကို မဖြုတ်ရသေးသဖြင့် စီဒဗလျူလည်း ကမန်းကတန်း ပြေးလွှားကာ စနက်တံကို ဖြုတ်ယူပြီး လေထဲသို့ လွှင့်ပစ်လိုက်ရသည်။

ဗုံးပေါက်ရန် အချိန်ကစေ့နေသဖြင့် စနက်တံသည် လေထဲမှာပင် ပေါက်ကွဲသွားသည်။ သို့သော် ပင်မယမ်းဘီလူးများနှင့် ထိတွေ့မှုမရှိသဖြင့် ဘာမျှ မဖြစ်ချေ။

ကမ္ဘာကျော် အီဖယ်လ်မျှော်စင်ကြီးသည် ပေါက်ကွဲပျက်စီးမည့် အန္တရာယ်မှ သီသီကလေး လွတ်သွားလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ပဲရစ်မြို့တော်အနီး ဖြတ်သန်းစီးဆင်းနေသော စိန်းမြစ်ကမ်းသို့ ဆရာကြီးစမစ်သည် ချောမောစွာ ရောက်လာပြီဖြစ်သည်။

သို့သော် နှစ်မိနစ်အတွင်း သူ၏နောက်မှ ရေးကူးလိုက်လာသူ မိုက်ကယ်ကလည်း ရောက်ရှိလာလေသည်။

စမစ်သည် ကြိုတင်စီစဉ်ထားရှိသည် သူ၏ မော်တော်သင်္ဘောပေါ်သို့ အလျင်အမြန်တက်၍ စက်နှိုးမောင်းထွက်ရန်ပြင်ဆင်နေစဉ် မိုက်ကယ်ကလည်း မော်တော်ပေါ်သို့ လိုက်တက်လာလေသည်။

သို့နှင့်ပင် ဆရာကြီးစမစ်နှင့် မိုက်ကယ်တို့သည် မော်တော်ကုန်းပတ်ပေါ်တွင် ရင်ဆိုင်မိကြလေသည်။

စမစ်ထံတွင် သေနတ်မရှိသော်လည်း သူ၏ဘောင်းဘီအတွင်း ခြေသလုံးနားတွင် အမြဲဆောင်ထားလေ့ရှိသော အသွားရှည်ရှည်နှင့် ဓားမြှောင်တစ်လက်ကို လျှင်မြန်စွာ ဆွဲထုတ်ယူလိုက်သည်။

လက်နက်မပါသော မိုက်ကယ်အား စမစ်က အလွယ်တကူ အနိုင်ရလိမ့်မည်ဟု ယုံကြည်ကာ လှောင်ပြောင်သရော်သလို ပြုံးလိုက်သည်။

ဒေါ်လာသိန်း ၁၅၀ပါသော ငွေအိတ်များကား သင်္ဘောကုန်းပတ်ကြမ်းပြင်ပေါ်တွင်ရှိနေကြောင်း မိုက်ကယ်က သတိပြုမိလေသည်။

စမစ် မသိသော အချက်တစ်ခုကား မိုက်ကယ်သည် လူချင်းယှဉ်ပြိုင်သတ်ပုတ်ရမည့် အနီးကပ် တိုက်ပွဲမျိုးစုံကို အလွန်ကျွမ်းကျင်သူတစ်ဦးဖြစ်သည်ဟူသော အချက်ပင် ဖြစ်လေသည်။

သို့သော် မိုက်ကယ်တွင် လက်နက်တစ်စုံတစ်ရာ မပါကြောင်း သိသဖြင့် စမစ်က သူသာလျှင် အနိုင်ရမည်ဟု တစ်ထစ်ချ တွက်ဟန်ဖြင့် ဓားမြှောင်ကို လက်တစ်ဖက် အသင့်ကိုင်လျက် ပြေးဝင်လာသည်။

ယင်းအပြုအမူကို မိုက်ကယ်က ကြိုတင်ကွက်ကျော်မြင်ထားပြီးဖြစ်၍ စပိန်ပြည်မှာ နွားသတ်သူရဲကောင်းများလို ခန္ဓာကိုယ်ကို လက်ျာဘက်သို့ လျင်မြန်စွာ လှည့်ရှောင်ရင်း သူ၏ ခြေထောက်ဖြင့် စမစ်၏ ခြေသလုံးအထက်နားသို့ တအားပစ်ကန်လိုက်သည်။

ဖိနပ်ဦးက စမစ်၏ဒူးခေါင်းတည့်တည့်ကို ထိမှန်သွားရာ ပြင်းစွာနာကျင်ခြင်းကြောင့် အသံထွက်အောင် ဟစ်အောင်ညည်းညူလိုက်စဉ်မှာပင် မိုက်ကက နောက်ထပ်ခြေဖျားဖြင့် တစ်ချက်ပစ်ကန်လိုက်ပြန်သည်။



သည်တစ်ခါတော့ ဆီးစပ်နားတွင် ကန်မိလေရာ စမစ်သည် ဟန်မဆောင်နိုင်ဘဲ ရှေ့သို့ ငိုက်သွားလေသည်။ ဤတွင် မိုက်ကယ်က လူချင်းဝင်ပူးပြီး စမစ်၏ မေးစေ့အား ညာဘက်ဒူးဖြင့် တအား ပစ်တိုက်လိုက်ပြန်သည်။

မိုက်ကယ်က ရှိသမျှခွန်အားကိုသုံးလျက် ဒူးနှင့်တိုက်လိုက်ခြင်းကြောင့် စမစ်၏ အောက်သွားလေးချောင်းသည် ကျွတ်ထွက်လုမတတ် ယိုင်နဲ့သွားလေသည်။ တစ်ချိန်တည်းမှာပင် ဓားမြှောင်ကိုင်ထားသော စမစ်၏ ညာဘက်လက်ကောက်ဝတ်ကို ဖမ်းဆုပ်ပြီး လိမ်ချိုးလိုက်ရာ ဓားမြှောင်သည် လွတ်ကျသွားလေသည်။

နောက် စက္ကန့်ပိုင်းအတွင်း ဓားမြှောင်သည် မိုက်ကယ်၏ လက်သို့ ရောက်သွားတော့သည်။

စမစ်သည် အခြေအနေမလှတော့ကြောင်း ချက်ချင်းရိပ်မိလိုက်ပြီဖြစ်သည်။ မိုက်ကယ်က ဓားမြှောင်ရရှိပြီးဖြစ်၍ မိမိသာ သေရတော့မည်ဟုလည်း စိုးရိမ်သွားမိလေသည်။

ထိုအခိုက် မလှမ်းမကမ်းမှ ဟယ်လီကော့ပတာ ရဟတ်ယာဉ်၏ စက်သံကို သဲ့သဲ့ကြားလိုက်ရလေရာ စမစ်သည် အားတက်သွားမိပြန်သည်။

သူ့ကိုလာခေါ်မည့် ရဟတ်ယာဉ် လာနေချေပြီ။

ထို့ကြောင့် မိုက်ကယ်က သူ၏လက်ရှိ ဓားမြှောင်နှင့် တရကြမ်းဝင်ထိုးခြင်းမပြုမီ အချိန်ဆွဲရန်လိုသည်။

စမစ်သည် လူချင်းခပ်ခွာခွာနေရင်း ပြုံးဖြီးဖြီးနှင့် စကားစလေသည်။

'ဟေ့ မိုက်ကယ်၊ မောင်ရင်က နှစ်ယောက်ချင်းသတ်ပုတ်ရာမှာ တကယ်တော်တာပဲ ချီးကျူးပါတယ်ကွာ'

မိုက်ကယ်က ဘာမှမပြောဘဲ ခပ်တည်တည်နေလိုက်ရာ စမစ်ကပင် ဆက်ပြောသည်။

'ငါတို့ရဲ့ လေဆာသေနတ်တွေကိုပဲ မင်းက ပစ်တဲ့ခလုတ်တွေ ပိတ်ပစ် လိုက်ရောပေါ့ ဟုတ်လား'

မိုက်ကယ်က ခေါင်းခါပြလေသည်။

'ဟင်… ဒါဖြင့် မင်းမလုပ်ရင် ဘယ်သူက သွားလုပ်ပလဲ'

'ဆာဘရီနာတစ်ယောက်တည်း တာဝန်ယူလုပ်လိုက်တာယ်'

www.burmeseclassic.com

www.burmeseclassic.com



မိုက်ကယ်၏စကားကြောင့် စမစ်သည် အံ့အားသင့်သွားမိသည်။

'လက်စသတ်တော့ ဒီကောင်မလေးလည်း မင်းတို့ဘက်သား ဖြစ်နေတာကိုး။ ဒါဖြင့် ဆာဘာရီနာနဲ့ စီဒဗလျူ နှစ်ယောက်စလုံးက ဖီလ်ပေါ့ရဲက လူတွေပေါ့'

'ဟုတ်တယ်'

'ဒီမယ် မိုက်ကယ် မင်း ငွေများများစားစားရရင် မလိုချင်ဘူးလား'

'ကျုပ်က ငွေကြေးကို လုံးဝ စိတ်မဝင်စားဘူး'

'ဒါဖြင့် မင်းက ဘာကို လိုချင်တာလဲ။ ငါ့ကို လက်ရဖမ်းချင်တာလား'

'ဟုတ်တယ်။ ဒီမယ် မစ္စတာစမစ်။ လွန်ခဲ့တဲ့ လေးနှစ်က လစ်ဗျား နိုင်ငံမှာ ဖြစ်ခဲ့တာ မှတ်မိတယ်မဟုတ်လား။ အဲဒီတုန်းက ခင်ဗျားက အကြမ်းဖက်သမားတွေကို ရုရှလုပ် လက်နက်တွေရောင်းပြီး အားပေးခဲ့တယ်။ ခင်ဗျားနောက်ကို စီအိုင်အေ ထောက်လှမ်းရေး စုံထောက်တစ်ဦးကလိုက်တော့ ခင်ဗျားက ရက်စက်ယုတ်မာစွာ ပြန်တိုက်ခဲ့တယ်။ ခင်ဗျားဟာ စီအိုင်အေ စုံထောက်ကို မသတ်နိုင်တော့ ဒီလူရဲ့ဇနီး ကိုယ်ဝန်အရင့်အမာနဲ့ ဖြစ်နေတာကို ရက်ရက်စက်စက် သတ်ခဲ့တယ်'

ဤတွင် စမစ်သည် မျက်လုံးပြူးသွားမိသည်။

'ဟော့၊ အဲဒါ မင်းရဲ့ဇနီးလား'

'ဟုတ်တယ်။ ဒါကြောင့် အခုအချိန်ဟာ ခင်ဗျားရဲ့ ရက်စက်ယုတ်မာမှုတွေ ဓာတ်သိမ်းရမယ့် အချိန်ပဲလို့ အောက်မေ့ပေတော့'

ပြောပြောဆိုဆို မိုက်ကယ်သည် ဓားမြှောင်ကို အသင့်ကိုင်လျက် ရှေ့တိုးလာရာ စမစ်လည်း နောက်ပြန်ဆုတ်ပြီး မော်တော်ပဲ့ကိုင် စက်ဝိုင်းရှိရာ အခန်းဘက်သို့ ထွက်ပြေးလေသည်။

ထိုအချိန်၌ ဟယ်လီကော့ပတာ (ရဟတ်ယာဉ်)သည် မော်တော်ပေါ် တည့်တည့်သို့ ရောက်လာပြီ ဖြစ်သည်။

ရဟတ်ယာဉ်ပေါ်မှ ကြိုးလှေကား အဆင်သင့်ချပေးသဖြင့် စမစ်လည်း 'ငါတော့ လွတ်ပြီ' ဟု ဝမ်းသာအားရနှင့် ကြိုးလှေကားကို ဖမ်းဆွဲကာ တွယ်တက်သွားလေသည်။

* * *



'ကြွပါ မစ္စတာစမစ်ခင်ဗျား၊ ကျုပ်တို့က လူကြီးမင်းကို လှိုက်လှဲစွာ ခရီးဦးကြိုပြုပါတယ် ဟဲ...ဟဲ'

ရဟတ်ယာဉ်ပေါ်မှ ဖီလ်ပေါ့က ဆီးပြောလိုက်သဖြင့် စမစ်သည် အံ့အားသင့် တုန်လှုပ်သွားမိလေသည်။

သေချာစွာ လှည့်ပတ်ကြည့်လိုက်သောအခါ ဖီလ်ပေါ့အပြင် လေထီးတပ်သားသုံးဦးက စက်သေနတ်ကိုယ်စီဖြင့် အသင့်ချိန်ထားကြောင်း တွေ့ရလေသည်။

ဆရာကြီး စမစ်သည် ဘာမှမပြောနိုင်တော့ဘဲ ခေါင်းငိုက်စိုက်ကျသွားလေသည်။

* * *

## နိဂုံး

စမစ်အား လက်ရဖမ်းဆီးရမိပြီး နောက်တစ်နေ့တွင် ယူနာကိုအဖွဲ့အကြီးအကဲ ဖီလ်ပေါ့က ပဲရစ်မြို့ နာမည်ကြီးဟိုတယ်တစ်ခုတွင် ဂုဏ်ပြုနေ့လယ်စာ စားပွဲတစ်ရပ် တည်ခင်းလေသည်။

ယင်း ဂုဏ်ပြုနေ့လယ်စာ စားပွဲတွင် ဧည့်ခံသူ ဖီလ်ပေါ့အပြင် ဆိုနီယာ၊ မိုက်ကယ်၊ ဆာဘာရီနာ၊ စီဒဗလျူနှင့် ရဲချုပ်ပူပွန်တို့ တက်ရောက်ကြသည်။

သူတို့အားလုံး ဟိုတယ်သို့ အသွားတွင် ဆိုနီယာ၏ တိုက်တွန်းအကြံပေးချက်အရ အမှတ်တရ စု၍ ဓာတ်ပုံရိုက်ခဲ့ကြသေးသည်။

နေ့လယ်စာစားပွဲတွင် အလွန်အရသာရှိသော စားကောင်းသောက်ဖွယ်များ တည်ခင်းသဖြင့် အားလုံးမြိန်ယှက်စွာ စားသောက်ကြလေရာ အိမ်ရှင်ဖီလ်ပေါ့သည် စားသောက်နေချိန်တွင် အထူးသတိထားလျက် စကားပြောလေသည်။ သူ၏ယူနာကိုအဖွဲ့အကြောင်း၊ အလုပ်အကြောင်းတွေချည်း ပြောသွားလေသည်။

ဖီလ်ပေါ့အနေဖြင့် အထူးကြည်နူး ပီတိဖြစ်မိသည့်အကြောင်းမှာ သူ၏အဖွဲ့ဝင် ဆာဘာရီနာနှင့် မိုက်ကယ်တို့ အလွန်ခင်မင် ရင်းနှီးနေခြင်းပင် ဖြစ်သည်။ သူတို့နှစ်ဦး ချစ်ကြည်ရင်းနှီးနေပုံကြည့်ပြီး ဖီလ်ပေါ့က ကျေနပ်ပျော်ရွှင်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆာဘာရီနာ၏ လက်ဝဲဘက်တွင် ကပ်ထိုင်နေသူ စီဒဗလျူကလည်း မိုက်ကယ်က ဆာဘာရီနာအား ရင်းနှီးစွာ စကားပြောရင်း သူနှင့်အတူ အပန်းဖြေခရီးထွက်ရန် ဆွယ်စကားပြောနေသည်ကို ချောင်းနားထောင်ရင်း သဘောကျဟန်ဖြင့် ပြုံးနေလေသည်။

မိုက်ကယ်က ဆာဘာရီနာအား အပမ်းဖြေခရီးထွက်ရန် ခေါ်နေသည့်နေရာကား ပြင်သစ်ပြည်တောင်ပိုင်း ပင်လယ်ကမ်းခြေရှိ သူ၏ ကိုယ်ပိုင်အိမ်ဖြစ်လေသည်။ နှစ်ယောက်သား လွတ်လပ်ပျော်ရွှင်စွာ အပန်းဖြေနိုင်မည့် နေရာမျိုး ဖြစ်သည်။

သူတို့နှစ်ဦး တိုးတိုးပြောနေကြပုံကို ကြည့်ပြီး ဖီလ်ပေါ့က လှမ်း၍

'ဟေ့ မင်းတို့နှစ်ယောက် ဘာတွေများ တီးတိုးတိုင်ပင်နေကြတာလဲ ဟေ့။ စမစ်လို ရာဇဝတ်မှုကြီးတစ်ခု ကျူးလွန်ဖို့ ကြိတ်တိုင်ပင်တာတော့ မဟုတ်ဘူး ထင်ပါရဲ့နော်'

ဟု ရယ်စရာသဘော နောက်ပြောင် ပြောလိုက်သည်။

ဖီလ်ပေါ့ကပင် ဝိုင်အရက် ဖန်ခွက်ကို ကိုင်မြှောက်၍

'ကိုင်း… အခုလို အောင်မြင်ချောမောစွာ ပြီးမြောက်ခဲ့တဲ့ ဒုစရိုက်ကောင်ကြီး စမစ်ရဲ့ ဂိုဏ်းကို နှိမ်နင်းရတဲ့ စစ်ဆင်ရေးမှာ ရှုပ်ရှုပ်ချွံချွံ ပါဝင်တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ မင်းတို့အပါအဝင် ပုဂ္ဂိုလ်များအားလုံးကို ချီးကျူးရင်း ကျန်းမာချမ်းသာ ပျော်ရွှင်ကြပါစေလို့ ဆုတောင်းကြပါစို့'

ဟု အနောက်တိုင်း ယဉ်ကျေးမှုထုံးစံအရ ဆုတောင်းလိုက်ရာ အားလုံးက မတ်တတ်ထ၍ အသီးသီး ဖန်ခွက်များ ကိုင်မြှောက်ပြီး မော့သောက်လိုက်ကြသည်။

ဖီလ်ပေါ့သည် မိုက်ကယ်ဘက်သို့ လှည့်၍

'မောင်ရင်ရဲ့ စွမ်းဆောင်မှုကို တို့ယူနာကို အဖွဲ့အနေနဲ့ အထူးကျေးဇူးတင်ပြီး ဂုဏ်ယူမိပါတယ်။ ရှေ့အဖို့ မောင်ရင်က ထောက်လှမ်းရေးဌာနမှာ ဝင်အမှုထမ်းချင်တယ်ဆိုရင် အချိန်မရွေး ငါတို့က လှိုက်လှိုက်လှဲလှဲ ခရီးဦးကြို ပြုနေပါမယ်'

ဟု ပြောလိုက်သည်။

ထိုအခါ စီဒလဗလျူက ဝင်၍-



'ကျွန်တော်လို ကပွလီ (လူမည်း)တစ်ယောက်ကိုကော ဆရာတို့အဖွဲ့က လှိုက်လှဲစွာ မကြိုဆိုဘူးလား ခင်ဗျ'

ဟု ရယ်စရာ နောက်ပြောင်ပြောလိုက်လေသည်။

* * *

လောရင့်သည် ယခင်က သူ လာနေကျ ဘုရားရှိခိုးကျောင်းသို့ ဝင်လာလေသည်။

ဘုရားရှိခိုးကျောင်းဝင်း အတွင်း၌ကား ခရစ်ယာန် ဘုန်းကြီးတစ်ဦး ရှိလေသည်။ အပြစ်ကျူးလွန်သူများ ခရစ်ယာန်ဘာသာ ထုံးစံအရ လာရောက်ပြီး အပြစ်ဝန်ခံ တောင်းပန်သည့်အခါ လက်ခံတွေ့ဆုံရသည့် ဘုန်းတော်ကြီး ဖြစ်သည်။

လောရင့်သည် အပြစ် ဝန်ခံလိုသူတစ်ယောက်ပမာ ဘုန်းတော်ကြီး ရှေ့မှောက်သို့ ကျိုးနွံရိုသေစွာ ချဉ်းကပ်လာလေသည်။

အမှန်တော့ ခရစ်ယာန် ဘုန်းတော်ကြီးသည် ဘုန်းကြီးအစစ်မဟုတ် ထောက်လှမ်းရေး အကြီးအကဲ ဖီလ်ပေါ့ပင် ဖြစ်လေသည်။

လောရင့်ဆိုသူနှင့် တွေ့ဆုံရန် လုံခြုံစိတ်ချရသော နေရာအဖြစ် ဘုရားရှိခိုးကျောင်းအတွင်း ခရစ်ယာန် ဘုန်းကြီးအသွင် ဝတ်ဆင်ရုပ်ဖျက်၍ လာတွေ့ခြင်း ဖြစ်သည်။

'ကိုင်း ပြောစမ်း၊ ဘာဖြစ်လို့ ကျုပ်ကို အမှန်အတိုင်း မပြောခဲ့တာလဲ'

ဖီလ်ပေါ့က ဘေးပတ်ဝန်းကျင်တွင် မည်သူမှ မရှိတော့မှ လောရင့်အား မေးလိုက်သည်။

'ဘာကို ဆိုလိုတာလဲဗျ'

လောရင့်က ပြန်မေးသဖြင့် ဖီလ်ပေါ့ကပင် ဆက်မေးပြန်သည်။

'စမစ်ဆိုတဲ့ သတ္တဝါအတွက် ခင်ဗျားက လူတွေရှာပေးတော့ ကျုပ်တို့လူ ဆာဘာရီနာနဲ့ စီဒဗလျူကို ခင်ဗျားက ထောက်ခံပေးခဲ့တာ ကျုပ်သိတယ်။ ဒါပေမယ့် မိုက်ကယ်ကိုပါ ခင်ဗျားက ဆက်သွယ် ရှာပေးခဲ့တယ်ဆိုတာ စောစောက ကျုပ်မသိရပါလား။ ဘာဖြစ်လို့ အမှန်အတိုင်း မပြောခဲ့တာလဲ'

'ဒါအကြောင်းရှိပါတယ်။ မိုက်ကယ်နဲ့ ပတ်သက်လို့ ကျုပ်မှာ ခံစားချက်တစ်ခု ရှိပါတယ်။ လစ်ဗျားနိုင်ငံမှာ အကြမ်းဖက်သမားတွေကို မိုက်ကယ်က စီအိုင်အေ စုံထောက်အဖြစ် လိုက်ထောက်လှမ်းနေစဉ် စမစ်က မိုက်ကယ်ရဲ့ ဇနီးကို သတ်ပစ်ခဲ့ဖူးကြောင်း ခင်ဗျားကို ပြောမပြဘူးလား။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



'ပြောခဲ့ပါတယ်။ မိန်းကလေးက ကိုယ်ဝန်အရင့်အမာနဲ့ဆိုတော့ သနားစရာပဲ။ မိုက်ကယ်ခမျာ အတော်စိတ်ထိခိုက်ခဲ့မှာပဲ'

'ဟုတ်တယ် အဲဒီမိန်းကလေးက အသက်နှစ်ဆယ့်ငါးနှစ်ပဲ ရှိသေးတယ်။ နာမည်က ဓီဂီလို့ ခေါ်တယ်။ အဲဒါ တခြား မဟုတ်ဘူးခင်ဗျ။ ကျုပ်ရဲ့ တစ်ဦးတည်းသော သမီးကလေးပဲ။ ဒီတော့ ကျုပ်အနေနဲ့ ဘယ်လို ခံစားရမယ်ဆိုတာ စဉ်းစားသာ ကြည့်ပေတော့'

'ဟင် ဟုတ်လား'

ဖီလ်ပေါ့က အံ့အားသင့်စွာဖြင့် ရေရွတ်လိုက်မိသည်။

'ဟုတ်တယ်။ ဒါကြောင့် ကျုပ်က မိုက်ကယ်ကို စမစ်အပေါ် ကလဲ့စားချေနိုင်အောင်လို့လည်း သူတို့ရဲ့ဂိုဏ်းထဲ လက်နက်ပါရဂူအဖြစ် ထိုးဖောက်ဝင်ရောက်ဖို့ ကြိုးစားပေးခဲ့တာပဲ။ ဒါ့ထက် မစ္စတာဖီလ်ပေါ့ စမစ်က ဒုစရိုက်မှုကြီး ကြီးကြီးကျယ်ကျယ် လုပ်ဖို့ ကြံတော့မယ်ဆိုတာ ဘယ်က သတင်းရပါသလဲ'

'အင်တာပိုလ် အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့က သတင်းရပါတယ်'

'ကောင်းပြီ၊ အင်တာပိုလ်အဖွဲ့ကိုကော ဘယ်သူက သတင်းပေးလိုက်တယ်ထင်သလဲ'

'ဒါတော့ ကျုပ်လည်း ကောက်ချက်ချလို့ ရပါတယ်။ ခင်ဗျားကပဲ သတင်းပေးတာ ဖြစ်ရမယ်။ ဘာပဲဖြစ်ဖြစ် ခင်ဗျားကို ကျုပ်တို့အဖွဲ့အနေနဲ့ အထူးကျေးဇူးတင်ပါတယ်။ ဪ… တစ်ခု ရှိသေးတယ်။ ဟိုတလောက ဆာဘာရီနာက ပိပိရိရိ ဝင်ခိုးယူသွားတဲ့ စိန်တွေကကော ဘယ်လို ဖြစ်သွားလဲ'

'ဘာမှ မဖြစ်ပါဘူး။ ကောင်မလေးက စိန်တွေကို ကျုပ်ကို လာအပ်တယ်။ ကျုပ်ကလည်း သူ့ကို ထိုက်သင့်တဲ့ အခကြေးငွေ ပေးပြီး စိန်တွေ ထုခွဲလိုက်တယ်။ ဒါကိုတော့ မေ့ပစ်လိုက်ပါတော့။ စမစ်ကို ဖမ်းမိပြီး လေဆာရောင်ခြည်သေနတ်တွေ ပြန်ရအောင် ကူညီခဲ့တဲ့အတွက် ကျုပ်ကို ဆုအဖြစ် ချီးမြှင့်တယ်လို့သာ မှတ်ယူစေချင်ပါတယ်'

ဤတွင် ဖီလ်ပေါ့က ပြုံးလိုက်သည်။


'ကောင်းပါပြီဗျာ။ ခင်ဗျားပြောတဲ့အတိုင်း ဖြစ်ပါစေမယ်။ ခင်ဗျားကတော့ တကယ့်ကို စီးပွားဆန်ဆန် ဘာမဆိုလုပ်တတ်တဲ့ လူပါပဲကလား။ ကိုင်း… လူချင်း ခွဲကြစို့၊ ဠွတ်ဘိုင်'

*တက္ကသိုလ်နေဝင်း*

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com